
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် (၆၁၃ / ၉၇) (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၀၉ / ၉၇) (၁၂)

ထုတ်ဝေသူ ဦးမိုးကြည်
မိုးကြည်စာပေတိုက်
အမှတ် (၃၈၇)၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်း

အတွင်းပုံနှိပ်သူ ဒေါ်တင်တင်ဌေး
သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁ / ဗိုလ်ရာညွန့်လမ်း၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ ဦးမောင်လှိုင် (၀၃၈၅၄)
လှိုင်အော့ဖ်ဆက်
၁၃၄ / လမ်း (၄၀)၊ ရန်ကုန်။

အုပ်ရေ (၅၀၀) အုပ်
တန်ဖိုး (၁၀၀)ကျပ်
ဖြန့်ချိရေး ဒို့ခေတ်စာပေ

တက္ကသိုလ်

# နေလင်းအောင်

# နဂါးနိုင်ဓား

စာစဉ် (၁)

www.burmeseclassic.com

www.burmeseclassic.com



## ခွန်းလွန်ဘုရားကျောင်း

ဟိုနန်နယ်ရှိ မြင့်မား သီခေါင်လေသမျှ အထင်အရှားရှိလှသော ဆန်းဆက်တောင်တန်း၊ တောင်တက်လမ်း တစ်နေရာတွင် ဖြစ်ပါ၏။ အသက်အရွယ်အားဖြင့် ဆယ့်ခြောက်နှစ်ခန့်သာ ရှိဦးမည့် မိန်းကလေးတစ်ဦးသည် မြင်းကလေးတစ်ကောင်နှင့်အတူ ခရီးနှင်လျက်ရှိ၏။ မိန်းကလေး၏ သွင်ပြင်ဟန်က နှင်းသောက်ပန်းလို လန်းလန်းဝင်းဝင်းရှိလျက် မျက်လုံးအစုံမှာလည်း သောက်ရူးကြယ်ပမာ ရွှန်းလက်တောက်ပနေ၏။

ရှိုးစင်းစွာ ဝတ်စားဆင်ယင်ထားလင့်ကစား မိန်းကလေး၏ ပျိုမျစ်ကြော့ရှင်းသော အလှရုပ်ပုံက တောပန်းတစ်ပွင့်သဖွယ် လန်းစွင့်စွာ ပေါ်လွင်နေ၏။

www.burmeseclassic.com



မိန်းကလေးသည် လွန်စွာ မြင့်မားပြီး လူသူ အသွားအလာ ပြတ်တောက်လှသော တောင်မကြီး၏ တောင်တက်လမ်းတွင် တစ်ယောက်တည်း ခရီးနှင်နေလင့်ကစား ရွံ့ကြောက်ဟန် မစိုးစဉ်းမျှမပေါ်ချေ။

မိန်းကလေးသည် ပတ်ဝန်းကျင်ရှိ သာမောဖွယ် တောတောင်သဘာဝ အလှအပများကို ငေးရင်းဖြင့်တစ်လှည့်၊ တောမြိုင်အတွင်း ဘာသာဘာဝ မြူးထူးပျော်ပါးကာ မာဂဓတေးဖွဲ့လျက်ရှိသော ကျေးငှက်သာရကာလေးများ၏ သံသာများကို လည်းကောင်း၊ နားစွင့်ထောင်ရင်းတစ်လှည့်ဖြင့် လက်စွဲတော် မြင်းလေး၏ ဇက်ကြိုးကို ကိုင်ဆွဲလျက် တောင်အတက် တောလမ်းအတိုင်း မှန်မှန်လေးလေး ဖြည်းဖြည်းညင်ညင် လျှောက်လှမ်းလျက်ရှိနေ၏။

မိန်းကလေး၏ ဖွံ့ထွားသောရင်၊ လုံးဝန်းစွင့်ကားသော တင်တို့အကြား သေးကျင်သော ခါးထက်တွင်မူ ဓားတိုတစ်ချောင်းက ချိတ်ဆွဲလျက် ပါရှိနေ၏။

အမှန်မူ မိန်းကလေးသည် လွန်စွာ ဝေးလံသောအရပ်မှ ဤ အထင်ကရ ဆန်းဆတ်တောင်တန်းသို့ ခရီးနှင်လာခဲ့ရရှာသူ ဖြစ်ပါ၏။

မိန်းကလေး၏ နာမည်မှာ ကော့လင်းလင်းဖြစ်ပြီး နာမည်



ကြီး ထိပ်သီးသိုင်းပညာရှင် ကော့ချင်းနှင့် အမျိုးသမီးပညာရှင် စစ်ရုံတို့၏ သမီးထွေးလေးပင် ဖြစ်၏။

ကော့လင်းလင်းသည် ဤမျှ ဝေးလံသော အရပ်မှနေပြီး ဤမျှ မြင့်မားလှသော အထင်ကရတောင်သို့ တစ်ယောက်ထီးတည်း ရောက်ရှိလာခဲ့ခြင်း ရည်ရွယ်ချက်မဲ့တော့ မဟုတ်ချေ။

သဘာဝအလျောက် ဆန်းကြယ်စွာ ဖြစ်ထွန်းနေသော တောတောင်၏ စိမ်းလန်းညွတ်နူးဖွယ် အလှအပတို့ကို ရှုကြည့်မြင်တွေ့လိုသောကြောင့်တစ်ကြောင်း၊ ရင်ထဲဝယ် လှိုက်မောစွာ ခံစားနေရရှာသော ချစ်ဝေဒနာ အပြောက်အစက်ကလေးများ လွင့်ပြယ်ပြေပျောက်လို ပြေပျောက်ငြား ဟူသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ဤတောကြီးနှင့် ဤတောင်သို့ ရောက်လာခဲ့ခြင်းပင် ဖြစ်ပါ၏။

ယခုမူ တဖြည်းဖြည်းနှင့် တောင်၏ အတက်လမ်းက မတ်စောက်လာပြီဖြစ်၏။

သို့သော် ကျယ်ဝန်းသော တောလမ်းတစ်လျှောက် နှင်းလျှောက်ရန် အုတ်လှေကားထစ်ကလေးများ ခင်းကျင်းစီမံပေးထားသဖြင့် ကော့လင်းလင်းနှင့် လက်စွဲတော် မြင်းကလေးတို့မှာ သက်တောင့်သက်သာ လှမ်းတက်လာနိုင်ပါ၏။

အမှန်မူ ဤဆန်းဆက်တောင်တွင် ရှောင်လင်ကျောင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးအား စတင် တည်ထောင်ပေးခဲ့သူ ထန် မင်းဆက်၏ အစဦးဘုရင်ကိုယ်တော် လက်ထက်တိုင်ကပင် ဤတောလမ်းအား လှေကားထစ်ကလေးများဖြင့် ဖောက်လုပ်ရန် အမိန့်ထုတ်၍ ဖောက်လုပ်စေခဲ့ခြင်း ဖြစ်သည်မဟုတ်ပါလား။

ကော့လင်းလင်းသည် လှေကားထစ်အတိုင်း တက်လာပြီးမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ထိုအခါ နောက် ဝေးပျပျတွင် ကျန်ရစ်ခဲ့သော ကျဉ်းမြောင်းသေးငယ်လှသည့် လမ်းအနေအထားကို တွေ့ရပြီး မျက်နှာချင်းဆိုင်ရှိ တစ်ဖက်သောတောင်ဒုံသို့ လှမ်းကြည့်ပြန်သော် ရေတံခွန်ငါးသွယ် စီးကျနေသည့် လွန်စွာလှပသည့် ရှုခင်းကိုပါ တွေ့လိုက်ရ၏။

လင်းလင်းသည် ရင်ကိုကော့လျက် ဦးခေါင်းလည်းမော့ကာ တောပန်း၊ တောင်ပန်းရနံ့များ သယ်ဆောင်လာသော လန်းဆတ်သည့် လေသန့်အေးကို တစ်ဝရှူရှိုက်ရင်း ခရီးဆက်ခဲ့၏။

တစ်ဆစ်ချိုးကွေ့ တစ်ခုသို့အရောက် အထက်တောင်ပေါ်သို့ အမှုမဲ့ လင်းလင်း မော့ကြည့်လိုက်ချိန်တွင်မူ လွန်စွာကြီးမားကျယ်ဝန်းသော ဘုရားကျောင်းဝင်းကြီးကို တွေ့လိုက်ရပြီး ကျောင်းဝင်းအတွင်း ကျောင်းဆောင်ကြီးငယ်များကိုလည်း မြင်လိုက်ရ၏။



လင်းလင်းသည် ထိုကျောင်းဆောင်ကြီးငယ်များကို တစ်ချေးတမော ကြည့်ရင်း အတွေးဝင်လာ၏။

“ရှောင်လင်ဘုရားကျောင်းက သိုင်းပညာကို အစပျိုးခဲ့တဲ့ အရင်းခံ ရေသောက်မြစ်ကြီးပဲဆိုတာ လူတိုင်း လက်ခံထားကြတယ်၊ ဒါပေမယ့် ဝါဆန်းတောင်မှာ ကျင်းပမယ့် ဓားရေးပြိုင်ပွဲကြီးမှာကျတော့ ဒီကျောင်းက သိုင်းပညာရှင်ဘုန်းတော်ကြီးတွေ ဘာကြောင့် မပါရတာလဲ၊ ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ ရှောင်လင်ကျောင်း ဂိုဏ်းတစ်ခုတည်း မပါလာပါလား၊ အင်း ဒီကျောင်း ဘုန်းတော်ကြီးတွေဟာ နိုင်မယ်မထင်လို့ သွားမယှဉ်ပြိုင်တာလား၊ ဒါမှမဟုတ် အစဉ်အလာကြီးမားခဲ့တဲ့ ကျောင်းတော်ရဲ့ နာမည်သိက္ခာတွေ ကျသွားမှာ စိုးရိမ်လို့ပဲလား”

လင်းလင်းက အတွေးစကို ဆက်လိုက်မိပြန်၏။

“ဒါမှမဟုတ်ရင် ဒီလိုများ ဖြစ်မလား၊ ဒီကျောင်းက ဘုန်းကြီးတွေဟာ တရားကျင့်ကြံအားထုတ်ရာက တရားပေါက်သွားကြပါရော၊ အဲဒီတော့ သိုင်းပညာ ဘယ်လောက်ပဲတော်နေပေမယ့် လောကီလူသားတွေလို ဂုဏ်ပကာသနမမက်တော့တဲ့အတွက် တစ်ဖက်သားတွေနဲ့ အရှုံးအနိုင် မပြုချင်တော့လို့လား”

လင်းလင်းသည် ရှောင်လင်ကျောင်းတော်ကြီးနှင့် ပတ်သက်၍ သူ့အတွေးနှင့်သူ ရှိနေစဉ် ရုတ်တရက် ရှေ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်များအကြား သံကြိုးချင်း တချွမ်ချွမ်တိုးခတ်မြည်သံများနှင့်အတူ တစ်စုံတစ်ယောက်၏ နှုတ်မှ သံဝေဂစာ ရွတ်ဖတ်သီဆိုနေသံကိုလည်း ကြားလိုက်ရ၏။

လင်းလင်းသည် ပို၍ ပီပြင်စွာကြားရန် နားစွင့်လိုက်သော်–

“အချစ်မှ ပူလောင်ပြင်းပြသောသောကဝေဒနာ ပေါက်ဖွားလာ၏။ အချစ်မှ တုန်လှုပ်ကြောက်ရွံ့စိတ်များ ပေါ်ထွက်လာ ၏။ အချစ်နှင့် ကင်းကွာနိုင်သူသည် ပူလောင်ပြင်းပြသော သောကဝေဒနာနှင့် တုန်လှုပ်ကြောက်ရွံ့စိတ်မှ ကင်းဝေးနိုင်၏”

လင်းလင်းသည် ယင်းသံဝေဂစာ ရွတ်သံကြားသည်နှင့် အလိုလို ရင်နှန့်လှိုက်မောလာ၏။

အဘယ်မျှ တွေဝေနေမိသည်မသိ၊ သတိဝင်လာသောအချိန်တွင် လင်းလင်းတစ်ဦးတည်း ရေရွတ်လိုက်မိရှာသည်။

“ငါ သူ့ကို သွားကြည့်မှပဲ၊ အချစ်နဲ့ ကင်းဝေးအောင် ဘယ်လိုနေရမှာလဲ၊ ဘယ်လိုမှ အချစ်နဲ့ ကင်းအောင်နေနိုင်မှာလဲ”

လင်းလင်းသည် သူ့အတွေးကို ချက်ချင်း အကောင်အထည်ဖော်လိုက်၏။

ဆွဲကိုင်ထားသော မြင်းဇက်ကြိုးကို အနီးရှိ သစ်တစ်ပင်၏ အကိုင်းတွင် ချက်ချင်း ချည်လိုက်ပြီး အသံလာရာ တောအုပ်ထဲသို့ လျှင်မြန်စွာ ပြေးဝင်လေတော့သည်။



တောအုပ်၏ နောက်တွင် ဖြောင့်ဖြူးညီညာသော တောင်တက်လမ်းကလေးတစ်ခုကို တွေ့ရ၏။

ပြီး... ရေပုံးကြီးနှစ်လုံးကို ပခုံးထက်တွင်ထမ်းလျက် နှုတ်မှလည်း တရားစာရွတ်ရင်း တောင်တက်လမ်းအတိုင်း သွားနေသော ဘုန်းကြီးတစ်ပါးကိုပါ လင်းလင်း မြင်လိုက်ရသည်။

လင်းလင်းသည် ခြေလှမ်းသွက်သွက်လှမ်း၍ ဘုန်းကြီးနောက်သို့ ပြေးလိုက်သွား၏။ ပေငါးဆယ်ခန့် အကွာအဝေးသို့ရောက်၏။

လင်းလင်း မျက်လုံးစုံ ပြူးဝိုင်းလျက် တစ်ချက်မျှ တုန်လှုပ်သွားမိ၏။

အကြောင်းကား ယင်းဘုန်းကြီး ထမ်းလာသော ရေပုံးနှစ်လုံးမှာ သံဖြင့် ပြုလုပ်ထားသော ရေပုံးကြီးနှစ်ပုံး ဖြစ်နေပြီး သာမန် ရေပုံးအရွယ်အစားထက် ပို၍ ကြီးနေသည်ကိုသည်းကောင်း၊ ပြီးနောက် ဘုန်းကြီး၏ လည်ပင်း၊ ခြေထောက်နှင့် လက်များတွင်လည်း ကြီးမားတုတ်ခိုင်သော သံကြိုးများဖြင့် ချည်နှောင်ထားသေးသည်ကိုလည်းကောင်း လင်းလင်း အမှတ်မထင် တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်၏။

တိတ်ဆိတ်ငြိမ်သက်သော တောလမ်းဝန်းကျင်တွင်

www.burmeseclassic.com



သံကြိုးသံ တချင်ချင်မြည်နေခြင်းမှာ ဘုန်းကြီး ခြေတစ်လှမ်းလှမ်းတိုင်း မြေပေါ် တရွတ်တိုက်ဆွဲနေသော သံကြိုးများ၏ ထိခတ်သံကြောင့်ပင် ဖြစ်၏။

သံရေပုံး နှစ်လုံးတွင်လည်း ရေအပြည့် ဖြည့်ထားသေးရာ သံပုံးနှစ်လုံး၏ အလေးချိန်မှာ လွန်စွာ လေးပင်လှကြောင်း လင်းလင်း နားလည်လိုက်၏။

လင်းလင်းသည် ထူးဆန်းသော အာမြင်အာရုံကြောင့် တစ်ချက်မျှသာ တုန်လှုပ်သွားမိပြီးနောက် ဘုန်းကြီးနောက်သို့ အမီလိုက်ရင်း နှုတ်မှလည်း...

'ဦး...ဦးပဉ္ဇင်း ခဏလောက် နေပါဦး၊ တပည့်တော်မ လျှောက်ထားစရာ ရှိလို့ပါ'ဟု လှမ်း၍ အော်ပြောလိုက်၏။

ဘုန်းကြီးသည် လင်းလင်း အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်၏။ ရုတ်တရက်သော် နှစ်ဦးစလုံး ကြောင်စီစီ ဖြစ်သွားကြရ၏။

အကြောင်းကား ယင်းဘုန်းကြီးကို လွန်ခဲ့သော သုံးနှစ်ကပင် လင်းလင်း မြင်ဖူးခဲ့ပြီး ဘုန်းကြီး၏ ဘွဲ့အမည်မှာ ကြွယ်ရှင် ကိုယ်တော်ဖြစ်၏။

ပေရှုံးတောင် မားရေးယှဉ်ပြိုင်ပွဲတွင် ကြွယ်ရှင် ကိုယ်တော်ကို မြင်ဖူးခဲ့ခြင်း ဖြစ်၏။



ထို့ပြင် လင်းလင်းသည် ကြွယ်ရှင်ကိုယ်တော်၏ သိုင်းပညာအကြောင်းကို သိခဲ့၏။

ကြွယ်ရှင်ကိုယ်တော်သည် ရိုးသားအေးဆေးစွာ နေတတ်သော်လည်း အတွင်းအား သိုင်းပညာကမူ လွန်စွာ နက်ရှိုင်းလှ၏။ သိုင်းလောကရှိ ထိပ်တန်းသိုင်းပညာရှင် အားလုံး၏ အတွင်းအားပညာထက် ကြွယ်ရှင် ကိုတ်တော်၏ အတွင်းအားသိုင်းက မညံ့ပါချေ။

လင်းလင်းက ကြွယ်ရှင်ကိုယ်တော်အနီးသို့ ရောက်အောင် အပြေးတက်သွားရင်း...

'သြော်...လက်စသတ်တော့ ဦးပဉ္ဇင်းကိုး၊ ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်ရတာလဲဦးပဉ္ဇင်း'ဟု မေးလိုက်၏။

ကြွယ်ရှင်ကိုယ်တော်က လင်းလင်း၏ အမေးကို မဖြေ။ မြိုးလျက် ခေါင်းသာ တစ်ချက်ညိတ်ပြပြီး နေရာမှ ထွက်သွားလေ၏။ လင်းလင်းမှာမူ နောက်မှလိုက်ရင်း အော်ပြောနေ၏။

'ဦးပဉ္ဇင်းက တပည့်တော်မကို မမှတ်မိတော့ဘူးလား၊ တပည့်တော်မ ကောလင်းလင်းလေ'

ကြွယ်ရှင်ကိုယ်တော်က သမင်လည်ပြန်မျှ လှည့်ကြည့်ပြီး မြိုး၍ ခေါင်းညိတ်ပြ၏။ နှုတ်မှမူ မည်သည့်စကားမျှ မဆိုချေ။ ကြွယ်ရှင်ကိုယ်တော်၏ ခြေလှမ်းများမှာမူ ပို၍သွက်လာကာ

www.burmeseclassic.com



တောင်ပေါ်လမ်းအတိုင်း လျှောက်တက်သွား၏။

ထိုအခါ ကော့လင်းလင်း မနေနိုင်၍...

'ဦးပဉ္စင်းကို ဘယ်သူက သံကြိုးနဲ့ ချည်ထားတာလဲ၊ ဘာဖြစ်လို့ ဦးပဉ္စင်းကို ဒီလိုနှိပ်စက်ရတာလဲ'ဟု ဆက်၍ အော်မေး၏။

ဤတစ်ကြိမ်တွင် ကြွယ်ရှင်ကိုယ်တော်က လှည့်ပင် မကြည့်တော့။ လက်ဖြင့်သာ နောက်သို့လှမ်း၍ မေးမြန်းခြင်း မပြုရန် သဘောဖြင့် ခါပြလိုက်၏။

ကော့လင်းလင်း လွန်စွာ အံ့အားသင့်သွား၏။ ထူးဆန်းသော ဤကိစ္စမျိုးတွင် လင်းလင်းမမေးဘဲမနေနိုင်။ ထို့ကြောင့် လင်းလင်းသည် ကြွယ်ရှင် ကိုယ်တော်နောက်သို့ ပြေးလိုက်သွားပြန်၏။

ယခုတစ်ကြိမ်မှ လင်းလင်းသည် ကြွယ်ရှင်ကိုယ်တော်၏ ရှေ့သို့ရောက်အောင် ဖြတ်ပြေးသွားပြီး ဟန့်တားထားရင်း သူသိလိုသည်ကို မေးမြန်းရန် ရည်ရွယ်ထား၏။ သူ့ရည်ရွယ်ချက် အထမမြောက်ပါချေ။

အကြောင်းမှု ကြီးမားသော သံကြိုးများဖြင့် တုပ်နှောင်ထားခြင်းခံရရုံမက လွန်စွာလေးပင်သော သံပုံးကြီး နှစ်ပုံးကို ထမ်း၍ သွားနေသော ကြွယ်ရှင်ကိုယ်တော်၏ ရှေ့သို့



လင်းလင်း ဘယ်မျှပင် အားစိုက်၍ လိုက်သည့်တိုင် မမီနိုင်သောကြောင့်ပင် ဖြစ်ပါ၏။

'ဦးပဉ္စင်းက သိုင်းပညာ ဘယ်လောက်ကောင်းကောင်း တပည့်တော်မကတော့ မမီမီအောင် လိုက်ရမှာပဲ ဦးပဉ္စင်း'

လင်းလင်းက အမီလိုက်ရန် ကြိုးစားရင်း ကြွယ်ရှင် ကိုယ်တော်အား အော်ပြော၏။

သို့သော် ကြွယ်ရှင်ကိုယ်တော်သည် သူ့ရှေ့မှပင် မနှေး မမြန် လျှောက်လှမ်းနေဆဲပင် ဖြစ်ပါ၏။

ကြွယ်ရှင်ကိုယ်တော်၏ ခြေလှမ်းတိုင်း သံကြိုးသံ တချွင်ချွင်ကလည်း စည်းဝါးကိုက်စွာ မြည်နေဆဲ။

တဖြည်းဖြည်းနှင့် တောင်တက်လမ်းက မြင့်သည်ထက် မြင့်လာပြီးနောက် တောင်၏ နောက်ဘက်သို့ပင် ရောက်လာပြီ ဖြစ်၏။

ကော့လင်းလင်းမှာ တောင်တက်သော လမ်းတစ်လျှောက်လုံး အပြေးကလေးဖြင့်သာလိုက်နေရ၍ မောပန်းလျက် အသက်ရှူသံပင် ပြင်းလာပြီဖြစ်၏။

သို့သော်– ယခုချိန်ထိ ကြွယ်ရှင်ကိုယ်တော်၏ရှေ့ ဖြတ်ကျော်မသွားနိုင်ပါချေ။ ထို့ကြောင့် ကော့လင်းလင်းက ကြွယ်ရှင်ကိုယ်တော်အား စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်၏။

www.burmeseclassic.com



'ဒါကြောင့် ဖေဖေ မေမေက ဝါဆန်းတောင်မှာ ပြောတာကို၊ ဒီဘုန်းကြီးရဲ့ သိုင်းပညာအားက သိပ်မြင့်မားတယ်တဲ့၊ ဒီတုန်းက ငါ ကောင်းကောင်း မယုံခဲ့ဘူး၊ ငါကိုယ်တိုင် လက်တွေ့စမ်းတော့မှ မယုံဘဲကို မနေနိုင်တော့ဘူး'

ထိုအခိုက် ကြွယ်ရှင်ကိုယ်တော်သည် ကျောင်းဆောင်တစ်ဆောင်၏နောက်သို့ လျှောက်သွားပြီး သံပုံးကြီးနှစ်လုံးထဲမှ ရေများကို ကျောင်းဆောင်နောက်ဘက် ရေတွင်းထဲသို့ သွန်ချလိုက်၏။

ကော့လင်းလင်းသည် ထိုအချင်းအရာကို မြင်သော် လွန်စွာအံ့ဩသွား၏။ အော်ဟစ်၍လည်း...

'ဦးပဥ္စင်း၊ ဘယ်လိုကြောင့် ရေထမ်းပြီး ရေတွင်းထဲ လောင်းထည့်နေရတာလဲ ဆင်ခြင်ပါဦး'

ကြွယ်ရှင်ကိုယ်တော်က အေးဆေးတည်ငြိမ်စွာ ခေါင်းခါပြလိုက်၏။ ကော့လင်းလင်းက သဘောတစ်မျိုးပေါက်ကာ ရယ်မောလျက်...

'ဟုတ်ပြီ...ဟုတ်ပြီ၊ လက်စသတ်တော့ ဦးပဥ္စင်းက နက်နဲတဲ့ သိုင်းပညာရပ်တစ်ရပ်ကို လေ့ကျင့်နေတာကိုး'

ကြွယ်ရှင်ကိုယ်တော်က ခေါင်းခါပြပြန်၏။ လင်းလင်းက နားမလည်စွာဖြင့် ဒေါသသံကလေး စွက်လျက်...



'စောစောတုန်းက တပည့်တော်မကိုယ်တိုင် ဦးပဥ္စင်း ဘုရားစာဆိုနေတာကို ကြားရတာပဲ၊ ဦးပဥ္စင်းက အခုမှ ဘယ်လို ကြောင့် စကားမပြောရတာလဲ'

သို့သော် ကြွယ်ရှင်ကိုယ်တော်က စကားတစ်ခွန်းမှ ပြန်မပြော၊ သံပုံးကြီးနှစ်ပုံးကို ဆတ်ခနဲဆွဲကာ တောင်အောက်သို့ ဆင်းသွားပြန်၏။

ကော့လင်းလင်းမှာ ရေတွင်းနားသို့ အပြေးကလေးသွားပြီး ငုံ့ကြည့်လိုက်၏။ သို့ရာတွင် ရေတွင်းထဲတွင် ဘာထူးခြားချက်မျှ မတွေ့ရချေ။

လင်းလင်းသည် တောင်အောက်သို့ ပြန်ဆင်းသွားသော ကြွယ်ရှင်ကိုယ်တော်ကိုသာ ငေးကြောင်ကြည့်နေလိုက်မိ၏။

လင်းလင်းသည် လာစဉ်က တောလမ်းတစ်လျှောက် အပြေးကလေး တက်ခဲ့ရသဖြင့် ချွေးကလေးစို့ကာ အိုက်စပ်စပ် ဖြစ်နေ၏။ ထို့ကြောင့် ရေတွင်းနံ့ဘေးရှိ ကျောက်ခုံတန်းတွင် ထိုင်၍ လေညင်းခံ အပန်းဖြေနေလိုက်မိ၏။

ပတ်ဝန်းကျင်သည် အေးငြိမ်းသာယာလှ၏။ တောင်၏ လုပခြင်း၊ တော၏ ဆိတ်ငြိမ်ခြင်းနှင့်အတူ တစ်ခါတစ်ရံ ချိုလွင်သော ခေါင်းလောင်းသံများကိုပါ ကြားရတတ်သေး၏။ ဤပတ်ဝန်းကျင် တောရိပ်မြိုင်သည် ဗာကယ်ပင် အေးငြိမ်းပြီး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လောကီလူသားများနှင့် ကင်းဝေးသောနေရာကောင်းတစ်နေရာ ဖြစ်သည်ဟု လင်းလင်း စဉ်းစားလိုက်မိ၏။

ထိုစဉ် လင်းလင်း၏ အတွေးအာရုံထဲသို့ စဉ်းစားဖွယ် အကြောင်းတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာပြန်၏။

'ကွယ်ရှင်ကိုယ်တော်ရဲ့တပည့် ကျမ်းဆန်းဖုန်း တစ်ယောက် ဘယ်ကိုများရောက်နေပါလိမ့်၊ သူ့ကိုသာ မေးကြည့်ရရင် အကြောင်းစုံသိမှာ သေချာတယ်'

ထို့နောက် လင်းလင်းသည် ကွယ်ရှင်ကိုယ်တော် ပြန်ဆင်းသွားရာ တောင်အောက်ဘက်သို့ ဆင်းလာခဲ့၏။

တောလမ်းအတိုင်း အတန်ကြာလျှောက်လာခဲ့စဉ် ရုတ်တရက် အရှေ့ဘက်အောက်နားဆီမှ သံကြိုးမြည်သံများကို ကြားလိုက်၏။ ထိုသံကြိုးများမှာ အခြားမဟုတ်။ ကွယ်ရှင်ကိုယ်တော် ရေထမ်း၍ တက်လာသောအသံပင် ဖြစ်၏။

လင်းလင်းသည် တောလမ်းအတိုင်း လျှောက်နေရာမှ လမ်းနံဘေးရှိ သစ်ပင်တစ်၏ နောက်သို့ ဝင်ရောက် ပုန်းနေလိုက်၏။ စိတ်ထဲကမူ...

'ဦးပဥ္ဇင်းက အ,ဆွံ့လို စကားမပြောချင်ပေမယ့် နောက်ကွယ်ကနေ သူ ဘာလုပ်နေတယ်ဆိုတာ ငါ ချောင်းကြည့်မယ်'



သံကြိုးသံများ ပို၍ ကြားလာရပြီ ဖြစ်၏။

မှန်သည်။ ကွယ်ရှင်ကိုယ်တော်၏ ပခုံးထက်တွင် ရေပုံးနှစ်ပုံးတမ်းလျက် တောလမ်းအတိုင်း လျှောက်ရင်း လက်မှလည်း စာအုပ်တစ်အုပ်ကိုင်ကာ စိတ်ဝင်စားစွာဖတ်လျက်ရှိသည်ကို လင်းလင်း တွေ့လိုက်၏။

လင်းလင်းသည် သစ်ပင်ကွယ်မှ ချောင်းကြည့်နေရာမှ ကွယ်ရှင်ကိုယ်တော်အနားသို့ ရောက်ချိန်တွင် ရုတ်တရက် ခုန်ထွက်ပြီး အော်မေးလိုက်၏။

'ဗျို့...ဦးပဥ္ဇင်း၊ ဘာစာအုပ်ဖတ်နေတာလဲ'

ကွယ်ရှင်ကိုယ်တော်လည်း မထင်မှတ်ဘဲ ရုတ်တရက် ဖြစ်၍ နှုတ်မှ လွှတ်ခနဲ...

'အို...မင်းကိုး၊ ဦးပဥ္ဇင်းတောင် လန့်သွားတယ်'

လင်းလင်းက သဘောကျ ရယ်မောလျက်...

'ဦးပဥ္ဇင်းက အ,ချင်ဟန် ဆောင်နေတာမဟုတ်လား၊ ကဲ...အခု အညာပေါ်ပြီလေ'

ကွယ်ရှင်ကိုယ်တော်၏ မျက်နှာပြင်တွင် တုန်လှုပ်သော အရိပ်အယောင် ဖြတ်သန်းသွားပြီး နံဘေးဝန်းကျင်သို့ကြည့်ရင်း လက်ကာပြလေသည်။

လင်းလင်းက နားမလည်သော အမူအရာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ ဦးပဥ္စင်းက ဘယ်သူ့ကို ကြောက်နေရတာလဲ'

ဟု မေးပြန်၏။

ကြွယ်ရှင်ကိုယ်တော် မည်သို့မျှ ပြန်မဖြေမီ အနီးရှိ တောအုပ်နံဘေးမှ ဘုန်းကြီးနှစ်ပါး ရုတ်တရက် ထွက်လာပြီး တစ်ပါးက အော်ငေါက်သံဖြင့်...

'ကြွယ်ရှင်...မင်း စည်းကမ်းဖောက်တယ်၊ စကားပြောခွင့် မရဘဲနဲ့ ကိုယ်နှိသဘောနဲ့ကိုယ် ပြောတယ်၊ နောက်ပြီး အပြင်က လူနဲ့ ပြောတယ်၊ ပြီးတော့ မိန်းကလေးနဲ့ ပြောတယ်၊ ကဲ...တို့နဲ့ လိုက်ခဲ့၊ စည်းကမ်းကြပ်မတဲ့ ဆရာတော်ဆီသွားမယ်'

ကြွယ်ရှင်ကိုယ်တော်မှာ မည်သို့မျှ စောဒကမတက်ချေ။ ဦးခေါင်းငုံ့လျက် ဘုန်းကြီးနှစ်ပါးနောက်သို့ တိတ်တဆိတ် လိုက်သွား၏။

ကော့လင်းလင်းမှာ ဘုန်းကြီးများနောက် အပြေးကလေး လိုက်ရင်း ဒေါသသံဖြင့်...

'ဒီလောကမှာ သူ့ကို ဘယ်သူနဲ့မှ စကားမပြောရဘူးဆို တဲ့ စည်းကမ်းရှိသလား၊ ဒီဦးဥ္စင်းကို တပည့်တော်မ သိတယ်၊ သိလို့ တပည့်တော်မနဲ့ စကားပြောတာ၊ ဦးပဥ္စင်းနဲ့ ဘယ်လို ပတ်သက်လို့လဲ၊ ဘာဆိုင်လို့လဲ'

ဘုန်းကြီးနှစ်ပါးအနက် ကိုယ်ကာယ ကြီးထွားသော



ဘုန်းကြီးက မျက်နှာပင့်လျက်...

'ဒီမှာ ဒကာမ၊ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော် ရှောင်လင် ဘုရားကျောင်း စတင်ပြီး တည်ဆောက်ကတည်းက ရှောင်လင်ဘုရားကျောင်းပေါ်ကို မိန်းမမတက်ခဲ့ရဘူး၊ ဒါကြောင့် ဒကာမလဲ ခုချက်ချင်းဆင်းသွားပါ'

ကော့လင်းလင်း ဒေါသ ပိုထွက်လာကာ...

'ဦးပဥ္စင်းတို့ကကော ဘာဖြစ်လို့ ဦးပဥ္စင်းကြွယ်ရှင်ကို မတရား သံကြိုးနဲ့ချည်ထားပြီး စကားပြောခွင့် ပိတ်ပင်ထားရ တာလဲ၊ အဲဒါ သိချင်တယ်'

ဘုန်းကြီးက အေးစက်တည်ငြိမ်စွာ...

'ဒီမှာ ဒကာမလေး...ငါတို့ ဘုန်းကြီးကိစ္စကို သာမန် လူမပြောနဲ့၊ မင်းဧကရာဇ်တောင် ဝင်စွက်ခွင့်မရှိဘူး၊ ဒကာမလေး မေးလဲအပိုပဲ၊ ကျုပ်တို့ ဖြေရှင်းခွင့်မရှိဘူး'

'ဒီဦးပဥ္စင်းက ရိုးသားတယ်၊ အေးအေးဆေးဆေးနေတတ် တယ်ဆိုတာ တပည့်တော်မ သိတယ်၊ ဦးပဥ္စင်းတို့က သက်သက် ဒီဦးပဥ္စင်းကို အနိုင်ကျင့်နေကြတာ မဟုတ်လား၊ အင်း... ထင်းမင် ဆရာတော်ကြီးကော၊ ဟူဆက်ဆရာတော်ကြီးနဲ့ ဟူရှန် ဆရာတော်ကြီးတွေကော ဘယ်ရောက်ကုန်ပြီလဲ၊ အဲဒီ ဆရာတော် ကြီးတွေကို ပင့်ထွက်ခဲ့ပါ၊ တပည့်တော်မက အဲဒီဆရာတော်ကြီးများနဲ့

www.burmeseclassic.com

www.burmeseclassic.com



အခုကိစ္စကိုဖြေရှင်းမယ်'

ဘုန်းကြီးနှစ်ပါးမှာ လင်းလင်းထံမှ မမျှော်လင့်သော စကားကိုကြားသော် မျက်နှာတော်ပျက်သွားကြ၏။ တုန်လှုပ်ခြင်း အရိပ်အယောင် ဖြတ်သန်းသွား၏။

တုန်လှုပ်မည်ဆိုလည်း တုန်လှုပ်သင့်ပါပေ၏။

အကြောင်းကား ထင်းမင် ဆရာတော်မှာ ရှောင်လင်ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်သလို၊ ဟူဆက်ဆရာတော်မှာလည်း ရှောင်လင်ဘုရားကျောင်း၏ လိုဟန့်ကျောင်းတိုက်ဆရာတော်မှာလည်း ရှောင်လင်ဘုရားကျောင်း၏ လိုဟန့်ကျောင်းတိုက်ဆရာတော်ဖြစ်ပြီး၊ ဟူရှန့်ဆရာတော်မှာမူ ရှောင်လင်ဘုရားကျောင်း၏ တာမာကျောင်းတိုက်ဆရာတော်ဖြစ်သည်။

ဤဆရာတော်ကြီးသုံးပါးမှာ ရှောင်လင်ဘုရားကျောင်းတွင် သိက္ခာအရှိန်အဝါလွန်စွာကြီးမားသော အဓိပတိဆရာတော်များပင်ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့် ဘုန်းကြီးများသည် ဤအဓိပတိ ဆရာတော်ဘုရားကြီး သုံးပါး၏ ဘွဲ့အမည်ကို မခေါ်ဝံ့ခဲ့ကြ။

'ကျောင်းထိုင်ဆရာတော်ကြီး'

'လိုဟန့်ကျောင်းတိုက်ဆရာတော်ကြီး'

'တာမာကျောင်းတိုက်ဆရာတော်ကြီး'



ဟူ၍သာ ခေါ်ကြလေသည်။

ယခုမူ ဘုန်းကြီးများ မခေါ်ဝံ့ကြသည်ကို လင်းလင်းက အဓိပတိဆရာတော်ကြီးသုံးပါး၏ ဘွဲ့အမည်ကို ဒိုးဒိုး ဒေါက်ဒေါက် မကြောက်မရွံ့ခေါ်လိုက်ရာ ဘုန်းကြီးများ အလိုအလျောက် တုန်လှုပ်သွားကြခြင်းပင်ဖြစ်၏။

ကိုယ်ကာယ ထွားကျိုင်းသော ဘုန်းကြီးမှာ စည်းကမ်းကြပ်မရေးကျောင်းတိုက်ဆရာတော်ကြီး၏တပည့် ဆက်မိန် ဖြစ်၏။

ဆက်မိန်က မိမိဆရာတော်ကြီး၏ အမိန့်အရ မိမိ၏ ဂိုဏ်းတူ ညီဆက်ရှင်နှင့်အတူ ကြွယ်ရှင်ကိုယ်တော်အား တိတ်တဆိတ်လာရောက်စောင့်ကြည့်နေခြင်းပင် ဖြစ်ပါ၏။

ဆက်မိန် ကိုယ်တော်သည် ကော့လင်းလင်း၏ စကားကိုကြားသော် အသံကိုမြှင့်၍ . . .

'ဒကာမလေးက ဘုန်းကြီးတို့ရဲ့ အေးချမ်းတဲ့နေရာကို လာရောက် နှောင့်ယှက်တာဆိုရင်တော့ ဘုန်းကြီးတို့က ခွင့်ပြုမှာ မဟုတ်ဘူး'

ကော့လင်းလင်းက မဲ့ပြုံးပြုံးပြီး . . .

'တပည့်တော်မက ဦးပဉ္ဇင်းတို့ကို ကြောက်နေရမှာလား၊ ဦးပဉ္ဇင်းတို့ အခုချက်ချင်း ကြွယ်ရှင်ကိုယ်တော်ကို ချည်နှောင်ထား

www.burmeseclassic.com



တဲ့ သံကြိုးတွေကို ဖြေပေးပါ၊ နို့မဟုတ်ရင် တပည့်တော်မက ထင်းမင် ဆရာတော်ကြီးနဲ့ သွားဖြေရှင်းရလိမ့်မယ်'

ဘုန်းကြီးနှစ်ပါးမှာ လင်းလင်းအား ဘာပြန်ပြောရမည်မသိအောင် ဖြစ်သွား၏။

တကယ်မူ ကော့လင်းလင်း၏ မိဘနှစ်ပါးဖြစ်သော ကော့ချင်း နှင့် စစ်ရုံမှာ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ထင်းမင်နှင့် လွန်စွာ ရင်းနှီးသူများ ဖြစ်ကြ၏။ ဆရာတော်ထင်းမင်သည် လင်းလင်း ငယ်စဉ်က လင်းလင်း၏ မိဘများထံ အလည်အပတ် ကြွရောက်ဖူး၏။

လင်းလင်း၏ မိဘနှစ်ပါးမှာ သိုင်းလောကတွင် အမှန်တကယ် ပြိုင်စံရှားအောင် သိုင်းပညာအရာတွင် အလွန်မြင့်မားနက်ရှိုင်းစွာ တတ်ပွန်ကျွမ်းကျင်သူများဖြစ်၍ ရှောင်လင်ဘုရားကျောင်းထိုင်ဆရာတော်ကြီးက သူတို့အား လေးစားထား၏။

လင်းလင်းသည် အထင်ကရ ရှောင်လင်ဘုရားကျောင်းတည်ရှိရာ ဆန်းဆက်တောင်ပေါ်သို့ ရောက်လာခြင်းမှာလည်း ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်လိုသောအကြောင်း တစ်ကြောင်းလည်း ပါရှိပါ၏။

သို့ရာတွင် ယခုမူ လင်းလင်းတောင်ပေါ်သို့ရောက်လျှင်ရောက်ချင်း ထူးဆန်းသောအဖြစ်နှင့် ကြုံနေရပြီ မဟုတ်ပါလား။



ဆက်မိန်နှင့် ဆက်ရှင်ကိုယ်တော်နှစ်ပါးမှာ လင်းလင်း၏ ခါးတွင် ဓားတိုတစ်ချောင်း ချိတ်ဆွဲထားသည်ကိုပါ တွေ့လိုက်ရသော် ပို၍ ဒေါသထွက်လာကြ၏။

ဆက်ရှင်ကိုယ်တော်က အသံနက်ဖြင့်...

'ဒကာမ ခါးမှာချိတ်တားတဲ့ဓားကိုချပြီး တောင်ပေါ်က ချက်ချင်းဆင်းသွားပါ၊ အဲဒီလို ဆင်းသွားရင် ဦးပဉ္စင်းတို့ ဒကာမလေးကို ဘာမှမလုပ်ဘူး'

လင်းလင်းသည် သူမ၏ဓားကို သိမ်းဆည်းမည်ဟုဆိုသော် ပို၍ ဒေါသထွက်လာ၏။ ထို့ကြောင့် ခါးမှဓားကိုဖြုတ်ယူလိုက်ပြီး လက်နှစ်ဘက်ဖြင့် မ,လျက် ပမာမခန့်ပြုံးပြီး...

'ကောင်းပါပြီဘုရား၊ အမိန့်တော်မြတ်အတိုင်းပါပဲ'ဟု ဆိုလိုက်၏။

ဆက်ရှင်တို့မှာ ငယ်စဉ်ကပင် ဤရှောင်လင်ကျောင်းတော်ကြီးတွင် နေထိုင်ကြီးပြင်းလာခဲ့ရာ ဆရာတော်ကြီးများ၏ ပြောပြချက်အရ ရှောင်လင်ဘုရားကျောင်းမှာ ဆယ်နှစ်ကျော်အတွင်း သိုင်းလောက တစ်ခုလုံး၏ သိုင်းပညာပိုင်းဆိုင်ရာ ပင်မဖြစ်ကြောင်း မကြာခဏ ကြားခဲ့ရဖူး၏။

ထို့ပြင် သိုင်းလောကတွင် မည်မျှပင်ကျော်ကြားသော သိုင်းပညာရှင်ကြီးပင်ဖြစ်စေ ရှောင်လင်ဘုရားကျောင်းဝင်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဓားလက်နက်ကိုင်ဆောင်၍ မဝင်အပ်ကြောင်း သိခဲ့ရ၏။

ယခုမှ ဤမိန်းကလေးသည် ရှောင်လင်ဘုရားကျောင်းထဲသို့မဝင်ရောက်သည့်တိုင် ရှောင်လင်ဘုရားကျောင်း၏ နယ်နိမိတ်အတွင်း ဓားကိုင်ဆောင်လျက် ရောက်ရှိလာသဖြင့် ဖြုတ်ချခိုင်းရခြင်းပင် ဖြစ်၏။

ကော့လင်းလင်းက မိမိတို့ အမိန့်ပေးသကဲ့သို့ ခါးမှဓားကိုဖြုတ်၍ လက်နှစ်ဘက်ဖြင့် ယဉ်ကျေးစွာ အပ်နှံလာသည်ကို တွေ့ရ၏။

ဆက်ရှင်သည် ရှေ့တစ်လှမ်းတိုး၍ လင်းလင်း၏ လက်မှ ဓားကို ယူလိုက်၏။

သို့သော် ဆက်ရှင်၏ လက်ချောင်းများ ဓားအိမ်နှင့် ထိလိုက်စဉ်ကော၌ ဆက်ရှင်၏ ကိုယ်ခန္ဓာမှာ အလွန်အားကောင်းသော တစ်စုံတစ်ယောက်က တွန်းထုတ်လိုက်သကဲ့သို့ နောက်သို့ လိမ့်ကျသွားတော့လေ၏။

နေရာမှာလည်း တောင်ကမူလျှောကလေးဖြစ်သဖြင့် ဒလိမ့်ကောက်ကွေးကျသွားရာမှ သစ်ပင်ငယ်တစ်ပင်အား လက်ဖြင့်ဆွဲ၍ ထိန်းလိုက်တော့မှ အကျရပ်လျက် ကိုယ်ကို ပြန်လည် ထိန်းမတ်နိုင်တော့၏။

ထိုအချင်းအရာကို မြင်လိုက်သော ဆက်မိန်မှာ ဒေါသ



အမျက် ထွက်သကဲ့သို့ တုန်လှုပ်ခြင်းလည်း ဖြစ်သွားရ၏။

ဆက်မိန်က ကျယ်လောင်စွာဖြင့်...

'မင်းတကယ် သတ္တိရှိပါလား၊ ငါတို့ရှောင်လင်ဘုရားကျောင်းကို တမင်လာပြီး ရန်စတယ်ပေါ့လေ ဟုတ်လား'

ယင်းသို့ ဆိုပြီးသည်နှင့် ရုတ်တရက် ခုန်တက်ပြီး ဘယ်လက်သီးကိုထိုးထုတ်ရင်း ညာလက်ဝါးစောင်းကိုတွဲ၍ လင်းလင်းအား တိုက်ခိုက်တော့၏။

လင်းလင်းကမူ လေသံကို နားစွင့်ရုံနှင့်ပင် ဆက်မိန်၏ သိုင်းအား ဆက်ရှင်ထက်ပို၍ အားကောင်းကြောင်း သိလိုက်ပြီဖြစ်၏။

ထို့ကြောင့် ဓားရိုးကို ကိုင်လျက် ဓားကိုဓားအိမ်မှ ဆွဲထုတ်ခြင်းမပြုဘဲ ဆက်မိန်၏ ပခုံးကို ခုတ်ချလိုက်၏။

ဆက်မိန်က လင်းလင်း၏ ခုတ်ချက်ကို ပခုံးနှိမ့်၍ ရှောင်ရင်း ဘလက်ကို ရုပ်သိမ်းကာဓားကိုလှမ်းဆွဲလိုက်၏။

ထိုအချိန်တွင်ကြွယ်ရှင်ကိုယ်တော်သည် နံဘေးမှ ရပ်ကြည့်ရင်းမှ လွန်စွာ စိတ်ပူပင်လာ၏။ ထို့ကြောင့် အော်ဟစ်တားလိုက်၏။

'မလုပ်ကြပါနဲ့၊ ရပ်လိုက်ကြပါ'

ကြွယ်ရှင်၏ ဟန့်တားချက်က နောက်ကျသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆက်မိန်သည် ဓားအိမ်ကို ဆုပ်မိသည်နှင့် အင်အားသုံး၍ လုယူရန် စိတ်ကူးလိုက်၏။

သို့သော် လက်ဖဝါးမှ လက်မောင်းရိုးတစ်လျှောက် ရုတ်တရက် ထုံကျဉ်သွားပြီး ဓားအိမ်ကိုင်လက်စလက်ကို ကမန်းကတန်း လွှတ်လိုက်ရင်း တစ်ဆက်တည်းတွင် နောက်သို့ ရှောင်ပြေးမည်ပြုစဉ် ကော့လင်းလင်း၏ လျှပ်တစ်ပြက်တိုက်ကွက် မိကာ နောက်သို့ လန်ကျသွားသည်။

ဆက်မိန်သည် ဆက်ရှင်ကိုယ်တော်ထက် အကျနာလေသည်။ မျက်နှာတွင် ဒဏ်ရာများရရှိပြီး သွေးများပင် စို့ထွက်လာ၏။

ထိုအခိုက် ကော့လင်းလင်းလည်း အတွေးတစ်ခုဝင်လာ၏။

'ရှောင်လင်ဘုရားကျောင်းကို ငါ စိတ်ပြေလက်ပျောက် အလည်လာတာ အခုတော့ အကြောင်းမဲ့ ရန်ဖြစ်လိုက်ရပြီ'

ထို့နောက် ကော့လင်းလင်းသည် ကြွယ်ရှင်ကိုယ်တော် အနားသို့ လျင်မြန်စွာသွားကာ လက်ထဲမှ ဓားဖြင့် ကြွယ်ရှင်ကိုယ်တော်၏ ခြေလက်တို့တွင် ချည်နှောင်ထားသော သံကြိုးများကို ခုတ်ဖြတ်ပစ်လိုက်၏။

ကြွယ်ရှင်က ကြောက်ကြောက်လန့်လန့်ဖြင့်...

'မလုပ်နဲ့၊ မလုပ်နဲ့'ဟု ဟန့်တားသေး၏။



သို့သော် ကော့လင်းလင်းကမူ ခုတ်ဖြတ်မြဲ ဖြတ်ရင်းမှ...

'ဘာဖြစ်လို့ မလုပ်ရမှာလဲ'ဟု မေးလိုက်၏။

တစ်ဆက်တည်းတွင် ထွက်ပြေးသွားကြသော ဆက်မိန်နှင့် ဆက်ရှင်ကိုယ်တော်နှစ်ပါးကို လက်ညှိုးထိုးပြရင်း...

'ဟိုမှာတွေ့လား၊ သူတို့ သတင်းသွားပေးနေကြပြီ၊ တပည့်တော်မတို့ ဒီနေရာက အမြန်ဆုံးပြေးကြပါစို့၊ ဦးပဉ္စင်းရဲ့ ဟိုတပည့်လေးကော မတွေ့ပါလား၊ သူ့ကိုပါ တစ်ပါတည်း ခေါ်လိုက်'ဟု ဆိုလိုက်၏။

ကြွယ်ရှင်က ထွက်ပြေးရန် ငြင်းဆန်နေ၏။ ဦးခေါင်းကို ခါယမ်းနေပြန်၏။ ထိုစဉ်...

'ကျွန်တော်ဒီမှာရှိပါတယ်ဗျ'ဟူသော တစ်စုံတစ်ယောက်၏ အသံကို ကြားလိုက်ရ၏။

ကော့လင်းလင်း ဖျတ်ခနဲ လှည့်ကြည့်စဉ် အသက် ဆယ့်ခြောက်နှစ်ခန့် ယောကျ်ားလေးတစ်ဦးကို တွေ့လိုက်ရ၏။

သူက အခြားမဟုတ်ပါ။ ကြွယ်ရှင်ကိုယ်တော်၏ တစ်ဦးတည်းသောတပည့် ကျန်းဆန်းဖုန်းပင်ဖြစ်၏။

ကော့လင်းလင်းသည် သူ့ကို ကောင်းစွာမှတ်မိ၏။ လွန်ခဲ့သော သုံးနှစ်ခန့်က သူတို့ ဆရာတပည့်နှစ်ဦး ဝါယမ်းတောင်ပေါ် ဓားရေးပြိုင်ပွဲလာရောက်စဉ် ကော့လင်းလင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းခဲ့ပြီးဖြစ်၏။ ကော့လင်းလင်းက ထိုအသံကို ကြားသည်နှင့် . . .

'ဟော့ ကျန်းဆန်းဖုန်း၊ ဒီက ဘုန်းကြီးတွေက မင်းရဲ့ဆရာကို အနိုင်ကျင့်နေကြတာကွယ့်၊ မင်းတို့ အခုချက်ချင်း ဒီက ရှောင်လင်ဗုဒ္ဓရုဏ်ထဲက ထွက်ပြီး ဝေးရာကို ပြေးကြပါတော့လား'

သို့သော် ကျန်းဆန်းဖုန်းက ကြွယ်ရှင်ကိုယ်တော်ကဲ့သို့ပင် ခေါင်းခါယမ်းပြရင်း . . .

'ခင်ဗျားမှားနေပြီ၊ ဘယ်သူကမှာ ကျွန်တော့်ဆရာကို အနိုင်မကျင့်ပါဘူးဗျ'ဟု ဆိုလေ၏။

ကော့လင်းလင်းက အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်း ပေါင်းစပ်လျက် . . .

'ဘာပြောတယ် ကျန်းဆန်းဖုန်း၊ သူတို့က မင်းရဲ့ဆရာကို သံကြိုးနဲ့လဲ ချည်နှောင်ထားတယ်၊ နောက်ပြီး စကားပြောခွင့်လဲ ပိတ်ပင်ထားတယ်၊ ဒါတောင် အနိုင်ကျင့်တာ မဟုတ်သေးဘူးလား'ဟု ပြန်မေး၏။

ကြွယ်ရှင်က မဲ့ပြုံးတစ်ချက်ပြုံးပြီး ခေါင်းခါယမ်းပြသိုက်၏။ ပြီးလျှင် လင်းလင်းအား တောင်ပေါ်မှ အမြန်ဆင်းသွားရန် သာ လက်ဟန်ပြလိုက်လေ၏။



ထိုစဉ် တောင်ကုန်း တောအုပ်များကြားမှ ဘုန်းကြီးတချို့ ပြေးဆင်းလာသည်ကို တွေ့လိုက်ရ၏။ နှုတ်မှလည်း . . .

'ဘယ်သူလဲဟေ့၊ တို့ရှောင်လင်ဘုရားကျောင်းကို လာပြီး ရန်စတာ'ဟု အော်မေးလာကြ၏။

ကျန်းဆန်းဖုန်းက ပြေးဆင်းလာသော ဘုန်းကြီးများကြားအောင် . . .

'ဦးပဉ္ဇင်း . . . သူက'

သို့သော် ကျန်းဆန်းဖုန်းစကားက ရှေ့မဆက်ဘဲ ဤတွင် ရပ်သွားရ၏။ အကြောင်းမူ ကော့လင်းလင်းက ကျန်းဆန်းဖုန်း ဆက်မပြောနိုင်အောင် ကမန်းကတန်း ဟန့်တားလိုက်သော ကြောင့်ပင်' ဖြစ်ပါ၏။

'ကျန်းဆန်းဖုန်း ငါ့နာမည်ကို မပြောနဲ့'

အမှန်မူ ဤကိစ္စတွင် သူမကြောင့် ပြဿနာဖြစ်လာကြောင်း လင်းလင်းနားလည်လိုက်၏။ ထို့ကြောင့် ပြဿနာတွင် ခုမိဘများပါ ပတ်သက်လာမည်ကို လင်းလင်း စိုးရိမ်သွား၏။

လင်းလင်းက ထပ်မံ၍ . . .

'ဟော့ ကျန်းဆန်းဖုန်း၊ ငါ့မိဘနာမည်ကိုပါ လုံးဝမပြောနဲ့နော်'ဟု သတိပေးလိုက်ပြန်၏။

ထိုစဉ် သူတို့အနားသို့ နောက်ထပ် ဘုန်းကြီးသေးပါး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာ၏။ ဘုန်းကြီးများ၏ ခြေလှမ်းပုံကိုကြည့်သည်နှင့်ပင် သိုင်းပညာအဆင့်နိမ့်သူများ မဟုတ်ကြောင်း လင်းလင်း သိလိုက်၏။

ဤဘုန်းကြီးများမှာမူ သူတို့နှင့် မလှမ်းမကမ်းတွင် ဝိုင်း၍ရပ်နေလိုက်ကြ၏။ နောက်မှရောက်လာသော ဘုန်းကြီးလေးပါးက လင်းလင်း၏ ရှေ့နားသို့ တိုးလျှောက်လာပြီး တစ်ပါးသော ဘုန်းကြီးက ဆိုလေ၏။

'ဒကာမလေး ဘယ်လိုအကြောင်းရှိလို့ ဘုရားကျောင်းကို လာခဲ့ရတာလဲ၊ ဘုန်းကြီးတို့ရဲ့ ဘုရားကျောင်း စည်းကမ်းက မိန်းကလေးမဝင်ရဘူး၊ ပြီးတော့ အပြင်လူဆိုရင် ဓားလက်နက်လုံးဝကိုင်ဆောင်လာခွင့် မပြုဘူး၊ ဒါကြောင့် ဒကာမလေး လက်ထဲက ဓားကို အေးအေးဆေးဆေး ချလိုက်ပါ၊ ကျောင်းပုရဝုဏ်က ထွက်သွားပါ'

လင်းလင်းက အခြေအနေမဟန်မှန်း ချက်ချင်းသိလိုက်၏။ အလိုက်သင့် လျှောက်ထားပြီး ပြန်ရန်လည်း စိတ်ကူးလိုက်မိ၏။ ထို့ကြောင့် လေသံပျော့ကလေးဖြင့်...

'ဦးပဉ္စင်းတို့က တပည့်တော်မကို ဘုရားကျောင်းထဲ ဝင်ခွင့်မပေးဘူးဆိုတော့လဲ တပည့်တော်မ ပြန်ရတော့မှာပေါ့'

လင်းလင်းက စကားအဆုံးတွင် ချာခနဲနေရာမှ လှည့်ထွက်လိုက်၏။ ပထမ စကားပြောလာသော ဘုန်းကြီးက နံဘေးသို့ တိမ်းဖယ်ပေးလိုက်၏။ သို့သော် ဒုတိယနှင့် တတိယဘုန်းကြီးများက တားလိုက်ပြီး...



'ဒကာမလေး ခဏနေပါဦး၊ လက်နက်ချထားခဲ့ပြီးမှ သွားပါ'

ကော့လင်းလင်း ထောင်းခနဲ ဒေါသူပုန်ထသွား၏။ မျက်မှာန်ဝင့်လျက် ဓားရိုးကို ကိုင်လိုက်မိ၏။

ပထမဘုန်းကြီးက ကြားဖြတ်၍...

'ဘုန်းကြီးတို့က ဒကာမလေးရဲ့ဓားကို မယူရဲပါဘူး ဒကာမလေး၊ တောင်ခြေကို ရောက်တာနဲ့ ဓားကို ချက်ချင်းပြန်ပေးမှာပါ၊ အခုဟာက ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဘုရားကျောင်း စည်းကမ်းမို့လို့ ပြောရတာပါ၊ စိတ်မရှိပါနဲ့ ဒကာမလေး'

ပထမဘုန်းကြီး၏ ချိုသာသော စကားကြောင့် လင်းလင်း၏ ဒေါသတို့ ပြေပျောက်စပြုလာ၏။ စိတ်ပျော့လာ၏။

သို့သော် သူမ လက်ထဲမှဓားကို ပေးအပ်လိုက်လျှင် သူမမိဘနှစ်ပါး၏ ဂုဏ်သိက္ခာကို ထိခိုက်မည်စိုးနေ၏။

လင်းလင်း ဓားကို ပေးရကောင်းနိုးနိုး၊ မပေးဘဲနေရကောင်းနိုးနိုး ဖြစ်နေစဉ် ဘုန်းကြီးတစ်ပါးက ရုတ်တရက် ခုန်ထွက်လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဟိတ်…အခုထိ ဓားမအပ်သေးဘူးလား' ဟု အမိန့်ပေးသံဖြင့် ပြောပြီး ဓားကို လုရန်ပြုလိုက်၏။

ကော့လင်းလင်းသည် ဓားကို အပ်နှံရန် ဆုံးဖြတ်မည်ပြုဆဲတွင် ထိုသို့ပြုမူခြင်းခံရသဖြင့် ဒေါသထွက်လာပြီး ပြန်လည်တိုက်ခိုက်ရန် ချက်ချင်း ဆုံးဖြတ်လိုက်လေတော့၏။

သို့ဖြင့် ဘုန်းကြီးသည် ကော့လင်းလင်း၏ ဓားအိမ်ကိုလှမ်း၍ချုပ်ကိုင်လိုက်၏။ ဘုန်းကြီး၏ ဓားကိုင်လက်က သွန်စွာသန်မာပြီး အားပါလှသည်။

လင်းလင်းသည် နောက်တစ်လှမ်းဆုတ်၍ ရှောင်တိမ်းလိုက်ပြီး ဓားကို ဓားအိမ်မှ လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီး လှမ်းခုတ်လိုက်၏။ ဘုန်းကြီးသည် ကမန်းကတန်း သူ့လက်သုရုပ်သိမ်းလိုက်ရ၏။ သို့သော် လက်ဖမိုးတွင် ဓားချက်လေးချက်ထိမှန်သွားပြီး သူ့လက်သို့ ပါသွားသော ဓားအိမ်မှာလည်း လွတ်ကျသွား၏။ ထိုစဉ် အခြားဘုန်းကြီးသုံးပါးက လင်းလင်းအား ဝိုင်းဝန်းတိုက်ခိုက်လာတော့၏။

အစဦးတွင် ကိုယ်တစ်ပြန် သူတစ်ပြန် လက်ရည်တူတိုက်ခိုက်နိုင်သော်လည်း နောက်ပိုင်းတွင် လင်းလင်း၏ လက်ရည်ကျလာ၏။ တိုက်ကွက်များလည်း အားပျော့လာ၏။ လင်းလင်းအခြေအနေ ရှုံးနိမ့်ရတော့မည်ရှိစဉ် အသက်အရွယ် လွန်စွာအိုမင်း



လျက် ခန္ဓာကိုယ် ပိန်လှီလှသော ဘုန်းတော်ကြီးတစ်ပါးသူတို့အနားသို့ အမှတ်မထင် ရောက်လာ၏။

ယင်းဘုန်းကြီးအိုက လက်နှစ်ဖက်ပိုက်လျက် ကော့လင်းလင်းနှင့် ဘုန်းကြီးများ တိုက်ခိုက်နေကြသည်ကို ခေါင်းတညိတ်ညိတ်နှင့် ပြုံး၍ကြည့်နေလေ၏။

ထိုစဉ် ကော့လင်းလင်းသည် ရှုံးရိပ်ပြလာပြီဖြစ်၍ဘုန်းကြီးများ မခံချိမခံသာဖြစ်အောင် အော်ပြောလေသည်။

'ဘာလဲ၊ ရှောင်လင်ဘုရားကျောင်းက သိုင်းလောကရဲ့အဓိကရ ပင်မဆို၊ အခုတော့ အုပ်စုအားကိုးပြီး အနိုင်ကျင့်နေပါလားဟင်'

'ဟိတ်…အားလုံးရပ်လိုက်စမ်း'

စောစောက တိုက်ပွဲကို လက်ပိုက်လျက် ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေသော ဘုန်းကြီးအို၏ အသံပင် ဖြစ်ပါ၏။ ကျန်ဘုန်းကြီးများသည် ဘုန်းကြီးအိုအားမြင်သော် တိုက်ခိုက်ခြင်းကို ချက်ချင်း ရပ်ပစ်လိုက်ကြ၏။

မှန်ပါ၏။ ဘုန်းကြီးအိုမှာ တခြားမဟုတ်၊ ရှောင်လင်ဘုရားကျောင်းတော်၏ ဝါတော်အကြီးဆုံး အဓိပတိ ဆရာတော်ကြီး သုံးပါးအနက် လိုဟန့်ကျောင်းတိုက် ဆရာတော် ဟူဆော်ပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကော့လင်းလင်းသည် ဟူဆက်ဆရာတော်၏ ဘွဲ့မည်ကို သူ့မိဘများထံမှ တစ်ဆင့် ကြားခဲ့ဖူးသော်လည်း ဆရာတော်ကြီးကိုတော့ မြင်ဖူးခြင်း မရှိခဲ့ချေ။

သို့ရာတွင် ဤဘုန်းကြီးအိုအား ကျန်ဘုန်းကြီးများက လွန်စွာ ရိုသေဟန်၊ ကြောက်ရွံ့ဟန်၊ လေးစားဟန် အမူအရာများကို တွေ့ရသဖြင့် ဤဘုန်းကြီးအိုမှာ ရှောင်လင်ဘုရားကျောင်း၏ အရှိန်အဝါ ဩဇာကြီးမားသော ဆရာတော်တစ်ပါးသာ ဖြစ်ရမည်ဟု နားလည်လိုက်၏။

ကော့လင်းလင်း၏ စိတ်ထဲမှလည်း...

'ငါ့အဖေအမေ၊ နာမည်ကိုတော့ ငါဘယ်နည်းနဲ့မှ ဖွင့်ပြောလို့ မဖြစ်တော့ဘူး၊ ပြဿနာက တဖြည်းဖြည်း ကြီးမားလာပြီ၊ အဖေနဲ့ အမေသာသိရင် ငါ့ကို ကောင်းကောင်းကြီး ဆူလိမ့်မယ်၊ ငါလဲ ဒီဘုန်းကြီးအိုနဲ့ ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီနေရာက ငါအမြန်ဆုံးထွက်သွားမှ ဖြစ်တော့မယ်'

သို့ရာတွင် ကော့လင်းလင်းသည် အေါသထွက်သော အသံဖြင့် 'အရှင်ဘုရား တပည့်တော်မက သာယာလွန်းတဲ့ ဒီတောတောင်ရှုခင်းတွေကို စိတ်ပြေလက်ပျောက်သဘော ကြည့်ဖို့ ရိုးရိုးသားသား အလည်လာမိတာပါ၊ အခုတော့ ရှောင်လင်



ဘုရားကျောင်းဟာ နေပြည်တော်က ဘုရင့်နန်းတော်ထက်တောင် စည်းကမ်းကြီးနေပါလား၊ ဓားတိုလေးကအစ သိမ်းဆည်းမလို့တဲ့၊ တပည့်တော်မ မသိလို့ ဆရာတော်ကြီးကို မေးပါရစေ၊ တပည့်တော်မက ရှောင်လင်ဘုရားကျောင်း ပရိဝုဏ်ထဲကို ရောက်နေလို့လား၊ ပြီးတော့ တားမာဘော်ဘိ ဆရာတော်ကြီးက အိန္ဒိယပြည်ကနေ ရှောင်လင်ဘုရားကျောင်းကို ကြွလာပြီး သိုင်းပညာမျိုးစေ့ကို သူပေါ်ခဲ့တာဟာ ကျမ်းဂန်ပရိယတ္တိ သင်ကြားကျက်မှတ်ရလွန်းလို့ ညောင်းညာနေတဲ့ ဘုန်းကြီးတွေကို ကိုယ်လက်သန်မာ သန်စွမ်းအောင် သွေးလည်ပတ် လှုပ်ရှားလာအောင် အတွက်ပဲ မဟုတ်လား၊ အခုတော့ ကြည့်ပါဦး ဘုရား၊ ရှောင်လင်ဘုရားကျောင်းဟာ နာမည်ကြီးလာတာနဲ့ သိုင်းအတတ်ပညာ မြင့်မားလာတာနဲ့အမျှ တစ်ဖက်သားကိုပိုပြီး အနိုင်ကျင့်ချင်လာတာ မဟုတ်လားဘုရား၊ ကောင်းပြီ ဆရာတော်ကြီး၊ ဒီနေ့ တပည့်တော်မ လက်ထဲက လက်နက်ကို ရှင်ဘုရား ယူထားလိုက်ပါ၊ ဒါပေမယ့် တပည့်တော်မကို အသေမသတ်ပစ်ရင်တော့ ဒီနေ့ ရှောင်လင်ကျောင်းက ဘုန်းကြီးတွေက အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီး နှိပ်စက်ပါတယ်၊ တိုက်ခိုက်ပါတယ်လို့ သိုင်းလောကတစ်ခုလုံး သိသွားအောင် ကြေညာမောင်း ခတ်လိုက်မှာပဲဘုရား'

www.burmeseclassic.com

www.burmeseclassic.com



ကော့လင်းလင်းသည် ပင်ကိုကပင် စကားပြော လွန်စွာ သွက်လက်ချက်ချာသူဖြစ်ရာ ယခုကိစ္စတွင်လည်း သူမအမှားချည်း သက်သက်ဟု မယူဆသဖြင့် ပြောပုံဆိုပုံတို့က ပို၍ သွက်လက်နေ၏။ ချက်ကောင်းကိုလည်း တိုတိုနှင့်လိုရင်း ပြောနိုင်လေ၏။

ဟူဆက်ဆရာတော်သည် လင်းလင်း၏ စကားကို စိတ်ရှည်လက်ရှည် နားထောင်ပြီးနောက် မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

ထို့နောက် ဖြည်းညင်းသော အသံဖြင့်...

'သိုင်းဆရာကြီး ကော့ချင်းနဲ့ သိုင်းဆရာမကြီး စစ်ရုံတို့ရဲ့ သမီးက သိုင်းပညာတော်ရုံမက စကားစစ်ထိုးတဲ့နေရာမှာလည် တယ်ပြီး တော်ပါလား'

ဆရာတော် မိန့်မြွက်လာသော စကားကို ကြားသော ကော့လင်းလင်း မျက်လုံးစုံ ပြူးဝိုင်းသွားရှာပါ၏။ စိတ်ထဲ မှလည်း...

'ဒီဘုန်းကြီး ဘယ်နှယ့် ငါ့မိဘတွေကို သိနေရပါလိမ့်' ဟု တွေးလိုက်မိ၏။

အမှန်မူ ဟူဆက်ဆရာတော်သည် ကော့လင်းလင်းအာ မြင်လိုက်ရုံနှင့် သိုင်းဆရာကြီး ကော့ချင်းနှင့် သိုင်းဆရာမကြီ စစ်ရုံတို့၏ သမီးမှန်း သိသည် မဟုတ်ပေ။ စောစော



လင်းလင်းနှင့် ဘုန်းကြီးများ အပြန်အလှန် တိုက်ခိုက်စဉ် လင်းလင်း အသုံးပြုသော သိုင်းကွက်ကိုကြည့်၍သာ ကော့ချင်းနှင့် စစ်ရုံတို့၏ သမီးဖြစ်ကြောင်း အကဲဖမ်းမိခြင်းပင် ဖြစ်ပါ၏။

တကယ်မူဟူဆက် ဆရာတော်သည် လင်းလင်းအား တစ်နှစ်သမီး အရွယ်ကပင် သိခဲ့၏။ လင်းလင်း၏ဖခင် ကော့ချင်းသည် လင်းလင်း တစ်နှစ်ပြောက်မွေးနေ့တွင် မိတ်ဆွေ အပေါင်းအသင်းများအား ဖိတ်ကြားလျက် ကျွေးမွေးခဲ့၏။ ထိုစဉ်က ဟူဆက်ဆရာတော်သည် လင်းလင်း မွေးနေ့ လက်ဆောင်အဖြစ် လိုဟန့်သံရုပ်တုတစ်စုံကို လက်ဆောင် ပေးခဲ့၏။ ထိုသံရုပ်တုမှာ အလွန်ခက်ခဲနက်နဲစွာ ပြုလုပ်ထားပြီး ခလုတ်ဖွင့်လိုက်သည်နှင့် ရုပ်တုနှစ်ခုမှာရှောင်လင်သိုင်းပညာ နှစ်မျိုးထဲမှ တစ်မျိုးဖြစ်သော လိုဟန့်လက်သီးသိုင်း (၁၈) ကွက်ကို အစအဆုံး ကစားပြနိုင်လေသည်။ ယင်းရုပ်တု၏ ထူးခြားသော စွမ်းပကားကို လင်းလင်း အရွယ်ရောက်တော့မှပင် ဖခင်ဖြစ်သူက ပြောပြပြီး ထို လိုဟန့်ရုပ်တု နှစ်ခုကို လင်းလင်းလက်သို့ ပေးအပ်ခဲ့၏။

လင်းလင်းသည်လည်း အချိန်အားလပ်သည်နှင့်အမျ ရုပ်တုကို ထုတ်၍ ကစားလေ့ရှိခဲ့၏။ သို့သော် ယခု လင်းလင်းသည် ဟူဆက်ဆရာတော်အား လုံးဝ မှတ်မိခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။

ဟူဆက်ဆရာတော်သည် အံ့အားသင့်လျက်ရှိသော ကော့လင်းလင်း၏ အမူအရာကိုကြည့်ရင်း ပြုံးလိုက်ပြီးနောက်...

'ဘုန်းကြီး ဘယ်သူဘယ်ဝါဆိုတာ ဒကာ့မလေး စဉ်းစားလို့ မရဘူးဖြစ်နေတယ် ထင်တယ်၊ ဘုန်းကြီး ဒကာမလေးကို တစ်ခုမေးမယ်၊ ဒကာ့မလေးကိုယ်မှာ လိုဟန့် သံမဏိရုပ်တုတစ်ခု ရှိနေတယ် မဟုတ်လား'

ဟူဆက်ဆရာတော် စကားကို ကြားရတော့မှပင် ကော့လင်းလင်း သဘောပေါက်သွားပြီး ရယ်နိုင်မောနိုင် ဖြစ်သွား၏။ ဝမ်းသာသော အသံဖြင့်လည်း...

'ဪ...ဆရာတော်ကြီးက လက်စသတ်တော့ ဟူဆက် ဆရာတော်ကိုး၊ ဒါကြောင့်လဲ တပည့်တော်မရဲ့ မိဘများ အကြောင်းကို အားလုံးသိတာကိုး'

ဟူဆက်ဆရာတော်က ပြုံးလျက်...

'ဒါနဲ့ ဒကာမလေး ဘာကိစ္စနဲ့ ဒီကိုရောက်လာရတာလဲ'

ဟူဆက်ဆရာတော်၏ မေးခွန်းကို လင်းလင်း ချက်ချင်း မဖြေ။ မျက်လွှာကလေးချ၊ ခေါင်းကလေးငုံ့လျက် ငြိမ်သက်စွာ နေလိုက်၏။ အကြောင်းကား အမှန်တွင် လင်းလင်းသည် သနားစရာကောင်းသော ချစ်သူစွန့်ပစ်ခံရသူလေး ဖြစ်၏။



ရင်နင့်အောင် ချစ်ရသူက အခြားသော မိန်းမတစ်ယောက်နှင့် လက်ထပ်သွားခဲ့၏။ ယင်း ချစ်နှလုံးသားဝေဒနာ ပြေပျောက်လို ပြေပျောက်ငြား မိဘနှစ်ပါးနှင့် လွန်စွာရင်းနှီးသော ဆရာတော်ကြီး ထင်းမင့်ထံသို့သွား၍ သံဝေဂတရား ဟောကြားခိုင်းမည်ဟု စိတ်ကူးဖြင့် ဤတောနှင့် ဤတောင်သို့ ရောက်လာခြင်းဖြစ်သည် မဟုတ်ပါလား။

သို့ရာတွင် မထင်မှတ်ဘဲ ဤပြဿနာနှင့် ကြုံရသဖြင့် ယခုအခါ လင်းလင်းသည် မူလရည်ရွယ်ချက်ဖြစ်သော ထင်းမင့် ဆရာတော်အား ဖူးမြော်ရန်ကိုမူ လက်လွှတ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဟူဆက်ဆရာတော်၏ အမေးကို အလျဉ်းသင့်အောင် သူ ဖြေလိုက်၏။

'တပည့်တော်မ အလည်သက်သက် လာတာပါဘုရား'

ဟူဆက်ဆရာတော်က ပြုံးလျက်...

'ဘုန်းကြီးတို့ရဲ့ ဘုရားကျောင်း စည်းမျဉ်းကြောင့် ဒကာမလေးကို ဘုရားကျောင်းထဲမခေါ်နိုင်တာကို စိတ်မရှိပါနဲ့'

'အရေးမကြီးပါဘူးဘုရား၊ ဒီလိုဆိုလဲ တပည့်တော်မ ပြန်ပါတော့မယ်ဘုရား'

ဟူဆက်ဆရာတော်က ပြုံးမြဲပြုံးလျက်...

'ဒီလိုဆိုရင် ဘုန်းကြီးကိုယ်တိုင် ဒကာမလေးကို ပို့ပေး မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ဟူဆက် ဆရာတော်၏ စကားကြောင့် ကျန်ဘုန်းကြီးများ အံ့သြသွား၏။ အဘယ်ကြောင့်မူ ဟူဆက် ဆရာတော်သည် ရှောင်လင်ဘုရားကျောင်းတွင် ဝါတော်အကြီးဆုံး ဆရာတော် ဖြစ်ပါလျက် ကော့လင်းလင်းလို မိန်းကလေးတစ်ယောက်ကို ဆရာတော်က လေးလေးမူမူ ဆက်ဆံပြောဆိုနေသည်ကို တွေ့မြင်နေရသောကြောင့်ပင် ဖြစ်ပါ၏။

ကော့လင်းလင်းက...

'ဆရာတော်ကြီး ဘာမှ အားမနာပါနဲ့၊ တပည့်တော်မ စောစောတုန်းက ဦးပဉ္စင်းတွေကို စော်ကားမိတာကိုပဲ တပည့်တော်မ တောင်းပန်ရဦးမှာပါ'

ဟူဆက် ဆရာတော်က ပြုံးလျက်နှင့်ပင်...

'ရပါတယ်၊ ဘုန်းကြီးအတွက် ဘာမှ အပန်းမကြီးပါဘူး၊ တော်တော်ကြာ ဒကာမရဲ့ အဖေက ဘုန်းကြီးကို ညှော်ဝတ်မကျေဘူးလို့ ပြောနေပါဦးမယ်'

ကော့လင်းလင်းသည် မိမိအပေါ် ဟူဆက်ဆရာတော်က ယခုကဲ့သို့ ပျူပျူငှာငှာ ဆက်ဆံသည်ကို တွေ့ရသောအခါ ဟူဆက်ဆရာတော်အား အလွန်လေးစား ကြည်ညိုသွား၏။ ထို့ကြောင့် ဟူဆက်ဆရာတော်၏ 'လိုက်ပို့ပေးမည်'ဟူသော ဆန္ဒကိုလည်း လင်းလင်း မငြင်းပယ်တော့ချေ။



'ဒီလိုဆိုလဲ သွားကြပါစို့ဘုရား'

သို့ဖြင့် ကော့လင်းလင်းနှင့် ဟူဆက် ဆရာတော်တို့သည် တောင်အောက်ဆီသို့ ဦးတည်ကာ ဆင်းလာခဲ့ကြ၏။

အတန်ကြာ လျှောက်ဆင်းခဲ့ပြီးနောက် လမ်းချိုးကွေ့တစ်ခုသို့ အရောက်တွင် နောက်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်ကြရာ နောက်ပါးဘက် ခပ်လှမ်းလှမ်းမှ ထက်ကြပ်မကွာ လိုက်လာသော ကျန်းဆန်းဖုန်းကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရ၏။ ကျန်းဆန်းဖုန်းသည် အနီးကပ်မှု လိုက်မလာခဲ့ချေ။

လင်းလင်းက ကျန်းဆန်းဖုန်းအား ရှုန်းလက်စွာ ပြုံးကြည့်ရင်း မေးလေသည်။

'ကျန်းဆန်းဖုန်း၊ မင်းလဲငါ့ကို လိုက်ပို့မလို့လားဟင်'

ကျန်းဆန်းဖုန်း၏ ဝင်းပသော မျက်နှာတွင် ရှက်သွေးရောင် ဖြန်းပက်သွားရင်း 'ဟုတ်...ဟုတ်ကဲ့'ဟု ဖြေရှာသည်။

ထိုစဉ်ခိုက် ဘုန်းကြီးတစ်ပါး ပြေးလိုက်လာသည်ကို တွေ့လိုက်ကြပြန်၏။ ဟူဆက်ဆရာတော်က မျက်မှောင်ကုပ်ကြည့်ရင်း...

'ဘာဖြစ်လို့ ဒီလောက်တောင် ရေးကြီးခွင့်ကျယ် ပြေးလာရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုဘုန်းကြီးက ချက်ချင်းမဖြေ၊ ဟူဆက်ဆရာတော်အား အရှိအသေပြုပြီး အနီးအနား တိုးကပ်လာရင်း လေသံတိုးတိုးဖြင့် တီးတိုးလျှောက်ထားနေလေ၏။ ဟူဆက်ဆရာတော်သည် ဘုန်းကြီးလျှောက်ထားချက်အဆုံးတွင် လှစ်ခနဲ မျက်နှာတစ်ချက် ပျက်သွားပြီးနောက်…'ဒီလိုကိစ္စမျိုးလဲရှိသေးတာကိုး'ဟု တစ်ဦးတည်း ရေရွတ်လိုက်၏။

အပြေးအလွှား လာရောက် လျှောက်ထားသဖြင့် ဘုန်းကြီးကပင် ဆက်၍…

'ကျောင်းထိုင် ဆရာတော်ကြီးက ဆရာတော်ကို ဆွေးနွေးဖို့ ပင့်ခိုင်းလိုက်ပါတယ်'

ကော့လင်းလင်းသည် ဟူဆက်ဆရာတော်၏ စိတ်လှုပ်ရှားသွားပုံရသော သွင်ပြင်ကို အကဲခတ်ပြီးနောက် ဘုရားကျောင်းတွင် တစ်စုံတစ်ရာ အရေးပေါ်ပြဿနာ ရှိပြီဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် ကော့လင်းလင်းက…

'ဆရာတော်ဘုရား၊ တပည့်တော်မကို ဘာမှ အားမနာပါနဲ့ ဘုရား၊ အခု ဆရာတော်ကြီးရဲ့ကျောင်းမှာ ကိစ္စတစ်ရပ် ပေါ်နေတယ် မဟုတ်ပါလားဘုရား၊ ဆရာတော်ကြီး ပြန်ကြွတော်မူပါဘုရား၊ နောင်တစ်ချိန် သိုင်းလောကမှာ ပြန်ဆုံတဲ့ အခါကျတော့မှ ဆရာတော်ဘုရားနဲ့ စကားစုံလင်အောင် ပြောကြတာပေါ့'



ဟူဆက်ဆရာတော်က ပြုံးရွှင်သော အမူအရာဖြင့်…

'ဒကာမလေးဟာ တကယ်ကို သဘောထားကြီးတာပဲ၊ ဘုန်းကြီး ချီးကျူးပါတယ်'ဟု မိန့်ဆိုပြီးနောက် တောင်ပေါ်သို့ ပြန်လည်တက်သွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကော့လင်းလင်းမှ တောင်အောက်သို့ ဆက်၍ဆင်းလာ၏။ ကျန်းဆန်းဖုန်းလည်း လင်းလင်း၏နောက် ငါးလှမ်းကွာမှ လိုက်ပါလာလျက် ရှိ၏။

လင်းလင်းက နောက်ပြန်တစ်ချက်ကြည့်၍...

'ကျန်းဆန်းဖုန်း ငါမေးတာ အမှန်တိုင်းဖြေပါ၊ မင်းရဲ့ ဆရာကို သူတို့ ဘာကြောင့် နှိပ်စက်ရတာလဲ၊ အနိုင်ကျင့်ရတာလဲ၊ မင်းဆရာမှာ အတွင်းအား သိုင်းပညာ သိပ်အဆင့်မြင့်တာပဲ မဟုတ်လား၊ ဘာဖြစ်လို့ သူတို့ကို ကြောက်နေရတာလဲ' ဟု မေးသည်။

ကျန်းဆန်းဖုန်းက ရှေ့နှစ်လှမ်းတိုးလျက်...

'ကျွန်တော်တို့ ရှောင်လင်ဘုရားကျောင်းရဲ့ စည်းကမ်းက



သိပ်ကြီးတယ်ဗျ၊ ဘုရားကျောင်းထဲက ဘယ်ဘုန်းကြီးမဆို စည်းကမ်း ဖောက်ဖျက်ရင် ဒဏ်ခတ်ခံရတာပဲ၊ တမင်သက်သက် အနိုင်ကျင့်တာ၊ နှိပ်စက်ညှဉ်းပန်းတာ မဟုတ်ပါဘူး'

ကော့လင်းလင်း အံ့သြသွား၏။

'မင်းရဲ့ ဆရာတော်ဟာ အင်မတန် အေးအေးဆေးဆေး နေတတ်တဲ့ ပုဂ္ဂိုလ်ပါ၊ ဒီလိုပုဂ္ဂိုလ်မျိုးက ဘာအပြစ် ကျူးလွန်မှာလဲ၊ ကေန္တ အထင်လွဲခံရတာ ဖြစ်ပါလိမ့်မယ်'

ကျန်းဆန်းဖုန်းက သက်ပြင်းချရင်း ဦးခေါင်းကို ခါယမ်းပြ၏။ ထို့နောက်တွင်မှ ကျန်းဆန်းဖုန်းက ကော့လင်းလင်း သဘောပေါက်ရန် ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျန်းဆန်းဖုန်းသည် ခြောက်နှစ်အရွယ်ခန့်သာ ရှိသေး၏။ မိဘမဲ့ တစ်ကောင်ကြွက်လည်းဖြစ်ရာ ဘုန်းကြီးကြွယ်ရှင်က ခေါ်ယူ ကျွေးမွေးထားလိုက်၏။ ဘုန်းကြီးကြွယ်ရှင်သည် ကျန်းဆန်းဖုန်းအား ကိုရင်ဝတ်မပေးပေ၊ သာမန် လူအဖြစ်သာ ကျောင်းသင်ခန်းတွင် နေစေ၏။ ဘုန်းကြီးကြွယ်ရှင်သည် လွန်စွာ အေးချမ်း၏။ မည်သူနှင့်မျှလည်း စကားများခြင်း၊ ခိုက်ရန်ဖြစ်ခြင်း မရှိချေ။ သဘောသဘာဝလည်း လွန်စွာ ဖြူစင်၏။

ကြွယ်ရှင်သည် သိုင်းပညာလည်း လုံးဝ မတတ်မြောက်ချေ။ ယင်းကြောင့် ကြွယ်ရှင်အား ဘုရားကျောင်းပိုင် ကျမ်းဂန်စာပေများထားရာ ပိဋကတ်တိုက်တွင်သာ သန့်ရှင်းရေးတာဝန်



ယူစေရလသည်။ ကြွယ်ရှင်သည် စိတ်သဘောထား နူးညံ့ပျော့ပျောင်းသူပီပီ မည်သူက ဘယ်သို့ပင်ခိုင်းခိုင်း မငြိုမငြင် ကူညီလုပ်ကိုင်ပေးတတ်၏။

သို့ဖြင့် ဆရာတပည့်နှစ်ဦးသည် တစ်နေကုန် တစ်နေခန်း ရှေးခေတ်အဆက်ဆက်မှ ထိန်းသိမ်းထားခဲ့သော ဘုရား၏ ကျမ်းဂန် စာပေစာအုပ်များ အကြားတွင်သာ အချိန်ကုန်ရ သော၏။

ကြွယ်ရှင်သည် လွန်စွာ အေးချမ်းသူ ဖြစ်သကဲ့သို့ ဘုရားဟော ကျမ်းဂန်စာပေများကိုလည်း လွန်စွာ ကြည်ညို လေသက်၏။ ထို့ကြောင့် ကြွယ်ရှင်သည် သန့်ရှင်းရေးတာဝန်များ ပြီးစီးချိန်တွင် ကျမ်းဂန်စာပေများ ထားရှိရာ အခန်းတွင် ထိုင်၍ ကျမ်းစာအုပ်များကို စိတ်ကြိုက် တစ်အုပ်ပြီးတစ်အုပ် ရွေးချယ် ဖတ်နေလေတော့၏။

တစ်နေ့တွင် ကြွယ်ရှင်သည် လွန်စွာ ရှေးကျသော ကျမ်းစာအုပ်တစ်အုပ်ကို ထုတ်ယူ ဖတ်ကြည့်မိလိုက်၏။ ထို ကျမ်းစာအုပ်မှာ ရှိနှမ်းနေပြီဖြစ်ရာ ထောင်သောင်းမက အရေ အတွက်ရှိသော ကျမ်းဂန်စာအုပ်များ အကြားတွင် ထိုကျမ်းစာအုပ် ကို မည်သူမျှ သတိမထားမိကြချေ။ ကျမ်းဂန်၏ နှစ်သက်တမ်း သည်လည်း ခန့်မှန်း၍ပင် မရနိုင်လောက်အောင် ရှေးကျလှ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ရှင်သည် ယင်းကျမ်းစာအုပ်ကို လေ့လာဖတ်ရှုရင်း အလွန် ခက်ခဲနက်နဲသော သိုင်းကျမ်း စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိလိုက်ရ၏။ စာအုပ်၏ အညွှန်းတွင်လည်း ယင်းကျမ်းစာအုပ်ကို ရေးသားပြုစုသူမှာ ရှောင်လင်ဘုရားကျောင်းတော်တွင် သိုင်းပညာ မျိုးစေ့ ချပေးသော တားမားဘော်တီ ဆရာတော်ကြီးကိုယ်တိုင် ပြုစုခဲ့ကြောင်း ဖော်ညွှန်းထားလေသည်။

တကယ်မူ ကြွယ်ရှင်သည် သိုင်းပညာ မတတ်ပွန်လိုပေ။ လိုလားနှစ်သက်ခြင်းလည်း မရှိပေ။ သို့သော် တရားကိုတော့မူ လွန်စွာ ကျင့်ကြံအားထုတ်သည်။ ထို့ကြောင့် ကြွယ်ရှင်သည် ကျမ်းစာတွင် ရေးသားထားသော သိုင်းကျင့်စဉ်များကို အနည်းငယ်မျှသာ လေ့လာမှတ်သားပြီး တရားကိုသာ ကျင့်ကြံအားထုတ်နေလေသည်။

တပည့်ဖြစ်သူ ကျန်းဆန်းဖုန်းတို့လည်း မိမိ ကျင့်ကြံအားထုတ်သော တရားအားထုတ်နည်းကို သင်ပေးပြီး ကျင့်ကြံစေလေသည်။

တကယ်မူ မိမိတို့ ကျင့်ကြံအားထုတ်နေသော ကျမ်းစာပါ တရားအားထုတ်နည်းများမှာ အလွန်အဆင့်မြင့်ပြီး ခက်ခဲနက်နဲသော အတွင်းအား သိုင်းပညာကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း ဆရာရော တပည့်ပါ မသိကြချေ။



ထို့ကြောင့် ဆရာတပည့်နှစ်ဦး အချိန်နှင့်အမျှ ရက်ရှည် များ မဆုတ်မနစ် ကျင့်ကြံအားထုတ်လာသောအခါ အလွန်ပြည့်ဝသော အတွင်းအားများ စုစည်းရရှိလာလေ တော့သည်။

သို့ရှိစဉ် လွန်ခဲ့သော သုံးနှစ်ခန့်ကမူ ထိုတားမာဘော်တီ မ်းကို ရှောင်ရှမ်းဆိုသူနှင့် ရီခေါ်ဆိုသူ နှစ်ဦးက ဘုရားကျောင်း သို့ တိတ်တဆိတ်ဝင်၍ ခိုးယူသွား၏။ ထိုသို့ ခိုးယူခြင်း ရကြောင်းကို ကြွယ်ရှင်က ကျောင်းထိုင်ဆရာတော်အား သားစွာ လျှောက်ထား အကြောင်းကြားလိုက်၏။ ထို့ကြောင့် ကျောင်းထိုင်ဆရာတော်က ကြွယ်ရှင်တို့ ဆရာတပည့်နှစ်ဦးအား ခိုးသူနှစ်ယောက်နောက်သို့ လိုက်၍ ကျမ်းစာအုပ်ကို ပြန်တောင်း ယူရန် စေခိုင်းလိုက်၏။

ဆရာတပည့်နှစ်ဦးသည် ရှောင်ရှမ်းနှင့် ရီခေါ်တို့၏ သတင်းကို စုံစမ်းရင်း နောက်ဆုံးတွင် ငါးနှစ်တစ်ကြိမ် ဆိုင်းလောကလုံးဆိုင်ရာ ဓားရေးပြိုင်ပွဲကြီး ကျင်းပလေ့ရှိသော ဝါဆန်းတောင်ပေါ်သို့ ရှောင်ရှမ်းနှင့် ရီခေါ်တို့ လာရောက်ကြမည် ဖြစ်ကြောင်း သိရှိလိုက်ရ၏။

သို့ဖြင့် ဆရာတပည့်နှစ်ဦးသည် ဝါဆန်းတောင်ပေါ်သို့ သွားခဲ့ကြ၏။ တောင်ပေါ်သို့ရောက်သောအခါ ကောလင်းလင်း၏

www.burmeseclassic.com



ခေါင် ကော့ချင်းနှင့် မိခင်ဖြစ်သူ စစ်ရုံတို့ကို တွေ့ဆုံကာ ကျိုးကြောင်းစုံလင် ပြောပြလိုက်၏။

ကော့ချင်းနှင့် စစ်ရုံတို့မှာ ပြိုင်စံရှားသော ထိပ်သီး သိုင်းသမားများ ဖြစ်ကြ၏။ သို့သော် သူတို့ဇနီးမောင်နှံသည် ကြွယ်ရှင်ဘုန်းကြီးအား အကဲခတ်လိုက်မိသောအခါ လွန်စွာ အံ့သြသွားကြ၏။

အကြောင်းမူ ကြွယ်ရှင်သည် သိုင်းကွက်တစ်ကွက်မျှပင် တတ်ကျွမ်းခြင်း မရှိသော်လည်း အတွင်းအားကမူ သူတို့ထက်ပင် ပြည့်ဝနေကြောင်း သိလိုက်ရသောကြောင့်ပင် ဖြစ်၏။

ကော့ချင်းနှင့် စစ်ရုံတို့သည် ဝါရင့်သိုင်းပညာရှင်များ ဖြစ်ကြသူများဖြစ်၍ တစ်ဘက်လူ၏ လမ်းလျှောက်ဟန်၊ လှုပ်ရှားဟန်၊ မျက်လုံးအကြည့်အား စသည်တို့ကို တစ်ချက်မျှ ကြည့်လိုက်သည်နှင့် ထိုလူတွင် အတွင်းအား အဘယ်မျှရှိကြောင်း ခန့်မှန်းနိုင်သူများ ဖြစ်၏။

ကော့ချင်းနှင့် စစ်ရုံတို့သည် သမီးဖြစ်သူ ကော့လင်းလင်း အား ကြွယ်ရှင်၏ အတွင်းအား အကြောင်းကို ဖွင့်ဟပြောခဲ့၍ ကော့လင်းလင်း ထိုစဉ်ကပင် သိခွင့်ရခဲ့၏။

ကော့ချင်းနှင့် စစ်ရုံတို့သည် ကြွယ်ရှင်၏ ကျိုးကြောင်း ပြောပြချက်ကို နားထောင်ပြီးနောက် ချက်ချင်းပင် ရှောင်ရှမ်းနှင့် ရှီခေါ်တို့အား ဖမ်းချုပ်လိုက်၏။

ရှောင်ရှမ်းသည်လည်းကောင်း၊ ရှီခေါ်သည်လည်းကောင်း ထိပ်တန်းသိုင်းသမားများ ဖြစ်ကြသည်။ သို့သော် ကော့ချင်းနှင့် စစ်ရုံတို့ ဇနီးမောင်နှံနှင့်ယှဉ်သော် လက်ရည် ကွာသွားပြန်သည်။ ထို့ကြောင့် သူတို့အား အလွယ်တကူ အမိဖမ်းနိုင်ခြင်းပင် ဖြစ်၏။

ကြွယ်ရှင်သည် တားမာဘော်တိ ကျမ်းစာအုပ် အကြောင်းကို သူတို့အား မေးမြန်းသော် သူတို့က 'ဘူး'သာ ကွယ်နေကြ၏။ သူတို့နှစ်ဦး၏ တစ်ကိုယ်လုံးအနှံ့ ရှာပြန် သော်လည်း အစအနမျှပင် မတွေ့ဘဲ ပျောက်ခြင်းမလှ ပျောက်ခါနေလေ၏။

သို့နှင့် ကြွယ်ရှင်တို့ ဆရာတပည့်နှစ်ယောက်သည် နောက်ဆုံးတွင် စိတ်ပျက်လက်ပျက်ဖြင့် ရှောင်လင်ဘုရား ကျောင်းသို့ ပြန်လာခဲ့ကြရသည်။

ကျောင်းထိုင်ဆရာတော်သည် ကျမ်းစာအုပ် ပြန်မရ လာကြောင်း သိသည်နှင့် ကြွယ်ရှင်အား ကျောင်းတော်၏ စည်းကမ်းအတိုင်း အပြစ်ဒဏ်ခတ်လိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကော့လင်းလင်းသည် ကျန်းဆန်းဖုန်း ပြောပြသော ကြွယ်ရှင်၏ ဖြစ်ကြောင်းကုန်စင် အကြောင်းစုံကို စိတ်ဝင်စား နားထောင်ပြီးနောက် သက်ပြင်းချလျက်…

'ဒီအတွက်နဲ့ပဲ မင်းရဲ့ဆရာတော်ကို စကားပြောခွင့် ပိတ်ပင်၊ သံကြိုးနဲ့လဲ ချည်နှောင်၊ သံပုံးကြီး နှစ်ပုံးနဲ့ ရေအပြည့်ထည့်ပြီး ပခုံးပေါ်ထမ်းလို့ တောင်အောက်က တောင်ပေါ် ရေတွင်းထဲကို ရေဖြည့်ခိုင်းတာပဲလားဟင်'

ကျန်းဆန်းဖုန်းက ပြုံး၍…

'ဒါက ရှောင်လင်ဘုရားကျောင်းရဲ့ အပြစ်ဒဏ်ခတ်နည်း ပါပဲ၊ ဘုန်းတော်ကြီးတွေပြောတာ ကြားဖူးတယ်၊ ဒါ အပြစ်ဒဏ်ခတ်တယ်လို့ ဆိုပေမယ့် တကယ်မှာ အပြစ်ဒဏ်



ခတ်ခံရတဲ့ ပုဂ္ဂိုလ်အတွက် အများကြီး အကျိုးရှိတယ်တဲ့၊ လူတစ်ယောက်ဟာ စကားမပြောဘဲနေရင် စိတ်ငြိမ်တော့ တရားအားထုတ်လို့ ပိုပြီးကောင်းတယ်၊ နောက်ပြီး အင်မတန် လေးတဲ့ သံပုံးတွေနဲ့ ရေအပြည့် တောင်တက်တောင်ဆင်း လုပ်ရတဲ့အတွက် ခန္ဓာကိုယ် ပိုပြီး သန်မာလာတယ်၊ ခံနိုင်ရည် သိသိရှိလာတယ်'

ကော့လင်းလင်းက သဘောကျဟန် အပြုံးကလေး ဖြင့် …

'ဒီလိုဆိုရင် မင်းရဲ့ဆရာက အပြစ်ဒဏ် ခံနေရတာ မဟုတ်ဘဲ သိုင်းပညာ လေ့ကျင့်နေတာပေါ့ ဟုတ်စ၊ ဟင်း…ဟင်း… ငါက စပ်စုသလို ဖြစ်နေပါပြီ'

ကျန်းဆန်းဖုန်းက အလောတကြီးဖြင့်…

'ခင်ဗျား ကျွန်တော့်ဆရာအပေါ် စေတနာထားတာကို ကျွန်တော်နဲ့ ဆရာက အများကြီး ကျေးဇူးတင်ပါတယ်'

စကားတပြောပြောနှင့် ဆင်းလာခဲ့ကြရာ ကော့လင်းလင်း ကြွယ်ရှင်အား ပြန်တွေ့စက လက်စွဲတော် မြင်းကလေးအား ချည်နှောင်ခဲ့သည့် တောင်ကျွန်းအဆင်း လမ်းကလေးသို့ ရောက်လာခဲ့ကြ၏။ ကော့လင်းလင်းသည် ကျန်းဆန်းဖုန်းအား လှည့်ကြည့်လိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'ကျန်းဆန်းဖုန်း၊ မင်း ဒီနေရာကပဲ ပြန်တော့နော်၊ ငါ့ကို လိုက်မပို့ပါနဲ့တော့'

ကျန်းဆန်းဖုန်းက စောဒကမတက်ဘဲ ထိုနေရာတွင်ပင် ရပ်နေလိုက်သည်။ ထိုအခိုက် ကော့လင်းလင်းသည် ရုတ်တရက် တစ်စုံတစ်ခုအား သတိရလိုက်သဖြင့် အိတ်ထဲသို့ နှိုက်လိုက်၏။

ကော့လင်းလင်း၏ လက်ထဲတွင် ပါလာသော အရာမှာမူ အခြားတော့မဟုတ်။ သူမ၏ တစ်နှစ်မြောက် မွေးနေ့ပွဲတွင် ဟူဆက်ဆရာတော်က သူမအား မွေးနေ့လက်ဆောင် ပေးခဲ့သော လိုဟန့် သံမဏိရုပ်တု တစ်ခုပင် ဖြစ်ပါ၏။

ကျန်းဆန်းဖုန်းက ထိုရုပ်တုကို နားမလည်ဟန်ဖြင့် စိုက်ကြည့်နေစဉ် ကော့လင်းလင်းက သူ့လက်ထဲ ထည့်ပေးလိုက်၏။

ပထမသော် ကျန်းဆန်းဖုန်းသည် ထိုရုပ်တုကို မယူရဲဘဲ ကြောင်ငေး၍သာ ကြည့်နေ၏။

'ငါ မင်းကို လက်ဆောင်ပေးတာလေ၊ ရော့ ယူပါ'

ကျန်းဆန်းဖုန်း မယူဝံ့ယူဝံ့ဖြစ်နေစဉ် ကော့လင်းလင်းက လက်ထဲသို့ အတင်းထိုးထည့်ပေးခဲ့ပြီးနောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုနေရာမှ ထွက်ခဲ့၏။

'ယော့...ဒကာမလေး၊ ခဏလောက် နေပါဦး'



ထိုအခိုက်မှာပင် တောင်ကုန်းထက်မှ အော်ပြောလိုက်သော အသံတစ်သံကို ကော့လင်းလင်း ကြားရသဖြင့် မြင်းဇက်ကြိုးကို သတ်လျက် ရပ်နေလိုက်ရ၏။ အမှန်မူ ထိုအသံမှာ ဟူဆက်ဆရာတော်၏ အသံပင် ဖြစ်ပါ၏။

ကော့လင်းလင်းသည် ဆရာတော်တွင် တစ်စုံတစ်ခု ကိစ္စရှိ၍သာ မိမိအား တားမြင်းဖြစ်မည်ဟု သိရ၍ နေရာမှပင် စောင့်နေလိုက်၏။

ဟူဆက်ဆရာတော်လည်း ခဏချင်းပင် သူတို့အနားသို့ ရောက်လာ၏။ ဆရာတော်သည် ရောက်လျှင်ရောက်ချင်း ကျန်းဆန်းဖုန်းအား...

'ကဲ ကျန်းဆန်းဖုန်း ဘုရားထဲကိုသာ ပြန်ပေတော့၊ ဘယ်မှ လျှောက်မသွားနဲ့'ဟု မိန့်မှာ၏။'

ကျန်းဆန်းဖုန်းက ဟူဆက်ဆရာတော်အား အရိုအသေ ပေးလိုက်၏။ ထို့နောက် ကော့လင်းလင်းအား တစ်ချက်မျှ စိုက်ကြည့်ပြီးလျှင် တောင်ပေါ်သို့ တက်သွားတော့၏။

ထိုအခါကျမှပင် ဟူဆက်ဆရာတော်သည် ကော့လင်းလင်းအား စာရွက်တစ်ရွက် ထုတ်ပြရင်း...

'ဒကာမလေး ဒီစာ ဘယ်သူရေးတယ်ဆိုတာ သိသလား'

ကော့လင်းလင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟူဆက်ဆရာတော် ထုတ်ပြသောစာကို ယူ၍ ဖတ်ကြည့်လိုက်၏။ စာရွက်ပေါ်တွင်...

'ဆယ်ရက်အတွင်း ခွန်းလွန်းဘုရားသုံးဆူ ရှောင်လင်ဘုရားကျောင်းရဲ့ သိုင်းပညာကို လာလေ့လာဖလှယ်မယ်'

ကော့လင်းလင်းက သဘောမပေါက်ဟန်ဖြင့်...

'ခွန်းလွန်းဘုရားသုံးဆူဆိုတာ ဘယ်သူလဲ၊ ဒီ... သုံးယောက်က လေလုံး တယ်ထွားပါလား'

ဟူဆက်ဆရာတော်က အံ့အားသင့်စွာ...

'ဩော်...လက်စသတ်တော့ ဒကာမလေးက သူတို့ကို မသိဘဲကိုး'

ကော့လင်းလင်းက ဦးခေါင်းခါ၍...

'တပည့်တော်မက သူတို့နာမည်ကိုတောင် မကြားဖူးဘူး၊ ... မေမေ ပြောသံလဲ မကြားဖူးဘူး'

ဟူဆက်ဆရာတော်က ဆက်၍

'ဒကာမလေး ခန့်မှန်းကြည့်စမ်း၊ ဒီစာ ဘယ်နည်းဘယ်ပုံ ရောက်လာသလဲဆိုတာ'

ကော့လင်းလင်းက...

'ခွန်းလွန်းဘုရားသုံးဆူက လူလွှတ်ပြီး ပေးခိုင်းလိုက်တာဖြစ်မှာပေါ့'



'မဟုတ်ဘူး ဒကာမလေး၊ ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဘုရားကျောင်းကို ဒီလို သိုင်းပညာ ဖလှယ်တာတို့၊ စိန်ခေါ်တာတို့ဆိုတာ မကြာခဏ ကြုံတွေ့နေရတဲ့ ကိစ္စပါ၊ ဘုန်းကြီးတို့ကတော့ တတ်နိုင်သလောက် စိန်ခေါ်လာသူကို ငြင်းပယ်လို့ရရင် ငြင်းပယ်လိုက်တယ်၊ ဖျောင်းဖျလို့ရရင် ဖျောင်းဖျလိုက်ပါတယ်၊ ဘုန်းကြီးတို့က တရားဓမ္မကိုသာ ဟောကြားတဲ့ ပုဂ္ဂိုလ်တွေပါ၊ သူတစ်ထူးနဲ့ ခိုက်ရန်ဖြစ်ပွားနေလို့ ဘယ်တင့်တယ်ပါ့မလဲ'

ကော့လင်းလင်းက ကြားဖြတ်၍

'ဒါလဲ ဟုတ်သားပဲ'

'ဒါပေမယ့် တချို့သိုင်းသမား သိုင်းပညာရှင်တွေဟာ သူတို့ ရှောင်လင်ဘုရားကျောင်းကို ရောက်လာလို့ ရှောင်လင်ဘုရားကျောင်းက သူတို့ကို လက်စွမ်းမပြဘူးဆိုရင် သူတို့က မကျေနပ်ဘူး၊ မပြန်ကြဘူး၊ ဒါကြောင့်လဲ ဘုန်းကြီးအချဉ်းစီးနေတဲ့ လိုဟန့်ကျောင်းတိုက်ဟာ အဲဒီလို လူမျိုးတွေကို ဧည့်ခံဖို့အတွက် တည်ဆောက်လိုက်ရတာပဲပေါ့'

ကော့လင်းလင်းက ရယ်မောလျက်...

'လက်စသတ်တော့ ဆရာတော်ကြီးက သူများနဲ့ ရန်ဖြစ်ဖို့ သက်သက်တာဝန်ယူထားတာကိုး'

ဟူဆက်ဆရာတော်က မဲ့ပြုံးပြုံးကာ...

www.burmeseclassic.com

www.burmeseclassic.com



'အို . . . ပြောရင်းဆိုရင်း ဘုန်းကြီးရဲ့စကားက ဦးတည် ချက် ပြောင်းသွားပြီ၊ ဒီစာရွက်အကြောင်း ပြန်ကောက်ရအောင် အခုဒီစာရွက်ကို လိုဟန့် ကျောင်းတိုက်ထဲက နဂါးနိုင်လို ဟန့်ဆင်းတုရုပ်ရဲ့ လက်ထဲကနေ ရလာတာကွယ့်'

ကော့လင်းလင်းက အံ့သြသံဖြင့်

'ဘယ်သူက ဆင်းတုတော်ရဲ့ လက်ထဲကို ထည့်လိုက်တာ လဲဘုရား'

'ဒီ နဂါးနိုင်လိုဟန့်ဘုရားရုပ်တုကြီးက ပေသုံးဆယ် လောက်မြင့်တာကွယ့်၊ ဒီရုပ်တုရဲ့ လက်ထဲကို စာရွက်တင်ဖို့ဆိုတာ မလွယ်ဘူး၊ ဘုရားရုပ်တုရဲ့ ကိုယ်တော်ကို ဆေးကြောသန့်စင် ဖို့ အတွက်တောင် လှေကားကြီးတွေ ထောင်ပြီးတက်ရတာ အခုလဲ သန့်ရှင်းရေးလုပ်ဖို့ လှေကားထောင်ပြီး တက်လိုက်တော့ ဒီစာရွက်ကို တွေ့ရတာပဲ၊ ဒါကိုကြည့်ခြင်းဖြင့် ဒီလူရဲ့ သိုင်းပညာ ဟာ ပေါ့သေးသေးမဟုတ်ဘူးဆိုတာ ခန့်မှန်းလို့ရတယ် ဒကာမ လေး၊ ဒါကြောင့် ဒီလူဟာ သိုင်းလောကမှာနာမည်မရှိတဲ့ သိုင်းသမားမဟုတ်နိုင်ဘူးဆိုတာကိုလဲ ဘုန်းကြီးခန့်မှန်းလို့ရတယ် ဒကာမလေး၊ ဒါကြောင့် ဒကာမလေးများ ဒီလူကို သိမလားလို့ မေးကြည့်တာပါ'

ကော့လင်းလင်းက ဆရာတော်၏ ဆိုလိုရင်းကို သဘော



သွား၏။ ထို့ကြောင့် . . .

'ဆရာတော်ကြီးက ဒီ ခွန်လွန်းဘုရားသုံးဆူဟာ တပည့် မနဲ့ ပတ်သက်နေတယ်လို့များ ထင်နေသလား ဘုရား'

ဟူဆက်ဆရာတော်က ပြုံးလျက်

'ဒီစာကို တွေ့တဲ့အချိန်နဲ့ ဒကာမလေး ရောက်လာချိန် တိုက်ဆိုင်ကြုံကြိုက်နေတော့ ကျောင်းထိုင်ဆရာတော်က နည်းပါးပါးမယုံသင်္ကာ ဖြစ်သွားခဲ့တာပါ'

ကော့လင်းလင်းက မျက်နှာထားကို ကြုတ်လျက် . . .

'တပည့်တော်မ ဒီလူသုံးယောက်ကို မသိတာတော့ ပါဘုရား၊ ဒီနာမည်ကိုတောင် ခု ဆရာတော်ပြောပြမှ ဖူးတာပါဘုရား၊ ဆရာတော်ကြီးကကော သူတို့ကို ကြောက်နေဖို့လိုသလဲ၊ ဆယ်ရက်အတွင်း သူတို့လာရဲ့ရင် ကြပစေပေါ့၊ အဲဒီတော့မှ ကျောင်းမှန်းကန်မှန်း သိအောင် ်းပြ လိုက်ပေါ့ ဘုရား'

ဟူဆက်ဆရာတော်က မဲ့ပြုံး ပြုံးလျက် . . .

'ကြောက်တာတော့ တစ်စက်ကလေးမှ မကြောက်ပါဘူး၊ တို့က ဒကာမလေးနဲ့ ဘာမှ မပတ်သက်ဘူးဆို တော့လဲ ကြီး ပိုပြီး စိတ်ချသွားရတာပေါ့လေ'

ကော့လင်းလင်းသည် ဟူဆက်ဆရာတော်၏ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာနားလည်လိုက်၏။ အကယ် တန္တုခွန်းလွန် ဘုရားသုံးဆူဟူသည် ကော့လင်းလင်းနှင့် တစ်စုံတစ်ရာ ပတ်သက်နေလျှင် တကယ်တမ်း သိုင်းပညာအစွမ်းပြ တိုက်ထုတ်ရသောအခါ အားတုံ့အားနာ ဖြစ်နေရပေမည် မဟုတ်ပါလား။ ယခုမူ ကော့လင်းလင်းနှင့် မည်သို့မျှ မပတ်သက်ကြောင်းသိသော ဟူဆက်ဆရာတော်သည် စိတ်ချသွားရပြီ ဖြစ်ပါ၏။

ကော့လင်းလင်းက ဆိုပြန်၏။

'ဆရာတော်ကြီး သူတို့ကသာ သိုင်းပညာ ဖလှယ်ချင်ရင်တော့ အရေးမကြီးဘူးပေါ့လေ။ တကယ်လို့ သူတို့က အထက်စီးကနေလာပြီး ဝင့်ကြွားချင်လာရင်တော့ ကျကျနန ဆုံးမလွှတ်လိုက်ပေါ့။ ဒီစာရွက်ထဲမှာ ရေးထားတဲ့ လေသံကိုကြည့်ရင် အတော်ကို ဝင့်ကြွားမယ့်ပုံပဲဘုရား'

ကော့လင်းလင်းက ရှောင်လင်ဘုရားကျောင်းတော်ဘက်မှနေ၍ ပြောနေသည်ကို တွေ့သော် ဟူဆက်ဆရာတော်က...

'ရှောင်လင် ဘုရားကျောင်းကို တည်ဆောက်ခဲ့တာ နှစ်ပေါင်း တစ်ထောင်ကျော်သွားပါပြီ၊ ဘယ်သူကမှ ရှောင်လင်ဘုရားကျောင်းကို အံတုလို့ မရသေးပါဘူး၊ ခွန်းလွန်ဘုရားသုံးဆူက ငါတို့ ရှောင်လင်ဘုရားကျောင်းနဲ့ ယှဉ်ပြိုင်ချင်တော့လဲ ငါတို့က သူ့စိတ်ဆန္ဒ အတိုင်း လိုက်လျောရတော့မှာပေါ့



ဒီမှာ ဒကာမလေး နောက်လဝက် လောက်ဆို သိုင်းလောကမှာ အပြေပေါ်မှာပါ၊ သတင်းသာ နားထောင်နေပေတော့၊ သူတို့ ငါတို့ ရှောင်လင် ဘုရားကျောင်းကို အံတုနိုင်သလားဆိုတာလေ'

ကော့လင်းလင်းက အားမာန်တက်ကြွစွာ ပြောသော ဟူဆက်ဆရာတော်၏ စကားကို နားထောင်ပြီးနောက်...

'ကောင်းပါပြီ ဘုရား၊ တပည့်တော်မ သတင်းကောင်းကို နားထောင်နေပါ့မယ်'ဟု ပြောပြီးလျှင် မြင်းပေါ်သို့ ပြန်တက်၍ တောင်အောက်သို့ ဆင်းလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းသည် ခရီးနှင်ရင်း စိတ်ထဲမှလည်း စဉ်းစားလာ၏။

'ဒီလိုပြိုင်ပွဲမျိုးက လက်လွှတ်လို့ မဖြစ်ဘူး၊ တစ်နည်းနည်းနဲ့ ကြည့်ဖြစ်အောင် ကြိုးစားမှပဲ၊ ဒါပေမယ့် ခွန်းလွန်ဘုရားသုံးဆူ အမည်ခံထားတဲ့ လူတွေက တကယ့်သိုင်းပညာတော်ချင်မှ တော်မှာ၊ တကယ်လို့သာ သိုင်းပညာမှာ ဖေဖေ၊ မေမေ၊ ဘိုးဘိုးတို့ရဲ့ ပညာတစ်ဝက်နီးနီးလောက် ဒီလူတွေတတ်ရင် ဒီပြိုင်ပွဲကတော့ ဟင်း… တကယ့်ကို ပွဲကြီးပွဲကောင်းပဲဟေ့'

လင်းလင်းသည် ထိုပြိုင်ပွဲကို လွန်စွာစိတ်ဝင်စားခြင်းရှိသော်လည်း အခွင့်အလမ်းမှုမသာပါချေ။ ကြည့်ခွင့် ကြည့်လမ်းစဉ်းစား၍ မပေါ်လာအောင် ဖြစ်နေသည်။



ထို့ကြောင့် စိတ်ပျက်ပျက်ရှိလာသည်နှင့် လမ်းမှ ဖယ်ကြဉ်ကာ တောအုပ်ထဲသို့ မြင်းကို ဒုန်းစိုင်းစီးပြီး အရိပ်ကောင်းရာ သစ်ပင်တစ်ပင်အရိပ်တွင် ထိုင်၍ အနားယူနေလိုက်၏။

ထိုစဉ် ရုတ်တရက် ခပ်လှမ်းလှမ်းတောအုပ်ထဲမှ ထွန်းစွာသာယာသော ကြိုးတပ် တူရိယာ တစ်မျိုး၏ တီးခတ်သံကြားလိုက်ရ၏။ လင်းလင်းသည် ထိုင်နေရာမှ ထပြီး မြင်းကိုချည်ထားလိုက်၏။ ထို့နောက် အသံကြားရာ ခပ်လှမ်းလှမ်းတောအုပ်အတွင်းသို့ လျှောက်ဝင်သွားပါသည်။

တောအစပ် သစ်ပင်များအကြားမှ လှမ်းကြည့်လိုက်သော် အင်္ကျီအဖြူ ဝတ်ထားသော ယောကျ်ားတစ်ယောက်သည် သူ့မအားကျောခိုင်းလှ၍က် ထိုင်နေသည်ကို တွေ့ရပြီး ပေါင်ပေါ်တွင် ကြိုးတပ်တူရိယာ တစ်မျိုးကို တင်ကာ အေးချမ်းစွာ တီးခတ်လျက်ရှိသည်ကို တွေ့လိုက်ရ၏။ လင်းလင်းအား အံ့ဩမကုန်ဖြစ်စေသော မြင်ကွင်းကမူ ကျေးငှက်သာရကာများတို့သည် ထိုသူ၏နံဘေးပတ်လည်တွင် ဝိုင်းနေကြပြီး တေးသံစဉ်ကို လိုက်၍ မြူးထူးပျော်ပါးစွာ က,ခုန်နေသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်သည်။

'အင်း ဒီလူ့ရဲ့ တူရိယာပညာ့က တယ်မြင့်မားပါလား၊ မေမေပြောပြဖူးတဲ့ မာဂဓတေးသံ အဆင့်တောင် ရောက်နေပြီကိုး'

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဤ'မာဂဓတေးသံ'ဟူသော တေးပညာမှာ ထိုတေးသံကို တီးခတ်လိုက်သည်နှင့် ငှက်မျိုးစုံတို့သည် သူတို့နှင့်စကားပြောသည့်အလား တီးခတ်သူနားသို့ ပျံဝဲနားခိုလာပြီး တေးသံစဉ်အတိုင်းပြန်၍ သီဆို တွန်မြည်ကြသည်ကို ဆိုလိုခြင်းဖြစ်၏။

ဤပညာမှာ တေးဂီတတူရိယာပညာတွင် လွန်စွာအဆင့်မြင့်သော ပညာရပ်တစ်ခု သတ်မှတ်ထားကြသည်။

လင်းလင်းသည် တူရိယာ တီးခတ်သံများကို နားထောင်ရင်း ငေးမောသွားမိ၏။ တေးသံစဉ်မှာလည်း တဖြည်းဖြည်းနှင့် ကြေကွဲလွမ်းမောဖွယ်သံစဉ်များ၊ အထီးကျန် အဖော်မဲ့ဆန်သော ဝမ်းနည်းဖွယ်ခံစားချက်သံစဉ်များအဖြစ် ကူးပြောင်းလာ၏။

လင်းလင်းသည် ငိုင်ငေးစွာ နားထောင်နေရာမှ မျက်ရည်များ စီးသွယ်ကျလာရှာသည်။ လင်းလင်းသည် ငယ်ချစ်ကျွမ်းကို လွမ်းလာမိ၏။ တမ်းတ မြင်ယောင်လာမိပြန်၏။

သို့ရှိစဉ် ထိုလူက တူရိယာ တီးခတ်ခြင်းကို ရပ်လိုက်၏။ ပြီးလျှင်အိတ်ထဲမှ ကျားဗန်းတစ်ခုကို ထုတ်ပြီးတစ်ယောက်တည်း ကျားရွှေ့နေတော့၏။ သို့တစ်ယောက်တည်း ကျားရွှေ့စဉ် တစ်ဘက်က အရေးနိမ့်လာသဖြင့် ထိုလူက မျက်မှောင်ကုပ်၍ အကွက်ရွှေ့ရန် စဉ်းစားနေလိုက်၏။



ကော့လင်းလင်းသည် သစ်ပင်များအကြားမှ ကွယ်၍ ောင်းမြောင်းကြည့်နေရာမှ လွန်စွာ စိတ်ဝင်စားလာသဖြင့် ်မှ လွတ်ခနဲ အသံထွက်သွားမိ၏။

'ဘာဖြစ်လို့ ဟိုအမည်းကို အေးတစ်ကွက် မရွှေ့လိုက်တာလဲ'

အမှန်မှူ ထိုလူသည် လင်းလင်းထက်ကျားရွှေ့ရာတွင် ာ်လွန်းသူဖြစ်၏။ သို့သော် နံဘေးမှ ချောင်းမြောင်းကြည့်သော လင်းလင်းက သူထင်ရာ ပြောလိုက်သော အကွက်သည် ျော်လင့်ဘဲ အကွက်မှန်ဖြစ်သွားခဲ့၏။ ထိုလူက လင်းလင်း ြောသည့်အတိုင်း အေးတစ်ကွက်ကို ရွှေ့လိုက်ရာ မကြာခင်မှာပင် ခြအနေ ပြောင်းသွားပြီးအမည်းလုံးဘက်မှ အဖြူလုံးကို ိုင်ရသွားလေတော့၏။

ထိုလူက ဝမ်းသာအားရဖြင့် ...

'တယ်ကောင်းတဲ့ အကွက်ပါလား'

ထိုသူက သူ့နောက်တွင် လူရှိသည်ကို သတိရလိုက်၏။ ကြောင့် လျင်မြန်စွာ နောက်ဘက်သို့ လှည့်၍ ...

'ဘယ်က ဆရာကြီးလဲ ကျေးဇူးပြုပြီး ထွက်ခဲ့ပါလား' ဟု ်ပြောလိုက်၏။

ထိုလူ၏ အသံက ဩဇာရှိလှသည်။ အသံက်မှာမူ

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်ကျော်ခန့်သာ ရှိဦးမည်ဖြစ်ပြီး မျက်နှာသွင်ပြင်
ပိန်ပိန်လျှလျှပင် ဖြစ်ပါ၏။

လင်းလင်းက ပွင့်လင်းသူဖြစ်ရာ ချက်ချင်း သစ်ပင်ကြား
ထွက်ခဲ့၏။ ပြီး ပြုံးလျက်...

'စောစောတုန်းက ရှင် ကျားထိုးနေတာကို ကျွန်
နောက်ယှက် မိထား တောင်းပန်ပါတယ်၊ ကျွန်မက ရှင်
'မာဂဓတေးသံ'လက်ရာကို ကြားလိုက်ရလို့ စိတ်မထိန်းနိုင်
ပြီး ဒီဘက်ကို ရောက်လာတာပါ'

ထိုလူက သူ့တူရိယာသံကို လင်းလင်း သဘောပေါ
နားလည်ကြောင်းသိရသဖြင့် လွန်စွာသဘောကျသွား၏။

'ခင်ဗျားက တူရိယာပညာနဲ့ပတ်သက်လို့ အတော်
ကျွမ်းတာပဲ၊ ကျုပ်ကို တစ်ပုဒ်လောက်တီးပြပါလားဗျာ'

လင်းလင်းက ယျှင်မြန်စွာ လက်ကာပြပြီး...

'ကျွန်မ မေမေ့ကတော့ ဒီလို တူရိယာတီးခတ်တာ သ
တော်ပါတယ်၊ ကျွန်မကိုလဲသင်ပေးပါတယ်၊ ဒါပေမယ့် ကျွန်
က အပျင်းကြီးတော့ ဘာမှ မည်မည်ရရ မတတ်ဘူးရှင်'

ထိုလူက လင်းလင်း၏ ကလေးဆန်သော ပွင့်လင်းရိုးသ
သော စကားကို ကြားသော် ရယ်မောနေလိုက်၏။ ထိုလူသ
လင်းလင်း၏ ရင်းနှီး ပွင့်လင်းသော စိတ်သဘောထား



နှစ်စွာ သဘောကျသွားခြင်းပင်ဖြစ်သည်။

လင်းလင်းသည် ထိုသူကို နှုတ်ဆက်ပြီးနောက် ထိုနေရာမှ
ထွက်လာခဲ့ပြန်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



# တစ်ကိုယ် နှစ်စိတ်

ဘာလိုလိုနှင့် လင်းလင်းသည် ရှောင်လင်ဘုရားကျောင်း ရောက်သောနေ့မှာ ယခုဆိုလျှင် ဆယ်ရက်မြောက်သွားပြီ ဖြစ်ပါ၏။ ယနေ့သည် ခွန်းလွန် ဘုရားသုံးဆူနှင့် ရှောင်လင် ဘုရားကျောင်း ယှဉ်ပြိုင်ရမည့်နေ့ ပင်ဖြစ်၏။

သို့သော် လင်းလင်းသည် ရှောင်လင် ဘုရားကျောင်းထဲသို့ ဘယ်နည်းဘယ်ပုံ ဝင်ရမည်ကို ယခုတိုင် စဉ်းစား၍ မရအောင် ဖြစ်နေ၏။ လင်းလင်းသည်လက်စွဲတော် မြင်းလေးကို စီးရင်း ရှောင်လင်ဘုရားကျောင်းဘက်သို့ ပြန်လည် ဦးတည်ကာ တောင် ဆေါလမ်းအတိုင်း ပြန်တက်လာပြန်၏။

ဘုရားကျောင်းနှင့် ဆယ်မိုင်ခန့်အကွာသို့ ရောက်သော်

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူ့နောက်ဘက်ဆီမှ မြင်းခွာသံများ ကြားလိုက်ရလေ၏။ လင်းလင်း ဖျတ်ခနဲလှည့်ကြည့်သောအခါ လူသုံးယောက် မြင်းသုံးကောင်ကို ဒုန်းစိုင်းစီးလာသည်ကို တွေ့လိုက်ရ၏။

မြင်းများ၏ ခြေလှမ်းများမှာ လျှင်မြန်သွက်လက်လှပြီး ချက်ချင်းဆိုသလိုပင် လင်းလင်းအား ဖြတ်ကျော်ကာ ရှောင်လင်ဘုရားကျောင်းဆီသို့ ဦးတည်သွားလေ၏။

မြင်းပေါ်မှ လူသုံးယောက်စလုံးမှာ အသက်ငါးဆယ်ခန့်ရှိပြီး မြင်းကုန်းနှီးနံဘေးတွင် ချိတ်ထားသော အိတ်ထဲတွင် လက်နက်ကိုယ်စီပါရှိ၏။

လင်းလင်းသည် ထိုလူသုံးယောက်ကိုကြည့်ရင်း စိတ်လှုပ်ရှားသွားမိ၏။

'အင်း ဒီလူသုံးယောက်က အားလုံးသိုင်းတတ်ပြီး လက်နက်ကိုယ်စီနဲ့ ရှောင်လင်ဘုရားကျောင်းဘက်ကို ဦးတည် သွားတယ်ဆိုတော့ ကျေနွ ဟိုခွန်းလွန် ဘုရားသုံးဆူ ဆိုသူတွေပဲဖြစ်မယ်၊ ငါသာနောက်ကျသွားရင် တကယ့်ပွဲကြီးပွဲကောင်းကို ကြည့်လိုက်ရမှာ မဟုတ်ဘူး'

လင်းလင်းသည် အတွေးအဆုံးတွင် ချက်ချင်းပင် ထိုလူသုံးယောက်ထွက်ခွာသွားရာနောက်သို့ လိုက်သွား၏။ သို့သော် ထိုလူသုံးယောက် စီးသွားသော မြင်းများမှာ မြေပြန့်မှ မြင်းများမဟုတ်။ ဇက်မွေးများ၊ ခြေမွေးများ ရှည်လျားစွာ ပေါက်နေသော လွန်စွာ အပြေးသန်သည့် မြင်းများဖြစ်ရာ လင်းလင်းသည် ထိုသူသုံးယောက်နောက်သို့ လိုက်ရင်းမှ မျက်ခြည်ပြတ်သွားလေတော့သည်။



လင်းလင်းသည် သူ့မြင်းကို နှစ်မိုင်ခန့်အထိ ဒုန်းစိုင်းစီးလာပြီးနောက် ရုတ်တရက် ရှေ့ခပ်လှမ်းလှမ်းတွင် ဇရပ်တစ်ခုကို တွေ့လိုက်ရ၏။ ထိုသူများနောက်သို့ ဆက်၍ လိုက်နေလျှင်လည်း မမီတော့မှန်းသိသဖြင့် ထိုဇရပ်တွင် ခေတ္တနားနေလိုက်တော့၏။

သို့သော် မကြာမီအချိန်တွင် တောင်ပေါ်ဘက်ဆီမှ မြင်းခွာသံများကြားရပြီး စောစောက လူသုံးယောက် ပြန်ဆင်းလာသည်ကို တွေ့လိုက်ရ၏။ လင်းလင်းက အံ့သြလျက်...

'ဟယ်...ဘယ့်နှယ်လုပ် ဒီလူသုံးယောက်က ဒီလောက်မြန်မြန် ပြန်ဆင်းလာရတာလဲ၊ ဒီလူသုံးယောက်က တကယ့်ကို ညံ့လို့ ချက်ချင်းပြန်ဆင်းလာရတာလား'

ထိုမြင်းသုံးစီး လူသုံးယောက်သည် လင်းလင်းနားနေရာ ဇရပ်ရှေ့သို့ ရောက်သည်နှင့် မြင်းပေါ်မှ ဆင်းလိုက်ပြီး ဇရပ်ထဲသို့ ဝင်ကာအနား ယူနေလိုက်၏။

လင်းလင်းက ထိုလူသုံးယောက်အား အနီးကပ်၍ သေချာ

www.burmeseclassic.com

www.burmeseclassic.com



ဗွာအကဲခတ် ကြည့်ခွင့်ရလိုက်၏။ ပထမတစ်ယောက်မှာ အရပ်ပုပု၊ မျက်နှာနီရဲပြီး တစ်ချိန်လုံး ပြုံးရယ်နေ၏။ လွန်စွာသဘောကောင်းမည့်ပုံပင်။ နောက်တစ်ဦးမှာ ဝါးလုံးကဲ့သို့ သေးသွယ်သော ကိုယ်လုံးရှိပြီး မျက်နှာကမူ တစ်ချိန်လုံးလိုလိုပင် တင်းမာထား၏။သူ၏ ဖြူသောအသားတွင် အစိမ်းရောင်အရိပ်ငွေ့ ပျံ့ထွက်နေသကဲ့ပင်။ ထိုလူကို ကြည့်ရသည်မှာပင် တစ်နေ့စ်တာပတ်လုံး နေရောင်နှင့် ထိတွေ့ရဟန် မတူချေ။ နောက်ဆုံးတစ်ဦးကမူ မျက်နှာသွင်ပြင်ထူးခြားမှုမရှိ။ သို့သော် မျက်နှာပြင်အရောင်မှာ ဝါထိန်လျက် ရောဂါသည်နှင့် တူနေလေသည်။

လင်းလင်းသည် ထိုလူသုံးယောက်အား အကဲခတ်ပြီးနောက် စောစောက ရှောင်လင်ဘုရားကျောင်းမှ ဆောလျှင်စွာပြန်ဆင်းလာသော အဖြစ်ကို အံ့ဩမိရင်း မေးလိုက်သည်။

'ဆရာကြီးတို့ သုံးဦးက ရှောင်လင်ဘုရားကျောင်းကိုရောက်ခဲ့တာလား။ ဘာဖြစ်လို့ စောစောဝင်သွားပြီး ချက်ချင်းပြန်ဆင်းလာရတာလဲ'

စိမ်းပြာပြာ မျက်နှာရှင်က လင်းလင်းအား မျက်စောင်းတစ်ချက်ခဲကြည့်လိုက်၏။ လင်းလင်းမေးမြန်းသည်ကို သဘောမကျဟန်ပင် ဖြစ်ပါ၏။ သို့သော် မျက်နှာနီမြန်းနေသောသူကပြုံးလျက်...



'ကလေးမက ဘယ့်နှယ်လုပ် ကျုပ်တို့ ရှောင်လင်ဘုရားကျောင်းသွားတယ်ဆိုတာ သိတာလဲ'

'ဒီကနေ တက်သွားရင် ရှောင်လင်ဘုရားကျောင်းကိုပဲရောက်မှာပေါ့၊ ရှောင်လင် ဘုရားကျောင်းကိုမသွားလို့ ဘယ်သွားရမှာလဲ'

ထိုသူက ခေါင်းညိတ်လျက်...

'အေး မိန်းကလေးပြောတာ မှန်တယ်၊ မိန်းကလေးကကော ဘယ်သွားမလို့လဲ'

'ကျွန်မလဲ ရှောင်လင်ဘုရားကျောင်းကို သွားမလို့ပဲပေါ့'

ထိုစဉ် မျက်နှာစိမ်းပြာရောင်နှင့်လူက ရုတ်တရက်ဝင်၍...

'ရှောင်လင် ဘုရားကျောင်းထဲကို မိန်းမ မပေးဝင်ဘူး၊ အပြင်လူတွေလဲ လက်နက်နဲ့ မလာရဘူး'

ထိုသူ့လေသံက မောက်မာလှပြီး စကားပြောစဉ် လင်းလင်းကိုမကြည့်ဘဲ အပေါ်သို့သာ ခေါင်းမော့ပြီးပြောနေ၏။ လင်းလင်း၏ရင်ထဲတွင် ဗလောင်ဆူသွား၏။

'ဒီမယ် ရှင်တို့ ကျတော့ကော ဘာဖြစ်လို့ လက်နက်ဆောင်လာရတာလဲ'

မျက်နှာစိမ်းပြာနှင့် လူကပင် အသံမာမာဖြင့်

'မင်းက တို့နဲ့လာပြီး နှိုင်းလို့ရမလား'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက မဲ့ပြုံးပြုံး၍

'ရှင်တို့ သုံးယောက်က ဘာမို့လို့ ဒီလောက်တောင် ဝင့်ကြွားနေရတာလဲ၊ ခွန်းလွန်ဘုရားသုံးဆူက ရှောင်လင်ဘုရားကျောင်းကဘုန်းကြီးတွေနဲ့ ယှဉ်ပြိုင်ခဲ့ပြီးပြီမဟုတ်လား၊ အခုဘယ်သူနိုင်တယ် ဘယ်သူရှုံးတယ်ဆိုတာ အဖြေမသိရသေးဘဲနဲ့'

ထိုလူသုံးယောက်သည် မမျှော်လင့်ဘဲ လင်းလင်း၏နှုတ်မှ ခွန်းလွန်းဘုရားသုံးဆူဟူသော အမည်ကို ပြောသံကြားသော် ချက်ချင်းမျက်နှာပျက်သွားကြ၏။ မျက်နှာနီနှင့်လူက

'မိန်းကလေးက ဘယ့်နှယ်လုပ် ဘုရားသုံးဆူရဲ့ ကိစ္စကို သိရတာလဲ'

ကောလင်းလင်းက ဘုဆတ်ဆတ်အသံဖြင့် …

'ဘာဖြစ်လို့ မသိရမှာလဲ'

မျက်နှာစိမ်းပြာရောင်ရှိသူသည် ရှေ့တစ်လှမ်းတိုးလာရင်း အော်မေးသည်။

'ဟဲ့ … ကလေးမ မင်းရဲ့နာမည်က ဘာလဲ၊ ဘယ်သူ့တပည့်လဲ၊ ဘာကိစ္စ ဒီရှောင်လင်ဘုရားကျောင်းကို လာရတာလဲ'

လင်းလင်းက ရင်ကိုကော့ ခေါင်းကိုမော့၍ …

'ရှင်နဲ့ ဘာဆိုင်လို့ မေးနေရတာလဲ'

စိမ်းပြာရောင် မျက်နှာရှင် ဒေါသူပုန်ထသွားသည်။



…က်ချင်း လက်တစ်ချက်လှုပ်ရှားလိုက်ပြီး လင်းလင်း၏ ခါးတွင် …ိတ်ထားလိုက်သော ဓားကို ဆွဲယူလိုက်သည်။ ထိုသူ၏ …ှုပ်ရှားမှုမှာ လွန်စွာလျင်မြန်လှပေရာ လှရိပ်တစ်ခု လှုပ်ရှား …ိုက်သည်ကိုသာ လင်းလင်းမြင်လိုက်ရပြီး ဓားမှာ ထိုလူ့ …က်ထဲ ပါသွားလေ၏။ လင်းလင်းတစ်သက်တွင် တစ်ချက် …ည်းနှင့် ဓားလုခံရခြင်းမှာ ဤတစ်ကြိမ် ပထမဆုံးသော …ကြိမ်ပင်ဖြစ်၏။

လင်းလင်းသည် ပညာပိုင်းဆိုင်ရာတွင် ဤသူတွေနှင့် …ှဉ်နိုင်မှန်းသိသော်လည်း အခဲမှု မကျေနိုင်။ ထိုလူက …ာ်၍ …

'ကဲ ပြောစမ်း၊ မင်းဘယ်နှယ်လုပ် ခွန်းလွန်ဘုရားသုံးဆူ…ကြောင်းကိုသိရတာလဲ၊ ဖြေစမ်း မြန်မြန်'

လင်းလင်းက ချက်ချင်းမဖြေ။ စိတ်ထဲမှာလည်း ဒင်း…ို ချောက်တိုင်း ငါက ကြောက်ရမှာတဲ့လား၊ အမှန်ဆို …ခွန်းကို ငါဖြေလို့ ရသားပဲ၊ ဒင်းက ငါ့ကို ဒီလိုအော်ငေါက် …ာ ငါက မဖြေလေဘဲ'

သို့ဖြင့် လင်းလင်းသည် ထိုသူအား ပြန်လည်စိုက်ကြည့် …်ပြီး

'ရှင်လို ရမ်းကားတဲ့ လူမျိုးကို ကျွန်မတစ်သက်မမြင်

www.burmeseclassic.com



ဖူးဘူး ၊ ကျွန်မရဲ့ ဓားကို ခိုးယူရုံမကဘူး၊ ကျွန်မကိုလည်း အော်လား၊ ငေါက်လား လုပ်သေးတယ်၊ နေပါဦး ရှင်က ဘယ်ဂိုဏ်းက ဆင်းလာတဲ့ နတ်ဆိုး ဘီလူးကြီးလဲ'

လင်းလင်းအပြောကြောင့် မျက်နှာစိမ်းပြာရောင်နှင့်လူသည် လည်ချောင်းမှ တကုက အသံမြည်လာ၏။ ထိုအသံမှာ တိရစ္ဆာန်သိုးတစ်ကောင် လည်ချောင်းနင်သောအသံမျိုးပင်ဖြစ်၏။ ထိုအချိန်တွင် ထိုလူ၏ ရင်ဘတ်ကလည်း တစ်ဆခန့်ဖောင်းကား၍ တက်လာ၏။ ဆံပင်လည်း အလိုလိုထောင်လာသည်။

မျက်နှာနီမြန်းသောလူက ကြားဖြတ်၍

'ညီလေး ဒေါသ သိပ်မကြီးပါနဲ့'ဟု သတိပေးလိုက်ပြီး တစ်ဆက်တည်းတွင် လင်းလင်း၏ လက်ကိုဆွဲ၍ ခပ်လှမ်းလှမ်းသို့ ခုန်ထွက်လိုက်၏။ သူကိုယ်တိုင်ကမူ မျက်နှာစိမ်းပြာရောင်နှင့် လင်းလင်းတို့အကြားတွင် ရပ်နေလိုက်၏။

လင်းလင်းသည် မျက်နှာစိမ်းပြာရောင်လူ၏ သွင်ပြင်ကိုမြင်ရသော် အနည်းငယ်တုန်လှုပ်သွားမိ၏။ အကယ်၍ ထိုလူတိုက်ခိုက်လာလျှင် အလွန်ပြင်းထန်မည်မှာ သေချာသည်ဟု လင်းလင်းစဉ်းစားမိ၏။

ထိုစဉ် မျက်နှာစိမ်းပြာနှင့် လူက လင်းလင်း၏ ဓား



ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး အနီးရှိကျောက်တုံးတစ်တုံးပေါ်သို့ 'ဒေါက်'ခနဲထက်ပိုင်းကျိုးအောင် ရိုက်ချိုးလိုက်သည်။ ပြီး ထိုသူက ဓားကျိုးကို ဓားအိမ်ထဲ ပြန်ထည့်ရင်း...

'ဒီမှာ ဘယ်သူက မင်းရဲ့ အသုံးမကျတဲ့ ဓားကို လိုချင်လို့လဲ ပြောစမ်း...'

လင်းလင်း ပို၍ တုန်လှုပ်သွားမိ၏။ စိတ်ထဲမှလည်း...

'သူ့လက်အားက ဘိုးဘိုးရဲ့ လက်အားကို မမီသေးပေမယ့် ကြောက်စရာတော့ ကောင်းတယ်၊ ဒီလက်ချောင်းနဲ့ ကိုယ်ပေါ်ကိုသာ တစ်ချက်အထိုးခံလိုက်ရရင် မသေတောင် ဒဏ်ရာပြင်းပြင်းထန်ထန် ရမှာ သေချာတယ်'

မျက်နှာစိမ်းပြာနှင့်လူကမူ ချောက်ချားသွားဟန် ပေါ်လွင်နေသော လင်းလင်း၏ မျက်နှာကိုကြည့်ရင်း ကျေနပ်စွာရယ်မောနေလေ၏။

ထိုစဉ် ရုတ်တရက် ဇရပ်ခေါင်မိုး ပေါက်ကွဲသွားပြီး အရာဝတ္ထုတစ်ခု ပြုတ်ကျလာ၏။ ထိုအရာဝတ္ထုကို အားလုံးကြည့်လိုက်ကြသော် လူလတ်ပိုင်းတစ်ဦး ဖြစ်နေ၏။ ထိုသူသည် ကြိုးတပ်တူရိယာတစ်ခုကို ကိုင်ထားပြီး စောင်းပျဉ်ခွေလျက် ပြုံးနေသည်ကို တွေ့လိုက်ရ၏။

လင်းလင်းသည် ထိုလူကို မြင်ရသည်နှင့် လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



အားတက်သွား၏။

'ဩော် ...ရှင်လဲ ရောက်လာတာကိုး'

ထိုလူက ပြုံးလျက် ခေါင်းညိတ်ပြ၏။ အမှန်မှ ထိုသူသည် ကျေးငှက်များကို ကခုန်အောင် တူရိယာဖြင့် စွမ်းဆောင်နိုင်သော လင်းလင်း မြင်ဖူးသည့်သူပင် ဖြစ်ပါ၏။ ထိုသူက ပြုံးလျက်မှ ...

'မိန်းကလေး မင်းနာမည် ဘယ်လိုခေါ်သလဲ'ဟု မေး၏။

'ကျွန်မနာမည် ကော့လင်းလင်းပါ'

ထိုသူက ...

ငါ့နာမည်ကတော့ ဟိုကျူးတောက်'

ဦးစွာ ဇရပ်တွင် ရောက်ရှိနေသော လူသုံးယောက်သည် ဟိုကျူးတောက် ရုတ်တရက် ရောက်လာသည်ကိုမြင်သော် မျက်နှာပျက်သွားကြသည်။ သူတို့က ဟိုကျူးတောက်အား အခဲမကျေသော အကြည့်ဖြင့် တစ်ချက်မျှ ကြည့်ပြီးနောက် လင်းလင်း၏ ဓားကို ပစ်ချကာ နေရာမှ ချာခနဲ လှည့်ထွက်၍ ရှောင်လင်ဘုရားကျောင်းပေါ်သို့ မြင်းကို ဒုန်းစိုင်း စီးသွားကြပြန်၏။

လင်းလင်းက ထိုအဖြစ်ကိုမြင်သော် လွန်စွာ အံ့သြသွား၏။ စိတ်ထဲမှလည်း 'ဘာဖြစ်လို့ ခွန်းလွန်ဘုရားသုံးဆူက ဒီလူကို မြင်တာနဲ့ တစ်ချိုးတည်း ပြန်လှည့်သွားရတာလဲ၊ သူတို့ဟာ



ဓာဓာဓာပဲ ရှောင်လင်ဘုရားကျောင်းပေါ်က ဆင်းလာကြတာ၊ အခု ဘယ်လိုကြောင့် ပြန်တက်သွားရတာလဲ'ဟု တွေးနေမိ၏။

ထိုစဉ် ဟိုကျူးတောက်သည် ရုတ်တရက် ကြိုးတပ်တူရိယာကို တီးခတ်လိုက်၏။ သူ၏ ညာလက်က ကြိုးတပ်တူရိယာအောက်မှ ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ ထိုအခါ ညာဘက်လက်မှာ ဓားသိုင်းကို လေ့ကျင့်နေပြီး ဘယ်လက်ကမူ ကြိုးတပ်တူရိယာကို တီးခတ်နေလေ၏။

တစ်ခဏချင်းပင် ပတ်ဝန်းကျင်သည် သာယာသော တေးသံတို့ဖြင့် ထုံမွှမ်းလျက်ရှိပြီး တစ်ချိန်တည်းတွင်ပင် ပြင်းထန်သော ဓားသိုင်းကွက်များကိုလည်း မြင်တွေ့လိုက်ရ၏။ သိုင်းကွက် တဖြည်းဖြည်း ပြင်းထန်လာသလို တေးသံစဉ်မှာလည်း ပို၍ပို၍ ကျယ်လောင်လာ၏။

ယင်းအဖြစ်ကို တွေ့မြင်နေရသော လင်းလင်းသည် လွန်စွာ တုန်လှုပ်သွား၏။ အကြောင်းမူ ထိုသူ သည် တစ်ကိုယ့်နှစ်စိတ် သိုင်းပညာကို လေ့ကျင့်နေသောကြောင့်ပင် ဖြစ်ပါ၏။

ထိုစဉ် ထိုလူ၏ ညာလက်က ပြင်းထန်သော ဓားကွက်တစ်ကွက်ကို တိုက်ထုတ်လိုက်ရာ ဘယ်ဘက်လက်မှ ကြိုးတပ်တူရိယာသည်လည်း ကြိုးတစ်ချောင်း ထန်နနဲ့အသံမြည်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ထွက်သွား၏။ ထိုသူ့မျက်နှာ လွန်စွာ ညှိုးငယ်သွား၏။ သူက ပြတ်တောက်သွားသော ကြိုးကိုကိုင်ရင်း လွန်စွာ ဝမ်းနည်းနေဟန် ပေါ်နေ၏။ သူက သက်ပြင်းတစ်ချက်ချရင်း…

'တောက်…ခုနစ်နှစ်တိတိ ကျင့်လာခဲ့တာတောင် စိတ်က မတည်ငြိမ်နိုင်သေးဘူး၊ ငါ့ရဲ့ ညာလက်က ရန်သူကို အပြင်းထန်ဆုံး တိုက်ခိုက်နိုင်ပေမယ့် ဘယ်လက်က ကြိုးကို မပြတ်အောင် မတီးခတ်နိုင်သေးဘူး၊ ဘယ်လက်က ညာလက်နောက်ကို လိုက်ချင်နေသေးတယ်'ဟု ညည်းညူနေ၏။

အမှန်မူ ထိုသူသည် သူလေ့ကျင့်နေဆဲ သိုင်းပညာ မကျေညက်သေးသည်ကို စိတ်မကောင်း ဖြစ်နေမိခြင်းဖြစ်၏။

လင်းလင်းက ဟိုကျူးတောက်အား နှစ်သိမ့်သောလေသံဖြင့်…

'ရှင့်ကို ဟို ခွန်းလွန်ဘုရားသုံးဆူက မြင်တာနဲ့ တစ်ချိုးတည်း ထွက်ပြေးကြတာပဲ၊ ရှင် သိုင်းလောကမှာ ခေါင်းမော်လို့ ရပါပြီ၊ ဘာဖြစ်လို့ စိတ်မကောင်း ဖြစ်နေရသေးတုန်း'

ဟိုကျူးတောက် တုန်လှုပ်အံ့ဩသွား၏။

'ခွန်းလွန်ဘုရားသုံးဆူ ဟုတ်လား' နှုတ်မှလည်း လွှတ်ခနဲမေးမိ၏။

လင်းလင်းက ပြုံးလျက်…

'ဟိုလူသုံးယောက်ပေါ့၊ သူတို့ဟာ ခွန်းလွန်ဘုရားသုံးဆူဖြစ်မှာပေါ့၊ သူတို့က ရှောင်လင်ဘုရားကျောင်းကို စိန်ခေါ်နေတာ'

ဟိုကျူးတောက် မျက်နှာမှာ ပို၍ အံ့ဩသော အရိပ်သင်္ကေတများ ပေါ်လာသဖြင့် လင်းလင်းက သူ့စကားကို ရပ်လိုက်ပြီး…

'ကျွန်မ ဘာများ ဆန်းဆန်းပြားပြား ပြောမိပါသလဲရှင်'ဟု ဟိုကျူးတောက်အား မေးလိုက်၏။

ဟိုကျူးတောက်က တစ်ယောက်တည်း ရေရွတ်ဟန်ဖြင့်…

'ခွန်းလွန်ဘုရားသုံးဆူ…ခွန်းလွန်ဘုရားသုံးဆူဆိုတာ ငါပဲလေ'

'ရှင်'

သည်တစ်ခါ အံ့ဩသွားရသူမှာ လင်းလင်းဖြစ်၏။ လင်းလင်းက ဟိုကျူးတောက်အား အထူးအဆန်းသဖွယ် ငေးကြောင်ကြည့်လိုက်မိ၏။

အတန်ကြာမှပင်…

'ရှင်…ရှင် ဘုရားသုံးဆူဟုတ်လား၊ ကျွန်မ နှစ်ယောက်ဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



ဟိုကျူးတောက်က ပြုံးလျက်...

'ခွန်းလွန် ဘုရားသုံးဆူဆိုတာ လူတစ်ယောက်တည်းကို ပြောတာပဲ၊ သုံးယောက် မဟုတ်ပါဘူး၊ ငါက အနောက်ပိုင်း ဆီတိုနယ်မှာ နာမည်နည်းနည်း ရခဲ့တယ်လေ၊ အဲဒီနယ်က မိတ်ဆွေတွေက ငါ့ကို တူရိယာ၊ ကျားနဲ့ ဓားသိုင်းသုံးမျိုးမှာ ဘုရားပဲလို့ ချီးကျူးကြတယ်လေ၊ နောက် ငါက တစ်နှစ်ပတ်လုံး ခွန်းလွန်တောင်မှာပဲ နေထိုင်တော့ ငါ့ကို ခွန်းလွန်ဘုရားသုံးဆူလို့ နာမည်ပေးလိုက်ကြတာပဲ'

လင်းလင်းက ခုမှပင် ရယ်နိုင်တော့၏။

'လက်စသတ်တော့ ဒီလိုကိုး၊ ကျွန်မထင်တာက ခွန်းလွန် ဘုရားသုံးဆူဆိုတာ လူသုံးယောက်ရဲ့ လျှို့ဝှက်နာမည်လားလို့ပါ၊ ဒီလိုဆိုရင် စောစောက အဘိုးကြီးသုံးယောက်က ဘယ်သူတွေလဲ'

'သူတို့က ဒီ ရှောင်လင်ဘုရားကျောင်းက လူတွေလေ'

'ရှင်...သူတို့က ရှောင်လင်ဘုရားကျောင်းက ဟုတ်လား'

လင်းလင်းကပြောရင်း ရုတ်တရက် တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

'ဒါပေမယ့် သူတို့အဝတ်အစားက ရှောင်လင်ဘုရား ကျောင်းနဲ့ လုံးဝ မတူပါလား၊ သူတို့က အနောက်ပိုင်း ဆီးရိုနယ်က လူတွေဝတ်သလို ဝတ်စားထားတယ်၊ နောက်ပြီး



သူတို့စီးတဲ့ မြင်းတွေကလဲ အနောက်ပိုင်းနယ်က အမွေးရှည် မြင်းတွေပဲ'

ဟိုကျူးတောက်က လင်းလင်းကို ရှင်းပြရသည်။

'အဖြစ်အပျက်က ဒီလိုပါ၊ မနှစ်က ဆောင်းဦးပေါက် ကာလမှာ ငါက ခွန်းလွန်တောင်ရဲ့ နတ်ဘုရားတောင်ကုန်းထိပ်မှာ တူရိယာတီးခတ်နေတုန်း ဖြုန်းခနဲ ငါ့တဲအိမ်ရဲ့ အပြင်ဘက်မှာ လူနှစ်ယောက်လုံးထွေးသတ်ပုတ်နေတာကို တွေ့ရတယ်၊ နှစ်ယောက်စလုံး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားကြတယ်၊ ငါက သူတို့နှစ်ယောက်ကို ဝင်ဖျဉ်လိုက်တဲ့ အခါမှာ တစ်ယောက်က အသက်ထွက်သွားပြီး နောက်တစ်ယောက်က အသက်ငင်နေတယ်၊ ဒါနဲ့ အသက်ငင်နေတဲ့လူကို ငါ့တဲထဲသွင်းပြီး ဆေးပေးဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ဒဏ်ရာက သိပ်ပြင်းထန် တော့ မရတော့ဘူးကွယ်၊ သူသေခါနီးမှာ စကားတချို့ ပြောခဲ့တယ်၊ သူက ရှီခေါ်တဲ့'

လင်းလင်းက ဟာခနဲ အာမေဋိတ်ပြုပြီးနောက်...

'ဟို...နောက်တစ်ယောက်က ရှောင်ရှမ်းဖြစ်နေမှာပေါ့၊ ဟုတ်လား' ဟု မေးလိုက်၏။

ဟိုကျူးတောက်က အံ့ဩသံဖြင့်...

'ဟုတ်တယ်၊ နောက်တစ်ယောက်က ရှောင်ရှမ်းလို့

www.burmeseclassic.com



သူပြောတယ်၊ နေပါဦး မင်းက ဘယ့်နှယ်ကြောင့် သူတို့နှစ်ယောက်ကို သိနေရတာလဲ’

လင်းလင်းက ရယ်မောလျက်...

‘ကျွန်မက သူတို့နှစ်ယောက်ကို တွေ့ဖူးတာပေါ့၊ သူတို့နှစ်ယောက် ဘာပစ္စည်းများ ရထားသလဲ မသိဘူး၊ တစ်ယောက်ကို တစ်ယောက် မယုံဘဲ တစ်ယောက်အကဲ တစ်ယောက် ချောင်းမြောင်းနေကြတာ၊ အခုတော့ လက်စသတ်တော့ အချင်းချင်း သတ်ကြပြီကိုး’

ဟိုကျူးတောက်က ဆက်ပြော၏။

‘ရိခေါ်က သူသေခါနီးမှာ သူ့ရဲ့ မကောင်းမှု ပြုခဲ့တာတွေကို နောင်တရပြီး ငါ့ကို ရင်ဖွင့်သွားတယ်လေ၊ သူတို့က ရှောင်လင်ဘုရားကျောင်းကနေ ကျမ်းစာအုပ်တစ်အုပ် ခိုးခဲ့တယ်တဲ့၊ ဒါပေမယ့် သူတို့နှစ်ယောက်ဟာ ဘယ်သူ့ဘယ်သူမှ အရင်မပေးဖတ်ဘူး၊ တစ်ယောက်ထက်တစ်ယောက် သိုင်းပညာမှာ ပိုတော်သွားမှာ စိုးရိမ်လို့လေ၊ အဲဒါကြောင့် သူတို့က စားလဲအတူ၊ အိပ်လဲအတူ၊ တပူးတွဲတွဲ လုပ်နေကြတယ်၊ ဒါပေမယ့် ဒီပြင်လူက လုပ်ကြံသတ်ဖြတ်မှာစိုးလို့ စားမဝင် အိပ်မပျော် ဖြစ်ခဲ့ရတယ်၊ နောက်ဆုံး ရှောင်လင်ဘုန်းကြီးတွေ လိုက်လာတော့ သူတို့က အနောက်ပိုင်းနယ်ကို ထွက်ပြေး

လာကြတယ်၊ နောက်ဆုံး နတ်ဘုရားတောင်ထိပ်ရောက်တော့ နှစ်ယောက်စလုံး ခြေကုန်လက်ပန်း ဖြစ်လာကြပြီး ဒီအတိုင်းသာ ဆက်သွားရင်တော့ ဆယ်ရက်အတွင်း မောဟိုက်ပြီး သေမှာပဲလို့ သိကြတယ်၊ ဒါနဲ့ သူတို့နှစ်ယောက်ဟာ နောက်ဆုံး ဗိုလ်လုပွဲ ကျင်းပတော့တာပဲ၊ ဒါနဲ့ပဲ နှစ်ယောက်စလုံး ဒဏ်ရာ အပြင်းအထန်ရပြီး ရှောင်ရှမ်းက သေသွားတယ်၊ သူ့ကိုလဲ မကယ်နိုင်ခဲ့ဘူး၊ ရိခေါ်က အသက်ထွက်ခါနီးမှာ ငါ့ကို အကူအညီတစ်ခု တောင်းသွားတယ်၊ ဘာလဲဆိုတော့...

‘ရှောင်လင်ဘုရားကျောင်းကိုသွားပြီး ဘုရားကျောင်းထဲက ကြွယ်ရှင်ဆိုတဲ့ ဘုန်းကြီးကို မှာလိုက်ပါတဲ့၊ ဘာလဲ...ကျမ်းက ဆီမှာ တဲ့’၊ ငါက နားကိုမလည်ဘူး၊ ဒါပေမယ့် သေသေချာချာ မေးမယ်ကြံတုန်း ရိခေါ် အသက်ထွက်သွားပြီ၊ ဒါနဲ့ပဲ ငါလဲ မြေပြန့်ပိုင်းကို တစ်ခါမှ မရောက်ဖူးသေးတော့ သေခါနီး လူတစ်ယောက်တောင်းတဲ့ အကူအညီကိုလဲ ဖြည့်ဆည်းရင်း မရောက်ဖူးတဲ့ မြေပြန့်ပိုင်းကိုလဲ အလည်လာရင်း သဘောနဲ့ အခု ခွန်းလွန်တောင်ပေါ်ကနေ ငါ ဆင်းလာခဲ့တာပဲ’

လင်းလင်းက စိတ်ရှည်လက်ရှည် ရှင်းပြသော ဟိုကျူးတောက်စကားကို နားထောင်ပြီးနောက်...

‘ဒီလိုဆိုရင် ရှင်က ဘယ်လိုကြောင့် ရှောင်လင်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်ဖို့ စာရေးပေးရတာလဲ'

ဟိုကျူးတောက်က ပြုံးလျက်...

'ဒီကိစ္စက စောစောက ဟိုလူသုံးယောက်က စတဲ့ကိစ္စပါ၊ ဒီလူသုံးယောက်က ရှောင်လင်ဘုရားကျောင်းရဲ့ လူဝတ်တပည့်တွေလေ၊ လူဝတ်တပည့်ဆိုတာက သူတို့က ဘုန်းကြီးမဝတ်ဘဲနဲ့ ရှောင်လင်ဘုရားကျောင်းမှာ သိုင်းပညာသင်တာကို ပြောတာကွယ့်၊ သူတို့က ဆီးရိုနယ်က ရှောင်လင်ဘုရားကျောင်းက လူတွေ၊ သူတို့ရဲ့ ဆရာကြီးတွေက ဒီ ဟိုနန်က ရှောင်လင်ဘုရားကျောင်းက ဂိုဏ်းချုပ်ဆရာကြီးနဲ့ အယူအဆကွဲလို့ တစ်ယောက်တစ်နယ် နေကြတာတဲ့၊ ဒါပေမယ့် သူတို့ကတော့ သူတို့ဟာ ရှောင်လင်ဘုရားကျောင်းကပဲလို့ ခံယူထားတယ်၊ သူတို့သုံးယောက်က လမ်းခရီးမှာ ငါနဲ့တိုးတယ်၊ ငါက ဓားရေး၊ တုရိယာနဲ့ ကျားထိုးပညာမှာ သုံးမျိုးစလုံး သိပ်တော်လို့ ခွန်းလွန်ဘုရားသုံးဆူလို့ နာမည်ပေးခံရတာကို သူတို့ မကျေနပ်ဘူး၊ သူတို့က ဓားရေးမှာ သူတို့ ရှောင်လင်ဂိုဏ်းရဲ့ ဘားမားဓားသိုင်းကွက်ကို ဘယ်ဂိုဏ်းကမှ မမီဘူးတဲ့၊ ဒါနဲ့ ငါက သူတို့သုံးယောက်နဲ့ ယှဉ်ပြိုင်တော့ သုံးယောက်စလုံး အရေးနိမ့်သွားတယ်၊ ဒါတောင် သူတို့က မကျေနပ်သေးဘဲ ငါ့ကိုသူတို့ရဲ့ ရှောင်လင်ဂိုဏ်းချုပ်ရှိရာ လာဖို့ စိန်ခေါ်လိုက်တယ်ကွယ့်၊ ဒါနဲ့ ငါလဲ ရှိခေါ်တောင်းတဲ့ အကူအညီအတွက် ဒီကို လာရမယ့် အတူတူ ရှောင်လင်ဘုရားကျောင်းရဲ့ သိုင်းပညာကိုပါ လေ့လာကြည့်မယ်ဆိုပြီး စာရေး စိန်ခေါ်လိုက်တာပဲ'



ထိုအခါ လင်းလင်းကရယ်လျက်...

'အိုး...ဟိုး...လက်စသတ်တော့ ဒီလိုကိုး'

'ဟုတ်တယ်၊ ရှောင်လင်ဘုရားကျောင်းက ပုဂ္ဂိုလ်တွေနဲ့ ငါနဲ့ တစ်ယောက်မှ မသိဘူးကွယ့်၊ ဒီတော့ မင်း ငါနဲ့ အတူတူ လိုက်ခဲ့ပါလား'

လင်းလင်း မျက်မှောင်ကုပ် စဉ်းစားပြီးနောက်...

'ရှောင်လင်ဘုရားကျောင်းက စည်းကမ်းတွေ သိပ်များတာ ရှင့်၊ မိန်းကလေးတွေ ဘုရားကျောင်းထဲ မဝင်ရဘူးလေ'

'ထွီ...ဒါက ဘာစည်းမျဉ်းလဲ၊ လာ ငါတို့ ခပ်တည်တည် ဘက်သွားမယ်၊ သူတို့ ငါတို့ကို သတ်ရဲရင်သတ်'

☐

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

www.burmeseclassic.com

www.burmeseclassic.com



# အရှုံးအနိုင်

လင်းလင်းသည် လွန်စွာ ပျော်ပါးတတ်သူလေးဖြစ်သည်။ ကြောက်ရွံ့စိတ်လည်း နည်းပါးသည်။ အထူးသဖြင့် သူမသည် ဟူဆက်ဆရာတော်နှင့် ခင်မင်ရင်းနှီးသွားပြီဖြစ်ရာ ရှောင်လင်ဘုရားကျောင်းနှင့် ပတ်သက်၍ ခိုက်ရန်ဒေါသ မဖြစ်ချင်တော့ပေ။ သို့ဖြင့် ဟိုကျူးတောက်အား . . .

'ဒီလိုလုပ်လေ၊ ရှင်က ရိုခေါ်သေခါနီးမှာ မှာခဲ့တာတွေ မှာကြားပြီးရင် ပြန်ဆင်းလာခဲ့၊ သူတို့နဲ့ မပြိုင်ပါနဲ့တော့၊ ဟို ရှောင်လင်ဝိုကျ်းက လူသုံးယောက်က ရှင့်ကို ရှုံးပြီးပြီပဲ၊ ကျွန်မက ရှင့်ကို ဘုရားကျောင်းဝင်း အပြင်ဘက်ကနေ စောင့်နေမယ်၊ ကျွန်မ ဘုရားကျောင်းထဲ မဝင်တော့ဘူး၊ ရှင် တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ပြန်ထွက်ခဲ့ပေါ့ ဟုတ်လား’

‘ကောင်းပြီလေ၊ ဒီလိုပဲ လုပ်ကြတာပေါ့၊ ငါတို့ အပြန်ကျမှ မင်းနားထောင်ဖို့ သီချင်းတစ်ပုဒ် တီးပြမယ် ဟုတ်လား’

ထို့နောက်တွင် သူတို့နှစ်ဦးသည် ရှောင်လင်ဘုရားကျောင်း တည်ရှိရာ တောင်ပေါ်သို့ ဖြည်းညင်းစွာ လျှောက်တက်ခဲ့ကြသည်။ သူတို့သည် ကျောင်းဝင်းတံခါးမသို့ ရောက်သည့်တိုင် လူရိပ်လူခြည် မတွေ့ရချေ။ ဟိုကျူးတောက်က ရုတ်တရက် . . .

‘ငါလဲ ကျောင်းထဲ မဝင်တော့ဘူးကွာ၊ ဒီအနားကပဲ ရပ်ပြီး ဟိုဘုန်းကြီးကို ခေါ်ခိုင်းမယ်၊ ပြီးတော့ ဟို ရီခေါ့မှာတဲ့ စကားကို ပြောပြလိုက်တော့မယ်’

သို့ဖြင့် ဟိုကျူးတောက်က အသံကိုမြှင့်၍

‘ဒီမှာဗျို့ . . . ဟိုကျူးတောက် ရှောင်လင် ဘုရားကျောင်းကို ရောက်လာပါပြီ၊ ကြွယ်ရွှင် ကိုယ်တော်နဲ့ စကားနည်းနည်းပြော စရာရှိလို့ပါဗျို့’

ထိုအသံ အဆုံးတွင် ရုတ်တရက် ဘုရားကျောင်းထဲမှ ခေါင်းလောင်းထိုးသံများ ဟိုမှ သည်မှ မြည်ဟည်းထွက်ပေါ်လာ၏။ ကျောင်းဝင်းတံခါးမကြီးမှာလည်း ပွင့်သွားပြီးဘုန်းကြီးများ ဘယ်ညာနှစ်တန်းခွဲ၍ လျှောက်ထွက်လာ၏။ အားလုံး ဘုန်းကြီး တစ်ရာ့ရှစ်ပါးဖြစ်၏။ ထိုဘုန်းကြီးများသည် လိုဟန့်ကျောင်း



တိုက်၏ တပည့်များဖြစ်ကြ၏။

ယင်းနောက်တွင် ဘုန်းကြီးတစ်ရာ့ရှစ်ပါး ထွက်လာပြန်၏။ ဤဘုန်းကြီးများမှာ လိုဟန့်ကျောင်းတိုက် ဘုန်းကြီးများထက် ပို၍ ပညာဝါ တစ်ဝါကြီးသော ဘုန်းကြီးများ ဖြစ်ကြ၏။ ဒါးမာကျောင်းတိုက်မှ ဘုန်းကြီးများပင် ဖြစ်ပါ၏။

ယင်းနောက်တွင်တော့ ပါးရေနားရေ တွန့်လျက် ဇရာ ချုံးနေပြီ ဖြစ်သော သက်တော်ခုနစ်ဆယ်ကျော်ဘုန်းကြီး ခုနစ်ပါး၊ ထိုဘုန်းကြီးခုနစ်ပါးထဲတွင် သက်တော် ကိုးဆယ်ကျော် ဘုန်းကြီး တစ်ပါးလည်းပါလေ၏။

ယင်းနောက်တွင်တော့ ပါးရေနားရေတွန့်လျက် ဇရာချုံး နေပြီဖြစ်သော သက်တော် ခုနစ်ဆယ်ကျော် ဘုန်းကြီးခုနစ်ပါး၊ ထိုဘုန်းကြီးခုနစ်ပါးထဲတွင့်သက်တော်ကိုးဆယ်ကျော် ဘုန်းကြီး တစ်ပါးလည်း ပါလေ၏။

ယင်းဘုန်းကြီးများမှာ စင်းထိုင်ကျောင်းတိုက်မှ ဝါကြီး ဘုန်းတော်ကြီးခုနစ်ပါးဖြစ်ပြီး တချို့ သိုင်းပညာလွန်စွာတော် ပြီး တချို့မူ သိုင်းပညာလုံးဝမတတ်ချေ။ ဘုရားတရားသာ ကိုင်းရှိုင်းလျက် တရားဓမ္မများသာ ကျင့်ကြံအားထုတ်သော ဘုန်းတော်ကြီးများဖြစ်သည်။ ယင်း ဝါတော်ကြီး ဘုန်းကြီးများကိုမူ ရှောင်လင်ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာတော်ကြီးကပင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသေလေးစားရပေသည်။

နောက်ဆုံးမှ ကြွမြန်းလာသော ဘုန်းတော်ကြီးများမှာ ရှောင်လင်ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာတော် ထင်းမင်၊ တားမာကျောင်းတိုက်ဆရာတော် ဟူရှန့်၊ လိုဟန့်ကျောင်းတိုက်ဆရာတော် ဟူဆက်တို့ပင် ဖြစ်ပါ၏။

ဘုန်းတော်ကြီးအားလုံး၏ နောက်တွင်မူ စောစောက ရှောင်လင်ဘုရားကျောင်းပေါ် တက်သွားသော လူသုံးယောက်က လိုက်ပါလာ၏။ ရှောင်လင်ဘုရားကျောင်း၏ သမိုင်းတွင် ဤကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ပြင်ပလူများအား ကြိုဆိုခြင်းသည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။

အကြောင်းမူ ဆီးရီနယ်မှ ရှောင်လင်ဂိုဏ်းသား သုံးယောက်၏ ပြောပြချက်အရ ခွန်းလွန်ဘုရားသုံးဆူမှာ လွန်စွာ သိုင်းပညာမြင့်မားကြောင်း သိရ၍ ဤကဲ့သို့ အထူးပြင်ဆင်လိုက်ခြင်းပင် ဖြစ်၏။ ယင်းကြောင့်လည်း ရှောင်လင်ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာ ထင်းမင်က ဝါတော်ကြီး ဆရာတော် ခုနစ်ပါးကိုပါ ပင့်ဆောင်လာခြင်းဖြစ်သည်။

အကြောင်းမူ အကယ်၍ ခွန်းလွန်ဘုရားသုံးဆူအား ယှဉ်ပြိုင်၍ ရှုံးနိမ့်ခဲ့သော် ဤဝါတော်ကြီး ဘုန်းတော်ကြီး ခုနစ်ပါးကိုပင် အားကိုးရတော့မည် မဟုတ်ပါလား။



ကျောင်းထိုင်ဆရာတော်ကြီး ထင်းမင်သည် ဟိုကျူး တောက်နှင့် လင်းလင်းတို့အား တွေ့သော်...

'ဒကာကြီးက ခွန်းလွန်ဘုရားသုံးဆူ ထင်ပါရဲ့' ဟုစတင် ၍ နှုတ်ဆက်လေ၏။

ဟိုကျူးတောက်လည်း ဆရာတော်အား အရိုအသေပေး ပြီးနောက်

'တပည့်တော်က ဟိုကျူးတောက်ပါ ဘုရား၊ အနုလို ာပြီး အနောက်အယှက်ပေးမိတာ စိတ်မကောင်းပါ ဘုရား'

ဟိုကျူးတောက်၏ အပြုအမူ ပြောဆိုပုံဟန်ကို အကဲခတ် ၍ ကျောင်းထိုင်ဆရာတော် ထင်းမင်၏ စိတ်ထဲမှ

'ဒီလူက အမူအရာ အပြောအဆို ရည်မွန်သားပဲ၊ ပြီးတော့ သူ့ကြည့်ရတာ အသက်သုံးဆယ်ကျော် လေးဆယ် လောက်ပဲရှိဦးမယ်၊ ဒီတော့ သူ့ရဲ့ အတွင်းအားက ဘယ်လောက် မြင့်မားနိုင်မှာလဲ' ဟု တွေးမိ၏။

သို့ဖြင့် ကျောင်းထိုင် ဆရာတော်ကြီးက

'ဒကာကြီး ကျုပ်တို့ကို ဘာမှ အားတုံ့အားနာ မဖြစ်ပါ ဲ၊ ကျောင်းထဲကို ကြွပြီး လက်ဖက်ရည်ကြမ်းလေး သုံးဆောင် ဦး၊ ဒီက ဒကာမလေးတော့...'

ဆရာတော်က လင်းလင်းအား အားနာနေပုံရ၏။ ထို့

www.burmeseclassic.com



ကြောင့် စကားမဆက်ခဲ့၊ ဤမျှသာ ရပ်လိုက်၏။ ဆရာတော်၏ မျက်နှာတွင် တကယ်လည်း ပြောရခက်၊ မပြောရခက် အမူအရာမျိုး ပေါ်လွင်နေ၏။ ထို့ကြောင့် ဟိုကျူးတောက်က ရုတ်တရက် ရယ်မောလျက်...

'ကျောင်းထိုင်ဆရာတော်ကြီးဘုရား၊ တပည့်တော် ဒီနေ့ ဒီကျောင်းတော်ကို ရောက်လာတာက လူတစ်ယောက်ရဲ့ အကူအညီ တောင်းခံချက်နဲ့ ရောက်လာတာပါ ဘုရား၊ တပည့်တော်ကို မှာကြားလိုက်တဲ့ အဲဒီလူရဲ့ စကားကို ပြောပြပြီးတာနဲ့ တပည့်တော်ပြန်မှာပါ ဘုရား၊ ဒါပေမယ့် ဆရာတော်ကြီးတို့က အခုလို ယောက်ျား၊ မိန်းမခွဲခြားပြီး ဆက်ဆံတာကိုတော့ တပည့်တော် မနှစ်သက်ပါဘုရား၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လူ့သတ္တဝါအပေါင်းကို တညီတညာတစ်ပြေးတည်း ကယ်တင်စောင့်ရှောက်တာပါ၊ ဒါကြောင့်မို့ ခုလို ယောက်ျား မိန်းမခွဲခြားတာက ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ပညတ်တော်နဲ့ မကိုက်ညီဘူးလို့ တင်ပါတယ် ဘုရား'

ကျောင်းထိုင်ဆရာတော် ထင်မင်သည် တရားဓမ္မများကို သိရှိနက်ရှိုင်းစွာ နားလည်သော ပုဂ္ဂိုလ်ကြီးဖြစ်၍ ဟိုကျူးတောက်၏ စကားကိုကြားလတ်သော် ပြုံးလျက်...

'ဒကာကြီးရဲ့ စကားကို ဘုန်းကြီး သဘောပေါက်ပါပြီ၊



ဘုန်းကြီးတို့က ယောက်ျား၊ မိန်းမကို ထပ်ခွဲခြားနေရင်တော့ ဘုန်းကြီးတို့က သဘောထား သေးရာကျမှာပေါ့၊ ကောင်းပြီလေ ဒကာမလေး လင်းလင်းလဲ ဘုရားကျောင်းထဲကို ဝင်ရောက်လာဖို့ ဖိတ်ခေါ်ပါတယ်'

လင်းလင်းက ဟိုကျူးတောက်အား တစ်ချက်မျှကြည့်၍ ပြုံးလိုက်၏။ စိတ်ထဲမှလည်း 'မင်းရဲ့ ပါးစပ်က စကားပြောတတ်သားပဲ၊ ဒီစာတတ် ပေတတ် ပုဂ္ဂိုလ်ကြီးကိုတောင် နိုင်အောင် ပြောနိုင်တယ်' ဟု ချီးကျူးနေမိ၏။

ထို့နောက်တွင် ကျောင်းထိုင်ဆရာတော်ကြီး ထင်မင်က ဘေးသို့ ရှောင်ပေးပြီး ဟိုကျူးတောက်နှင့် လင်းလင်းအား အတွင်းသို့ ခေါ်ရန်ပြုစဉ် ရုတ်တရက် ထင်မင်ဆရာတော်၏ ဘေးနားမှ ပိန်ပိန်ပါးပါး ဘုန်းတော်ကြီး တစ်ပါးက ရှေ့တစ်လှမ်းတက်လာပြီး

'ဒကာကြီးရဲ့ စကားတစ်ခွန်းနဲ့ ဘုန်းကြီးတို့ရဲ့ ရှောင်လင် ဘုရားကျောင်း စည်းမျဉ်းကို ဖျက်သိမ်းဖို့ဆိုတာ မဖြစ်ဘူးတော့ မှတ်ပါဘူး၊ ဒါပေမယ့် ဒီလို စကားပြောတဲ့လူက ဘယ်လောက် စွမ်းအစရှိတယ်ဆိုတာကိုတော့ ဘုန်းကြီးတို့က သိချင်တယ်၊ ဒါကြောင့် ဒကာကြီး ဟိုကျူးတောက်က ဘုန်းကြီးတို့ကို ခံကြွက်လောက် လက်စွမ်းပြပါ'

www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ပါးပါး ဘုန်းကြီးမှာ တခြားမဟုတ်၊ တာမာကျောင်
တိုက်၏ ဆရာတော်ကြီး ဟူရှုန့်ပင်ဖြစ်ပါ၏။

ဆရာတော်ကြီး၏ အသံမှာ ကျယ်လောင်လှပြီး ကြား
သူတိုင်း၏။ နားထဲတွင် မှန်တိုင်းဆင်သလို တဟုန်းဟုန်
မြည်ဟိန်းသွားစေ၏။ အတွင်းအားသိုင်းပညာ မြင့်မားလှကြောင်
သိသာလှ၏။

လင်းလင်းက ဟူဆက်ဆရာတော်၏ မျက်နှာတွင် စိုးရိမ်
ပူပန်သော အမူအရာပေါ်နေသည်ကို မြင်သော် စိတ်ထဲတွင်

'ဟူဆက်ဆရာတော်က စိတ်သဘောထားကောင်း
ပုဂ္ဂိုလ်ပဲ၊ နောက်ပြီး ငါနဲ့လဲ သိပ်ရင်းနှီးတာ၊ တကယ်
ဟိုကျူးတောက်က ငါ့အတွက်နဲ့ ရှောင်လင်ဘုရားကျောင်း
တိုက်ခိုက်မိရင်တော့ ဘယ်ဘက်ကပဲ ရှုံးရှုံး ငါ့တစ်သက် စိ
ကောင်းနိုင်တော့မှာ မဟုတ်ဘူး'ဟု တွေးနေမိ၏။

ယင်းကြောင့်လင်းလင်းက . . .

'အစ်ကိုကြီး ဟိုကျူးတောက်၊ ကျွန်မ ကျောင်းဝင်း
ကို လိုက်မသွားရလဲ အရေးမကြီးပါဘူး၊ ရှင်ပဲကျောင်းဝင်းထဲ
ပြီး ပြောပြစရာစကားတွေ ပြောလိုက်ပေါ့၊ ကဲ ရှင်ပဲသွားလိုက်

ထိုသို့ ပြောပြီး ဟိုကျူးတောက်အား လက်ညှိုးထိုးလျ
'ဒါက ဟူဆက်ဆရာတော်လေ၊ ကျွန်မရဲ့ အခင်မင်



ဆရာတော်ပေါ့၊ အခုကိစ္စအတွက် တစ်ဖက်နဲ့ တစ်ဖက် စိတ်မငြိုငြင်ကြပါနဲ့နော်'ဟု ဆို၏။

ဟိုကျူးတောက် တစ်ချက်မျှ ကြောင်လျက် . . .

'သြော် ဒီလိုလား'ဟု ဆိုပြီး ကျောင်းထိုင်ဆရာတော် ထင်းမင်အား . . .

'ကျောင်းထိုင်ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီးရဲ့ ကျောင်းမှာ ကြွယ်ရှင်ဆိုတဲ့ ဆရာတော်ရှိပါသလား၊ လူတစ်ယောက်ရဲ့ မှာကြားချက်အရ ဒီကိုလာပြီး အဲဒီဆရာတော်နဲ့ စကားစမြည် အနည်းအကျဉ်းပြောချင်လို့ပါ'

ထင်းမင်ဆရာတော်က အသံတိုးတိုးဖြင့် ရေရွတ်မိ၏။

'ကြွယ်ရှင်ဆရာတော်'

အမှန်မှ ကြွယ်ရှင်ဆရာတော်မှာ ရှောင်လင် ဘုရားကျောင်းတွင် လုံးဝနာမည်မရှိသော အညတရ ကိုယ်တော်ဖြစ်၏။ ကြည်ရှင်သည် နှစ်ပေါင်းလေးငါးဆယ်အတွင်း ကျမ်းဂန်စာပေ အခန်းထဲတွင်သာ မွေ့လျော်ပြီး ဘုရားကျမ်းစာများကိုသာ ကြိုးပမ်းကုတ်လေ့လာဖတ်ရှုခဲ့၏။ အခြားသော အကြောင်းများတွင် ကြွယ်ရှင်ကိုယ်တော် လုံးဝစိတ်မဝင်စားခဲ့ချေ။ ထို့ကြောင့် ကြွယ်ရှင်ကိုယ်တော်၏ ဘွဲ့အမည်ကို အသိနည်း ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်သည် အတန်ကြာ စဉ်းစားပြီးနောက်

'ဪ...ဟို... ကျမ်းစာအုပ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ဘုန်းကြီးလား၊ ဒကာကြီး အခု သူ့ကိုလာတွေ့တာက ဟို တာမာဘော်တိ ဆရာတော်ရေးတဲ့ ကျမ်းစာအုပ်နဲ့ ပတ်သက်နေလို့လား'ဟု ဟိုကျူးတောက်အား မေးသည်။

ဟိုကျူးတောက်က ခေါင်းခါလျက်...

'ဒါတော့ တပည့်တော်လဲ မသိဘူး ဘုရား'

ထင်းမင်ဆရာတော်က ဘုန်းကြီးတစ်ပါးအား...

'ကြွယ်ရှင်ကို ခေါ်လာခဲ့စမ်း'ဟု မိန့်မှာလိုက်၏။

'တင်ပါ့ ဘုရား'

ထိုဘုန်းကြီးက ထွက်သွားစဉ် ဟူရှန့်ဆရာတော်က ဝင်၍...

'ဒကာကြီးက ဘုန်းကြီးကျောင်းကို ကြွံတောင့်ကြွံခဲ ရောက်လာတာပဲ၊ ရောက်တုန်းရောက်ခိုက် သိုင်းကွက် တစ်ကွက်နှစ်ကွက်လောက်ပြပါလားကွယ်'

ဟိုကျူးတောက်က ခေါင်းခါ ယမ်းလျက်...

'ဒီက မိန်းကလေး ပြောပြီးပြီပဲ၊ တပည့်တော်က အရှင်ဘုရားတို့ရဲ့ အငြိုအငြင်ကို လုံးဝမခံယူလိုပါဘူး ဘုရား'



သို့သော် ဟူရှန့်ဆရာတော်သည် အလိုလို ဒေါသထွက်နေ၏။ စိတ်ထဲတွင်...

'မင်းက ငါတို့ကို စာရေးပြီးတော့လဲ စိန်ခေါ်သေးတယ်၊ အခုကျတော့ ဘာလို့ နောက်ဆုတ်ချင်ပြန်ပြီလဲ၊ မင်းက ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ ဂိုဏ်းခွဲတပည့်သုံးယောက်ကို အနိုင်ယူခဲ့ပြီး မှ အခု မပြိုင်တော့ဘူးဆိုရင် မင်းက သိုင်းလောကကို ငါတို့ ရှောင်လင်ဂိုဏ်းကလူက မင်းကို ရှုံးပါတယ်လို့ သတင်းလွှင့်မှာပေါ့၊ ဒီကောင်ကို သာမန်ဘုန်းကြီးနဲ့ လွှတ်လို့တော့ ဘူး။ ငါကိုယ်တိုင် ထွက်ကြံမှပဲ' ဟု တွေးလိုက်၏။

သို့ဖြင့် ဟူရှန့်ဆရာတော်သည် ရှေ့တစ်လှမ်းတိုးပြီး

'သိုင်းပညာချင်း ယှဉ်ပြိုင်တာပဲ၊ တစ်ယောက်ကို တစ်ယောက် ဘာမှ ငြိုငြင်နေဖို့မလိုပါဘူး၊ ဒကာကြီး မငြင်းပါနဲ့' ဟု မသိမသာစိန်ခေါ်လိုက်၏။

ထို့နောက် တာမကျောင်းတိုက်မှ ဘုန်းကြီးများဘက်သို့ ကြည့်ကာ...

'ဓားယူခဲ့စမ်း၊ ငါတို့က ဓားဘုရားရဲ့ ဓားသိုင်းဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ကြည့်ကြရအောင်'

ရှောင်လင်ဘုရားကျောင်းတွင် လက်နက်မျိုးစုံရှိရာ ချင်းပင် ဓားများကို ယူထုတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန့်ဆရာတော်က ဝေးသုံးချောင်းကို ရွေးချယ်၍ ဟိုကျူးတောက်ရှေ့ ချထားရင်း မေးသည်။

'ဒီကားကြီးမှာ ဓားပါလာသလား၊ ဒါမှမဟုတ် ဒီဓားချေ ကို သုံးမှာလား'

ဟိုကျူးတောက်က ဓားကိုမယူ၊ မြေပေါ်မှ ကျောက်ခဲ တစ်လုံးကိုသာ ကောက်ယူလိုက်ပြီး ဘုရားကျောင်းဝင်းရှေ့ ကျောက်ပြင်ချပ်ကြီးတွင် တစ်ချက်ရေးခြစ်နေလိုက်၏။

ခဏချင်းပင် ကျောက်ပြင်ချပ်ကြီးတွင် ကြီးမားသော ကျားဗန်းကွက်ကြီးတစ်ခု ရေးခြစ်ပြီး ဖြစ်သွားသည်။ ထိုကျောက် ပြင်ချပ်ကြီးမှာ ရှောင်လင်ဘုရားကျောင်းတည်ဆောက်စဉ်က ခင်းထားသော ကျောက်ပြင်ကြီးဖြစ်၏။ ကျောက်သားမှာ လွန်စွာ မာကျောပြီး နှစ်ပေါင်းများစွာ ကြာခဲ့သည့်တိုင် လုံးဝ လျှော်ကျ ခြင်းမရှိချေ။

ယခု ဟိုကျူးတောက်က အမှတ်မထင် ကျောက်ခဲလေး တစ်လုံးနှင့် ထိုကျောက်ပြင်ချပ်ကြီးပေါ်တွင် ကျားကွက်မျဉ်း ကြောင်း ရေးလိုက်ခြင်းမှာ သူ၏ နက်ရှိုင်းလှသော အတွင်းအား ကို ပြသလိုက်ခြင်းပင် ဖြစ်သည်ဟု နားလည်လိုက်ကြ၏။ ထိုစဉ် ဟိုကျူးတောက်က ပြုံးလျက်...

'ဓားသိုင်းပညာယှဉ်ပြိုင်တယ်ဆိုတာက သိပ်ပြီး ကြမ်း



တမ်းလွန်းပါတယ်၊ တူရိယာပြိုင်ရင်လဲ အရှုံးအနိုင်ပြိုင်လို့မရဘူး၊ ဒါကြောင့် ဘုန်းကြီးက ဝါသနာပါရင် ကျားတစ်ပွဲ ထိုးကြရ အောင်' ဟု ဆိုလိုက်၏။

ဟိုကျူးတောက်၏ အတွင်းအား သိုင်းများကို တွေ့လိုက် သော် ထင်းမင်၊ ဟူရှန့်၊ ဟူဆက် ဆရာတော်ကြီးများအပြင် ဝါတော်ကြီးဆရာတော်ကြီး ခုနစ်ပါးတို့ပါ မျက်နှာတော် ပျက် သွားကြရ၏။

ကျောင်းထိုင်ဆရာတော်ကြီး ထင်းမင်မှ ဤကျောင်းတော် ထဲရှိ မည်သူမဆို ဟိုကျူးတောက်၏ နက်ရှိုင်းလှသော အတွင်း အားပညာကို မယှဉ်ပြိုင်နိုင်ကြောင်း သိလိုက်သည်နှင့် ဟိုကျူး တောက်အား အနိုင်ပေးကြောင်း ဖွင့်ဟကြေညာမည်ပြုစဉ်၊ ရုတ်တရက် သံကြိုးသံအဆက်မပြတ်ကြားလိုက်ရပြီး ကွယ်ရွှင် မှာ သံပုံးကြီးနှစ်ပုံးကို ထမ်းလျက်လျှောက်လာသည်ကို တွေ့လိုက် ရ၏။ ကွယ်ရွှင်နောက်တွင်မူ လူငယ်တစ်ယောက်ပါလာ၏။ သူကား ကျန်းဆန်းဖုန်း။

ကွယ်ရွှင်နှင့် ကျန်းဆန်းဖုန်းသည် ကျောင်းထိုင်ဆရာ တော်ကြီးရှေ့သို့ လျှောက်သွားပြီး ဆရာတော်ကြီးအား အရိုအသေ ပေးလိုက်ကြ၏။

ထင်းမင်ဆရာတော်ကြီးက ကွယ်ရွှင်အား

www.burmeseclassic.com

www.burmeseclassic.com



'ဒီက ဒကာကြီး ဟိုကျူးတောက်က မင်းကို တွေ့ချင်လို့တဲ့ မင်းနဲ့ စကားပြောစရာရှိတယ်တဲ့'ဟု စတင်ဆိုလေသည်။

ကြွယ်ရှင်က ဟိုကျူးတောက်အား တစ်ချက်လှမ်းကြည့်လိုက်၏။ သို့သော် ဟိုကျူးတောက်ကို ကြွယ်ရှင်မသိ။ သို့သော် အလိုက်သင့်ပင် ...,

'ဒီမှာ ဒကာ၊ ဘုန်းကြီးက ကြွယ်ရှင်ပါပဲ၊ ဒကာကြီးက ဘာများမှာကြားစရာ ရှိသလဲ'ဟု မေးလေသည်။

ဟိုကျူးတောက်မှကား ကျားဗန်းကို ရေးခြစ်ပြီးဖြစ်၍ အခြားဘာကိုမျှ စိတ်မဝင်စားတော့ချေ။ ကျားထိုးရန်သာ အာရုံစူးရောက်နေ၏။ ယင်းကြောင့် သူ့ကို ကျားဘုရားဟု အမည်ပေးကြခြင်း ဖြစ်၏။ သူက

'ဦးပဉ္စင်းကို ပြောရမယ့်စကားကို နောက်မှပဲ ပြောပါ့မယ်၊ အခုဘာယ်သူ့ တပည့်တော်နဲ့ ကျားထိုးမလဲ၊ ထွက်ခဲ့ပါ' ဟု စိန်ခေါ်လိုက်၏။

အမှန်မှ ဟိုကျူးတောက်သည် သိုင်းပညာရပ်ကို ထုတ်ဖော်ကြွားဝါနေခြင်း မဟုတ်ပါ။ ကျားကိုသာ ထိုးရန် ဆန္ဒပြင်းပြလွန်းနေသဖြင့် အခြားကိစ္စများကို မေ့ပျောက်နေခြင်းပင် ဖြစ်၏။ ထင်းမင်ဆရာတော်က...

'ဒကာကြီး အတွင်းအား သိုင်းပညာ ဒီလောက် မြင့်မား



နေတာကို ဘုန်းကြီးတို့ ဒီတစ်ခါပဲ တွေ့ဖူးပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့က အရှုံးပေးပါပြီ' ဟု မိန့်ဆိုလေ၏။

ကြွယ်ရှင်ကိုယ်တော်သည် ထင်းမင်ကိုယ်တော်၏ စကားကို ကြားသော်ကျောက်ပြင်ကြီးပေါ်ရှိ ကျားဗန်းဆီသို့ အာရုံရောက်သွား၏။ ထိုအခါကျမှပင် ဤပုဂ္ဂိုလ်မှာ မိမိတို့ ရှောင်လင်ဘုရားကျောင်းသို့ လာရောက်၍ သိုင်းပညာ ယှဉ်ပြိုင်သော ပုဂ္ဂိုလ်ဖြစ်မှန်း သိလိုက်ရ၏။

သို့ဖြင့် ကြွယ်ရှင်သည် ဟန်မပျက်ပင် သံပုံးနှစ်ပုံးကို ခုံးထက်တွင် ထမ်းလျက် အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်ပြီးသူ၏ အတွင်းအားများကို ခြေအစုံတွင် စုစည်းလိုက်၏။ ပြီး ကျားဗန်း၏ မျဉ်းကြောင်းများပေါ်သို့ တစ်လှမ်းချင်းမွတ်ကိုက်လျှောက်သွားလိုက်၏။

ထိုအခါ ကြွယ်ရှင်ကိုယ်တော်၏ ခြေဖဝါးနှင့် ပွတ်တိုက်သွားဟန်သည် သူ၏ နက်ရှိုင်းလှသော အတွင်းအားကို ဟိုကျူးတောက်အား ပြန်လည်ပြသလိုက်သည်ဟု ရှောင်လင်ဘုရားကျောင်းရှိ ဘုန်းကြီးများ အားလုံးက အံ့သြဘနန်းဖြင့် ထင်နေကြသည်။

ထင်းမင်း၊ ဟူရှန်၊ ဟူဆက် ဆရာတော်ကြီးများသည်း သာခြင်းဖြစ်မိသည်နှင့် အတူ တုန်လှုပ်ခြင်းလည်း ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြရ၏။ အမှန်မှု ဆရာတော်ကြီးများသည်လည်းကောင်း၊ ရှောင်လင်ကျောင်းမှ အခြားသော ဘုန်းကြီးများသည်လည်းကောင်း၊ ကြွယ်ရှင်ကိုယ်တော်အား ရူးပေါပေါနှင့် အေးအေးဆေးဆေး နေထိုင်တတ်သော ကိုယ်တော်ဟု နားလည်ထားကြ၏။ ထိုရူးပေါပေါနှင့် အေးအေးဆေးဆေးနေထိုင်တတ်သော ကိုယ်တော်က ယခု အများရှေ့မှောက်တွင် အံ့သြလောက်အောင် နက်ရှိုင်းသမျှမြင့်မား ပြည့်ဝလှသော အတွင်းအင်အားရှိကြောင်း ပြသလိုက်ရာ ဝမ်းသာတုန်လှုပ်မိခြင်းပင် ဖြစ်ပါ၏။ ပြီးနှစ်ပေါင်းများစွာ အတူနေခဲ့သော်လည်း သူတို့သည် ကြွယ်ရှင်တွင် ဤအင်အားမျိုးရှိသည်ဟု မည်သည့်ကိုယ်တော်မျှ မသိခဲ့ချေ။

ဟိုကျူးတောက်က ကြွယ်ရှင်ကိုယ်တော်အား...

'တော်ပါတော့ ကိုယ်တော်၊ ကိုယ်တော်ရဲ့ အတွင်းအားသိုင်းပညာကို တပည့်တော် မယှဉ်ပြိုင်နိုင်ပါဘူး' ဟု ဝန်ခံလိုက်၏။

ထိုအခိုက်တွင် ကြွယ်ရှင်လည်း လှမ်းလက်စ ခြေလှမ်းကို ရပ်၍

'ဒီပြိုင်ပွဲကို ဒီတွင်ပဲ ရပ်ကြပါတော့လား' ဟု အများကြားအောင်အော်ပြောလိုက်၏။

ဟိုကျူးတောက် ကလည်း

'ဟုတ်ပါတယ်၊ ဒီကျားထိုးပွဲလည်း မပြိုင်ဝါနဲ့တော့ တပည့်တော် အရှုံးပေးလိုက်ပါပြီ၊ ဒါပေမယ့် တပည့်တော်က ကိုယ်တော်ကြီးနဲ့ တစ်ပွဲတစ်လမ်း ဓားရေးပညာ ယှဉ်ပြိုင်ချင်ပါသေးတယ်' ဟု ကြွယ်ရှင်အား စိန်ခေါ်ပြန်၏။

ဟိုကျူးတောက်သည် ပြောရင်းဆိုရင်းပင် ကြိုးတပ်ဘူရိယာ အောက်မှ 'ချပ်ခန်' ဓားတစ်လက် ဆွဲထုတ်လိုက်၏။ ပြီး ထိုဓားဖြင့်ပင် သူ့ရင်ဝသို့ ပြန်၍ထိုးချိန်ထားပြီး ဓားရိုးကို အပြင်ဘက်သို့ ...စောင်းစောင်း ထုတ်ထား၏။

ဤလို ဓားကိုင်းကွက်မျိုးမှာ လွန်စွာ ထူးဆန်းသော ကွက်ဖြစ်၏။ မသိလျှင် ကိုယ့်ကိုယ်ကို သတ်သေတော့မည့်အသွင်ပင်။ ကြွယ်ရှင်ကိုယ်တော်က...

'ဘုန်းကြီးက တရားကျင့်တယ်၊ ထမင်းစားတယ်၊ ... ဆွမ်းစာအုပ်တွေကို နေ့ပူလှမ်းတယ်၊ သိုင်းပညာတော့ ဘာတစ်ခုမှ မတတ်ဘူး' ဟုဆိုလေ၏။

သို့သော် ဟိုကျူးတောက်က မယုံချေ။ သို့ဖြင့် ရုတ်တရက် တစ်ချက်ခုန်လိုက်ပြီး စောစောက သူ့ရင်ဝသို့ ချိန်ထိုးထားသော ဓားမှာ ချက်ချင်းကွေ့ကောက်လျက် ကြွယ်ရှင်၏ ရင်ဝသို့ ထိုးစိုက်ချလိုက်လေ၏။

အကယ်၍ အခြားသော သိုင်းပညာရှင်များသာဆိုလျှင် ဤတစ်ကွက်နှင့်ပင် အရှုံးပေးရတော့မည်မှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြွယ်ရှင်မှာ အတွင်းအားလွန်စွာ ပြည့်ဝနေသူဖြစ်ရာ သူက စိတ်သွားတိုင်းကိုယ်ပါနေ၏။ ဟိုကျူးတောက်၏ ဓားမှာကြောက်စရာကောင်းလောက်အောင် လျင်မြန်သော်လည်း ကြွယ်ရှင်၏ စိတ်အာရုံမှာ ဓား၏ အလျင်နှုန်းထက် မြန်နေလေ၏။ သူစိတ်ကူးလိုက်သည်နှင့် ညာဘက်လက်က ချက်ချင်းပင် သံပုံးကိုဆွဲ၍ ခန္ဓာကိုယ်ရှေ့မှ ကာထားပြီး ဖြစ်သွား၏။

'ရွှန်း' ခနဲ အသံနှင့်အတူ ဟိုကျူးတောက်၏ ဓားက သံပုံးကြီးပေါ်သို့ တိုးမိသွားပြီး ဓားသွားမှာ တွန့်လိမ်ကွေ့ကောက်သွား၏။

ဟိုကျူးတောက်က ဓားကို အလျင်အမြန်ရုပ်သိမ်းလျက် နောက်တစ်ကွက် ထိုးချပြန်၏။ ထန်းခနဲအသံနှင့်အတူ ကြွယ်ရှင်၏ ဘယ်ဘက်လက်က သံပုံးကိုဆွဲ၍ ကာကွယ်လိုက်ပြီး ဖြစ်သွားပြန်၏။

ဟိုကျူးတောက်၏ စိတ်ထဲတွင်

'ဒီကိုယ်တော်ရဲ့ သိုင်းပညာ ဘယ်လောက်ပဲ စွမ်းစွမ်း ဒီလောက်လေးလံတဲ့ သံပုံးကြီးနဲ့ ငါ့ဒီလောက်မြန်တဲ့ ဓားချက်ကို ရေရှည်ကာကွ[illegible]င်မှာ မဟုတ်ဘူး' ဟု ထင်နေလေ၏။

သူက စိတ်ကူးချက်မြန်လျက် ပြီးသည်နှင့် ချက်ချင်းပင် ဓားကို လေးဘက်လေးတန်မှ လှည့်ပတ်၍ ချွေယ်တစ်ပြက်အတွင်း ဓားချက်ပေါင်း ခြောက်ချက်တိတိတိုက်ခိုက်လိုက်၏။ သို့သော် တထန်းထန်းအသံခြောက်ချက်ခန့် ကြားလိုက်ရပြီး ဟိုကျူးတောက်၏ လျှပ်တစ်ပြက်တိုက်ချက်အားလုံး သံပုံးကြီးကိုသာ ဦးတည်ထိမှန်နေတော့၏။

နံဘေးမှ ဝိုင်းကြည့်နေသော ဘုန်းကြီးများ၏ အမြင်တွင်မူ ကြွယ်ရှင်ကိုယ်တော်သည် ခြေကားရားလက်ကားရားဖြင့် ပုံပျက်ပန်းပျက် ဖြစ်နေပြီ။ တကယ်ပင် ဘာသိုင်းမှ မတတ်သောသူလို မြင်နေရ၏။ သို့ရာတွင် ထူးဆန်းသည်မှာ ဟိုကျူးတောက်၏ ပြင်းထန်သွက်လက်လှသော ဓားချက်များသည် ကြွယ်ရှင်၏ အင်္ကျီစကိုသော်မှ မထိဘဲ ကြွယ်ရှင်၏ ရယ်မောစရာပင်ကောင်းသော ခြေကားရား လက်ကားရာ လှုပ်ရှားမှုဟန်နှင့်အတူ ဖါဝင်လှုပ်ရှားနေသော သံပုံးကြီးများက ဓားချက်များကို အလွယ်တကူ ကာကွယ်နိုင်ခဲ့သည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။

ထိုစဉ် ဟိုကျူးတောက်သည် ကျယ်လောင်စွာ ညာသံဆေးလျက် ကြွယ်ရှင်၏ ရင်ဝသို့ ဓားဖြင့် စိုက်ချလိုက်ပြန်၏။

ကြွယ်ရှင်က အထိတ်တလန့်ဖြင့် 'ဘုရားကယ်ပါ' ဟု အာစ်ချက်အော်ပြီး လ[illegible]က်ကို အလျင်အမြန်စုစည်းလိုက်ရာ ထန်းခနဲအသံ[illegible]စ်ချက် မြည်သွားပြီး သံပုံးကြီးနှစ်ခုက ဟိုကျူးတောက်[illegible]းကို ညှပ်ထားပြီး ဖြစ်သွားပြန်၏။

www.burmeseclassic.com



ဟိုကျူးတောက်က သူ့ဓားကို အားထုတ်၍ ပြန်နုတ်သော်လည်း ဓားမှာ တုတ်တုတ်မျှ မလှုပ်တော့။ ဆွဲနုတ်လေ မြဲလေ ဖြစ်၏။ ထို့ကြောင့် ဓားကို ချက်ချင်းလွှတ်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ကြွယ်ရှင်၏ မျက်နှာကို ရိုက်ချပြန်၏။

ဤတစ်ကြိမ်တွင် ကြွယ်ရှင်မှာ လက်နှစ်ဘက်ဖြင့် သံပုံးကို ဆွဲထားရသဖြင့် ပြန်လည် မခုခံနိုင်တော့ချေ။

ထိုအခိုက် ကျန်းဆန်းဖုန်းမှာ သူ့ဆရာ အရေးနိမ့်ပြီး ဒုက္ခရောက်တော့မည့် အရေးကို မြင်သော် ဟိုကျူးတောက်အား ချက်ချင်းခုန်အုပ်ပြီး လက်ဝါးစောင်းဖြင့် ပခုံးကို ခုတ်ချလိုက်၏။ ဟိုကျူးတောက်မှာ ကြွယ်ရှယ်ကိုသာ အနိုင်တိုက်ရန် အာရုံစူးစိုက်နေစဉ် ရုတ်တရက်ခုတ်ချလိုက်သော ကျန်းဆန်းဖုန်း၏ လက်ဝါးစောင်းဒဏ်ကို ကောင်းစွာခံလိုက်ရ၏။

ဟိုကျူးတောက်သည် ယင်းသို့ အပိုင်အနိုင် ခံလိုက်ရခြင်းမှာ ကျန်းဆန်းဖုန်းအား ငယ်သေးသည်၊ အင်အားလည်း ပြည့်မည်မဟုတ်ဟု ထင်ပြီး ပခုံးတွင်သာ အားစု၍ တောင့်ခံလိုက်ခြင်းကြောင့်လည်း ဖြစ်ပါ၏။

သို့သော် ကျန်းဆန်းဖုန်း၏ လက်ဝါးစောင်းမှာ လွန်စွာ ပြည့်ဝလှပြီး ဟိုကျူးတောက်ခမျာ ဒယီးဒယိုင်ပင် ဖြစ်သွား၏။

ကြွယ်ရှင် အော်ကျယ် ဟစ်ကျယ်ဖြင့်



'မြတ်စွာဘုရား ဒကာကြီး၊ ဘုန်းကြီးကို ညှာလိုက်ပါ၊ ဘုန်းကြီးက ဒကာရဲ့ ဓားချက်ကြောင့် အသည်းတွေတောင် တဒိတ်ဒိတ်ခုန်နေပြီ' ဟုသရော်လိုက်၏။

ဟိုကျူးတောက် ဒေါသဖြစ်လာ၏။

'ဩော် လက်စသတ်တော့ ရှောင်လင် ဘုရားကျောင်းထဲမှာ တကယ်ပဲ နဂါးတွေ၊ ကျားတွေက ခိုအောင်းနေတာကိုး၊ ဒီလို အသက်ငယ်ရွယ်တဲ့ လူငယ်တောင် ဒီလောက်ကောင်းတဲ့ သိုင်းအင်အားရှိနေတာပဲ၊ ကောင်းပြီဟေ့ ချာတိတ်၊ မင်းနဲ့ငါ ပြိုင်ရအောင်၊ မင်းသာ ငါရဲ့တိုက်ကွက် ဆယ်ကွက်ကို ခုခံကာကွယ်နိုင်ရင် ငါဆိုတဲ့ ကျူးတောက်က ဒီတစ်သက် မြေပြန့်ကို ပြန်မဆင်းတော့ဘူးဟေ့'

ထိုအချိန်တွင် ဟူဆက်နှင့် ဟူရှန့်ဆရာတော်ကြီးနှစ်ပါးသည် ကျန်းဆန်းဖုန်းအား ကျမ်းစာထားရာ အခန်းကို သန့်ရှင်းရေး လုပ်ပေးသော လူငယ်အဖြစ် မြင်ထားပြီး သိုင်းပညာသင်ဖူးခဲ့သည်မဟုတ်။ စောစောက ဟိုကျူးတောက်အား လက်ဝါးစောင်းဖြင့် အပိုင်အနိုင် ခုတ်ချလိုက်နိုင်ခြင်းမှာလည်း အခွင့်အခါကြုံကြိုက်၍သာ ဖြစ်သည်ဟု ယုံကြည်ကြ၏။

အမှန်မူ ကုန်လွန်ခဲ့သော သုံးနှစ်ခန့်က ကျန်းဆန်းဖုန်းတို့ ဆရာတပည့်နှစ်ယောက် ပျောက်ဆုံးသွားသော ကျမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



အုပ် ပြန်ရရှိရေးအတွက် ဝါဆန်းတောင်သို့ တက်သွားစဉ် ကော့လင်းလင်း၏ ဖခင်သိုင်းဆရာကြီးကော့ချင်းနှင့် တွေ့ဆုံပြီး ကော့ချင်းက ကျန်းဆန်းဖုန်းအား လက်ဝါးစောင်း သိုင်းကွက်သုံးကွက် သင်ကြားပေးခဲ့၏။ ယခု ကျန်းဆန်းဖုန်းသည် လက်ဝါးစောင်းသိုင်းကွက် သုံးကွက်ထဲမှ တစ်ကွက်ဖြင့် တိုက်ခိုက်နေခြင်း ဖြစ်သည်ကို ဆရာတော်များ လုံးဝမသိရှာကြပေ။

ကျန်းဆန်းဖုန်းသည် ထိုသိုင်းကွက် သုံးကွက်အပြင် လွန်ခဲ့သော ဆယ်ရက်ခန့်က လင်းလင်းပေးခဲ့သော လိုဟန့် သံမဏိ ရုပ်တုလေးထဲမှလည်း လိုဟန့်လက်သီးသိုင်းကွက် ဆယ့်ရှစ်ကွက်ကို အပြင်းပြေ အလျော့ကစားခဲ့ရာမှ ကောင်းစွာ တတ်ကျွမ်းသွားခဲ့၏။ ဤသိုင်းကွက်များမှ လွဲ၍ ကျန်းဆန်းဖုန်းသည် ဆရာတော်ကြီးများ ထင်မြင်သကဲ့သို့ပင် ဘာသိုင်းပညာမျှ မတတ်ပါချေ။

ဟူဆက် ဆရာတော်က ကျန်းဆန်းဖုန်းအား စိုးရိမ်မကင်းဖြစ်ကာ ဟိုကျူးတောက်အား

'ဒကာကြီးလို ခွန်းလွန် ဘုရားသုံးဆူလို့ နာမည် ဟိုးဟိုးကျော်နေတဲ့ ပုဂ္ဂိုလ်က ဘယ့်နှယ်လုပ် ဘုန်းကြီးတို့ ဘုရားကျောင်းထဲက ဓားမြက်စည်းလှည်း၊ လက်ဖက်ရည်ကြမ်းအိုးတည်တဲ့ အညတရ လူငယ်နဲ့ တိုက်ခိုက်ရတာလဲ၊ ဒကာကြီး အနေဘကယ် တိုက်ခိုက်ချင်ရင် ဘုန်းကြီးကိုယ်တိုင် ဝင်ယှဉ်ပြိုင်ပေးပါ့မယ်' ဟု ဆိုလိုက်၏။

ဟိုကျူးတောက်က ခေါင်းခါယမ်းလျက်...

'ဒီလက်ဝါးစောင်း တစ်ချက်ကို တပည့်တော်က အကြောင်းမဲ့ သက်သက် ဘယ်ပေးရိုက်ခံဖို့မလဲ၊ ကဲ... ချာတိတ် ကြစို့၊ ဟိတ်... လာပြီဟေ့'

ပြောရင်း ဟူးခနဲလက်ဝါးစောင်း တစ်ချက်စတင်ရိုက်ချလိုက်၏။ သည်တိုက်ကွက်မှာ လွန်စွာ လျင်မြန်ရုံမက ကျန်းဆန်းဖုန်းနှင့်လည်း နီးကပ်လွန်းသဖြင့် ဟူဆက်၊ ဟူရှန့် ဆရာတော်ကြီးများမှာ ကျန်းဆန်းဖုန်းအား အကာအကွယ် ပေးလိုက်တော်လည်း မမီတော့ချေ။ အားလုံးကလည်း ဤတစ်ကွက်ဖြင့် ကျန်းဆန်းဖုန်း ဒဏ်ရာ ပြင်းထန်စွာရလိမ့်မည်ဟု တစ်ထစ်ချ ထင်မှတ်ပြီး မျက်လုံးပင် မှိတ်ထားလိုက်ကြ၏။

သို့ရာတွင် ထိုအချိန်တွင် အများထင်သကဲ့သို့ ဖြစ်မလာ။ သွင်မြန်သော လက်ဝါးစောင်းကို လျင်မြန်သော ရှောင်တိမ်းမှုဖြင့် ကျန်းဆန်းဖုန်းက ရှောင်တိမ်းလိုက်ရာ ဟိုကျူးတောက်၏ လက်ဝါးစောင်းမှာ ကျန်းဆန်းဖုန်း၏ ရင်ဘတ်ရှေ့မှ ပွတ်ကာသီကာ လွဲသွားရတော့၏။ ယင်းအခိုက် ကျန်းဆန်းဖုန်းက ဘယ်လက်သီးကို ခါးတွင် အကာအကွယ် သဘောကပ်ထားလိုက်

www.burmeseclassic.com



ပြီး ညာလက်ဝါးစောင်းဖြင့် ဟိုကျူးတောက်၏ ခါးကို ခုတ်လိုက်၏။

ဤသိုင်းကွက်မှာ ရှောင်လင် သိုင်းပညာ၏ အခြေခံ လက်သိုင်းကွက်တစ်ခုပင် ဖြစ်၏။

ဤတစ်ကွက်မှာ အားမာန်လွန်စွာ ပြည့်ပြီး ညာလက်ဝါးစောင်းပါတွဲခုတ်သော် တာကျိုးသကဲ့သို့ မထိန်းနိုင် မတိမ်းနိုင် ဖြစ်သွားနိုင်သော တကယ့်အကွက်ဖြစ်၏။ ပခုံးတွင် စူးစူးစပ်စပ် လက်ဝါးစောင်း အခုတ်ခံလိုက်ရသော ဟိုကျူးတောက်၏ စိတ်ထဲတွင်...

'ဒါ ဘယ်ကလာ လူငယ်တစ်ယောက်ရဲ့ ရိုက်ချက်ဟုတ်နိုင်မှာလဲ' ဟု ရေရွတ်နေမိ၏။

ဟိုကျူးတောက်သည် ပခုံးတွင် ကျန်းဆန်းဖုန်း၏ လက်ဝါးစောင်း တစ်ချက် အခုတ်ခံလိုက်ရသဖြင့် ကျန်းဆန်းဖုန်း၏ အတွင်းအား သိုင်းပညာ လွန်စွာပြည့်ဝကြောင်း ကောင်းစွာ သိလိုက်ပြီ ဖြစ်၏။ ပြီးကျန်းဆန်းဖုန်း၏ အတွင်းအားမှာလည်း လမ်းတွင် သူကြုံခဲ့ရသော ဆီးရိနယ်မှ ရှောင်လင်ဂိုဏ်းသား သုံးဦးထက်ပို၍ အင်အားပြည့်ဝကြောင်း သဘောပေါက်သွား၏။

သို့သော် သူက သိုင်းကွက်ဆယ်ကွက် ယှဉ်ပြိုင်မည်ဟု ဆိုထား၏။ ထိုသိုင်းကွက် ဆယ်ကွက်အတွင်း ကျန်းဆန်းဖုန်းကို အနိုင်ယူနိုင်မည်ဟု တွက်ထားလိုက်၏။ ယခု ကျန်းဆန်းဖုန်းက ရှောင်လင် သိုင်းပညာ၏ အခြေခံ တိုက်ကွက်ကိုသာ သုံးလိုက်သော်လည်း တကယ့် သိုင်းဆရာတစ်ယောက်၏ ပြင်းထန်သော တိုက်ကွက်နှင့် တူနေ၏။ ဘယ်လိုမျှ ဟာကွက်ကို ရှာနိုင်ခဲ့ချေ။

ထို့နောက် ဟိုကျူးတောက်က မအောင့်နိုင်ဘဲ လွှတ်ခနဲ အော်မှအော်၏ ချီးကျူးလိုက်မိ၏။

'တယ်ကောင်းတဲ့ လက်ဝါးစောင်းသိုင်းပါလားဟေ့'

ဟူ၍ရှန့်ဆရာတော်က လိုဟန့်ကျောင်းတိုက်ဆရာတော် ဆက်အား တစ်ချက်မျှ ကြည့်၍ ပြုံးလျက်...

'ကိုယ်တော်က ဘယ်သူမှ မသိအောင် ဒီလောက်တော် တပည့်ငယ်တစ်ယောက်ကို လေ့ကျင့်ပေးထားတာကိုး၊ ယူပါတယ်ကိုယ်တော်' ဟုပြော၏။

ဟူဆက်ဆရာတော်က ဦးခေါင်းတော်ခါယမ်းလျက်

'မ... မဟုတ်ဘူး... မဟုတ်ဘူး' ဟု အမောတကြီး ငြင်းလေ၏။

ထိုစဉ် ကျန်းဆန်းဖုန်းသည် လိုဟန့်လက်သိုင်းကွက် ဆယ့်ရှစ်ကွက်ထဲမှ လေးကွက်ကိုဆက်၍ အသုံးပြုလိုက်ပြန်၏။ သိုင်းကွက်လေးကွက်စလုံးမှာ မုစ်စတီကျလှပြီး အားလွန်စွာ

www.burmeseclassic.com



ပြည့်ဝ၏။ ဤဘုရားကျောင်းရှိ ဘုန်းကြီးအားလုံးသည် ယင်အခြေခံ သိုင်းကွက်အား ကျန်းဆန်းဖုန်းလောက် ပြင်းထန်အောင် တိုက်ခိုက်နိုင်သူ မရှိပါပေ။

ထင်မင်း၊ ဟွာဆက်၊ ဟွာရှန့်ဆရာတော်ကြီးများနှင့် ဝါတော်ကြီးဆရာတော် ခုနစ်ပါးတို့ကလည်း ကျန်းဆန်းဖုန်း ဤသို့ ရှောင်လင်ဘုရားကျောင်း၏ အခြေခံလက်သီးသိုင်းပညာကို ဤ အားမာန်အပြည့်နှင့် တိုက်ခိုက်နိုင်သည်ကို မြင်တွေ့ကြသော် အားလုံး မျက်နှာ အမူအရာလှုပ်ရှားသွားကြ၏။ ဟွာရှန့် ဆရာတော်က လှုပ်ရှားသော လေသံဖြင့်

'သူ့ရဲ့သိုင်းကွက်က သိပ်တိကျမြန်ဆန်နေတာ ထားပါ တော့၊ ဒါပေမယ့် သူ့ရဲ့ အတွင်းအားက ဘယ့်နှယ်လုပ် ဒီလောက်တောင်ပြည့်ဝနေရတာလဲ' ဟု ရေရွတ်နေမိ၏။

ထိုစဉ်မှာပင် ဟိုကျူးတောက်က ကျန်းဆန်းဖုန်းအား သိုင်းကွက်ခြောက်ကွက် တိုက်ခိုက်ပြီးလေပြီ။

သူကလည်း စိတ်ထဲမှ ရေရွတ်နေမိ၏။

'ငါက ဒီလို ချာတိတ်လေး တစ်ကောင်ကိုတောင် မနိုင် နိုင်ဘဲနဲ့များ ရှောင်လင်ဘုရားကျောင်းကို လာပြီး စိန်ခေါ် သေးသတဲ့၊ ဒီလိုဆိုရင် သိုင်းလောကတစ်ခုလုံး ငါ့ ပြက်ရယ်ပြုကြမှာ ဆိုးမှာ မဟုတ်တော့ဘူး'



သူကရေရွတ်ပြီးနောက် ချက်ချင်းပင် သိုင်းအားကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်လိုက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို သည်း စကြာလို ချာချာလည်စေကာ ကျန်းဆန်းဖုန်းအား ချည်ပတ်ကာ ဝိုင်းလိုက်၏။ ထိုစဉ်ခိုက်တွင် ဟိုကျူးတောက် ၏ လက်ဝါးစောင်းအရိပ်မှာ ကျန်းဆန်းဖုန်း၏ တစ်ကိုယ်လုံး ကို ဖုံးလွှမ်းသွား၏။

အမှန်စင်စစ် ကျန်းဆန်းဖုန်းသည် သိုင်းကွက်များ အခြောက်အများတတ်ထားသူမဟုတ်ချေ။ သူက ဤလို ခက်ခဲ က်နဲသော တိုက်ကွက်မျိုးကို တွေ့သော် အဘယ်လက်ဝါးစောင်း သည်လည်းကောင်း၊ အဘယ်လက်သီးသည်လည်းကောင်း သူ့ ခန္ဓာကိုယ်အား တိုက်ခိုက်လာတော့မည်ကို မစဉ်းစားမခွဲခြားနိုင် အောင် ဖြစ်နေရ၏။

ထို့ကြောင့် သူက ရုတ်တရက် လိုဟန့်လက်သီးသိုင်းကွက် သုံးဆယ့်ရှစ်ကွက်ထဲမှ တစ်ကွက်ဖြစ်သော ကတ်ကြေးလက် သိုင်းကွက်ကို သုံးလိုက်၏။ ဤသိုင်းကွက်မှာ ရန်သူ၏ တိုက်ကွက်ကို ရင်ဆိုင်ရန် သုံးလိုက်လျှင် ရန်သူ၏လက်မှာ သူ၏ ခန္ဓာကိုယ်ပေါ်သို့ ဘယ်နည်းနှင့်မျှ ကျရောက်နိုင်မည် မဟုတ်တော့ပေ။

ယခုလည်း . . .ဟိုကျူးတောက် ဘယ်နေရာပင် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ပဲ တိုက်ခိုက် ကျန်းဆန်းဖုန်း၏ ကက်ကြေးလက် သိုင်းကွက်က ကာကွယ်ပြီးဖြစ်နေ၏။ တစ်နည်းဆိုသော် ဟိုကျူးတောက်၏ စကြာသိုင်းကွက်များသည် ကျန်းဆန်းဖုန်း၏အနားသို့ပင် မသိနိုင်အောင် ဖြစ်နေရ၏။

ရှောင်လင်ဘုရားကျောင်းမှ ဘုန်းကြီးများသည် ကျန်းဆန်းဖုန်းဘက်မှ အော်ဟစ်ပြီး ဟူးခနဲ လက်သီးပြင်းဖြင့် ကျန်းဆန်းဖုန်း၏ ရင်ဝသို့ ထိုးသွင်းချလိုက်၏။ အမှန်မူ ဟိုကျူးတောက်သည် ကျန်းဆန်းဖုန်း၏ ခုခံကာကွယ်မှုများအား မည်သို့မျှ ထိုးဖောက်၍မရတော့ပေ။ ထို့ကြောင့် စိတ်မရှည်တော့သည့်အဆုံးတွင် ခွန်အားကို အသုံးပြု၍ အတွင်းသို့ ထိုးသွင်းလိုက်ခြင်းသာ ဖြစ်ပါ၏။

ကျန်းဆန်းဖုန်းက ဟိုကျူးတောက်၏ လက်သီးကို လက်ဝါးဖြင့် တွန်းထုတ်ပြန်၏။ လက်သီးနှင့်လက်ဝါး ရင်ဆိုင်မိစဉ် ဗုန်းခနဲအသံမြည်သွားပြီး ဟိုကျူးတောက်၏ တစ်ကိုယ်လုံးမှာလည်း တစ်ချက်မျှ တုန်ယင်၍ သွား၏။ ကျန်းဆန်းဖုန်းသည် နောက်သို့ အနည်းငယ်ယိုင်ထွက်သွား၏။ သို့သော် ဟိုကျူးတောက်က အသက်ပြင်းပြင်းရှူပြီးနောက် လက်သီးတစ်လုံး ထိုးသွင်းပြန်၏။

ကျန်းဆန်းဖုန်းမှ စောစောကသုံးသော ရှောင်လင်အခြေခံ



သိုင်းကွက်ဖြင့်ပင် လက်ဝါးကို ရှေ့သို့တွန်း၍ ဝင်လာသော လက်သီးကို ရိုက်ထုတ်လိုက်၏။ ဗုန်းခနဲ အသံတစ်ချက်မြည်သွားပြီး ကျန်းဆန်းဖုန်းမှာ နောက်သို့ သုံးလှမ်းခန့် ယိုင်ဆုတ်သွားပြန်၏။ ဟိုကျူးတောက်လည်း နောက်ဘက်သို့ တစ်လှမ်းမျှ ယိမ်းယိုင်ထွက်သွားပြန်၏။ ဟိုကျူးတောက်မှာ မျက်စိမျက်နှာပျက်လျက်ရှိရာမှ ...

'ဟော့...ချာတိတ်၊ နောက်ဆုံးတစ်ကွက်ပဲကျန်တော့တယ်နော်၊ မင်းအားကုန်ထုတ်ပြီး ခုခံပေတော့ဟေ့...'ဟု အော်ပြောလေ၏။

ထို့နောက် ရှေ့သို့နှစ်လှမ်းတက်ကာ လက်သီးကို ဖြည်းဖြည်းချင်း ထိုးထုတ်လိုက်၏။

ထိုစဉ်ခဏတွင် ရှောင်လင်ဘုရားကျောင်းတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားလို ဖြစ်သွား၏။ အကြောင်းမူ ဟိုကျူးတောက်အသုံးပြုလိုက်သော လက်သီးကွက်သည် ဟိုကျူးတောက်အတွက် အသက်မက အရေးကြီးသော လက်သီးဖြစ်ကြောင်း လူတိုင်းသိသောကြောင့်ပင် ဖြစ်ပါ၏။

ဤတစ်ကွက်ဖြင့် ကျန်းဆန်းဖုန်းအား အပြီးအနိုင် မနိုင်ခဲ့လျှင် ဟိုကျူးတောက်၏ နာမည်သတင်းမှာ အ[illegible]ကြီး ပျက်ရချေမည်မဟုတ်ပါလား။

www.burmeseclassic.com



ကျန်းဆန်းဖုန်းမှ ထိုလက်သီးကွက်ကို တတိယအကြိမ် ရှောင်လင်အခြေခံသိုင်းကွက်ကိုသုံး၍ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်ပြန်၏။ ဤတစ်ကြိမ် လက်သီးနှင့် လက်ဝါးထိမိစဉ် အသံမြည်ထွက်မလာတော့။ နှစ်ဦးစလုံး၏လက်က ကပ်သွားသည့်ပမာ ထင်လိုက်ရ၏။ ထိုခဏမှာပင် သူတို့နှစ်ဦးစလုံးသည် အတွင်းအားကိုသုံး၍ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေကြခြင်းပင် ဖြစ်ပါ၏။

စင်စစ် သိုင်းပညာအရဆိုလျှင် ဟိုကျူးတောက်သည် ကျန်းဆန်းဖုန်းထက် အဆများစွာ တတ်ကျွမ်း၏။ သို့ရာတွင် အတွင်းအား သိုင်းပညာတွင်မူ ကျန်းဆန်းဖုန်းသည် သူ့ဆရာနှင့်အတူ တာမောဆရာတော်ကိုယ်တိုင် ပြုစုရေးသားခဲ့သော ကျမ်းစာအုပ်ထဲမှ အတွင်းအားသိုင်းပညာကျင့်စဉ်များကို ကျင့်ခဲ့ရသည်။ သူ၏ အတွင်းအားမှာ ပင်လယ်လှိုင်းပမာ ရှေ့သို့ အဟုန်ပြင်းစွာ အဆက်မပြတ် ရိုက်ခတ်နိုင်လေသည်။

ထို့ကြောင့်လည်း ခဏမျှအကြာတွင်ပင် ဟိုကျူးတောက်သည် အော့ခနဲ သွေးတစ်ချက်အန်သွားပြီး နောက်သို့ တစ်လှမ်းဆုတ်သွားလေ၏။

ကျန်းဆန်းဖုန်းသည် မိမိက အတွင်းအင်အားကိုထုတ်၍



တွန်းလိုက်သည်နှင့် ဟိုကျူးတောက် ဤမျှ အတွင်းဒဏ်ရာရသွားမည်ဟုမထင်မှတ်ခဲ့။ ထို့ကြောင့် ကမန်းကတန်းဖြင့် ဟိုကျူးတောက်အနားသို့သွားကာ ထူမည်ပြု၏။

ဟိုကျူးတောက် လက်ဖြင့် တားလိုက်ပြီး မဲ့ပြုံးဖြင့် . . .

'ဟိုကျူးတောက် ဟိုကျူးတောက်၊ မင်းကမင်းကိုယ်မင်း သိပ်အထင်ကြီးခဲ့တာကိုး' ဟု မိမိကိုယ်မိမိ အပြစ်တင်ရေရွတ်လိုက်၏။

ထို့နောက်တွင်မူ ဟိုကျူးတောက်သည် ရှောင်လင်ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ထင်းမင်အား ဒူးထောက်အရိုအသေပေးလျက် . . .

'ရှောင်လင်ဘုရားကျောင်းရဲ့ သိုင်းပညာဟာ တကယ့်ကိုမြင့်မားလှတယ်၊ ဘယ်သူမှ တုပလို့မရနိုင်ဘူးဆိုတာ ဒီနေ့ တပည့်တော် ကောင်းကောင်းကြီး သိပါပြီ' ဟု ဝန်ခံပြောဆိုလိုက်၏။

ဟိုကျူးတောက်သည် ထိုစကားကို ပြောပြီးနောက် ခေါင်းချင်းပင် လှည့်၍ ခုန်ထွက်သွားတော့၏။ ခပ်လှမ်းလှမ်း [illegible]ရောက်တွင်မူ သူက ရုတ်တရက် ရပ်လိုက်ပြီး ကွယ်ရှင်[illegible]ကိုယ်တော်ဘက်သို့လှည့်၍ . . .

'ကွယ်ရှင်ကိုယ်တော်ကြီး၊ ငါ့တစ်ယောက်က တပည့်

www.burmeseclassic.com



တော်ကို စကားအမှာပါးလိုက်တယ်၊ ဘာတဲ့ ကျမ်းကဆိုမှာတဲ့'

ဟိုကျူးတောက်သည် ထိုစကားကိုပြောပြီးနောက် ရှောင်လင်ဘုရားကျောင်းအောက်သို့ ပြေးဆင်းသွားလေတော့၏။ သူ့ကိုယ်ဟန်မှာ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ခံစားနေရသော်လည်း လျင်မြန်ဆဲပင် ရှိသေးသည်ကိုမြင်သော ရှောင်လင်ဘုန်းကြီးများ တုန်လှုပ်သွားကြ၏။

ဟိုကျူးတောက် ထွက်ခွာသွားပြီးနောက်တွင် ဘုန်းကြီးများသည် ကျောင်းထိုင်ဆရာတော်ကြီး ထင်းမင် မည်သို့ ဖြေကြားမည်ကို စောင့်နေကြ၏။

ထိုစဉ်တွင်ပင် ဝါတော်ကြီး ဘုန်းတော်ကြီးခုနစ်ပါးထဲမှ ပိန်ပိန်ပါးပါး ဘုန်းတော်ကြီးတစ်ပါးက ရုတ်တရက် ရှေ့သို့ လျှောက်ထွက်လာပြီး . . .

'ဒီတပည့်လေးရဲ့ သိုင်းပညာကို ဘယ်သူ သင်ပေးတာလဲ'

ဟုမေးလိုက်၏။

ဘုန်းတော်ကြီး၏အသံက လွန်စွာ စူးရှလှ၏။ တကယ်လည်း အသည်းအေးစဖွယ် ရှိလှ၏။ ကျန် ဘုန်းတော်ကြီးများလည်း ထို စူးရှလှသော အသံကြောင့် တုန်လှုပ်သွားကြ၏။

ဟူဆက်၊ ဟူရှန် နှင့် ကျောင်းထိုင်ဆရာတော်ကြီးများ ဤမေးခွန်းမျိုးကို မေးချင်နေပေရာ ကြွယ်ရှင်နှင့် ကျန်းဆန်းဖုန်းတို့အား စူးစိုက်ကြည့်လိုက်ကြ၏။



ကြွယ်ရှင်တို့ ဆရာတပည့်နှစ်ဦးမှာ ထိုနေရာမှာပင် ကြောင်နေကြပြီး ရုတ်တရက် ဘာစကားမျှ ပြောမထွက်နိုင်ဘဲ ဖြစ်နေ၏။

ကျောင်းထိုင်ဆရာတော်ကြီး ထင်းမင်က . . .

'ကြွယ်ရှင်ရဲ့ အတွင်းအားသိုင်းက သိပ်ကောင်းပေမယ့် သူက သိုင်းပညာဆိုလို့ ဘာမှ မတတ်ဘူး၊ မသိဘူး၊ ဒါပေမယ့် ကျန်းဆန်းဖုန်းကို ရှောင်လင်သိုင်းပညာ အခြေခံလက်သီးသိုင်းကို ဘယ်သူ သင်ပေးလိုက်တာလဲ'

ရှောင်လင်ဘုရားကျောင်းမှ ဘုန်းကြီးများ၏ စိတ်ထဲမှာမူ ကျောင်းထိုင်ဆရာတော်ကြီးက ဤမေးခွန်းကို မေးနေခြင်းသည် လူဝတ်တပည့် ကျန်းဆန်းဖုန်းက ခွန်းလွန်ဘုရားသုံးဆူအမည်ခံ ဟိုကျူးတောက်အား အနိုင်တိုက်နိုင်သည့်အတွက် ကျန်းဆန်းဖုန်း၏ ဆရာအား ချီးကျူးရန် မေးနေခြင်းဟု ထင်မှတ်နေကြ၏။

ထိုစဉ် ပိန်ပိန်ပါးပါး ဝါတော်ကြီး ဆရာတော်ကြီးသည် သည်အမေးကို မဖြေသေးဘဲ ငြိမ်နေသော ကျန်းဆန်းဖုန်းအား ရက်စက်ခက်ထန်သော အကြည့်ဖြင့်ကြည့်၍ မေးပြန်၏။

'ဒီမှာ . . .ငါ မင်းကို မေးနေတယ်၊ မင်းရဲ့ ပိုဟန် လက်သီးသိုင်းကို ဘယ်သူသင်ပေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆန်းမုန်းက အမေးကို ချက်ချင်းမဖြေသေးဘဲ သူ့အား လင်းလင်းလက်ဆောင်ပေးခဲ့သော လိုဟာန့်သံမဏိရုပ်ကလေးကို ထုတ်လိုက်၏။ ပြီးမှ...

'တပည့်တော်က ဒီအရုပ်နှစ်ခု ကစားတာကိုကြည့်ပြီး လေ့ကျင့်ခဲ့တာပါ၊ ဘယ်သူကမှ တပည့်တော်ကို မသင်ကြားခဲ့ပါဘူးဘုရား'

ထိုအခါ ဝါတော်ကြီး ဘုန်းတော်ကြီးက ရှေ့တစ်လှမ်းတိုးလျက် တိုးညင်းအေးစက်လွန်းသောအသံဖြင့်...

'မင်း ငါ့ကို ရှင်းရှင်းလင်းလင်း ထပ်ပြောစမ်း၊ မင်းရဲ့ လိုဟာန့်လက်သီးသိုင်းကို ငါတို့ ရှောင်လင်ဘုရားကျောင်းထဲက ဘယ်သူကမှ သင်ပေးလို့ တတ်တာမဟုတ်ဘဲ၊ မင်းဘာသာမင်း သင်လို့တတ်တာပဲလို့'

ထိုဝါတော်ကြီးဘုန်းကြီး၏ အသံက တိုးညင်းအေးစက်သော်လည်း လွန်စွာ ကြောက်စရာကောင်းလှကြောင်း အားလုံးသိကြ၏။

❑



# အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com



# ပန်းကြွေ၊ ပန်းပွင့်

ကျန်းဆန်းဖုန်းသည် သူ့တွင် ဘာအပြစ်မျှမရှိဟု နားလည် ...၏။ ထို့ကြောင့် ဝါတော်ကြီး ဘုန်းတော်ကြီး၏ အမူအရာက ...မှာ ခက်တန်နေသည့်တိုင် သူက စိုးစဉ်းမျှ မကြောက်ချေ။

'တပည့်တော်က ဘယ်သူ့ဆီကမှ သိုင်းပညာမသင်ခဲ့ပါ ... ဒီ လိုဟန့်လက်သီးသိုင်းကွက်တွေကိုလဲ တပည့်တော် ...သာ လေ့ကျင့်ခဲ့တာပါ၊ အမှားပါရင် ဆရာတော်ကြီး ...ပြင်ပေးပါ'

'ဟင်း'

ဝါတော်ကြီး ဘုန်းကြီးထံမှ ထိုအသံတစ်ချက်သာ ကြား...း ကျန်းဆန်းဖုန်းအား ရန်သူကြီးပမာ စားမတတ် ဝါးမတတ်

www.burmeseclassic.com



စိုက်ကြည့်လိုက်လေ၏။ ဘုန်းတော်ကြီး၏ မျက်လုံးတော်အစုံမှာ မိးဝင်းဝင်းတောက်၍ ဝင်းလက်နေလေ၏။

ကြွယ်ရှင် ထိုအဖြစ်ကို ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေရ၏။

ဤ ဝါတော်ကြီး ဘုန်းတော်ကြီးမှာ လက်ရှိ ကျောင်းထိုင် ဆရာတော်ကြီး၏ ဆရာဦးလေး ဖြစ်၏။ ဝါတော်လည်း လွန်စွာကြီးသော ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် ယခုကိစ္စတွင် ကျန်း ဆန်းဖုန်းအား ဤမျှ ရန်သူသဖွယ် နာကြည်းမုန်းတီးသောအကြည့် ဖြင့် အဘယ်ကြောင့် စိုက်ကြည့်လျက်ရှိသည်ကိုမူ စဉ်းစား၍ မရအောင် ဖြစ်နေရှာသည်။

ထိုစဉ် ကြွယ်ရှင်၏ အတွေးအာရုံထဲသို့ အဖြစ်အပျက် တစ်ခုက ပေါ်လာ၏။ သတိရစေလိုက်၏။ နှစ်ကာလကိုတော့ ကြွယ်ရှင် မမှတ်မိတော့။

ထိုစဉ်က ကြွယ်ရှင်သည် ကျမ်းဂန်စာပေများ သိမ်းဆည်း သောအခန်းထဲမှ မှတ်တမ်းစာအုပ်လေးတစ်အုပ်ကို ဖတ်လိုက် ၏။ ထိုမှတ်တမ်းစာအုပ်ထဲတွင် ရှောင်လင်ဘုရားကျောင်း မဟာ အဖြစ်အပျက်ကြီးတစ်ခုကို ရေးသား မှတ်တမ်းတင်ထား လေသည်။

* * *



လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်ခန့်က ရှောင်လင်ဘုရား ကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ ခူချန်ဆရာတော် ဖြစ်၏။

ယခုလက်ရှိ ကျောင်းထိုင်ဆရာတော်၏ ဆရာ့ ဆရာ၊ သို့မဟုတ် ဆရာအဘိုး ဖြစ်၏။

ထိုနှစ် ဆောင်းဦးရာသီတွင် ရှောင်လင်ဘုရားကျောင်း၏ ကျင်းပမြဲဖြစ်သော တစ်နှစ်တစ်ကြိမ် သိုင်းပညာ အရည်အချင်း စစ်ပွဲကို ကျင်းပခဲ့၏။ ထိုအရည်အချင်းစစ်ပွဲတွင် ကျောင်းထိုင် ဆရာတော်တို့ ကိုယ်တိုင် ဘုရားကျောင်းရှိ တပည့်သာဝကများ၏ သိုင်းပညာကို စစ်ဆေးလေသည်။

ထိုနေ့မှာပင် မမျှော်လင့်ဘဲ ရင်နင့်စဖွယ် အဖြစ်အပျက် တစ်ခု ဖြစ်ပွားခဲ့ရ၏။ ထိုနေ့က တာမာကျောင်းထိုင်ဆရာတော် ကြီး ခုကျိုးသည် သိုင်းပညာစစ်ဆေးသောခန်းမသို့ ရောက်ရှိလာ ပြီး တပည့်များအား သိုင်းပညာ ကစားပြခိုင်းပြီးနောက် အမှား အယွင်းများ၊ လိုအပ်ချက်များကို ထောက်ပြရာတွင် ရုတ်တရက် ဘုန်းကြီးတစ်ပါး ထွက်လာပြီး အများကြားအောင် အော်ပြောလေ ၏၊ ထိုဘုန်းကြီးပြောသောအကြောင်းအရာမှာ . . .

တာမာကျောင်းတိုက်ဆရာတော်ကြီး ဘာမျှ အသုံးမကျ ကြောင်း၊ သိုင်းပညာလည်း ဘာမျှ သိရှိနားလည်သည် မဟုတ် ကြောင်း၊ ထို့ကြောင့် ဘုန်းကြီးများ၏ သိုင်းပညာအရည်အချင်း

www.burmeseclassic.com



ကို စစ်ဆေးဝေဖန်တတ်သောသူ မဟုတ်ကြောင်း ရှန့်ရှင်းကြ
တမ်းစွာ ပုတ်ခတ်ပြောဆိုလေ၏။

ကျန်ဘုန်းကြီးများက လန့်ဖျပ်လျက် တိုဘုန်းကြီးအ
ကြည့်လိုက်သော် လွန်စွာ အံ့အားသင့်သွားကြလေ၏။

အဘယ်ကြောင့်မူ တာမာကျောင်းထိုင်ဆရာတော် ခွ
အား နှစ်ပြားမတန်အောင် ရင့်ရင့်သီးသီး ပုတ်ခတ်လိုက်သေ
ဘုန်းကြီးမှာ ရှောင်လင်ကျောင်းတွင် ဘာနာမည်မှ မရသေးသေ
မီးဖိုချောင်စခန်းမှ မီးမွှေးသော အညတရဘုန်းကြီး ဖြစ်နေသေ
ကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် တာမာကျောင်းတိုက်ဆရာတော်ကြီးက
ဘုန်းကြီးအား နှုတ်တုံ့မပြန်မီခင် တာမာကျောင်းတိုက်မှ သို
တပည့် ဘုန်းကြီးများက ဦးစွာ မခံမရပ်နိုင်အောင် အော်ဟ
ကြိမ်းမောင်းကြလေတော့၏။

ထိုဘုန်းကြီးလည်း နောက်မဆုတ်ချေ။ မကြောက်ရ
ဖြင့်ပင် အော်ဟစ်နှုတ်တုံ့ပြန်နေ၏။

'ဆရာက အသုံးတစ်စေ့မှမကျတော့ တပည့်တွေက
အသုံးမကျဘူးပေါ့'

ထိုသို့ဆိုပြီးနောက် ဘုန်းကြီးသည် ခန်းမလယ်သို့ လျှော
လာပြီး ဘုန်းကြီးများကို စိန်ခေါ်နေတော့၏။



သို့သော် ထိုဘုန်းကြီးနှင့် ယှဉ်ပြိုင်တိုက်ခိုက်သော ဘုန်းကြီး
များမှာ လျှပ်တစ်ပြက်အချိန်အတွင်း ခြေကျိုး လက်ကျိုးနှင့်
ဒဏ်ရာများစွာ ရရှိသွားကြ၏။

အမှန်စင်စစ် ဤပညာအရည်အချင်းစစ် ယှဉ်ပြိုင်ပွဲတွင်
သိုင်းတပည့်များသည် တစ်ဦးကိုတစ်ဦး လက်ရည်စမ်းကာ
ယှဉ်ပြိုင်တိုက်ခိုက်ကြသည့်တိုင် ဒဏ်ရာအနာတရ ရအောင်
မပြုလုပ်ရချေ။

ယခုမူ ထိုဘုန်းကြီးက ရက်စက်ခန့်ထန်စွာ တိုက်ခိုက်
သဖြင့် တာမာကျောင်းတိုက်မှ ဘုန်းကြီးတပည့်ကိုးပါးမျှ ဒဏ်ရာ
ပြင်းထန်စွာ ရရှိသွားတော့၏။

ထို့ကြောင့် တာမာကျောင်းတိုက် ဆရာတော်ကြီးသည်
ဒေါသလည်းထွက် တုန်လည်း တုန်လှုပ်သွား၏။ သို့သော်
ထိုဘုန်းကြီး အံ့သုံးပြုသွားသော သိုင်းပညာမှာ ရှောင်လင်ဂိုဏ်း
၏ သိုင်းပညာဖြစ်သည်ကတစ်ကြောင်း၊ အခြားဂိုဏ်းမှ တမင်
သက်သက် လာရောက်နှောင့်ယှက်ခြင်းမဟုတ်ဘဲ ရှောင်လင်
ကျောင်းတိုက်မှ ဘုန်းကြီးဖြစ်၍ တစ်ကြောင်းကြောင့် တာမာဆရာ
တော်က ရုတ်တရက် ဖြစ်ပေါ်လာသော ဒေါသတရားကို ထိန်း
သိမ်းလျက် ထိုဘုန်းကြီးအား သိုင်းပညာကို ဘယ်သူ့ထံမှ
သင်ကြားခဲ့ကြောင်း မေးမြန်းလိုက်လေ၏။ ထိုဘုန်းကြီးက...

www.burmeseclassic.com



'ဘယ်သူကမှာ လာသင်မပေးဘူး၊ ကိုယ့်ဘာသာကိုယ် သင်တာ'ဟု ခပ်မာမာ ပြန်ပြော၏။

အမှန်မူ ဤဘုန်းကြီးမှာ မီးဖိုခန်းမှ မီးမွှေးသောလုပ်ကို လုပ်ရသူ ဖြစ်၏။ သူ့ကို အုပ်ချုပ်သော ဘုန်းကြီးမှာ လွန်စွာ ဒေါသကြီး၏။ တစ်ချက်မျှ အမြင်မတော်သည်နှင့် အားရပါးရ ရိုက်နှက်တတ်သောအကျင့် ရှိပေ၏။ ထို့ပြင် သိုင်းပညာပါ တတ်မြောက်ထားရာ ရိုက်နှက်လိုက်တိုင်း ခံရသူ ထိုဘုန်းကြီးမှာ ဒဏ်ရာရစမြဲပင် ဖြစ်၏။

ထိုဘုန်းကြီးသည် သုံးနှစ်ကာလအတွင်း အုပ်ချုပ်သူ ဘုန်းကြီး၏ ရိုက်နှက်ချက်ကြောင့် သွေးသုံးကြိမ်အန်ခဲ့ရ၏။ နောက်ဆုံးတွင် ထိုဘုန်းကြီးသည် နာကြည်းလာပြီး စိတ်ထဲ ကျိတ်၍ တေးမှတ်ထားလိုက်၏။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရှောင်လင်ဘုရားကျောင်းမှ ဘုန်းကြီးအားလုံးကို ကလဲ့စားချေမည်ဟုလည်း စိတ်ပိုင်းဖြတ်ကာ သိုင်းပညာရပ်များကို မည်သူမျှ မသိအောင် တိတ်တဆိတ် ခိုး၍ သင်ကြားလေတော့၏။

ရှောင်လင်ဘုရားကျောင်းတွင် သိုင်းပညာတတ်မြောက်သူ လွန်စွာ များပြားရာ ထိုဘုန်းကြီးကလည်းသင်ကြားရေး လွန်စွာစိတ်ပြင်းပြသဖြင့် ဆယ်နှစ်ကာလအတွင်း မြင့်မားနက်နဲ



သော သိုင်းပညာကို တတ်မြောက်သွားလေတော့၏။

သို့သော် ထိုအကြောင်းကို သူက ထိန်ဝှက်ထားပြီး ဆက်လက်၍သာ ကြိုးပမ်းတကုတ် လေ့ကျင့်လာခဲ့၏။ ထိုအချိန်များတွင် အုပ်ချုပ်သူ ဘုန်းကြီးက ရိုက်နှက်သည့်တိုင် သူက ငုံ့ခံကာသာ နေ၏။ သို့ရာတွင် ထိုအချိန်၌ သူ့တွင် အတွင်းအားသိုင်း လွန်စွာပြည့်ဝနေရာ ခါတိုင်းကဲ့သို့ ဒဏ်ရာမရတော့ချေ။

နောက်ဆုံး သူက ဘုရားကျောင်းရှိ ဘုန်းကြီးအားလုံးကို နိုင်ချေပြီဟု ယူဆလိုက်တော့မှ ယခုကဲ့သို့ ဆောင်ဦးပေါက်ရာသီ သိုင်းပညာအရည်အချင်းစစ်ပွဲတွင် ရုတ်တရက် ဝင်ရောက်၍ အစွမ်းပြကာ ကလဲ့စားချေခြင်းဖြစ်တော့၏။

တာမာကျောင်းတိုက် ဆရာတော်က အကြောင်းစုံကိုသိသော...

'မင်းရဲ့ဇွဲလုံ့လကိုတော့ ချီးကျူးပါတယ်'ဟု ဆိုပြီး ကိုယ်တော်တိုင် ခန်းမအလယ်သို့ ကြွလာကာ ထိုဘုန်းကြီးနှင့် သိုင်းပညာ ယှဉ်ပြိုင်လေတော့၏။

တာမာကျောင်းတိုက် ဆရာတော်သည် ယင်းသို့ ကိုယ်တော်တိုင် သိုင်းပညာယှဉ်ပြိုင်နေစဉ် သိုင်းပညာအဆင့် ဤမျှအထိ မြင့်မားအောင် လေ့ကျင့်နိုင်ခဲ့သော ထိုဘုန်းကြီးကို အပြီးသတ် ချေမှုန်းပစ်ရန် နှမြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်ပေါင်း ငါးရာကျော် တိုက်ခိုက်ပြီးချိန်တွင် ထိုဘုန်းကြီးမှာ ရှုံးနိမ့်လာလေသည်။ ထိုစဉ် တာမာကျောင်းတိုက် ဆရာတော်ကြီးသည် တိုက်လက်စကို ရုပ်သိမ်းပြီး ထိုဘုန်းကြီးအား ရပ်ခိုင်းလိုက်၏။

ဆရာတော်ကြီးက မိမိဆက်၍ တိုက်ခိုက်နေလျှင် ဤ ဘုန်းကြီး ဒဏ်ရာပြင်းထန်စွာရမည်ကို သိထား၍ မိမိလက်ဦး ဦးစွာ ရုပ်သိမ်းလိုက်ခြင်းဖြစ်၏။

သို့သော် ထိုဘုန်းကြီးက ထိုအခွင့်ကောင်းကိုယူ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လော တာမာကျောင်းတိုက် ဆရာတော်ခူကျီးက ပြန်လည်ခုခံသည့်တိုင် အချိန်မမီတော့ နံရိုးလေးချောင်းကျိုးကာ ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားလေသည်။

ကျန် ဘုန်းကြီးများက ချက်ချင်း ဝိုင်းဝန်းကာကွယ်ပြီး ဆရာတော်ကြီးအား ကယ်တင်လိုက်ရ၏။

ထိုသို့ အခြေအနေရှုပ်ထွေးနေစဉ် ထိုဘုန်းကြီးသည် ထွက်ပြေးလွတ်မြောက်သွားခဲ့လေ၏။ ထိုညမှာပင် တာမာကျောင်း တိုက်ဆရာတော်ကြီး ခူကျီးမှာ ဒဏ်ရာ ပြင်းထန်လွန်း၍ ပျံလွန်တော်မူသွားလေ၏။

ထိုည၌ပင် ထိုဘုန်းကြီးက ရှောင်လင်ဘုရားကျောင်းသို့ ပြန်လည်ခိုးဝင်လာပြီး ၎င်းအား ယခင်က နှိပ်စက်ခဲ့သော



အုပ်ချုပ်သူ ဘုန်းကြီးအားလည်းကောင်း၊ သူနှင့် ရန်ညှိုးရှိခဲ့သော အခြားဘုန်းကြီးငါးပါးအားလည်းကောင်း၊ သတ်ဖြတ်ပြီး ပြန်လည် ထွက်ပြေးသွားလေတော့သည်။

ထိုအခါ ရှောင်လင်ဘုရားကျောင်းတစ်ခုလုံး တုန်လှုပ် ချောက်ချားကာ ချက်ချင်း သိုင်းသမားဘုန်းကြီးအပါးပေါင်း လေးဆယ်ကိုလွှတ်၍ ဘုန်းကြီးအားလိုက်လံရှာဖွေဖမ်းဆီးခိုင်း၏။ သို့သော် သိုင်းလောကတစ်ခုလုံး အနံ့ မြေလှန်ရှာဖွေသည့်တိုင် ထိုဘုန်းကြီးအားလုံးဝ ရှာမတွေ့ပါတော့ချေ။

ယင်းပြဿနာကြောင့်လည်း ရှောင်လင်ဘုရားကျောင်းမှာ ဆယ်နှစ်ကျော်ခန့် သိုင်းပညာကျဆင်းခဲ့ရ၏။ နောက်ပိုင်းတွင် တင်းကျပ်သော စည်းမျဉ်းများ ထုတ်လိုက်၏။

ထိုစည်းမျဉ်းကားမည်သူမဆို ဆရာမရှိဘဲသိုင်းပညာကို ခိုးယူ သင်ခဲ့လျှင် အကြီးလေးဆုံးသော အပြစ်ဒဏ်ကိုကျခံရ မည်။ သေဒဏ် သို့မဟုတ် တစ်ကိုယ်လုံးရှိအကြောများ ဖြတ်ပစ်ခံရမည်ဟူ၍ ပင်ဖြစ်ပါ၏။

ထိုအချိန်မှ နှစ်ပေါင်းသုံးဆယ်ကျော်လာသောအခါ မည်သူမျှ သိုင်းပညာကို ခိုး၍ မသင်ယူဝံ့တော့ချေ။

သို့ဖြင့် ရင်နှင့်စဖွယ်ကောင်းသော ထိုအဖြစ်အပျက်ကြီး ကိုလည်း ဘုန်းကြီးများတဖြည်းဖြည်း တစ်စစ မေ့ပျောက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

သို့ရာတွင် ယခု ဉာဏ်ဝါတော်ကြီး ဘုန်းကြီးမှာ ထိုစဉ်က တာမာကျောင်းတိုက် ဆရာတော်ကြီးချုကျိုး၏ နောက်ဆုံးတပည့် ဖြစ်ရာ သူ့ဆရာ မရှုမလှ ပျံလွန်တော်မူခဲ့ရသည့် အကြောင်းကို မေ့ပျောက်၍မရနိုင်အောင် ဖြစ်ခဲ့၏။

ယခုလည်း ကျန်းဆန်းဖုန်းက ဆရာမရှိဘဲနှင့် မိမိဘာသာ သိုင်းပညာသင်ယူခဲ့ကြောင်း သိရ၏။ ထိုအဖြစ်အပျက်ဟောင်း ကို ချက်ချင်းပြန်လည်သတိရလာပြီး နာကြည်းဒေါသဖြစ်နေခြင်း ပင်ဖြစ်ပါ၏။ ကြွယ်ရှင်မှာလည်း ယခုမှပင် ထိုအကြောင်းကို ရုတ်တရက် သတိရလာပြီး တစ်ကိုယ်လုံးဖောချွေးပြန်လာလေ၏။ သူက တုန်လှုပ်ချောက်ချားစွာအော်၍...

'ဆရာတော်ကြီးဘုရား ဒါ ဒါက ကျန်းဆန်းဖုန်းရဲ့ အပြစ်မဟုတ်ပါဘူး'

ကြွယ်ရှင် စကားမဆုံးမီ လက်ရှိ တာမာကျောင်းတိုက် ဆရာတော် ဟူရှန့်က အော်၍...

'တာမာကျောင်းတိုက်က တပည့်တွေအားလုံး ထွက်ပြီး ကျန်းဆန်းဖုန်းကို ဖမ်းချုပ်ကြစမ်း'

ဆရာတော် အမိန့်အဆုံးတွင် တာမာကျောင်းတိုက်မှ ဘုန်းကြီးတစ်ဆယ့်ရှစ်ပါး ချက်ချင်းထွက်လာပြီး ကြွယ်ရှင်နှင့်



ကျန်းဆန်းဖုန်း တို့ကို ဝိုင်းထားလိုက်၏။

လင်းလင်းသည်ပင်လျှင် ဝိုင်းရံထားခြင်း ခံလိုက်ရ၏။

ဝါတော်ကြီး ဘုန်းကြီးကလည်း အော်ပြန်၏။

'ဟိတ်...လိုဟန့်ကျောင်းတိုက်က တပည့်တွေ ဘာလုပ်နေကြတာလဲ၊ ဝိုင်းဖမ်းကြလေ'

ထိုအခါ လိုဟန့်ကျောင်းတိုက်မှ ဘုန်းကြီးတစ်ရာ့ရှစ်ပါး ထံ့ ထွက်လာပြီး တစ်ထပ် ထပ်၍ ဝိုင်းလိုက်ပြန်၏။ ကျန်းဆန်းဖုန်းမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့ချေ။ သူက တုန်လှုပ်သော အသံဖြင့်...

'ဆရာ တပည့်တော်'

ကြွယ်ရှင်မှာ ရင်နင့်သွားရ၏။

အမှန်မူ ကြွယ်ရှင်သည် ဤတပည့်လေးနှင့် ဆယ်နှစ်ကျော်မျှ အတူတကွ နေထိုင်လာခဲ့ရာ သားအဖကဲ့သို့ သံယောဇဉ်တွယ်နေမိနေပြီ။ ပြီးကျန်းဆန်းဖုန်းသာ အဖမ်းခံလိုက်ရလျှင် အသတ်ခံရဖို့များ၏။ အသတ်မခံရလျှင်လည်း ဒုက္ခိတဖြစ်ဖို့ များလှ၏။

ကြွယ်ရှင်က တပည့်ဖြစ်သူ၏ ကြုံရမည့် အဖြစ်ဆိုးကို ကြည့်ရက်တော့။

ထို့ကြောင့် ချက်ချင်းပင် ကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးထက်မှ သံပုံးမှာ ရုတ်တရက် စောင်းသွားပြီးဘယ်ဘက်သံပုံးဖြင့် လင်းလင်းကို ဆွဲယူကာ ညာဘက်သံပုံးဖြင့် ကျွန်းဆန်းဖုန်းအား ဆွဲထည့်လိုက်၏။

တစ်ဆက်တည်းတွင်ပင် ကိုယ်ကို ခုနစ်ပတ်ခန့် လှည့်ပတ်လိုက်သဖြင့် သံပုံးများလည်း စက်ဝိုင်းပမာ လည်ပတ်သွားလေ၏။

ကြွယ်ရှင်၏ အတွင်းအားက ပြည့်ဝလွန်းသဖြင့် လှည့်ပတ်နှုန်းမှာ ကြောက်စရာကောင်းလောက်အောင် ရှိနေ၏။ ထို့ကြောင့် ဝန်းရံထားသော ဘုန်းကြီးများမှာ နံဘေးသို့ ရှဲသွားကြ၏။ ထိုအခါ အခွင့်ကောင်းကို ယူလျက် ကြွယ်ရှင်က ထိုနေရာမှ တစ်ချိုးတည်းထွက်ပြေးလေတော့၏။

ဘုန်းကြီးများက ကြွယ်ရှင်ပြေးရာနောက်သို့ ညာသံပေး၍ လိုက်ကြလေ၏။ တာမာကျောင်းတိုက် ဘုန်းကြီး တစ်ဆယ့်ရှစ်ပါးသည်လည်း မြင်းကိုယ်စီဖြင့် လိုက်လာကြ၏။

သို့သော် ကြွယ်ရှင်မှာ တစ်ကိုယ်လုံးရှိ အတွင်းအားကိုသုံး၍ ပြေးလာခဲ့ရာ နောက်မှ လိုက်လာသူများ တဖြည်းဖြည်းနှင့် ဝေး၍ ကျန်ရစ်ခဲ့ကြ၏။ နောက်ဆုံးတွင် မြင်းတစ်ဆယ့်ရှစ်ကောင်သာ နောက်မှ လိုက်လာသည်ကို တွေ့ရ၏။

နာရီပေါင်း အဘယ်မျှ ကြာအောင် ပြေးနေသည်တော့



မသိ။ တဖြည်းဖြည်းနှင့် နောက်မှ ဆက်လိုက်လာသော မြင်းခွာသံများလည်း မကြားရပါတော့ချေ။ နောက်ဆုံးတွင် ကြွယ်ရှင်တို့သည် အအုပ်အဆိုင်းကောင်းသော တောအုပ်တစ်ခုထဲသို့ ရောက်လာကြလေ၏။

သို့ရာတွင် နာရီပေါင်းများစွာ အားကုန်စုစည်း၍ ပြေးခဲ့ရသဖြင့် ကြွယ်ရှင်မှာ လွန်စွာ မောဟိုက်လျက်ရှိရှာ၏။ သူ့ပခုံးထက်မှ သံပုံးများကိုပင် မချနိုင်တော့ပေ။

ကျွန်းဆန်းဖုန်းနှင့် ကောလင်းလင်းတို့လည်း ဘေးရန်ကင်းရာရောက်ပြီမှန်း သိသည်နှင့် ချက်ချင်းပင် သံပုံးထဲမှ ခုန်ထွက်လိုက်ကြ၏။ ပြီးမှ ကြွယ်ရှင်၏ ပခုံးပေါ်မှ သံပုံးများကို ချပေးလိုက်ကြ၏။

ကျွန်းဆန်းဖုန်းသည် လွန်စွာမောဟိုက်နေသော ဆရာဖြစ်သူကို ကြည့်ရင်း မျက်ရည်များပင် ရီဝေလာ၏။

'ဆရာ အေးအေးဆေးဆေးနားလိုက်ပါဦးတော့၊ တပည့်တော်စားစရာတွေ သွားရှာလိုက်ပါဦးမယ်'

ကျွန်းဆန်းဖုန်းက ချက်ချင်းပင် တောအုပ်များအတွင်းသို့၍ သစ်ဥသစ်သီးများကို ရှာဖွေလာခဲ့၏။ ထို့နောက်သုံးဦးသား ဝလုပ်ဝလောင်း စားပြီး ကျောက်တုံးကြီးတွင် ကျောမှီကာ အနားယူလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အနားယူစဉ် ကော့လင်းလင်းက မကျေနပ်သံဖြင့် ဆိုလေ၏။

'ပိုဒ္ဓ ခွန်းလွန်းဘုရားသုံးဆူ ဟိုကျူးတောက် ရှောင်လင်ဘုရားကျောင်းကို ရောက်လာတော့ ဘယ်သူကမှ သူ့ကို မယုံဦးပြိုင်ဝံ့ကြဘူး၊ ဦးပဥ္စင်းတို့ ဆရာတပည့်နှစ်ယောက်ကဝင်ကယ်လို့သာ ရှောင်လင်ဘုရားကျောင်းရဲ့ သိက္ခာမချခဲ့တာ၊ အခုတော့ သူတို့က ဦးပဥ္စင်းတို့ကို ကျေးဇူးမတင်ရုံ မကဘူး၊ လိုက်တောင် ဖမ်းကြသေးတယ်၊ ဟင်း တကယ့်ကို တရားကျဖို့ကောင်းတာပဲ'

ကြွယ်ရှင်က စကားကို အဆုံးမသတ်နိုင်၊ အမောဖောက်လာ၍ ရပ်လိုက်၏။ ချောင်းလည်း တဟွပ်ဟွပ် ဆိုးလာနေပြီ။ ကျန်းဆန်းဖုန်းက ဆရာဖြစ်သူ ကြွယ်ရှင်၏ နောက်ကျောကို ဖြည်းညင်းယုယစွာ ထုပေးရင်း...

'ဆရာ...ဆရာ သိပ်မောနေပြီ၊ တစ်ရေးတစ်မော အိပ်လိုက်ပါလား ဆရာ၊ မနက်ဖြန်မှ ဆက်ပြောတာပေါ့နော်' ဟု နားနားကပ်၍ တိုးတိုးပြောနေရှာ၏။

ကြွယ်ရှင်က ချောင်းတဟွပ်ဟွပ်ဆိုနေသည့် ကြားမှ အသံချည့်နဲ့စွာဖြင့်...

'ဟုတ်တယ်၊ အဟွပ် ဟွပ်၊ ငါ ငါ သိပ်မောနေတယ်'



ထို့နောက် ကျန်းဆန်ဖုန်းသည် သစ်ကိုင်း သစ်ရွက်ခြောက်များဖြင့် မီးမွှေးလိုက်၏။ ပြီးသုံးယောက်သား မီးပုံနံဘေးရှိ သစ်ပင်အောက်တွင်လှဲလျောင်း အိပ်စက်လိုက်ကြ၏။ ညဥ့်သန်းခေါင်ချိန်တွင် ကော့လင်းလင်း၏ နားအာရုံထဲသို့ တရားစာရွတ်သံလိုလို ကြားလိုက်ရ၍ အသာအယာ ခေါင်းထောင်ကြည့်လိုက်ရာ နှုတ်မှ တရားစာ ရွတ်ဖတ်နေသော ကြွယ်ရှင်ကိုယ်တော်အား တွေ့လိုက်ရ၏။

'ရန်သူအားက ကိုယ့်ကိုယ်ပေါ်ကို မရောက်ခင် ကိုယ့်ရဲ့အားက ရန်သူရဲ့ အရိုးထဲကို အလျင်ရောက်နေရမည်။ လက်နှစ်ဖက်ကို ဆန့်တန်းပြီး အားလှိုင်းကို တစ်ဆက်တည်း ပြေးလွှားနေစေရမည်။ ညာလက် အားထုတ်လျှင် ဘယ်ကိုလျှော့၊ ဘယ်အားထုတ်လျှင် ညာကိုလျှော့'

ကော့လင်းလင်း တစ်ချက်မျှ ရင်တုန်သွား၏။ စိတ်ထဲမှ

'ဒီဘုန်းကြီးက တရားစာ ရွတ်ဖတ်နေတာမှ မဟုတ်ဘဲ၊ ကွတ်သိုင်းပညာရဲ့ အတွင်းအနှစ်သဘောတရားပိုင်းကို ဖတ်နေတာလိုပဲ' ဟု ရေရွတ်နေမိ၏။

ကြွယ်ရှင်၏ အသံကို ဆက်လက်ကြားရပြန်၏။

'အားလှိုင်းမှာ လှည်းဘီးနှင့်တူ၏။ စက်ဝိုင်းကဲ့သို့ ဆက်မပြတ်ဘဲ့ ဝတ်နိုင်သော နေရာရှိလျှင် ကိုယ်ဟန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားမည်။ သည့်ချွတ်ယွင်းချက်မှာ ခါးနှင့် ခြေထောက်အနေ
အထားကြောင့် ဖြစ်၏။'

ကော့လင်းလင်းက စဉ်းစားမိပြန်၏။

'ဟုတ်ပြီ၊ ဒါက သိုင်းကျမ်းစာအုပ်ထဲက ရေးသားထားတဲ့
သိုင်းသဘောတရားစာသားတွေပဲ၊ ဒါပေမယ့် ဒီဘုန်းကြီးက
ဘာသိုင်းပညာမှ မတတ်ဘူး၊ သူကစာပေကိုတော့ စူးစူးစိုက်စိုက်
ဖတ်တယ်၊ လေ့လာတယ်၊ ကျန်းဆန်းဖုန်းကလည်း ငါ့ကိုပြော
သွားပဲ၊ ဒီဘုန်းကြီးက တာမာဘော်တီ ဆရာတော်ကြီးကိုယ်တိုင်
ရေးသားခဲ့တဲ့ ကျမ်းစာအုပ် တစ်အုပ်ထဲက 'နေစကြာ ကျင့်စဉ်'
တစ်ပုဒ်ရေးသားထားတာ တွေ့ရတော့ ဘုန်းကြီးတွေရဲ့ ကျန်းမ
ရေးအတွက် လေ့ကျင့်တဲ့ တရားကျင့်စဉ်တွေလို့ ထင်ပြီး
ကျင့်ကြံလိုက်တာ အခုတော့ မယုံကြည်နိုင်လောက်အောင်
အတွင်းအားက ကြောက်ခမန်းလိလိ ပြည့်ဝခဲ့တယ်၊ အဖေအမေ
အဘိုးတို့ကတော့ ဒီဘုန်းကြီးလောက် အတွင်းအား မပြည့်ဝဘူး
အခု သူရွတ်ဆိုနေတာလဲ နေစကြာ ကျင့်စဉ်ပဲလား မသိဘူး'

လင်းလင်းက ထိုအချက်ကို စဉ်းစားမိလိုက်သည်နှင့်
ချက်ချင်းပင် လှဲလျောင်းနေရာမှ ရန်သူကို အောင်နိုင်မည့်
ကိုယ့်ကိုယ်ကို လိုက်လျောလျှင် နေ၏။ ရန်သူကို လိုက်လျော
လျှင် သွက်လက်၍ ရန်သူ့ကို လိုက်လျောမှ အားချက်



ကျမှန်ကန်၏။ လက်ဟန် ခြေဟန်မှန်ကန်၏။ ရန်သူ၏
အကွက်ကို ချင့်ချိန် တွက်ဆနိုင်၏'

ကော့လင်းလင်း မျက်မှောင်ကုတ်လိုက်မိ၏။ စိတ်ထဲ
လည်း . . .

'ဘယ်ဟုတ်ရမှာလဲ၊ အဖေနဲ့ အမေက အမြဲတမ်း ပြော
တာပဲ၊ ရင်သူနဲ့ ရင်ဆိုင်တဲ့အခါမှာ ရန်သူကို ကိုယ်က
လျင်လက်ဦးမှု ယူရမယ်တဲ့၊ အခု ဒီဘုန်းကြီးမှားနေပြီ'ဟု
ရွတ် လိုက်မိပြန်၏။

ကြွယ်ရွှင်အသံ ပေါ်လာပြန်၏။

'သူ မလှုပ်ရှားလျှင် ကိုယ်လဲ မလှုပ်ရှားနှင့်၊ သူအနည်း
ယ်လှုပ်ရှားလိုက်သည်နှင့် ကိုယ်၏ လှုပ်ရှားမှုမှာ ပြီးနေပြီး
ဖြစ်ရမည်။ အားမှာ ဖျော့ထားသလိုနှင့် မဖျော့၊ အားမှာ
ထုတ်သလိုနှင့် ထုတ်၍၊ အားမှာ ပြတ်မလိုနှင့် မပြတ်'

ကော့လင်းလင်းမှာ နားစွင့်ထောင်လေ ပို၍ နားမလည်
ဖြစ်နေ၏။ ကြွယ်ရွှင်ဆိုသော သိုင်းကျင့်စဉ်သဘောတရားမှာ
သိခဲ့သော သဘောတရားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ
သောကြောင့်ပင်ဖြစ်၏။

ကော့လင်းလင်းက နားစိုက်ထောင်လိုက်၏။ မိမိဘာသာ
ဉ်းစားလိုက်နှင့်ရှိရာ ကြွယ်ရွှင်၏ တချို့သော ရွတ်ဆိုသံများကို

www.burmeseclassic.com

www.burmeseclassic.com



မကြားလိုက်ရှာချေ။

ထိုစဉ် ကျန်းဆန်းဖုန်းကလည်း လရောင် ဆမ်းပက်ထား ရာ နေရာတွင်ပင် တင်ပျဉ်ခွေထိုင်ရင်း နားစိုက်ထောင်နေသည် ကို လင်းလင်းတွေ့လိုက်ရ၏။ ကော့လင်းလင်းက ချက်ချင်း အတွေးတစ်မျိုးပေါက်သွားပြန်၏။

'ဘာပဲဖြစ်ဖြစ်၊ ငါ့အသည်းထဲ သံမှိုနက်သလို စွဲသွား အောင် ကျကျနန တေးမှတ်ထားလိုက်မယ်၊ ဒီဘုန်းကြီးရဲ့အတွင်း အားက ဒီလောက်ပြည့်ဝနေပုံထောက်တော့ သူ့ရဲ့ ကျင့်စဉ်က မှားနိုင်မယ်မထင်ဘူး'

ကြွယ်ရှင်မှာမူ မျက်စိကို စုံမှိတ်၍ နှုတ်ခမ်းလှုပ်ရုံ တိုး တိုးညင်ညင် ဆက်လက်ရွတ်ဆိုနေ၏။ တစ်ခါတစ်ရံ ဘုရားစာ ရွတ်လိုက်၊ တစ်ခါတစ်ရံ နေစကြာကျင့်စဉ်ထဲမှ စာပိုဒ်ကို ရေရွတ်လိုက်နှင့်။

ကော့လင်းလင်းနှင့် ကျန်းဆန်းဖုန်းတို့မှာ နားထောင်ရင်း ခေါင်းရှုပ်သွားကြ၏။ သို့သော် ကော့လင်းလင်းမှာ ဉာဏ်ကောင်း သူလေးဖြစ်ရာ ကြွယ်ရှင်က နေစကြာကျင့်စဉ်ကို ဖောက်ထိုးနှိုး မှောက် ရွတ်ဆိုသည့်တိုင် ဆယ်ပုံလျှင် သုံးပုံခန့် သူမ သိသွား ၏။ နောက်ဆုံးတွင် ကြွယ်ရှင်က . . .

'အားကို ရန်သူထံမှ ငှားယူရမည်။ လေကို ချက်အောင်

က ထုတ်ရမည်။ ရန်သူက ပိဿာတစ်ရာအလေးကို မိမိက လေးပိဿာအားဖြင့် ဖယ်ထုတ်နိုင်ရမည်'

ကြွယ်ရှင်၏ အသံမှာ တဖြည်းဖြည်း တိုးညှင်းသွားပြီး နောက်ဆုံးတွင် လုံးဝ အသံပျောက်သွားတော့၏။ အိပ်ပျော်သွား ဟန်တူပေသည်။

ထိုအချိန်တွင် ကော့လင်းလင်းနှင့် ကျန်းဆန်းဖုန်းသည် မလှုပ်ရှားရဲကြ။ သူတို့သည် စောစောက ကြားခဲ့သော နေစကြာ ကျင့်စဉ်ထဲမှ စာပိုဒ်တွေကိုသာ ခေါင်းထဲတွင် သံမှိုစွဲသလို စွဲ အောင် မှတ်သားနေကြ၏။

သို့ဖြင့် အရှေ့မိုးကောင်းကင်တွင် နေရောင်ခြည်များလှုပ ရှား ကွန့်မြူးလာပြီဖြစ်၏။ တောအုပ်အတွင်းတွင်လည်း နွေးထွေး သော နေရောင်ခြည်များ ဟိုတစ်ကွက်သည်တစ်ကွက် ဆမ်းပက် သား၏။

ထိုအချိန်ထိ ကြွယ်ရှင်သည် တင်ပျဉ်ခွေ ထိုင်မပျက်ရှိနေ ဆဲ၊ ငြိမ်သက်စွာရှိနေဆဲပင်။ ကျန်းဆန်းဖုန်းကတော့ ကော့လင်း လင်းအား အသံတိုးတိုးဖြင့် . . .

'ကျုန်တော် အစာသွားရှာလိုက်ဦးမယ်'ဟု ဆိုကာ ထိုင်ရာ နေရာမှ ထွက်ခွာသွားရန်ပြု၏။

ထိုအခိုက် ခပ်လှမ်းလှမ်းသစ်ပင်နောက်ကွယ်မှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ဘုန်းတော်ကြီးတစ်ပါးကိုအံ့သြသင့်ဖွယ်ရာ တွေ့လိုက်ကြရ၏။ ထိုဘုန်းကြီးမှာ လိုဟန့်ကျောင်းတိုက်မှ ဆရာတော်ကြီး ဟူဆက်ပင်ဖြစ်ပါ၏။

ကော့လင်းလင်းက အံ့သြခြင်း၊ ဝမ်းသာခြင်းပြွမ်းသော အသံဖြင့် . . .

'ဆရာတော်ကြီး အမိ လိုက်လာတာကိုး ဘာလဲသူတို့ဆရာ တပည့်နှစ်ယောက်ကို တကယ်ဖမ်းသွားတော့မှာလားဘုရား'

ဟူဆက် ဆရာတော်က လက်ကာပြလျက်

'ဘုန်းကြီးက တစ်ယူသန်သမားမဟုတ်ပါဘူး၊ အမှန်ဆိုရင် ဘုန်းကြီး ဒီနေရာကို ရောက်တာ ညဥ့်သန်းခေါင်ယံကတည်းကပါပဲ၊ ကဲ ထားပါတော့၊ ကြွယ်ရှင်ကိုဖမ်းဖို့ ဟူရှမ်ဆရာတော်ကိုယ်တိုင် တပည့်တွေကို ဦးဆောင်ပြီး အရှေ့ဘက်ကို ဦးတည်သွားကြလေရဲ့၊ ဒီတော့ ဒကာမလေးက သူတို့နှစ်ယောက်ကို ခေါ်ပြီး အနောက်ဘက်ကို ဦးတည်ပြေးကြပေတော့'

ဟူဆက်ဆရာတော် ယင်းသို့ဆိုလျှင် ကြွယ်ရှင်သည် အရေးမမှုချေ။ မလှုပ်မယှက်ပင် တင်ပျဉ်ခွေထိုင်မပျက်။ မျက်စိလည်း အလျှင်းမဖွင့်။ ကျန်းဆန်းဖုန်းက ကြွယ်ရှင်အနားသို့ ကပ်၍



'ဆရာ ထတော့လေ၊ ဆရာတော်ကြီး ဟူဆက် ရောက်နေပြီဆရာ'

ကြွယ်ရှင်က တုတ်တုတ်မျှမလှုပ်။

ကျန်းဆန်းဖုန်းမှ ချက်ချင်း ထိတ်လန့်သွားပြီး ကြွယ်ရှင်၏ နဖူးကို စမ်းသပ်ကြည့်လိုက်ရာ အေးစက်လျက်ရှိနေပေပြီ။

ကြွယ်ရှင်ကား ပျံတော်မူသွားပြီ ဖြစ်ပါ၏။

ကျန်းဆန်းဖုန်းမှာ ပူဆွေးလျက် ရှိုက်ငင်ကာ ငိုကြွေးလေ၏။ လင်းလင်းမှာလည်း မျက်လုံးစုံ ပြူးစိုင်းကာ ကျိတ်၍ရှိုက်မိ၏။ ဟူဆက်ဆရာတော်မှုဘုရားစာရွတ်၍ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

မရှေးမနှောင်းအချိန်မှာပင် ကျန်းဆန်းဖုန်းနှင့် ကော့လင်းလင်းတို့သည် ကြွယ်ရှင်ကိုယ်တော်အား မီးသင်္ဂြိုဟ်လိုက်ကြပြီးနောက် လင်းလင်းက

'ကျန်းဆန်းဖုန်းရေ မင်းနဲ့ ငါ ဒီနေရာကပဲ လမ်းခွဲရမယ်'

ကျန်းဆန်းဖုန်းက ရီမှိုင်းသော အကြည့်ဖြင့် . . .

'မမလင်းက ဘယ်ကို သွားမှာလဲ'

အမှန်မှု ကော့လင်းလင်းမှာ ချစ်သူ စွန့်ပစ်ခြင်းခံရ၍ စိတ်ပြေလက်ပျောက် ခြေဦးတည့်ရာ သွားနေသူလေးသာ ဖြစ်ရာ

'ငါကတော့ ခရီးအတည်တကျ မရှိပါဘူးကွယ်၊ ငါ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ငါ ဘယ်သွားလို့ ဘယ်လာမယ် ဆိုတာလဲ မသိရသေးဘူး ဒီလိုလုပ်ပါ ကျန်းဆန်းဖုန်း၊ မင်းကို ရှောင်လင် ဘုန်းကြီးတွေက ဖမ်းမယ်ဆီးမယ် ရှာနေတော့ကာ'

လင်းလင်းစကားမဆုံးမီ လက်ကောက်တစ်ဖက်ကို ချွတ်၍ ကျန်းဆန်းဖုန်းအား ပေးလိုက်ပြီး...

'ဒီလက်ကောက်နဲ့ မင်း လန်ရန်မြို့ကို သွားပြီးတော့ ငါ့အဖေနဲ့ အမေကို ရှာလိုက်ပါ၊ သူတို့က မင်းကို ကောင်းကောင်း စောင့်ရှောက်လိမ့်မယ်၊ ရှောင်လင်ဘုန်းကြီးတွေ ဘယ်လောက်ပဲ ရက်စက်ရက်စက် ငါတို့အဖေအမေ ရှေ့မှာ မရက်စက်ဝံ့ဘူး ကဲ... သွားပေတော့ ကျန်းဆန်းဖုန်း'

ထို့နောက် လင်းလင်းသည် ထိုနေရာမှ ထွက်ခဲ့တော့သည်။

ကျန်းဆန်းဖုန်းမှာ နာကြည်းဖွယ်ရာကောင်းသော အထီးကျန်ဘဝကို ကြေကွဲစွာပိုက်ထွေးလျက် အနာဂတ်တွင် ဘယ်သို့ ဘယ်ပုံ နေထိုင်သွားရမည်ကိုပင် မစဉ်းစားတတ်အောင် ဖြစ်နေရှာပါ၏။ နောက်ဆုံးတွင် ကျန်းဆန်းဖုန်းသည် သူ့ဆရာကြွယ်ရှင် စွန့်ခဲ့သော သံပုံးကြီးနှစ်လုံးကို ပခုံးပေါ်ထမ်း၍ ဦးတည်ချက် မရှိသော ခရီးကြမ်းကို နှင်ရရှာလေတော့၏။

လဝက်ခန့်ကြာ၏။ ဟူပေနယ်သို့ ကျန်းဆန်းဖုန်း



ရောက်ရှိလာ၏။ ထိုနယ်မှာ လန်ရန်မြို့နှင့် အလှမ်းမကွာပါ ဖြစ်၍ ချေ။ သို့နှင့် ကျန်းဆန်းဖုန်းသည် မြင့်မားသော တောင်ကြီးတစ်တောင်၏ အခြေတွင် ထိုင်၍ ဘဝအပူအတွက် တွေးတောရင်း အနားယူနေလိုက်၏။

ထိုတောင်ကြီးကား ဟူတန်းတောင်ဖြစ်၏။

မြင့်မားပြီး တောအုပ်များဖြင့်ညို့မှိုင်းစိမ်းစိုနေ၏။ သူက တောင်၏လှပခြင်း၊ တော၏ သာယာခြင်းရသကို ခံစားနေမိစဉ် ရုတ်တရက် သူထိုင်နေရာနံဘေးမှ လင်မယားနှစ်ယောက် ဖြတ်လျှောက်သွား၏။ လင်မယားနှစ်ယောက်မှာ လမ်းလျှောက်သွားရင်း တတွတ်တွတ်နှင့် တွတ်တိုးကာ နေကြ၏။

မိန်းမဖြစ်သူက ရုတ်တရက် အသံမြှင့်၍...

'ရှင်က လူပျင်းရေသာခိုသမားသက်သက်ပဲ၊ ယောက်ျားရင့်မာကြီးတစ်ယောက်လုံးဖြစ်လျက်သားနဲ့ ကိုယ့်ဒူးကိုယ်မချွန်ဘူး၊ အစ်မဆီမှာပဲ ကပ် ကပ်နေချင်တယ်၊ ဒီလို သူများဆီ သွားကပ်နေတော့ ရှင့်ကို ဘယ်သူက အထင်ကြီးမှာလဲ၊ အထင်သေးအမြင်သေး အစော်ကားခံရတော့မှာပေါ့၊ ကျွန်မတို့မှာ ခြေလက်အစုံ သန်သန်မာမာရှိသားပဲဟာ၊ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်ရင် ထမင်းတစ်နပ်တော့ စားရမှာပဲရှင့်'

ယောက်ျားလုပ်သူက ခေါင်းငုံ့လျက်နေ၏။ တစ်ခွန်းမျှ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို့မပြန်ရဲ။

ထိုစကားကိုကြားသော် ကျန်းဆန်းဖုန်းမှာ မျက်စိရှော နားပါ ပွင့်သွားခဲ့၏။ အထီးကျန်ဘဝအတွက် အားငယ်စိတ်များ ချက်ချင်းပြေပျောက်သွား၏။ တစ်ကိုယ်လုံး အားမာန်သစ်ဖြင့် ပြည့်ဖြိုးလာသလို ထင်မှတ်ရ၏။

သူက ချက်ချင်း စဉ်းစားလိုက်၏။

'ငါကသာ ကောလင်းလင်းတို့အိမ်ကိုသွားရင် သူများတွေက ငါ့အပေါ်ဘယ်လိုဆက်ဆံကြမလဲ၊ ငါက သန်မာတဲ့ လူငယ် ယောက်ျားပျိုတစ်ယောက်ပဲ၊ ငါ့ဘာသာ ငါ့ဘဝကို ထူထောင်လို့ ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်ကို ဖြစ်ရမယ်'

ကျန်းဆန်းဖုန်းသည် သံမဏိဆုံးဖြတ်ချက်ကို ချပြီးနောက် သံပုံးနှစ်ပုံးကိုဆွဲ၍ ဟူတန်းတောင်မကြီးပေါ်သို့ တက်ခဲ့လေတော့သည်။ ထို့နောက် လုံခြုံစိတ်ချရသော ကျောက်ဂူကြီးတစ်ခုကို ရှာပြီး အိမ်ရာအဖြစ် နေထိုင်လိုက်သည်။ ရေငတ်လျှင် တောင်ကျချောင်းရေကိုသောက်၍ ဆာလျှင်မူ သစ်သီးသစ်ဥများ စား၏။

အားလပ်သော အချိန်ပိုင်းတွင်မူ သူက သူ့ဆရာကြွယ်ရှင်ကိုယ်တော်ဆီမှ ဝိုးတဝါး ကြားခဲ့ရသော 'နေစကြာ' ကျင့်စဉ်များမှ သူမှတ်မိသော စာပိုက်များကို လေ့ကျင့်အားထုတ်ခဲ့လေသည်။



ကျန်းဆန်းဖုန်းမှာ ဉာဏ်ရည်လည်းကောင်းသူဖြစ်၍ နေ့စဉ်မပြတ် ကျင့်ကြံအားထုတ်ခဲ့ရာ နောင်ဆယ်နှစ်ခန့်ကြာလတ်သော် အတွင်းအားပိုင်းမှာ မူလထက် အဆပေါင်း မြောက်မြားစွာ တိုးတက်လာလေတော့၏။

တစ်နေ့ ကျန်းဆန်းဖုန်းသည် တောင်ထိပ်တစ်နေရာ၌ ကြီးမားသောမြွေကြီးတစ်ကောင်နှင့် သိန်းငှက်တစ်ကောင်၊ ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို ရူးစိုက်ကြည့်နေရာမှ သူက သိုင်းပညာသဘောတရားအသစ်တစ်ခုကို တွေ့ရှိသွား၏။

သူက ကျောက်ဂူကြီးထဲသို့ ချက်ချင်းပြန်လာပြီး ခုနစ်ရက်တိတိ ကမ္ဘာ့ဌာန်းထိုင်ကာ စဉ်းစားတွေးတောလိုက်၏။

နောက်ဆုံးတွင် သူက သိုင်းပညာ သဘောတရားသစ်ကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းသည်နှင့် 'နေစကြာ' ကျင့်စဉ် အပိုင်းအစလေးများနှင့် ပေါင်းစပ်နိုင်ခဲ့ပြီး သိုင်းပညာတွင် ပထမဦးဆုံးအကြိမ်ဖြစ်သော အပျော့အားဖြင့် အမာအားကို အနိုင်ယူလိုက်သည့် သိုင်းပညာအသစ်အဆန်းတစ်ခုကို တီထွင်နိုင်ခဲ့လေသည်။

ထိုအချိန် ထိုကာလမှစ၍ ကျန်းဆန်းဖုန်းမှာ ထိုသိုင်းပညာသဘောတရားအသစ်ကို အကြောင်းပြု၍ ဟူတန်း သိုင်းပညာဟု အမည်ပေးခဲ့ပြီး သူသည်လည်း ဟူတန်းဂိုဏ်း၏ ခေါင်းဆောင်ဆရာတော်ကြီး ဖြစ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောဇလင်းလင်းမှ သိုင်းလောကတွင် ခြေဦးတည့်ရာ လှည့်ပတ်သွားလာနေရာမှ နောက်ဆုံးတွင် တရားသံဝေဂရကာ ဝါမေတောင်သို့ တက်ရောက်၍ မယ်သီလရင် ဝတ်လိုက်သည်။

ထို့နောက် ဝါမေတောင်တွင် သိုင်းပညာကို ဆက်လက်လေ့လာရင်း တပည့်တပန်းမွေးကာ ဝါမေဂိုဏ်းကို တည်ထောင်လိုက်လေသည်။

ခွန်းလွန် ဘုရားသုံးဆူမှာလည်း ရှောင်လင်ကျောင်းတွင် ယှဉ်ပြိုင်မှု အရေးနိမ့်သွားပြီးနောက် သူက သူ့နှုတ်ကတိအတိုင်း တကယ်ပင် မြေပြန့်သို့ မဆင်းတော့ချေ။

ခွန်းလွန်တောင်တွင်ပင် တပည့်တပန်းများ လက်ခံပြီး သိုင်းပညာကို ဆက်လက် သင်ကြားပို့ချပေးခဲ့၏။

ထို့ကြောင့် ခွန်းလွန်ဂိုဏ်းမှာ ပြေပြန့်အထိ ကျယ်ပြန့်လာသည့်တိုင် ဆက်လက် တည်ရှိနေလေသည်။

ထို့နောက် . . .

ထို့နောက်တွင်မူ သိုင်းလောက တစ်ခွင်တွင် ရှောင်လင်ဟူတန်း၊ ဝါမေ၊ ခွန်းလွန်ဟူ၍ ဂိုဏ်းကြီးလေးဂိုဏ်း ထီးထီးမားမား ပေါ်လာပြီး နာမည်အကျော်ကြားဆုံး ဖြစ်ခဲ့လေတော့သည်။

ကြွယ်ရှင်ကိုယ်တော် ပုံလွန်တော်မမူမီ နေစကြာသိုင်းကျင့်စဉ်ကို ဟိုတစ်ပိုဒ် သည်တစ်ပိုဒ် ရွတ်ဆိုခဲ့ရာ ထိုစဉ်က ကော



လင်းလင်း၊ ကျန်းဆန်းဖုန်းနှင့်ဟူဆက်ဆရာတော်တို့ သုံးစဦးစလုံး နားထောင်ခဲ့ရ၏။

သို့သော် ထိုသုံးဦးသည် ဉာဏ်ရည်ချင်း မတူကြသဖြင့် မှတ်ဉာဏ်နှင့် နားလည်မှုလည်း မတူကြချေ။

ထို့ကြောင့် ထိုသုံးဦးမှ ဆင်းသက်လာသော ဝါမေ၊ ဟူတန်းနှင့် ရှောင်လင်ဂိုဏ်း၏ သိုင်းပညာများမှာ အခြေခံအားဖြင့် တူသော်လည်း အနှစ်သာရတွင်မူ များစွာ ကွဲပြားခြားနားကြသသည်။ ဆရာတစ်ဦးပညာရည်တစ်မျိုးစီ ကွဲထွက်သွားသောသဘောပင်။

သို့သော် ထိုအချိန်ကာလသည်ကား မွန်ဂိုတပ်များက အရှေ့ပြည် တစ်ပြည်လုံးကို သိမ်းပိုက်ပြီးသကာလ တိုင်းသူပြည်သားများအား ညှဉ်းပန်းနှိပ်စက် ဖိနှိပ်ချုပ်ချယ် အာဏာစက်ပြင်းစွာဖြင့် ပြားပြားဝပ်အောင် ချုပ်ချယ်ထားသော အချိန်ပိုင်းဖြစ်၏။

သည်နှယ် ကယောက်ကယက်ခေတ်ကာလပျက်ကြီးထဲတွင် နယ်ချဲ့သမားအား တစ်နေ့နေ့ တစ်ချိန်ချိန် တွန်းလှန်နိုင်ရန် တွင်းကျိတ်၍ စည်းလုံးနေကြသော တော်လှန်သော သိုင်းပညာရှင် အကျော်အမော်များလည်း အဆက်မပြတ် ထွက်ပေါ်လျက်ရှိနေလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်ကား မွန်ဂိုဘုရင် နန်းတက်သည်မှာ အနှစ်ခြောက်ဆယ်မြောက် ရှိသွားပေပြီ။

တောင်ပိုင်းပင်လယ်ကမ်းခြေတစ်နေရာတွင် ဖြစ်၏။

အသက်သုံးဆယ်ခန့် လူတစ်ယောက်သည် ခြေလှမ်းကြီးဖြင့် ကမ်းခြေလမ်းမကြီးအတိုင်း လျှောက်လှမ်းလျက်ရှိ၏။ ထိုသူငယ်မှာ လွန်စွာ စိတ်ဆောနေဟန် တူ၏။ သူက ခြေလှမ်းကြီးများဖြင့် တစိုက်စိုက်လျှောက်နေ၏။ စိတ်ထဲမှလည်း . . .

'ဒီနေ့ဟာ သုံးလ နှစ်ဆယ့်လေးရက်၊ လေးလကိုးရက်ရောက်ဖို့ ဆယ့်လေးရက်ပဲ လိုတော့တယ်၊ လမ်းခရီးမှာ ဘာယ်ညှိ မကြန့်ကြာမှ ဟူတာန်းတောင် ရိရှင်ကျောင်းဆောင်ကို အမီရောက် မယ်၊ ဒါမှ ကျေးဇူးရှင်ဆရာရဲ့ အနှစ်ကိုးဆယ်မြောက် မွေးနေ့



ဆုမွန်ကောင်းတောင်းပေးနိုင်မှာ'

လူငယ်သည်ကား ရိတိုက်ရှင်ဖြစ်၏။

သူသည် ဟူတာန်ဂိုဏ်း၊ ဂိုဏ်းခေါင်းဆောင် ဆရာတော်ကြီး ကျန်းဆန်းဖုန်း၏ တတိယမြောက် သိုင်းတပည့် ဖြစ်လေသည်။ ကျန်းဆန်းဖုန်းမှာ အသက်ခုနစ်ဆယ်ပြည့်သောနှစ်တွင် သိုင်းပညာကို တစ်ဖက်ကမ်းခပ် တတ်ကျွမ်းသွား၍ သူက ထိုနှစ်မှစကာ သိုင်းတပည့်များကို လက်ခံခဲ့၏။

ကျန်းဆန်းဖုန်းသည် ယခုသော် အသက်ကိုးဆယ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း သူ့တပည့် အကြီးဆုံးဖြစ်သော ချိုရှင်ချောင်းမှာ အသက်လေးဆယ်ပင် မပြည့်သေးပါချေ။

သူ့တွင် အားလုံးလက်ရုံးတပည့် ခုနစ်ယောက်ရှိရာ အငယ်ဆုံးမောကုဆန်းမှာ အသက်နှစ်ဆယ်ကျော်သာ ရှိသေးသည်။ ထိုတပည့်ခုနစ်ယောက်မှာ အသက်ပင် ငယ်ရွယ်ကြသော်လည်း သိုင်းလောကတွင်မူ နာမည် ဟိုးဟိုးကျော်ကြားနေပေပြီ။ သိုင်းလောကသားများက ဟူတာန်းခုနစ်ဖော်ဟူသောအမည်ကို ကြားသည်နှင့်ပင်။

'ဟူတာန်းခုနစ်ဖော်ဆိုတာ နာမည်ကျော် ဂိုဏ်းဆိုတော့ အပြစ်ပြောစရာဘာမှမရှိဘူး'

ယခု ရိတိုက်ရှင်သည် ဟူတာန်းခုနစ်ဖော်တွင် တတိယ

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဖြစ်၏။ ယခုနှစ် နှစ်ဦးပိုင်းကပင် သူသည် ဆရာ့အမိန့်အရ ဖုကျက်နယ်သို့ ရောက်လာပြီး လုယက်၊ ပစ္စည်းယူ၊ ပြန်ပေးဆွဲ စသည်ဖြင့် ပြည်သူလူထုကို အမျိုးမျိုး ဒုက္ခပေးနေသော လူဆိုးခေါင်းဆောင်တစ်ဦးအား ချေမှုန်းရှင်းလင်းပစ်ခဲ့၏။ ထိုလူဆိုးခေါင်းဆောင်ကြီးမှာ သိုင်းပညာတတ်ကျွမ်းရုံမက ကောက်ကျစ် ပါးနပ်သူလည်းဖြစ်ရာ ရှောင်တိမ်းထွက်ပြေးနေ၍ ရိုတိုက်ရှင်သည် ထိုသူအား အချိန်အတော်ပင်ကြာအောင် ရှာဖွေရှင်းလင်းသုတ်သင်ခဲ့ရလေသည်။ ယခု ရိုတိုက်ရှင်ကား ဆရာပေးသော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပြီးသည်နှင့် ဆရာမွေးနေ့ပွဲအမီ ဟူတန်းတောင်သို့ အလျင်အမြန် ပြန်လာခဲ့ခြင်းဖြစ်၏။

သူသည် ပင်လယ်ကမ်းခြေလမ်းမကြီးပေါ်တွင် လျှောက်နေရာမှ လမ်းမကြီးမှာ တဖြည်းဖြည်း သေးငယ် ကျဉ်းမြောင်းလာ၏။ လမ်း၏ညာဘက်တွင်မူ ပင်လယ်ကမ်းခြေဖြစ်၍ ပြန့်ပြူးသာယာနေ၏။ ထိုနေရာကား နေလှမ်းဆား ထွက်လုပ်သောနေရာဖြစ်၏။

ရိုတိုက်ရှင်သည် ပတ်ဝန်းကျင်အား အကဲခတ်ရင်းလျှောက်နေစဉ် လူနှစ်ဆယ်ခန့်သည် ရတ်တရက် သူ့နံဘေးမှ အထမ်းကိုယ်စီနှင့် လျှောက်ထွက်လာကြသည်ကို တွေ့ရ၏။ ရိုတိုက်ရှင်က ရုတ်တရက်မို့ တစ်ချက်တုန်လှုပ်သွား၏။ ထိုလူများ



ထမ်းထားသော အထမ်းထဲတွင် ဆားများသာ ဖြစ်ဟန်တူ၏။ ဤသည်မှာ မထူးဆန်းပေ။ အမှန်တကယ် ထူးဆန်းသည်က ထိုသူများ အားလုံးတို့သည် ခြေလှမ်းမြဲမြဲပြီး ခန္ဓာကိုယ်ဆောင့်တင်းခိုင်မာကြ၏။ ပခုံးပေါ်ရှိ ထမ်းပိုးများမှာလည်း ဝါးထမ်းပိုးမဟုတ်ဘဲ မည်းပြောင်သော သံထမ်းပိုးများကို ထမ်းထားကြ၏။

ရိုတိုက်ရှင်၏ စိတ်ထဲတွင် . . .

'ဒီလူတွေ အားလုံးဟာ သိုင်းသမားတွေချည်းပါပဲလား၊ ဆောင်ပိုင်းပင်လယ်ကမ်းခြေမှာ ဟိုင်ဆားဂိုဏ်းကြီးတစ်ခုရှိတယ်လို့ ကြားရတယ်၊ ဒီဂိုဏ်းကလူတွေဟာ ဆားကို အမိကထားပြီး ကုန်ကူးတယ်၊ ဒီလူတွေဟာ ဟိုင်ဆားဂိုဏ်းကလူတွေပဲဖြစ်ရမယ်'

ရိုတိုက်ရှင်သည် ဟိုင်ဆားဂိုဏ်းသည် ဂိုဏ်းကောင်းတစ်ခုမဟုတ်မှန်းသိ၏။ သို့သော် သူအဖို့ ယခုအချိန်တွင် အရေးကြီးဆုံးမှာ သူ့ဆရာ၏ မွေးနေ့အမီ ဟူတန်းတောင်သို့ ပြန်ရန်သာဖြစ်၍ ဒီဂိုဏ်းသားများကို သူက ဖြတ်ကျော်လျှောက်တက်သွားလေသည်။

ထိုလူသိုက်ကမူ လွန်စွာ သွက်လက်လှသော ရိုတိုက်ရှင်၏ ခြေလှမ်းပုံကို မြင်ရသောအခါ အံ့သြသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နေ့ဝင်ရီတရောအချိန်တွင် ရိုတိုက်ရှင်သည် မြို့လေးတစ်မြို့သို့ ရောက်လာလေ၏။ ထို့နောက် တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်၏။ သူ ညစာစားနေစဉ် အပြင်ဘက်မှ လူတစ်သိုက်ရောက်ရှိလာသော အသံများကို ကြားရသဖြင့် တံခါးပေါက်မှ လှမ်း၍ ကြည့်လိုက်သောအခါ လမ်းခရီးတွင် သူတွေ့ခဲ့သော လူသိုက်ဖြစ်နေလေသည်။

ရိုတိုက်ရှင်ကမူ ထိုသူများကို အရေးမစိုက်ဘဲ ခုတင်ပေါ်တွင် တက်၍ ကမ္ဗလာန်းစီးဖြန်းကာ အတွင်းအားသိုင်းကို သုံးကြိမ်တိတိ လေ့ကျင့်လိုက်ပြီးမှ အိပ်ရာဝင်လေသည်။

သူအိပ်ပျော်နေစဉ် ရုတ်တရက် တစ်ဖက်ခန်းမှ ဒေါက်ခနဲ အသံတစ်ချက်ကြားရ၏။ ရိုတိုက်ရှင်က လန့်နိုးလာ၏။ သူ နားစွင့်လိုက်သောအခါ လူတစ်ယောက်၏အသံကို ကြားရ၏။

'အားလုံး ခြေဖော့ပြီးသွားကြ၊ ဟိုဘက်ခန်းကလူ မနိုးစေနဲ့၊ တော်ကြာ အလုပ်ရှုပ်နေဦးမယ်'

ထို့နောက် တံခါးဖွင့်သံကြားရပြီး အပြင်ဘက်သို့ထွက်၍ သွားသံကိုပါ ကြားရ၏။

ရိုတိုက်ရှင် အမှန်စင်စစ် ထိုလူတွေကို အရေးမစိုက်ချင်ပါ။ သို့သော် ထိုလူ၏ စကားကိုကြားရသောအခါ စိတ်ထဲတွင်—

'ဒီ ဟိုင်ဆားဂိုဏ်းကလူတွေ ဘာတွေများ လျှို့ဝှက်ပြီး



လုပ်နေသလဲမသိဘူး၊ ဒုစရိုက်မှုတစ်ခုခုပဲ ဖြစ်ရမယ်၊ ဒီတော့ ငါ လက်ပိုက်ပြီး မကြည့်နိုင်တော့ဘူး၊ တကယ်လို့ လူကောင်းတွေကို ကယ်တင်လို့ ဆရာကြီးမွေးနေ့ကို နောက်ကျမှရောက်ရင်လဲ ဆရာကြီးက ငါ့ကို ခွင့်လွှတ်မှာပါ'

ကျန်းဆန်းဖုန်းသည် သူ့တပည့်များကို သိုင်းပညာ သင်ပေးရုံမက လူမှုရေးကိုပါသင်ပေး၏။ ဘယ်နေရာ ဘယ်ဒေသ ရောက်ရောက် ဒုက္ခရောက်နေသူကို ဦးစွာ အကူအညီပေးရမည်။ ကယ်ကင်ရမည်ဟူ၍ ဩဝါဒပေးလေ့ရှိသည်။

ထို့ကြောင့် ဟူတန်း ခုနစ်ဖော်တို့သည် သိုင်းလောကတွင် ဩဇာ နာမည်ကြီးရခြင်းဖြစ်၏။

ယခုလည်း ရိုတိုက်ရှင်သည် လူကောင်းများကို ကယ်တင်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကို ပခုံးထုပ်တွင် ထည့်၍ ကျောတွင်လွယ်ပြီး အိပ်ခန်းထဲမှ ထွက်ခဲ့လေသည်။ သူသည် ခြေသံများကို နားထောင်လိုက်၏။ မြောက်ဘက်သို့ ထွက်ခွာသွားနေကြောင်းသိသည်နှင့် ချက်ချင်း ပြေးလိုက်သွား၏။

ထိုညမှာ လမိုက်ညဖြစ်သောကြောင့် လူရိပ်များကို မှုန်ဝါးဝါးသာ မြင်ရ၏။ သူ့ရှေ့တွင် ဟိုင်ဆားဂိုဏ်းအဖွဲ့သားများသည် အထမ်းကိုယ်စီဖြင့် ခြေကုန်သုတ်၍ သွားနေသည်ကိုတွေ့ရရာ

www.burmeseclassic.com

www.burmeseclassic.com



ရိုတိုက်ရှင်မှာ ပို၍ အံ့သြသွားသည်။ စိတ်ထဲတွင်လည်း ဒီလူတွေက ဘာဖြစ်လို့ ဒီလောက်တောင် အလောတကြီး ဖြစ်နေရတာပါလိမ့်။

❑



# အခန်း (၅)

www.burmeseclassic.com

www.burmeseclassic.com



# နဂါးနိုင်စား

သို့ဖြင့် ရိုတိုက်ရှင်သည် ထိုသူများ၏ နောက်သို့ ဆက်လိုက်သွား၏။ ဟိုင်ဆားဂိုဏ်းသားများသည် အရေးတကြီး ရှေ့သို့သာ ယာ၍ သွားနေသဖြင့်၍ သူတို့နောက်မှ ရိုတိုက်ရှင် လိုက်လာသည်ကို လုံးဝမသိချေ။

ထိုစဉ်တွင် ရှေ့မှဦးဆောင်သွားနေသော ဟိုင်ဆားဂိုဏ်းသားများသည် ရုတ်တရက် ရပ်လိုက်၏။ ရိုတိုက်ရှင်မှာလည်း တစ်ပင်တစ်ပင်နောက်တွင် လျင်မြန်စွာ ဝင်ရောက်ပုန်းကွယ်ထိုက်ပြီး အခြေအနေကို ချောင်းကြည့်နေလိုက်၏။ ဟိုင်ဆားဂိုဏ်းသားများထဲမှ အဖွဲ့ခေါင်းဆောင်ဖြစ်သူက 'ဘယ်က ကောင်တွေလဲ' ဟု မေးသံကြားရပြီး အမှောင်ထဲမှ လူတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



'ဟိုင်ဆားဂိုဏ်းကလား'ဟု ပြန်မေးသံ ကြားရ၏။

အဖွဲ့ခေါင်းဆောင်က…

'ဟုတ်တယ်၊ နောင်ကြီးက ဘယ်သူလဲ'

'နဂါးနိုင်ဓားနဲ့ပတ်သက်လို့ မင်းတို့ဝင်မစွက်ဖို့ ငါက ပြောချင်တယ်'

အဖွဲ့ခေါင်းဆောင်က တုန်လှုပ်သွားပြီး…

'နောင်ကြီးကလဲ နဂါးနိုင်ဓားအတွက်နဲ့ပဲ လာတာပဲလား'

တစ်ဖက်မှ အသံရှင်က အေးစက်ချောက်ချားဖွယ်ကောင်းသောအသံဖြင့် ရယ်လိုက်၏။ သူ၏ရယ်သံမှာ ထိတ်လန့်ဖွယ်ရာကောင်းလှ၏။ ထိုစဉ် ဟိုင်ဆားဂိုဏ်းသားများ၏ ရှေ့ခပ်လှမ်းလှမ်းတွင် ပိန်ပိန်သွယ်သွယ် လူတစ်ယောက် လမ်းပိတ်ရပ်နေသည်ကို တွေ့ရကာ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကိုင်ထားသည်ကိုပါ တွေ့ရ၏။ ထိုသူ၏ ကိုယ်ပေါ်တွင် ဝတ်ထားသော အင်္ကျီမှာ လရောင်မှိန်မှိန်ထဲတွင်ပင် အရောင်တောက်နေသည်ကို တွေ့ရ၏။ ပိုးချည်အင်္ကျီ ဝတ်ထားဟန်တူသည်။

ထိုစဉ် ဟိုင်ဆားဂိုဏ်းမှ အဖွဲ့ခေါင်းဆောင်က…

'နဂါးနိုင်ဓားဟာ ကျုပ်တို့ဂိုဏ်းရဲ့ ရတနာတစ်ပါးပဲ။ အဲဒီဓားကို မသမာသူတွေက ခိုးသွားလို့ ကျုပ်တို့အခု ပြန်လုယူဖို့ လာကြတာပဲ'



ပိုးအင်္ကျီနှင့်လူက တဟားဟားဖြင့် လှောင်ရယ်ရယ်လိုက်သည်။

ယင်းအခိုက် ဟိုင်ဆားဂိုဏ်း အဖွဲ့ခေါင်းဆောင်နောက်မှ လူတစ်ယောက်က ရှေ့ထွက်လာပြီး

'ဟေ့လူ လမ်းဖယ်ပေးစမ်း၊ ခွေးဆိုးတွေသာ လမ်းပိတ်ပြီး ရပ်တာ၊ မင်းကသေချင်လို့…'

ထိုသူ စကားမဆုံးခင်တွင်ပင် ရုတ်တရက် အားခနဲ တစ်ချက်အော်ပြီး လဲကျသွားလေသည်။

ဟိုင်ဆားဂိုဏ်းသားအားလုံး ထိတ်လန့်သွားကြစဉ် ပိုးချည်အင်္ကျီနှင့်လူသည် အမှောင်ထဲသို့ ပြေးဝင် ပျောက်ကွယ်သွားလေသည်။ ဟိုင်ဆားဂိုဏ်းသားများက လဲကျသွားသောဆိုသူကို ဝိုင်းကြည့်ကြရာ ထိုသူမှာ တစ်ကိုယ်လုံး တွန့်လိမ်နေပြီး အသက်မရှိတော့ချေ။

ရိတ်ကိုက်ရှင်သည် နံဘေး မလှမ်းမကမ်းမှ ထိုအဖြစ်ကို ချောင်းကွယ်ကြည့်ရင်း အံ့ဩနေသည်။ 'ပိုးချည်အင်္ကျီနဲ့လူဟာ အဆိပ်ပြင်းတဲ့ ဘယ်လျှို့ဝှက်လက်နက်နဲ့ ပစ်လိုက်သလဲမသိဘူး။ ဘယ့်နှယ့်လုပ်ပြီး သူက လက်မလှုပ် ကိုယ်မလှုပ်ဘဲ ရန်သူကို သေစေနိုင်တာလဲ'ဟု တွေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟိုင်ဆားဂိုဏ်း အဖွဲ့ခေါင်းဆောင်က–

'လောင်စီးရဲ့အလောင်းကို ဘေးတစ်နေရာမှာ ချထားလိုက်၊ ငါတို့ရဲ့အလုပ်က ပိုပြီးအရေးကြီးတယ်၊ ပြန်လာတော့မှ အလောင်းကို သိမ်းမယ်၊ ရန်သူက ဘယ်သူဆိုတာလဲ နောက်တော့ သိရမှာပဲ'

ထို့နောက်တွင်မူ ဟိုင်ဆားဂိုဏ်းသားများသည် အထမ်းကိုယ်စီထမ်းလျက် ခရီးဆက်ကြပြန်လေ၏။ စောစောက အလောင်းကိုတော့မူ လမ်းဘေးသစ်တစ်ပင်အောက်တွင် ချထားလိုက်သည်။

ရီတိုက်ရှင်သည် ထိုသူများ အဝေးသို့ရောက်မှပင် သေဆုံးသူ၏အနားသို့ သွားရောက်ပြီး ဒဏ်ရာကို စစ်ဆေးလိုက်၏။ ထိုသူမှာ တစ်ကိုယ်လုံးတွန့်လိမ်နေပြီး လွန်စွာပြင်းသော အဆိပ်သင့်ခံရကြောင်း သေချာနေ၏။ သူက အဆိပ်ကူးမည်စိုး၍ အလောင်းကိုမူ မကိုင်ဝံ့ချေ။ ထို့နောက် ဟိုင်ဆားဂိုဏ်းသားများနောက်သို့ ဆက်၍ လိုက်သွားပြန်၏။ သုံးလေးမိုင်မျှ ခရီးဆက်ခဲ့ကြပြီးနောက် ရုတ်တရက် ဟိုင်ဆားဂိုဏ်းအဖွဲ့ခေါင်းဆောင်သည် လက်ဟန်ခြေဟန် တစ်ချက်ပြလိုက်၏။ ဟိုင်ဆားတိုဏ်းသားများသည် ချက်ချင်းပင် နံဘေးသို့ဖြန့်ပြီး ရှေ့ဘက်ရှိ အိမ်တစ်အိမ်သို့ ဖြည်းညင်းစွာ ဝိုင်းရံ၍ ချဉ်းကပ်လိုက်ကြ၏။



ရီတိုက်ရှင်၏ စိတ်ထဲတွင် 'သူတို့က ဘာလဲ၊ နဂါးနိုင်ဓားလို့ ပြောနေသံ ကြားရတယ်၊ ဒီအိမ်ထဲမှာ အဲဒီဓား ရှိသလား'ဟု တွေးနေမိ၏။

အိမ်ကြီး၏ အလယ်ဗဟိုရှိ ခေါင်းတိုင်မှ မီးခိုးတလူလူ လွင့်တက်နေသည်ကို တွေ့ရ၏။ ထိုစဉ် ဟိုင်ဆားဂိုဏ်းသားများသည် ပခုံးပေါ်မှ အထမ်းကိုချ၍ အထမ်းထဲမှခွက်ဖြင့် ဘာ ဓာတ်ဆွည်းကို ခပ်ထုတ်လိုက်သည်မသိ။ ဘေးပတ်လည်သို့ ပက်ဖြန်းလိုက်သည်ကို တွေ့ရ၏။

ရီတိုက်ရှင်က သေချာစွာ ကြည့်လိုက်သော် ဟိုင်ဆားဂိုဏ်းသားများ ပက်ဖြန်းလိုက်သောအရာမှာ ဖြူဖွေးသော ပင်လယ်ဆားများ ဖြစ်နေသည်ကို တွေ့ရ၏။ စိတ်ထဲတွင်

'ဒီနေ့ ငါတွေ့တဲ့ ကိစ္စတွေအားလုံးဟာ ထူးဆန်းတာတွေချည်းပါပဲလား၊ ငါ့ရဲ့ဂိုဏ်းတူ ညီအစ်ကိုတွေကို ပြောပြရင်တောင် သူတို့ယုံမှာ မဟုတ်ဘူးထင်တယ်'

ရီတိုက်ရှင်သည် ဟိုင်ဆားဂိုဏ်းသားများ၏ လှုပ်ရှားမှုအားလုံးကို ဂရုတစိုက် ကြည့်နေလိုက်ရာ ပင်လယ်ဆားများကို သူတို့ပက်ဖြန်းရာတွင် သတိကြီးစွာထားပြီး ပက်ဖြန်းလျက်ရှိသည်ကိုလည်းကောင်း၊ ထိုဆားမှုန့်များ ကိုယ်ပေါ်သို့ ဖိတ်စဉ်ကျ

www.burmeseclassic.com

www.burmeseclassic.com



မည်ကို အထူးစိုးရိမ်နေကြသည်ကိုလည်းကောင်း တွေ့ရ၏။

ထို့ကြောင့် ရိတိုက်ရှင် ချက်ချင်းစဉ်းစားမိလိုက်၏။

'ဒီပင်လယ်ဓားက အဆိပ်ဓားဖြစ်ရမယ်၊ ဒီလူတွေ အိမ်ကြီးပတ်ပတ်လည်မှာ ဖြူးထားပုံထောက်တော့ ဒီအိမ်ထဲက လူတွေကို လုပ်ကြံဖို့ပဲ ဖြစ်ရမယ်'

ရိတိုက်ရှင် ထိုသို့စဉ်းစားမိသည်နှင့် ချက်ချင်းပင် ကူညီယိုင်းပင်းလိုစိတ် ဖြစ်ပေါ်လာ၏။ သို့နှင့် သူက အိမ်ကြီး၏ အနောက်ဘက်သို့ ကွေ့ပတ်ချဉ်းကပ်သွား၏။ ထိုအချိန်တွင် ဟိုင်ဆားဂိုဏ်းသားများသည် အိမ်ရှေ့ပိုင်းတွင်သာ ပက်ဖြူးနေသေးရာ အိမ်၏အနောက်ဘက်သို့ ရောက်မလာသေးချေ။

ရိတိုက်ရှင်သည် အိမ်နောက်ဘက်သို့ ရောက်သည်နှင့် ဝင်းနံရံကို ခုန်ကျော်၍ အိမ်ဝင်းထဲသို့ ဝင်လိုက်၏။ အိမ်ကြီးမှာ ကျယ်ဝန်းပြီး အခန်းပေါင်းများစွာ ရှိ၏။ သို့သော် အခန်းများမှာ မည်းမှောင်နေ၏။ ရိတိုက်ရှင်က စဉ်းစားလိုက်၏။

မီးခိုးတွေက ဒီအိမ်ကြီးရဲ့အလယ်ကောင်က ထွက်လာတယ်ဆိုတော့ အလယ်ခန်းမှာ လူရှိရမယ်'

ရိတိုက်ရှင်က ကျယ်လောင်သော အသံဖြင့်

'ကျုပ်က ဟူတန်းဂိုဏ်းကလူပါ၊ ပြောစရာရှိလို့ ဝင်လာခဲ့တာပါ၊ ကျုပ်ကို ဘာမှသံသယ မဖြစ်ကြပါနဲ့'



သို့သော် တစ်ဘက်မှ ဘာတုံ့ပြန်မှုမျှ မရှိ။ ရိတိုက်ရှင်သည် ဟူတန်းဂိုဏ်းသားပီပီ မကြောက်မရွံ့ပင် အတွင်းခန်းဘက်သို့ ဆက်၍လျှောက်ဝင်သွား၏။ သူက ဓားကိုဆွဲထုတ်ခြင်း မပြုသေးသော်လည်း တစ်ကိုယ်လုံးကိုမူ အတွင်းအားဖြင့် ဖြည့်ဆည်းထားပြီး အသင့်အနေအထား ပြင်ထားပြီးဖြစ်၏။

ရိတိုက်ရှင် အတွင်းဘက်အခန်းသို့ ရောက်သည်နှင့် ခုတ်တရက်ခြေလှမ်းတန့်ရပ်သွား၏။ အကြောင်းမှာ ထိုအခန်းထဲတွင် လူသေနှစ်လောင်း တွေ့ရပြီး ထိုအလောင်းနှစ်လောင်း၏ တစ်ကိုယ်လုံးမှာလည်း တွန့်လိမ်လျက် မျက်နှာမှာလည်း ကြောက်စရာကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

သူက ဆက်လျှောက်သွားပြန်ရာ အခန်းတစ်ခန်းသို့ ရောက်လာပြန်၏။ ထိုအခန်းမှာ လွန်စွာမှောင်သောကြောင့် သူက မီးတုတ်ကိုထုတ်၍ မီးထွန်းညှိလိုက်သည်။ မီးတုတ်၏ အလင်းရောင်ကြောင့် အခန်းထဲရှိ အချင်းအရာများကို မြင်ရသောအခါ ရိတိုက်ရှင်သည် သတ္တိရှိသူ ဖြစ်လင့်ကစား ကြက်သီးဖျန်းညင်း ထသွားသည်။ အဘယ်ကြောင့်မူ ထိုအခန်းထဲတွင်လည်း အလောင်းများသည် တစ်ဦးကိုတစ်ဦး ပိုက်ထွေးထားပြီး လက်ထဲရှိ ဓားတက်နက်များဖြင့် တစ်ဦး၏ကိုယ်ထဲသို့ တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ထိုးနှက်ထားသည်ကို တွေ့ရ၏။

ရှီရှင်က စဉ်းစားလိုက်၏။

'ဒီအိမ်ကြီးထဲမှာ ရောမတိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့တာ သေချာတယ်၊ ဒီလူတွေရဲ့ လက်နက်တွေကိုကြည့်ရုံနဲ့ ထိပ်သီး သိုင်းသမားတွေမှန်း သိတယ်။ သူတို့တစ်တွေဟာ ဘယ်လိုကြောင့် ဒီမှာလာပြီး သေနေကြသလဲ'

ရှီတိုက်ရှင်သည် သတိကြီးစွာဖြင့် ဆက်၍သွားပြန်ရာ အိမ်ကြီး၏အလယ်ခန်းသို့ ရောက်လာလေသည်။ အခန်းတံခါးကို တွန်း၍ဖွင့်လိုက်သည်နှင့် ပူလောင်သော လေငွေ့များက သူ့မျက်နှာအား တိုက်ခတ်လိုက်သည်ကို ခံစားလိုက်ရသည်။

အမှန်စင်စစ် အလယ်ခန်းမကြီး၏ ဗဟိုတွင် ကြီးမားသော မီးဖိုကြီးတစ်ခုရှိ၏။ မီးမှာ တဟုန်းဟုန်းတောက်နေ၏။ ထိုမီးဖိုဘေးနားတွင် လူကြီးသုံးယောက်ကို တွေ့ရသည်။ သူတို့သည် မီးကို ပါးစပ်ဖြင့် တဟူးဟူးမှုတ်နေသည်ကို တွေ့ရသည်။ ထိုမီးတောက်ကြီးပေါ်တွင် ဓားကြီးတစ်လက် ကန့်လန့်ဖြတ် တင်ထားပြီး၊ ထိုဓားကြီးမှာ မီးတောက်ကြားတွင် နီရဲစွာ တောက်ပလျက်ရှိသည်ကို တွေ့ရသည်။ ဓားကြီးမှာ နီရဲစွာ တောက်ပနေရာမှ တဖြည်းဖြည်း ဖြူလာ၏။

သို့သော် အရည်လုံးဝ မပျော်ချေ။



ထိုလူသုံးယောက်မှာ အသက်ခြောက်ဆယ်ခန့်ရှိကြပြီး သူတို့တစ်ကိုယ်လုံးတွင် မီးခိုးပြာမှုန်းတို့ဖြင့် ပေကျံနေ၏။ ထိုလူသုံးယောက်က လေကို အဆက်မပြတ်မှုတ်နေ၏။ မီးတောက်မှာလည်း အရှိန်ပြင်းစွာ တောက်နေ၏။ သူတို့မှုတ်နေသော လေအားကို ကြည့်ရုံနှင့်ပင် ထိုလူသုံးယောက်စလုံး အတွင်းအား အလွန်ပြည့်ဝကြောင်း သိနိုင်သည်။

ရှီတိုက်ရှင်မှာ အခန်းအနီးတွင် ရပ်နေသော်လည်း မီး၏အရှိန်မှာ အလွန်ပူပြင်းနေသည်ကို သိရသည်။ ထိုမီးတောက်ကြီးထဲတွင် ဘယ်မျှပူပြင်းလိမ့်မည်ကိုတော့ မစဉ်းစားနိုင်တော့။

ထိုမျှပူပြင်းသော မီးဖိုကြီးပေါ်တွင် တင်ထားသော ဓားကြီးမှာလည်း ဘာမျှမဖြစ်သေးသည်ကို တွေ့ရသဖြင့် ရှီတိုက်ရှင်မှာ ပိုပြီးအံ့ဩနေ၏။ အမှန်မူ ဤဓားကြီးမှာ တကယ်ပင် ဓားကောင်း တစ်လက်ဖြစ်၏။ ထိုစဉ် ရုတ်တရက် အိမ်ခေါင်မိုးပေါ်မှ အသံတစ်သံ ထွက်လာ၏။

'ဓားကောင်းတစ်လက်ကို ဖျက်ဆီးတာဟာ မကောင်းတဲ့ အလုပ်ပဲ၊ ခင်ဗျားတို့အားလုံး ရပ်ကြပါ'

ရှီတိုက်ရှင်က ထိုအသံကို ကြားလိုက်သည်နှင့် စိတ်လှုပ်ရှား သွား၏။ အဘယ်ကြောင့်မူ ထိုအသံမှာ ပိုးချည်အင်္ကျီနှင့်လူ၏ အသံဖြစ်နေသောကြောင့်ပင်။ ထိုလူသုံးယောက်မှာ ထိုအသံကို

www.burmeseclassic.com

www.burmeseclassic.com



အရေးမစိုက်ပါ။ ပါးစပ်ဖြင့် လေကိုသာ ဆက်ကာဆက်ကာ မှုတ်ထုတ်နေ၏။

ခေါင်မိုးပေါ်မှ လူမှာ 'ဟား-ဟား-ဟား' ဟု လှောင်ရယ်ရယ်ပြီး ရုတ်တရက် ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုအခါမှပင် ရိတိုက်ရှင်သည် ပိုးချည်အင်္ကျီနှင့် လူ၏ သွင်ပြင်ကို ကောင်းစွာမြင်ရတော့၏။ အသက်သုံးဆယ်ကျော်ခန့် ရှိပြီး ရုပ်ရည်မှာလှန်စွာကြည့်ကောင်း၏။ မျက်နှာကမူ ဖြူရော်ရော် ရှိနေ၏။ ထိုသူသည် လက်ထဲတွင် ဘာလက်နက်မျှ ကိုင်မထား ရှိလည်းမရှိ။

သူက အေးစက်သော လေသံဖြင့်

'ခွန်ပေတောင်က သိုင်းသမားကြီး သုံးဦးခင်ဗျား ခင်ဗျားတို့က ဒီဓားကို လုယူတာတော့ထားပါတော့၊ အခု ခင်ဗျားတို့က ဒီဓားကိုဖျက်ဆီးဖို့ ကြိုးစားနေတာကိုတော့ ကျုပ်က ကြည့်မနေနိုင်ဘူး' ဟု ပြောပြီး ထိုသူသုံးဦးအနားသို့ လျှောက်လာလေသည်။

ထိုစဉ် အနောက်ဘက်တွင် ရပ်နေသော အဘိုးအိုတစ်ဦးက ရုတ်တရက် လက်ချောင်းဖြင့် ပိုးချည်အင်္ကျီနှင့် လူ၏ မျက်နှာထိ ကုတ်ချလိုက်၏။ ပိုးချည်အင်္ကျီနှင့်လူက နံဘေးသို့ ရှောင်လိုက်၏။ ပြီး ရှေ့တစ်လှမ်းတိုးဝင်လိုက်၏။ ထိုအခါ အရှေ့ဘက်တွင်



ပ်နေသော အဘိုးအိုက မီးဖိုကြီးဘေးတွင် ထောင်ထားသော တူကြီးကိုယူ၍ ဟွားခနဲပိုးချည်အင်္ကျီနှင့်လူ၏ ဦးခေါင်းကို ချလိုက်၏။

ပိုးချည်အင်္ကျီနှင့်လူငယ်၏ ကိုယ်ဟန်က ပေါ့ပါး က်လက်လှ၏။ သူက နံဘေးသို့ ရှောင်တိမ်းလိုက်ပြန်ရာ တူမှာ မြေကြီးကိုသာ ရိုက်မိသွားပြီး တစ်အိမ်လုံး သိမ့်သိမ့် န်သွားလေသည်။

ထို့နောက်တွင်မူ ထိုအဘိုးအိုနှစ်ဦးက ပိုးချည်အင်္ကျီနှင့် ငယ်အား ဝိုင်းဝန်းတိုက်ခိုက်လေတော့၏။ သူတို့၏ တိုက်ကွက် မှာ လွန်စွာပြင်းထန်လှပြီး ရက်စက်လှပေသည်။ တစ်ချက် မှန်ရုံနှင့် သေနိုင်သော တိုက်ကွက်များပင်ဖြစ်၏။

ရိတိုက်ရှင်က နံဘေးမှကြည့်ရင်း ပိုးချည်အင်္ကျီနှင့် ငယ်ကိုယ်စား တုန်လှုပ်နေ၏၊ စိတ်ထဲကမူ

'ဒီလူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘာရန်ငြိုးတွေ ရှိလို့ ဒီလောက်ထောင် ရက်ရက်စက်စက် တိုက်ခိုက်နေကြ လိမ့်' ဟု တွေးနေမိ၏။

သို့ရာတွင် ပိုးချည်လူငယ်၏ ဟန်မှာ လွန်စွာထူးဆန်းပြီး င်မြန်သွက်လက်လှ၏။ အဘိုးအိုနှစ်ဦးက ဝိုင်းဝန်း၍ ပြင်းအထန် တိုက်ခိုက်နေသော်လည်း သူက ရှောင်တိမ်းရုံသာ

www.burmeseclassic.com



ရှောင်တိမ်းပြီး ပြန်လည်ခုခံ တိုက်ခိုက်ခြင်း မပြုချေ။ ထိုစဉ် သံတူကိုင်သော အဘိုးအိုက

'မင်းက ဘယ်ကကောင်လဲ'ဟု မေး၏။

ပိုးချည်လူငယ်က ခနဲ့ပြုံးတစ်ချက် ပြုံးပြပြီး ရုတ်တရက် ကိုယ်တစ်ချက် လှုပ်ရှားလိုက်၏။ သံတူကိုင်သော အဘိုးအို၏ လက်ကို သူ့လက်ဝါးဖြင့် ရင်ဆိုင်ရိုက်ခတ်လိုက်၏။

'ချလွမ်'ဟူသော အသံနှင့်အတူ သံတူကိုင်သော အဘိုးအို၏ လက်ကောက်ဝတ် ကျိုးသွားပြီး သံတူမှာလည်း ခေါင်မိုးကိုဖောက်၍ အဝေးသို့ လွင့်ထွက်သွားတော့၏။

သို့နှင့် သံတူကိုင်သော အဘိုးအိုသည် လူငယ်၏ သိုင်းပညာက မိမိတို့သိုင်းပညာထက် သာလွန်ကြောင်းသိသဖြင့် ဓားကိုလုယူရန် ပြင်လိုက်၏။ သို့သော်လူငယ်က သူ့ထက် လျင်၏။ ပါးနပ်၏။ ချက်ချင်းမီးညှပ်ကိုဆွဲ၍ ဓားကိုညှပ်ယူရန် ပြုလိုက်၏။

ဒုတိယအဘိုးအိုမှာကား လျှို့ဝှက်လက်နက်ပုန်းသမား ဖြစ်၏။ လူငယ်အား လျှို့ဝှက်လက်နက်ဖြင့်ပစ်ရန် အခွင့်အရေးကို ချောင်းနေ၏။ သို့သော် လူငယ်၏ လှုပ်ရှားဟန်က လျင်မြန်လွန်းသဖြင့် အခွင့်အရေး မရလိုက်ချေ။

ယခုသော် လူငယ်က မီးညှပ်ဖြင့် ဓားကိုညှပ်ယူရန်



ပြင်သည်ကို မြင်ရ၏။ သူ ရုတ်တရက် ခြစ်ခြစ်တောက်ပူနေသော ဓားရိုးကို အခြားမီးညှပ်တစ်ခုဖြင့်ညှပ်ကာ ဓားကို မီးထဲမှ ဆွဲထုတ်လိုက်လေသည်။ ပြီးနောက် ထိုအဘိုးအိုသည် မီးညှပ်ကို အတင်းဆုပ်ကိုင်ထားပြီး ထိုနေရာမှ ခုန်ထွက်လိုက်၏။ ကျန်သူများမှာ ထိုအချင်းအရာကိုမြင်သော် ငေးကြောင်နေကြ၏။ ထိုအခွင့်ကောင်းကိုယူကာ အဘိုးအိုသည် အပြင်ဘက်သို့ အတင်းထွက်ပြေးလေတော့၏။

လူငယ်က ထက်ကြပ်လိုက်လာပြီး ခနဲ့သံဖြင့်ဆို၏။

'ဒီလောက်လွယ်လွယ်နဲ့ ရနိုင်ပါ့မလားဗျာ၊ ဟားဟားဟား'

လူငယ်က ပြောပြောဆိုဆို လက်ချောင်းများဖြင့် အဘိုးအို၏နောက်ကျောကို ဆွဲကုတ်လိုက်၏။ အဘိုးအိုကလည်း လက်ထဲမှ မီးညှပ်ဖြင့် ညှပ်ထားသောဓားကို လွှဲခုတ်လိုက်သည်။ ဓားမရောက်မီ ပူလောင်သော လေလှိုင်းက ရိုက်ခတ်သဖြင့် လူငယ်က ရုတ်တရက် မခုခံရဲဘဲ အဘိုးအို၏ နောက်ကျောအား ဆုပ်ကိုင်ထားသောလက်ကို ရှေ့သို့ဆွဲ၍ ပစ်လိုက်၏။ ထိုအခါ အဘိုးအိုမှာ ဓားရောလူပါ မီးဖိုကြီးထဲသို့ လွင့်ထွက်သွားလေ၏။

ရိုတိုက်ရှင်သည် တစ်ချိန်လုံး နံဘေးမှနေ၍ကြည့်နေရာ ကြည့်သူများအားလုံးမှာ ရက်စက်ကြမ်းကြုတ်သော သူများဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့ရ၍ သူကပါဝင်ရန် လုံးဝ စိတ်မကူးခဲ့ချေ။ သို့သော် ယခု ပိုးချည်လူငယ်က အဘိုးအိုအား မီးဖိုထဲသို့ ပစ်သွင်းလိုက်သည်ကို တွေ့ရသော် သူကမစဉ်းစားနိုင်တော့ဘဲရုတ်တရက် ထခုန်လိုက်ပြီး ငှက်ငယ်အလား လေထဲမှာပင် အဘိုးအိုအား ဆွဲယူလိုက်၏။ ပြီး လေထဲမှာပင် တစ်ပတ်ကျွမ်းပစ်ကာ နံဘေးတစ်နေရာသို့ ပေါ့ပါးစွာ ကျရောက်သွားလေသည်။

ထိုအကွက်မှာ ဟူတန်ဂိုဏ်း၏ အကောင်းဆုံး ကိုယ်ဖော့သိုင်းပညာဖြစ်၍ လေထဲတွင် အမြင့်ခုန်နိုင်ရုံမက ကိုယ်ကိုလည်းဇွေ့ပတ်ရွေ့လျားနိုင်လေသည်။ ဤ ကိုယ်ဖော့သိုင်းပညာကို 'စွန်ဝဲကိုယ်ဖော့သိုင်း'ဟု အမည်ပေးထား၏။

ဤ ကိုယ်ဖော့သိုင်းပညာမှာ သိုင်းလောကအတွင်းရှိ အခြားသော ကိုယ်ဖော့သိုင်းပညာထက် ပို၍ခက်ခဲနက်နဲလေသည်။

အမှန်မှု အဘိုးအိုသုံးယောက်သည် ရိုတိုက်ရှင်ရောက်နေသည်ကို သိပြီးဖြစ်၏။ သို့သော် သူ့ကို အရေးမမှုခဲ့ချေ။ သို့ရာတွင် ယခု ရိုတိုက်ရှင်၏ စွန်ဝဲကိုယ်ဖော့သိုင်းပညာကို တွေ့ရသော် မျက်လုံးမျက်ဆန်ပြူးကျယ်သွား၏။

ပိုးချည်လူငယ်က မျက်တောင်တစ်ချက်မှုပင့်၍

'ဒါက သိုင်းလောကမှာ နာမည်ကြီးနေတဲ့ စွန်ဝဲကိုယ်ဖော့



သိုင်းလား'ဟု မေးလေ၏။

ရိုတိုက်ရှင်က လေးစားသောအသံဖြင့်ပင်

'နောင်ကြီးရဲ့နာမည်ကို မသိရဘူးလား၊ ကျုပ်ရဲ့ မဖြစ်စလောက်တဲ့ ဒီသိုင်းပညာလေးကို အမည်နာမ ထုတ်ဖော်ပြဖို့ လိုမယ်မထင်ပါဘူး'ဟု ပြန်ပြောလေ၏။

ပိုးချည်လူငယ်က

'ကောင်းတယ် ကောင်းတယ်၊ ဟူတန်းဂိုဏ်းရဲ့ ကိုယ်ဖော့ပညာက သိုင်းလောကမှာ ဒီလောက်နာမည်ကြီးနေတာ တကယ်မဆိုးလှလို့ဘဲပေါ့'

လူငယ်၏လေသံက အထက်စီးကျလှ၏။ ဝါရင့်သိုင်းပညာရှင်တစ်ဦးက မိမိထက်ဝါနုသော လူတစ်ယောက်၏ သိုင်းပညာကို ချီးကျူးသော လေသံမျိုးဟု ရိုတိုက်ရှင် ခံစားလိုက်ရ၏။

သို့သော် ရိုတိုက်ရှင်မှာ ဂိုဏ်းကြီးသားပီပီ ဒေါသကို ချုပ်တီးလျက် လေသံအေးအေးဖြင့် ပြန်ကလိလိုက်သည်။

'ခင်ဗျားက လမ်းခရီးမှာ ဟိုင်ဆားဂိုဏ်းသားတစ်ယောက်ကို တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တဲ့ ပညာကိုလဲ ချီးကျူးပါတယ်'

လူငယ်က တစ်ချက်မျှ တုန်လှုပ်သွား၏။ စိတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း

'ဟိုကိစ္စ သူသိသွားပါလား၊ ငါကသူ့ကို မတွေ့လိုက်အား သူဘာယ်နေရာမှာ ပုန်းနေပါလိမ့်'ဟု တွေးနေမိ၏။

ထိုစဉ် ဓားကိုင်ထားသော အဘိုးအိုက ရတ်တရက်ဓားကို တဝီဝီဝှေ့ယမ်းလျက် တစ်ချက်ခုတ်လိုက်ပြီး တံခါးပေါက်ဘက်သို့ ထွက်ပြေးလေ၏။

အမှန်မှု အဘိုးအိုက ဓားကိုဝှေ့ယမ်းသွားခြင်းမှာ မည်သူ့ကိုမျှ ခုတ်ရန် မရည်ရွယ်ပေ။ သို့သော် ရီတိုက်ရှင်က အဘိုးအိုနှင့် အနီးကပ်ဆုံးတွင် ရှိနေရာ ဓားမှာ သူ့ကိုယ်ပေါ်သို့ ရှေးဦးစွာ ကျလာလေတော့၏။ ဓားမှာ အရှိန်ပြင်းလွန်းသဖြင့် ရီတိုက်ရှင်မှာ သူ့ဓားဖြင့် ပြန်လည်မခုခံဘဲ နောက်သို့ချက်ချင်း ခုန်ရှောင်လိုက်ရ၏။

အဘိုးအိုက ဓားကို လက်နှစ်ဘက်ဖြင့် စုကိုင်၍ ဝှေ့ယမ်းခုတ်နေလေရာ ပိုးချည်လူငယ်သည်လည်းကောင်း၊ ကျန်အဘိုးအို နှစ်ဦးသည်လည်းကောင်း ပြင်းထန်သော ဓားရှိန်ကို ကြောက်ရွံ့ပြီး အဘိုးအိုအနားသို့ မကပ်ဝံ့ကြချေ။ သူတို့က အော်ဟစ်ပြီး အဘိုးအိုနောက် ခပ်လှမ်းလှမ်းမှ ပြေးလိုက်လေသည်။

ရီတိုက်ရှင်၏ ကိုယ်ဖော့သိုင်းပညာက ထိုသူများထက်



သာနေရာသူက နောက်မှလိုက်၍ ခုန်ထွက်သော်လည်း အဘိုးအိုအနားသို့ အလျင်ရောက်သွားနိုင်ပေ၏။

ထိုစဉ် အဘိုးအိုက ဓားကိုကိုင်လျက် တံခါးပေါက် အပြင်သို့ ခုန်ထွက်သွားသည်။ သို့သော်မြေကြီးပေါ်သို့ ခြေကျသွားသည်နှင့် ရတ်တရက် ယိမ်းယိုင်သွားပြီး လဲကျသွား၏။ ပါးစပ်မှလည်း ဗူးဗူးဝါးဝါးအော်နေ၏။ အဘိုးကြီးသည် ရုတ်တရက် ထူးဆန်းသော ဒဏ်ရာပြင်းထန်စွာ ရရှိသွားသလိုပင်။ ပိုးချည်လူငယ်နှင့် ကျန်အဘိုးအိုနှစ်ဦးသည် ရီတိုက်ရှင်ကို ရုတ်တရက် ဖြတ်ကျော်၍ အပြင်သို့ ခုန်ထွက်ပြီး ဓားကိုပြိုင်တူ လုကြလေ၏။ သို့သော် ဘာကြောင့်မှန်းမသိ၊ သုံးဦးစလုံး ခြေထောက်နှင့် မြေကြီး ထိလိုက်သည်နှင့် ဗူးဗူးဝါးဝါး အော်ပြီး မြွေပွေး အပေါက်ခံရသလို ဖြစ်သွားကြ၏။

ထိုသူ သုံးဦးတွင် ပိုးချည်လူငယ်မှာ သိုင်းပညာ အကောင်းဆုံးဖြစ်၍ တစ်ချက်မျှ လဲကျသွားပြီး ချက်ချင်းပင် ခုန်ထကာ ဓားကိုယူရန် မကြိုးစားတော့ဘဲ တချိုးတည်း အပြင်သို့ ပြေးထွက်သွားလေတော့၏။

ခွန်ပေတောင်မှ အဘိုးအို သုံးယောက်မှာမူ မြေပေါ်တွင် သူးလိမ့်နေ၏။ ရီတိုက်ရှင်က ထိုအချင်းအရာကိုမြင်သော် ရုတ်အရက် သတိရလိုက်၏။ ခဏစဉ်က ဟိုင်ဆားကိုဏ်းသားများ

www.burmeseclassic.com

www.burmeseclassic.com



သည့် အပြင်ဘက်တွင် အဆိပ်ဆားများကို ပက်ဖြူးထား
ထိုအဆိပ်ဆားများမှာ ကိုယ်ခန္ဓာအရေပြားများကို ထိရုံနှင့်
ပြင်းထန်လွန်းသော အဆိပ်တက်လာနိုင်သော ကြောက်
အဆိပ်ဆားများ ဖြစ်၏။

ယခု ဟိုင်ဆား ဂိုဏ်းသားများသည် အိမ်ကြီးပတ်လည်
တွင် အဆိပ်ဆားများ နေရာအနှံ့ ပက်ဖြူးထားပြီးဖြစ်ရာ
တိုက်ရှင်လည်း အပြင်ဘက်သို့ မထွက်နိုင်တော့ချေ။ သူ
အခန်းနံဘေး ဝန်းကျင်ကို ကြည့်လိုက်၏။ ရုတ်တရက်
တန်းရှည်နှစ်ခုကို တွေ့လိုက်ရသဖြင့် အကြံတစ်ခုရသွား
ထိုခုံတန်းရှည်ကိုယူကာ တံတားသဖွယ်ဖြစ်အောင် အပြင်ဘ
သို့ ချိန်ဆ ပစ်ထုတ်လိုက်ပြီး ၎င်းအပေါ်သို့ ခုန်တက်
အပြင်သို့ လျှောက်ထွက်လေတော့သည်။ သူလျှောက်ထွက်သွာ
သော အချိန်တွင် အဘိုးအိုသုံးဦးမှာ မြေပေါ်တွင် လူးလိမ့်လူး
ရှိ၏။ အလွန်အခံရခက်သော ဝေဒနာကို ခံစားနေရသလို
ရိုတိုက်ရှင်သည် နံဘေးပတ်လည်တွင် အန္တရာယ်ရှိကြောင်
သိသဖြင့် အချိန်ဖြုန်းမနေတော့။ သူ့အင်္ကျီစကို လျင်မြန်
ဆွဲဖြဲကာ လက်ဖဝါးတွင် ပတ်လိုက်ပြီး ကိုယ်ကိုကိုင်း၍
ကိုပွေ့ဖက်လျက် လူးလိမ့်နေသော အဘိုးအို၏ အင်္ကျီ
ဆွဲကိုင် မ,ယူလိုက်၏။ ထို့နောက် ၎င်းခြေတံရှည်ခုံပေါ်တွ



အဆိပ်ဆား မရှိသော အရှေ့ဘက် အရပ်သို့ ဦးတည်ကာ
ခုန်ထွက်သွားတော့သည်။

ထိုအချက်ကို ဟိုင်ဆားဂိုဏ်းသားများ လုံးဝ မရိပ်မိကြ။
ထင်လည်းမထင်မှတ်ကြချေ။ သို့သော် လက်ထဲသို့ ရောက်လု
ဆဲဆဲကျမှပင် ရိုတိုက်ရှင်က သူတို့လိုချင်သော ပစ္စည်းကို လု
သွားသဖြင့် လွန်စွာ မကျေမနပ် ဖြစ်သွားကြ၏။ ထို့ကြောင့်
ရိုတိုက်ရှင်၏ နောက်သို့ ညာသံပေး၍ လိုက်လာကြလေသည်။

ရိုတိုက်ရှင် မြေပြင်ပေါ် စိတ်ချလက်ချ ခြေချနိုင်သော
အချိန်တွင်တော့မှ သူ့ကိုမီအောင် မည်သူမျှ မလိုက်နိုင်ပါတော့
ချေ။ ဟိုင်ဆား ဂိုဏ်းသားများလည်း တဖြည်းဖြည်းနှင့် နောက်
တွင် မျက်ခြည်ပြတ် ကျန်ရစ်ခဲ့ကြပြီ ဖြစ်၏။ ရိုတိုက်ရှင်သည်
ပြေးလွှားရင်းမှ ...

'အဘ ဘယ်လိုနေသလဲ' ဟု အဘိုးအိုအား မေးလိုက်၏။

အဘိုးအိုက ညည်းညူ၍သာ နေ၏။ ရိုတိုက်ရှင်၏
စိတ်ထဲတွင် ...

'ဒီလူက အဆိပ်ဆား အခတ်ခံနေရတော့ သူ့ကို ပင်လယ်
ရေထဲမှာ နှစ်စိမ်ထားလိုက်ရင် ကောင်းမယ်' ဟု တွေးမိ၏။

သို့ဖြင့် ရိုတိုက်ရှင်သည် ကမ်းခြေသို့သွားပြီး အဘိုးအို
အား ရေထဲတွင် စိမ်ထားလိုက်၏။ သူ့လက်ကိုတော့မှ ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ရေ အထိမခံချေ။ ခဏအကြာ အဘိုးအိုက သတိအနည်းငယ် ရလာသည်နှင့် လူးလဲထလိုက်၏။

ရိုတိုက်ရှင်က အဘိုးအိုအား ဘယ်သို့ပြုရမည်မသိ ဖြစ်နေသည်။ ခပ်လှမ်းလှမ်းတောင်ကုန်းလေးတွင် ဘုရားကျောင်းဟောင်း တစ်ဆောင်တွေ့ရသဖြင့် ထိုနေရာသို့ အဘိုးအိုအား ခေါ်သွား ပြီး သူ့မူလခရီးကိုဆက်ရန် စိတ်ကူးလိုက်၏။

ရိုတိုက်ရှင်သည် အဘိုးအိုအား ဆွဲကာ ဘုရားကျောင်း ထဲသို့ ရောက်လာလေ၏။ ဘုရားကျောင်းထဲတွင် ဘုရားဆင်း တုရုပ် တစ်ဆူသာရှိ၏။ သူသည် အဘိုးအိုအား ဘုရားစင်ရှေ့ ကွတ်လပ်တွင် ချထားလိုက်ပြီး ဘုရားစင်ပေါ်မှ ဖယောင်းမီး ထွန်းညှိလိုက်၏။ ထိုအခါ စိမ်းပြာနေပြီဖြစ်သော အဘိုးအို၏ မျက်နှာကို တွေ့လိုက်ရ၏။ အဆိပ်မှာ လွန်စွာတက်နေ ဖြစ်၏။ သူက အိတ်ထဲမှ အဆိပ်ဖြေဆေး တစ်လုံးကို ထုတ် ကာ...

'အဘ...ဒီအဆိပ်ဖြေဆေးကို စားလိုက်ပါ'

အဘိုးအိုက ရုတ်တရက် မျက်စိဖွင့်ပြီး အော်ကာ...

'ငါက မင်းရဲ့ အဆိပ်ဆေးကို မစားဘူး' ဟု ငြင်း လေ၏။

ရိုတိုက်ရှင်က စိတ်ရှုပ်စွာဖြင့်...



'ကျွန်တော် ဟုတန်းဂိုဏ်းကပါ အဘ၊ ကျွန်တော်က အဘရဲ့ ဓားကိုမလုပါဘူး၊ အခု ကျွန်တော့်ရဲ့ ဆေးကလဲ အဘ ရဲ့ အဆိပ်ကို အပြီးအပိုင် မပြေနိုင်ပါဘူး၊ ဒါပေမယ့် ခဏတော့ ထိန်းထားနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အကောင်းဆုံးကတော့ အဘ လက်ထဲက ဓားကို ဟိုင်ဆားဂိုဏ်းသားတွေဆီ ပြန်ယူ သွားပြီး ဖြေဆေးနဲ့ အလဲအလှယ် လုပ်လိုက်ပါ၊ ဒါမှအဘ အသက်ရှင်လိမ့်မယ် အဘ'

အဘိုးအိုက ထိုစကားကိုကြားသော် လှဲလျောင်းနေရာမှ ရုတ်တရက် ထခုန်လိုက်ပြီး...

'ဘယ်သူကမှ ငါ့ရဲ့ နဂါးနိုင်ဓားကို လုဖို့ စိတ်မကူးနဲ့' ဟု အော်ပြောလေ၏။

ရိုတိုက်ရှင်က 'အဘက အသက်ကိုယူမှာလား၊ ဓားကို ယူမှာလား' ဟု မေးရာ အဘိုးအိုက တုန်ယင်သော အသံဖြင့်...

'ကျုပ်အသက် သေချင်သေ၊ ဓားကိုတော့ ဘယ်သူ့မှ မပေးနိုင်ဘူး' ဟု အော်ပြောပြီး ဓားကို မွေ့ဖက်ကာ မျက်နှာဖြင့် အပ်ထားလိုက်၏။ ရိုတိုက်ရှင်က အဘိုးအို၏ သွင်ပြင်ကိုမြင် သော် ရယ်ချင်စိတ်ပင် ပေါ်ပေါက်လာ၏။

'သိုင်းသမားဆိုတာ ကိုယ့်ရဲ့ ကိုယ်၊ လက်၊ ခြေထောက် နဲ့ ရန်သူကို ခုခံတိုက်ခိုက်နိုင်အောင် အမိက လေ့ကျင့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဓားလက်နက်တွေကို အားထားလို့ကောင်းတာမှ မဟုတ်

တာ၊ ဒီလို ဓားတစ်ချောင်း လက်လွတ်သွားရလို့ကော နှမြော

စရာလား အဘ'

အဘိုးအိုက ခေါသသံဖြင့်...

'မင်း သိုင်းလောကမှာ ပြောစမှတ်ပြုနေရတဲ့ စကား

တစ်ခွန်းကိုသိရဲ့လားကွ၊ ဒီမှာနားထောင်၊ နဂါးနိုင်ဓား၊ ဦးထိပ်

ထား၊ ဖူးမြော်ကန်တော့၊ ရှစ်ခိုးလော့။ တိမ်လွှာဓားရှင်၊ မပေါ်

လျှင်၊ ဘယ်သူအန်တု၊ ယှဉ်မတုတဲ့၊ ဒီစာချိုးကို မင်းကြား

ရဲ့လားကွ ဟေ'

ရီတိုက်ရှင်က ရယ်လျက်...

'ဒီစာချိုးလောက်တော့ ကျွန်တော် ကြားဖူးတာပေါ့အဘ

ဒါကလွန်ခဲ့တဲ့ နှစ်တစ်ထောင်လောက်က စာချိုးပဲဟာ'

အဘိုးအိုက ခေါသ ပိုထွက်လာကာ...

'နဂါးနိုင်ဓား ဆိုတာဒီဓားပဲကွ၊ တိမ်လွှာဓားက နောက်

ထပ် ဓားတစ်လက်၊ ဒီစာချိုးရဲ့ ဆိုလိုရင်းက ဘာလဲဆိုတော့

ဒီနဂါးနိုင်ဓားကို ရတဲ့လူဟာ သိုင်းလောကမှာ အထွတ်အထိပ်

ပဲ၊ အာဏာရှင်ပဲကွ၊ ဒီလူရဲ့စကားကို ဘယ်သူမဆို နာခံရမှာ

တဲ့၊ တိမ်လွှာဓား မပေါ်မချင်းတော့ နဂါးနိုင်ဓားကို ယှဉ်ပြိုင်

တုပနိုင်မယ့် ဓားကို မရှိဘူးတဲ့'



ရီတိုက်ရှင်က အံ့ဩသံဖြင့်...

'နေပါဦး အဘ၊ အခု ဒီနဂါးနိုင်ဓားက ဘာများထူးခြား

ချက်ရှိလို့လဲ' ဟု မေးလိုက်၏။

'မင်း စောစောက ငါ့ကို ဆွဲမ, လာတုန်းက ဘာကို

တွေ့ထားလိုက်သလဲ'

ရီတိုက်ရှင်က ခဏစဉ်းစားပြီး...

'ကျွန်တော် အံ့ဩနေတယ်၊ အဘရဲ့ ကိုယ်လုံးက သေး

သေးလေးနဲ့ဘယ့်နှယ် ဒီလောက် လေးနေပါလိမ့်လို့'

အဘိုးအိုက ဓားကို မြေကြီးတွင် ချထားလိုက်ပြီး...

'အခု မင်း ငါ့ကိုယ်ကို မ,ကြည့်စမ်း'

အဘိုးအို၏ ကိုယ်ကို မ,ကြည့်လိုက်သော် ပိသာ ငါး

ဆယ်ခန့်သာ လေးသည်ကို တွေ့ရ၏။

ထိုအခါကျမှ ရီတိုက်ရှင် သဘောပေါက်သွား၏။

'လက်စသတ်တော့ ဒီးဓားက လေးတာကိုး၊ အတော်ထူး

ခြားတာပဲ'

'ဒီဓားက လေးရုံတင် ဘယ်ကမလဲ၊ လူတွေကလဲ စာ

ချိုးကအတိုင်း ဒီဓားကိုရတာနဲ့ သိုင်းလောကခေါင်းဆောင်ဖြစ်

မယ်လို့ ထင်နေကြတာကွ၊ ဘယ်ကဟုတ်ရမှာလဲကွာ၊ အမှန်က

ဓားထဲမှာ လျှို့ဝှက်နက်နဲတဲ့ သိုင်းကျမ်းစာအုပ် တစ်အုပ်

www.burmeseclassic.com



ထည့်ထားတယ်ကွ၊ တချို့ပြောတော့ နေစကြာ သိုင်းကျင့်စဉ်၊ တချို့ပြောတော့ လစကြာ သိုင်းကျင့်စဉ်တဲ့၊ ဒီကျမ်းစာအုပ်ထဲက သိုင်းပညာ ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်လို့ အောင်မြင်သွားရင်တော့ သိုင်းလောကမှာ ဘယ်သူကမှ သူ့ကို ခုခံမယှဉ်ပြိုင်နိုင်တော့ဘူးလို့ ငါပြောတာ'

အမှန်စင်စစ် နေစကြာသိုင်းကျင့်စဉ်နှင့် လစကြာသိုင်းကျင့်စဉ်များမှာ ညီအစ်ကို သိုင်းကျမ်းပင်ဖြစ်၏။ နေစကြာသိုင်းကျင့်စဉ်မှာ ရှောင်လင်ဘုရားကျောင်းမှ ပျောက်ဆုံးသွားသော တာမာဘော်တိ ဆရာတော်ကိုယ်တိုင် ရေးသား ပြုစုခဲ့သော ကျမ်းစာအုပ်တွင် ပါရှိသည့် သိုင်းကျင့်စဉ်ပင်ဖြစ်၏။ ထိုသိုင်းကျင့်စဉ် ကျမ်းစာအုပ်ကို ရှောင်ရှမ်းနှင့် ရီခေါ်ဆိုသူ နှစ်ယောက်က ခိုးယူသွားပြီးနောက် လမ်းစပျောက်သွားခဲ့၏။ လစကြာ သိုင်းကျင့်စဉ်မှာမူ နာမည်သာ ကြားရပြီး မည်သူ့လက်ထဲတွင် ရှိသည်ကိုတော့ မသိချေ။

နေစကြာသိုင်းကျင့်စဉ်မှာ ကိုယ်ခံအားကို အဓိကဦးစားပေးသော သိုင်းကျင့်စဉ်ဖြစ်၏။ အတွင်းအားသိုင်း၊ ခုန်ပျံသိုင်း၊ လက်ဝါးစောင်းသိုင်း စသည့် ကိုယ်ခံပညာများကို အဓိက ဦးစားပေး၏။

လစကြာ သိုင်းကျင့်စဉ်မှာမူ သိုင်းကွက်ကို ဦးစားပေး



ား၏။ သိုင်းကွက်များမှာ ရက်စက်ပြီး လျို့ဝှက်နက်နဲ၏။ ိုက်ခိုက်မှုကို ဦးစားပေးသော ပညာရပ် ဖြစ်လေသည်။

ထိုကျမ်းစာအုပ် နှစ်အုပ်၏ သိုင်းပညာ နှစ်မျိုးလုံးမှာ ိကောင်းချက်နှင့် မိမိရှိနေကြ၏။

ရီတိုက်ရှင်သည် ထိုကျမ်းစာအုပ် နှစ်အုပ် အကြောင်းကို သူ့ဆရာ ကျန်းဆန်းဖုန်းထံမှ ကောင်းစွာကြားခဲ့ဖူးပြီး ဖြစ်၏။ သို့သော် သူက မယုံကြည်ဟန်ဖြင့်...

'ဒီဓားမှာ ကျမ်းစာအုပ်ရှိတယ်လို့ ဘယ်သူကပြောလဲ ာ'

အဘိုးအိုက...

'ငါတို့က သတင်းရပြီးပြီ၊ ဒါကြောင့် ဒီဓားကို အရည်ျော်အောင်လုပ်ပြီး သိုင်းကျမ်းစာအုပ်ကို ထုတ်ယူဖို့ ကြိုးစားာပေါ့'

ရီတိုက်ရှင်က ခေါင်းခါယမ်းလျက်...

'မဖြစ်နိုင်ပါဘူး၊ တကယ်လို့ ဓားထဲမှာ ကျမ်းစာအုပ်ယ်ပဲထားဦး၊ ဒီလို မီးပြင်းနဲ့ အရည်ပျော်အောင် လုပ်လိုက် င် အထဲက စာရွက်တွေလဲ ပြာဖြစ်ကုန်ရောပေါ့'

အဘိုးအိုက စိတ်မရှည်တော့ဟန်ဖြင့်...

'ဒီနည်းပဲရှိတော့တာကိုးကွ၊ ဒီဓားက သိပ်မာကျောတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ သူ့ကိုဘယ်လောက် ချုန်ထက်တဲ့ သံချွန်နဲ့ပေါက်လဲ အရာမထင်နိုင်ဘူးကွ’ဟု အောင်ပြောတော့၏။

❑



## အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com



# သွေးလက်ဝါး ရွှတ်လှေ

သူတို့နှစ်ဦး ထိုနေရာတွင် စကားပြောနေစဉ် ရိုတိုက်
ှင်သည် ရုတ်တရက် မျက်နှာပျက်သွားပြီး လက်တစ်ဖက်ဖြင့်
ယောင်းတိုင်မီးကို ငြိမ်းလိုက်၏။ သူက အသံတိုးတိုးဖြင့်...

'လူတွေ လာနေပြီ'ဟု အဘိုးအိုအား သတိပေးလိုက်၏။

အဘိုးအိုမှာ ရိုတိုက်ရှင်လောက် အတွင်းအားသိုင်းပညာ
ကောင်းချေ။ ထို့ကြောင့် ရိုတိုက်ရှင်ပြောပြီး အတန်ကြာမှပင်
ူအများ ပြေးလွှားလာသော ခြေသံများကို ကြားရ၏။ အဘိုး
ိုက ရှုံ့ရှုံ့ကြောက်ကြောက်ဖြင့်...

'ရန်သူတွေ လိုက်လာကြပြီ၊ ငါတို့ ဘုရားကျောင်းနောက်
ဘက်က ပြေးကြပါစို့'

www.burmeseclassic.com

www.burmeseclassic.com



'မလွယ်တော့ဘူး အဘ၊ ဘုရားကျောင်းအနောက်ဘက်ကလဲ လူတွေလာနေပြီ'

'ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ်၊ အခုလာတဲ့ လူတွေဟာ ဟိုင်ဆားဂိုဏ်းက လူတွေပဲဖြစ်ရမယ်၊ အဘအတွက် အခွင့်ကောင်းပဲ အဘ၊ သူတို့ဆီက ဖြေဆေးကိုတောင်းပြီး ဓားနဲ့လဲလိုက်ပေါ့၊ ကျွန်တော်ကတော့ ဒီကိစ္စထဲမှာ ဝင်မပါချင်ဘူး၊ အဘကိုယ်တိုင် အဘဆုံးဖြတ်ပေတော့'

အဘိုးအိုက ကြောက်လန့်လန့်ဖြင့် ရီတိုက်ရှင်၏ လက်နှစ်ဘက်ကို ဖမ်းဆွဲကာ တုန်သောအသံဖြင့် . . .

'မင်း . . . မင်း . . . ငါ့ ငါ့ကို ပစ်မထားခဲ့ပါနဲ့ကွာ' ဟု တိုးလျှိုးတောင်းပန်နေလေ၏။

ထိုစဉ်တွင်ပင် လူတစ်ယောက်က ခြေဖြင့် တံခါးဆောင့်ဖွင့်လိုက်သံကြားရပြီး ရုတ်တရက် နှာခေါင်းထဲသို့ ပုပ်ညှီသော အနံ့အသက်များ ဝင်လာလေ၏။

ရီတိုက်ရှင်မှာ ဆက်လက် တွေးတောမနေတော့ဘဲ အဘိုးအို ဖမ်းဆွဲထားသည့်ကြားမှ ရုတ်တရက် ရုန်းထွက်လိုက်၏။ တစ်ချိန်တည်းတွင်ပင် အရာဝတ္ထုအချို့က အဘိုးအို၏ကိုယ်ပေါ်သို့ ကျရောက်လာကြ၏။ ထိုအချိန်တွင် ရီတိုက်ရှင်မှာ ဘုရားဆင်းတု



ကြီး၏ နောက်သို့ ဝင်ရောက်ပုန်းကွယ်နေပြီးဖြစ်၏။ အဘိုးအိုမှာ နဂါးနိုင်ဓားကိုပိုက်ထွေးလျက် ယိမ်းထိုး ယိမ်းထိုးဖြင့် အပြင်သို့ ထွက်ရန်ပြုနေ၏။ တစ်ချိန်တည်းတွင် ထိုပုပ်ညှီသောအရာဝတ္ထုများက ဆက်တိုက်ပင် တံခါးပေါက်မှ ပစ်ဝင်လာ၏။

အဘိုးအိုသည် တစ်ချက်မျှသာ အော်ပြီး ဓားကို မြေကြီးထဲသို့ ပစ်စိုက်လိုက်ကာ လူးလှိမ့်နေလေတော့၏။ ရီတိုက်ရှင်က ထိုအရာဝတ္ထုများ မြေကျသံကို အသေအချာ နားစိုက်ထောင်လိုက်သောအခါမှပင် အဆိပ်ဆားများ ဖြစ်ကြောင်း သိလိုက်ရတော့၏။

တစ်ခဏအတွင်းမှာပင် ဘုရားကျောင်းအတွင်း၌ အဆိပ်ဆားများဖြင့် ပြည့်နှက်သွား၏။ တစ်ချို့ ခေါင်မိုးပေါ်တက်၍ အပေါက်ဖောက်ကာ အဆိပ်ဆားများကို ပစ်သွင်းကြ၏။ ရီတိုက်ရှင်မှာ မတတ်သာသည့်အဆုံး ဘုရားဆင်းတုအနောက်ဘက်မှ အပေါက်ဖောက်၍ ဆင်းတုထဲတွင် ဝင်ရောက် ပုန်းကွယ်နေလိုက်ရ၏။ အတန်ကြာတော့မှ အပြင်ဘက်မှ စကားသံကြားရ၏။

'အထဲက အကောင်တွေ အသံမကြားရတော့ဘူး၊ မေ့လဲသွားကြပြီထင်တယ်'

'ဟိုလူငယ်က တော်တော်ဉာဏ်များတဲ့ကောင်ကွ၊ ခဏစောင့်ကြည့်လိုက်ဦး၊ သိပ်မလောကြနဲ့ကွာ'

'ဒီတစ်ခါတော့ ငါတို့ရဲ့ မဟာအောင်ပွဲပဲဟေ့၊ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးက ငါတို့ကို ကောင်းကောင်းကြီးဆုချမှာ သေချာတယ်'

ထိုစဉ် လူတစ်ယောက်က ဘုရားကျောင်းအပြင်ဘက်မှ နေ၍ အတွင်းဘက်သို့ လှမ်းအော်ပြော၏။

'ဟိတ်...ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်ပြီး စွက်ဖက်တဲ့ ကောင် လိမ်လိမ်မာမာလေးထွက်ခဲ့စမ်း'

တစ်ချိန်တည်းတွင်ပင် လူဆယ်ယောက်ကျော်ခန့် ဘုရားကျောင်းထဲသို့ ဝင်လာကြ၏။ သူတို့ကိုယ်စီတွင် ဖြေဆေးရှိ၍ အဆိပ်ဆားကို မကြောက်ရွံ့ကြ။

ရိုတိုက်ရှင်မှာမူ ထိုသူများနှင့် ထွက်တွေ့ရကောင်းနိုးနိုး စဉ်းစားနေခိုက် ရုတ်တရက် အပြင်ဘက်ခပ်လှမ်းလှမ်းဆီမှ စူးရှသော လေချွန်သံကြားလိုက်ရ၏။ လျှပ်တစ်ပြက်အတွင်းမှာ ပင် ထိုလေချွန်သံမှာ ဘုရားကျောင်းရှေ့သို့ ရောက်လာလေ၏။

လေချွန်သံရပ်သွားသည်နှင့် ရုတ်တရက် လူတစ်ယောက် အော်ဟစ်၍...

'ခင်ဗျား...ခင်ဗျားလဲ နဂါးဓားကိုယူမယ် ဟုတ်လား မျက်ခုံးဖြူ'

စကားမဆုံးမီမှာပင် ရုတ်တရက် အသံရပ် သွား၏။ ဘုရားကျောင်းထဲရှိ ဟိုင်ဆားဂိုဏ်းသားများနှင့် အပြင်ဘက်မှ ဟိုင်ဆားဂိုဏ်းသားများလည်း ရုတ်တရက် နှုတ်ဆိတ် ငြိမ်သက်



သွားကြ၏။ ထိုနောက် ဗုန်းခနဲ လူတစ်ယောက်၏ လဲကျသံ ကြားရပြီး လူတစ်ယောက်က တုန်ယင်သော အသံဖြင့်...က

'မျက်ခုံးဖြူ...မျက်ခုံးဖြူ၊ အားလုံးထွက်ပြေးကြ'

စကားသံ မဆုံးခင်ပင် ထိုသူ၏အသံမှာ တိတ်ရပ်သွားပြန်၏။ ဘုရားကျောင်းထဲသို့ လွန်စွာ ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင် ဝင်ရောက်လာဟန်တူ၏။ ဟိုဆားဂိုဏ်းသားများလည်း ထွက်ပြေးရန်အချိန်မမီတော့ဘဲ နေရာတွင်ပင် မတုမလှုပ် ကျောက်ရုပ်ပမာ ရပ်နေကြလေ၏။

ရိုတိုက်ရှင်လည်း လွန်စွာ အံ့သြနေ၏။ စိတ်ထဲမှလည်း...

'မျက်ခုံးဖြူဟာ ဘာလဲ၊ သိပ်ကြောက်စရာကောင်းတဲ့ သတ္တဝါလား၊ ဒါမှမဟုတ်၊ သိပ်ကြောက်စရာကောင်းတဲ့လူလား၊ ဒီလူတွေက မျက်ခုံးဖြူဆိုတာကို ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရပါလိမ့်'

ထိုစဉ်...

'ဂိုဏ်းချုပ်ကြီးက မင်းတို့ကို မေးနေတယ်၊ နဂါးနိုင်ဓား ဘယ်မှာလဲတဲ့၊ ထုတ်ပေးလိုက်ပါ၊ ဂိုဏ်းချုပ်ကြီးက မင်းတို့ကို သွားတော်ပါ့မယ်၊ မင်းတို့အသက်မဆုံးရှုံးစေရဘူး'ဟု လူတစ်ယောက်၏ စကားပြောသံကြားရ၏။ စကားသံမှာ လွန်စွာ သာယာပြီး နူးညံ့ကြင်နာ၏။ သို့သော် ထိုအသံထဲတွင် အာဏာသံ

www.burmeseclassic.com

www.burmeseclassic.com



ပါနေ၏။ ထိုအခါ ဟိုင်ဆားဂိုဏ်းသားထဲမှ လူတစ်ယောက်က...

'ဒီ...ဒီလူက ခိုးသွားတယ်၊ ကျွန်တော်တို့က လိုက်ယူမလို့ဘဲ ဂိုဏ်းချုပ်ကြီး ဂိုဏ်းချုပ်ကြီး'

သာယာနူးညံ့သောအသံကို ကြားရပြန်၏။

'ဟေး...ဟိုနဂါးနိုင်တားကကော'

ထိုစဉ် ခြေသံကြားလိုက်ရပြီး လူတစ်ယောက်က လဲကျသေဆုံးနေပြီ ဖြစ်သော အဘိုးအို၏ကိုယ်ကို လှန်လှောရှာဖွေနေသံကို ကြားရ၏။

ချက်ချင်းပင်...

'ဂိုဏ်းချုပ်ကြီး အဲဒီလူရဲ့ကိုယ်မှာ ဘာမှ မရှိပါဘူး'ဟု ပြောသံကြားရပြီး အတန်ကြာသောအခါ ဟိုင်ဆားဂိုဏ်းမှ အဖွဲ့ခေါင်းဆောင်ဖြစ်ဟန်တူသူ၏အသံကို ကြားရ၏။

'ဂိုဏ်းချုပ်ကြီး...ဂိုဏ်းချုပ်ကြီး၊ ဒီတားကို ဒီလူက ခိုးယူသွားခဲ့တာအမှန်ပဲ၊ ကျွန်တော်တို့က မထိန်ချန်ရဲပါဘူး'

ထိုလူ၏ တုန်ယင်သောအသံကိုကြားရခြင်းဖြင့် ထိုလူမှာ ဂိုဏ်းချုပ်ကြီး၏ ခက်ထန်စူးရှသောအကြည့်ကို ဘယ်အမျှအထိ ကြောက်ရွံ့တုန်လှုပ်နေကြောင်း သိရှိနိုင်၏။ ထိုသို့ ကြောက်ရွံ့တုန်လှုပ်သောအသံကို ကြားရစဉ် ရိတိုက်ရှင်သည်ပင် ဘုရားဆင်းတုအတွင်း ပုန်းအောင်းနေသော်လည်း ကြက်သီးမွေးညင်း



ထ,မိသေး၏။ သူ၏ စိတ်ထဲမှလည်း...

'နဂါးနိုင်တားက အဘိုးကြီးလက်ထဲမှာ ရှိနေတာပဲ၊ အခု ဘာဖြစ်လို့ ရှာမတွေ့ရတာလဲ၊ တားကြီးက ဘယ်ရောက်သွားပြီလဲ'ဟု တွေးနေမိသည်။

ထိုစဉ် နူးညံ့ညင်သာသောအသံရှင်က...

'မင်းတို့ပြောတော့ တားကို ဒီလူကခိုးသွားတယ်၊ အခု ဘာလို့ရှာလို့မတွေ့ရတာလဲ၊ ကျေနွ မင်းတို့ဝှက်ထားပြီထင်တယ်၊ ဒီလိုလုပ်လေ၊ ဘယ်သူက အဖြစ်မှန်ကို ဦးဦးဖျားဖျားပြောမလဲ၊ ပြောတဲ့လူကို အသက်ချမ်းသာရာပေးမယ်၊ မင်းတို့ထဲက တစ်ယောက်တည်း အသက်ရှင်နိုင်မယ်နော်၊ ကဲ- ဘယ်သူအရင်ပြောမလဲ'

ဘုရားကျောင်းတစ်ခုလုံး အပ်ကျသံကြားမျှ ငြိမ်သက်သွက်ရှိနေ၏။ အတန်ကြာမှာပင် ဟိုင်ဆားဂိုဏ်း၏ အဖွဲ့ခေါင်းဆောင်ထင်ရသူက...

'ဂိုဏ်းချုပ်ကြီး၊ ကျွန်...ကျွန်တော်တို့က တကယ်မသိဘူးပါ၊ ဒါပေမယ့် ကျွန်တော်တို့အတတ်နိုင်ဆုံး ကြိုးစားပြီး ရှာမယ်...'

အသံက သည်တွင် ရပ်သွား၏။ နောက်ထပ်မကြားရ။ ဘယ်တော့မှလည်း ထိုအသံကို ကြားရတော့မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နူးညံ့ညင်သာသောအသံက ထွက်ပေါ်လာပြန်၏။

'ကဲ–ဘယ်သူမှန်တာအရင်ပြောမလဲ၊ ပြောတဲ့လူကို အသက်ချမ်းသာပေးမယ်နော်၊ ကဲ–ဘယ်သူပြောမလဲ'

အတန်ကြာသည်အထိ မည်သူမျှ အသံမပြုကြ၊ ငြိမ်သက်လျက် ရှိ၏။ ထိုစဉ် လူတစ်ယောက်က ကျယ်လောင်သော အသံဖြင့်...

'ငါတို့ နဂါးနိုင်ဓားကိုရှာနေတာကြာပြီ၊ မတွေ့တာတော့ အမှန်ပဲ၊ မင်းတို့ မယုံရင် အလွန်ဆုံး ငါတို့ သေရုံပဲပေါ့၊ ဒီနေ့ ငါတို့က မင်းတို့နဲ့ အသေခံပြီး ပြန်တိုက်...'

စကားသံမှာ ရုတ်တရက် ရပ်သွား၏။ လျှပ်တစ်ပြက် အတွင်း အသတ်ခံလိုက်ရဟန်တူ၏။ ထိုစဉ် ဟိုင်ဆားဂိုဏ်းသား တစ်ယောက်က...

'စောစောတုန်းက အသက်သုံးဆယ်လောက်ရှိတဲ့ လူတစ် ယောက်က ဟောဒီအဘိုးကြီးကို ကယ်ထုတ်ခဲ့တယ်၊ ဒီလူငယ်ရဲ့ ကိုယ်ဖော့သိုင်းပညာဟာ သိပ်ကိုကောင်းတာပဲ၊ အခုတော့ အဲဒီ လူငယ် ဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ နဂါးနိုင်ဓားကို အဲဒီလူငယ် ယူသွားတာပဲဖြစ်ရမယ်'ဟု ပြောသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးက ဟင်းခနဲ သက်ပြင်းချပြီး...

'ဒီလူရဲ့အသက်ကို ချန်ထားလိုက်'ဟု အမိန့်ပေးလိုက်၏။



ပြီးနောက် ဘုရားကျောင်းအပြင်သို့ ခုန်ထွက်သွားသံ ကြားလိုက်ရပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း ဝှီးရှဲသော လေချွန်သံကိုပါ အဝေးမှ ကြားရလေတော့သည်။

ရိတိုက်ရှင်မှ အံ့သြဘနန်းဖြစ်နေရ၏။ ယခုလည်း ဘုရား ကျောင်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားပြန်၏။ ရိတိုက်ရှင်၏ စိတ်ထဲမှမူ...

'မျက်စုံးဖြူက ဒီလူတွေ တစ်ယောက်မကျန်သတ်ဖြတ် ပြေးသွားတယ်၊ အခုလဲ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားပါရောလား၊ အင်း ...ငါ ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ဘူး၊ ဟိုင်ဆားဂိုဏ်းသားတွေဘက်က ဝင်ကူဦးမှပဲ'

သို့ဖြင့် ရိတိုက်ရှင်သည် ဘုရားဆင်းတုပော်အတွင်းမှ ထွက်ခဲ့သည်။ အပြင်သို့ရောက်သည်နှင့် ဘုရားကျောင်းခန်းကို လှည့်ပတ်ကြည့်လိုက်၏။ ထိုအခါ ဟိုင်ဆားဂိုဏ်းသားအားလုံး မတုန်မလှုပ်နှင့် ကျောက်ဆစ်ရုပ်နှယ် ရပ်နေကြသည်ကို တွေ့ လိုက်ရ၏။ သူတို့၏ အမူအရာမှာလည်း လွန်စွာ ထူးဆန်းနေ၏။ ထိုထူးဆန်းသော မြင်ကွင်းကြောင့် ရိတိုက်ရှင်သည် အခြေအနေ မှန်ကို ချက်ချင်းသိရန် ဖယောင်းတိုင်မီးတွန်း၍ ကြည့်လိုက်သော အခါ ရုတ်တရက် ထိတ်လန့်သွားရ၏။ မှန်ပါသည်။ ထိတ်လန့် မည်ဆိုလျှင်လည်း ထိတ်လန့်စရာပင်။ ဟိုင်ဆားဂိုဏ်းသား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ကျော်မှာ အားလုံး မတ်မတ်ရပ်နေလျက်နှင့် အကြော ပိတ်ခြင်း ခံနေရသည်မဟုတ်ပါလား။

ရိတိုက်ရှင်က တစ်ယောက် အနားသို့ကပ်၍ နှလုံးကို ်းကြည့်သော် ပို၍ မျက်လုံးမျက်ဆန်ပြူးဝိုင်းသွားရပါ၏။ ကြာင်းမူ သူတို့အားလုံး နှလုံးမခုန်တော့။ သေဆုံးနေကြပြီ မဟုတ်ပါလား။ ရိတိုက်ရှင်က လွန်စွာ စိတ်မကောင်းဖြစ်မိ၏။ ဟိုင်ဆားဂိုဏ်းသားများသည် တဒင်္ဂအချိန်အတွင်း သေကြောကို ထိုးပိတ်ခံလိုက်ရခြင်းပင် ဖြစ်ပါ၏။ ဟိုင်ဆားဂိုဏ်းသား တစ် ယောက်မှာမူ မြေကြီးပေါ်တွင် လဲလျောင်းလျက်ရှိပြီး နှုတ်မှ ညည်းညူနေသံ ကြားရ၏။ ထိုသူမှာ ခဏစဉ်က မျက်ခုံးဖြူနှင့် နောက်ဆုံးစကားပြောသော ဟိုင်ဆားဂိုဏ်းသားပင် ဖြစ်၏။ ယင်းကြောင့် အသက်ချမ်းသာရာ ရသွားဟန်တူပါ၏။

ရိတိုက်ရှင်က ထို ကြောက်မက်ဖွယ်ကောင်းသော မြင် ကွင်းများကြောင့် တုန်လှုပ်လာ၏။ စိတ်ထဲမှလည်း...

'ဟို ဂိုဏ်းချုပ်ကြီးဆိုတဲ့လူ ထွက်သွားတာနဲ့ ငါလဲ ဘုရားဆင်းတုထဲက ထွက်လာတာပဲ၊ ဒီလောက်အချိန်လေး အတွင်းမှာ သူတို့က ဟိုင်ဆားဂိုဏ်းသားအားလုံးကို သတ်ဖြ နိုင်တယ်ဆိုတာ အံ့သြတုန်လှုပ်စရာပဲ၊ ဒီလူတွေရဲ့ လက်ထ မြန်လှချည်လား' ဟု တွေးလိုက်မိ၏။



သို့ဖြင့် ရိတိုက်ရှင်က လဲလျောင်းညည်းညူနေသောလူကို မွေ့ထူပြီး မေးလေ၏။

'မျက်ခုံးဖြူဂိုဏ်းက ဘာဂိုဏ်းလဲ၊ သူတို့ရဲ့ ဂိုဏ်းချုပ်ကြီး က ဘယ်သူလဲ'

သူက သုံးလေးကြိမ်မျှ မေးသည့်တိုင် ထိုသူထံမှ အဖြေ မရ။ ထိုသူမှာ မျက်ဖြူလန်လျက် ငေးကြောင်ကြောင်ဖြင့် ပြန်ကြည့်၍သာ နေ၏။ ရိတိုက်ရှင်က ထိုလူ၏ လက်ကောက် ဝတ် သွေးခုန်နှုန်းကို စမ်းကြည့်လိုက်သောအခါ သွေးခုန်နှုန်းမမှန် ကန်ဖြစ်နေသည်ကို တွေ့ရ၏။ အမှန်စင်စစ် မျက်ခုံးဖြူဂိုဏ်း မှ ဂိုဏ်းခေါင်းဆောင် ဖြစ်သူသည် ထိုလူ၏ အသက်ကို ချန်ခဲ့သော်လည်း အရူးအ,အဖြစ်အောင်တော့မူ အကြောအချို့ ကို ဖြတ်တောက်ပစ်ခဲ့၏။

ရိတိုက်ရှင် ထောင်းခနဲ ဒေါသထွက်သွား၏။

'တောက်...မျက်ခုံးဖြူဂိုဏ်းက ဘာဂိုဏ်းလဲကွ၊ လူတွေ ကို ဒီလောက်တောင် ရက်စက်ရသလား' ဟု ရေရွတ်မိ၏။

သို့ရာတွင် မျက်ခုံးဖြူဂိုဏ်း၏ သိုင်းပညာမှာ လွန်စွာ မြင့်မားလှ၍ မိမိတစ်ယောက်တည်းနှင့် မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သိလိုက်၏။ ထို့ကြောင့် ဟာတာန်း ဆောင်သို့ အမြန်ပြန်ပြီး ဆရာအား အကျိုးအကြောင်းရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



မည်။ ပြီးနောက် မျက်ခုံးဖြူကိုယ်း၏ ခါစ်မြစ်ကို စုံစမ်းပြီး ဂိုဏ်းတူညီအစ်ကိုခုနစ်ယောက်စလုံး တောင်ဆောင်မှဆင်းပြီး မျက်ခုံးဖြူ ဂိုဏ်းနှင့် တိုက်ခိုက်မည်ဟု ရိတိုက်ရှင် စဉ်းစားမိလိုက်၏။

တစ်ချိန်တည်းမှာပင် နဂါးနိုင်ဓားကိုလည်း သူ သတိရလိုက်၏။ နဂါးနိုင်ဓားသည် စောစောစဉ်က အဘိုးအို၏လက်တွင် ရှိနေပါလျက် ယခု ဘယ်ရောက်သွားသနည်း။ ဘာကြောင့် မြေလှန်ရှာသော်လည်း မတွေ့သနည်းဟု စဉ်းစားနေမိပြန်၏။

ရိတိုက်ရှင်သည် ချက်ချင်းပင် အဘိုးအို၏ အလောင်း အနားသို့သွားကာ အလောင်းကို ဖြေးညင်းစွာမ,လျက် နဂါးနိုင် ဓားကို ရှာကြည့်၏။ ထိုသို့ရှာစဉ် အဆိပ်ဆားများ မထိမိအောင် လည်း အထူးသတိထားနေရ၏။ သို့သော် အဘိုးအိုအလောင်းတွင် နဂါးနိုင်ဓားကိုရှာမတွေ့ချေ။ ထို့ကြောင့် အနီးအနားတွင် တွေ့လို တွေ့ငြား လှည့်ပတ်ရှာဖွေကြည့်လိုက်၏။ မြေကြီးမှာ အဆိပ်ဆား များဖြင့် ဖုံးနေသဖြင့် ရှာဖွေရန် မလွယ်ကူလှပါချေ။

ရိတိုက်ရှင်သည် ဘုရားကျောင်းမှ ဟောင်းနွမ်းနေပြီဖြစ် သော တံမြက်စည်းကိုယူ၍ အဆိပ်ဆားများ သားတစ်နေရာတွင် စုပုံနေရန် လှည်းလိုက်သောအခါကျမှ အဖြစ်မှန်ကို တွေ့ရလေ တော့၏။ အမှန်မှ နဂါးနိုင်ဓားသည် အဘိုးအို၏ရှေ့ ငါးပေအကွာ မြေကြီးထဲတွင် စိုက်ဝင်နစ်မြုပ်နေခြင်းဖြစ်၏။ ဓား၏ အဖျား



သေးသာ မြေကြီးပေါ် ပေါ်လျက်ရှိနေသည်ကို တွေ့ရ၏။ စောစောကမှ အဆိပ်ဆားများက မြေကြီးပေါ် သုံးလက်မအထူခန့် ထိ ဖုံးလျက်နေရာ ဓားကို ရှာမတွေ့ခြင်းပင် ဖြစ်၏။

စင်စစ် အဘိုးအိုလဲကျသေဆုံးအံ့မူးမူး အချိန်တွင် အားကုန် ဆုတ်၍ ဓားကို ရှေ့တွင်ရှိ မြေကြီးထဲသို့ ပစ်ပေါက်လိုက်ရာ ဓားမှာ လွှန်စွာ လေးလံလွန်းပြီး အလွန်ထက်မြလှသောကြောင့် မြေကြီးထဲသို့ ဓားတစ်ချောင်းလုံး နစ်မြုပ်စိုက်ဝင်သွားခဲ့ခြင်းပင် ဖြစ်လေသည်။

ယခုသော် ရိတိုက်ရှင်သည် ဓားကိုကိုင်လျက် ဘာလုပ် ရမှန်းမသိအောင် ဖြစ်နေ၏။ စိတ်ထဲမှမူ . . .

'ဒီဓားက သိုင်းလောကရဲ့ ရတနာတစ်ပါးဖြစ်ပေမဲ့ ဒီတ်ကောင်းတဲ့ဓားတော့ မဟုတ်ဘူး၊ ဒီဓားအတွက်နဲ့ လူ့ အသက်ပေါင်း ဘယ်လောက်များ ဆုံးရှုံးခဲ့ရပြီလဲ၊ အို . . . ဘာဖြစ် ဖြစ် ဒီဓားကို ငါ့ဆရာဆီယူသွားပြမယ်၊ ပြီးတော့ ဘာဆက် လုပ်ရမယ်ဆိုတာကို မေးကြည့်ရမယ်'ဟု စဉ်းစားမိ၏။

ထို့နောက် ရိတိုက်ရှင်သည် ဓားကို အထုပ်ထဲတွင် ထုပ် ထားလိုက်ပြီး မြောက်ပိုင်းသို့ ခရီးဆက်လက်နှင်လာခဲ့လေတော့ သည်။ မကြာလှသောအချိန်တွင် ရိတိုက်ရှင်သည် မြစ်ကမ်းတစ်နေ ရာသို့ ရောက်လာ၏။ လျှင်မြန်စွာ ခုန်တက်လိုက်၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



လှေကလေးမှာ ရုတ်တရက်တစ်ဖက်သို့ တိမ်းစောင်းသွား၏။

လှေထိုးသားက ထိတ်လန့်သော အသံဖြင့်..

'အား...အစ်ကိုလေးရဲ့ကိုယ်မှာ ဘာတွေပါလို့ ဒီလောက် တောင်လေးရတာလဲဗျ'ဟု မေးလေ၏။

'ငါ့ကိုယ်ပေါ်မှာ ဘာမှ မပါဘူးကွ၊ ငါ့ရဲ့ ကိုယ်ကိုက လေးလို့ပါ'ဟု ရိုတိုက်ရှင်က ပြန်ဖြေလေသည်။

သို့သော် လှေထိုးသားက မယုံချေ။ ရိုတိုက်ရှင်၏ နောက်ကျောရှိ အထုပ်ကိုသာ မသင်္ကာသောအကြည့်ဖြင့် လှမ်းကြည့်နေလေ၏။ သို့နှင့်ပင် လှေငယ်လေးသည် မြစ်လယ်သို့ ကူးခတ်ရောက်ရှိလာ၏။

ရိုတိုက်ရှင်က လှေဦးတွင်ထိုင်လျက် မြစ်ရေပြင်ကို ငေးမောကြည့်ရှုနေစဉ် ရုတ်တရက် မြစ်ဖျားဘက်ဆီမှ တိုက်လှေ တစ်စင်းလာနေသည်ကို တွေ့လိုက်ရ၏။ ထိုလှေ၏ရွက်ထည်ဖျင် တွင် ကြီးမားသောသွေးရောင်လက်ဝါးကြီးကို ရေးဆွဲထား၏။ ထိုလှေကြီးနားသို့ ရောက်တော့မှပင် လှေထိုးသားကမြင်၍ ရုတ်တရက် စူးဝါးစွာ ထအော်လေတော့၏။

'သွေးလက်ဝါးလှေ၊ သွေးလက်ဝါး'

ရိုတိုက်ရှင်က အံ့သြလွန်းသဖြင့် ကြားဖြတ်၍...

'သွေးလက်ဝါးရွက်လှေက ဘာဖြစ်သလဲ'ဟု မေးလိုက်



၏။ သို့သော် လှေထိုးသားထံမှ ဖြေသံမကြားရဘဲ လှေငယ်လေး ပေါ်မှ ဝုန်းခနဲမြစ်ထဲသို့ ထိုးချလိုက်သည်ကိုသာ တွေ့ရ၏။ ရိုတိုက်ရှင်က ဝါးလုံးရှည်ဖြင့်လှမ်း၍ လှေထိုးသားအား ကယ်ရန် ပြုပါသော်လည်း လှေထိုးသားက လက်ခါပြပြီး ရုတ်တရက် ရေထဲသို့ ငုပ်လျှိုးပျောက်ကွယ်သွားလေတော့၏။

လှေကလေးမှာလဲ ပဲ့ကိုင်မည့်သူ မရှိတော့သဖြင့် မြစ်လယ် တွင်ပင် ချာချာလည်နေတော့၏။ ထိုအချိန်မှာပင် သွေးလက်ဝါး ရွက်လှေကြီးသည် အရှိန်ပြင်းစွာဖြင့် ရိုတိုက်ရှင်တို့၏ လှေငယ် အား ဆောင့်တိုက်လိုက်တော့၏။ လှေငယ်မှာ ချက်ချင်းကျိုးပဲ့ သွားပြီး ရေများ တရဟော ဝင်လာလေတော့၏။

ရိုတိုက်ရှင်မှာမူ ရွက်လှေကြီး ဝင်တိုက်စဉ်တွင်ပင် ရုတ် တရက် လှေကြီးပေါ်ခုန်တက်ပြီး ဖြစ်နေ၏။ လှေကြီးမှာ လှေဝမ်းတံခါးပိတ်ထားပြီး လူတစ်ယောက်တလေမျှ လှေ၏ ကုန်းပတ်ပေါ်တွင် မမြင်ရချေ။

ရိုတိုက်ရှင်က မကျေမနပ်ဖြင့် လှေဝမ်းတံခါးကို လက်ဖြင့် တွန်းလိုက်၏။ လှေဝမ်းတံခါးမှာ သံပြားကြီးဖြစ်နေကြောင်း သိလိုက်ရ၏။

ရိုတိုက်ရှင်က လက်နှစ်ဘက်တွင် အင်အားစုစည်းပြီးလိုက် ပြီး အားကုန်တွန်းလိုက်ရာ 'ဝုန်း'ခနဲ အသံနှင့်အတူ သံတံခါး

www.burmeseclassic.com

ကြီးနှင့် ဆက်စပ်နေသော သစ်သားဘောင်များ ကျိုးပဲ့ကုန်လေ၏။ နောက်ထပ်တစ်ခါတွန်းလိုက်မည်ဆိုလျှင် တံခါးချပ်တစ်ခုလုံး ပြုတ်ထွက်သွားမည်မှာ သေချာ၏။

ထိုအချိန်တွင် လှေဝမ်းထဲမှ လူတစ်ယောက်က...

'ဟူတန်ဂိုဏ်းက ကိုယ်ဖော့သိုင်းပညာနဲ့ လက်ဝါးစောင်းအားက တကယ့်ကို ပြိုင်စံရှားပဲကိုး၊ ဒီမှာ ရီတိုက်ရှင်၊ ခင်ဗျားနောက်ကျောထဲက နဂါးနိုင်ဓားကို ကျုပ်တို့ကိုပေးလိုက်ရင်တော့ ကျုပ်တို့က ခင်ဗျားကို ကမ်းပေါ်ရောက်အောင် ပို့ပေးမယ်'

ထိုသူ၏စကားသံမှာ ညင်သာနူးညံ့လှ၏။ ဘုရားကျောင်းတွင် ပုန်းအောင်နေစဉ်က ကြားခဲ့ဖူးသော မျက်ခုံးဖြူဂိုဏ်းချုပ်ကြီး၏ လက်အောက်ငယ်သား၏ အသံပင်ဖြစ်၏။ ရီတိုက်ရှင်၏ စိတ်ထဲတွင်...

'လက်စသတ်တော့ ဒီသွေးလက်ဝါး ရွက်လှေက မျက်ခုံးဖြူဂိုဏ်းရဲ့လှေကိုး၊ ဒါကြောင့် ဟိုလှေထိုးသားက သိပ်ကြောက်သွားရတာကိုး၊ အင်း ဒီကောင်တွေ ငါ့နာမည်ဘယ့်နှယ်လုပ်သိနေပါလိမ့်၊ ငါ့နောက်ကျောမှာ နဂါးနိုင်ဓား ရှိနေတယ်ဆိုတာကော ဘယ်လိုလုပ် သိပါလိမ့်' ဟု စဉ်းစားနေမိ၏။

ထိုစဉ် နူးညံ့ညင်သာသောအသံက...

'ရီတိုက်ရှင် ခင်ဗျားအံ့ဩနေသလား၊ ကျုပ်တို့က ဘယ်လို



ပ်ပြီး ခင်ဗျားရဲ့နာမည်ကို သိနေတယ်ဆိုတာ၊ တကယ်တော့ င်ဗျား ဒီနယ်ထဲကို စပြီးခြေချကတည်းက ကျုပ်တို့က သိပြီးပါပြီ'

ရီတိုက်ရှင်က...

'ခင်ဗျားရဲ့နာမည် ဘယ်လိုခေါ်သလဲ၊ ဘာဖြစ်လို့ ကိုယ် ိုင် ထွက်မတွေ့တာလဲ'

နူးညံ့သော အသံရှင်က...

'ကျုပ်တို့ မျက်ခုံးဖြူဂိုဏ်းက ခင်ဗျားတို့ ဟူ န်ဂိုဏ်းနဲ့ ာမှ ဆက်စပ်မှုမရှိပါဘူး၊ ဒါကြောင့် မ ့ကြာဘဲ ာင်းပါတယ်၊ ကဲ–ခင်ဗျားက နဂါးနိုင်ဓားကို လိုချ ထား း ရင် ကျုပ်တို့က ကမ်းပေါ်ရောက်အောင် ပို့ပေးမယ်'

ရီတိုက်ရှင်က ထိုစကားကြောင့် မကျေမနပ်ဖြစ်သွား

'နဂါးနိုင်ဓားက ခင်ဗျားတို့ဂိုဏ်းရဲ့ မူပိုင်မို့လို့လားဗျ'

'ဒါကတော့ မဟုတ်ပါဘူး၊ ဒီဓားက သိုင်းလောကရဲ့ ထွတ်အထိပ် ရတနာတစ်ပါးမို့ ဘယ်သူမဆို လိုချင်တာပေါ့'

'ဒီလိုဆိုရင် အဲဒီဓားက ကျုပ်လက်ထဲမှာရောက်ပြီ၊ ျုပ်က ခင်ဗျားတို့ကို ဘာလို့ အလကားထုတ်ပေးရမှာလဲ'

ထိုစဉ် နူးညံ့ညင်သာသော အသံရှင်က ရီတိုက်ရှင်အား ာစ်ခုတစ်ခုကို မကြားတကြား ပြောလိုက်၏။ ရီတိုက်ရှင်က ားမရှင်းသဖြင့်...

www.burmeseclassic.com



'ခင်ဗျား ဘာပြောတာလဲ၊ ကျုပ် ကောင်းကောင်းမကြားရဘူး'ဟု ပြော၏။

ထိုအခါ နုညံ့သော အသံရှင် လှေဝမ်းထဲမှလူက ထပ်မံ၍ တိုးတိုးပြောလိုက်ပြန်၏။ ရိတိုက်ရှင်က ဘာပြောလို့ပြောမှန်း မသိဖြင့် ရှေ့နှစ်လှမ်းတိုး၍ နားစိုက်ထောင်လိုက်၏။ ထိုစဉ် ရုတ်တရက် သူ၏ ရင်ဘတ်နှင့်ပေါင်တွင် ခြင်ကိုက်ခံရသကဲ့သို့ နာကျင်သွား၏။ ရိတိုက်ရှင်က သတိမထားဘဲ အကိုက်ခံရသော နေရာများကို လက်ဖြင့် တစ်ချက်စီပုတ်ပွတ်လိုက်ပြီး...

'ခင်ဗျားတို့က ဒီဓားအတွက်နဲ့ သတ်ခဲ့တဲ့လူပေါင်း မနည်းတော့ဘူး'

ဝှလူ၏အသံမှာ ပြန်ကျယ်လာပြီး...

'ကျုပ်တို့ရဲ့ မျက်ခုံးဖြူဂိုဏ်းက အကောင်းအဆိုးကို ခွဲခြားတတ်ပါတယ်၊ ဟိုဟိုင်ဆားဂိုဏ်းသားတွေဟာ တကယ့်လူသတ်၊ ပစ္စည်းလုတဲ့ လူဆိုးတွေပါ၊ ခင်ဗျားတို့ ဟွာတန်းဂိုဏ်းက လူဆို ကျုပ်တို့မသတ်ရက်ပါဘူး၊ ခင်ဗျား ဘာသာ နဂါးနိုင်ဓားကို ပေးရင်တော့ ကျုပ်တို့က ခင်ဗျားကို ဆံမွေးအပ်ချောင်းရဲ့ အဆိပ်ဖြေဆေးကိုပေးမယ်'

ရိတိုက်ရှင်သည် ဆံမွေးအပ်ချောင်းဟူသော အမည်ကို ကြားသည်နှင့် ကမန်းကတန်းပင် စောစောက ခြင်ကိုက်ခံရလိုက်



သည်ဟုထင်ရသော နေရာများကို လက်ဖြင့် ဖိနှိပ်ကြည့်ရာ ကျဉ်လျက်ရှိသည်ကို ခံစားလိုက်ရ၏။ ထိုအခါမှပင် ရိတိုက်ရှင် သဘောပေါက်တော့၏။

စောစောက ထိုလူစကားကို မကြားတကြားနှင့် တိုးတိုး တိုးပြောခြင်းမှာ မိမိအား ရှေ့သို့ တိုးလာအောင် တမင် ယာယ်ဆင်၍ ပြောခြင်းဖြစ်ပြီး၊ မိမိက ရှေ့တိုး၍ နားစိုက် ထောင်လိုက်စဉ် ဆံမွေးအပ်ချောင်းဖြင့် ပစ်လိုက်ခြင်းပင် ဖြစ်ပါ ၏။ ရိတိုက်ရှင်သည် မျက်ခုံးဖြူဂိုဏ်းသားအားလုံး လွန်စွာ တ်စက်ပြီး ကြောက်စရာကောင်းကြောင်း သိထား၏။

ထို့ကြောင့် သူတို့၏ ဆံမွေးအပ်ချောင်းအဆိပ်မှာလည်း ကြောက်စရာကောင်းလှမည်မှာ သေချာပေသည်။ ထို့ကြောင့် သူအား လက်ဦးအောင် အလျင်အမြန်ဖမ်းချုပ်ပြီး ဖြေဆေးကို ရအောင်းရမည်ဟု စိတ်ကူးလိုက်၏။ သို့ဖြင့် သူက ရုတ်တရက် လှေဝမ်းတံခါးကို ရိုက်ချိုးပြီး လှေဝမ်းထဲသို့ ခုန်ဝင်လိုက်၏။

လှေဝမ်းထဲသို့ ခြေမချမီမှာပင် လူတစ်ယောက်က မှောင် ခိုနေ၍ သူ့အား တိုက်ခိုက်လိုက်သည်ကို သိလိုက်၏။ သူက လက်ဝါးစောင်းဖြင့် တိုက်ထုတ်လိုက်ရာ ဘုန်းခနဲ ကျယ်လောင်သောအသံမြည်သွားပြီး နှစ်ဦးစလုံး နောက်သို့ ဆုတ် ထွက်သွားကြ၏။ ရိတိုက်ရှင်မှာ လှေကုန်းပတ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သွားပြီး လက်ဝါးမှာလည်း တစ်ချက်မျှ စူး
နာကျင်သွား၏။ စင်စစ် လက်ဝါးချင်း ရိုက်ခတ်ချိန်
ရန်သူ သည် လက်ဝါးကြားတွင် ချွန်ထက်သော သံစူးများ
ညှပ်ထား ခြင်းကြောင့် သူ့လက်ဝါးတွင် သံစူးချွန်များဖြ
ထိုးစိုက်ခြင်းကို ခံလိုက်ရခြင်း ဖြစ်သည်။ တကယ်တော့
ထိုသူ၏ လက်ဝါးစောင်း အားမှာ ရီတိုက်ရှင်၏
လက်ဝါးစောင်းအားထက် မညံ့ချေ။ ဉာဏ်နီဉာဏ်နက်မသုံး
ရိုးရိုးသားသား တိုက်ခိုက်လျှင်လည်း ရီတိုက်ရှင်သည် ထိုလူ့အား
အလွယ်တကူဖြင့် နိုင်မည်မဟုတ်ချေ။

ထိုစဉ်ခိုက်၊ ထိုလူသည် နူးညံ့ညင်သာစွာဖြင့်ပင်...

'ကျုပ်ရဲ့ လက်ဝါးကြားမှာ ညှပ်ထားတဲ့ သံစူးချွန်ရဲ့ အဆိ
က ပိုပြီးကြောက်စရာကောင်းတယ် ရီတိုက်ရှင်'

ရီတိုက်ရှင်သည် ထိုစကားကြောင့် ဒေါသအမျက်ချောင်း
ချောင်းထွက်လာသည်။ သူက နဂါးနိုင်ဓားကို ဆွဲထုတ်ပြီး
ဓားတစ်ဖက်တစ်ချက်သို့ လွှဲယမ်း ခုတ်ပိုင်းလိုက်ရာ 'ဟုန်းဟုန်း'
ဟူသောအသံနှင့်အတူ လေဝမ်းခါးလယ်၏ ဓားတစ်ဖက်
တစ်ချက်က ထက်ပိုင်းကျိုးသွားလေ၏။

နဂါးနိုင်ဓားမှာ တကယ်ပင် ထက်မြက်လှ၏။

ရီတိုက်ရှင်သည် နောက်ထပ် ခုနစ်ချက်မျှ လွှဲယမ်းခုတ်ပိုင်း



လိုက်ပြန် ထိုလူမှာ လေဝမ်းထဲတွင် ပုန်းခိုမနေနိုင်တော့ဘဲ
တုန်းပတ်ပေါ်သို့ ခုန်တက်လာရလေတော့၏။

'ရီတိုက်ရှင် ခင်ဗျားမှာ အဆိပ်နှစ်မျိုးတောင် ခံနေရတာ
နော်၊ ဒါတောင် တိုက်ခိုက်ရဲသေးတဲ့ ခင်ဗျားရဲ့သတ္တိကို ချီးကျူး
ပါတယ်'

ရီတိုက်ရှင်က ထိုလူ ဘယ်သို့ပင်ဆိုဆို နားစိုက်မထောင်
တော့ချေ။ လက်ထဲမှဓားဖြင့်သာ ထိုလူ၏ခါးကို ပိုင်းချလိုက်၏။
သို့သော် ထိုလူက ကျောက်ဆူးကို ဆွဲ၍ ကာလိုက်ရာ 'ချွမ်း...'
ဟူသောအသံနှင့်အတူ ကျောက်ဆူးလည်း အလယ်မှ ထက်ပိုင်း
ပြတ်သွားလေ၏။ ထိုလူသည် နံဘေးသို့ ခုန်ရှောင်လိုက်ပြီးနောက်
အော်ဟစ်၍...

'ခင်ဗျားက အသက်ယူမှာလား၊ ဓားယူမှာလား'ဟု
ရီတိုက်ရှင်အား မေးလေသည်။

ရီတိုက်ရှင်က ဓားအရှိန်ကို ရပ်တန့်လိုက်ပြီး ထိုလူ၏
အမေးကို ပြန်ဖြေသည်။

'ကောင်းပြီ၊ ခင်ဗျားက ကျုပ်ကို အဆိပ်ဖြေဆေးပေးပါ၊
ကျုပ်က ခင်ဗျားကို ဓားပေးမယ်'

မှန်ပါသည်။ ရီတိုက်ရှင်၏ ရင်ဘတ်နှင့် ပေါင်တို့တွင်
ထုံကျဉ်လာပြီဖြစ်ရာ အဆိပ်တက်နေပြီဖြစ်ကြောင်း သူ ခံစား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ ထို့ကြောင့် နဂါးနိုင်ဓားကို သူ မတွယ်တာ မဓက် မောတော့။ ချက်ချင်းပင် သူ့လက်မှဓားကို ထိုလူ့ခြေထောက်နား သို့ ပစ်ချပေးလိုက်၏။

'ကဲ...ကျုပ်က ခင်ဗျားကို ဓားပေးလိုက်ပြီ၊ ခင်ဗျားက ကျုပ်ကို ဖြေဆေးပေးပေတော့'

'ဟား...ဟား...ဟား'

ထိုလူက ခြေထောက်နားမှဓားကို တစ်ချက်မျှကြည့်လိုက် ပြီးနောက် တဟားဟားရယ်မောနေလေ၏။ သူ့သွင်ပြင်ဟန်က ရယ်စရာကောင်းသော စကားတစ်ခွန်းကို ကြားရသကဲ့သို့ပင်။

ရီတိုက်ရှင်က ဒေါသသံဖြင့် အော်ဟစ်ကာ ပြောလေ၏။

'ဒီမှာကိုယ့်လူ၊ ကျုပ်က ရယ်စရာပြောနေတာ မဟုတ် ဘူး၊ ခင်ဗျားဆီက ဖြေဆေးတောင်းနေတာဗျ၊ ဘာလို့ ဒီလောက် ရယ်နေတာလဲ၊ ပြောစမ်းပါဦး'

ထိုလူက ပြန်မဖြေ။ ရီတိုက်ရှင်၏ မျက်နှာကိုသာ လက်ညှိုးထိုးလျက် တဟီးဟီး တဟားဟား ရယ်နေပြန်၏။ ပြီးမှ...

'ဩော်...ရီတိုက်ရှင်...ရီတိုက်ရှင်၊ ခင်ဗျား ဒီလောက် တောင် ညံ့သလားဗျာ၊ ကျွတ်...ကျွတ်...ကျွတ်...၊ ခင်ဗျား လက်ထဲမှာ ဓားရှိနေရင်သာ ကျုပ်ဖြေဆေးပေးရင် ပေးဦးမယ်

အခု ခင်ဗျားလက်ထဲမှာ ဓားမရှိတော့ ကျုပ်က ဘာပေးဖို့မှ မလိုတော့ဘူးလေ၊ ဟား...ဟား...ဟား...၊ ဟီး...ဟီး'

ရီတိုက်ရှင်၏ မျက်နှာမှာ တစ်ခုလုံး ဖြူဆွတ် သွား၏။ သို့သော် စိတ်ကို တည်ငြိမ်စွာထိန်းရင်း....

'ယောက်ျားပဲ၊ သေတစ်နေ့ မွေးတစ်နေ့ပဲပေါ့၊ ကျုပ်ရဲ့ အသက်မှာ မတရားတာကို ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ ဒါကြောင့် အခုချက်ချင်းခင်ဗျားလို လူယုတ်မာလက်ချက်နဲ့သေရရင်လဲ ကျုပ်က တစ်စေ့လေးမှ ဖြစ်ရာမလိုဘူး'

ထိုလူက လက်မ,ထောင်ကာ...

'ဟဲ...ဟဲ...အတော်ကို ချီးကျူးစရာကောင်းတာပါပဲ ဟား၊ ဟူရန်းခုနစ်ဖော်က တကယ့်ကို ချီးကျူးစရာကောင်းတာ အမှန်ပဲ၊ ကြည့်စမ်းဗျာ၊ သေရတော့မယ့်အချိန်မှာတောင် ဒီလောက် စိတ်ကို တည်ငြိမ်အောင် ထိန်းနိုင်တဲ့လူမျိုးကို ကျုပ်တစ်သက် မမြင်ဖူးသေးဘူး'

ရီတိုက်ရှင်က ထိုသူ၏ စကားကို အရေးမစိုက်။ သူသိ ချင်သည်ကို မေးလိုက်သည်။

'ခင်ဗျားနာမည်ပြောမပြနိုင်ဘူးလား'

ထိုလူကရယ်၍...

'ကျုပ်က မျက်ခုံးဖြူဂိုဏ်းရဲ့ အညတရ ပါမွားလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါဗျာ၊ မှူတန်းဂိုဏ်းက တကယ်လို့ ကလဲ့စားချေချင်တယ်ဆိုရင်လဲ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ထွက်ပြီး ရင်ဆိုင်မှာပေါ့၊ ဒါပေမယ့် ခင်ဗျားဟာ ဒီနေ့မှပဲ ဘုမသိဘမသိဘဲနဲ့ သေသွားရမယ့်အတွက်ကိုတော့ ခင်ဗျားတို့ဂိုဏ်းချုပ်ဆရာကြီး ကျန်းဆန်းဖုန်းက ကျုပ်တို့ မျက်ခုံးဖြူဂိုဏ်းရဲ့ လက်ချက်လို့ ဘယ်လိုမှ ထင်နိုင်စရာအကြောင်း မရှိပါဘူး ရိတ့်ကျ်ရှင်'

ထိုသူက တတွတ်တွတ်ပြောရင် အားရကျေနပ်လျက် ရှိစဉ် ရိတ့်ကျ်ရှင်သည် ရုတ်တရက် ကျောက်ဆူးဝိုင်းတစ်ဝိုင်းကို ကောက်ယူပြီး ထိုလူအား အားကုန်ပစ်ပေါက်လိုက်၏။ ထိုသူက ထိတ်လန့်တကြား တစ်ချက်အော်ပြီး ချက်ချင်းပင် နဂါးနိုင်ဓားကို ကောက်ယူပြီး ကျောက်ဆူးကို ကာကွယ်ရန်ပြုလိုက်၏။ သို့သော် နဂါးနိုင်ဓားမှာ သာမန်ဓားထက် ဆယ်ဆမျှ လေးနေသဖြင့် ဆွဲ၍မ, လိုက်သော်လဲ ဓားမှာ အနည်းငယ်မျှ ကြွတက်လာပြီး ပြန်ကျသွားလေ၏။

အမှန်မှ ထိုသူသည် ဓားကို မ,မနိုင်ခြင်းတော့မဟုတ်ပါ။ ဓားကို ကောက်ယူစဉ်တွင် သူခန့်မှန်းထားသော အလေးချိန်မှာ တကယ့်လက်တွေ့အလေးချိန်ထက် လွန်စွာ လျော့နည်းနေသည် ဖြစ်ရာ သူ့လက်ထဲမှ ထုတ်လိုက်သောအားမှာလည်း လျော့နည်းနေလေ၏။ ထို့ကြောင့် ဓားမှာ အနည်းငယ်မျှ ကြွတက်လာပြီး



ပြန်ကျသွားခြင်းပင် ဖြစ်သည်။

သို့ဖြင့် ထိုလူသည် ကျောက်ဆူးကို ဓားဖြင့် မကာကွယ်နိုင်တော့ဘဲ လက်ဖြင့်သာ ကျောက်ဆူးကို ကာလိုက်ရာ၊ လျှပ်တစ်ပြက်အတွင်းမှာပင် ထိုလူသည် ဓားကိုင်လျက်နှင့် မြစ်ထဲသို့ ဘုန်းခနဲ ထိုးကျသွားလေတော့၏။

တကယ်မှ ရိတ့်ကျ်ရှင်သည် မိမိသေရတော့မည်ဟုထင်ပြီး ရန်သူအား တောင်းပန်ခြင်းမပြုတော့ဘဲသူသေ ကိုယ်သေ တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်ပါ၏။ ရိတ့်ကျ်ရှင်သည် ထိုသူ မြစ်ထဲသို့ ကျသွားသည့်တိုင် ဓားကို မလွှတ်ဘဲ ဆုပ်ကိုင်ထားလျက် တွေ့ရသော် စိတ်ထဲတွင် . . .

'မင်းက ဓားကိုရသွားပေမယ့် မြစ်ရေထဲမှာပဲ နစ်သေရမှာပါ' ဟု ရေရွတ်လိုက်မိ၏။

သို့သော် ရိတ့်ကျ်ရှင် မထင်မှတ်သော အချင်းအရာတစ်ခုက ရုတ်တရက်ပေါ်လာပါ၏။ ထိုလူ မြစ်ရေထဲသို့ နစ်လုနစ်ခင် ဖြစ်နေစဉ်တွင်ပင် အဖြူရောင်တန်းတစ်ခု ဘွားခနဲ မြစ်ထဲသို့ ထိုးကျလာပြီး ထိုလူ၏ လည်ပင်းအားကြိုးတစ်ချောင်းက ရစ်ပတ်လိုက်ပြီး ဖြစ်သွား၏။

ရိတ့်ကျ်ရှင်သည် အံ့သြတုန်လှုပ်စွာဖြင့် စူးစိုက်ကြည့်လိုက်သော် မိမိရှိရာ လှေကြီး၏ မလှမ်းမကမ်းတွင် လှေငယ်တစ်စင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကိုတွေ့ရပြီး ထိုလှေ၏ထိပ်တွင် အင်္ကျီဖြူဝတ် လူငယ် တစ်ဦး မတ်တတ်ရပ်နေသည်ကိုပါ တွေ့လိုက်ရ၏။ ထို့ပြင် လူငယ်၏လက်ထဲတွင် ကြိုးတစ်ချောင်းကိုင်ထားပြီး ထိုကြိုးကို ပြန်ဆွဲ[illegible]ည်နှင့်အတူ ဓားကိုင်လျက် မြုပ်လုမြုပ်ခင် ဖြစ်နေ သောလူမှာ လူငယ်၏ လှေပေါ်သို့ ချက်ချင်း ရောက်ရှိသွားလေ တော့၏။ ထို့နောက် လှေထိပ်တွင် ရပ်နေသော အင်္ကျီဖြူဝတ် လူငယ်က တစ်ချက်အမိန့်ပေးလိုက်ရာ လှေငယ်သည် ရိတိုက်ရှင် ၏ လှေကြီးနားသို့ ချက်ချင်း ကပ်လာလေတော့၏။

ထိုအချိန်တွင် ရိတိုက်ရှင်တစ်ကိုယ်လုံး အဆိပ်တက်နေပြီး ပျော့ခွေနေပြီဖြစ်ရာ အင်္ကျီဖြူဝတ်လူငယ်က သူ့လှေပေါ်သို့ တက်လာသည်ကို တွေ့ရသော်လည်း ဘာမျှ မလုပ်နိုင်တော့ဘဲ ရုတ်တရက် မျက်လုံးစုံ မှိုက်ခနဲဖြစ်လျက် မေ့မျောသွားလေ တော့၏။

❑



# အခန်း (၇)

www.burmeseclassic.com

www.burmeseclassic.com



## ရွှေငါး အာမခံဌာန

အိဘာယ်မှုအထိကြာအောင် ရိတ်ိုက်ရှင် မေ့မျောသွားသည်မသိ။ သူ ပြန်လည်သတိရပြီး မျက်လုံးအစုံ ဖွင့်လိုက်ချိန်တွင်မှ အလံတစ်ခုကို တွေ့လိုက်ရ၏။ အလံပေါ်တွင် ရွှေငါးတစ်ကောင် ရေးဆွဲထားသည်။

ရိတိုက်ရှင် ရုတ်တရက် သတိရလိုက်ပြီ ဖြစ်၏။

'အင်း... ဒီအလံဟာ လင်အန်းနယ်က ရွှေငါး အာမခံဌာနရဲ့ အလံပဲ'

ဝိုးတဝါးစိတ်နှင့် မကြည်မလင် ဖြစ်နေရာမှ ယခုသော် ရှင်တိုက် ကောင်းစွာသတိဝင်လာပြီ ဖြစ်သည်။ မိမိသည် ထမ်းစင်တစ်ခုပေါ်တွင် လဲလျောင်းနေသည်ကို လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထိုထမ်းစင်အား လူနှစ်ယောက်က ရှေ့နောက် ထမ်းထားသည် ကိုလည်းကောင်း၊ ယခု အခန်းတစ်ခု၏ အလယ်တွင် ရောက်နေ သည်ကိုလည်းကောင်း ရိုတိုက်ရှင် ကြည်ကြည်လင်လင်ပင် သိလိုက်ပါ၏။ သို့သော် ဘယ်ညာဝန်းကျင်သို့ လှည့်ပတ်ကြည့်ရန် ပြုလိုက်သောအခါတွင်တော့မှ မိမိ လည်ပင်းမှာ တုတ်ထောက် ထားသလို တင်းနေပြီး မလှုပ်ရှားချင်တော့ပြီကို လည်းကောင်း၊ ထမ်းစင်ပေါ်မှ လူးလဲထရန် ပြုစဉ်တွင်လည်း ခြေလက်များ သည် ခန္ဓာကိုယ်နှင့် တသီးတခြား ရှိနေသကဲ့သို့ လုံးဝစိတ်ဖြင့် ခိုင်းစေ၍ မရတော့သည်ကိုလည်းကောင်း သိရသော် လှုပ်ရှား တုန်လှုပ်ချောက်ချားသွားလေ၏။

ထိုအခါကျမှပင် ရိုတိုက်ရှင်က အဖြစ်မှန်ကို ပြန်လည် စဉ်းစားမိတော့၏။

'အင်း လက်စသတ်တော့ ငါ့မှာ ဟိုလူရဲ့ ဆံရှေ အပ်ချောင်းနဲ့ လက်ဝါးညှပ် သံစူးချွန်ရဲ့ အဆိပ်တွေ သင့်နေ တာကိုး'

ထိုစဉ် လူနှစ်ယောက် စကားစမြည် ပြောသံ ကြားလိုက် ရ၏။ ကျယ်လောင်ကျယ်လောင်နှင့် လူက...

'ခင်ဗျားရဲ့နာမည်က ဘယ်လိုခေါ်သလဲ'

အမေးခံရသူက...

'ခင်ဗျား ကျုပ်နာမည်ကို မမေးပါနဲ့၊ ကျုပ်က အ ခင်ဗျားကို မေးနေတာဗျ၊ ဒီအလုပ်ကို လက်ခံမလား လက်ခံ ဘူးလား ဒါပဲပြော'



ရိုတိုက်ရှင် အံ့သြရပြန်၏။ ပြီး...

'နောက်မှပြောတဲ့လူရဲ့ အသံက မိန်းကလေးအသံနဲ့ တူနေပါလား' ဟုလည်း ကောက်ချက်ချနေမိ၏။

ထပ်မံ နားစွင့်လိုက်သော် အသံ ကျယ်လောင်ကျယ် လောင်နှင့်လူက မကျေမနပ်ဖြင့်...

'ကျုပ်တို့ ရွှေငါးအာမခံဌာနက အလုပ်မရှိတာမှ မဟုတ် ဘဲဗျ၊ ခင်ဗျားက ပစ္စည်းကိုလဲအပ်မယ်၊ နာမည်ကိုလဲ မပြော ဘူးဆိုတော့ တစ်ခြားအာမခံဌာနကိုပဲ သွားပါတော့ဗျာ'

မိန်းကလေးအသံနှင့် တူသူက...

'ဒီ လင်အန်းနယ်မှာ ခင်ဗျားတို့ ရွှေငါးအာမခံဌာန တစ်ခုပဲ နည်းနည်း သုံးလို့ရတာဗျ၊ ကျန်အာမခံဌာနတွေကက သုံးလို့ကိုမရဘူး၊ ကဲ...ခင်ဗျား ခုလောလောလတ်လတ် မဆုံး ဖြတ်နိုင်ရင် ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီးကို ခေါ်လွှတ် လိုက်ပါ၊ ကျုပ် သူနဲ့ ဆွေးနွေးမယ်ဗျာ'

ထိုစကားကြောင့် အသံ ကျယ်လောင်ကျယ်လောင်နှင့် လူ ပို၍ ဒေါသထွက်လာဟန် တူ၏။ သူက...

'ကျုပ်က ရွှေငါးအာမခံဌာနနရဲ့ ခေါင်းဆောင်ပဲ၊ ကျုပ် အစ တခြားကိစ္စ ရှိသေးတယ်၊ ခင်ဗျားပြန်ပါတော့'

မိန်းမသံလိုလို အသံရှင်က...

'ဩော်... လက်စသတ်တော့ ခင်ဗျားက ရွှေငါး အာမခံဌာနရဲ့ ခေါင်းဆောင်ကြီး တိုးတာကျင်းကိုး'

စကားကို ခေတ္တဖြတ်ထားပြီးမှ ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့နာမည်ကို ကျုပ် အမြဲတမ်း ကြားနေရပါတယ်၊ ကျုပ်ရဲ့ မျိုးရိုးနာမည်ကတော့ ချင်ပါ'

သို့ဖြင့် ကျယ်လောင်လောင်နှင့်လူ၊ သို့မဟုတ် ရွှေငါးအာမခံဌာန၏ခေါင်းဆောင် တိုးတာကျင်းက အနည်းငယ်ကျေနပ်သွားသလိုနှင့်...

'ခင်ဗျား ဘာပစ္စည်းအပ်မလို့လဲ'

မိန်းကလေးအသံလိုလိုလူ၊ သို့မဟုတ် ချင်,မျိုးရိုးနွယ်ဝင်ကလည်း...

'ကျုပ်က ခင်ဗျားကို အရင်မေးရဦးမယ်၊ ခင်ဗျားထံ ဒီအလုပ်ကို တာဝန်ယူနိုင်ပါ့မလား၊ ဒီဟာက သာမည ပါးစွာအလုပ် မဟုတ်ဘူး၊ နည်းနည်းမှ ချွတ်ချော်လို့ မရဘူးဗျ'

ထိုစကားကြောင့် တိုးတာကျင်းက ဒေါသကို မနည်းချုပ်တည်းလျက်...

'ကျုပ်က ဒီရွှေငါးအာမခံဌာနကို ဖွင့်လာတာ အနှစ်နှစ်ဆယ်ကျော်သွားပြီ၊ ဘယ်လောက်ကြီးကျယ်တဲ့ အလုပ်မျိုးကိုမဆို လုပ်ဖူးတယ်၊ တစ်ခါမှလဲ မချွတ်ချော်ခဲ့ဖူးပါဘူး'

ရှိရှင်တိုက်လည်း တိုးတာကျင်း၏ နာမည်ကို ကြားဖူး၏။ တိုးတာကျင်းမှာ ရှောင်လင်ဘုရားကျောင်း၏ လူငယ်တစ်ဦးဖြစ်ပြီး သိုင်းပညာလည်း မခေလှချေ။ အထူးသဖြင့် လှံတိုလေး လေးဆယ်ကိုးချောင်းကို တစ်ချောင်းစီ ဆက်တိုက်ပစ်လွှတ်နိုင်သော သိုင်းပညာတွင် နာမည်ကျော်ခဲ့သူ ဖြစ်၏။

ထိုစဉ် မျိုးရိုးနာမည် ချင်,ဆိုသူက ပြုံးကာ...



'ကျုပ်ကလဲ ခင်ဗျားတို့ရဲ့ ရွှေငါးအာမခံဌာနကို အားကိုးလို့ရမှန်းသိလို့ လာအပ်တာပါ၊ ဒါပေမယ့် စည်းကမ်းချက် သုံးချက် သတ်မှတ်ထားတယ်'

တိုးတာကျင်းက...

'ကျုပ်တို့ကလဲ စည်းနဲ့ကမ်းနဲ့၊ စည်းမျဉ်းကလနားနဲ့ဗျ၊ ဟော... အရှုပ်အရှင်းရှိတဲ့ ပစ္စည်းကို လုံးဝ လက်မခံဘူး၊ ဟော... မျိုးရိုးစစ်မြစ်ကို မသိတဲ့ ပစ္စည်းကို လက်မခံဘူး၊ နောက်တစ်ခုက ငါးသောင်းအောက် တန်ဖိုးရှိတဲ့ ပစ္စည်းကို လုံးဝ လက်မခံဘူးဗျ'

တိုးတာကျင်းသည် ချင်,လူငယ်၏ စကားကို ဆုံးအောင်ပင် နားမထောင်ဘဲ သူ့စည်းမျဉ်းကို အလျဉ်စလို ရှင်းပြနေခြင်း ဖြစ်၏။ ထိုစဉ် ချင်,လူငယ်က...

'ကျုပ်ရဲ့ ပစ္စည်းကတော့ အရှုပ်အရှင်း နည်းနည်းပါးပါး ရှိတယ်၊ မျိုးရိုးစစ်မြစ်လဲ မရှင်းလင်းဘူး၊ ခင်ဗျားရဲ့ စည်းမျဉ်းနဲ့ ကိုက်ညီဖို့ မလွယ်ဘူး၊ နောက်ပြီး ကျုပ်ရဲ့ စည်းမျဉ်းကလဲ မလွယ်ဘူးခင်ဗျ၊ ဟော ပထမအချက် ဒီပစ္စည်းကို ခင်ဗျား ကိုယ်တိုင် ခေါင်းဆောင်ပြီးတော့ လိုက်ပို့ရမယ်၊ ဟော ဒုတိယအချက် လင်အန်းနယ်ကနေ ဟူပေနယ်ကို မရပ်မနား ပို့ရမယ်၊ ဆယ်ရက်အတွင်း အရောက်ပို့ရမယ်၊ နောက်ဆုံး တကယ်လို့ အမှားအယွင်း အချွတ်အချော် တစ်ခုခုဖြစ်ခဲ့ရင် ဟော... ဟော ခင်ဗျား ခေါင်းဆောင်ကြီးရဲ့အသက် မချမ်းသာရုံမက ခင်ဗျားတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေငါးအာမခံဌာန တစ်ခုလုံးကိုလဲ ကြက်ငှက်မကျန် အကုန် သတ်ပစ်မယ်'

ထိုစဉ် တိုးတာကျင်းက စားပွဲခုံကို ဘုန်းခနဲ ထုလိုက်သောအသံ ထွက်လာ၏။ ပြီး ကျယ်လောင်ကျယ်လောင် အသံဖြင့် . . .

'ခင်ဗျားက ကျုပ်ကို သက်သက် အပျင်းပြေ လာနှောက်နေတာလား၊ ကျုပ်တို့ ရွှေငါးအာမခံဌာနကို ဘာများ ထင်နေသလဲဟင်၊ ကျုပ်က ခင်ဗျားကို ပိန်ပိန်သွယ်သွယ် ရုပ်ရည်သနားကမားမို့လို့ သည်းညည်းခံနေတာ၊ နို့မို့ရင် တစ်ချက်တည်းနဲ့ ပြားချပ်သွားမယ် နားလည်လား'

'အေး. . . . အေး'ဟု ချင်လှုငယ်က ခနဲ့ရယ် ရယ်ပြီး စားပွဲပေါ်သို့ ပစ္စည်း တစ်စုံတစ်ခု ဘုန်းခနဲ ပစ်တင်လိုက်၏။ ပြီးနောက် မိန်းမသံလိုလိုဖြင့်ပင် . . .

'ဒီမယ် သေသေချာချာကြည့်၊ ဒါက ရွှေဒင်္ဂါး နှစ်ထောင်၊ ခင်ဗျားတို့ရဲ့ အာမခံရဲ့ အခအကြောင်းပဲ၊ ဒီရွှေဒင်္ဂါးနှစ်ထောင်ဟာ ပိုက်ဆံ ဆယ်သိန်းနဲ့ ညီမျှတယ်၊ ခင်ဗျားတို့ အာမခံဌာနက ပစ္စည်းရှင်ဆီကနေ ပစ္စည်းတန်ဖိုး တစ်ရာမှာမှ လေးကျပ်ပဲ ရတာပဲ၊ ဒီ ငွေဆယ်သိန်းဆို ခင်ဗျားတို့ အလုပ်လုပ်တာတောင် ရမှာ မဟုတ်ဘူး'

ရွှေရောင်တဝင်းဝင်း လက်ထနေသော ရွှေဒင်္ဂါးများကို မြင်ကတည်းက ကျယ်လောင်ကျယ်လောင် တိုးတာကျင်း၏ အမူအရာပြောင်းလဲပြီး ဖြစ်သွား၏။ မှန်သည်။ အာမခံဌာန



စတင်ဖွင့်သည်မှ စ၍ စောစောက အချိန်ထိ ဤမျှ များပြားသော ရွှေကို မိမိ မမြင်ဘူးခဲ့။ ယခု မိမိက ခေါင်းတစ်ချက် ညိတ်လိုက်သည်နှင့် ဒီရွှေဒင်္ဂါးများမှာ အလိုအလျောက် မိမိပိုင် ဖြစ်ရတော့မည်ဟု တွေးလိုက်မိသောအခါ တိုးတာကျင်း စိတ်မလှုပ်ရှားဘဲ မနေနိုင်ပါတော့။

ရိတိုက်ရှင်မှ လည်ပင်းကို ဘယ်ညာ လှည့်ဗတ်၍ မကြည့်နိုင်သဖြင့် သူ့ရှေ့တည့်တည့်ကိုသာ မြင်နေရ၏။ သို့သော် ယခုအချိန်တွင် အခန်းကြီးတစ်ခုလုံး ပကတိ ငြိမ်သက်လျက် ရှိနေသည်ကို တွေ့ရ၏။

ထိုတိတ်ဆိတ်မှုကြီးတွင် တိုးတာကျင်း၏ ပြင်းထန်သော အသက်ရှူသံကိုသာ ကြားနေရ၏။ ထို့ကြောင့် အမြင်အားဖြင့် ဘာမျှမရှိသော်လည်း ရိတိုက်ရှင်အဖို့ ခန့်မှန်း၍မှ သိနိုင်ပါ၏။

တိုးတာကျင်းက ရွှေဒင်္ဂါးများကို မျက်လုံးပြူးကြောင်ကြောင်ဖြင့် ငေးကြည့်နေသည်မှာ သေချာလှ၏။ ထိုအချိန်တွင် ချင့်လှုငယ်က . . .

'ကျုပ်က ခင်ဗျားကို အရင်မေးရမယ်လေ၊ ကျုပ်ရဲ့ စည်းကမ်းချက် သုံးချက်ကို ခင်ဗျား လိုက်နာနိုင်မှာလား'

တိုးတာကျင်းက တစ်ချက် တွန့်သွား၏။ ပြီးမှ ကိုယ့်ခေါင်းကို တစ်ချက်ပုတ်လိုက်၏။ ပြီးလျှင် . . .

'ဆရာလေးက ဒီလောက်တောင် ငွေပုံပေးမှတော့ ကျုပ်က ဆရာလေးအတွက် အသက်စွန့်ရစွန့်ရ တာဝန်ယူရတော့မှာပေါ့၊ ဆရာလေးရဲ့ပစ္စည်း ဘယ်အချိန် ယူလာမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် ချင်,လူငယ်က...

'ကျုပ် ခင်ဗျားကို အာမခံခိုင်းတဲ့ ပစ္စည်းကတော့ ဟောဒီ ထမ်းစင်ပေါ်ကလူပဲ'

'ခင်ဗျာ'

တိုးတာကျင်း အံ့အားအသင့်ကြီး သင့်သွား၏။ ရိုတိုက်ရှင်မှာ ပို၍ပင် အံ့သြသွား၏။ သူက လွှတ်ခနဲ ပါးစပ်ဟ,၍...

'ကျုပ်... ကျုပ်'

သို့သော် ရိုတိုက်ရှင်၏ နှုတ်မှ ကျုပ်ဟူသော အသံသာ ထွက်လာနိုင်၏။ အိပ်မက်ထဲတွင် ဘီလူးစီးခံနေရသူပမာ ဘယ်မျှပင် အားထုတ်စေကာမူ သူ့တစ်ကိုယ်လုံး မလှုပ်ရှားနိုင်ရုံမက အသံလည်း လုံးဝမပြုနိုင်တော့ချေ။

ထိုအခါကျမှပင် ဆံမွေးအပ်ချောင်းနှင့် လက်ဝါးညွှန် သံရုံးချွန်၏ အဆိပ်က ပြင်းထန်လှကြောင်း ရိုတိုက်ရှင် သိရတော့၏။ ယခုအချိန်တွင် သူက နားအကြား၊ မျက်စိအမြင်သာ လွဲလျှင် တစ်ကိုယ်လုံးရှိ အခြားအင်္ဂါရပ်များ မလှုပ်ရှားနိုင်တော့။ ထိုအခိုက် တိုးတာကျင်းအသံ ဆက်ကြားရပြန်၏။

'ဒီ... ဒီလူပဲလား'

'ဟုတ်တယ်၊ ခင်ဗျားက သူ့ကို ကိုယ်တိုင်စောင့်ရှောက်ပြီးပို့ရမယ်၊ လမ်းတစ်လျှောက်လုံး မရပ်မနားဘဲ သွားရမယ်၊ ဆယ်ရက်အတွင်း ဟူပေနယ်က ဟူတန်းတောင်ကို အရောက်သွားပြီး ဟူတန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ လက်ထဲကို အရောက်အပ်ပေးရမယ်'



ချင်လူငယ်၏ စကားကို ရိုတိုက်ရှင် ကြားလိုက်ရသော အခါ ခနဲ သက်ပြင်းတစ်ချက် မှုတ်လိုက်မိ၏။ ရင်မှာလည်း ပေါ့ပါးသွား၏။ တိုးတာကျင်းက စကားဆက်ပြန်သည်။

'ဟူတန်းဂိုဏ်း၊ ကျုပ်တို့ ရှောင်လင်ဂိုဏ်းသားတွေက ဟူတန်းဂိုဏ်းသားတွေနဲ့ ဘာရန်စမှ မရှိခဲ့ပေမယ့် တစ်ဖက်နဲ့ တစ်ဖက် အဆက်အဆံ အသွားအလာ လုံးဝမရှိပါဘူး၊ ဒါ...'

'ဒီမှာ လက်ခံရင် ခံမယ်ပြောပါ၊ မခံရင် မခံဘူး ပြောပါ၊ လိုရင်းပဲ ကြားချင်တယ်'

ချင်,လူငယ်က စိတ်မရှည်သဖြင့် ပြောသည်။ တိုးတာကျင်း၏ မျက်လုံးအကြည့်က ရွှေဂေါ်ပုံပေါ် ရောက်သွားပြီးနောက်...

'ကောင်းပြီ၊ ဆရာလေးရဲ့ အလုပ်ကို ကျုပ်တို့ လက်ခံလိုက်ပြီ'

ထိုအခါ ချင်,လူငယ်က ပြုံးကာ...

'ဒီနေ့ဟာ သုံးလနဲ့ နှစ်ဆယ့်ကိုးရက်၊ လေးလ ကိုးရက်နေ့မှာ ခင်ဗျားက ဒီလူကို ဘေးမသီ ရန်မခဘဲနဲ့ ဟူတန်းတောင်ကို အရောက်ပို့နိုင်ခဲ့ရင် ခင်ဗျားတို့ ဒီရွှေငါးအာပဒ်ဌာနမှာ ရှိတဲ့ လူပေါင်း ခုနစ်ဆယ့်တစ်ယောက်ကို တစ်ယောက်မကျန် သတ်ပစ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် ချင်,လုငယ်က လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ရှီးရှီးအသံနှင့်အတူ သေးငယ်သော အပ်ချောင်းများ လျှပ်တစ်ပြတ်ထွက်လာပြီး အလံစိုက်ထားသော ကြွေအိုးတွင် သွားစိုက်ကြ၏။ ထိုအခါ ကြွေအိုးလည်း ဘန်းခနဲ အစိပ်စိပ်အမြွာမြွာ ကွဲပြီး ဘေးသို့ လွင့်စင်သွားလေသည်။

ဤသို့နှယ် လျို့ဝှက်လက်နက်ပစ်သော ပညာမျိုးမှာ တကယ်ပင် ကြောက်စရာ ကောင်းလှ၏။

တိုးတာကျင်းနှုတ်မှ 'ဟာ'ခနဲ အလန့်တကြား အာမေဋိတ်ပြုမိသကဲ့သို့ ရိတိုက်ရှင်လည်း ရင်အခုန် မြန်သွားရ၏။ ထို့နောက် ချင်,လုငယ်က . . .

'သွားကြစို့'ဟု ဆိုလိုက်လျှင် ရိတိုက်ရှင်အား ထမ်းစင်ဖြင့် ထမ်းထားသော လူနှစ်ယောက်သည် ထမ်းစင်ကို ချထားလိုက်ပြီး ချင်,လုငယ်နှင့်အတူ ထွက်သွားကြလေသည်။ အတန်ကြာမှပင် တိုးတာကျင်းက သတိပြန်ရလာပြီး ရိတိုက်ရှင်အနားသို့ လျှောက်လာကာ . . . .

'ဒီက ဆရာကြီးရဲ့နာမည်ကို ဘယ်လိုခေါ်သလဲ၊ ဟုတာ ဂိုဏ်းကလား'

ရိတိုက်ရှင် ဘာမှမပြောနိုင်။ တိုးတာကျင်းကိုသာ ငေး၍ ကြည့်နေ၏။ တိုးတာကျင်းက ဆက်၍ . . .

'ဆောဆောက ဟို ချင်,လုငယ်ဟာ ရုပ်လဲချော၊ အသက်လဲ ငယ်၊ သိုင်းပညာလဲ အတော့်ကိုတော်တယ်၊ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့ကလဲဗျ'



တိုးတာကျင်းကသာ ဆက်တိုက် မေးနေသည်။ ရိတိုက်ရှင်မှ ဘာမျှ မဖြေနိုင်။ နောက်ဆုံး မျက်လုံးစုံမှိတ်၍ အရေးမစိုက်သလို နေလိုက်ရလေ၏။

တိုးတာကျင်းသည် ဤ ရွှေငါးအာမခံဌာနကို ဖွင့်လှစ်တည်ထောင်ခဲ့သည်မှာ အနှစ် နှစ်ဆယ်ကျော်လာခဲ့ပြီဖြစ်ရာ အဖြစ်အပျက်မျိုးစုံ ကြုံခဲ့ဖူးပြီဖြစ်၏။ သို့ရာတွင် ယခုကဲ့သို့ ရွှေဒင်္ဂါးနှစ်ထောင်နှင့် လူတစ်ယောက်ကို အာမခံပြီး ဆောင့်ရှောက်ပို့ဆောင်ခိုင်းသည့် အဖြစ်မျိုးကို တစ်ခါဖူးမျှ မကြုံခဲ့ဘူးချေ။ တိုးတာကျင်းသည် ရွှေဒင်္ဂါးအထုတ်ကို သူ့အခန်းထဲသို့ သိမ်းဆည်းပြီးနောက် ရိတိုက်ရှင်ကိုလည်း အခန်းတစ်ခန်းတွင် ထည့်ထားလိုက်၏။

ပြီးလျှင် ချက်ချင်းပင် သူ့အဖွဲ့သားများကို စုဝေးခိုင်းစေလိုက်ပြီး ခရီးစ,ထွက်ရန် ပြင်ဆင်လိုက်သည်၊ တစ်ချိန်တည်းတွင် အားထားရသော လက်ထောက်နှစ်ယောက်နှင့်လည်း တိတ်တဆိတ် ဆွေးနွေးလိုက်သေး၏။ ဆွေးနွေးသော အကြောင်းအရာကား အခြားမဟုတ်။ ချင်,လုငယ် ထွက်ခါကာနီးတွင် ပြောသွားသော တာဝန်မကျေပွန်လျှင် သူတို့ ရွှေငါးအာမခံဌာနတစ်ခုလုံးရှိ လူများအား သတ်ပစ်မည်ဟူသောစကား အကြောင်းအရာကို ဆွေးနွေးကြခြင်းဖြစ်သည်။

သူတို့ အာမခံဌာနတွင် လူပေါင်း ဘယ်နှစ်ယောက်ရှိသည်ကို သူတို့ အတိအကျ မတွက်ခဲ့ဖူးချေ။ ယခု အသေအချာ တွက်ကြည့်မှပင် တိုးတာကျင်းသည် မိမိတို့အား အပါ

www.burmeseclassic.com

www.burmeseclassic.com



အဝင် မွေးစကလေး၊ မီးဖိုချောင်မှ အလုပ်သမား အပါအဝင် လူပေါင်း ခုနစ်ဆယ့်တစ်ယောက်တိတိ ရှိကြောင်း သိရတော့သည်။

ထိုအခါ တိုးတာကျင်းတို့ သုံးဦးသားမှာ စကားမပြောနိုင်တော့ဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြောင်၍ ကြည့်နေမိကြလေ၏။

လက်ထောက်တစ်ယောက်က . . .

'ဒီအလုပ်ကို လက်ခံမိတာတော့ မှားပြီထင်တယ်'

တိုးတာကျင်းက . . .

'ခုကိစ္စက ဒီထိတောင်ရှိနေမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ငါတို့က အားကုန်ထုတ်ပြီး ဒီလူကို ဟူတန်းကိုအောင်ကို ရောက်အောင် ပို့ပေးရမှာပေါ့၊ ခု ငါတို့က ဌာနမှာရှိတဲ့ အသက်ကြီး၊ မိန်းမ၊ ကလေးသူငယ် အားလုံးကို ရွာထဲ ပို့နိုင်လိုက်မယ်၊ ဒါက အသင့်ပြင်ဆင်တဲ့သဘောပေါ့'

သို့ဖြင့် တိုးတာကျင်းသည် ချက်ချင်း လူလွှတ်၍ သက်ကြီး ကလေးသူငယ် အားလုံးကိုခေါ်၍ လင်အန်းမြို့၏ အနောက်တောရွာ တစ်ရွာတွင် ခေတ္တ ပုန်းရှောင်နေရန် စေလွှတ်လိုက်လေသည်။ ထိုနောက်တွင်တော့မှ သူတို့သည် ရိတိုက်ရှင်အား မြင်းလှည်းဖြင့်တင်၍ ခရီးစတင် ထွက်ကြတော့၏။

ရိတိုက်ရှင်မှာမူ မြင်းလှည်းပေါ်တွင် လဲလျောင်းရင်း အတွေးများစွာ ဝင်နေမိ၏။



'ငါ့ကို ကယ်လိုက်တဲ့ ဟိုချင်လူငယ်က ဘယ်သူလဲ၊ သူ့အသံက မိန်းကလေးအသံနဲ့ တူနေပါလား၊ နောက်ပြီး သိုင်းပညာကလဲ အတော် တော်သားပဲ၊ ခက်တာက သူ့မျက်နှာကို မမြင်ရတာဘဲ၊ သူ့ကို ကျေးဇူးတင်စကားလေးတောင် မပြောလိုက်ရဘူး'

သူတို့ မြို့ပြင်သို့ရောက်သည်နှင့် ရှေ့ဘက်ဆီမှ မြင်းလှည်းသံများ ကြားလိုက်ရသည်။ ရိတိုက်ရှင် နားစွင့်ထောင်နေစဉ် . . .

တိုးတာကျင်း၏အသံက . . .

'မင်းတို့ ဘာဖြစ်လို့ ပြန်လာရတာလဲ၊ ငါက မင်းတို့ကို ဘယ်တော့မှ လင်အန်းမြို့ထဲကို မလာပါနဲ့လို့ ပြောထားတယ် မဟုတ်လား'

လူတစ်ယောက်က . . .

'ခေါင်းဆောင်ကြီး ကျွန်တော်တို့ နားရွက် . . .'

တိုးတာကျင်းက ဒေါသသံနှင့် ထိတ်လန့်သံ ရောလျက် . . .

'မင်းတို့ ဘယ့်နှယ်လုပ် ဒီလိုပုံတွေ ဖြစ်လာရတာလဲ၊ မင်းတို့ သုံးယောက်ရဲ့ နားရွက်တွေကို ဘယ်သူ ဖြတ်လိုက်တာလဲ'

'ကျွန်တော်တို့ ဘွားဘွားတို့ကို ခေါင်ရောက်ပြီး မြို့ပြင်ကို ထွက်လာကြတော့ မကြာခင်ဘဲ လူတစ်သိုက်က ကျွန်တော်တို့ကို တားလိုက်တယ်၊ သူတို့က ရွှေငါးအာမခံဌာနက လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ ကလေးပါ ဘယ်ကိုမှ မသွားရဘူးတဲ့၊ ကျွန်တော်တို့က သူတို့နဲ့ စကားများကြတော့ သူတို့က ကျွန်တော်တို့ရဲ့ နားရွက်ကို ဖြတ်လိုက်တော့တာပဲ၊ နောက်ပြီး ကျွန်တော်တို့ကို ခေါင်းဆောင်ကြီးဆီကို လာအပြောခိုင်းလိုက်တယ်။ တကယ်လို့ သူတို့ အပို့ခိုင်းလိုက်တဲ့ လူကို ရောက်အောင်မပို့ရင် အားလုံး တစ်ယောက်မကျန် သတ်ပစ်မယ်တဲ့'

တိုးတာကျင်း သက်ပြင်းချလိုက်သည်။ သူတို့အား ထိုသူများက တိတ်တဆိတ် စောင့်ကြည့်နေလေပြီ။

'ကဲ . . . မင်းတို့ ရွာနကိုပဲ ပြန်သွားကြတော့၊ ကောင်းကောင်းနေ၊ ကိစ္စမရှိဘဲ အပြင်ကိုမထွက်ကြနဲ့၊ ကြားလား'

'ဟုတ် . . . ဟုတ်ကဲ့'

ထို့နောက် တိုးတာကျင်းတို့ ခရီးဆက်ခဲ့ကြသည်။

နေ့ရောညပါ မရပ်မနား ခရီးပြင်းနှင်ခြင်းဖြစ်၍ မြင်းများကိုလည်း အလဲအလှယ်ပြုကာ အသုံးပြုနေရသည်။ သူတို့သည် ခရီးပင် နှင်ရသော်ငြား ရင်မှာ တဒိတ်ဒိတ်ခုန်နေရသည်။ အကယ်၍ တစ်စုံတစ်ခု ချွတ်ချော်ခဲ့သော် မိမိတို့ အသက်များ ဆုံးရှုံးရုံမက ရွာနတွင်ရှိသမျှ သက်ကြီးသက်ငယ်များပါမကျန် အသတ်ခံရမည် မဟုတ်ပါလား။ သူတို့သည် ခရီးလမ်းတစ်လျှောက်တွင် အဘယ်မျှ ပင်ပန်းမည်ကို တွက်ထားကြပြီး ဖြစ်သည်။ သို့သော် ကိုးရက်တိတိ ခရီးဆက်ခဲ့သည့်တိုင် ဘာအန္တရာယ်နှင့်မျှ မကြုံခဲ့ကြချေ။



ယခုဆိုလျှင် ဟူတန်းတောင်သို့ ရောက်လုနီးနီး နေရာသို့ပင် ရောက်လာပေပြီ။ နောက်တစ်ရက် ခရီးဆက်လိုက်လျှင် ဟူတန်းတောင်သို့ ရောက်ပြီဖြစ်သည်။ ထို့ကြောင့် သူတို့ သက်ပြင်းချနိုင်ကြ၏။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရင်မှာ ပေါ့ပါးသွားရပေပြီ။ သို့ဖြင့် မကြာမီပင် တောင်မကြီးသို့ တက်မည့် တောင်ခြေလမ်းသို့ ရောက်လာကြ၏။ တိုးတာကျင်းက အဝေးတွင် လှမ်းမြင်နေရပြီဖြစ်သော တောင်တန်းကြီးကို လက်ညှိုးထိုးပြရင်း . . .

'အဲဒီတောင်ကြီးဟာ ဟူတန်းတောင်ပဲ၊ ဒီနယ်တွေမှာ ဟူတန်းဂိုဏ်းရဲ့ နာမည်ဟာ အတော် ကျော်ကြားနေတယ်၊ သူတို့က ငါတို့ရဲ့ ရှောင်လင်ဂိုဏ်းလောက် နာမည်မကြီးပေမယ့် အတော့်ကို ကျော်ကြားနေတာ၊ နောက်ပြီး ဟူတန်းနှစ်ဖော်ဆိုတာလဲ သိုင်းလောကမှာ နာမည် ဟိုးဟိုးကျော်ပဲ'

လက်ထောက်တစ်ယောက်က . . .

'ဟူတန်းဂိုဏ်းတည်တောင်က သိပ်မှ မကြာသေးဘဲ၊ ရှောင်လင်ဂိုဏ်းက နှစ်ပေါင်း တစ်ထောင်ကျော် ရှိလာပြီပဲ၊ ဘယ်သွားယှဉ်လို့ ရမလဲ'

သို့ဖြင့် စကားတပြောပြောနှင့် ခရီးဆက်ခဲ့ရာ ဟူတန်းတောင်မကြီး၏ အခြေသို့ ရောက်လာကြ၏။

ထိုစဉ် ရုတ်တရက် အနောက်ဘက် တောင်ကြားလမ်းမှ မြင်းခွာသံများ ကြားလိုက်ပြီး မကြာမီပင် မြင်းခြောက်စီးက သူတို့ဘက်သို့ ဒုန်းစိုင်းပြေးလာသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

သူတို့နှင့် မလှမ်းမကမ်းတွင် မြင်းကို ရပ်လိုက်၏။ ထို အမှတ်မထင်အဖြစ်ကြောင့် တိုးတာကျင်းစိတ်ထဲတွင် 'လမ်းတစ်လျှောက်လုံး ဘာတစ်ခုမှ မဖြစ်ခဲ့သမျှ ယောဒီ ဟူတန်းတောင်ခြေရောက်မှ ပြဿနာဖြစ်ရတော့မှာလား' ဟု တွေးမိ၏။

သူက နံဘေးရှိ လက်ထောက်ဖြစ်သူအား...

'မြင်းလှည်းကို သတိထားပြီး စောင့်ရှောက်လိုက်' ဟု မှာကြားပြီး သူကိုယ်တိုင် မြင်းကိုစီး၍ ရှေ့သို့ ထွက်သွားလိုက်၏။

ထိုအချိန်တွင် ရှေးပြေးတပ်သားလေးက ရွှေငါးအာမခံဌာန၏ အလံကို အလံတိုင်တွင် ရစ်ပတ်လိုက်ပြီး အရိုအသေ တစ်ချက်ပေးကာ...

'ကျုပ်တို့ရဲ့ ရွှေငါးအာမခံဌာနက ခင်ဗျားတို့ရဲ့ နယ်မြေကို ရောက်လာခဲ့တာနဲ့ ပတ်သက်ပြီး အမှားအယွင်းများရှိရင် ခွင့်လွှတ်ပါ'

တိုးတာကျင်းက ထိုလူသိုက်ကို အကဲခတ်လိုက်၏။ အားလုံး လူခြောက်ယောက်ဖြစ်ပြီး နှစ်ယောက်မှာ ရ[illegible] အဝတ်အစားနှင့်ဖြစ်၏။ ကျန်လေးယောက်မှ သာမန် လူအဝတ်အစားနှင့် ဖြစ်လေ၏။ အားလုံးမှာ လက်နက်ကိုယ်စီနှင့် အားမာန်တဝင့်ဝင့် ဖြစ်နေကြ၏။ တိုးတာကျင်းက ရင်တစ်ချက် ခုန်သွားပြီးလျှင်...

'ဒီလူ ခြောက်ယောက်ဟာ ဟူတန်းခုနစ်ဖော်ထဲက ခြောက်ယောက်များလား မသိဘူး' ဟု တွေးနေမိ၏။



သို့ဖြင့် သူက ရှေ့သို့တိုးလျက် လက်သီးဆုပ်၍ အရိုအသေ တစ်ချက်ပေးလိုက်ပြီးလျှင်...

'ကျုပ်တို့က ရွှေငါးအာမခံဌာနကပါ၊ နောင်ကြီးတို့ရဲ့ နာမည်ကို မသိရဘူးလား'

ခြောက်ယောက်ထဲတွင် ညာဘက် အစွန်ဆုံးလူ၏ ဘယ်ဘက်ပါးတွင် မှဲ့ကြီးတစ်လုံးရှိပြီး ထိုမှဲ့ကြီးပေါ်တွင် အမွေးအမျှင်များ ပေါက်နေလေ၏။ ထိုသူက တိုးတာကျင်းအား ကြည့်ပြီး ၄အေးစက်သော လေသံဖြင့်...

'မိတ်ဆွေ တိုးတာကျင်းက ဟူတန်းတောင်ကို ဘာကိစ္စနဲ့ လာတာလဲ'

'ကျုပ်တို့က လူတစ်ယောက်ရဲ့ စေခိုင်းချက်နဲ့ ဒဏ်ရာ ရနေတဲ့ လူတစ်ယောက်ကို ဟူတန်းဂိုဏ်းက ဂိုဏ်းချုပ်ဆရာကြီး ကျန်းဆန်းဖုန်းဆီ လာပို့တာပါ'

မှဲ့နက်ကြီးနှင့်လူက...

'ဒဏ်ရာရတာ ဘယ်သူလဲ'

'ကျုပ်တို့က မျိုးရိုးနာမည် ချင်ဆိုတဲ့ လူတစ်ယောက်ရဲ့ စေခိုင်းချက်အရ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရနေတဲ့လူကို ဟူတန်းဂိုဏ်းကို ရောက်အောင် ပို့တာပါ၊ ဒီလူက ဘယ်သူလဲဆိုတာတော့ ကျုပ်တို့ မသိပါဘူး၊ ကျုပ်တို့က အာမခံဌာန ဖွင့်ထားတဲ့လူဆိုတော့ သူများခိုင်းတာကိုပဲ လိုက်လုပ်ရတာပေါ့'

တိုးတာကျင်းသည် ဤလုပ်ငန်း တည်ထောင်ခဲ့သည်မှာ အနှစ် နှစ်ဆယ်ကျော်ပြီဖြစ်ရာ အတွေ့အကြုံများစွာ

www.burmeseclassic.com



ရှိခဲ့၏။ ဤသို့ ပြောလိုက်ခြင်းဖြင့် ရိုတိုက်ရှင်သည် ဟူတာန်းဂိုဏ်း၏ မိတ်ဆွေပင်ဖြစ်စေ၊ ရန်သူပင်ဖြစ်စေ၊ သူတို့နှင့် ဘာမျှ မပတ်သက်နိုင်တော့ဟု နားလည်ထား၏။

မဲ့ကြီးနှင့်လူက နံဘေးမှ သူ့လူနှစ်ယောက်ကို ကြည့်လိုက်ပြီးနောက်...

'ဟို... ချင်ဆိုတဲ့လူက ဘယ်လိုပုံစံမျိုးလဲ'

'ရုပ်ချောတဲ့ လူငယ်တစ်ယောက်ပဲ၊ လျို့ဝှက်လက်နက်ပညာ သိပ်တော်တယ်'

ထိုစဉ် ခြောက်ယောက်ထဲမှ အလယ်လူက ရှေ့သို့ တစ်လှမ်းတက်လိုက်ပြီး...

'နဂါးနိုင်ဓားက အခု ဘယ်သူ့လက်ထဲမှာလဲ'

တိုးတာကျင်းက အံ့ဩလျက်...

'ဘာ၊ နဂါးနိုင်ဓား၊ သိုင်းလောကမှာ ဆိုစကားရှိခဲ့တဲ့ နဂါးနိုင်ဓား ဦးထိပ်ထားဆိုတဲ့ ဓားလား'

ထိုသူက စိတ်ကြီးဟန်တူ၏။ သူက တိုးတာကျင်း စကားကြောရှည်နေသည်ကို စိတ်မရှည်ဟန်ဖြင့် ရုတ်တရက် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ရိုတိုက်ရှင်အား ထည့်ထားသော မြင်းလှည်းရှေ့သို့ ရောက်လာ၏။ သူက မြင်းလှည်း၏ အဖုံးပိတ်စကို ဆတ်ခနဲ ဆွဲလှန်လိုက်ပြီး အတွင်းဘက်သို့ ကြည့်လိုက်၏။ တိုးတာကျင်းသည် ထိုလူ၏ သိုင်းပညာ အလွန်ကောင်းမွန်ကြောင်း တွေ့ရသော် ရင်ထဲတွင် သံသယ မရှိတော့ဘဲ...



'ခင်ဗျားတို့က သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဟူတာန်းခုနစ်ဖော်ထဲကလား၊ အကြီးဆုံး ချိုရှင်ချောင်းက ဘယ်သူလဲ၊ ကျုပ်တို့က နာမည်သာ ကြားဖူးတာ၊ လူကိုတော့ တစ်ခါမှ မတွေ့ဖူးဘူး'

တိုးတာကျင်း စကားအဆုံးတွင် မဲ့ကြီးနှင့်လူက...

'ဒီလောက်လဲ မဟုတ်ပါဘူး၊ ကျုပ်က ဒီလောက်လဲ နာမည်မကြီးပါဘူး'ဟု အေးဆေးစွာ ဆိုသည်။

ထိုအခိုက် ရိုတိုက်ရှင်အား ကြည့်ပြီးသော လူက လှည့်၍ မဲ့ကြီးနှင့်လူအား...

'သူ့ဒဏ်ရာက သိပ်ပြင်းထန်နေတယ်၊ အချိန်မြန်းလို့ မဖြစ်ဘူး၊ ငါတို့ အရင်လက်ခံထားလိုက်မယ်'

မဲ့ကြီးနှင့်လူက တိုးတာကျင်းအား ခေါင်းတစ်ချက် ညိတ်၍...

'မိတ်ဆွေက အခုလို ပင်ပင်ပန်းပန်း' ပို့ဆောင်ပေးတာကို ကျေးဇူးတင်ပါတယ်'

တိုးတာကျင်းက အရိုအသေပေး၍...

'အရေးမကြီးပါဘူး'

မဲ့ကြီးနှင့်လူကပင်...

'သူ့ဒဏ်ရာက သိပ်ပြင်းထန်တော့ အချိန်နှောင့်နှေးလို့ မဖြစ်ဘူးလေ၊ ဒါကြောင့် ကျုပ်တို့က အရင်ယူသွားပြီး အောင်ဆါမှာ ဒဏ်ရာပျောက်အောင် ကုသလိုက်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



တိုးတာကျင်းက မြန်မြန်အပ်လျှင် မြန်မြန် တာဝန်အေးသည်ဟု နားလည်ကာ ချက်ချင်းပင်...

'ကောင်းပြီလေ၊ ဒီလိုဆိုရင် ကျုပ်တို့က ဒီမှာပဲ ဟူတန်းဂိုဏ်းကို လွှအပ်လိုက်တော့မယ်'

မှဲ့နက်ကြီးနှင့်လူက...

'မိတ်ဆွေတို့က အခကြေးကို အပြည့်အဝ ရပြီလား'

'ရပြီးပါပြီ'

သို့သော် မှဲ့ကြီးနှင့်လူက ရင်ထဲမှ ရွှေချောင်းတစ်ချောင်း ထုတ်ယူလျက်...

'ဒါက မိတ်ဆွေတို့ အသေးအဖွဲ သုံးဖို့အတွက်ပေါ့ဗျာ'

ဟုဆိုကာ ရွှေချောင်းကို တိုးတာကျင်းအား ပစ်ပေးလိုက်ပြီး ချက်ချင်းပင် ရိတ်ကိုက်ရှင်အား တင်ဆောင်ထားသော မြင်းလှည်းကိုဆွဲ၍ ထွက်ခွာသွားကြလေတော့၏။

တိုးတာကျင်းသည် ရွှေချောင်းကို ပြန်ပေးရန် စိတ်ကူးလိုက်သော်လည်း ထိုမှဲ့ကြီးလူအဖွဲ့မှာ တောင်ကြားလမ်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

'ဟူတန်းခုနစ်ဖော် နာမည်ကြီးတာ အလကားမဟုတ်ဘူး၊ ငါတို့ ရှောင်လင်ဂိုဏ်းမှာဆိုရင် ရှယ်ရက်၊ ရှင်စင်း ဆရာတော်ကြီးတွေလို သံမဏိ လက်ချောင်းသိုင်းကို လေ့ကျင့်တဲ့ ဆရာတော်တွေမှာသာ ဒီလိုသွင်ပြင်မျိုး ရှိနိုင်တာ'

လက်ထောက်တစ်ယောက်က တိုးတာကျင်း ရွှေချောင်းကိုကြည့်ပြီး ငေးကြောင်နေသည်ကို တွေ့သော်...



'ခေါင်းဆောင်ကြီး၊ ဟူတန်းဂိုဏ်းက လူတွေဟာ တကယ့်ကို လူမှုရေး နားမလည်ကြဘူး၊ နောက်ပြီး ကျွန်တော်တို့က ဒီလောက်ဝေးလံတဲ့ ခရီးကနေ ပင်ပင်ပန်းပန်း လာတာတောင် ကျွန်တော်တို့ကို သူတို့ဂိုဏ်းဆီကိုတက်ပြီး အနားယူဖို့တောင် မဖိတ်ခေါ်ဘူး၊ အားလုံးဟာ သိုင်းလောက,က လူတွေ အချင်းချင်းပဲ၊ ဒီလောက် ဝံ့ကြွားမောက်မာဖို့ မလိုပါဘူး'

တိုးတာကျင်းမှာလည်း စိတ်ထဲတွင် ဤကိစ္စကို မကျေမနပ် ဖြစ်နေသူ ဖြစ်၏။ သို့သော် သူက မပြောဝံ့သဖြင့် ပြုံးပြုံးနှင့်ပင်။

'ဒီလိုဆိုတော့လဲ တစ်မျိုးကောင်းတာပေါ့ကွာ၊ တို့သက်သာသွားတာပေါ့၊ နို့မို့ ရှောင်လင်ဂိုဏ်းသားက ဟူတန်းဂိုဏ်းနယ်မြေထဲကို ဝင်လာရတာကိုက ကသိကအောင့်ကြီးဖြစ်နေတာပဲကွ၊ အခုတော့ တော်သေးတာပေါ့'

ထို့နောက်တွင် တိုးတာကျင်းတို့ လူသိုက်သည် လာလမ်းအတိုင်း ပြန်လှည့်လာကြလေတော့၏။ သူတို့အားလုံးမှာ တာဝန်ကျေပွန်ပြီဖြစ်၍ ဤတစ်ခါတွင် သူတို့၏ ခေါင်းဆောင်ကြီးက သူတို့အား ကောင်းကောင်းကြီး ဆုချတော့မည်ဟု တွေးလျက်လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေ၏။

လက်ထောက်တစ်ယောက်က ခေါင်းဆောင်ကြီးမှာ သိန်းမှာ ဆော်ယောဖြစ်နေသည်ကို တွေ့ရ၍...

www.burmeseclassic.com



'ခေါင်းဆောင်ကြီးက ဟူတန်းဂိုဏ်းကလူတွေကို မကျေမနပ် ဖြစ်နေတုန်းပဲထင်တယ်'ဟု မေး၏။

တိုးတာကျင်းက သက်ပြင်းချလျက်...

'ငါ အခုမှ နောင်တရတယ်၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်တုန်းက ငါက ရှောင်လင်ဘုရားကျောင်းမှာ သိုင်းပညာသင်တော့ ဆယ့်နှစ်နှစ်ကြာသင်လို့ ပညာစုံခဲ့တယ်၊ ငါ့ရဲ့ဆရာရှုယ်ရက်ဆရာတော်ကြီးက ငါ့ကို နောက်ထပ် ငါးနှစ်နေပြီး သံမဏိလက်ငါးချောင်းသိုင်းကို တတ်အောင် သင်ကြားပြီးမှ ဘုရားကျောင်းကနေပြီး ဆင်းဖို့ ပြောခဲ့တာ၊ ဒါပေမယ့် အဲဒီတုန်းက ငါ့ကိုယ်ငါ သိပ်ဟုတ်နေပြီလို့ ထင်ပြီး နောက်ထပ် အပင်ပန်း မခံချင်တော့ဘူး၊ ဒါနဲ့ ငါ ဘုရားကျောင်းပေါ်က ဆင်းလာတာပဲ၊ တကယ်လို့ ငါသာ ဟိုတုန်းက သံမဏိလက်ငါးချောင်းသိုင်းကို သင်ခဲ့ရင် ဒီနေ့ ဒီဟူတန်းခုနစ်ဖော်ကိုဘာမှ မှုနေဖို့ မလိုတော့ဘူးကွ'

ကိုစဉ် ရက်တရက် အနောက်ဘက်မှ မြင်းခွာသံများကြားလိုက်ရသဖြင့် တိုးတာကျင်းတို့ ခေါင်းလှည့်၍ ကြည့်လိုက်သောအခါ ခြေတံရှည် မြင်းတစ်ကောင်နောက်မှ ပြေးလိုက်လာသည်ကို တွေ့လိုက်ရ၏။ ထိုမြင်း၏ ခြေလှမ်းက လွန်စွာသွက်လက်လှပြီး မကြာမီပင် သူတို့အားမှ ဖြတ်ကျော်သွား၏။

တိုးတာကျင်းက မြင်းပေါ်မှလူကို အကဲခတ်ကြည့်လိုက်၏။ အသက်မှာ နှစ်ဆယ့်နှစ်နှစ်ခန့်ရှိပြီး ရုပ်ရည်မှာ နုချောမောလှ၏။ သို့သော် အနည်းငယ်သွယ်လျ၏။



ထိုလူငယ်က တိုးတာကျင်းတို့အဖွဲ့နှင့်တကွ အလံကိုပါ တွေ့ရသောအခါ တစ်ချက် အံ့အားသင့်သလိုနှင့် မြင်းကို ရုတ်တရက် ရပ်လိုက်ပြီး ပြန်လှည့်လာလေ၏။

လူငယ်က ခပ်လှမ်းလှမ်းမှပင် လက်နှစ်ဘက်ကို စုံ၍ အရိုအသေပေးပြီး...

'စိတ်မရှိပါနဲ့၊ နောင်ကြီးတို့ကို မေးစရာရှိလို့ပါ'ဟု အေးဆေးစွာ ဆို၏။

တိုးတာကျင်းက လူငယ်၏ ယဉ်ကျေးသိမ်မွေ့ဟန်ရှိလှသော သွင်ပြင်ဟန်ကိုမြင်သော် သူကလည်း ပြန်၍ အရိုအသေပေးပြီး...

'နောင်ကြီးက ဘာမေးချင်လို့လဲ'ဟု မေးလေ၏။

လူငယ်က ရွှေငါးအာမခံဌာနအလံကို တစ်ချက်မျှကြည့်လိုက်ပြီးနောက်...

'နောင်ကြီးတို့က ရွှေငါးအာမခံဌာနကထင်တယ်'

'ဟုတ်ပါတယ်'

လူငယ်က မြင်းပေါ်မှဆင်း၍ လျှောက်လာပြီး...

'ကျုပ်နာမည်က ကျန်းချွေးဆန်းပါ၊ နောင်ကြီးတို့အာမခံဌာနရဲ့ နာမည်ကို အမြဲတမ်းကြားနေရပါတယ်၊ လူကိုတော့ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး'

ထိုလူငယ်က သူ့နာမည်ကို ဖွင့်ဟပြောသောအခါ တိုးတာကျင်းတို့လူသိုက် ရင်ခုန်သွားကြ၏။ အကြောင်းကား ကျန်းချွေးဆန်းမှာ ဟူတန်းခုနစ်ဖော်တွင် နံပါတ်ငါးဖြစ်၏။ သို့သော်လောက

www.burmeseclassic.com



တွင် သူ့နာမည်ကို လူတိုင်းသိ၏။ သူ၏သိုင်းပညာ လွန်စွာကောင်းကြောင်းလည်း တဖွဖွပြောခဲ့ကြ၏။ သို့ရာတွင် ယခုမျက်မြင် ထိုလူငယ်ကို တွေ့ရသောအခါ အလွန်တရာ ချောမောပြီး နွဲ့နှောင်းသောလူငယ် ဖြစ်နေသည်ကို တွေ့ရရာ ထိုလူငယ်သည် သိုင်းပညာတွင် လွန်စွာ တော်သည်ဆိုသော အကြားအသိနှင့် နှိုင်းယှဉ်သော် အံ့ဩစဖွယ် ဖြစ်နေလေ၏။ စိတ်ထဲမှလည်း 'မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေ၏။

တိုးတာကျောင်းသည် ရှေ့တိုးပြီး...

'ကျုပ်က တိုးတာကျောင်းပါပဲ၊ နောင်ကြီးက သိုင်းလောကက ပြောပြောနေတဲ့ ငွေဆူးချိတ် သံစုတ်တံ ကျန်ချွေးဆန်းလား'

လူငယ်က ရှက်ဟန်နှောလျက်...

'ကျုပ် နာမည်ကြီး မဟုတ်ပါဘူး၊ ထားပါတော့လေ၊ နောင်ကြီးတို့က ဟူတန်းတောင်ကို ရောက်လျက်နဲ့ ဘာဖြစ်လို့ ကျုပ်တို့ရဲ့ဂိုဏ်းကို အလည်အပတ် မဝင်လာခဲ့ရတာလဲ၊ ဒီနေ့ဟာ ကျုပ်တို့ ဆရာကြီးရဲ့ အနှစ်ကိုးဆယ်မြောက် မွေးနေ့ပဲ၊ တကယ်လို့ နောင်ကြီးတို့က အရေးကြီးတဲ့ကိစ္စ မရှိရင် တောင်ပေါ်တက်လာပြီး အရက်လေးဘာလေး သောက်သွားပါဦးလား ခင်ဗျာ'

ရိုးသားသမျှ လိုက်လျောမှုလည်းရှိသော လူငယ်၏ စကားကိုကြားသော် တိုးတာကျောင်း၏ စိတ်ထဲတွင်...

'ဟူတန်း ခုနစ်ဖော်ထဲက ဒီလူငယ်ရဲ့ စိတ်သဘောထားဟာ ဟို ခြောက်ယောက်ရဲ့ စိတ်သဘောထားနဲ့ တခြားစီပါ



ား၊ ဟို ခြောက်ယောက်ကျတော့ သိပ်မောက်မာတာပါ၊ ယ်ယင် ကျန်ချွေးဆန်းကျတော့ လိုက်လျောဖော်ရွေတာ လွန်ပါ လား'

သို့ဖြင့် တိုးတာကျောင်းက မြင်းပေါ်မှဆင်း၍...

'ကျုပ်တို့က လင်အန်းမြို့ကနေ လန်ရန်မြို့ကို လာတာလဲ တကယ်တော့ ဆရာကြီး ကျန်းဆန်းဖုန်းကို တွေ့ဖို့ပဲ၊ ဒါပေမယ့် လက်ဖွဲ့လက်ဆောင်ပစ္စည်း ပါမလာတော့ ာက်ဝံ့ဘူးခင်ဗျာ'

ကျန်ချွေးဆန်းက ပြုံး၍...

'သိုင်းလောကသားချင်းတွေပဲ ခင်ဗျ၊ ဒီဟာတွေ မလို ဘူး၊ ခင်ဗျားတို့က နယ်ခြားရပ်ဝေးက လူတွေဆိုရတော့ ျုပ်တို့က အိမ်ရှင်မိပီ ဧည့်ဝတ် ကျေပွန်ရမှာပေါ့ဗျာ၊ ကျုပ်ရဲ့ ည်းတူ အစ်ကိုတွေနဲ့ ညီလေးတွေကလဲ သိပ်ခင်မင်တတ်ပါ ယ်၊ နောင်ကြီးတို့ တောင်ပေါ်တက်ပြီး တစ်ညလောက် ားယူလိုက်ကြပေါ့'

တိုးတာကျောင်းက ထိုစကားကိုကြားသော် စိတ်ထဲတွင်...

'ကေ့နှ စောစောက ခြောက်ယောက်ဟာ ငါတို့ကို ိမ့်မြင်ဆက်ဆံတာ သူတို့ဆရာကြီးက သိလို့ ဆူပူကြိမ်း ောင်းတာ ဖြစ်ရမယ်၊ ဒါကြောင့် ကျန်ချွေးဆန်းကိုလွှတ်ပြီး ်တို့ စိတ်ကျေနပ်အောင် တမင်သက်သက် လာဖိတ်ခေါ်ခိုင်း ရမယ်' ဟု တွေးထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွေးထင်မိသည်နှင့် တိုးတာကျင်းမှာ လွန်စွာ ပီတိဖြစ်လျက် ပြုံးကာ ရယ်ကာဖြင့်...

'တကယ်လို့ ခင်ဗျားရဲ့ ဂိုဏ်းတူ အစ်ကိုနဲ့ ညီတွေကသာ ခင်ဗျားလောက် ဖော့်ရွေမယ်ဆိုရင် ကျုပ်တို့က အခုလောက်ဆို ဟူတန်းဇောင်ပေါ်ကို ရောက်ပြီဗျ'

ကျန့်ချွေးဆန်းက အံ့ဩသံနှင့်...

'ဘယ်... ဘယ်လို၊ နောင်ကြီးက ကျုပ်တို့ဂိုဏ်းဖူ အစ်ကိုနဲ့ ညီတွေကို တွေ့လိုက်တယ် ဟုတ်လား၊ ဘယ်တုန်း ကလဲ၊ ဘယ်နှစ်ယောက်လဲဗျ'

ထိုမေးခွန်းကြောင့် တိုးဟာကျင်း၏ ရင်ထဲတွင်...

'အင်း... ဒီကောင်လဲ တကယ်ဟန်ဆောင်ကောင်း လား'ဟု ကောက်ချက်ချမိ၏။ တစ်ဆက်တည်းတွင် တိုးတာ ကျင်းက...

'ဒီကနေ့ ကျုပ်တို့ ကံကောင်းတယ်လို့ ဆိုရမယ် တစ်နေ့ထဲမှာပဲ ကျုပ်ကို အင်မတန် မြင်ဖူးတွေ့ဖူးချင် ဟူတန်းခုနစ်ဖော်စလုံးကို တွေ့လိုက်ရတယ်'

ကျန်းချွေးဆန်း ပို၍ အံ့ဩသွား၏။

'ဟင်'ခနဲ အာမေဋိတ်သံတစ်ချက် ပြုပြီးနောက်...

'ကျုပ်ရဲ့အစ်ကို နံပါတ်သုံး ရီတိုက်ရှင်ကိုလဲ တွေ့လိုက် တယ် ဟုတ်လား'

'နံပါတ်သုံး ရီတိုက်ရှင်လား၊ ဘာလားတောင် မသိပါ ရဘူးဗျာ၊ သူတို့က ကျွန်တော်တို့ကို နာမည်တောင် ပြောပြ



မပေါ်ဘူး၊ ဒါကြောင့် ကျုပ်တို့က ဘယ်သူ နံပါတ်ဘယ်လောက်၊ ဘယ်သူဖြင့် ရီတိုက်ရှင်ဆိုတာမှန်း ဘယ်သိမလဲဗျ၊ ကျုပ်က ခြောက်ယောက်စလုံးကို အတူတူတွေ့ရတာတော့ ရီတိုက်ရှင် ဆိုတာ တစ်ယောက်ယောက်တော့ ဖြစ်မှာပေါ့ဗျာ'

'ခြောက်ယောက်စလုံး ဟုတ်လား၊ တယ်ထူးဆန်းပါ့ လား၊ ဘယ်ခြောက်ယောက်လဲဗျာ'

တိုးတာကျင်းက စိတ်မရှည်သံဖြင့်...

'ပြောပြီးပြီကောဗျာ၊ ခင်ဗျားရဲ့ဂိုဏ်းတူ အစ်ကိုတွေ ညီတွေက နာမည်တောင် ပြောမပြတော့လဲ ကျုပ်တို့က ဘယ့် နယ်လုပ် သိခွင့်ရမှာလဲ ခင်ဗျာ'

တိုးတာကျင်း၏ လေသံတွင် ခနဲ့သော သရော်သော လေသံမျိုး ရောယှက်နေ၏။ သို့သော် ကျန်းချွေးဆန်းသည် ထိုအရာကို အရေးမစိုက်အား။ သူက ထူးဆန်းသော အဖြစ် အပျက်ကိုသာ စိတ်ဝင်စားနေ၏။

'ဒီမယ် ခင်ဗျား တကယ်တွေ့လိုက်လား'

တိုးတာကျင်းက ခနဲ့ပြုံး ပြုံးလျက်...

'ခက်ပါဗျာ၊ ဒီမှာ ကျုပ်တစ်ယောက်တည်းတွေ့တာ မဟုတ်ဘူး ခင်ဗျာ၊ ကျုပ်တို့ တစ်ဖွဲ့လုံးက တွေ့တာဗျို့၊ ရှင်းပလား'

ကျန်းချွေးဆန်းက ခေါင်းခါယမ်းလျက်...

'ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်ရဲ့ အစ်ကိုကြီး ဆို့ရှင်ချောင်းနဲ့ ကျန်သူတွေက ဆရာကြီးကို မနက်ကတည်းက

www.burmeseclassic.com



ဝတ်ပြုနေတာဗျ၊ တောင်ပေါ်ကနေ တစ်လှမ်းမှ ဆင်းချိန်မရဘူးဗျာ၊ ဆရာကြီးနဲ့ အစ်ကိုကြီးက အစ်ကိုသုံး ရိုတိုက်ရှင် ဒီနေ့ထိတောင် ပြန်မလာသေးလို့ ကျုပ်ကို တောင်အောက်ဆင်းပြီး စောင့်ကြည့်ခိုင်းတာဗျ၊ ဘယ်နှယ့်လုပ် ခင်ဗျားတို့က အစ်ကိုကြီးတို့ကို တွေ့နိုင်ပါမလဲ'

တိုးတာကျင်းက တွေတွေဝေဝေ ဖြစ်သွားသော လေသံဖြင့်...

'ဟို... ဟို ဘယ်ဘက်ပါးမှာ မှဲ့ကြီးကြီးရှိပြီး မှဲ့ကြီးပေါ်မှာ အမွေးတွေပေါက်နေတဲ့ လူဟာ ချိုရှင်ချောင်း မဟုတ်ဘူးလား'

ကျန်းချွေးဆန်း တစ်ချက်မျှ ကြောင်သွားပြီးနောက်...

'ကျုပ်ရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေထဲမှာ ဘယ်သူမှ ပါးမှ မှဲ့မပါဘူးဗျ'

တိုးတာကျင်းသည် ထိုစကားကိုကြားသော် ရင်ထဲ ရှုတ်တရက်အေးစက်သွား၏။

'ဟို... ဟို ခြောက်ယောက်က သူတို့ကိုယ်သူတို့ ဟူတန်းခုနစ်ဖော်လို့ ပြောတာပဲဗျ၊ ပြီးတော့ သူတို့က ဟူတန်းတောင်ခြေကနေ ထွက်လာကြတာ၊ သူတို့ထဲမှာ ရသေ့နှစ်ပါးပါပါသေးတယ်ဗျ၊ ကျုပ်တို့က...'

ကျန်းချွေးဆန်းက ပြုံးလျက်...

'ကျုပ်ကို [illegible] ကျုပ်ကို တပည့် ခုနစ်ယောက်စလုံး ရသေ့ မဝတ်ကြဘူး၊ ဟိုလူတွေက သူတို့ကိုယ်သူတို့ ဟူတန်းဂိုဏ်းကလို့ ပြောသလား'



ထိုအခါကျမှပင် တိုးတာကျင်းသည် စောစောက ဖြစ်ရပ်ကို ပြန်လည်သတိထားမိတော့၏။ အမှန်မှ သူတို့ကသာ ထိုလူ ခြောက်ယောက်ကို ဟူတန်းဂိုဏ်းကဟု ထင်နေခြင်း ဖြစ်ပြီး ထိုလူများက ဘာမျှမပြောချေ။ ထိုလူတွေက ဟုတ်သည်လည်း မပြော၊ မဟုတ်ဟုလည်း မဆိုပါချေ။

ထိုအဖြစ်ကို သတိရမိသော် တိုးတာကျင်းသည် သူ့လက်ထောက် နှစ်ယောက်ကို ကြည့်လိုက်ပြီးလျှင်...

'ဒီပုံအတိုင်းဆိုရင် ငါတို့ကို ဟိုလူတွေ ပတ်သွားပြီကွဲ၊ တို့ မြန်မြန်လိုက်မှပဲယော့'

တိုးတာကျင်းက စကားအဆုံးတွင် ချက်ချင်း မြင်းပေါ်ခုန်တက်ပြီး ဟူတန်းတောင်မကြီးဘက်သို့ ဒုန်းစိုင်း စီးသွားလေတော့၏။ ကျန်းချွေးဆန်းသည် အလားတူ မြင်းပေါ်ခုန်တက်ပြီး တိုးတာကျင်း၏မြင်းနှင့် ယှဉ်လိုက်ရင်း...

'ဟိုလူခြောက်ယောက်က တမင်သက်သက် ကျုပ်တို့ရဲ့နာမည်ကို ဘာလို့ အလွဲသုံးစားလုပ်တာလဲဗျ'

ထိုအခါ တိုးတာကျင်းက မြင်းကို ဒုန်းစိုင်းစီးရင်း ဤအရပ်ကို ဘယ်သို့ဘယ်ပုံ ရောက်လာခဲ့ပုံ၊ ဒဏ်ရာပြင်းထန်စွာရပြီး စကားလည်းမပြော၊ လှုပ်လည်း မလှုပ်ရှားနိုင်သော လူတစ်ယောက်ကို ဟူတန်းတောင်သို့ အရောက်ပို့ခိုင်းလိုက်သူများကို အစအဆုံး ပြောပြလေ၏။

ကျန်းချွေးဆန်းက လွန်စွာ အံ့သြခြင်းဖြစ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဟို ဒဏ်ရာရတဲ့လူက ဘယ်သူလဲ၊ အသက်အရွယ်နဲ့ ရုပ်ရည်ကကော'

တိုးတာကျင်းက . . .

'သူ့နာမည် ဘယ်လိုခေါ်လဲတော့ မသိဘူးဗျ၊ အသက်တော့ သုံးဆယ်လောက်ပဲ ရှိလိမ့်မယ်'

ပြီးလျှင် ထိုးတာကျင်းက လူပုံပန်းကိုပါ ဆက်လက်ပြောပြလေ၏။ တိုးတာကျင်း စကားအဆုံးတွင် ကျုန်းချွေးဆန်းနှုတ်မှ ဟာခနဲ အာမေဋိတ်သံ ပြုလိုက်မိ၏။

'ဒါ အစ်ကိုသုံး ရှီတိုက်ရှင်ပဲဗျ'

ကျုန်းချွေးဆန်းသည် လွန်စွာ စိတ်လှုပ်ရှားမိသော်လည်း ချက်ချင်းပင် တည်ငြိမ်အောင်ပြုလျက် ဘယ်လက်ဖြင့် တိုးတာကျင်း၏ မြားတစ်စင်းနှယ် ပြေးနေသော မြင်း၏ ဇက်ကြိုးကို ဆွဲလိုက်လေတော့သည်။

◆◆◆



# အခန်း ( ၈ )

www.burmeseclassic.com

www.burmeseclassic.com



# ဟူထန်းခုနစ်ဇော်

အရှိန်အဟုန်ပြင်းစွာ ပြေးနေသော မြင်းမှာ ကျန်းချွေးဆန်းက ရုတ်တရက် လှမ်းဆွဲလိုက်သည်နှင့် ခြေနှစ်ချောင်းထောင် ပတတ်ရပ်ပြီးနောက် တုံ့ခနဲ ရပ်သွားလေတော့၏။ တိုးတာကျင်းမှု မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းပြီး ဓားကိုပါ ရှမ်းခနဲ ဆွဲထုတ်လိုက်၏။

ကျန်းချွေးဆန်းက . . .

'နောင်ကြီး အထင်မလွဲပါနဲ့ဗျာ၊ ခင်ဗျားက ဒီလောက်ဆေးလိပ်တဲ့ ခရီးကနေ တာဝန်ယူပြီး ကျုပ်တို့ရဲ့ အစ်ကိုသုံးကိုစောင့်ရှောက် ခေါ်လာတာကိုပဲ ကျုပ်က ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



တိုးတာကျင်းက ဟူးခနဲ သက်ပြင်းမှုတ်ပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်၏။ သို့သော် ဓားရိုးကိုတော့မူ လက်ဖြင့် ဖိထားဆဲပင်ဖြစ်၏။

ကျန်းချွေးဆန်းက . . .

'ကျုပ်ရဲ့ အစ်ကိုသုံးက ဘယ့်နယ့်ကြောင့် ဒဏ်ရာရခဲ့တာလဲ၊ ရန်သူက ဘယ်သူလဲ၊ ဘယ်သူက နောင်ကြီးတို့ကို လာပို့နိုင်းတာလဲ'

ကျန်းချွေးဆန်း၏ သုံးခွန်းသော မေးခွန်းကို တိုးတာကျင်း မဖြေနိုင်ချေ။ ကျန်းချွေးဆန်း၏ ချိုမြသော မျက်နှာမှာ ညိုမှောင်သွားသလို ထင်ရပြီး မျက်မှောင်လည်း ကြုတ်လိုက်၏။

ထို့နောက် . . .

'အဲဒီလူ ခြောက်ယောက်ရဲ့ ပုံပန်းသဏ္ဍာန်က ဘယ်လိုလဲ'ဟု မေးပြန်၏။ ထိုအခါ တိုးတာကျင်းက ထိုလူ ခြောက်ယောက်၏ ပုံပန်းသဏ္ဍာန်ကို ပြောပြလိုက်၏။

ကျန်းချွေးဆန်းက . . .

'ဒီလိုဆိုရင် ကျုပ် အရင်သွားလိုက်မယ်'ဟု ပြောပြီး ချက်ချင်းပင် မြင်းကို ဒုန်းစိုင်း နှင်သွားလေတော့၏။

မြင်းမှာ မြင်းကောင်းဖြစ်၍ အလွန် လျင်မြန်၏။ ဟူတန်းခုနစ်ဖော်မှာ အတူတကွ သိုင်းပညာသင်ကြား လေ့ကျင့်လာကြသူများဖြစ်ရာ တစ်ဦးကိုတစ်ဦး သွေးရင်းသားရင်း ညီအစ်ကိုရင်းပမာ ချစ်ခင်တွယ်တာကြ၏။ ယခုလည်း ကျန်းချွေးဆန်းသည် သူ၏ ဂိုဏ်းတူ အစ်ကိုသုံး ရိတိုက်ရှင်တစ်ယောက်



ဏ်ရာ အပြင်းအထန်ရပြီး ရင်းမြစ်မသိသော လူတစ်စု၏ က်ထဲသို့ ရောက်သွားသည်ကို ကြားသိရသော် လွန်စွာ ပန်သောက ဖြစ်မိရှာ၏။

ကျန်းချွေးဆန်းသည် တောင်ခြေလမ်းခွဲသို့ ရောက်သည် င့် အနောက်ဘက် တောင်ကြားလမ်းသို့ ဆက်နှင်လိုက်၏။

တစ်နာရီကျော်အချိန်မျှ ဒုန်းစိုင်းပြီးသော် မြင်းသည် မောဟိုက်လာပြီး ခြေလှမ်းနှေးကွေးလာလေ၏။

'အစ်ကိုသုံးက သိုင်းပညာ ဒီလောက်တော်လျက်နဲ့ ယ်လိုကြောင့် ဒီလောက် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့ ါလိမ့်'

ထိုစဉ် သူ့မြင်းက ရုတ်တရက် ဟီသံပေးပြီး လမ်းမကို ၍ တောအုပ်ထဲသို့ လှည့်ဝင်လိုက်ကြောင်း သိလိုက်ရ၏။ ျန်းချွေးဆန်းလည်း တစ်စုံတစ်ခု ထူးခြားပြီဟု သိလိုက်သည် င့် မြင်း၏ အလိုကျ တောလမ်းအတိုင်း သွားစေလိုက်၏။ ာအုပ်ထဲသို့ ဝင်လိုက်သည်နှင့် လဲပြိုနေသော မြင်းလှည်း စ်စီးကို တွေ့ရပြီး မြင်းနှစ်ကောင် လဲကျသေဆုံးနေသည် ိုလည်း တွေ့လိုက်ရ၏။

ကျန်းချွေးဆန်းသည် ချက်ချင်း မြင်းပေါ်မှ ခုန်ဆင်း က်ပြီး မြင်းလှည်းကို ဖွင့်ကြည့်လိုက်ရာ အတွင်းဘက်တွင် ူတစ်ယောက်မျှ မတွေ့ရချေ။ သူက ဘေးပတ်လည်သို့ ည့်ပတ် ကြည့်ရှုလိုက်သောအခါတွင်မူ မြက်တောတွင် ှောက်လျက်လဲနေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ မှောက်လဲနေသော ပုံသဏ္ဌာန်က လူသေအလောင်းနှင့် တူလှ၏။ ကျန်းချွေးဆန်းသည် ရင်တဒိတ်ဒိတ်ဖြင့် ထိုလူ့အနားသို့ ပြေးသွားပြီး ကြည့်လိုက်ရာ နောက်ကျောကို ကြည့်ရုံနှင့်ပင် သူ၏ အစ်ကိုသုံး ရိတိုက်ရှင်ဖြစ်ကြောင်း သိလိုက်၏။ သူက ရိတိုက်ရှင်အား အလျင်အမြန် ပွေ့ထူလိုက်၏။

ညနေခင်းချိန် နေရောင်အောက်တွင် ရိတိုက်ရှင်၏ မျက်နှာတစ်ခုလုံး ဖြူရော်နေပြီး လုံးဝ အသက်မရှိတော့သကဲ့သို့ ဖြစ်နေ၏။

ကျန်းချွေးဆန်းသည် တုန်လှုပ်ချောက်ချားစွာဖြင့် ရိတိုက်ရှင်၏ မျက်နှာကို စမ်းသပ် ကိုင်တွယ်ကြည့်လိုက်၏။ တော်ပါသေး၏။ အနည်းငယ် နွေးထွေးလျက်ရှိသည် မဟုတ်ပါလား။ ရင်ဝသို့ လက်ကလေးဖြင့် အသာဖိ၍ စမ်းလိုက်သောအခါ တွင်လည်း နှလုံးသားမှာ ခုန်နေသေးလေ၏။ သို့ရာတွင် နှလုံးခုန်နှုန်းမှာ မမှန်ချင်တော့။ ခုန်တစ်ချက် ရပ်တစ်ချက်ဖြင့် အချိန်မရွေး ဖြုန်းခနဲ ရပ်သွားနိုင်သော အခြေအနေရှိ၏။

ကျန်းချွေးဆန်းက မျက်ရည်မဆည်နိုင်၊ ငိုရှိုက်သံတစ်ဝက်ဖြင့် . . .

'အစ်ကိုသုံး ဘယ်လိုကြောင့် ခုလိုဖြစ်လာရတာလဲ၊ အခုမေးနေတာ အစ်ကိုရဲ့ ညီလေး ကျန်းချွေးဆန်းလေ'

ကျန်းချွေးဆန်းက မျက်ရည်မဆည်နိုင်။ ရိတိုက်ရှင်အား ညင်သာစွာ ပွေ့ထူလိုက်၏။ ရိတိုက်ရှင်၏ လက်နှစ်ဘက်မှာ ပျော့ခွေလျက် အောက်ဘက်သို့ တွဲလျောင်းကျနေသည်ကို



တွေ့ရ၏။ အမှန်စင်စစ် ရိတိုက်ရှင်၏ ခြေ၊ လက် အရိုးများ ကျိုးကုန်ရုံကမက လက်ချောင်းအရိုးများ၊ လက်ကောက်ဝတ်အရိုး၊ လက်မောင်းရိုး၊ ပေါင်ရိုး အားလုံး သွေးများ တစိမ့်စိမ့်ယိုထွက်နေလေပြီ။

ယင်းအဖြစ်ကို ကြည့်ခြင်းဖြင့် ရန်သူမှာ ရိတိုက်ရှင်၏ အရိုးများကို စိန်ပြေနပြေ ချိုးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားလှ၏။ လွန်စွာရက်စက်ကြမ်းကြုတ်သော လူများပင်။

ကျန်းချွေးဆန်းသည် လွန်စွာ ဒေါသထွက်သွား၏။ သူက ရန်သူများ ထွက်ခွာသွားသည်မှာ မကြာသေးကြောင်း သိ၏။ မိမိ၏မြင်းနှင့် အမြန်လိုက်လျှင် မီနိုင်ပေသည်။ သို့ရာတွင် သူ့ခေါင်းထဲသို့ စဉ်းစားဖွယ်များ ဝင်လာ၏။

'အစ်ကိုသုံးရဲ့ ဒဏ်ရာက သိပ်ပြင်းထန်နေတော့ သူ့အသက်ကို အရင်ကယ်ဖို့ အရေးကြီးတယ်၊ ရန်ငြိုးဆိုတာ ဟောင်းတယ်လို့ မရှိပါဘူး၊ ဆယ်နှစ်ကာလကျမှချေချေ ရပါသေးတယ်'

သူက မြင်းစီးပြီး သွားကြမည်ဆိုလျှင် ရိတိုက်ရှင်၏ ခန္ဓာကိုယ် လှုပ်ခါပြီး ဒဏ်ရာ ပိုဆိုးမည်စိုးသည်။ ထို့ကြောင့် ရိတိုက်ရှင်အား ပွေ့ဖက်ထားပြီး တောင်ပေါ်သို့ တဖြည်းဖြည်း တက်သွားလေ၏။ သူ့မြင်းမှာ သူ့သခင်နောက်မှ ခပ်မှန်မှန် လိုက်လာနေ၏။

ဤနေ့သည်ကား ဟူတန်းဂိုဏ်းကို စတင် တည်ထောင်သော ဂိုဏ်းချုပ်ဆရာကြီး ကျန်းဆန်းဖုန်း၏ အသက် ကိုးဆယ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်မြောက် မွေးနေ့ပင်ဖြစ်၏။ နံနက်ဦးကတည်းကပင် တပည့်ခြောက်ယောက်က ကျန်းဆန်းဖုန်းကို ကန်တော့ကြ၏။ တပည့်ခုနစ်ယောက်တွင် တတိယတပည့် ရိတိုက်ရှင်တစ်ယောက်သာ လိုနေ၏။ ၎

ဆရာကြီး ကျန်းဆန်းဖုန်း အပါအဝင် သူ့တပည့်များအားလုံးသည် ရိတိုက်ရှင်အား လွန်စွာ စိတ်ချကြ၏။ ရိတိုက်ရှင် အလုပ် လုပ်ရာတွင် သေချာ၏။ စေ့စပ်၏။ ထို့ကြောင့် လမ်းခရီးတွင် မည်သည့်ပြဿနာမျှ ဖြစ်ပွားလိမ့်မည်မဟုတ်ဟု ယုံကြည်ထား၏။ မွေးနေ့အမီ သူ ရောက်လာလိမ့်မည်ဟုလည်း တွက်ဆထားကြ၏။ သို့ရာတွင် ယနေ့ နေ့လယ်ခင်းတိုင်အောင် သူပြန်လာသည်ကို မတွေ့ရသောအခါ ကျန်းချွေးဆန်းကိုလွှတ်၍ တောင်ခြေသို့ သွားစောင့်ခိုင်းလိုက်၏။ သို့သော် ကျန်းချွေးဆန်းသာ ထွက်သွားသော်လည်း သတင်းတစ်စုံတစ်ရာ ပြန်မပေါ်မလာချေ။ ညနေခင်းတိုင်အောင်လည်း လူမလာ သတင်းမကြားဖြစ်၍နေလေ၏။

ယခုဆိုလျှင် ဧည့်ခန်းဆောင် အလယ်ဗဟိုတွင် စားပွဲများကို တည်ခင်းထားပြီးဖြစ်၏။ ဖယောင်းတိုင်၊ အမွှေးတိုင်များလည်း ထွန်းထား၏။ အားလုံးမှာ စောင့်စားရင်း စိတ်လှုပ်ရှားလာကြလေပြီ။ နံပါတ်ခြောက်တပည့် ချင်လိရှန်နှင့် တပည့်နံပါတ်ခုနစ် မော်ကုဆန်းတို့ နှစ်ယောက်မှာ အပေါက်ဝတွင် ဝင်လိုက်ထွက်လိုက် ရပ်နေသည်မှာ အကြိမ်ကြိမ် အခါခါ။ ကျန်းဆန်းဖုန်းမူ တရားသမားဖြစ်၍ စိတ်အစဉ်မှာ တည်ငြိမ်



နေ၏။ သူက သူ့တပည့် နှစ်ယောက်စလုံး၏ အရည်အချင်းကို ယုံကြည်၏။ ယခု ထိုတပည့် နှစ်ယောက်စလုံး ပြန်ရောက်ချိန် တန်လျက် ပြန်မလာသေးသည်ကို သိရ၏။ အရေးကြီးသော ကိစ္စတစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်၏။

ထိုစဉ်တွင်ပင် တပည့်ကြီး ချိုရှင်ချောင်းက ဖယောင်းတိုင်ကိုကြည့်ပြီး မျက်နှာချိုသွေးကာ...

'ဆရာ၊ ညီလေး ရိတိုက်ရှင်နဲ့ ကျန်းချွေးဆန်းတို့ဟာ ဧကန္တ အရေးကြီးတဲ့ ကိစ္စတစ်ခုခုနဲ့ ကြုံနေပြီထင်တယ်၊ သူတို့က ဆရာ့မွေးနေ့မှာ ကောင်းမှုတစ်ခုခုပြုပြီး ဆရာ့ကို ကန်တော့တာ ဖြစ်ရမယ်'

ကျန်းဆန်းဖုန်းက ဖြူဆွတ်နေသော မုတ်ဆိတ်မွေးကို ပွတ်သပ်ရင်း ရယ်လျက်...

'အင်း... အင်း၊ ငါ အသက်ရှစ်ဆယ်ပြည့်တဲ့နေ့တုန်းက မင်းတ ရေတွင်းထဲကို ခုန်ချပြီး သေကြောင်းကြံတဲ့ မုဆိုးမ တစ်ယောက်ကို ကယ်ခဲ့တယ်၊ သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် ဆယ်နှစ်ပြည့်မှာ ကောင်းမှုတစ်ခုခု ပြုကြတာတော့ ဟုတ်ပါရဲ့၊ သူများတွေက လည်တဆန့်ဆန့်နဲ့ စောင့်မျှော်နေရတာမျိုးတော့ သိပ်မောတာပေါ့ကွာ'ဟု ပြောလိုက်ရာ တပည့် ငါးယောက်စလုံး တဟားဟား ရယ်မောကြလေတော့၏။

အမှန်စင်စစ် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းမှာ ဂိုဏ်းချုပ်ဆရာကြီး ဖြစ်သော်လည်း အနေအထိုင် ပွင့်လင်းပြီး ရယ်စရာ ရွှင်စရာ ဟာသရသ စကားလုံးများလည်း ပြောတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တပည့်ကြီး ချိုရှင်ချောင်းနှင့် တပည့် နံပါတ်တ
ရီလင်တန်းက ရုတ်တရက် အပြင်ဘက်သို့ ပြေးထွက်သွားပြီး
အော်၍...

'ညီလေး ရိတိုက်ရှင်လား'

'ကျွန်... ကျွန်ုပ်ပါ'

ကျန်းချွေးဆန်း၏ ပြန်ဖြေသံ ပေါ်ထွက်လာ၏။ သူ့အ
တွင် ငိုရှိုက်သံ ရောနှောလျက်နေ၏။ သူ့လက်ထဲတွင်လည်း
လူတစ်ယောက်ကို ပွေ့ဖက်ထားပြီး တစ်ကိုယ်လုံး သွေးများ
ပေကျံလျက် မျက်နှာတစ်ခုလုံး ချွေးများဖြင့် ရွဲနစ်နေ၏။

သူက အခန်းထဲသို့ ပြေးဝင်လာပြီး သိုင်းဆရာကြီး
ကျန်းဆန်းဖုန်း၏ ရှေ့တွင် ဒူးထောက်ကာ...

'ဆရာ... အစ်ကိုသုံး လုပ်ကြံခံရ...'

အားလုံး အလန့်တကြားဖြစ်သွားစဉ် ကျန်းချွေးဆန်း
မှာ ကိုယ်တစ်ချက် ရှေ့ငိုက်ကျသွားပြီး လဲကျသွားလေ၏။
အမှန်မှ သူသည် ဝေးလံသော တောင်တက်လမ်းခရီး
တစ်လျှောက်လုံး မရပ်မနားဘဲ ပြေးလာရပြီး စိတ်နှလုံးမှာလည်း
လွန်စွာ နာကြည်း ပူဆွေးနေသောကြောင့် နောက်ဆုံး ဆရာနှင့်
ဂိုဏ်းတူ ညီအစ်ကိုများ ရှေ့မှောက်သို့ ရောက်သော် မေ့လဲသွား
ခြင်းပင် ဖြစ်၏။

ချိုရှင်ချောင်းနှင့် ရီလင်တန်းတို့က အတွေ့အကြုံရှိသူ
များ ဖြစ်၏။ ကျန်းချွေးဆန်းမှာ မေ့ရုံသာ မေ့လဲကျခြင်းဖြစ်ပြီး



ရိတိုက်ရှင်မှာမူ သေရေးရှင်ရေးဖြစ်နေ၍ သူတို့က ရိတိုက်ရှင်
ကိုသာ ဖမ်းဆီးယူလိုက်သည်။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းမှာ တစ်ချက်ကြည့်ရုံ
နှင့်ပင် ရိတိုက်ရှင်မှာ လွန်စွာ ဒဏ်ရာပြင်းထန်နေကြောင်း
သိလိုက်၏။ ထို့ကြောင့် အတွင်းဘက်အခန်းသို့ ချက်ချင်းဝင်ပြီး
ဆေးလုံးထည့်ထားသော ပုလင်းများကို ထုတ်ယူလိုက်၏။
ထိုပုလင်းထဲမှ ဆေးလုံးများမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသော
လူ၏ အသက်ကို ဆက်ပေးနိုင်စွမ်းသော ဆေးလုံးများပင်
ဖြစ်ပါ၏။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းသည် ပုလင်းကို မဖွင့်
နိုင်တော့ဘဲ လက်ဖြင့်ပင် အဖုံးကိုချွေလိုက်ပြီး အတွင်းမှ
ဆေးလုံးသုံးလုံးကို ထုတ်ယူကာ ရိတိုက်ရှင်၏ ပါးစပ်ထဲသို့
ထည့်လိုက်၏။ သို့သော် ရိတိုက်ရှင်မှာ သတိလုံးဝ မေ့မျော
နေသူဖြစ်ရာ ဆေးလုံးများကို မမျိုချနိုင်။

ကျန်းဆန်းဖုန်းက လက်နှစ်ဘက်မှ လက်ညှိုးနှင့် လက်မ
ကို စု၍ ထိပ်များဖြင့် ရိတိုက်ရှင်၏ နားရွက်ထိပ်များအထက်
လက်မဝက်ခန့်နေရာကို ဖိ၍ အတွင်းအားဖြင့် နှိပ်လိုက်လေ၏။
သူ၏ ပြည့်ဝလှသော အတွင်းအားဖြင့်ဆိုပါလျှင် ဘယ်လောက်
ပင် ဒဏ်ရာပြင်းဒဏ်၍ မေ့မြောနေသူ ဖြစ်စေမူ ခဏာစဉ်
အတွင်း ပြန်လည် သတိရလာနိုင်၏။

သို့ရာတွင် ယခုမူ ဆယ်ချက်ကျော်မျှ ဖိနှိပ်ပါသော်လည်း
ရိတိုက်ရှင်မှာ လုံးဝမလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက မတတ်နိုင်သည့်အ
ပါးရိုးနှစ်ဘက်ကို နှိပ်လိုက်ရာ ရိတိုက်ရှင်၏ ပါးစပ်က ပွင့်
တော့၏။ ထိုအခါ ဆေးလုံးသုံးလုံးက ပါးစပ်ထဲသို့ ဝင်သွား
ရိတိုက်ရှင်မှာ အလိုအလျောက် ဆေးလုံးသုံးလုံးကို မျိုချလိုက်
သို့ရာတွင် ရိတိုက်ရှင်၏ လည်မျိုမှာ တောင့်တင်းနေသ
ဆေးလုံးကို ကျသွားအောင် မျိုမချနိုင်ပေ။

ထိုအခါ သိုင်းဆရာကြီး ကျန်းဆန်းဖုန်း၏ နံပါတ်
တပည့် ကျန်းဆုံကျိုးက ရိတိုက်ရှင်၏ လည်မျိုကြွက်သား
နှိပ်နယ်ပေးလေ၏။

ပြီးနောက် သူ၏ လည်ကုတ်နောက်ဘက်မှ အကြော
နှစ်ခုကိုလည်း အဆက်မပြတ် နှိပ်နယ်ပေးလေ၏။

ချိုရှင်ချောင်းနှင့် ရီလင်တန်းတို့မှာမူ ဂိုဏ်းထဲသို့
ကတည်းက သူတို့ဆရာမှာ ဘယ်မျှပင် အရေးကြီးကြီး၊
သော ပြဿနာမဆို ဟန်မပျက် တည်ငြိမ်စွာဖြင့် လုပ်ကိုင်
သည်ကို တွေ့ခဲ့ရ၏။ သို့သော် ယခုအကြိမ်တွင်မူ သူတို့ဆရာ
မျက်နှာ အမူအရာမှာ လွန်စွာ လှုပ်ရှားနေပြီး လက်ချောင်း
များမှာလည်း မသိမသာ တုန်ရီလျက်ရှိသည်ကို တွေ့ရ
ယင်းကို ကြည့်ခြင်းဖြင့် ရိတိုက်ရှင်၏ ဒဏ်ရာမှာ အလွန့်အလွန်
ပြင်းထန်နေကြောင်း သိသာလှ၏။ အချိန်အတန်ကြာသော်
ကျန်းချွေးဆန်းလည်း သတိပြန်ရလာ၏။ သူက အောက်ကာ...

'ဆရာ အစ်ကိုသုံး အခြေအနေ ဘယ်လိုဖြစ်နိုင်သော
ဆရာ'



ကျန်းဆန်းဖုန်းက...

'ကျန်းချွေးဆန်း လောကမှာ သေခြင်းတရားကို ဘယ်သူ
တုပြိုင်နိုင်လို့ ရမှာလဲ'ဟု ပြန်ဖြေလိုက်၏။

ထိုအခိုက် အိမ်စေတစ်ယောက် ဝင်လာပြီး...

'အပြင်ဘက်မှာ အာမခံဌာနက လူတစ်သိုက် ရောက်နေ
ပါတယ်၊ ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့၊ လင်အန်းမြို့က ရွှေငါး
အာမခံဌာနက ခေါင်းဆောင်ကြီး တိုးတာကျင်းတဲ့'

ကျန်းချွေးဆန်း ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး
ဒေါသဖြင့်...

'ဒီကောင့်ကြောင့်ပေါ့ ဆရာ'ဟု ပြောပြီး အပြင်ဘက်သို့
ခုန်ထွက်သွား၏။ ချက်ချင်းပင် မြေပေါ်သို့ ခေါက်ကျသွားသံ
များကို အဆက်မပြတ် ကြားရပြန်လေ၏။

နံပါတ်ခြောက် ချင်လီရှုန်နှင့် နံပါတ်ခုနစ် မော်ကုဆန်း
တို့ကလည်း ချက်ချင်း ခုန်ထွက်ပြီး အစ်ကိုငါးကို ကူညီရန်
ပြင်လိုက်၏။ ထိုစဉ် ကျန်းချွေးဆန်းက လူတစ်ယောက်ကို
ကုတ်မှဆွဲ၍ အခန်းထဲသို့ ဝင်လာပြီး မြေကြီးပေါ်သို့ ချလိုက်၏။

ကျန်းချွေးဆန်းက ဒေါသသံဖြင့်...

'ဒီကောင်ကြီးလုပ်လို့ အစ်ကိုသုံး အခုလိုဖြစ်ရတာ'

ချန်လီရှုန်မှာ ဘူတန်းခုနစ်ဖော်တွင် စိတ်အမြန်ဆုံး
ဖြစ်၏။ ထိုစကားကို ကြားသော် ချက်ချင်း ခုန်ထွက်၍
ခြေထောက်ဖြင့် ထိုလူကိုကန်ရန် ပြင်ဆိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချို့ရွှင်ချောင်းက . . .

'ညီလေး ချင်လိုရှုန်၊ မလုပ်နဲ့ဦး' ဟု လှမ်းအော်လိုက်၏

ထိုစဉ် အပြင်ဘက်မှ လူတစ်ယောက်က . . .

'ခင်ဗျားတို့ ဟူတန်းဂိုဏ်းက ဒီလိုပဲ ရမ်းကားတာလား

ကျုပ်တို့က စေတနာသန့်သန့်နဲ့ ခင်ဗျားတို့ကို လာပြီး

တာဗျ၊ ခင်ဗျားတို့က သက်သက် အနိုင်ကျင့် စော်ကား

တာလား' ဟု အော်ပြောလေ၏။

ချို့ရွှင်ချောင်းက မျက်မှောင်အသာကုတ်လိုက်ပြီး မြေ

ပေါ်တွင် အကြောပိတ်ခံလိုက်ရ၍ လဲလျောင်းနေသော တိုးတာ

ကျင်းကို အကြောဖြေပေးပြီးလျှင် . . .

'အပြင်ဘက်က မိတ်ဆွေတို့ ဆူဆူညံညံ မလုပ်ကြပါနဲ့

ခဏလောက် စောင့်နေပါ၊ ကျုပ်က အဖြစ်မှန်ကို ဆုံးဖြတ်

ပါ့မယ်'

ထိုလေသံမှာ လွန်စွာ မာန်ပါပြီး အတွင်းအားလည်း

လွန်စွာပြည့်ဝပေရာ အသံမှာ ဟိန်းထွက်လာ၏။

တိုးတာကျင်း၏ လက်ထောက်နှစ်ယောက်က ထိုအသံ

ကို ကြားရသောအခါ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းကိုယ်တိုင်

ပြောလိုက်သည်ဟုထင်ကာ ငြိမ်သက်သွားကြလေ၏။

ချို့ရွှင်ချောင်းကပင် ဆက်၍ . . .

'ညီလေး ကျန်းချွေးဆန်း၊ မင်း လောမကြီးနဲ့၊ ဖြည်း

ဖြည်းပြော၊ ညီလေး ရီတိုက်ရှင်က ဘယ်လိုကြောင့် ဒဏ်ရာ

အပြင်းအထန် ရခဲ့တာလဲ'



ချို့ရွှင်ချောင်းက တိုးတာကျင်း၏ သိုင်းပညာလောက်နှင့် ရီတိုက်ရှင်အား ဘယ်နည်းနှင့်မျှ ဒဏ်ရာရအောင် မပြုနိုင်ကြောင်း သိ၏။ ထို့ကြောင့် တိုးတာကျင်းအား အကြောင်းစုံဖွင့်ဟ ပြောပြလာရန် ချိုသာသောအသံဖြင့် ဖျောင်းဖျ မေးမြန်းလေ၏။

တိုးတာကျင်းလည်း ရီတိုက်ရှင်အား မျိုးရိုးနာမည် 'ချင်' ဆိုသော လူငယ်တစ်ယောက်က လာအပ်ခဲ့ကြောင်းမှ စကားနောက်ဆုံး ကျန်းချွေးဆန်းနှင့် တွေ့ဆုံခဲ့ပုံ အဆုံး တစ်လုံးမကျန် ဖွင့်ဟပြောပြလေတော့၏။

နောက်ဆုံးတွင် သူက ကြေကွဲဆွေးမြေ့သော အသံဖြင့် . . .

'အစ်ကိုလေး ချို့ရွှင်ချောင်း၊ ကျုပ်တို့က ဒီကိစ္စကို ဆောင်ရွက်တာ ချွတ်ချော်သွားလို့ ခင်ဗျားရဲ့ညီလေး အခုလို ဖြစ်ရတာပါ၊ ဒါက ကျုပ်တို့ရဲ့ အပြစ်ပါ၊ ကျုပ်တို့ ရွှေငါးအာမခံဌာနက လူတွေအားလုံးလဲ အခုအချိန်လောက်ဆို အသတ်ခံရပြီလားတောင် မသိဘူးဗျာ'

ကျန်းဆန်းဖုန်းမှာ တစ်ချိန်လုံးလိုလိုပင် ရီတိုက်ရှင်၏ နောက်ကြောရှိ အကြောမ နှစ်ခုကို လက်ဝါးဖြင့်ကပ်၍ အတွင်းအားသုံးကာ နှိပ်လျက်ရှိ၏။ ထိုအခိုက် တိုးတာကျင်း၏ စကားကို ကြားသော် ရုတ်တရက် . . .

'ရီလင်တန်း မင်းက မော်ကုဆန်းကို ခေါ်ပြီး ချက်ချင်း လင်အန်းမြို့ကို လိုက်သွားလိုက်၊ ရွှေငါးအာမခံဌာနက သက်ကြီး

www.burmeseclassic.com



ရှယ်ကြီးနဲ့ မိန်းမ၊ ကလေးတွေကို စောင့်ရှောက်လိုက်’ဟု အမိန့်ပေးလေ၏။

ရိုလင်တန်းက တစ်ချက်မျှ ကြောင်အမ်းအမ်းဖြစ်သွား၏။ သို့သော် ချက်ချင်းပင် သူ့ဆရာ၏ ကြင်နာတတ်သော စိတ်ဓေ သဘောထားကို သိလိုက်၏။

‘ချင်’လူငယ်က တိုးတာကျင်းအား အကယ်၍ ဤကိစ္စဆို ဆောင်ရွက်ရာတွင် ချွတ်ချော်ခဲ့သော် ရွှေငါးအာမခံဌာနရှိ လူပေါင်း ခုနစ်ဆယ့်တစ်ယောက်ကို သတ်ပစ်မည်ဟု သတိပေးထား၏။ ထို့ကြောင့်လည်း ဆရာက သူတို့ နှစ်ယောက်ကို သွားရောက် စောင့်ရှောက်ရန် စေခိုင်းခြင်းဖြစ်၏။

ကျန်းချွေးဆန်းက . . .

‘ဆရာ၊ သူတို့ကြောင့် အစ်ကိုသုံး ဒီလိုဖြစ်ရတာ’

ကျန်းဆန်းဖုန်းက ခေါင်းခါပြ၏။ ချီရှင်ချောင်းက . . .

‘ညီလေး မင်း ဘာလို့ ဒီလောက်တောင် သဘောထား သေးရတာလဲကွ၊ ခေါင်းဆောင်ကြီး တိုးတာကျင်းက မင်းရဲ့ အစ်ကိုသုံးကို အသေးကနေပြီး စောင့်ရှောက်ခဲ့တာကိုတော့ မင်းက ထည့်မတွက်ဘူးလားဟင်’

ဟူတန်းဂိုဏ်းသားထဲတွင် တပည့်ကြီး ချီရှင်ချောင်းမှာ ဩဇာ အရှိန်အဝါ အကြီးဆုံးဖြစ်၏။ ချီရှင်ချောင်းသည် သိုင်းပညာရော အသက်အရွယ်ပါ ကျန်ဂိုဏ်းတူ ညီလေးများ ထက် ကြီးမား၏။ ထို့ကြောင့် ကျန်ဂိုဏ်းတူညီလေးများက သူ့ကို လွန်စွာ လေးစားကြ၏။ ယခုလည်း ကျန်းချွေးဆန်း သည် ချီရှင်ချောင်းက တစ်ခွန်း လှမ်းအော်လိုက်သည်နှင့် ဘာမျှ ဆက်လက်၍ မငြင်းဝံ့တော့ချေ။



ချီရှင်ချောင်းကပင် ဆက်၍ . . .

‘ညီလေး ရိုလင်တန်း၊ အခြေအနေက သိပ်အရေးကြီး နေတယ်၊ ဆရာ အမိန့်ရှိသလို မင်းက ညီလေးမော်ကုဆန်း ကို ခေါ်ပြီး အခုချက်ချင်းပဲ လိုက်သွားတော့’

သို့ဖြင့် ရိုလင်တန်းနှင့် မော်ကုဆန်းတို့သည် ချက်ချင်းပင် ပစ္စည်းပစ္စယများနှင့် လက်နက်များကို သိမ်းဆည်းပြင်ဆင်ရန် ထွက်ခွာသွားလေတော့၏။

တိုးတာကျင်းမှာမူ ဟူတန်းဂိုဏ်းက မိမိတို့ မိသားစု အတွက် ကာကွယ်စောင့်ရှောက်ရန် ပြင်ဆင်နေသည်ကို မြင်ရ သော် မျက်နှာ ဘယ်သို့ထားရမည်မှန်း မသိအောင် ဖြစ်သွား၏။ ခင်ထဲတွင်လည်း အမျိုးအမည် မဖော်ပြနိုင်သော ခံစားချက်မျိုး ခံစားလိုက်ရ၏။ သူက လက်နှစ်ဖက်ကို စု၍ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းအား အရိုအသေ တစ်ချက်ပေးပြီးလျှင် . . .

‘ဆရာကြီး ကျွန်တော်တို့ရဲ့ ကိစ္စအတွက်နဲ့ ဆရာကြီး တပည့်တွေကို ဒုက္ခမပေးပါနဲ့၊ ကျွန်တော်တို့ ပြန်ပါတော့ မယ်၊ ခွင့်ပြုပါဦး’

ချီရှင်ချောင်းက ကြားဖြတ်၍ . . .

‘ခင်ဗျားတို့အားလုံး ဒီည ဒီမှာပဲ အနားယူလိုက်ကြပါ၊ ကျုပ်တို့က ခင်ဗျားတို့ကို မေးစရာတွေ ရှိပါသေးတယ်’

www.burmeseclassic.com



သူ့လေသံမှာ ညင်သာ တိုးတိတ်သော်လည်း ဩဇာအာဏာသံနှောနေ၏။ တစ်ဖက်သား မငြင်းဆန်နိုင်အောင် ဩဇာသက်ရောက်မှုရှိ၏။ ထို့ကြောင့် တိုးတာကျင်းတို့ လူသိုက်မှာ မတတ်သာသည့်အဆုံး ဘေးတွင် ဝင်ထိုင်လိုက်ကြ၏။

ရီလင်တန်းနှင့် မော်ကုဆန်းတို့ နှစ်ယောက်ကား မေ့မျော နေသော ရိတိုက်ရှင်အား တစ်ချက်ကြည့်လိုက်ပြီး မျက်ရည် ဝေ့လည်စွာနှင့်ပင် ထွက်ခွာသွားကြလေတော့၏။

ထိုအချိန်တွင် ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် နေပြီးလျှင် သိုင်းဆရာကြီး ကျန်းဆန်းဖုန်း၏ အသက်ရှူသံနှင့် သက်ပြင်းမှုတ်ထုတ်သံကို ကြားနေရ၏။ ယင်းအခိုက် ကျန်ဆန်းဖုန်း၏ ငယ်ထိပ်ပေါ်မှ အငွေ့တထောင်းထောင်း ထွက်နေသည်ဟု ထင်လိုက်ရ၏။ နာရီဝက်ခန့် ကြာလတ်သော် ရိတိုက်ရှင်မှာ "အား'ခနဲ တစ်ချက်အော်လိုက်၏။

တိုးတာကျင်းတို့မှာ လန့်ဖျပ်သွားကြ၏။ သူက ကျန်းဆန်းဖုန်းကို ကစ်ချက် ခိုးကြည့်လိုက်၏။ သို့သော် ကျန်းဆန်းဖုန်း၏ မျက်နှာတွင် ဘာအမူအရာမျှ မမြင်ရပေ။

ကျန်းဆန်းဖုန်းက ညင်သာစွာဖြင့်...

'ကျန်းဆုံကျိုး၊ ချွင်လိရှန် မင်းတို့ နှစ်ယောက်က မင်းတို့ရဲ့ အစ်ကိုသုံးကို ပွေ့ပြီး အခန်းထဲ ခေါ်သွားလိုက်'

ကျန်းဆုံကျိုးနှင့် ချွင်လိရှန်တို့လည်း ရိတိုက်ရှင်အား ပွေ့ချီပြီးလျှင် အတွင်းခန်းဘက်သို့ ဝင်သွားကြ၏။ ချွင်လိရှန်က ပြန်ထွက်လာသောအခါ မအောင့်အည်းနိုင်ဘဲ ပေးလေ၏။



'ဆရာ အစ်ကိုသုံးရဲ့ သိုင်းပညာတွေ ကျန်နိုင်သေးသလား'

ကျန်းဆန်းဖုန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။ အတန်ကြာမှပင်...

'သူ့အသက်ကို ကယ်နိုင် မကယ်နိုင်ဆိုတာကို နောက် တစ်လလောက်ကြာမှ သိရလိမ့်မယ်၊ ဒါပေမယ့် ခြေတွေ လက်တွေက အရိုးတွေနဲ့ အကြောတွေအားလုံး ကြေမွကျက်နေ တော့ ဘယ်လိုမှ ပြန်ဆက်လို့ မရနိုင်တော့ဘူး၊ ဒီတစ်သက် တော့... ဒီတစ်သက်တော့...'

ပြောပြီး သူက ကြေကွဲစွာ ခေါင်းခါယမ်းလိုက်၏။

ချွင်လိရှန်မှာမူ ဝမ်းနည်းလွန်းသဖြင့် ရှတ်တရက် ငိုချလိုက်မိလေ၏။ ချွင်လိရှန်မှာ ထိပ်သီးသိုင်းသမား အဆင့်သို့ ရောက်နေပြီ ဖြစ်သည့်တိုင် သူက ဟူတန်းခုနစ်ဖော်ထဲတွင် စိတ်အပျော့ဆုံးဖြစ်၏။ အနည်းငယ် စိတ်လှုပ်ရှားလျှက်ပင် မျက်ရည်ကျတတ်သူဖြစ်၏။

ထိုစဉ် တိုးတာကျင်းသည် မှဲ့ကြီးနှင့်လူ ပေးသွားသော ရွှေချောင်းကို ထုတ်၍ ပြလိုက်၏။ ချိုရှင်ချောင်းက ထိုရွှေချောင်း ပေါ်တွင် ထင်ရှားစွာ ရှိနေသော သွင်ပြင်လက္ခဏာကို ကြည့်ပြီး၊ မျက်နှာတစ်ချက် ပျက်သွား၏။ စကားလည်း မပြောဘဲ တိတ်ငြိမ်စွာနေ၏။ ကျန်းချွေးဆန်းလည်း ထိုသွင်ပြင်လက္ခဏာကို မြင်သော် ရှတ်တရက် ကျယ်လော်င်စွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး၊ ဒါက... ဒါက ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ချောင်းသိုင်းပညာပဲ မဟုတ်လား'ဟု မေးနေ၏။

ချိုရှင်ချောင်းက မဖြေ၊ ထိုရွှေချောင်းကို ဆရာကြီး ကျန်းဆန်းဖုန်းသို့ ပေးလိုက်၏။ ကျန်းဆန်းဖုန်းသာ ရွှေချောင်းပေါ်တွင် ထင်ကျန်ခဲ့သော သွင်ပြင်လက္ခဏာကို ကြည့်ပြီးလျှင် ချိုရှင်ချောင်းနှင့် မျက်လုံးချင်း တစ်ချက်ဆုံ၍ ကြည့်လိုက်ကြ၏။ သို့သော် နှုတ်မှ ဘာမှမပြော။ ကျန်းချွေးဆန်းမှ သူတို့၏ အမူအရာကိုကြည့်ပြီး အော်၍...

'ဆရာ ဒါ ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ချောင်း သိုင်းပညာပဲ၊ သိုင်းလောကတစ်ခွင်မှာ ဘယ်သိုင်းအဖွဲ့၊ ဘယ်ဂိုဏ်းအဖွဲ့ကမှ ဒီသိုင်းပညာမျိုးကို ကျင့်လို့ မရဘူးလို့ ဆရာကိုယ်တိုင်ပဲ ပြောခဲ့တယ် မဟုတ်လား ဆရာ'

ထိုခဏစဉ်တွင်ပင် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက မိမိငယ်စဉ်က ရှောင်လင်ဘုရားကျောင်းတွင် ကြွယ်ရှင် ကိုယ်တော်နှင့်အတူ နေထိုင်ခဲ့ရပုံ၊ ခွန်းလွန် ဘုရားသုံးဆူကို အနိုင်ယူခဲ့ပုံ၊ နောက် ရှောင်လင်ဘုန်းကြီးများလိုက်၍ အသက်လုကာ ပြေးခဲ့ရပုံ၊ နောက်ပြီး အနှစ်လေးငါးခြောက်ဆယ်က အဖြစ်အပျက်များ စသည် စသည် အားလုံး ပန်းချီကားချပ်ပမာနှယ် မြင်ယောင်လို့ လာလေ၏။

ဤ ရွှေချောင်းပေါ်မှ သွင်ပြင်လက္ခဏာများကို ကြည့်လိုက်သည်နှင့် ရှောင်လင်ဂိုဏ်း၏ သံမဏိလက်ချောင်း သိုင်းပညာမှန်း ချက်ချင်းသိလိုက်၏။



ကျန်းချွေးဆန်း ပြောသည်မှာလည်း မှန်ပါ၏။

ဤကဲ့သို့ လွန်စွာခက်ခဲ နက်နဲသော သိုင်းပညာမျိုးကို ဘယ်လိုဂိုဏ်းအဖွဲ့၊ သိုင်းပညာအဖွဲ့ကမျှ မလေ့ကျင့်နိုင်။

မိမိတို့ ဟွာတန်းဂိုဏ်းမှာ တရားကမ္မဋ္ဌာန်းထိုင်ပြီး အတွင်းအားကျင့်သော ပညာကိုသာ အဓိကထား၍ ကျောက်ခွဲခြင်း၊ ဝါးလုံးခွဲခြင်း စသော အာမခံနည်းကို မလေ့ကျင့်ချေ။ အခြား အာမခံနည်းကို ကျင့်သော သိုင်းအဖွဲ့တို့တွင် ပြင်းထန်မာကျောသော လက်ဝါးစောင်း၊ လက်သီး၊ ခြေကန်အား၊ လက်မောင်းအား၊ ခေါင်း၊ တံတောင်ဆစ်၊ ဒူးခေါင်း၊ ဖနောင့် စသည်ဖြင့် လေ့ကျင့်နိုင်ကြသော်လည်း လက်ချောင်း အားတွင်တော့မူ ဘယ်ဂိုဏ်းအဖွဲ့ သိုင်းအဖွဲ့ကမှ ဤမျှလောက်အထိ မကျင့်နိုင်ခဲ့။

ကျန်းချွေးဆန်းကား ဘာစ်မေးတည်း မေးနေပြီဖြစ်၏။

ထိုအမေးကို အဖြစ်အမှန်အတိုင်း ဖွင့်ဟပြောလိုက်ပါလျှင် သူ့တပည့်များက ရှောင်လင် ဘုရားကျောင်းကို ဘယ်နည်းနှင့်မျှ ကျေးအေးနိုင်မည် မဟုတ်တော့ချေ။ သို့ဆိုလျှင် သိုင်းလောကကို ဦးဆောင်နေသော ဂိုဏ်းကြီးနှစ်ဂိုဏ်းမှာ အချင်းချင်း ရန်ငြိုးဖွဲ့ကာ သွေးမြေကျရပေတော့မည်။

ကျန်းချွေးဆန်းကား လိမ္မာပါးနပ်သူပီပီ သူ့ဆရာ၏ ဆိတ်နေပုံကို မြင်သည်နှင့်ပင် သူထင်ထားသည့်အတိုင်း မှန်တန်ကြောင်း နားလည်လိုက်၏။ သူက ဆက်၍မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ၊ ဒီသိုင်းလောကမှာ လူထူးလူချွန်တစ်ယောက်က ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရင်ကော ဒီ သံမဏိလက်ချောင်း သိုင်းမျိုး ရနိုင်ပါသလား'

ကျန်းဆန်းဖုန်းက ခေါင်းခါယမ်းလျက်...

'ဒီပညာက ရှောင်လင်ဂိုဏ်းရဲ့ အနှစ်တစ်ထောင်ကျော် စုဆောင်းလာခဲ့ရတဲ့ အတွေ့အကြုံထဲကနေ စစ်ထုတ်လိုက်တဲ့ အဆီအနှစ်တွေပဲ၊ ဒါကြောင့် ဒီလို နက်နဲခက်ခဲတဲ့ သိုင်းပညာမျိုး ရလာခဲ့တာ၊ ဒီပညာမျိုးက တစ်နှစ်၊ နှစ်နှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်လောက်နဲ့ တီထွင် လေ့ကျင့်လို့ရတဲ့ ပညာမျိုး မဟုတ်ဘူး၊ လူတစ်ယောက်က ဘယ်လောက်ပဲ ဉာဏ်ကောင်းနေပါစေ၊ ဒီ သံမဏိလက်ချောင်း သိုင်းပညာကို လေ့ကျင့်တဲ့နည်းကို မတီထွင်နိုင်ပါဘူး'

စကားကို ခေတ္တရပ်ပြီးနောက် ဆက်လက်၍...

'ဆရာ ရှောင်လင်ဘုရားကျောင်းမှာ နေတုန်းက သိုင်းပညာ မသင်ခဲ့ရဘူး၊ ဆရာက အခုအချိန်ထိ ဒီလို သာမန်သေွးသား အရိုးတွေကို ဘယ်လိုလုပ်ပြီး မာအောင် လေ့ကျင့်နိုင်ကြတယ်ဆိုတာ စဉ်းစားလို့ကို မရနိုင်ဘူး'

ထိုစဉ် ချိုရွှင်ချောင်း၏ မျက်လုံးတွင် ထူးဆန်းသော အရောင်တစ်ချက် ဝင်းလက်သွားပြီးလျှင်...

'ညီလေး ရိုတိုက်ရှင်ရဲ့ ခြေလက်တွေကို ဒီ သံမဏိလက်ချောင်းသိုင်းပညာနဲ့ပဲ ချိုးလိုက်တာပဲ'



ချင်လီရှန်မှာ ထိုစကားကြောင့် 'ဟာ'ခနဲ အော်၍ မျက်ရည် ယိုစီးကျလာပြန်၏။ တိုးတာကျင်းမှာလည်း ရိုတိုက်ရှင်အား ရက်ရက်စက်စက် ဒဏ်ရာပြင်းထန်စွာရအောင် ပြုလိုက်သူမှာ ရှောင်လင်းဂိုဏ်းသားဖြစ်သည်ကို တွေ့သော် တုန်လှုပ်သွား၏။ သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

'ဒါ... ဒါ မဖြစ်နိုင်ဘူး၊ ကျုပ် ရှောင်လင်ဘုရားကျောင်းမှာ သိုင်းပညာကို ဆယ်နှစ်ကျော် သင်လာခဲ့တာ၊ ဒီလူကို တစ်ခါမှ မတွေ့ဖူးဘူး'

ချိုရွှင်ချောင်းက ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေရာမှ...

'ညီလေး ချင်လီရှန်၊ မင်းက ခေါင်းဆောင်ပြီး တိုးတာကျင်းကို ဧည့်ခန်းထဲ ပို့ပေးလိုက်ပါ၊ နောက်ပြီး အာဖမ်ကို သေသေချာချာ မှာလိုက်၊ ဧည့်သည်တွေကို ကောင်းကောင်းမွန်မွန် ဧည့်ခံပါလို့'

ထိုအခါ ချင်လီရှန်က တိုးတာကျင်းတို့ လူသိုက်ကို ခေါ်သွားလေ၏။ ချင်လီရှန် ပြန်ထွက်လာသောအချိန်တွင် ခန်းမထဲ၌ ချိုရွှင်ချောင်းတို့က ဆရာကြီးရှေ့ ထိုင်နေသည်ကို တွေ့ရသဖြင့် သူလည်း ကျန်းချွေးဆန်းနံဘေးတွင် ကပ်၍ ထိုင်ချလိုက်၏။

ကျန်းဆန်းဖုန်းက အပြင်ဘက်ရှိ သစ်ပင်ကို ငေးမောကြည့်လိုက်ပြီး အတန်ကြာ ခေါင်းခါကာ...

'ဒီကိစ္စက အတော့်ကို ပြေရှင်းကိုင်တွယ်ရခက်တဲ့ကိစ္စပဲကွယ့်၊ ကျန်ဆုံကျိုး မင်း ဘယ်လိုသဘောရသလဲ'

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဟူတန်းခုနစ်ဖော်ထဲတွင် ကျန်းဆုံကျီးသည် ဉာဏ်အကောင်းဆုံးဖြစ်၏။ သူသည် ဘယ်ကိစ္စကိုမဆို သေချာစွာ စဉ်းစား တွက်ချက်ပြီးမှ ပြီးမြောက်အောင် လုပ်လေ့ရှိ၏။ သူသည် ခါတိုင်းဆိုလျှင် လွန်စွာ စကားနည်း၏။ သို့သော် သူပြောသော စကားရပ်တိုင်း မှန်သည်ချည်းပင် ဖြစ်လေသည်။

ယခုတစ်ခါလည်း ကျန်းချွေးဆန်းက ဒဏ်ရာအပြင်းအထန် ရနေသော ရိုတိုက်ရှင်ကို ပွေ့ချီလာသည်ကိုမြင်သော အခါ သူသည် လွန်စွာ စိတ်ထိခိုက်သွား၏။ သို့သော် သူက ဆိတ်ဆိတ်နေလျက် တစ်ချိန်လုံး ထိုအကြောင်းကိုသာ အနုလုံ ပဋိလုံ သုံးသပ်နေ၏။

ယခုအခါ ဆရာက သူ့ ထင်မြင်ချက်နှင့် သဘောထားကို မေးမြန်းလာပြီဖြစ်ရာ သူက . . .

'ကျွန်တော့်အနေနဲ့ ထင်တာကတော့ တကယ့်စစ်မြစ်က ရှောင်လင်ဂိုဏ်း မဟုတ်ဘူး၊ နဂါးနိုင်ဓားပါ'

ကျန်းချွေးဆန်းနှင့် ချင်လိရှန်တို့နှစ်ယောက်၏ နှုတ်မှ 'ဟာ'ခနဲ အာမေဋိတ်ပြုမိလိုက်ကြ၏။ ချိုရှင်ချောင်းကမူ . . .

'ညီလေးက ဒီလိုပြောတယ်ဆိုတော့ အကြောင်းရင်းကို စဉ်းစားပြီးပြီ ထင်တယ်၊ ပြောပါ၊ ဖွင့်ပြောပါ၊ အားလုံး စဉ်းစားဆွေးနွေးကြည့်ကြရတာပေါ့'

ကျန်ဆုံကျီးက . . .

'အစ်ကိုသုံးက အလုပ်လုပ်တဲ့နေရာမှာ သေသပ်တယ် စေ့စပ်တယ်၊ နောက်ပြီး သူငယ်ချင်းမိတ်ဆွေလဲ ပေါင်းသင်းတတ်တယ်၊ ဒါကြောင့် သူက တော်ရုံတန်ရုံ ကိစ္စနဲ့ သူများနဲ့ ရန်ငြိုးဖွဲ့နိုင်မှာ မဟုတ်ဘူး၊ အစ်ကိုသုံး သွားသုတ်သင်လိုက်တဲ့ လူဆိုးကြီးဆိုတာလဲ သိုင်းလောကက လူတွေအားလုံး ရွံရှာ မုန်းတီးနေတဲ့ လူပဲ၊ ဒီလူ့အတွက်နဲ့တော့ ရှောင်လင်ဂိုဏ်းက လူတွေက အစ်ကိုသုံးကို ဒီလို ရက်ရက်စက်စက် လုပ်ကြံမှာ မဟုတ်ဘူး'

ကျန်းဆန်းဖုန်းက သေချာစွာ နားထောင်ရင်း ခေါင်း ညိတ်ပြလိုက်၏။ ကျန်းဆုံကျီးက ဆက်ဆိုပြန်၏။

'အစ်ကိုသုံးရဲ့ ခြေလက်တွေကို ချိုးတာက အပြင်ဒဏ်ရာ၊ ဒါပေမယ့် သူ လူ့အန်းမြို့ကို ရောက်နေကတည်းက အဆိပ် သင့်နေပြီ၊ ဒါကြောင့် ကျွန်တော့်ရဲ့သဘောကတော့ အရင်ဆုံး လင်အန်းမြို့ကိုသွားပြီး အစ်ကိုသုံး ဘယ်နည်းဘယ်ပုံ အဆိပ် သင့်ခဲ့ရတယ်ဆိုတာကို ပထမဆုံး စုံစမ်းသင့်တယ်'

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက ခေါင်းညိတ်လျက် . . .

'ရိုတိုက်ရှင်ရဲ့ ကိုယ်ထဲက အဆိပ်ဟာ သိပ်ထူးဆန်း တာပဲ၊ ဆရာ အခုထက်ထိ ဒီအဆိပ် ဘာအဆိပ်ဆိုတာကို ခွဲခြားလို့ မရသေးဘူး၊ သူ့လက်ဝါးမှာ အပေါက်သေး ခုနစ်ပေါက်၊ ပေါင်နဲ့ရင်ဘတ်မှာ အပေါက်နှစ်ခုရှိတယ်ကွယ့်၊ သိုင်းလောက မှာ ဒီလို ရက်စက်ပြင်းထန်တဲ့ အဆိပ်မျိုးကိုသုံးတဲ့ ထိပ်သီး သိုင်းသမားကို ဆရာ မတွေ့ဖူးသေးဘူး'

ချိုရှင်ချောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စက တကယ့်ကို ထူးဆန်းတာပဲ၊ သာမန်ပဲ စဉ်းစားမယ်ဆိုရင် ဒီလောက်သေးငယ်တဲ့ လျှို့ဝှက်လက်နက်နဲ့ ပစ်ပြီး ရိုတိုက်ရှင်လို လူကလဲ မရှောင်ရှားနိုင်ဘူးဆိုရင် အဲဒီ လူရဲ့ သိုင်းပညာဟာ ပထမတန်းအဆင့်ရောက်နေပြီပဲ၊ ဒါပေ မယ့် တကယ်ပထမတန်းအဆင့်ရောက်တဲ့ သိုင်းသမားတွေ ကျတော့ ဘယ်သူက ဒီလို ရက်စက်ယုတ်မာတဲ့ အဆိပ်လူးတဲ့ လျှို့ဝှက်လက်နက်နဲ့ ပစ်ပါ့မလဲ'

ထိုစကားကြောင့် အားလုံး ငြိမ်သက်သွားကြ၏။ သူတို့ အားလုံး အဖြေမှန် စဉ်းစား၍မရအောင် ဖြစ်နေ၏။

အတန်ကြာမှ ကျန်းဆုံကျိုးက…

'ဟို ပါးမှာ မှဲ့ကြီးနဲ့လူက ဘာဖြစ်လို့ အစ်ကိုသုံးရဲ့ ခြေလက်အရိုးနဲ့ အကြောတွေကို ချေဖျက်ပစ်ရတာလဲ၊ သူက တကယ်လို့ အစ်ကိုသုံးနဲ့ ရန်ငြိုးရှိရင်လဲပဲ အစ်ကိုသုံးကို သူ တစ်ခါတည်း သတ်ပစ်လိုက်မှာပဲ၊ ဘာဖြစ်လို့ ဒီလောက် သံသရာရှည်အောင် လုပ်နေဦးမှာလဲ၊ ဒါက ရှင်းနေတယ်။ သူတို့က အစ်ကိုသုံးကို တစ်စုံတစ်ခု စစ်မေးနေတာပဲ၊ သူတို့ ဘာမေးနိုင်သလဲ၊ ကျွန်တော့်အထင်ကတော့ ဟို နဂါးနိုင်ဓားပဲ ဖြစ်ရမယ်၊ တိုးတာကျင်း ပြန်ပြောတုန်းက ပြောခဲ့တယ်၊ ဟိုလူ ခြောက်ယောက်တည်းမှာ အလယ်ကတစ်ယောက်က မေးလိုက် တယ်တဲ့၊ နဂါးနိုင်ဓား ဘယ်မှာလဲတဲ့'

ချိုရှင်ချောင်းက…



'နဂါးနိုင်ဓား၊ ဦးထိပ်ထား၊ ဖူးမြော်ကန်တော့၊ ရှိခိုး သော့' ဆိုတဲ့ စာချိုးက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးရာလောက်က ထွက်ပေါ်ခဲ့တာမဟုတ်လား၊ အခု တကယ် ဒီနဂါးနိုင်ဓား ထွက်ပေါ်လာပြီလား'

ကျန်းဆန်းဖုန်းက မနေသာတော့၍…

'နှစ်ပေါင်း လေးရာက စာချိုး မဟုတ်ပါဘူး၊ ဆရာ ယ်ငယ်တုန်းကတောင် မကြားရသေးဘူး၊ အလွန်ဆုံး အနှစ် ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ပဲ ရှိဦးမှာပါ'

ကျန်းချွေးဆန်းက မတ်တတ်ရပ်လျက်…

'အစ်ကိုလေးပြောတာ မှန်တယ်၊ အစ်ကိုသုံးကို ဒုက္ခ ပေးတာက နဂါးနိုင်ဓား၊ ကျွန်တော်တို့ အရင်ဆုံး လင်အန်းမြို့ကို လိုက်သွားပြီး စုံစမ်းမယ်၊ ဒါပေမယ့် ဟို ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာနဲ့ အစ်ကိုသုံးကို ရက်ရက်စက်စက် ညှဉ်းပန်း နှိပ်စက်ခဲ့တဲ့ လူကိုလဲ ကျွန်တော်တို့ လက်မလွှတ်နိုင်ဘူး'

ကျန်းဆန်းဖုန်းက ချိုရှင်ချောင်းကို တစ်ချက်မျှ ကြည့်ပြီး…

'ကဲ မင်း အခု ဘယ်လိုစီစဉ်မလဲ'

မှန်ပါသည်။ ဤနှစ် ကာလများတွင် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းသည် ဟူတန်းဂိုဏ်း၏ ကိစ္စအဝဝကို တပည့်ကြီး ဖြစ်သူ ချိုရှင်ချောင်းသို့သာ လွှဲအပ်ထားလိုက်၏။ အားလုံး သော ကိစ္စရပ်များကို ချိုရှင်ချောင်းတသာ သေချာစွာ စီစဉ်

www.burmeseclassic.com



ဆောင်ရွက်၏။ ယခုလည်း ချိုရွှင်ချောင်းသည် သူ့ဆရာ ပြောသော စကားကို ကြားသော် မတ်တတ်ရပ်၍ ရှိသေစွာဖြင့်...

'ဆရာ ဒီကိစ္စက သာမန်ကိစ္စမဟုတ်ဘူး၊ ဒီကိစ္စက ညီလေး ရှိပုဂ္ဂိုလ်ရှင် လက်တုံ့ပြန်တဲ့ကိစ္စ ဖြစ်ရုံမကဘူး၊ နာမည်ကြီး သိုင်းအဖွဲ့ ဂိုဏ်းကြီးနှစ်ဂိုဏ်းနဲ့လဲ ပတ်သက်လာနိုင်တယ် ဒါကြောင့် အကိုင်အတွယ် မကောင်းရင် သိုင်းအဖွဲ့ ဂိုဏ်းကြီး နှစ်ဂိုဏ်း ပဋိပက္ခဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့် ဆရာကြီး အစီအစဉ် စီမံပေးပါ'

ကျန်းဆန်းဖုန်းက ခေါင်းတစ်ချက်ညိတ်လျက်...

'ကောင်းပြီ၊ မင်းရယ်၊ ကျန်းဆုံကျီးရယ်၊ ချင်လီရှန်ရယ် သုံးယောက်က ငါ့စာကိုယူပြီး ရှောင်လင်ဘုရားကျောင်းကို သွားလိုက်၊ ရောက်ရောက်ချင်း ရှောင်လင်ဘုရားကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကြီး ဟုန်ပါးနဲ့တွေ့ပြီး ဒီကိစ္စကို ပြောပြ လိုက်ပေါ့၊ သူ့ကိုပဲ စီစဉ်ခိုင်းလိုက်၊ ငါတို့ ဝင်စွက်ဖက်စရာ မလိုဘူး၊ ရှောင်လင်ဘုရားကျောင်းက စည်းကမ်းသိပ်ကြီးတဲ့ ကျောင်းဆိုတော့ သူက ဒီကိစ္စကို ကောင်းကောင်းစုံစမ်းပေးပါ လိမ့်မယ်'

ချိုရွှင်ချောင်း၊ ကျန်းဆုံကျီးနှင့် ချင်လီရှန်တို့ သုံးယောက် က မတ်တတ်ရပ်၍ အမိန့်ကို နာခံလိုက်ကြ၏။ ကျန်းဆုံကျီး၏ စိတ်ထဲတွင်...



'တကယ်တမ်း ဒီစာကိုပေးဖို့ ကိစ္စနဲ့ပဲဆိုရင် ညီလေး ချင်လီရှန်ကို သွားပို့နိုင်းရင် ဖြစ်ပြီပဲ၊ အခုတော့ ဆရာက အစ်ကိုကြီးကိုယ်တိုင် သွားခိုင်းရုံမကဘူး ငါ့ကိုပါ အတူထည့် လိုက်တယ်ဆိုတော့ ဒါ အကြောင်းရင်းတစ်ခုခု ရှိလို့ပဲဖြစ်မှာ သေချာတယ်၊ ဆရာက ရှောင်လင်ဘုရားကျောင်းက ဘုန်းကြီး တွေ သူ့လူတွေဘက် တစ်ဖက်သတ် လိုက်မှာစိုးလို့ ငါတို့ကို အခြေအနေအရ ကြည့်နိုင်းတာ ဖြစ်ရမယ်'ဟု သုံးသပ်နေမိ လေ၏။

မှန်သည်။ ကျန်းဆန်းဖုန်းက...

'ငါတို့ ဟူတန်းဂိုဏ်းနဲ့ ရှောင်လင်ဂိုဏ်းရဲ့ကြားမှာ ဆက်ဆံရေးက သိပ်ထူးဆန်းတာပဲကွယ်၊ ငါက ရှောင်လင် ဘုရားကျောင်းက ထွက်ပြေးလာတဲ့လူ၊ ဒီနှစ်တွေမှာတော့ ငါက အဘိုးကြီးဖြစ်နေပြီမို့လို့ ငါ့ကို ဟူတန်းတောင်ပေါ်တက်ပြီး လာမဖမ်းကြဘူး၊ ဒါကြောင့် ငါတို့ ဂိုဏ်းနှစ်ဂိုဏ်းမှာ အနည်းနဲ့ အများ ပဋိပက္ခ နည်းနည်းပါးပါးတော့ ရှိကာပဲ၊ ဒါကြောင့်လဲ မင်းတို့သုံးယောက် ရှောင်လင်ဂိုဏ်းကိုသွားရင် ကျောင်းထိုင် ဆရာတော် ဟုန်ပါးကိုတော့ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံပြောဆိုရမယ်၊ ဒါပေမယ့် "ငါတို့ ဟူတန်းဂိုဏ်းရဲ့ သိက္ခာကိုလဲ မကျစေနဲ့ပေါ့'

ချိုရွှင်ချောင်းတို့ သုံးဦးသားမှာ တစ်ပြိုင်တည်း ခေါင်းညိတ် ပြလိုက်၏။

ကျန်းဆန်းဖုန်းက ကျန်းချွေးဆန်းဘက် လှည့်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကျန်ချွေးဆန်း၊ မင်း မနက်ဖြန်ကျရင် ချက်ချင်းတောင်ပိုင်းကို ဆင်းသွားပြီး လင်အန်းမြို့ကို သွားလိုက်၊ ဒီကိစ္စရဲ့ ဖစ်မြစ်ကို သေသေချာချာ စုံစမ်း၊ ပိုကိုရောက်ရင် မင်းက မင်းရဲ့ အစ်ကိုနှစ်ဦးရဲ့ စကားကို နားထောင်ရမယ်'

ကျန်းချွေးဆန်းက နားထောင်လိုက်၏။ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက ဆက်လက်၍...

'ဒီညတော့ ငါတို့ရဲ့ ညစာစားပွဲကို ကျင်းပလို့ မရတော့ဘူး၊ နောက်တစ်လကျမှပဲ ငါတို့အားလုံး ဒီမှာ ပြန်လာစုကြမယ်၊ တကယ်လို့ ရိတိုက်ရှင်ကို ကယ်တင်လို့ မရရင်ထဲ မင်းတို့က သူ့ကို နောက်ဆုံးအကြိမ် မြင်ခွင့်ရကြသေးတာပေါ့ကွာ'

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းမှာ လွန်စွာ စိတ်မကောင်းဖြစ်နေ၏။ သိုင်းလောကတွင် ဤမျှ နာမည်ကြီးလာခဲ့ပြီး အသက်ကိုးဆယ်ပြည့်နေ့တွင်မှ ချစ်တပည့်တစ်ယောက် ဤကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် လွန်စွာ စိတ်ထိခိုက်နေရှာ၏။ ချင်လိရှန်မှာ စိတ်ပျော့သူပီပီ မျက်ရည်တစ်မိုင်စီးကျလျက်ရှိ၏။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက လက်ယမ်းကာ...

'ကဲ အားလုံး သွားအိပ်ကြတော့'ဟု အမိန့်ပေးလိုက်၏။

ထိုအခါ အားလုံးမှာ ဝမ်းနည်းကြေကွဲသော အသွင်ဖြင့် ကိုယ့်အခန်းဆီသို့ အသီးသီး ပြန်သွားကြလေ၏။



ကျန်းချွေးဆန်းသည် သူ့အခန်းထဲသို့ ပြန်ရောက်သည့်တိုင် အိပ်၍မပျော်ရှာချေ။ တိုးတာကျင်းတို့ လူသိုက်အပေါ် အခဲမကျေ ဖြစ်နေလေ၏။ အချိန်တစ်နာရီခန့် ကြာလတ်သော် ကျန်းချွေးဆန်းသည် ဘယ်သို့မျှ ကြိုးစားအိပ်သော်လည်း အိပ်၍ မပျော်သဖြင့် အခန်းအပြင်ဘက်သို့ ဆက်လျှောက်ထွက်လာလေ၏။ ထိုအခါ ခန်းမထဲ၌ လူတစ်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိနေသည်ကို တွေ့ရ၏။ သေချာစွာ ကြည့်လိုက်သောအခါတွင်မှ သူ့ဆရာဖြစ်နေသည်ကို တွေ့လိုက်ရ၏။ သူ့ဆရာသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်တူ၏။ သူက သွားရောက်မနှောင့်ယှက်ရဲဘဲ အခန်းဝရှိ တိုင်လုံးတွင် အသာရပ်၍ ငြိမ်သက်စွာ ကြည့်နေလိုက်၏။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းသည် အတန်ကြာအောင် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီးနောက် ရုတ်တရက် ညာလက်ကိုဆန့်၍ လေထဲတွင် တစ်စုံတစ်ခု ရေးခြစ်လိုက်သည်ကို တွေ့ရ၏။

သိုင်းဆရာကြီး ကျန်းဆန်းဖုန်းမှာ သိုင်းပညာသာမက စာပေပညာတွင်ပါ ထူးချွန် တတ်ပွန်သူဖြစ်ရာ အမြဲတမ်းလိုလို ကဗျာများကို ရေးစမ်းလေ့ရှိ၏။ ယခုလည်း ကျန်းချွေးဆန်းသည် သူ့ဆရာ၏ လှုပ်ရှားဟန်ကိုကြည့်ရင်း ရင်ထဲမှ ခံစားချက်များ ပြေပျောက်သွားရန် ကဗျာများ ရေးစပ်နေပြီဟု ထင်၍ ငြိမ်သက်စွာပင် ကြည့်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်း ခုနစ်ဖော်ထဲတွင် ကျန်းချေးဆန်းသည် စာပေတို ဝါသနာအပါဆုံးဖြစ်၍ သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက သူ့ကို ကဗျာစာပေများ အထူး သင်ကြားပေးခဲ့၏။ စုတ်တံရေးနည်း များကိုလည်း သင်ကြားပေးခဲ့၏။ ထို့ကြောင့်လည်း ကျန်းချေး ဆန်း၏ လက်နက် နှစ်မျိုးတွင် တစ်မျိုးမှာ သံစုတ်တံဖြစ်ပြီး အဖျားချွန်ကာ အကြောထိုး တိုက်ခိုက်ရာတွင် လွန်စွာ အသုံး ဝင်သော လက်နက်တစ်မျိုးဖြစ်၏။

ကျန်းဆန်းဖုန်းမှာမူ လေထဲတွင် ဇော့ယမ်း၍ ရေးသား ရင်း သက်ပြင်းရှည် တစ်ချက်ချလိုက်၏။ ပြီးလျှင် ခန်းမအလယ် တွင် အချိန်အတန်ကြာအောင် ရပ်လိုက်၏။ ပြီးမှ နောက်တစ်ကြိမ် ရေးခြစ်ပြန်သည်။

ဤတစ်ကြိမ်တွင်မူ ကျန်းဆန်းဖုန်းက ‘နဂါးနိုင်ဓား ဦးထိပ်ထား၊ ဖူးမြော်ကန်တော့၊ ရှိခိုးလော့။ တိမ်လွှာဓားရှင် မပေါ်လျှင်၊ ဘယ်သူအန်ပြု ယှဉ်မတု’ ဟူသော သိုင်းလောက၏ စာချိုးဟောင်းကို ရေးသားလိုက်ခြင်းဖြစ်၏။

စင်စစ် သိုင်းဆရာကြီးက ဤစာချိုးကို ရေးသားရင်း ရီတိုက်ရှင်သည် ဘယ်သို့ဘယ်ပုံ ဒဏ်ရာရခဲ့သည်ကို စဉ်းစား လိုဟန် တူပါ၏။ သူက စာချိုးကို တစ်ထပ်ပြီးတစ်ထပ် ရေးသားလိုက်ရာ တဖြည်းဖြည်းနှင့် လက်ရေးမှာ ရှည်လျား လာ၏။ ကျယ်ပြန့်၍လာ၏။ လက်မှာလည်း လှုပ်ရှားမှု နှေးကွေးလာ၏။ နောက်ဆုံးတွင် သူက သိုင်းကွက် တစ်ပုဒ်ကို ကစားပြနေသလို ဖြစ်နေ၏။



အမှန်သော် ကျန်းဆန်းဖုန်းသည် ဤသိုင်းကွက်တစ်ပုဒ်ကို တီထွင်ရန် မရည်ရွယ်ခဲ့ပေ။ သို့ရာတွင် ရေးရင်းရေးရင်းနှင့်ပင် စိတ်အာရုံ ဝင်လာပြီး အလိုအလျောက် သိုင်းကွက်တစ်ပုဒ် အဖြစ်သို့ ပြောင်းလဲ ကစားလိုက်ပြီး ဖြစ်သွားလေ၏။

ထိုအခါ ဆရာတပည့်နှစ်ဦးမှာ လွန်စွာ ဆန်းသစ်သော သိုင်းကွက်ထဲတွင် နစ်မျောနေကြလေတော့၏။

◆◆◆

www.burmeseclassic.com



# အခန်း ( ၉ )

www.burmeseclassic.com

www.burmeseclassic.com



## ရွှေငါးအာမခံဌာန

ဤလက်သိုင်းကွက် တစ်ပုဒ်ကိုပင် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းက အခေါက်ခေါက် အခါခါ ထပ်မနား ကစားလိုက်၏။ အခေါက်ပေါင်း နှစ်ရာတိတိ ကစားလိုက်ပြီးမှ ရုတ်တရက် လက်ကို ရုပ်သိမ်းပြီးလျှင် ခေါင်းကိုမော့လျက် အပြင်ဘက်ရှိ မိုးကောင်းကင်သို့ကြည့်ကာ...

'ကျန်းချွေးဆန်း၊ ဒီ စုတ်တံရေးချက်ကို မင်း ဘယ်လို သဘောရသလဲ'

ကျန်းချွေးဆန်း တုန်လှုပ်သွား၏။ မိမိသည် တစ်ချိန်လုံးလိုလို တိုင်၏ နောက်ကွယ်မှာ ရပ်ကာနေခဲ့၏။ ဆရာသည် ခေါင်းမလှည့်၊ ကိုယ်မငဲ့ပါဘဲလျက် မိမိရောက်ရှိနေမှန်း စောစောကပင် သိနေကြောင်း တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူက တိုင်ကွယ်မှထွက်၍ အခန်းထဲသို့ လျှောက်သွား၏။ ပြီးလျှင် . . .

'တပည့် ဒီနေ့ ဆရာရဲ့ ပြောင်မြောက်နက်နဲတဲ့ သိုင်းပညာကို မြင်ရတာ သိပ်ပြီး ကံကောင်းတယ်လို့ ဆိုရမှာပါ ဆရာ၊ ကျွန်တော် အစ်ကိုကြီးတို့ကို ခေါ်ပြီး ကြည့်နိုင်းရမလား ဆရာ'

ကျန်းဆန်းဖုန်းက ခေါင်းခါလိုက်၏။

'ငါ စိတ်အာရုံနည်းသွားပြီ၊ နောက်ပြီး သူတို့တစ်တွေ စုတ်တံရေးချက်ကို နားမလည်တော့ ဒီသိုင်းကွက်ရဲ့ အနှစ်သာရကိုလဲ သိမှာမဟုတ်ဘူးကွယ်'

ထိုသို့ပြောပြီး အတွင်းခန်းထဲသို့ ဝင်သွားလေ၏။

ကျန်းချွေးဆန်းမူ သူ့အခန်း သူသွား၍ မအိပ်ပဲ တော့။ အဘယ်ကြောင့်မူ ဤဆန်းသစ်နက်နဲလှသော သိုင်းပညာကို မေ့လျော့သွားမည် စိုးရိမ်နေသောကြောင့်ပင်။ ထို့ကြောင့် ချက်ချင်းထိုင်ကာ အစအဆုံး တစ်ခေါက် အဆောအချာ စဉ်းစားလိုက်၏။ ပြီး မတ်တတ်ရပ်၍ လက်တွေ့ ကစားကြည့်လိုက်လေ၏။ ထိုအခါမှပင် သိုင်းကွက်မှာ လွန်စွာ နက်နဲရုံမက အားလည်း လွန်စွာပြင်းထန်ကြောင်း သိလိုက်ရ၏။

နောက်တစ်နေ့တွင်မူ ကျန်းချွေးဆန်းသည် အိပ်ရာမှ နိုးလာသည်နှင့် ချက်ချင်းပင် ရီတိုက်ရှင် အခန်းဆီသို့ ပြေးသွား၏။ ထိုအချိန်တွင် သူ့ဆရာကြီးက ရီတိုက်ရှင်အား ဒဏ်ရာ ကုပေးနေသည်ကို သိလိုက်ရ၏။



ဆရာကြီးအား မေးကြည့်သောအခါ ချို့ရှင်ချောင်း၊ ကျန်းဆုံကျီးနှင့် ချင်လိရန်တို့ နံနက်စောစောကပင် ခရီးထွက်သွားကြပြီဖြစ်ကြောင်း သိလိုက်ရ၏။ သူသည် အချိန်ဆွဲမနေတော့ချေ။ ချက်ချင်းပင် ပစ္စည်းများကို သိမ်းဆည်း ပြင်ဆင်ပြီးသည်နှင့် သူ့ဆရာကို နှုတ်ဆက်၍လည်းကောင်း၊ ရီတိုက်ရှင်အား ကြေကွဲဝမ်းနည်းသော အကြည့်ဖြင့် တစ်ချက်မျှ ကြည့်ပြီးလျှင် စိတ်မချမ်းမြေ့ခြင်းများစွာဖြင့် ထိုနေရာမှ ထွက်ခွာလာခဲ့တော့၏။

□□□

မိုးည မိုးမှောင်ကျလျက် ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း ဖြစ်နေသော ညပင်ဖြစ်၏။ ထိုညတွင်ပင် ကျန်းချွေးဆန်းသည် တစ်ခုသော စားသောက်ဆိုင်တွင် ဝင်ရောက်တည်းခိုနေလိုက်၏။ မိုးမှာ တစ်ညလုံး သည်းထန်စွာ ရွာသွန်းရုံမက နံနက်လင်းသည့်တိုင် ပြင်းထန်စွာ ရွာသွန်းဆဲပင်ဖြစ်နေ၏။

ကျန်းချွေးဆန်းသည် တောင်ပိုင်းသို့ ဆင်းလာခဲ့၏။ ခရီးလမ်းတွင် ရေလျှံ၍ လွတ်ရာလွတ်ကြောင်း ထွက်ပြေးလာကြသော ရေဘေးဒုက္ခသည်များကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းမှာ ရှေ့သို့သာ ခရီးဆက်နှင်လာရာ မကြာမီသော အချိန်တွင် ရွှေငါးအာမခံဌာနမှ လူသိုက်ကို လှမ်း၍ မြင်လိုက်ရ၏။ သူတို့သည် ရှေ့မှ တစိုက်စိုက် သွားနေကြ၏။

ကျန်းချွေးဆန်းသည် ထိုလူသိုက်ကို မြင်သည်နှင့် သူတို့အား ကျော်တက်၍ ရှေ့မှ တားထားလိုက်၏။

ထိုအခါ တိုးတာကျင်းက မျက်စိမျက်နှာ ပျက်သွားပြီးလျှင် . . .

‘ကျန်းချွေးဆန်း ဘာကိစ္စရှိလို့ ကျုပ်တို့ကို တားရတာလဲ’

‘ဒီလမ်းတစ်လျှောက်လုံးမှာ ရေဘေး ဒုက္ခသည်တွေ ဒီလောက်များတာ ခင်ဗျားတို့ မမြင်ဘူးလား’

တိုးတာကျင်းက နားမလည်ဟန်ဖြင့် . . .

‘အဲဒါ ဘာဖြစ်လဲ’

ကျန်းချွေးဆန်းက ပြုံးလျက် . . .

‘ခေါင်းဆောင်ကြီးက စိတ်ကောင်း စေတနာကောင်းထားပြီး အဲဒီ ရေဘေးဒုက္ခသည်တွေကို ရွှေဒင်္ဂါးတွေထုတ်ပြီး ကူညီ မ,စလိုက်ပါလားဗျ’

တိုးတာကျင်း မျက်နှာပျက်သွားသည်ထက် ပျက်လျက် . . .

‘ကျုပ်တို့က ခေါင်းများမှာ လူးလိမ့်ပြီး အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ လူတွေဗျ၊ ကျုပ်တို့က ဘယ်က ငွေကြေးရပြီး ရေဘေးဒုက္ခသည်တွေကို ကူညီနိုင်မှာလဲ’



ကျန်းချွေးဆန်းက ခနဲ့သံဖြင့် . . .

‘ဒါဖြစ်ရင် ခင်ဗျား အိတ်ထဲက ရွှေဒင်္ဂါး နှစ်ထောင်ကကော’

တိုးတာကျင်းက် ဓားရိုးကို ချက်ချင်းကိုင်လျက် . . .

‘ဒီမှာ ကျန်းချွေးဆန်း၊ ဒီနေ့ ကျုပ်ကို သက်သက်လာရှာတာပေါ့ ဟုတ်လား’

‘ဟုတ်တယ်၊ ခင်ဗျားသာ ဒီရွှေဒင်္ဂါးတွေကို ထုတ်ပြီး ရေဘေးဒုက္ခသည်တွေကို မကူညီရင်တော့ ခင်ဗျားတို့ကို ကျုပ်က ဘယ်နည်းနဲ့မှ မလွှတ်ဘူး၊ ဒါပဲ’

ယင်းအချိန်တွင် တိုးတာကျင်း၏ လက်ထောက်နှစ်ယောက်က ဓားကို ဆွဲထုတ်လိုက်ပြီး ကျန်းချွေးဆန်းအား စတင် တိုက်ခိုက်လာ၏။ ကျန်းချွေးဆန်းကား ချက်ချင်းပင် မနေ့ညကမှ ပူပူနွေးနွေး တတ်ကျွမ်းခဲ့သော စာချိုးသိုင်းကွက်ကို သုံး၍ ပြန်လည် တိုက်ခိုက်လိုက်၏။ လက်ထောက်နှစ်ယောက်မှာ ဓားနှစ်လက်စလုံး လွင့်ထွက်သွားပြီး လူလည်း မြင်းပေါ်မှ ထိုးကျသွား၏။

တိုးတာကျင်းသည် ကျန်းချွေးဆန်း၏ ထက်မြက်လှသော လက်သိုင်းပညာကို မြင်သော် မျက်လုံးစုံ ပြူးဝိုင်းသွား၏။ မြင်းကို အနောက်သို့ အတင်းထိုးယွက်ပြီး ထွက်ပြေးရန်လည်း စိတ်ကူးလိုက်၏။

သို့သော် ထိုစိတ်ကူးကား နှောင်းသွားပြီဖြစ်၏။ ကျန်းချွေးဆန်း၏ ပြင်းထန်လှသော လက်သီးတစ်လုံးက သူ၏ နောက်ကျောပြင်အား ထိမှန်သွားပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏ လေသိုင်းပညာက လက်ထောက်နှစ်ဦးထက်သာပေရာ မြင်းပေါ်မှမှ မကျပေ။ သူက ဒေါသဖြင့် မြင်းပေါ်မှ ခုန်ဆင်းပြီး ကျန်းချွေးဆန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်လာ၏။ ထိုအခိုက် လည်မျိုမှ ချိုသလို အရသာ ခံစားလိုက်ရပြီး အော့ခနဲ သွေးတစ်ပွက်အန်သွား၏။ စင်စစ် ပြင်းထန်သော ကျန်းချွေးဆန်း၏ လက်သီးဒဏ်ကြောင့် သွေးအန်ခြင်းပင်။

တိုးတာကျင်းသည် ချက်ချင်း ခြေထောက်မျ ား ပျော့ခွေလာကာ မြေကြီးပေါ် လဲကျသွား၏။ ကျန် အာမခံဌာနမှ လူများ လည်း ဆရာကြီးသုံးယောက် ဗုဒ္ဓုန်းဘုန်း လဲကျသွားသည်ကို မြင်သော် မျက်လုံးပြူးလျက် ရှေ့သို့ တစ်လှမ်းမျှ မတိုးဝံ့ကြတော့ချေ။

အမှန်မူ ကျန်းချွေးဆန်းသည် ဤလူသိုက်အပေါ်တွင် အခဲမကျေ။ တမင် ဘေးမှတ်ထားခဲ့၏။ ဆုံရာနေရာတွင် ကြုံသလို တိုက်ခိုက်မည်ဟုလည်း ဆုံးဖြတ်ထား၏။ ယခုမူ မိမိက ခြေလက်ကလေး နွေးထွေးရုံ လှုပ်ရှားလိုက်ရုံရှိသေးစဉ် လူသုံးယောက် မထနိုင်အောင် ဖြစ်သွားသည်ကို တွေ့ရသော် ဝမ်းလည်းဝမ်းသာ အံ့ဩခြင်းလည်း ဖြစ်မိသေး၏။ စင်စစ် မိမိ အသစ်တတ်ကျွမ်းခဲ့သော စာချိုးသိုင်းကွက်မှာ ၎င်းမျှ ကြီးမားသော စွမ်းပကားကို ပြလိမ့်မည်ဟု မထင်ခဲ့ချေ။

သူက အံ့ဩဝမ်းသာခြင်းကြောင့် ထိုလူသိုက်အပေါ် ငြိုးထားသော စိတ်တို့ကလည်း ပြေလျော့သွား၏။ သူက တိုးတာကျင်းအား စူးစိုက်ကြည့်လျက်...



'တိုးတာကျင်း၊ ဒီနေ့ ခင်ဗျားကို လွှတ်လိုက်မယ်၊ တစ်ခုတော့ရှိတယ်နော်၊ ခင်ဗျားအိတ်ထဲက ရွှေဒင်္ဂါးနှစ်ထောင်ကို အတိဒုက္ခရောက်နေတဲ့ ရေဘေးဒုက္ခသည်တွေအတွက် အားလုံးထုတ်ပြီး မကူညီခဲ့ရင်တော့ ကျုပ်ကလဲ တိတ်တဆိတ်စုံစမ်းပြီး သိခဲ့ရင် ခင်ဗျားတို့ အာမခံဌာနက လူအားလုံးကို တစ်ယောက်မကျန် သတ်ပစ်မယ်'

အမှန်မူ ထိုလူသိုက်အား ကျန်းချွေးဆန်းက ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်ပါ၏။

တိုးတာကျင်းမူကား ကျန်းချွေးဆန်းအား ဘယ်သို့မှ ယှဉ်နိုင်ကြောင်း သိ၍ အဘယ်မှာ သဘောမတူဝံ့ဘဲ နေပါမည်နည်း။ သူက ခေါင်းညိတ်၍ သဘောတူကြောင်း ပြရသည်ပင်။

ကျန်းချွေးဆန်းကား ကျေနပ်အားရသော အမူအရာဖြင့် မြင်းကို ဒုန်းစိုင်း၍ စီးထွက်သွားလေ၏။

မိုးမှာ သည်းလွန်း၍ လမ်းတစ်လျှောက်လုံး တိတ်စဲသွားသည်ဟု မတွေ့ရ။ တသဲသဲ ရွာသွန်းလျက်ပင်ရှိနေပါ၏။

ထိုအချိန်တွင် ကျန်းချွေးဆန်းသည် စားသောက်ဆိုင်တစ်ခုတွင် ရောက်ရှိတည်းခိုရင်း စဉ်းစားလိုက်၏။

'ငါ ဒီရောက်တာ သိပ်နောက်ကျနေတယ်၊ ဟို တိုးတာကျင်းလူသိုက်ကတော့ သူတို့ အာမခံဌာနကို ပြန်ရောက်ကြပြီလား၊ အစ်ကိုနှစ်နဲ့ ညီလေးခုနစ်တို့လဲ ဘယ်ဆီဘယ်မှာ

www.burmeseclassic.com



ခြေချနေကြပါလိမ့်၊ ဘာပဲဖြစ်ဖြစ် ဒီညတော့ ရွှေငါးအာမခံဌာနကို ငါ သွားပြီးစုံစမ်းကြည့်မှပဲ'

သူက ညစာ စားပြီးလျှင် စားပွဲထိုးလေးအား မေးကြည့်လိုက်၏။ စားပွဲထိုးက ရွှေငါးအာမခံဌာနမှာ ဆီးဟူကန်တော်ကြီး၏ အနောက်ကမ်းတွင်ရှိကြောင်း ပြောပြလေ၏။

ကျန်းချွေးဆန်းက အဝတ်အစားအသစ်တစ်စုံ ဝတ်ပြီး အကျအန ဖြီးလိမ်းပြင်ဆင် ဝတ်စားပြီးနောက် လက်ထဲတွင်လည်း ယပ်တောင်တစ်ချောင်းကိုင်ကာ ခပ်တည်တည် ခပ်ကြွကြွ ထွက်လာလိုက်၏။

သူ၏ သွင်ပြင်က သူဌေးသား စာပေအနုပညာရှင် တစ်ဦးနှင့် တူလှတော့၏။ ဘယ်လိုမှ သိုင်းသမားဟန် မပေါ်တော့ချေ။

ထိုအချိန် ထိုကာလသည်ကား ချိုမင်းဆက် နန်းကျပြီး မွန်ဂိုမင်းက တစ်ပြည်လုံးကို သိမ်းပိုက်အုပ်စိုးနေသော အချိန် ဖြစ်၏။ လင်အန်းမြို့မှာ အရေးကြီးသော မြို့ဖြစ်၍ မွန်ဂို စစ်တပ်များကို အချိန်မပြတ်ချထားလေ၏။ မြို့နေလူ အများ အပြားမှာ မွန်ဂိုစစ်သားများ၏ ညှဉ်းပန်းနှိပ်စက်ခြင်း အမျိုးမျိုးကို ခံစားနေရ၍ မခံနိုင်သည့်အဆုံးတွင် အခြားနေရာသို့ ပြောင်းရွှေ့သွားကြ၏။ ထို့ကြောင့် မြို့မှာ ခြောက်ကပ်ကပ် ဖြစ်နေသည်ကို တွေ့ရ၏။

ကျန်းချွေးဆန်းမှာ မွန်ဂိုစစ်သားများကို ရှောင်တိမ်းပြီး ရွှေငါးအာမခံဌာနဘက်သို့ ထွက်ခွာလာလေ၏။



ဆီးဟူ ကန်တော်ကြီး၏ အနောက်ဘက်ကမ်းသို့ ရောက်သော် ရွှေငါးအာမခံဌာနကို တွေ့ရ၏။ သူ အနီးသို့ ကပ်လိုက်ချိန်တွင် အိမ်ရှေ့ ခပ်လှမ်းလှမ်း ကန်တော်ကြီးထဲတွင် လှေတစ်စင်း ဆိုက်ကပ်လျက်ရှိသည်ကို တွေ့လိုက်ရ၏။ လူတစ်ယောက် လှေဦးတွင် ထိုင်နေသည်ကိုလည်း မှုန်ဝါးဝါး မြင်လိုက်ရ၏။

ကျန်းချွေးဆန်းသည် ထိုလှေကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး ရွှေငါးအာမခံဌာနသို့ လျှောက်သွားလိုက်၏။ တံခါးမတွင် ချိတ်ဆွဲထားသော မီးပုံးကြီးနှစ်လုံးမှာ မီးငြိမ်းလျက်ရှိပြီး တံခါးမကြီးမှာလည်း ပိတ်လျက်တွေ့ရ၏။ သူက တံခါးမကြီး အနားသို့ လျှောက်သွားပြန်၏။

ထိုစဉ် ရုတ်တရက် သူ့နားထဲသို့ လူတစ်ယောက်၏ သက်ပြင်းရှည်ချသံကို ကြားလိုက်ရ၏။ ထိုသက်ပြင်းချသံမှာ တိတ်ဆိတ်ငြိမ်သက်သော အကာလ ညအချိန်တွင် ကြားလိုက်ရခြင်းဖြစ်ရာ ကြက်သီးထစရာဖွယ်ပင် ဖြစ်၏။

ကျန်းချွေးဆန်းက နောက်ဘက်သို့ ဖျတ်ခနဲ လှည့်လိုက်၏။ သို့သော် မည်သူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။ ကန်တော်ကြီးထဲရှိ လှေတစ်စင်းပေါ်တွင် ထိုင်နေသော လူတစ်ယောက်မှတစ်ပါး ဘယ်သူ့ကိုမျှ မတွေ့ရပါချေ။

ကျန်းချွေးဆန်းက လှေပေါ်မှလူအား လှမ်းကြည့်လိုက်၏။ သူ အံ့ဩရမိသည်။ အကြောင်းကား ထိုလူဝတ်ထားသော အဝတ်အစားမှာ မိမိ ဝတ်ထားသော အဝတ်အစားနှင့် တစ်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



တည်း တူနေပြီး လက်ထဲတွင်လည်း ယပ်တောင်တစ်ချောင်း ကိုင်ထားသည်ကို တွေ့လိုက်ရ၏။ သို့သော် ထိုလူ၏ မျက်နှာကိုမူ အသေအချာ မမြင်ရပေ။

ကျန်းချွေးဆန်းမှာ ထိုလူကို သုံးလေးကြိမ် လှမ်းကြည့်ပြီးနောက် စိတ်ထဲတွင် စဉ်းစားရခက်နေ၏။ နောက်ဆုံးတွင်မူ သူသည် ထိုလူကို မေ့လိုက်ပြီး ရွှေငါးအာမခံဌာန၏ တံခါးမကြီးဆီသို့ လျှောက်သွားကာ တံခါးကို ခေါက်လိုက်၏။

မှောင်မိုက် တိတ်ဆိတ်သော ညတွင် တံခါးခေါက်သံမှာ လွန်စွာ ကျယ်လောင်လှ၏။ သို့ရာတွင် အိမ်ကြီးထဲ၌ ဘာလှုပ်ရှားသံမျှ မကြားရချေ။

ကျန်းချွေးဆန်းက တစ်ကြိမ် ထပ်ခေါက်လိုက်ပြန်၏။ သို့သော် အတွင်းဘက်မှ တုံ့ပြန်သံ လုံးဝမရှိ။ ကျန်းချွေးဆန်းမှာ အံ့သြလာပြီး တံခါးတွန်းဖွင့်လိုက်ရာ တံခါးက အလွယ်တကူ ပွင့်သွားလေ၏။ စင်စစ် တံခါးကို ကန့်လန့်မထိုးထားခြင်းပင် ဖြစ်ပါ၏။ ကျန်းချွေးဆန်းသည် မတွန့်မဆုတ်ပင် ခန်းမကြီးထဲသို့ ဝင်လိုက်၏။ နှုတ်မှလည်း အသံပြုလျက်...

'တိုးတာကျင်း အိမ်မှာ ရှိသလား'

သူက အသံပြုရင်း ဆက်၍ဝင်သွား၏။ ခန်းမကြီးမှာ မီးလုံးဝမရှိ။ ထို့ကြောင့် ပကတိ မှောင်မိုက်နေ၏။

ထိုစဉ် ဘုန်းခနဲ အသံနှင့်အတူ သူ့နောက်ဘက်မှ တံခါးမကြီးမှာ ရုတ်တရက် အလိုလို ပိတ်သွား၏။



ကျန်းချွေးဆန်း တစ်ချက်မျှ ကြောင်သွား၏။ သို့သော် ဤအခန်းကြီးထဲတွင် လူရှိကြောင်း ချက်ချင်း သိလိုက်၏။ သူက...

'ဟေး... ဟေး... ဟေး'ဟု ခနဲ့ရယ် ရယ်လိုက်ပြီး လျှင် မကြောက်မရွံ့ မတွန့်မဆုတ်ပင် ရှေ့ဆက်လျှောက် ဝင်လာခဲ့၏။

ထိုစဉ် သူ့နံဘေး နှစ်ဖက်မှ ရုတ်တရက် လေတိုးသံကြားလိုက်ရသည်နှင့်အတူ လူနှစ်ယောက်က သူ့ကို ဝိုင်းဝန်းတိုက်ခိုက်လေတော့၏။ သူက လက်နှစ်ဖက်ကို လျင်မြန်စွာ လှုပ်ရှားလျက် ပြန်လည်ခုခံ တိုက်ခိုက်လိုက်၏။ ဘုန်းခနဲ အသံနှင့်အတူ ရန်သူတစ်ယောက် လဲကျသွား၏။ မရှေးမနှောင်းပင် ဘိုင်းခနဲ နောက်တစ်ယောက် လဲကျသွားသံကိုလည်း ကြားရပြန်၏။

အကြောင်းကား သူ၏ ပြင်းထန်လှသော ညာလက်သီးကစ်လုံးက ပထမလူ၏ နားကင်ကြောမကို ထိုးပိုက်မိပြီး ဘယ်ဘက် လက်ဝါးစောင်းက ဒုတိယရန်သူ၏ ခါးကို ခုတ်မိပြီးဖြစ်သောကြောင့်ပင်ဖြစ်၏။ တစ်ဆက်တည်းတွင်ပင် သူက နောက်ထပ် ရန်သူနှစ်ယောက်ကို လက်ဝါးစောင်းဖြင့်ပင် ခုတ်လှဲချလိုက်ပြန်၏။

သို့သော် မိမိ တိုက်ခိုက်လိုက်သော ရန်သူသည် မည်သူမည်ဝါမှန်း မသိသဖြင့် အားကို အကုန်ထုတ်၍ မတိုက်ခိုက်ချေ။ သုံးပုံ တစ်ပုံသာထုတ်၍ တိုက်ခိုက်လိုက်ရာ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



လေးဦးသည် တဘိုင်းဘိုင်း လဲကျသွားသည့်တိုင် ဒဏ်ရာမရချေ။

ထိုစဉ် ရန်သူတစ်ယောက်က ကျယ်လောင်သော အသံဖြင့်...

'မင်း တော်တော်ရက်စက်တဲ့လူပဲ၊ သတ္တိရှိရင် နာမည်ပြောပါလားကွ'

ကျန်းချွေးဆန်းက ရယ်လျက်...

'ကျုပ်သာ တကယ်ရက်စက်တဲ့ လူဆိုရင် ခင်ဗျားတို့ အခုလို အသက်ရှင်နေဦးမှာ မဟုတ်တော့ဘူး၊ ကျုပ်က ဟူတန်းခုနစ်ဖော်ထဲက နံပါတ်ငါး ကျန်းချွေးဆန်းတဲ့ဗျ သိပလား'

မေးသူ၏ နှုတ်မှ ဟင်းခနဲ အသံထွက်လာပြီးနောက် အံ့ဩသလိုနှင့်...

'ခင်ဗျားက တကယ်ပဲ ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းလား၊ ငွေဆူးချိတ်နဲ့ သံစုတ်တံ ကျန်းချွေးဆန်းလား'

ကျန်းချွေးဆန်းက ပြုံးလိုက်ပြီးလျှင် ခါးနှစ်ဖက်မှ လက်နက်တစ်ခုကို ထုတ်ပြလိုက်၏။ ဘယ်ဘက်တွင် ငွေရောင်ဆူးချိတ်တစ်ချောင်း။ ညာဘက်တွင် သံစုတ်တံတစ်ချောင်း ကိုင်ထား၏။ သူက လက်နက်နှစ်ခုကို 'ချွမ်း'ခနဲမြည်အောင် ရိုက်ခတ်ပြလိုက်သေး၏။

မှုန်ဝါးဝါး အလင်းရောင်အောက်တွင် လဲကျနေသော ရန်သူလေးယောက်မှာမူ အဝါရောင်သင်္ကန်းဝတ်ထားသော ဘုန်းကြီးလေးပါး ဖြစ်နေ၏။



ဘုန်းကြီးနှစ်ပါး၏ မျက်နှာတွင် သွေးများဖြင့် ပေကျံနေပြီး ကျန်းချွေးဆန်းအား လွန်စွာ ရွံမုန်းသောအကြည့်ဖြင့် ကြည့်နေသည်ကို တွေ့ရ၏။ ကျန်းချွေးဆန်းမှ အံ့ဩစွာဖြင့်...

'ဦးပဉ္ဇင်းတို့က ဘယ်ကလဲ'ဟု မေးလိုက်၏။

ထိုစဉ် ဘုန်းကြီးတစ်ပါးက အော်၍...

'ဒီသွေးရန်ကြွေးကို ဒီနေ့ ပေးဆပ်လို့ မရနိုင်သေးဘူး၊ ကဲ... တို့ သွားကြစို့'

စကားဆုံးသည်နှင့် ယိုင်တိယိုင်တိုင်ဖြင့် အခန်းထဲမှ ပြေးထွက်သွားကြ၏။ ကျန်းချွေးဆန်းက...

'ဦးပဉ္ဇင်းတို့ ခဏနေပါဦး၊ ဘာသွေးရန်ကြွေးလဲ ဘုရား'

သို့သော် ဘုန်းကြီး လေးပါးစလုံး၏ အရိပ်အယောင်မျှ မမြင်ရတော့ပါချေ။

ကျန်းချွေးဆန်းသည် ဤသို့ ဗွေဆော်ဦးပင် ဆန်းပြားသော အဖြစ်နှင့် ကြုံရပေရာ အခန်းလယ်တွင် ရပ်၍ စဉ်းစားခြင်းပြုလိုက်၏။ သို့သော် အဖြေက ထွက်ပေါ်မလာချေ။ ဘယ့်နှယ်ကြောင့် ရှေ့ငါးအာမခံဌာနထဲတွင် ဘုန်းကြီးလေးပါးက အသာပုန်းခိုပြီး ဘာမပြော ညာမပြောနှင့် မိမိအား တိုက်ခိုက်ရပါသနည်း။

နောက်ပြီး သူတို့ကပင် မိမိအား သွေးရန်ကြွေးဆပ်ရမည်ဟု ပြောသွားသေး၏။ သို့သော် ကျန်းချွေးဆန်း၏ စိတ်ထဲတွင်...

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စကို ရွှေငါးအာမခံဌာနက လူတွေနဲ့ တွေ့ပြီး မေးမှ သိရတော့မှာပါ'ဟု စဉ်းစားလိုက်မိ၏။

သို့နှင့် သူက အသံကိုမြှင့်၍...

'တိုးတာကျင်း အိမ်မှာရှိသလား၊ တိုးတာကျင်း အိမ်မှာ ရှိသလားဗျို့'ဟု ဟစ်အော် မေးလိုက်ပြန်၏။

သို့သော် တစ်ဖက်မှ တုံ့ပြန်သံ မကြားရ။ သူ့စိတ်ထဲ တွင်...

'ဒီလူတွေအားလုံး ဘယ်ရောက်နေကြတာပါလိမ့်၊ ငါ့ကို ကြောက်လို့ ပုန်းနေကြတာများလား'ဟု တွေးနေမိပြန်၏။ သို့ဖြင့် အိမ်ထဲမှ မီးတိုင်ကို ထုတ်၍ မီးထွန်းညှိလိုက်၏။ စားပွဲ ပေါ်တွင် ဖယောင်းတိုင်ကြီးကို တွေ့ရပြန်ရာ ထိုဖယောင်းတိုင် ကိုပါ ထွန်းညှိလိုက်ပြီး အတွင်းဘက်အခန်းသို့ လျှောက်ဝင် သွား၏။ ထိုအခါ အခန်းရှေ့တွင် လဲကျနေသော မိန်းမ တစ်ယောက်ကို တွေ့ရ၏။ သူက အော်၍...

'အစ်မကြီး ဘယ်လိုဖြစ်တာလဲ'

ထိုမိန်းမက မလှုပ်။ ကျန်းချွေးဆန်းက မိန်းမ၏ ကိုယ်ကို လှည့်လိုက်သော် တစ်ချက် လွှတ်ခနဲ့အော်လိုက်မိ၏။

အကြောင်းမူ ထိုမိန်းမ၏ မျက်နှာမှာ ပြူးဖြဲဖြဲဖြစ်နေ၏။ သို့သော် တစ်ကိုယ်လုံးရှိ ကြွက်သားများ တောင့်တင်းနေ လေပြီ။ အသက်ထွက်သွားသည်မှာ အတန်ကြာပြီဖြစ်၏။

တိတ်ဆိတ်သော ညအမှောင်ထဲတွင် မျက်နှာပြူးဖြဲဖြဲနှင့် လူသေကောင်ကို တွေ့ရ၏။ ကျန်းချွေးဆန်း ကြက်သီးထ



သွား၏။ သူက မဝံ့တတ်ရပ်၍ ကြည့်လိုက်သောအခါ အခန်း ထောင့်တွင် လူတစ်ယောက် လဲကျနေသည်ကို တွေ့ရ၏။ ထိုသူမှာ အိမ်စေဖြစ်ဟန်တူပြီး မျက်နှာမှာလည်း ပြူးဖြဲဖြဲနှင့် အသက်ထွက်နေ၏။

ကျန်းချွေးဆန်းက ခါးကြားမှ ငွေစူးချိတ်ကို အရှိန်ဖြင့် ထုတ်၍ ကိုင်ထားလိုက်၏။ ညာလက်တွင်မူ မီးတိုင်ကို ကိုင်၍ ဘားပတ်လည်သို့ လှည့်ပတ်ကြည့်လိုက်၏။ ထိုအခါ အတွင်း အပြင် အခန်းများထဲတွင် လူသေကောင်များ ပြန့်ကြဲလျက် ရှိသည်ကို တွေ့လိုက်ရလေ၏။ ဤမျှ ကြီးမားသော အိမ်ကြီး တွင် အသက်ရှင်နေသူတစ်ယောက်မျှ မတွေ့ရတော့။

ကျန်းချွေးဆန်း အတုန်လှုပ်ကြီး တုန်လှုပ်သွား၏။ သူက တိုးတာကျင်း ပြောပြသော စကားများကို ချက်ချင်း ပြန်ကြားယောင်နေ၏။ 'ချင်'လူငယ်က တိုးတာကျင်းတို့အား...

လမ်းခုလတ်မှာ တစ်ခုခု ဖြစ်ခဲ့ရင်တော့ ခင်ဗျားတို့ရဲ့ ရွှေငါးအာမခံဌာန တစ်ခုလုံးက လူခုနစ်ဆယ့်တစ်ယောက်ကို အကုန်သတ်ပစ်မယ်'ဟု ပြောခဲ့သည်ကို ကျန်းချွေးဆန်း ပြန်လည် သတိရလိုက်ခြင်းဖြစ်၏။

ယခု ဤလူများ သေဆုံးခဲ့ရသည်မှာလည်း ယင်း အကြောင်းကြောင့်ပင် ဖြစ်ပေမည်။

ထိုစဉ် နံရံကိုမှီ၍ ထိုင်နေသော ဘုန်းကြီးနှစ်ပါးက မိမိ အား ပြူးဖြဲဖြဲဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ကျန်းချွေးဆန်းက နောက်နှစ်လှမ်းဆုတ်လျက်...

www.burmeseclassic.com

www.burmeseclassic.com



'ဦးပဥ္စင်းတို့က ဘယ်လိုဖြစ်တာလဲ'ဟု မေးလိုက်၏။

သို့သော် တစ်ဖက်မှ ဘာမျှပြန်မပြောချေ။ ထိုအခါကျမှပင် ဤဘုန်းကြီးနှစ်ပါးလည်း အခြားသူများကဲ့သို့ အသက်ထွက်နေပြီဖြစ်ကြောင်း သိရတော့၏။ သူက ဘုန်းကြီးနှစ်ပါး၏ကိုယ်ကို သေချာစွာ စစ်ဆေးကြည့်လိုက်၏။ မည်သည့်ဒဏ်ရာမျှ မတွေ့ရချေ။ သို့ရာတွင် ခါးကြားရှိ လူကို ရယ်မောစေသော အကြောတွင်မူ အနီရောင် အကွက်တစ်ကွက်ကို တွေ့ရ၏။

ကျန်းချွေးဆန်း ယခုပင် သဘောပေါက်တော့၏။ စိတ်ထဲမှလည်း...

'လက်စသတ်တော့ ဒီလူတွေအားလုံးဟာ ရယ်ကြောကို အထိုးခံရပြီး သေခဲ့ကြတာကိုး'

ရုတ်တရက် သူ့တစ်ကိုယ်လုံး အေးစက်သွား၏။

'ဒုက္ခပဲ၊ ဟိုဘုန်းကြီးလေးပါးက ငါ့ကို သွေးရန်ကြွေးဆပ်မယ်တဲ့'

စင်စစ် ထိုဘုန်းကြီးလေးပါးက ကျန်းချွေးဆန်းအားလူသတ်သမားဟု ထင်နေ၏။

ကျန်းချွေးဆန်းက အကျိုးအကြောင်း ဘာမျှမသိရ၍ မိမိနာမည်ကို ဖွင့်ဟ ပြောပြရုံမက မိမိ၏ လက်နက်ကိုလည်း ထုတ်ပြခဲ့၏။ ယင်းဘုန်းကြီးလေးပါးလုံး၏ သိုင်းပညာကိုကြည့်ခြင်းဖြင့် ရှောင်လင်ဘုရားကျောင်းမှဖြစ်ကြောင်း သိသာ၏။

သို့ဆိုလျှင် တိုးတာကျင်းသည် ရှောင်လင်ဂိုဏ်းသားဖြစ်၍ သူ ဒုက္ခရောက်နေသည်ကို ရှောင်လင်ဘုရားကျောင်းသို့လူလွှတ် အကြောင်းကြားပြီး ကူညီစောင့်ရှောက်ရန် အကူအညီတောင်းပေမည်။ ဤဘုန်းကြီး လေးပါးသည် သူ့အား ကာကွယ်စောင့်ရှောက်ရန် ရောက်ရှိလာခြင်း ဖြစ်ပေမည်။



သို့ဆိုလျှင် အစ်ကိုနှစ်နှင့် ညီလေးခုနစ်တို့ ဘယ်သို့ရောက်နေသနည်း။ အမှန်မှ သူတို့နှစ်ဦးကို ရွှေငါးအာမခံဌာနအား ကာကွယ်စောင့်ရှောက်ရန် ဆရာက လွှတ်လိုက်ခြင်းဖြစ်၏။

အစ်ကိုနှစ်နှင့် အစ်ကိုခုနစ်တို့၏ သိုင်းပညာက အလွန်မြင့်မားပါလျက် ရန်သူများက ထိုလူများကို ဘာကြောင့်သတ်သွားနိုင်ပါသနည်း။

ကျန်းချွေးဆန်းက ဆက်၍ စဉ်းစားလိုက်ပြန်၏။ 'တကယ့်ရန်သူအစစ်က ဘယ်သူလဲဆိုတာ နောက်ကျတော့ ရှောင်လင်ဂိုဏ်းက သိမှာပါလေ၊ လောလောဆယ် အစ်ကိုနှစ်နဲ့ ညီလေးခုနစ်ကို သွားရှာမှပဲ'

သို့ဖြင့် ကျန်းချွေးဆန်းသည် အခန်းထဲမှ ထွက်၍ ခန်းမရှိ ဖယောင်းတိုင်မီးကို မှုတ်ငြိမ်းလိုက်ပြီးလျှင် အပြင်သို့ ဝရံတာမှတစ်ဆင့် ခုန်ကျော်ထွက်လိုက်၏။ သူ့ခြေအစုံ မြေသို့ မကျမီပင် ရုတ်တရက် လေတိုးသံတစ်ချက် ကြားလိုက်ရပြီး ပြင်းထန် လေးလံသော လက်နက်တစ်ခုက သူ့ခါးကို ပိုင်းရိုက်လိုက်ကြောင်း သိလိုက်၏။

ကျန်းချွေးဆန်းမှာ လေထဲတွင်ဖြစ်၍ မရှောင်တိမ်းနိုင်တော့။ သူက ချက်ချင်းပင် ဆူးချိတ်ဖြင့် ပိုင်းရိုက်လာသော

www.burmeseclassic.com



လက်နက်တွင် တစ်ချက်ဖိ၍ အရှိန်ယူပြီး ဝင်းထရံအပေါ်သို့ ပေါ့ပါးစွာ ပြန်ခုန်တက်လိုက်လေသည်။

ကျန်းချွေးဆန်း ဝန်းထရံပေါ်သို့ ရောက်သည်နှင့် သူ့လက်နှစ်ဖက်စလုံး လက်နက်ကို အရန်သင့် ကိုင်ထားလိုက်၏။ စောစောကရန်သူ၏ ရိုက်ချက်ကို နားထောင်လိုက်သည်နှင့် ရန်သူ၏ သိုင်းအားမှာ မြင့်မားကြောင်း သူ သိပြီးဖြစ်၏။ ထို့ကြောင့် သူက မပေါ့ဆရဲချေ။

ကျန်းချွေးဆန်းအား ချောင်းမြောင်း တိုက်ခိုက်လိုက်သော လူမှာလည်း ကျန်းချွေးဆန်းက သူ၏ ပြင်းထန်လှသော ရိုက်ချက်ကို ပေါ့ပါးစွာ ရှောင်တိမ်းပြီး ပြန်၍ ခုန်တက်သွားနိုင်သည်ကို မြင်ရသော် 'ဟင်'ခနဲ အာမေဋိတ်ပြုမိပြီးလျှင်...

'အင်း... ဒီကောင်က တကယ့်ကို တစ်ကွက်ကောင်းနှစ်ကွက်ကောင်း တတ်ထားတာကိုး'ဟု မှတ်ချက်ချမိ၏။

ကျန်းချွေးဆန်းကား ရင်ထဲတွင် လွန်စွာ ဒေါသဖြစ်နေ၏။

အကယ်၍ စောစောက ရိုက်ချက်ကို သူသာ မရှောင်တိမ်းနိုင်ခဲ့လျှင် ခါးကျိုးပြီး ဒဏ်ရာပြင်းထန်စွာ ရရှိနေပြီ မဟုတ်ပါလား။ သို့သော် ကျန်းချွေးဆန်းက သူ့ဆရာသည် သိုင်းလောကမှ လူတိုင်းကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရမည်ဟု မှာကြားဆုံးမ သွန်သင်ခဲ့သည် မဟုတ်လား။

ကျန်းချွေးဆန်းက တစ်ဘက်လူကို အကဲခတ်ကြည့်လိုက်၏။ သူ ရင်ထိတ်သွားရပါ၏။ အဘယ်ကြောင့်မူ သူ့အား ချောင်းမြောင်းတိုက်ခိုက်လာသူမှာ သာမန်လူမဟုတ်ဘဲ ဘုန်းကြီးနှစ်ပါး ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

နံရံအောက်တွင် ဘုန်းကြီးနှစ်ပါး ရပ်လျက်ရှိ၏။ အဝါရောင်သင်္ကန်းတွင် အနီရောင် အနားကွပ်ထား၏။ လက်ထဲတွင်လည်း အရောင်တလက်လက် တောက်ပနေသော သံလက်မတော်လည်ရှိ သံမဏိတောင်ဝှေးကြီးကို ကိုင်ထား၏။



ကျန်းချွေးဆန်း၏ စိတ်ထဲတွင်...

'ဒီကိုယ်တော်နှစ်ပါးက သင်္ကန်းအဝါမှာ အနီတင်အနားကွပ်ထားတယ်ဆိုတော့ သိုင်းလောကတစ်ခုလုံးက သိမ့်သိမ့်တုန်အောင် နာမည်ကြီးနေတဲ့ လိုဟန့်နတ်မင်း တစ်ဆယ့်နှစ်ပါး ဘုန်းကြီးတွေများလား'ဟု စဉ်းစားမိ၏။

လိုဟန့်နတ်မင်း တစ်ဆယ့်ရှစ်ပါးမှာ ရှောင်လင်ဘုရားကျောင်း၏ လိုဟန့်ကျောင်းတိုက်မှ သိုင်းပညာ အထူးချွန်ဆုံး ဘုန်းကြီး တစ်ဆယ့်ရှစ်ပါးကို ဆိုလိုခြင်းပင်ဖြစ်၏။

ထိုစဉ် ဘုန်းကြီးနှစ်ပါးအနက် ဘယ်ဘက်မှ ဘုန်းကြီးက တောင်ဝှေးကြီးကို မြေကြီးတွင် တစ်ချက်ဆောင့်လိုက်ပြီး...

'ကျန်ချွေးဆန်း၊ မင်းတို့ ဟွတန်းခုနစ်ဖော်က သိုင်းလောကမှာ နာမည်ကြီးနေတဲ့ လူတွေပဲ၊ ဒါနဲ့များ ဘာဖြစ်လို့ ငါ့လောက်တောင် လူမဆန်အောင် ရက်စက်ကြမ်းကြုတ်ရတာလဲ'

ကျန်းချွေးဆန်းက ပို၍ ဒေါသထွက်လာ၏။ သူသည် အားစက်စွာဖြင့်...

www.burmeseclassic.com



'ဦးပဉ္ဇင်းတို့က အကျိုးအကြောင်း ဘာမှ မမေး ဘုမသိ ဘမသိနဲ့ နံရံအောက်ကနေ ချောင်းမြောင်းပြီး တပည့်တော်ကို တိုက်ခိုက်တာကတော့ လူစွမ်းကောင်းတွေရဲ့ လုပ်ရပ် လုပ်စဉ်လား၊ ရှောင်လင်ဘုရားကျောင်းက သိုင်းလောက နာမည်အကြီးဆုံးဖြစ်ရတာက ဒီလို သူတစ်ပါးကို တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်လို့ ရလာတာလား'

ထိုဘုန်းကြီးက ဒေါသဖြင့် တစ်ချက်မှုအော်ပြီး ရှေ့ တရက် ဝင်းထရံပေါ်သို့ ခုန်တက်ကာ တောင်ဝှေးဖြင့် ကျန်းချွေ ဆန်းအား လွှဲရိုက်လိုက်၏။ ကျန်းချွေးဆန်းက ဆူးချိတ်ပြ တောင်ဝှေးကို ဘေးသို့ ဆွဲချိတ်လိုက်ပြီး သံစုတ်တံ တစ်ချက်လွှဲရိုက်ရာ 'ထန်း'ခနဲ အသံမြည်သွား၏။

ထိုအခါ ဘုန်းကြီးမှာ လက်တစ်ဖက်လုံး ထုံကျဉ်သွား သလို ခံစားလိုက်ရပြီးလျှင် နံရံပေါ်တွင် မရပ်နိုင်တော့ဘဲ အောက်သို့ အမြန်ခုန်ဆင်းလိုက်ရ၏။ ကျန်းချွေးဆန်းလည်း လက်ထုံကျဉ်သွား၏။

သို့သော် သူက ကိုယ်ဟန်ကို ထိန်းနိုင်ခဲ့၏။ သူ့ စိတ်ထဲတွင် အတော်ပင် တုန်လှုပ်သွားသည်။ ဤဘုန်းကြီး၏ လက်မောင်းအားက တကယ်မသေးပါလား၊ ငါ့ကို နှစ်ယောက်တစ်ယောက် ဝိုင်းတိုက်ခိုက်လျှင်တော့ ငါ နိုင်မယ်မထင်ဘူး'

ကျန်းချွေးဆန်းက အော်မေးလိုက်၏။

'ဦးပဉ္ဇင်းတို့ရဲ့ဘွဲ့က ဘာလဲ'



ညာဘက်ဘုန်းကြီးက ဖြည်းညင်းစွာဖြင့်...

'ဦးပဉ္ဇင်းက ရှယ်ရင်၊ ဟို ဦးပဉ္ဇင်းကတော့ ဦးပဉ္ဇင်းရဲ့ ကျောင်းတူညီ ရှယ်ရက်ပဲ'

ကျန်းချွေးဆန်းက လက်နှစ်ဘက်ကို စု၍...

'သြော်... လက်စသတ်တော့ ရှောင်လင်ဘုရားကျောင်းရဲ့ သိုဟန့်နတ်မင်း တစ်ဆယ့်ရှစ်ပါးထဲက ဦးပဉ္ဇင်းတွေကိုး၊ ဘာကိစ္စရှိလို့ တပည့်တော်ကို လာတွေ့တာလဲ'

ရှယ်ရင်ကိုယ်တော်သည် စကားပြောရာတွင် လွန်စွာ နှေးကွေး၏။ ဖြည်းညင်းစွာဖြင့်...

'အခုကိစ္စက ရှောင်လင်ဂိုဏ်းနဲ့ ဟူတန်းဂိုဏ်းရဲ့ ရောမ ပြဿနာကြီးဖြစ်နေတယ်၊ ဦးပဉ္ဇင်းတို့က ရှောင်လင်ဂိုဏ်းမှာ ပါဝင်တဲ့လူတွေဆိုတော့ ဘာမှ ပြောပိုင်ခွင့် မရှိဘူး၊ ဒါပေမယ့် ဒီနေ့ကိစ္စကို ဦးပဉ္ဇင်းတို့ကိုယ်တိုင် လာကြုံတွေ့နေရတော့ ဦးပဉ္ဇင်းတို့ ဒကာလေးကို မေးချင်တယ်၊ ဒီရွှေငါးအာမခံဌာနမှာ ထဲက လူတွေအားလုံးရယ်၊ ဦးပဉ္ဇင်းတို့ရဲ့ ဂိုဏ်းကျွ, ကူလေး ပဉ္ဇင်း နှစ်ပါးရယ်၊ အားလုံးဟာ ဒကာလေးလက်ချက်နဲ့ သေဆုံးခဲ့ရတယ်၊ ဒီကိစ္စအတွက် ဒကာလေး ဘယ်လို ပြော မလဲ'

ကျန်းချွေးဆန်းက ခနဲ့ပြုံး ပြုံးလျက်...

'ဒီ ရွှေငါးဌာနက လူတွေ ဘယ်လိုကြောင့် အသတ်ခံ ရတယ်ဆိုတာ တပည့်တော်ကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်နေရပါတယ်၊ ဒီကြားထဲ ဦးပဉ္ဇင်းက တပည့်တော် သတ်တယ်

www.burmeseclassic.com



လို့ တစ်ဖက်သတ် စွပ်စွဲနေတာကိုး၊ ကိုင်း... ဒါဖြင့် တပည့် တော်သတ်တာကို ကိုယ်တိုင်မြင်လို့လား'

ရှယ်ရင်ကိုယ်တော်က အသံကျယ်လောင်စွာဖြင့်...

'ဝေဖုန်း၊ မင်း ထွက်လာပြီး ဒီက ဒကာကြီး ကျန်းချွေ ဆန်းနဲ့ ပြောစမ်း'

ထိုစဉ် ချုံပုတ်တစ်ခု၏နောက်မှ ဘုန်းကြီးတစ်ပါး ထွက်လာ၏။ ထိုဘုန်းကြီးမှာ စောစောက ကျန်းချွေးဆန်း ရွှေငါးအာမခံဌာနအတွင်းသို့ ဝင်စဉ် ဝိုင်းဝန်းတိုက်ခိုက်သော ဘုန်းကြီးလေးပါးထဲမှ တစ်ပါးဖြစ်၏။ ထိုဝေဖုန်းဟုခေါ်သော ဘုန်းကြီးက...

'ဆရာတော် ရွှေငါးအာမခံဌာနက လူတွေ အားလုံး ဝေထုံး၊ ဝေကွယ်တို့ နှစ်ယောက်ရယ်၊ အားလုံးကို ယော ကျန်းချွေးဆန်းဆိုတဲ့ လူဆိုးက သတ်လိုက်တာပဲပဲ'

ရှယ်ရင်က...

'မင်းကို့ ကိုယ်ကိုင်မြင်လို့လား'

'မှန်ပါ့ဘုရား၊ တကယ်လို့ တပည့်တော်တို့ ယောက်သာ အပြေးနှေးရင် တပည့်တော်တို့လဲ ဒီလူ လက်ချက်နဲ့ သေရမှာ သေချာပါတယ်'

ရှယ်ရင်က ဆက်၍...

'မင်းက ဘုရား တရားသမားဆိုတော့ မုသား မပြောရဘူးနော်၊ ဒီကိစ္စက ငါတို့ ရှောင်လင်ဂိုဏ်းနဲ့ ဟူတန်ဂိုဏ်း တို့နဲ့ ပတ်သက်နေတော့ မုသားစကား လုံးဝမပြောရဘူး'



ဝေဖုန်းက ဒူးထောက်၍ လက်အုပ်ချီကာ...

'တပည့်တော်က ဘုရားကို တိုင်တည်ပြီး ပြောရဲပါ တယ် ဘုရား'

'ဒီလိုဆိုရင် မင်း တွေ့ခဲ့တာကို အစအဆုံး ပြောပြစမ်း'

ထိုစဉ် ကျန်းချွေးဆန်းသည် နံရံပေါ်မှ ခုန်ဆင်းပြီး သူတို့ အနားသို့ ကပ်လိုက်၏။

ဝေဖုန်းက စတင်၍...

'ဆရာတော် ကျန်းချွေးဆန်းက လူတွေအားလုံးကို သက်ညှိုးနဲ့ ထိုးထိုးသတ်လိုက်တယ်၊ နောက်တော့မှ သူက နံရံပေါ်ကနေ ခုန်ထွက်သွားပါတယ် ဘုရား'

ကျန်းချွေးဆန်းက ငြိမ်သက်စွာသာ နားထောင်နေ၏။ သူက အေးစက်စွာဖြင့်...

'နောက်တော့ကော'ဟု စကားပင် ကြောင်းပေးလိုက် သေး၏။ ဝေဖုန်းက နာကြည်းစွာ တစ်ချက်ကြည့်ပြီး...

'နောက်တော့ တပည့်တော်က ကျန်သုံးယောက်နဲ့ သွားနေပါတယ်၊ ဆရာတော်တို့ ရောက်လာတော့မှပဲ ဘယ်လို ဆက်လုပ်မယ်ဆိုတာကို ဆုံးဖြတ်နိုင်းမယ်လို့၊ ဒါနဲ့ တပည့် တော်တို့က အခန်းဝမှာ စောင့်နေကြတယ်၊ ဒါပေမယ့် သိပ်မကြာ ဘူး၊ ဟောဒီ ရက်စက်ယုတ်မာတဲ့ လူဆိုးကြီးက တံခါး ခေါက်ပြီး ထပ်ဝင်လာပြန်တယ်၊ သူက တိုးတာကျင်းကို တွေ့မလို့တဲ့၊ တပည့်တော်က သေရင်လဲ သေတော့ မထူးဘူး ပြီး အရဲစွန့်ပြီး သူ့နာမည်ကို မေးလိုက်တယ်၊ သူက

www.burmeseclassic.com



သူ့နာမည် ကျန်းချွေးဆန်း၊ ဟူတန်းဂိုဏ်းကလို့ ကိုယ်တိုင်ဖွင့်ပြောပါတယ်၊ တပည့်တော်က သိပ်မယုံချင်ဘူး၊ ဟူတန်းခုနှစ်ဖော်က ဒီလို ရက်စက်ယုတ်မာတဲ့ အလုပ်မျိုးကို လုပ်မှာမဟုတ်ဘူးလို့ပေါ့၊ ဒါပေမယ့် နောက်ကျတော့ သူက သူ့လက်နက်တွေကိုပါ ထုတ်ပြလာတော့မှ တပည့်တော် အကြွင်းမဲ့ယုံတော့တယ်'

ကျန်းချွေးဆန်းက ကြားဖြတ်၍...

'တပည့်တော်က နာမည်ပြောပြီး လက်နက်ထုတ်ပြတာမှန်ပါတယ်၊ ဒါပေမယ့် ဦးပဉ္စင်းတို့က တပည့်တော်လူတွေကိုသတ်တာ အသေအချာ မြင်ပါရဲ့လား'

ဝေ့ဖုန်းက...

'သေသေချာချာမြင်လို့ ပြောတာပေါ့'

ကျန်းချွေးဆန်းက ဒေါသထွက်လာပြီးလျှင် မီးတိုင်ကိုထုတ်၍ မီးညှိပြီးနောက်...

'ဦးပဉ္စင်း၊ တပည့်တော်ရဲ့ မျက်နှာကို သေသေချာချာကြည့်ပါဦး၊ တပည့်တော်က ဟို လူသတ်သမားလား'

ဝေ့ဖုန်းကိုယ်တော်က ရှေ့သို့ တစ်လှမ်းတိုး၍ ကျန်းချွေးဆန်း၏ မျက်နှာကို စူးစိုက်ကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ...

'မင်းပဲ၊ ဟင်... မင်း... မင်း...'

ဝေ့ဖုန်းကိုယ်တော်က စကားအဆုံးတွင် ရုတ်တရက်လဲကျသွားလေ၏။ ရှယ်ရင်နှင့် ရှယ်ရက် ဘုန်းကြီးနှစ်ပါးက



ဝေ့ဖုန်းအား ချက်ချင်း ပွေ့ထူလိုက်၏။ သို့သော် ဝေ့ဖုန်းမှာမူ မျက်နှာ ပြုးလျက်နှင့်ပင် အသက်ထွက်လျက် ရှိသည်ကို တွေ့ရလေ၏။

ရှယ်ရင်မှာ တစ်ချက်မျှ ကြောင်သွားပြီး အော်၍...

'မင်း... မင်းက သူ့ကို သတ်ပစ်လိုက်တယ်'

အဖြစ်အပျက်က မြန်ဆန်လွန်းသည်ဖြစ်ရာ ရှယ်ရင်နှင့် ရှယ်ရှက် ဘုန်းကြီးနှစ်ပါးမှာ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားရုံမက ကျန်းချွေးဆန်း ကိုယ်တိုင်လည်း မျက်လုံးအစုံး ပြူးဝိုင်းလျက် မှင်သက်နေမိတော့၏။

◆◆◆

www.burmeseclassic.com



# အခန်း ( ၁၀ )

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမချောလေး

ကျန်းချေးဆန်းက နောက်သို့ ဖျက်ခနဲ လှည့်ကြည့်လိုက်၏။ ထိုစဉ် အနောက်ဘက် ချုံပုတ်ထဲတွင် တစ်ချက်မျှ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသဖြင့် သူက . . .

'မပြေးနဲ့'ဟု အော်ဟစ်ရင်း လူကိုယ်တိုင်ပါ ချုံပုတ်ဆီသို့ လွှားခနဲ ခုန်အုပ်လိုက်၏။ ဤသို့ ပြုမူခြင်းမှာ လွန်စွာ အန္တရာယ်များကြောင်း ကျန်းချေးဆန်း သိပါ၏။ သို့သော် သူ့အပေါ် စွပ်စွဲထားသော စွဲချက်ကို ဖြေရှင်းရန် အရေးကြီးနေသဖြင့် သူက အန္တရာယ်ကိုပင် ဂရုမပြုနိုင်တော့ချေ။ လုပ်ကြံသူကို ရှာမတွေ့လျှင် ရှောင်လင်ဂိုဏ်းက သူ့ကို ဘယ်နည်းနှင့်မျှ ခွင့်လွှတ်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူ့ လေထဲတွင် ရောက်ရှိရုံသာ ရှိသေးစဉ် နောက်ဘက်မှ တောင်ဝှေးနှစ်ချောင်းက သူ့ခါးကို ပိုင်းရိုက်လိုက်ကြောင်း သိလိုက်၏။ တစ်ချိန်တည်းမှာပင် ဘုန်းကြီး ရှယ်ရင်က အော်သံဖြင့်...

'လူဆိုးကြီး ထွက်ပြေးဖို့တော့ မကြိုးစားနဲ့နော်'

ကျွန်းချွေးဆန်းက လုပ်ကြံသူ တရားခံအစစ်ကိုသာ မိစေရန် စိတ်စောနေသည်ဖြစ်ရာ ရှယ်ရင်၏ အော်သံကို ကြားသော်လည်း မကြားဟန်ပြုရင်း ဆူးချိတ်ဖြင့် ရိုက်လာသော တောင်ဝှေးကို ကာ၍ အရှိန်ဖြင့် ရှေ့သို့ ခုန်ထွက်သွားလေ၏။

ရှယ်ရင်တို့ကလည်း နောက်မှ ဆက်လိုက်လာ၏။ သို့သော် ကျွန်းချွေးဆန်း၏ ကိုယ်ဖော့သိုင်းပညာက သူတို့ထက် သာနေသဖြင့် မကြာမီ မျက်ခြည်ပြတ်သွားလေတော့၏။

ထိုစဉ် နောက်တွင် ကျန်ခဲ့ပြီဖြစ်သော ရှယ်ရင်နှင့် ရှယ်ရက် ဘုန်းကြီးနှစ်ပါး၏ စူးစူးဝါးဝါး အော်သံကို ကြားရ၏။ သူက နောက်သို့ ကြည့်လိုက်သော်လည်း ဘုန်းကြီးနှစ်ပါးလုံး ဘယ်ဘက်မျက်စိတစ်ဖက်ကို လက်ဝါးဖြင့် ပုံးအုပ်ထားကြသည်ကို တွေ့ရ၏။

မှန်သည်။ ဘုန်းကြီးနှစ်ပါးသည် မျက်လုံးတစ်ဖက်စီတွင် လျှို့ဝှက်လက်နက်ဖြင့် ပစ်ခတ်ခံလိုက်ရပြီဖြစ်၏။ ထိုအခိုက် ရှယ်ရင်က...

'ကျွန်းချွေးဆန်း၊ မင်းက ငါ့ရဲ့ ညာဖက်မျက်စိကိုလဲ ပစ်လိုက်ပါဦးလား' ဟု အော်ပြော၏။



ကျွန်းချွေးဆန်း ပို၍ အံ့ဩသွား၏။

'ဒီ ဘုန်းကြီးတွေရဲ့ မျက်လုံးကို ဘယ်သူက လျှို့ဝှက်လက်နက်နဲ့ ပစ်လိုက်တာလဲ၊ ဘယ်သူက ငါ့ကို ကူညီတာလဲ'

သူက ထိုသို့ တစ်ချက်မျှ စဉ်းစားပြီးနောက် အော်ဟစ်၍...

'ညီလေး မော်ကုဆန်း၊ မင်း ဘယ်မှာလဲ'

ဟုတန်း ခုနစ်ဖော်ထဲတွင် အငယ်ဆုံး မော်ကုဆန်းသည် လျှို့ဝှက်လက်နက် ပစ်ခတ်ရာတွင် အတော်ဆုံးဖြစ်၏။ ထို့ကြောင့်ပင် ကျွန်းချွေးဆန်းက မော်ကုဆန်းကို ရုတ်တရက် သတိရပြီး အော်ခေါ်လိုက်မိခြင်းပင် ဖြစ်ပါ၏။

သို့သော် တစ်ဖက်မှ ပြန်ထူးသံ မကြားရချေ။ သူက ကန်စပ်ရှိ ချုံပုတ်အတွင်းအပြင် လှည့်ပတ် ရှာဖွေသည့်တိုင် လူရိပ်လူယောင် မတွေ့ရချေ။

ထိုအချိန်တွင် ရှယ်ရင်တို့သည် မျက်လုံးတွင် လျှို့ဝှက်လက်နက် ထိမှန်ခံရ၍ ကျွန်းချွေးဆန်းအား ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း သိသည်နှင့် ပြန်လည် ထွက်ခွာသွားကြလေတော့၏။

ကျွန်းချွေးဆန်းက ဘုန်းကြီးများ ပြန်ကြွသွားသည်ကို ကြည့်ရင်း စိတ်ထဲမှ လွန်စွာ အံ့ဩနေမိ၏။

'အမှောင်ထဲကနေ ငါ့ကို အကူအညီပေးတာ ဘယ်သူပါလိမ့်' ဟုလည်း အဖြေရှာမရ ဖြစ်နေလေ၏။ သူက ပြေးလိုက်၏။ ထိုအခိုက် ရှေ့ဘက် အနားတွင် ချုံပုတ်လေး

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းသွားသည်ကို မြင်သော ချက်ချင်း ခုန်အုပ်လိုက်လေ၏။

ရုတ်တရက် လူတစ်ယောက်က ခုန်ထွက်လာပြီး ဓားဖြင့် ခုတ်ပိုင်းလာ၏။ ကျန်းချွေးဆန်းက ဓားသို့ တစ်ချက်ရှောင်လိုက်ပြီး ခြေဖြင့် ကန်လိုက်ရာ ဓားမှာ လွင့်ထွက်သွား၏။ ထိုလူကို ကြည့်လိုက်သော် ဘုန်းကြီးတစ်ပါး ဖြစ်နေပြန်၏။ သူ့နံဘေးရှိ ချုံပုတ်တွင် လူသုံးယောက် လဲလျောင်းနေ၏။

အနေသအချာ ကြည့်သော် တိုးတာကျင်းနှင့် သူ့လက်ထောက်နှစ်ယောက် ဖြစ်နေလေ၏။

တိုးတာကျင်း၏ လက်ထောက်နှစ်ယောက်မှာမူ အသက်မရှိတော့ချေ။ တိုးတာကျင်းသည် အသက်ငင်နေပြီဖြစ်၏။

တိုးတာကျင်းက ကျန်းချွေးဆန်းကိုမြင်သော် နာကြည်းသော အသံဖြင့်...

'ဘီလူးကြီး၊ ငါက ရွှေဒင်္ဂါးသုံးရာ ချန်ထားခဲ့တာနဲ့ မင်းက ငါတို့အားလုံးကို ရက်ရက်စက်စက် သက်ပစ်လိုက်တာပေါ့လေ၊ ဟုတ်လား ဘီလူးကြီး'ဟု အော်ပြောနေ၏။

ကျန်းချွေးဆန်းကလည်း...

'ခင်ဗျား ဘာတွေပြောနေတာလဲ'ဟု ပြန်အော်လိုက်၏။

ထိုစဉ် တိုးတာကျင်းက အသံကုန်ဟစ်၍...

'ဦးပဥ္စင်း၊ ဒီလူက လူသတ်သမားပဲ၊ သူက ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်း၊ ဦးပဥ္စင်း မြန်မြန်ထွက်ပြေးပါ၊ ဆရာတော်ကို သွားပြီး လျှောက်တင်လိုက်ပါ'



သူက စကားအဆုံးတွင် ခေါင်းငိုက်စိုက်ကျသွားပြီး အသက်ထွက်သွားတော့၏။ ရှောင်လင်ဘုန်းကြီးမှာလည်း ရှုံ့ရှုံ့ကြောက်ကြောက်ဖြင့် အလျှင်အမြန် ထွက်ခွာသွား၏။

ကျန်းချွေးဆန်းမှာမူ ဦးနှောက် လွန်စွာနောက်ကျိနေပြီဖြစ်၏။ ယခုည သူ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် အားလုံးမှာ သူ လုံးဝ အဖြေရှာမရသော အဖြစ်အပျက်များ ဖြစ်နေသည် မဟုတ်ပါလား။ သူသည် မည်မျှကြာအောင် ငေးမောတွေးတောနေမိသည်မသိ။ ရုတ်တရက် ကန်ရေပြင်ဆီမှ တူရိယာ တီးခတ်သံ ကြားလိုက်ရသဖြင့် ခေါင်းမော့၍ ကြည့်လိုက်သောအခါ စောစောစဉ်က ရွှေငါးအာမခံဌာနရှေ့တွင် တွေ့ခဲ့သော လှေကြီးနှင့်တကွ လှေပေါ်မှ လူငယ်ကိုပါ တွေ့လိုက်ရပါ၏။ ထိုလူငယ်က လှေပေါ်မှနေ၍ တူရိယာကို တီးခတ်နေခြင်းဖြစ်၏။ ကျန်းချွေးဆန်း စိတ်ထဲတွင်မူ...

'ဒီလူက တစ်ချိန်လုံးလိုလို ဒီကန်တော်ကြီးမှာ ရှိနေတယ်ဆိုတော့ သူက တကယ့်လူသတ်သမားရဲ့ လှုပ်ရှားမှုကို တွေ့ချင်တွေ့နိုင်တယ်၊ ငါ သူကတစ်ဆင့် စုံစမ်းကြည့်မှာပဲ' ဟု တွေးမိ၏။ ထိုအခါ လှေကြီးဆီသို့ လှမ်း၍ အော်ပြောလိုက်၏။

'ဗျို့... လှေကြီးပေါ်က နောင်ကြီး၊ ကျုပ်က ကျန်းချွေးဆန်းပါ၊ နောင်ကြီးကို မေးမြန်းစရာရှိလို့ လှေပေါ်ကို တက်ခွင့်ပြုပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ကျန်းချွေးဆန်းဘက်သို့ တစ်ချက်မျှ လှည့်ကြည့် ပြီးနောက်...

'တက်ခဲ့ပါ'ဟု ဆိုလိုက်၏။

ကျန်းချွေးဆန်းက အံ့သြသလို ဖြစ်သွားရ၏။ အဘယ်ကြောင့်မူ ထိုသူ့အသံက ချိုလွင်ပြီး မိန်းကလေးတစ်ယောက် အသံနှင့် တူနေသောကြောင့်ပင် ဖြစ်ပါ၏။

လှေကြီးမှာ ကမ်းနံဘေးသို့ ဆိုက်ကပ်လာ၏။ ကျန်းချွေးဆန်းက လှေကြီးပေါ် လွှားခနဲ ခုန်တက်လိုက်၏။

ထိုသူက မတ်တတ်ရပ်၍ ပြုံးကာ ကျန်းချွေးဆန်းအား ထိုင်ခိုင်းလိုက်၏။ မီးရောင်အောက်တွင် ထိုလူ၏ အသားအရေမှာ ဖြူဝင်းနေပြီး မျက်နှာမှာလည်း လှပနေ၏။ မျက်ခုံးသွယ်သွယ်၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ပြုံးလိုက်သော ခဏတွင်လည်း ဘယ်ဘက်ပါးမှ ပါးချိုင့်လေးမှာ ထင်းခနဲ ပေါ်လာတတ်သေး၏။ စင်စစ် ထိုလူမှာ ယောကျ်ားအဝတ် အဝတ်အစားများ ဆင်မြန်းထားသော မိန်းမချောလေးတစ်ဦး မဟုတ်ပါလား။

ကျန်းချွေးဆန်းကား ရုပ်ရည်ချောမောပြီး အနေအထိုင် ပွင့်လင်းသော်လည်း လှေတစ်စင်းထဲတွင် မိန်းကလေးတစ်ဦးနှင့် ဤကဲ့သို့ မနေဖူးချေ။ သူက မိန်းကလေးမှန်း သိလျှင်သိချင်း တစ်ချက်မျှ ကြောင်အမ်းအမ်း ဖြစ်သွားပြီးလျှင် မျက်နှာပြင် တစ်ခုလုံး နီမြန်းလျက်လာ၏။ လှေပေါ်မှလည်း ပြန်ခုန်ဆင်း လိုက်မိ၏။ နှုတ်မှလည်း...



'ကျုပ်က ခင်ဗျားကို မိန်းကလေးမှန်း လုံးဝမသိလို့ လှေပေါ် တက်ခဲ့မိတာကို ခွင့်လွှတ်ပါဗျာ'

မိန်းမပျိုက လှဲ့လှဲ့မျှ ပြုံးသော်လည်း ဘာမျှ ပြန်မပြော ချေ။ လှေလေးမှာလည်း ကမ်းစပ်အတွင်း အောက်ဘက်သို့ တဖြည်းဖြည်း စီးဆင်းသွား၏။ ထိုကန်တော်ကြီးမှ ထွက်ခဲ့ လျှင်မူ ချွန်ဟန်မြို့သို့ ရောက်၏။

ကျန်းချွေးဆန်းမှာ ကမ်းစပ်မှပင် လှေမျောရာအတိုင်း အတူယှဉ်၍ လျှောက်နေလေ၏။ သူက စကားစ ဘယ်သို့ ရှာရမည်မသိအောင် ဖြစ်နေရှာ၏။

မိန်းမပျိုလေးမှာမူ လှေဦးတွင် ထိုင်ရင်း တိမ်ညိုများ ကြားတွင် မလင်းတစ်ဝက် လင်းတစ်ဝက် လင်းပနေသော ငွေလစန္ဒာကို မော့ကြည့်နေလေ၏။ ကျန်းချွေးဆန်းလည်း ယောင်ယမ်း၍ ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သော အချိန်တွင်မူ မိုးကောင်းကင် တစ်ခုလုံး တိမ်များဖြင့် ဖုံးအုပ်လျက် ရှိနေပါ၏။ ထိုစဉ် မိုးဖွဲကလေးများ ကျဲစပြုလာ၏။ မိန်းမပျိုလေး မှာမူ လှေဦးတွင် ထိုင်လျက်ပင် ရှိနေလေ၏။ ကျန်းချွေးဆန်း မှာ ကွင်းပြင်သို့ ရောက်နေရာ မိုးခိုစရာနတ္ထိဖြစ်နေ၏။ သို့ရာ တွင် မိုးဖွဲဖွဲလကျနေသည့်ကြားမှ လှေထဲသို့ မဝင်ဘဲ လှေဦး တွင်ပင် ထိုင်နေဆဲဖြစ်သော မိန်းကလေးကို တွေ့နေရ၍ အံ့သြသွားရ၏။ ထို့ကြောင့် နှုတ်မှ လွှတ်ခနဲ အော်ပြောမိ လေ၏။

'မိန်းကလေး ဘာလို့ လှေထဲ မဝင်သေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် မိန်းကလေးက ဟာခနဲ အာမေဋိတ်သံ ပြုလျက် သတိရဟန်ဖြင့် ချက်ချင်း လှေထဲသို့ အပြေးကလေး ဝင်သွားလေ၏။ အတန်ကြာသော် မိန်းမပျိုလေးသည် လှေထဲမှ ပြန်ထွက်လာ၏။ လက်ထဲတွင်လည်း ဆီစိမ်စက္ကူထီးတစ်လက် ပါလာ၏။ မိန်းမပျိုက မပြောမဆိုပင် ထိုဆီစိမ်ထီးကလေးကို ကျန်းချွေးဆန်းသို့ ပေစ်ပေးလိုက်၏။

ကျန်းချွေးဆန်းသည် ထိုဆီစိမ်ထီးကလေးကို ဖွင့်လိုက် သောအခါတွင်မူ ထီးအရွက်ပေါ်တွင် လွန်စွာ သာယာလှသော ရေမြေတောတောင် ပန်းချီကားချပ်ကို ရေးဆွဲထားသည်ကို တွေ့လိုက်၏။ ပြီးနောက် ကဗျာတစ်ပုဒ်လည်း ရေးစပ်ထား သေး၏။

ကျန်းချွေးဆန်းမှာ လွန်စွာ စာပေဝါသနာပါသူဖြစ်ရာ ထို ပန်းချီကားနှင့် ကဗျာကိုကြည့်ရင်း စိတ်ထဲမှ ချီးမွမ်းနေ မိလေ၏။ သူက ထီးအရွက်ကိုသာ ငေးမောကြည့်လာရာ ရုတ်တရက် ရေမြောင်းတစ်ခုထဲသို့ နင်းချလိုက်မိလေ၏။

သာမန်လူဆိုလျှင်မူ မြောင်းထဲသို့ တစ်လိမ့်ကောက်ကွေး ကျသွားမည်မှာ သေချာပါ၏။ သူကမူ ချက်ချင်း ခြေလှမ်းဆုတ်လိုက်ရာ ကိုယ်မှာလည်း လွှားခနဲ ရေမြောင်းမှ ခုန်ထွက်ပြီး ဖြစ်သွားလေ၏။

လှေပေါ်မှ မိန်းမပျိုမှာ သူ့အဖြစ်ကိုမြင်သော် လက်ခုပ် လက်ဝါးတီးလျက်...

'တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား'ဟု ဆိုလေ၏။



ထို့နောက်တွင်မူ မိန်းကလေးသည် လှေကို ရွက်လွှင့် လိုက်၏။ လှေမှာ မြန်သည်ထက် မြန်လာလေ၏။

ကျန်းချွေးဆန်းမှာ ရှေ့သို့ လျင်မြန်စွာ ထွက်ခွာသွား သော လှေကိုကြည့်ရင်း ရင်ထဲဝယ် ဟာခနဲ ခံစားလိုက်ရ၏။

ထိုစဉ် လှေထဲမှ မိန်းကလေးက ခပ်လှမ်းလှမ်းမှ...

'ကျွန်မရဲ့ မျိုးရိုးအမည်က ချင်ပါ၊ နောင်တစ်ချိန် ပြန်တွေ့မှပဲ စကားစမြည် ပြောကြတာပေါ့'ဟု လှမ်းပြောလေ၏။

ကျန်းချွေးဆန်းက မျိုးရိုးနာမည် ချင်ပါဟု ကြားသည် နှင့် ရင်တစ်ချက် ခုန်သွားလေ၏။ စိတ်ထဲမှလည်း...

'တိုးတာကျွင်းက ပြောဖူးတယ်၊ မိမိအစ်ကို ရီတိုက်ရှင် အောင့်ရှောက် ပို့ဆောင်ခိုင်းတဲ့ လူငယ်ရဲ့ မျိုးရိုးနာမည်ကလဲ ချင်ပဲတဲ့၊ ဒါဖြင့် ဒီမိန်းကလေးဟာ အဲဒီလူများ ဖြစ်နေသလား'

ယင်းအချက်ကို စဉ်းစားမိသည်နှင့်အတူ ကျန်းချွေးဆန်း သည် ထွေထွေထူးထူး စဉ်းစားမနေတော့။ ယောကျ်ား မိန်းမဟူသော လိင်ခွဲခြားခြင်းလည်း ပြုမနေတော့ဘဲ လှေကြီးအား မီရန် တအားသုတ်ခြေတင်၍ လိုက်လေတော့၏။

မကြာမီပင် လှေနှင့် ယှဉ်မိသွား၏။ သူက အော်၍...

'ခင်ဗျား ကျုပ်အစ်ကို ရီတိုက်ရှင်ကို သိလား'

မိန်းကလေးက လှည့်ကြည့်ရုံ ကြည့်လိုက်၏။ ဘာမျှတော့ ပြန်မဖြေ။ သို့သော် ကျန်းချွေးဆန်း၏ အကြားအာရုံတွင် သက်ပြင်းချသံလိုလို ကြားလိုက်ရပါ၏။ မိန်းကလေး ဘာကြောင့် သက်ပြင်းချသည်ကိုမူ သူ နားမလည်။ သူက ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မှာ မရှင်းလင်းတဲ့အချက်တွေ ရှိနေလို့ မိန်းကလေးကို မေးချင်ပါတယ်'

မိန်းမပျိုက အသံမှန်ဖြင့် . . .

'ဘာဖြစ်လို့ မေးချင်တာလဲ' ဟု ပြန်မေးလေ၏။

ကျန်ချွေးဆန်းက . . .

'မိန်းကလေးက ကျုပ်ရဲ့အစ်ကို ရိုတိုက်ရှင်ကို ရွှေငါးအာမခံဌာနကလူကို စောင့်ရှောက်ခိုင်းပြီး ဟူတန်းတောင်ကို ပြန်ပို့ခိုင်းတဲ့ လူငယ်ပဲလား၊ ဟုတ်ရင် ဒီကျေးဇူးကို ကျွန်တော် မမေ့ပါဘူး'

မိန်းမပျိုက တစ်ချက်မျှ ပြုံးလျက် . . .

'ကျေးဇူးလား၊ ရန်ငြိုးလားဆိုတာ ခွဲရခက်ပါတယ်'

'ကျုပ်အစ်ကို ဟူတန်းတောင်ကိုရောက်တော့ လူတစ်စုရဲ့ လုပ်ကြံတာကို ခံလိုက်ရတယ်၊ ဒါကို မိန်းကလေး သိပ သလား'

'ကျွန်မ စိတ်မကောင်းပါဘူး'

သူတို့နှစ်ဦးကား တစ်ဦးက လှေထဲတွင်ဖြစ်ပြီး တစ်ဦး ကမူ ကမ်းပေါ်တွင်ဖြစ်၏။

ထိုအချိန်တွင် မိုးလည်း သည်းထန်နေ၏။ သို့သော် သူတို့နှစ်ဦးသည် စကားကို မပြတ်တမ်း ပြောနေကြလေ၏။ လှေက တဖြည်းဖြည်း ပိုမြန်လာ၏။ ကျန်းချွေးဆန်း၏ ခြေလှမ်းမှာလည်း ပိုသွက်နေ၏။ နှစ်ဦးစလုံး တစ်ယောက် စကား တစ်ယောက်ကြားအောင် အာရုံစိုက်နိုင်ခြင်း၊ ပြောနိုင်



င်းကို ကြည့်ခြင်းအားဖြင့် အတွင်းအား မည်မျှပြည့်ဝကြောင်း သိနိုင်ပါ၏။

ထို့ပြင် လှေသည် ချွန်ဟန်မြို့သို့ပင်ရောက်လုနီးနီး လာ၏။

ကျန်းချွေးဆန်းက . . .

'ဒီနေ့ည၊ ရွှေငါးအာမခံဌာနက လူတွေအားလုံး အသတ် လိုက်ရတာက ဘယ်သူ့လက်ချက်လဲဆိုတာ ခင်ဗျားသိသ ား' ဟု မေးပြန်၏။

'ကျွန်မက တိုးတာကျင်းကို သေသေချာချာ ပြောတာပဲ၊ ဘကယ်လို့ ရိုတိုက်ရှင် တစ်ခုခု ဖြစ်သွားရင် . . .'

'ခင်ဗျားက အာမခံဌာနက လူတွေအားလုံးကို သတ်မစ် ယ်လို့ ပြောတယ်မဟုတ်လား'

'ဟုတ်တယ်၊ သူအခု ရိုတိုက်ရှင်ကို ကောင်းကောင်း စောင့်ရှောက်နိုင်ခဲ့ဘူး၊ ဒါက သူ့အပြစ်နဲ့သူ၊ သူ့ကတိနဲ့သူပဲ၊ ဘယ်သူ့ကိုမှ အပြစ်ကင်ဖို့ မလိုပါဘူး'

ထိုအပြောကြောင့် ကျန်းချွေးဆန်း ရင်တစ်ချက် အေးခနဲ ဖြစ်သွား၏။ ပြီးမှ . . .

'ရွှေငါး အာမခံဌာနက လူတွေ ဒီလောက်များများကို ခင်ဗျား . . . ခင်ဗျား . . .'

'ဟုတ်တယ်၊ ကျွန်မ သတ်လိုက်တယ်'

ကျန်းချွေးဆန်းမှာ ဟုန်းခနဲ နားတစ်ချက် အူသွား သလို ခံစားလိုက်ရ၏။ ဤမျှ ချောမောလှပသော နုနယ်ပျိုမျစ်

www.burmeseclassic.com

www.burmeseclassic.com



သော မိန်းကလေးတစ်ယောက်က ဤမျှ ရက်စက်ကြမ်းကြုတ်သော လူသတ်သမားကြီး ဖြစ်လိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့မိပေ။

အတန်ကြာတော့မှပင် သူက ...

'ဟို ရောင်လင် ဘုရားကျောင်းက ဘုန်းကြီးနှစ်ပါးက ကော'

'ဒါလဲ ကျွန်မသတ်တာပဲ၊ အမှန်ပြောရရင် ကျွန်မ ရောင်လင်ဘုရားကျောင်းနဲ့ ရန်ညှိုးမဖွဲ့ချင်ပါဘူး၊ ဒါပေမယ့် သူတို့က ကျွန်မကို စကားနဲ့ စော်ကားပုတ်ခတ်လို့ သူတို့ကို သတ်ပစ်လိုက်ရတယ်'

'ဒါနဲ့ချား ကျုပ်ကို သူတို့က ဘာဖြစ်လို့ စွပ်စွဲနေရတာလဲဗျ'

မိန်းမပျိုက လှပစွာပြုံးလျက် ...

'ဒါကတော့ ကျွန်မရဲ့ အစီအစဉ်ကြောင့်ပါ'

'အာ၊ ခင်ဗျားအစီအစဉ်ကြောင့် ဟုတ်လား၊ သူတို့က ကျုပ်ကို အထင်လွဲအောင် ခင်ဗျားလုပ်လိုက်တာ ဟုတ်လား'

'ဟုတ်ပါတယ်'

ကျန်းချွေးဆန်းက ဒေါသသံနှောလျက် ...

'ကျုပ်က ခင်ဗျားနဲ့ ဘာရန်ညှိုးမှ ရှိတာမှ မဟုတ်ဘဲ ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ၊ ပြောစမ်းပါဦး'

မိန်းမပျိုက ဘာမျှပြန်မပြော။ လှေဝမ်းထဲသို့သာ ဝင်သွား၏။ ကျန်းချွေးဆန်းမှု ကသိကအောင့် ဖြစ်သွားရှာ၏



ဤအခြေအနေမျိုးတွင် ဆက်၍ မေးရန်သာ စိတ်စောနေလေ၏။ လှေကလည်း ကမ်းနှင့် ကိုက်သုံးဆယ်ခန့် ကွာဝေးနေသေး၏။ သို့ဖြင့် ကျန်းချွေးဆန်းသည် ရှတ်တရက် နံဘေးရှိ သစ်ပင်သေးတစ်ပင်ကို လက်ဝါးစောင်းဖြင့် ရိုက်ပြီး သစ်ကိုင်းကြီး နှစ်ကိုင်းကို ချိုးလိုက်သည်။ သစ်ကိုင်းတစ်ခုကို ရေထဲသို့ တစ်အားပစ်လိုက်ပြီးနောက် ခုန်ထွက်လိုက်၏။ ထို့နောက်တွင်မှ ရေပေါ်တွင် ပေါ်နေသော သစ်ကိုင်းနှစ်ကိုင်းမှ အဆင့်ဆင့် ခုန်ကူးရင်း လှေပေါ်သို့ ရောက်လာလေ၏။

လှေပေါ်ရောက်ရောက်ချင်း ကျန်းချွေးဆန်းက ...

'ခင်ဗျား ဘယ်လို စီစဉ်လိုက်တာလဲ'ဟု မေးပြန်၏။

သို့သော် လှေဝမ်းတစ်ခုလုံး မှောင်မည်းနေပြီး အသံဗလံများလည်း ငြိမ်သက် တိတ်ဆိတ်နေ၏။

သူက ဒေါသဖြင့် လှေဝမ်းထဲသို့ ခုန်ဆင်းရန် ပြုလိုက်၏။ သို့သော် ချက်ချင်းပင် သတိရလိုက်သဖြင့် စိတ်ကို ချုပ်တည်းလိုက်ရ၏။ သူ သတိရလိုက်သော အကြောင်းမှာ ကစ်ဖက်တွင် မိန်းမပျိုဖြစ်နေ၍ မိမိက ဤအချိန်မျိုးတွင် လှေဝမ်းထဲသို့ အတင်းဝင်ရောက်သွားလျှင် ရိုင်းရာကျမည်ဟု သတိရလိုက်ခြင်းပင် ဖြစ်ပါ၏။

ထိုစဉ် လှေဝမ်းထဲမှ မီးခြစ်ခြစ်သံ ကြားလိုက်ရပြီး ခရေးမနှောင်းပင် မီးအိမ်မှ မီးလင်းလာလေ၏။ ပြီး မိန်းမပျိုကလည်း ...

'ဝင်လာခဲ့ပါ'ဟု ဖိတ်ခေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းသည် ကပိုကသီနိုင်လှသော အင်္ကျီကို သပ်သပ်ရပ်ရပ်ပြုပြီး စက္ကူထီးကိုခေါက်လျက် လှေဝမ်းထဲသို့ ဝင်လိုက်၏။ သူ့ ကြောင်အမ်းအမ်းဖြစ်သွား၏။ လွန်စွာလည်း အံ့သြသွား၏။ အကြောင်းမူ လှေဝမ်းထဲတွင် သူလို အဝတ်အစားမျိုးနှင့် လူတစ်ယောက် ထိုင်နေပြီး လက်ထဲတွင်လည်း သူကဲ့သို့ပင် ယပ်တောင်တစ်ချောင်း ကိုင်ထားလေ၏။

အမှန်မူ မိန်းမပျိုသည် တိုတောင်းလှသော အချိန်အတွင်း ယောကျာ်းအဝတ်အစား လဲလှယ်လိုက်ခြင်းပင် ဖြစ်ပါ၏။ ယခုမူ မိန်းမပျိုသွင်ပြင် အားလုံးသည် ကျန်းချွေးဆန်းနှင့် ခွဲခြားမရအောင် တူလွန်းနေလေ၏။ ထိုအခါကျမှပင် ကျန်းချွေးဆန်းတစ်ယောက် ကောင်းစွာ သဘောပေါက်သွားတော့၏။

ရောင်လင်ဘုန်းကြီးများ ဘာကြောင့် မိမိအား လူသတ်သမားဟု စွပ်စွဲနေကြခြင်းကို သိလိုက်ပြီဖြစ်ပါ၏။ မည်သူပင်ဖြစ်စေ အမှောင်ထဲတွင် သူနှင့် မိန်းမပျိုကို့အား တစ်ယောက်တည်းဟု ထင်ကြမည်မှာ မဆန်းချေ။

'ထိုင်ပါဦးလေ'

သူ တွေးနေစဉ် မိန်းမပျိုက ချိုလွင်စွာ ဆိုလာ၏။ သူက ရုတ်တရက်မို့ ဘာလုပ်၍ ဘာကိုင်ရမည်မှန်းမသိအောင် ဖြစ်သွား၏။ ပြီးမှ အသာထိုင်လိုက်၏။ မိန်းမပျိုသည် မိုးရေဖြင့် စိုရွှဲနေသော ကျန်းချွေးဆန်း၏ အဝတ်အစားများကို မြင်သော်...



'ကျွန်မမှာ ယောကျာ်းအဝတ်အစား ရှိပါတယ်၊ ရှင် အနောက်ဘက်မှာ သွားလဲလိုက်ပါလား'

ကျန်းချွေးဆန်းက ခေါင်းခါလိုက်၏။ နှုတ်မှလည်း...

'မလိုပါဘူး'ဟု ပြော၏။

'ဟွာတန်းဂိုဏ်းရဲ့ အတွင်းအားသိုင်းက သိုင်းလောကမှာ အကောင်းဆုံးလို့ ပြောသံကြားတာ ကြာပါပြီ၊ ဒါပေမယ့် ဒီကနေ့မှပဲ လက်တွေ့မြင်ရတော့တယ်'

မိန်းမပျိုက တဖြည်းဖြည်း ခြောက်သွားသော ကျန်းချွေးဆန်း၏ အဝတ်အစားများကို ကြည့်ရင်း ပြောနေပြန်၏။ ကျန်းချွေးဆန်းကမူ သူ သိချင်သည်ကိုသာ မေး၏။

'မိန်းကလေးက ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့ကလဲ'

မိန်းမပျိုက ပြန်မဖြေ။ ပြတင်းအပြင်ဘက်သို့သာ လှမ်းကြည့်နေလိုက်၏။ မိန်းမပျို၏ မျက်နှာမှာလည်း ချက်ချင်း ညှိုးနွမ်းသွားသည်ကို တွေ့ရ၏။ ယင်းကို မြင်သော် ကျန်းချွေးဆန်း ဆက်မမေးဝံ့တော့။ အကန်ကြာမှပင် မအောင့်အည်းနိုင်သဖြင့်...

'ကျုပ်ရဲ့အစ်ကို ရိုတိုက်ရှင်ဟာ ဘယ်သူ့လက်ချက်နဲ့ ဒဏ်ရာရခဲ့တာလဲ၊ သိပါသလား'

မိန်းမပျို ဖျတ်ခနဲ သူ့ဘက်ကို လှည့်ကြည့်လိုက်၏။ ပြီးလျှင် လဲ့လဲ့ပြုံးလျက် ဆိုပါ၏။

'တိုးတာကျင်း မျက်စိ ရှန်းသွားရုံတင်မကဘူး၊ ကျွန်မလဲ အငိုက်မိသွားတယ်၊ အမှန်ကို ကျွန်မ စဉ်းစားမိရုံး၊ ဟွာတန်း

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ဖော်ဟာ ရုပ်ရည်ချောမော ခံ့ညားတယ်ဆိုတာလေ၊ ဘယ်နဲ့လုပ် ဟို လူဆိုးသူခိုးရုပ်မျိုး ရှိနိုင်မှာလဲ'

မိန်းမပျို၏ အဖြေကို ကျန်းချွေးဆန်း နားမလည်လိုက်ချေ။ သူ့ကို ရှေ့တွင်ထားပြီး ချောကြောင်း၊ ခံ့ညားကြောင်း ချီးမွမ်းနေသည်ဟုထင်ကာ မျက်နှာမထားတတ်အောင် ဖြစ်သွားရှာ၏။

ကျန်းချွေးဆန်း၏နှုတ်မှ မည်သည့်စကားလုံးမျှ ထွက်မလာမီ မိန်းမပျိုက ဘက်ဘက်အင်္ကျီလက်စကို လှန်လိုက်ပြီး ဖြူဖွေးသော လက်မောင်းသားကို ပြလာ၏။

'ရှင်ကော ဒီ လျှို့ဝှက်လက်နက်ကို သိသလားဟင်'

ကျန်းချွေးဆန်းက လျှို့ဝှက်လက်နက် ဟူသော အသံကို ကြားသည်နှင့် မိန်းမပျို၏ လက်မောင်းကို စူးစိုက်ကြည့်လိုက်၏။ မှန်သည်။ မိန်းမပျို၏ ဘယ်ဘက်လက်မောင်းတွင် လွန်စွာသေးငယ်သော အနက်ရောင် လုံတိုလေးသုံးချောင်း စိုက်လျှက်ရှိသည်ကို တွေ့လိုက်ရပါ၏။ မိန်းမပျို၏ လက်မောင်းမှာ ဖြူဖွေးနေသော်လည်း လျှို့ဝှက်လက်နက် စိုက်နေသောနေရာတွင်မူ မည်းနက်နေလျှက် ရှိနေ၏။ လုံတိုလေးသုံးချောင်းမှာ နှစ်လက်မခန့် ရှည်လျားပြီး တစ်လက်မခန့် အသားထဲသို့ စိုက်ဝင်နေသည်ကို တွေ့ရ၏။

ကျန်းချွေးဆန်း ချက်ချင်း မတတ်တတ်ရပ်ကာ နှုတ်မှလည်း အံ့ဩသဖြင့်...



'ဒါက ရှောင်လင်ဂိုဏ်းရဲ့ လက်နက်ပဲဗျ၊ ဒါ... ဒါပေမယ့် ဘယ့်နှယ်ကြောင့် အမည်းရောင် ဖြစ်နေရတာလဲ'

မိန်းမပျိုက...

'ဟုတ်ပါတယ်၊ ဒါက ရှောင်လင်ဂိုဏ်းရဲ့ လျှို့ဝှက်လက်နက်ပဲလေ၊ ဒါပေမယ့် လုံတိုလေးမှာ အဆိပ်လူးထားတယ်'

ကျန်းချွေးဆန်းက ခေါင်းခါယမ်းလျက်...

'ရှောင်လင်ဘုရားကျောင်းက အင်မတန် မှန်ကန်ဖြောင့်မတ်တဲ့ ဂိုဏ်းကြီးတစ်ခုပဲဗျ၊ သူတို့က ဘယ်တော့မှ လျှို့ဝှက်လက်နက်မှာ အခုလို အဆိပ်ခပ်မှာ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ ကျွန်မလဲ ဒါကို အံ့ဩနေတာပဲ၊ ရှင့်ဆရာကြီးပြောသလိုပေါ့လေ၊ ရှင့်အစ်ကို ရိတိုက်ရှင်ရဲ့ အရိုးတွေကို ကြေမွသွားအောင် ချေသွားတာဟာ ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ချောင်း သိုင်းပညာနဲ့ပဲ ဆိုတာလေ၊ ဒီပညာကို ကခြား ဘယ်ဂိုဏ်းကမှ တတ်တာမှ မဟုတ်တာဘဲရှင်'

ကျန်းချွေးဆန်းက ပို၍ အံ့ဩသွား၏။ စိတ်ထဲတွင်လည်း...

'အင်း...ငါ့ဆရာပြောတဲ့ စကားတွေ သူ ဘယ်လိုလုပ်ပြီး သိတာပါလိမ့်' ဟု တွေးနေမိ၏။

သို့ရာတွင် သူ ကြာကြာ မစဉ်းစားအားပါ။ မိန်းမပျို၏ လက်မောင်းပေါ်မှ အဆိပ်လူး လုံတိုလေးများကို ကြည့်ရင်း စိတ်ပူပန်သော လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးက လျှို့ဝှက်လက်နက် အစိုက်ခံရတာ ဘယ်လောက် ကြာပြီလဲ၊ အဆိပ်တွေကို မြန်မြန်ဖြေလိုက်တော့လေ'

သူ့အသံတွင် လွန်စွာ စိုးရိမ်နေသံ နှောယှက်နေရာ မိန်မပျိုက သူ့အား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်၏။

'ဒီအဆိပ်လက်နက် အမှန်ခံရတာ ရက်ပေါင်းနှစ်ဆယ် ကျော်ခဲ့ပါပြီ၊ ကျွန်မက အဆိပ်မတတ်အောင် ဆေးနဲ့ ဖိထားပါတယ်၊ ဒါကြောင့် အဆိပ်က ရုတ်တရက် တခြားနေရာတွေကို မပျံ့နိုင်ဘူးလေ၊ ဒါပေမယ့် လုံတိုလေးတွေကိုတော့ ကျွန်မ မနုတ်ရဲဘူးရှင့်၊ နုတ်လိုက်ရင် အဆိပ်တွေက ချက်ချင်း သွေးနဲ့အတူ တစ်ကိုယ်လုံးကို ပျံ့သွားမှာ စိုးလို့ပါပဲ'

အမှန်စင်စစ် အလွန်ပြင်းသော အဆိပ်တစ်ခုကို အခြားနေရာသို့ မပျံ့သွားအောင် တားဆီးရန်အတွက် ဆေးကောင်းရှိရမည်ဖြစ်သကဲ့သို့ ပြည့်ဝသော အတွင်းအား သိုင်းပညာရှိရပေမည်။ ဤမိန်းကလေးသည် အသက် နှစ်ဆယ်ခန့်သာ ရှိသေးသည့်တိုင် ဤမျှ အရည်အချင်းရှိသည်ကို တွေ့ရသောအခါ ကျန်းချွေးဆန်းမှာ စိတ်ထဲမှ မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်မိရ၏။ ကျန်းချွေးဆန်းက စိတ်မချမ်းမြေ့သော အသံဖြင့် တိုးတိုးဆို၏။

'ဒီ လျှို့ဝှက်လက်နက် အမှန်ခံရတာ ရက်နှစ်ဆယ် ကျော်ပြီဆိုတော့ ကုလို့ ပျောက်သွားတဲ့တိုင်အောင် အသားထဲမှာ အမာရွတ်ကြီး တင်ကျန်ခဲ့ရတော့မယ်နော်'



မိန်းမပျိုက မျက်ရည်ရစ်ဝဲလာ၏။

'ကျွန်မတော့ အတတ်နိုင်ဆုံး ကြိုးစားတာပဲ၊ ဒါပေမယ့် အဆိပ်ဖြေဆေးကို ရှာလို့မတွေ့ခဲ့ဘူး၊ ကျွန်မရဲ့ လက်တစ်ဖက်တော့ ဆုံးရတော့မယ် ထင်ပါရဲ့ရှင်'

မိန်လမပျိုက စကားအဆုံးတွင် အင်္ကျီလက်စကို ပြန်ချလိုက်၏။ ကျန်းချွေးဆန်း လွန်စွာ စိတ်ထိခိုက်သွားမိ၏။ ရုတ်တရက် စိတ်ဓာဖြင့် ...

'မိန်းကလေး၊ မိန်းကလေး ကျုပ်ကိုယုံသလား၊ ကျုပ်ရဲ့ အတွင်းအားက သိပ်မပြည့်ဝပေမယ့် ဟောဒီ ခင်ဗျားလက်မောင်းထဲက အဆိပ်တွေကိုတော့ တွန်းထုတ်ပေးနိုင်လို့ ကျုပ်ထင်တယ်'

မိန်းမပျို၏ မျက်နှာမှ ညှိုးနွမ်းနေရာမှ ရုတ်ခြင်းမင် ပြန်လည်လန်းဆန်းလာ၏။ အပြုံးအလန်းကလေးများ တွေ့ာလာရ၏။ သို့ရာတွင် ...

'ဒီမှာ ကျန်းချွေးဆန်း၊ ရှင့်မှာ မယုံသင်္ကာတာတွေ အများကြီးပဲ ရှိနေတယ် မဟုတ်လား၊ ကျွန်မ ရှင့်ကို ခုကတည်းက ကြိုတင်ပြောထားမယ်နော်၊ တော်ကြာ ကျွန်မကို ကူညီလိုက်ပြီးမှ ရှင် နောင်တတွေ ရနေပါဦးမယ်ရဟင်'

ကျန်းချွေးဆန်းက တည်ငြိမ်စွာဖြင့် ...

'အဘိဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကူညီတာဟာ ကျုပ်တို့ သိုင်းလောကသား အားလုံးရဲ့ အဓိကတာဝန်ပဲ မဟုတ်လား မဟုတ်လား မိန်းကလေး၊ အခုလဲ ဟာကယ်

www.burmeseclassic.com

www.burmeseclassic.com



အတိဒုက္ခရောက်နေတဲ့ မိန်းကလေးကို ကူညီခွင့်ကြုံလို့ ကူညီတာဟာ ကျုပ်အတွက် နောင်တရစရာရှိမယ် မဟုတ်ပါဘူး'

မိန်းမပျိုက ရွှန်းလက်စွာ ကြည့်လာ၏။ အကြည့်ချင်းဆုံသော် တစ်ဖက်သို့ အသီးသီး မျက်နှာလွှဲလိုက်ကြ၏။ အတန်ငယ်ကြာမှပင် မိန်းမပျိုက တည်ငြိမ်သော လေသံဖြင့် . . .

'ကောင်းပြီလေ၊ ကျွန်မ ရှင့်ကို အစအဆုံး ပြောပြမယ်၊ ကျွန်မက ရှင့်အစ်ကို ရီတိုက်ရှင်ကို ရွှေငါးအာမခံဌာနကို အပ်လိုက်ပြီးတဲ့နောက် တစ်ချိန်လုံးပဲ သူတို့ နောက်ကွယ်ကနေပြီး လိုက်ပါ စောင့်ရှောက်ခဲ့ပါတယ်၊ လမ်းခရီးမှာ အဖွဲ့ သုံးလေးဖွဲ့က ရီတိုက်ရှင်ကို လုဖို့ ကြိုးစားကြတယ်၊ ဒါပေမယ့် ကျွန်မကပဲ တိတ်တဆိတ် ဖြေရှင်းပေးလိုက်လို့ အဲဒီအဖွဲ့တွေ ထွက်ပြေးကုန်ကြတယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကို တိုးတာကျင်းတို့ လုံးဝ မသိကြပါဘူး'

ကျန်း'ချွေးဆန်းက ကြားဖြတ်၍ . . .

"အခုလို ကျုပ်အစ်ကို ရီတိုက်ရှင်ကို ကယ်တင် စောင့်ရှောက်တဲ့အတွက် ဟူတန်းခုနစ်ဖော်ကိုယ်စား မိန်းကလေးကို အများကြီး ကျေးဇူးတင်ပါတယ်'

မိန်းမပျိုက လှဲလှဲပြုံးရင်း . . .

'ရှင် ကျွန်မကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ တော်ကြာ ရှင်က ကျွန်မကို မုန်းဖို့တောင် အချိန်မရဘူး ဖြစ်နေပါဦးမယ်'



ကျန်းချွေးဆန်း တစ်ချက်မျှ ကြောင်အမ်းအမ်း ဖြစ်သွား၏။ သူက မိန်းမပျို၏ အမူအရာကို နားမလည်နိုင်အောင်လည်း ဖြစ်နေမိရ၏။ မိန်းမပျိုက ခဏစဉ်က စကားကို ဆက်ပြန်၏။

'ကျွန်မ တစ်လမ်းလုံး အဝတ်အစား အမျိုးမျိုးလဲ၊ ရုပ်တွေ အမျိုးမျိုးဖျက်ပြီး တိုးတာကျင်းတို့ နောက်က ထက်ကြပ်မကွာ လိုက်ပါခဲ့တယ်၊ တစ်လမ်းလုံးမှာ ဘာမှ အန္တရာယ်မဖြစ်ပွားခဲ့ဘူး၊ ဒါပေမယ့် နောက်ဆုံး ဟူတန်းတောင်ခြေ ရောက်တော့မှ မထင်မှတ်ဘဲ ပြဿနာဖြစ်တော့တာပါပဲရှင်'

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

www.burmeseclassic.com

www.burmeseclassic.com



## ဝယောင်ဆန်သော မိန်းကလေး

ကျန်းချွေးဆန်းသည် မိန်းမပျိုပြောသံမျှ နားထောင်ရင်း အံကလေးကြိတ်လိုက်မိ၏။

'နေပါဦး မိန်းကလေး၊ ဟိုလူခြောက်ယောက်ကို မိန်းကလေး အရွယ်အချော မြင်လိုက်လား၊ ဟိုးတောကျွင်းက ဘာမှ ရေရေရာရာ ပြောမသွားလို့ ကျုပ်တို့က အဲဒီ လူခြောက်ယောက်အကြောင်းကို လုံးဝ မသိလိုက်ရဘူးဗျ'

မိန်းမပျိုက သက်ပြင်းတစ်ချက်ချလျက် . . .

'ကျွန်မက သူတို့ ခြောက်ယောက်ကို မြင်ရုံတင် ဘယ်ကမလဲ၊ သူတို့နဲ့တောင် တိုက်ခိုက်လိုက်ရသေးဘယ်ရှင့်၊ ဒါပေမယ့် ကျွန်မလဲ သူတို့တစ်တွေ ဘယ်အဖွဲ့၊ ဘယ်ဂိုဏ်းကဆိုတာ မသိလိုက်ရပါဘူးရှင်'

www.burmeseclassic.com

www.burmeseclassic.com



စကားကို ခေတ္တရပ်ပြီးမှ ဆက်၍...

'သူတို့က ဟူတန်းတောင်ကနေ ဆင်းလာတယ်ရှင့် နောက်ပြီး တိုးတာကျင်းကလဲ သူတို့ကို ဟူတန်းခုနစ်ဖော် ထိမ်မှတ်ပြီး နှုတ်ဆက်လိုက်တော့ ကျွန်မလဲ ယုံကြည်သွားတာပေါ့၊ နောက်ဆုံး သူတို့က မြင်းလှည်းကို တိုးတာကျင်းတို့ လက်ထဲကနေယူပြီး ထွက်သွားတာကို တွေ့တော့ ကျွန်မလဲ စိတ်အေးသွားတာပေါ့၊ ဒါပေမယ့် ရုတ်တရက် မသင်္ကာတဲ့ အချက်တစ်ချက်ကို ကျွန်မ တွေ့လိုက်မိတယ်၊ ဒါက ဘာလဲ ဆိုတော့ ဟူတန်းခုနစ်ဖော်က တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုအရင်းလို ချစ်ခင်ကြတယ်လို့ ကျွန်မ ကြားဖူးထားတယ် လေ၊ အခုလဲ ဟူတန်းခုနစ်ဖော်ထဲက သူတို့အစ်ကို နံပါတ်သုံး ရှီတိုက်ရှင် ဒဏ်ရာ အပြင်းအထန်ရလာတာကို မြင်ရင် တစ်ခါတည်း ပြေးလာပြီး ဝိုင်းအုံ မေးမြန်းကြည့်ရှုကြမှာပဲလို့ ကျွန်မ ထင်နေတာ၊ အခုတော့ သူတို့ထဲက တစ်ယောက်တည်း ထွက်လာပြီး ကျန်တဲ့လူတွေက ကိုယ်နဲ့ မပတ်သက်သလို နေနေကြတယ်။ ဒါတင် မကသေးဘူး၊ အဲဒီ ထွက်ကြည့်တဲ့ လူတစ်ယောက်ရဲ့ မျက်နှာကလဲ စိတ်မကောင်းဟန် မပြတဲ့ အပြင် ဝမ်းသာလုံးဆို့သွားတဲ့ မျက်နှာမျိုး ကျွန်မ မြင်လိုက် ရတယ်ရှင့်'

ကျန်းချွေးဆန်းက ခေါင်းညိတ်၍...

'အင်း မိန်းကလေးက အတော်ကို စေ့စပ်တာပဲ'



'ကျွန်မ စဉ်းစားလေ မှုမမှန်တာတွေ့လေ ဖြစ်နေဆိုတော့ ချက်ချင်းပဲ သူတို့နောက်ကို ပြေးလိုက်သွားတော့တယ်၊ ဒါနဲ့ သူတို့ကို တားပြီး နာမည်မေးလိုက်တယ်၊ ဒါပေမယ့် သူတို့က ကျွန်မကို မိန်းကလေးမှန်းသိတော့ ဝိုင်းပြီး လှောင်ပြောင်ကြ တယ်၊ သည်းမခံနိုင်တဲ့အဆုံးမှာ ကျွန်မ သူတို့နဲ့ တိုက်ခိုက် တော့တာပဲ၊ သူတို့ ခြောက်ယောက်ထဲက အသက်နှစ်ဆယ်ကျော် ပိန်ပိန်ပါးပါး လူတစ်ယောက်ထွက်လာပြီး ကျွန်မနဲ့ တိုက်ခိုက် တယ်၊ နံဘေးမှာ ရသေ့လိုဝတ်ထားတဲ့ လူတစ်ယောက်က စောင့်ကြည့်နေတယ်၊ ကျန်တဲ့လေးယောက်ကတော့ မြင်းလှည်းကို မောင်းပြီး ထွက်သွားလေရဲ့ အင်း....အဲဒီလူငယ်ရဲ့ သိုင်းပညာ ကလဲ သိပ်ကောင်းတာရှင့်၊ ကျွန်မက သိုင်းကွက် သုံးဆယ် ကျော်ထိ တိုက်ခိုက်လိုက်တာတောင် သူ့ကို မနိုင် နိုင်သေးဘူး၊ နောက် သူက ရုတ်တရက် ဘယ်ဘက်လက်ကို မြှောက်လိုက် တော့ ကျွန်မရဲ့ လက်မောင်းမှာ ကျဉ်ခနဲ တစ်ချက် ခံစားလိုက် ရတယ်လေ၊ လျှို့ဝှက်လက်နက် သုံးခုက ဘာမကြား ညာမကြားနဲ့ ကျွန်မရဲ့ လက်မောင်းအသားထဲ စိုက်ဝင်သွားတာကိုး၊ ဒါနဲ့ ကျွန်မလက်မောင်းလဲ ချက်ချင်း ထုံကျင်လာပြီး ယားယံလာ တယ်ရှင့်၊ လူငယ်က ကျွန်မ လျှို့ဝှက်လက်နက် အမှန်ခံလိုက် ရတာကို တွေ့တာနဲ့ ကျွန်မကို စော်ကားမော်ကားပြောပြီး ကျွန်မကို အရှင်ဖမ်းဖို့ ကြိုးစားတယ်လေ၊ နောက်ဆုံး ကျွန်မလဲ သူ့ကို အပ်ချောင်း သုံးချောင်းနဲ့ ပစ်လိုက်တော့မှ ကျွန်မ ထွက်ပြေးပေါက် ရနိုင်တော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက ပြောရင်း မျက်နှာပေါ်တွင် ရက်သေးဖြန်းကာ နီမြန်းသွားရှာ၏။ စင်စစ် ထိုလူငယ်သည် လွန်စွာ ချောမော သော မိန်းမပျိုလေးအား အနိုင်ကျင့်ရန် အရှင်ဖမ်းခြင်းဖြစ်ဟန် တူပါ၏။

ကျွန်းချွေးဆန်းက အသေအချာ နားထောင်လိုက်ပြီး နောက်...

'ဒီလူတွေအားလုံးဟာ ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာကိုပဲ အသုံးပြုနေတယ်ဆိုတော့ သူတို့က ဘုန်းကြီးရသေ့ဟန်ဆောင် နေတာများလားဗျာ'

မိန်းမပျိုက ပြန်မဖြေ။ ပြောလက်စ စကားကိုသာ ဆက်၍ ပြောနေလေ၏။

'ကျွန်မက သူတို့ ခြောက်ယောက်ထဲက တစ်ယောက် ကိုတောင် မနိုင်နိုင်တော့ သူတို့နောက်ကို ဆက်မလိုက်ရဲတော့ ဘူးရှင့်'

ကျွန်းချွေးဆန်းကက တစ်စုံကတ်ခုပြောရန် ပါးစပ် ဟလိုက်ပြီးမှ ပြန်ပိတ်လိုက်၏။ အကြည့်လျှင်သော မိန်းမပျို က...

'ရှင်က ကျွန်မကို မေးချင်နေတယ် မဟုတ်လား ကျွန်း ချွေးဆန်း၊ ဘာဖြစ်လို့ ဟူတန်းတောင်ပေါ်ကို တက်လာပြီး ရှင်တို့ကို အကျိုးအကြောင်း မပြောပြရတာလဲလို့၊ မဟုတ်ဘူး လား၊ ကျွန်မကသာ ဟူတန်းတောင်ပေါ်ကို တက်နိုင်လို့ရှိရင် ကျွန်မ ရှင့်အစ်ကို ရှိတိုက်ရှင်ကို ကိုယ်တိုင် လိုက်ပို့တော့မှာ



ပေါ့၊ အဲ... ကျွန်မ မလုပ်တတ် မကိုင်တတ်နဲ့ ယောင်ချာချာ ဖြစ်နေတုန်းမှာ ရှင်နဲ့ တိုးတာကျင်းနဲ့ စကားပြောနေတာ တွေ့လိုက်ရတယ်၊ နောက် ကျွန်မလဲ တိုးတာကျင်းတို့ လှသိုက်ထဲ ရောဝင်လိုက်ပြီး ဟူတန်းတောင်ကို လိုက်တက်သွားတယ်၊ ဒါကြောင့်လဲ ကျွန်မက ရှင့်ဆရာကြီး စကားပြောတာကို ကြားရတာပေါ့ရှင်၊ နောက်တစ်နေ့လဲ ကျွန်မ တိုးတာကျင်း တို့နဲ့ပဲအတူ တောင်ပေါ်က ဆင်းလာခဲ့တယ်၊ လမ်းမှာ ရှင်က တိုးတာကျင်းကို ရွှေဒင်္ဂါးတွေထုတ်ပြီး ရေဘေးဒုက္ခသည်တွေကို လှူခိုင်းတာကို တွေ့ရတယ်၊ ရှင်က တကယ်ပဲ ရက်ရောတာကိုး၊ ဒီရွှေဒင်္ဂါးက အမှန်တော့ ကျွန်မ ပစ္စည်းပဲရှင့်'

ကျွန်းချွေးဆန်းက ပြုံး၍...

'ကျုပ်က ရေဘေးဒုက္ခသည်တွေကိုယ်စား မိန်းကလေးကို အထူး ကျေးဇူးတင်ပါတယ်'ဟု ဆိုလိုက်လေ၏။

မိန်းမပျိုက ဆက်၍ ပြောပြပြန်၏။

'တကယ်တော့ ကိုးကာကျင်းက ရွှေဒင်္ဂါးသုံးရာကို ထိန်ချန်ထားလိုက်တယ်လေ၊ ကျွန်မ ဒီကိုပြန်ရောက်တော့မှ ကျွန်မ လက်မောင်းက လျှို့ဝှက်လက်နက်ကို ပြကြည့်တော့ သူတို့ကလဲ ဒါဟာ ရှောင်လင်ဂိုဏ်းက လျှို့ဝှက်လက်နက်လို့ ပြောကြတယ်၊ ဒီအဆိပ်ကို သူတို့ရဲ့ မူပိုင် အဆိပ်ဖြေဆေးက လွဲပြီး ဘယ်ဆေးနဲ့မှ ကုလို့မရဘူးလို့ သိရတယ်ရှင်၊ ဒါနဲ့ ကျွန်မလဲ အာမခံဌာနကို လိုက်သွားတယ်၊ သူတို့ဆီကနေ ဖြေဆေးတောင်းမလို့ပါပဲ၊ သူတို့က ရှောင်လင်ဂိုဏ်းကဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြေဆေး ရှိနိုင်ကောင်းရဲ့ပေါ့ရှင်၊ ဒါပေမယ့် သူတို့က ကျွန်မကို ဖြေဆေးမပေးရုံတင်မကဘူး၊ ကျွန်မကို ဝိုင်းတိုက်ခိုက်တော့တာပဲ'

ကျွန်းချွေးဆန်းက စိတ်ဝင်စားစွာ နားထောင်နေရာမှ ကြားဖြတ်၍...

'စောစောက မိန်းကလေးပြောတော့ တမင်သက်သက် ကျူမ်ကို အထင်လွဲအောင် လုပ်တာဆို'

မိန်းမပျို၏ မျက်နှာမှာ နီမြန်းသွား၏။ ခေါင်းငုံ့ မျက်လွှာချလျက်မှ...

'ကျွန်မက ရှင် အဝတ်အစားဝတ်တာ သိပ် ကြည့်လို့ကောင်းလို့ ကျွန်မ... ကျွန်မကလဲ ရှင့်လို အဝတ်အစားမျိုး တစ်စုံဝယ်ပြီး ဝတ်ကြည့်လိုက်မိတယ်လေ'

ကျွန်းချွေးဆန်းက ကြားဖြတ်၍...

'ကဲ... ဒါထားပါတော့၊ မိန်းကလေးက ဘယ့်နှယ် လုပ်ပြီး တစ်ခါတည်းနဲ့ ဒီလောက် လူများများကို သက်လိုက်ရတာလဲ၊ ဒါက နည်းနည်း မလွန်လွန်းဘူးလားဗျာ၊ ဒီအာမခံဌာနက လူတွေက မိန်းကလေးနဲ့ ဘာရန်ငြိုးရှိလို့လဲ'

မိန်းမပျိုမျက်နှာ ချက်ချင်း တင်းမာသွား၏။ ခနဲ့ပြုံး တစ်ချက် ပြုံးပြီးနောက်...

'ဒီမှာ ကျွန်းချွေးဆန်း၊ ရှင်က ကျွန်မကို ဆုံးမနေတာလား၊ ကျွန်မ အခုဆိုရင် အသက် ဆယ့်ကိုးနှစ်ပြည့်သွားပြီ၊ ဘယ်သူကမှ ကျွန်မကို ဒီစကားမျိုး မပြောဝံ့ဘူး ကျွန်းချွေးဆန်း၊



ရှင် ပြန်တော့၊ ကျွန်မလို ရက်စက်ယုတ်မာတဲ့လူက ရှင့်လို လူကြီးလူကောင်း တစ်ယောက်နဲ့ အပေါင်းအဖော် မလုပ်ဝံ့ပါဘူး'

ကျွန်းချွေးဆန်းက ထိုစကားကိုကြားသော် ဒေါသဖြင့် ထိုင်ရာမှ ချက်ချင်းထပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် မိန်းမပျို၏ လက်မောင်းမှ အဆိပ်ကို တွန်းညှစ်ထုတ်ပေးရန် ကတိပေးထားပြီးဖြစ်၍ ကိုယ်ရှိန်ကို သတ်လျက်...

'ကဲ မိန်းကလေး၊ ခင်ဗျားရဲ့ လက်မောင်းအင်္ကျီစကပင့်တင့်လိုက်စမ်း'

မိန်းမပျိုက မျက်နှာထားတင်းတင်း၊ လေသံမာမာဖြင့်...

'ရှင်က သူများကို သိပ်ဆုံးမချင်တယ်၊ ကျွန်မကို ရှင် ကုဖို့မလိုဘူး'

'ခင်ဗျားလက်မောင်းက ဒဏ်ရာက ရက်သိပ်ကြာနေပြီ၊ နောက်ထပ် အချိန်ဆွဲနေရင် ခင်ဗျားအသက်ပါ ပါသွားမှာဗျ'

'အသက်ပါလဲ ပါပလေစေ၊ ရှင့်ကြောင့်ပဲ'

ကျွန်းချွေးဆန်း အံ့သြသွား၏။

'ဘာဗျ၊ ခင်ဗျားကို ရှောင်လင်ဂိုဏ်းကလူတွေ ပစ်တဲ့ဥစ္စာ ဘာလို့ ကျုပ်ကြောင့် ဖြစ်ရပြန်တာလဲ'

'ကျွန်မက ရှင့်အစ်ကို ရှီတိုက်ရှင်အတွက် လိုက်မဖိုးရင် ကျွန်မ ဒီလိုဖြစ်မှာလား၊ ရှင်ကသာ ဟိုနေ့တုန်းက တောင်ပေါ်က စောစောဆင်းလာခဲ့ရင် ကျွန်မ ဒီလိုဘယ်ဖြစ်မလဲ၊ ရှင် စဉ်းစားကြည့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဤစကားများမှာ လိုရာဆွဲဆောင်သော စကားများ ဖြစ်သော်လည်း တစ်ဝက်တစ်ပျက်တော့ မှန်နေပါ၏။

ထို့ကြောင့် ကျန်းချွေးဆန်းက…

'မှန်ပါတယ်ဗျာ၊ ကျုပ် အခု မိန်းကလေးကို ကုသပေးရမှာကလဲ ကျေးဇူးဆပ်တဲ့ သဘောပါဗျာ'

မိန်းမပျိုက ဆတ်ခနဲ ခေါင်းမော့ကြည့်ရင်း…

'ရှင်အမှား ဝန်ခံပြီလား'

'ကျုပ် ဘာအမှားများ ဝန်ခံရမှာလဲဗျာ'

'ကျွန်မကို ရက်စက်တယ်လို့ ပြောတာကိုက ရှင့် အမှားပဲပေါ့၊ ဟို ရှောင်လင်ဘုန်းကြီးတွေရော၊ တိုးတာကျင်းတို့ လူသိုက်တွေ အားလုံးရော သေသင့်တဲ့ လူတွေပဲ'

ဤတစ်ကြိမ် ကျန်းချွေးဆန်း ဦးခေါင်း ခါယမ်းလိုက်၏။

'ကျုပ်အစ်ကို ရီတိုက်ရှင် တကယ်လို့ ကုမရလို့ သေသွားတာတောင် ကျုပ်တို့ ဟူတန်းဂိုဏ်းက တကယ့် လူသတ်သမားအစစ်ကို မရရအောင် ရှာရမှာပဲ၊ တွေ့ရာလူကို တော့ သတ်လို့မဖြစ်ဘူး မိန်းကလေး'

မိန်းမပျို၏ မျက်နှာမှာ ချက်ချင်း ပြန်လည်တင်းမာ သွားပြန်၏။

'ရှင်က ကျွန်မ ထင်ရာမြင်ရာ ရမ်းသမ်းပြီး သတ်နေ တယ်လို့ ပြောနေတာ မဟုတ်လား၊ ဒီလျှို့ဝှက်လက်နက်က ရှောင်လင်ဂိုဏ်းက လျှို့ဝှက်လက်နက် မဟုတ်ဘူးလား၊ ဒီရွှေငါး အာမခံဗျာနှကာ လူတွေကကော ရှောင်လင်ဂိုဏ်းကပဲမဟုတ်လား'



'ရှောင်လင်ဂိုဏ်းသားတွေက ထောင်သောင်းချီပြီး တိုင်းပြည် နေရာအနှံ့မှာ ရှိနေတာဗျ၊ မိန်းကလေးက ဒီ လျှို့ဝှက်လက်နက်သုံးခု အမှန်ခံလိုက်ရရုံနဲ့ ရှောင်လင်ဂိုဏ်းသား အားလုံးကို သတ်တော့မှာလား'

မိန်းမပျိုက မည်သို့မျှ ပြန်မပြောတော့။ ပြောလျှင်လည်း ကျန်းချွေးဆန်းအား နိုင်နိုင်မည်မဟုတ်။ ထို့ကြောင့် ရုတ်တရက် ညာလက်ကို ဆတ်ခနဲ မြှောက်ပြီး ဘယ်ဘက်လက်မောင်းကို ရိုက်ချလိုက်၏။ မိန်းမပျိုရိုက်ချလိုက်သော နေရာမှာ လျှို့ဝှက် လက်နက် သုံးခု စိုက်နေသော နေရာတွင် ဖြစ်ပါ၏။ သို့ဖြင့် လျှို့ဝှက်လက်နက်သုံးခုမှာ မူလက တစ်လက်မခန့် အပြင်တွင် ကျန်သေးပေရာ ယခုမူ အဆုံးတိုင်အောင် နစ်ဝင်သွားလေ တော့၏။

အမှန်စင်စစ် ကျန်းချွေးဆန်းသည် မိန်းမပျိုလေးအား ဤမျှ စိတ်ကြီးမည်ဟု စိုးစဉ်းမျှ မထင်ပေ။ ယခုမူ မိန်းမပျိုသည် စကားနိုင် မပြောနိုင်သည့်နှင့်ပင် မိမိကိုယ်ကို မိမိ ညှဉ်းဆဲဂုံ့သူ လေးပါလား။

ကျန်းချွေးဆန်းက တားပါသော်လည်း အဖြစ်က မြန်လှ လေရာ မမီလိုက်ချေ။

'မိန်းကလေး ဘာလို့ ဒီလိုလုပ်လိုက်ရတာလဲဟင်'

ထိုအခိုက် မိန်းမပျို၏ အင်္ကျီလက်မောင်း ပိတ်စပေါ် တွင် ညိုမည်းသော သွေးများ စိမ့်၍ ထွက်လာပြီဖြစ်၏။ ဒဏ်ရာမှာ အလွန် ပြင်းထန်လာပြီဖြစ်ရာ အတွင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကို မထိန်းနိုင်တော့ကြောင်း ကျန်းချွေးဆန်း သိလိုက်၏။ ထို့ကြောင့် မိန်းမပျို၏ လက်မောင်းကို ဆုတ်ကိုင်ပြီး လက်မောင်းအင်္ကျီစကို ဆုတ်ဖြဲလိုက်လေ၏။

ထိုစဉ် နောက်ဘက်မှ လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရ၏။

'ဟေ့ကောင်၊ ဓော်ကားမယ် မကြံနဲ့ကွ'

စကားသံ မဆုံးမီ ဝိုးခနဲ ဓားဖြင့် ကျန်းချွေးဆန်း၏ နောက်ကျောကို လှမ်းခုတ်လိုက်၏။

ခုတ်လာသူမှာ လှေထိုးသားဖြစ်ကြောင်း ကျန်းချွေးဆန်း ချက်ချင်းသိ၏။

သို့ရာတွင် သေရေးရှင်ရေးတမျှ အရေးကြီးနေချိန်တွင် ပြန်ရှင်းပြချိန် မရတော့ပေ။ ထို့ကြောင့် ခြေဖြင့် နောက်ပြန်ကန်လိုက်ရာ လှေထိုးသားလည်း လှေဝမ်းအပြင်သို့ လွင့်ထွက်သွားတော့၏။

မိန်းမပျိုကလည်း . . .

'ရှင် ကျွန်မကို ကုဖို့ မလိုဘူး၊ ကျွန်မဘာသာ သေချင်သေ၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ သွား'

ဟုဆိုကာ ဖြန်းခနဲ လက်ဝါးဖြင့် ကျန်းချွေးဆန်း၏ ပါးကို ရိုက်လိုက်လေ၏။

ကျန်းချွေးဆန်းမှာ မထင်မှတ်မိ ပါးတစ်ချက် အရိုက်ခံလိုက်ရပြီဖြစ်၏။ ထို့ကြောင့် ယောင်ယမ်း၍ မိန်းမပျို၏ လက်မောင်းကို လွှတ်ချလိုက်မိ၏။



မိန်းမပျိုက မျက်နှာကို တင်းမာစွာပြုလျက် . . .

'ရှင် အခုထွက်သွားပါ၊ ရှင့်ကို ကျွန်မက ဘယ်တော့မှ မမြင်ချင်တော့ဘူး'ဟု အော်ဟစ်ကာ ပြောနေပြန်၏။

ကျန်းချွေးဆန်းကား မမျှော်လင့်ဘဲ ပါးအရိုက်ခံလိုက်ရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာမိ၏။ ထို့ကြောင့် သူက . . .

'ကောင်းပြီ၊ ကျုပ် သွားမယ်၊ ခင်ဗျား ဒီလောက်ရိုင်းလိမ့်မယ်လို့ ကျုပ် မထင်ခဲ့ဘူး၊ ခင်ဗျားလို မိန်းမရိုင်းမျိုးနဲ့လဲ ဒီတစ်သက် မတွေ့ပါရစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ်'ဟု ပြောပြီး လှေဝမ်းအပြင်သို့ လှမ်းထွက်လိုက်လေတော့၏။

## ၁၁၄

'မိန်းမရိုင်းမှန်းသိရင် ရှင် အခု လှေပေါ်က ဆင်းလိုက်ပါတော့လား'

မိန်းမပျိုက လှေဝမ်းထဲမှနေ၍ လှမ်းအော်နေ၏။ ကျန်းချွေးဆန်းသည် ပျဉ်ပြားတစ်ချပ်ကို ဆွဲယူပြီး မြစ်ကမ်းဖက်သို့ ပစ်လိုက်၏။ လှေပေါ်မှ ဆင်းမည်ပြုဆဲမှာပင် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာလေ၏။

'အင်း အခုနေ ငါ ဆင်းသွားရင် သူ့အသက် ဆုံးရှုံးရတော့မှာ မလွဲပါလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးဖြင့် ကျန်းချွေးဆန်းက ဒေါသနှင့် အရှက်ကို ထိန်းပြီး လှေဝမ်းထဲသို့ ပြန်ဝင်လာလေ၏။

'မိန်းကလေးက ကျုပ်ကို ပါးရိုက်ပေမယ့် ကျုပ် မြွမယူပါဘူး၊ စိတ်လဲ ဘယ်လိုမှ မဖြစ်မိပါဘူး၊ ဒီမှာ မိန်းကလေး၊ ကျေးဇူးပြုပြီး လက်မောင်းအကျႌကလေးကို ဝင့်တင်လိုက်ပါနော်၊ အင်း ကိုယ့်အသက်ကိုတောင် ကိုယ်မနမြောဘဲကိုး'

မိန်းမပျိုက နွဲ့ဆိုးဆိုးသောအသံဖြင့်...

'ကျွန်မဘာသာ ကျွန်မ သေသေ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ဗျာ'

'ရှင်... ဘာပြောတယ်'

'ဩော်... ဒီလိုလေ၊ မိန်းကလေးက ကျုပ်အစ်ကို ရီတိုက်ရှင်ကို အပင်ပန်း အဆင်းရဲခံပြီး စောင့်ရှောက်ခဲ့တယ် မဟုတ်လား၊ အဲဒီ ကျေးဇူးကို ကျုပ် ပြန်ဆပ်ဖို့ တာဝန်ရှိတယ်လေ'

မိန်းမပျိုက ခနဲ့ပြုံး ပြုံးလျက်...

'ဩော်... ဩော် လက်စသတ်တော့ ရှင်က ရှင့်အစ်ကိုအတွက် ကျွန်မကို ကယ်နေတာကိုး၊ တကယ်လို့ ကျွန်မက ရှင့်အစ်ကို ရီတိုက်ရှင်ကို မစောင့်ရှောက်ခဲ့ရင် ရှင်က ကျွန်မကို လှည့်တောင်ကြည့်မယ့် လူစားမဟုတ်ပါဘူး'

ကျန်းချွေးဆန်းက တစ်ချက်မျှ ငိုင်သွားပြီးမှ...

'ဟာ... ဒီလိုလဲ မဟုတ်ပါဘူးဗျာ'



ထိုစဉ် မိန်းမပျို၏ ကိုယ်လုံးလေးမှာ တစ်ချက်မျှ တုန်ရီသွား၏။ အဆိပ်တက်လာခြင်းပင် ဖြစ်ပါ၏။ ကျန်းချွေးဆန်းက စိတ်ပူပန်သောအသံဖြင့်...

'မိန်းကလေး အကျႌလက်မောင်းကို မြန်မြန် မ,လိုက်ပါ၊ မိန်းကလေးက ကိုယ့်အသက်ကို ကိုယ် မနမြောဘူးလားဟင်'

မိန်းမပျိုက အဆိပ်ဒဏ်ကို အံကြိတ်ခံရင်း...

'ရှင့်အမှားကို ရှင် ဝန်မခံရင် ကျွန်မ ရှင့်ကို ကုခွင့်မပြုဘူး'

မိန်းမပျို၏ မျက်နှာမှာ သွေးဆုတ်လျက် ရှိနေပြီဖြစ်၏။ ထိုကြားထဲတွင် နွဲ့ဆိုး ဆိုးသံကလေးဖြင့် ပြောလိုက်သည်ကို တွေ့ရသောအခါ ပို၍ ကရုဏာသက်စရာ၊ ချစ်စရာ ကောင်းနေပြန်သည်။ နောက်ဆုံးတွင်မူ ကျန်းချွေးဆန်းသည် မိန်းမပျိုအား အရှုံးပေးလိုက်တော့၏။

'ကောင်းပါပြီဗျာ၊ ကျုပ် မှားကယ်လို့ပဲ ထားလိုက်ပါတော့၊ မိန်းကလေး လုပ်တာ မမှားပါဘူးတဲ့ဗျာ'

'ဟင့်အင်း၊ ဒီလို မရဘူးလေ၊ မှားတယ်ဆို မှားတယ်ပေါ့၊ ဘာလဲ ကျုပ်မှားတယ်လို့ပဲ ထားပါတော့လဲ၊ ပြီးတော့ ရှင် ဘာလို့ သက်ပြင်းချရတာလဲ၊ ဒါဆို တကယ့် စိတ်ကျေကျေနပ်နပ်နဲ့ အမှားဝန်ခံတာ မဟုတ်ဘူးဆိုတာကို ပြတာပဲရှင်'

ကျန်းချွေးဆန်းမှာ ဤမိန်းမပျိုလေးအား ဘာမှ ပြောပ၍ ရိုယာယ်ဖြင့် လှည့်စား၍မရကြောင်း သိလိုက်၏။ တစ်ဖက်

www.burmeseclassic.com



တွင်လည်း ဤမိန်းမပျို၏။ အသက်ကိုကယ်ရန် လွန်စွာ အရေးကြီးနေပြီဖြစ်ရာ မိန်းမပျိုနှင့်ဆက်၍ စကားအချေအတင် မပြောလိုတော့ပေ။ ထို့ကြောင့်မိန်းပျိုလေး စိတ်ကျေနပ်သွားစေရန် ပြောရတော့၏။

"ကောင်းပါပြီခင်ဗျာ...ကောင်းပါပြီ၊ ကျွန်တော်မျိုး ကျန်းချွေးဆန်းသည် ဘုရားကို တိုင်တည်ပြီးသကာလ ချင်--- ချင်'

သူကမိန်းမပျိုလေး၏။ နာမည်ကိုမသိသဖြင့် ဘာဆက်ရမည်မှန်းမသိ ဖြစ်နေလေ၏။ ထို့ကြောင့် မိန်းမပျိုက 'ချင်တူးတူး'ဟု ထောက်ပေးလိုက်၏။ ကျန်းချွေးဆန်းက ခပ်တည်တည်ဖြင့် ဆက်၍...

'ကျွန်တော်မျိုး ကျန်းချွေးဆန်းသည် ဘုရားကိုတိုင်တည်ပြီးသကာလ ချင်တူးတူးကို စိတ်ရောကိုယ်ပါ အမှားဝန်ခံပါတယ် ခင်ဗျာ'ဟု ဆိုလိုက်လေ၏။

ချင်တူးတူးလည်း ဝမ်းသာသွားလျက် 'ခိ'ခနဲ အသံထွက်အောင် ရယ်မိလေ၏။ ထိုစဉ် အဆိပ်ကပြင်းစွာ တက်လာပြန်ရာ ချင်းတူးတူး၏ ကိုယ်မှာ ပျော့ခွေသွားပြီး ကုလားထိုင်တွင် ခွေကျသွားလေ၏။

ကျန်းချွေးဆန်းသည် အလျင်စလိုဖြင့် ရင်ခွင်ထဲမှ ဟူတန်းဂိုအား၏ အဆိပ်ဖြေဆေးလုံး သုံးလုံးကိုထုတ်၍ ချင်တူးတူး၏ ပါးစပ်ထဲထည့်ကာ ကျွေးလိုက်၏။ ပြီးလျှင် ချင်တူးတူး၏ အင်္ကျီလက်မောင်းစကို ပင့်တင်လိုက်၏။ ထိုအချိန်တွင် ချင်တူးတူး၏ လက်မောင်းတစ်ဝက်ခန့်မှာ ညိုမည်းလျက်ရှိပြီး အဆိပ်ငွေ့များ တဖြည်းဖြည်းနှင့် အပေါ်သို့တက်နေသည်ကို တွေ့ရ၏။ ကျန်းချွေးဆန်းက ချင်းတူးတူး၏ လက်မောင်းကို ဆုပ်ကိုင်ထားရင်း

'အခု ဘယ်လိုနေသေးလဲဟင်'ဟု တိုးတိုး မေလိုက်၏။

ချင်တူးတူးက လေသံလေးဖြင့်...

'ရင်ဝမှာ ကျပ်နေသလိုပဲရှင်၊ ဩော်...ဒါနဲ့ ရှင့်ကို ဘယ်သူကမြန်မြန် အမှားဝန်ခံခိုင်းတာလဲ၊ တကယ်လို့ ကျွန်မသာ သေသွားရင်တော့ ရှင့်တာဝန်ပဲ'

ကျန်းချွေးဆန်းမှ ဤအခြေအနေ ရောက်မှတော့ မိန်းမပျိုလေးအား ဆက်၍ နှစ်သိမ့်ရုံသာ ရှိတော့သည်ဟု နားလည်ကာ...

'အရေးမကြီးပါဘူးဗျာ စိတ်ချပါ၊ တစ်ကိုယ်လုံးမှာရှိတဲ့ ကြွက်သားတွေကိုသာ လျှော့ထားလိုက်ပါ၊ အားလုံးဝ မတောင့်ထားနဲ့နော်၊ အိပ်ပျော်နေတဲ့အတိုင်း အသာလေးနေ ဟုတ်လား'

ချင်တူးတူးက အဆိပ်ဒဏ် ခံနေရသည့်ကြားမှ ကျန်းချွေးဆန်းအား မျက်စောင်းချိတ် ကြည့်ရင်း

'ကျွန်မကို သေနေသလိုပဲ နေခိုင်းပါတော့လား'ဟု ပြောလေ၏။

ကျန်းချွေးဆန်းက သက်ပြင်း တိုးတိုးချရင်း စိတ်ထဲမှ စဉ်းစားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီ့းမိန်းကလေး ဒီလောက် အသည်းအသန် ဖြစ်နေချိန်မှာတောင် ဒီလို နွဲ့ဆိုး ဆိုးသေးရင် နောင်တစ်နေ့ သူ့ရဲ့ ယောကျ်ားလုပ်တဲ့ လူဟာ သူရဲ့ နွဲ့ဆိုးဆိုးတဲ့ ဒဏ်ကို ခံနေရတော့မှာပဲ'

ထိုသို့ စဉ်စားမိစဉ် ရုတ်တရက် ရင်ခုန်သွားမိ၏။ ချင်တူးတူးသူ၏ အတွေးကို ရိပ်မိသွားသလားဟု စိုးရိမ်စိတ်ဖြင့်လည်း မသိမသာ တိတ်တခိုး ကြည့်လိုက်မိသေး၏။

ထိုအခါ ဖြူရော်နေသော ချင်တူးတူး၏ မျက်နှာ နီရဲနေပြီး ရှက်အမ်းအမ်း ဖြစ်နေသော အမူအရာ ပေါ်လွင်နေသည်ကို တွေ့ရ၏။

ချင်တူးတူးလည်း ဘာများ စဉ်းစားမိလေသည် မသိပေ။ နှစ်ဦးစလုံးမှာ အကြည့်ချင်းဆုံလျက် တစ်ပြိုင်နက်တည်း မျက်လွှာချလိုက်မိကြ၏။ ပြီးတစ်ဖက်သို့ မသိမသာ လှည့်လိုက်မိရာမှာလည်း အတူတူပင်ဖြစ်ပါ၏။ ထို့နောက်တွင်မှ ချင်တူးတူးက အသံတိုးတိုးဖြင့်...

'အစ်ကို ကျွန်မ ပြောတာဆိုတာ အများပါရှိရင် ကျွန်မကို ခွင့်လွှတ်ပါနော်၊ စိတ်လဲ မဆိုးနဲ့နော်'ဟု ဆိုပြန်ပါ၏။

ကျန်းချွေးဆန်းမှာ ချင်တူးတူး မူလက သူ့နာမည်ကို ခေါ်နေရာမှ ယခုအခါ 'အစ်ကို'ဟု ခေါ်လိုက်သည်ကို ကြားရသောအခါ ရင်မှာ ပို၍ ခုန်လာလေ၏။ သက်ပြင်းငွေ့ငွေ့ ရှိုက်လျက် လှုပ်ရှားနေသော စိတ်အစဉ်ကို တည်ငြိမ်အောင် ပြုလိုက်၏။ ထို့နောက်တွင်မှ နွေးထွေးသော အတွင်းအား



လှိုင်းကို သုံး၍ ချင်တူးတူး၏ လက်မောင်းဒဏ်ရာဝန်းကျင်အား ခပ်ဖွဖွ ပွတ်သပ် နှိပ်နယ်ပေးနေလေ၏။

ချင်တူးတူးသည် သူ့အား ဂရုတစိုက်ဖြင့် ယုယကြင်နာစွာ ကုသပေးနေသော ကျန်းချွေးဆန်း၏ မျက်နှာကို တစ်ချက်တစ်ချက် တိတ်တခိုးကြည့်ရင်း ရင်ထဲမှာ လွန်စွာ ကျေးဇူးတင်နေမိလေ၏။ သို့ရာတွင် ကျန်းချွေးဆန်းမှာ အာရုံ မပျံ့လွင့်အောင် ထိန်းသိမ်းပြီး ကုသနေချိန်ဖြစ်၍ နှုတ်ဖြင့်မူ ချင်တူးတူး ဖွင့်ဟမပြောရှာပေ။

ထိုစဉ် ယောက်ခနဲအသံနှင့်အတူ အဆိပ်လျှို့ဝှက် လက်နက်တစ်ခုသည် ချင်တူးတူး၏ လက်မောင်းထဲမှ ခုန်ထွက်လာ၏။ တစ်ချိန်တည်းတွင်ပင် ဒဏ်ရာမှ သွေးညိုပုပ်များလည်း ပန်းထွက်လာလေ၏။ သွေးမည်းများမှ နီရဲသောသွေးများ ပြောင်းလဲထွက်လာသောအချိန်တွင် ကျန်းချွေးဆန်းသည် ဒုတိယလျှို့ဝှက်လက်နက်ကို ထုတ်ယူရန် အားထုတ်ရပြန်၏။ မကြာပါ။ ဒုတိယလျှို့ဝှက်လက်နက်သည် ပထမလက်နက်အတိုင်း ထွက်လာလေ၏။ ထိုအချိန်တွင် မြစ်ကမ်းပေါ်မှ လူတစ်ယောက်က...

'မမလေး၊ လှေထဲမှာ ရှိပါသလား၊ ဆက်ရက်ဂှက်အဖွဲ့ခေါင်းဆောင်က မမလေးကို တွေ့ချင်နေပါတယ် ခင်ဗျာ'ဟု လှမ်း၍ အော်ပြောသံ ကြားရ၏။

ကျန်းချွေးဆန်း အံ့သြသွား၏။ သို့သော် လွန်စွာ အရေးကြီးသော အချိန်ဖြစ်၍ ဂရုမပြုနိုင်အားချေ။ ထိုလူက နောက်တစ်ခါ အော်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချင်တူးတူး၏ လှေပေါ်မှ လှေထိုးသားက...

'မမလေးကို လူဆိုးတစ်ယောက်က ဗလက္ကာရလုပ်ဖို့ ကြိုးစားနေပါတယ်ဗျို့၊ အဖွဲ့ခေါင်းဆောင်ကြီး အမြန်လာပါ'ဟု ပြန်အော်ပြောလေ၏။

ကမ်းပေါ်မှ လူက...

'ဘယ်ကောင်လဲကွ၊ အတင့်ရဲလှချည့်လား၊ မင်းသာ ငါတို့ရဲ့ မမလေးကို မှဲ့တစ်ပေါက်စွန်းအောင် လုပ်မိရင်၊ မင်း တစ်ကိုယ်လုံးကို ဓားနဲ့မွှန်ပြီး သတ်ပစ်မယ်ဟေ့'ဟု ကြိမ်းဝါး နေပြန်၏။

တတိယ လှျို့ဝှက်လက်နက်မှာ အသားထဲသို့ အနက်ဆုံး စိုက်ဝင်သွားခဲ့ဟန် တူ၏။ ကျန်းချွေးဆန်းက အတွင်းအား လှိုင်းကို အကြိမ်ကြိမ် သုံး၍ နှိပ်နယ် တွန်းထုတ်သော်လည်း ထွက်မလာသေးပေ။ ထိုအခိုက် လှေတစ်စင်းက သူတို့လှေနားသို့ လှော်ခတ်ရောက်ရှိလာသည်ကို လည်းကောင်း၊ လူတစ်ယောက်က သူတို့ လှေပေါ်သို့ ခုန်တက်လာသည်ကို လည်းကောင်း ကျန်းချွေးဆန်း သိလိုက်၏။

ထိုလူ လှေဝမ်းထဲသို့ ခုန်ဝင်လိုက်ချိန်တွင်မှ ကျန်းချွေး ဆန်းသည် သူ့အား ကျောပေးကာ လက်နှစ်ဖက်ကလည်း ချင်းတူးတူး၏ လက်မောင်းကို အတင်းဆုပ်ကိုင်ထားသော အနေအထားဖြင့် မြင်ရသော် ကျန်းချွေးဆန်းသည် တကယ်ပင် ချင်တူးတူးအား စော်ကားမော်ကား ပြုလုပ်နေသည်ဟု ထင်ပြီး



ကျန်းချွေးဆန်း၏ ကျောပြင်ကို လက်ဝါးစောင်းဖြင့် တအား ခုတ်ချလိုက်တော့၏။

ကျန်းချွေးဆန်းက လေသံကို ကြားသည်နှင့်ပင် မိမိအား လက်ဝါးစောင်းဖြင့် ခုတ်လိုက်ပြီဖြစ်ကြောင်း သိလိုက်၏။ သို့သော် သူက ပြန်မခုခံချေ။ သက်ပြင်းတစ်ချက် ရှိုက်လျက် လက်ဝါးစောင်းဒဏ်ကို တင်းခံလိုက်လေ၏။

ကျန်းချွေးဆန်းသည် ဟူတန်းဂိုဏ်း၏ အတွင်းအား သိုင်းကျင့်စဉ်ကို နက်နဲမြင့်မားစွာ ကျင့်ထားခဲ့သူဖြစ်ရာ သူ၏ အားကို လွှဲပြောင်းသောနည်းဖြင့် ထိုလူ၏ လက်ဝါးစောင်း နှစ်ဘက်ဆီသို့ ပို့လိုက်ခြင်းပင်ဖြစ်၏။

ထိုအချိန်တွင်ပင် ဖောက်ခနဲအသံနှင့် ချင်တူးတူး၏ လက်မောင်းထဲမှ နောက်ဆုံး လှျို့ဝှက်လက်နက် ထွက်လာပြီး လှေဝမ်း၏ သစ်သားဆီသို့ သွားစိုက်နေလေ၏။ ထိုလူက ထိုအချင်းအရာကို မြင်သော် ကျန်းချွေးဆန်းအား ဒုတိယအကြိမ် ခုတ်ချရန် ရည်ရွယ်ထားသည့် လက်ဝါးစောင်းကို ရုပ်သိမ်း လုက်ပြီး...

'မမလေး ဘာမှ မဖြစ်ဘူးနော်'ဟု အော်မေးလိုက်လေ၏။

တစ်ဆက်တည်းတွင်ပင် ထိုလူသည် ချင်တူးတူး၏ လက်မောင်းမှ ညိုမည်းနေသော သွေးပုပ်များ ပန်းထွက်လာ သည်ကို တွေ့ရပြန်သော် ရင့်ကျက်သော သိုင်းသမားတစ်ဦး ပီပီ ကျန်းချွေးဆန်းအား အတင်လွဲ၍ ရိုက်လိုက်မိပြီဖြစ်ကြောင်း ချက်ချင်း သိလိုက်လေ၏။ သို့သိသည်နှင့်အမျှ စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများစွာ ဖြစ်မိလေ၏။ သူ၏ လက်ဝါးဆောင်းမှာ ကျောက်ပြင်ကြီးကိုပင် အစိပ်စိပ်အမြွာမြွာ ကွဲအောင် ရိုက်နိုင်သော လက်ဝါးဆောင်းမျိုးဖြစ်၏။ ယခု ကျန်းချွေးဆန်းက သူ၏ လက်ဝါးဆောင်းရိုက်ချက်ကို တင်း၍ ခံလိုက်လေရာ အသည်းနှလုံးပင် ကြေမွသွားပေရော့မည်ဟု ထင်လိုက်၏။ ထို့ကြောင့် အတွင်းဒဏ်ကြေဆေးကို လျှင်မြန်စွာထုတ်ပြီး ကျန်းချွေးဆန်းအား သောက်ချလိုက်ရန် ပေးလိုက်၏။

ကျန်းချွေးဆန်းက ထိုလူပေးသော ဒဏ်ကြေဆေးကို ခေါင်းခါယမ်း၍ ငြင်းပယ်လိုက်၏။ သူ၏ စိတ်အာရုံကမူ ချင်တူးတူး၏ လက်မောင်းဆီသို့သာ ရောက်ရှိနေ၏။ ချင်တူးတူး၏ လက်မောင်းဒဏ်ရာမှ သွေးနီများ ထွက်လာသည်ကို တွေ့သောအခါမှပင် သူ့လက်နှစ်ဖက်ကို လွှတ်လိုက်၏။ သူက ခေါင်းကို ဆတ်ခနဲလှည့်၍ ထိုလူအား အပြုံးဖြင့် ကြည့်လိုက်၏။

'နောင်ကြီးရဲ့ လက်ဝါးဆောင်းအားက တကယ်ပြင်းတာပဲ'

ထိုလူ လွန်စွာ တုန်လှုပ်သွား၏။

အဘယ့်ကြောင့်မူ သူ့ လက်ဝါးဆောင်းဒဏ်ကြောင့် သေဆုံးခဲ့သော သိုင်းသမားများလည်း မနည်းတော့။ ယခု ဤလူငယ်ကမူ လက်ဝါးဆောင်းရိုက်ချက်ကို မတိမ်းမရှောင်ရုံမက တင်း၍ပင် ခံလိုက်သည့်တိုင် ဘာမျှမဖြစ်သည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။



ထိုလူက တုန်တုန်ယင်ယင်ဖြင့် 'ခင်ဗျား... ခင်ဗျား' ဟုသာ ဟိုမရောက် သည်မရောက် ဆိုနိုင်လေ၏။

ကျန်းချွေးဆန်းကမူ ထိုလူကို ပြုံးရုံသာ ပြုံးပြပြီး ဘာမျှ မပြောဘဲ ချင်တူးတူး ကမ်းပေးသော လက်ကိုင်ပဝါကို ယူ၍ ဒဏ်ကို ဆေးထည့်ပြီး လက်ကိုင်ပဝါဖြင့် စည်းနှောင်လိုက်၏။ ပြီးမှပင်...

'ချင်တူးတူး၊ မင်းရဲ့ မိတ်ဆွေနဲ့ မိတ်ဆက်ပေးပါဦး' ဟု ဆိုလေ၏။

ထိုလူမှာမူ ယခုအချိန်ထိ ကျန်းချွေးဆန်းအား အံ့မှုယ်ဘနန်း မျက်လုံးမျက်ဆန်ပြူးလျက် ကြည့်နေလေ၏။

ချင်တူးတူးက မျက်နှာတစ်ချက် တင်းလိုက်ပြီး...

'ဆက်ရက်ငှက်ခေါင်းဆောင် ဘာကြောင်နေတာလဲ၊ ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းကို နှုတ်ဆက်လိုက်လေ'

ထိုအခါမှပင် ထိုလူမှာ သတိပြန်ဝင်လာ၏။ ချက်ချင်းပင် ကျန်းချွေးဆန်းအား အရိုအသေပေးလျက်...

'သြော်...လက်စသတ်တော့ ဟူတန်းဂိုဏ်းကနာမည်ကြီး သိုင်းသမား ကျန်းချွေးဆန်းကိုး၊ ဒါကြောင့်မို့လို့လဲ ဒီလောက် ပြည့်ဝတဲ့ အတွင်းအား ရှိနေတာကိုးဗျ၊ ကျုပ်က ချန်ကျင်းဖန်ပါ၊ စောစောက စော်ကားမိတာကို အနူးအညွတ် တောင်းပန်ပါတယ်ဗျာ'

ချန်ကျင်းဖန်၏ အသက်မှာ ငါးဆယ်ကျော်ခန့် ရှိပြီဖြစ်၏။ မျက်နှာသွင်ပြင် ကြမ်းတမ်း၏။ လက်ဝါးနှစ်ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ယပ်တောင် နှစ်ခုပမာ ကြီးမားပြန့်ကားပြီး မျက်နှာတွင်ရော လက်၊ ပခုံး၊ ကုတ်သားတွင်ပါ ကြွက်သားများ အဖုဖု၊ အပြိုင်းပြိုင်း ပြည့်မောက်နေလေ၏။

စင်စစ် ချန်ကျင်းဖန်သည် အမာခံ သိုင်းပညာကို အဆင့်မြင့်စွာ လေ့ကျင့်ထားသူ ဖြစ်၏။

ချန်ကျင်းဖန်သည် ကျန်းချွေးဆန်းအား အရိုအသေလေး နှုတ်ဆက်ပြီးနောက် ချင်တူးတူးအား ဒူးထောက်၍ အရိုအသေ ပေး၏။ ချင်တူးတူးကမူ ခေါင်းတစ်ချက်သာ ညိတ်ပြလေ၏။ ကျန်းချွေးဆန်း၏ စိတ်ထဲတွင် လွန်စွာ အံ့သြသွား၏။ သိုင်းပညာ လွန်စွာမြင့်မားသော ချန်ကျင်းဖန်သည် ချင်တူးတူးအား အဘယ်ကြောင့် ကျိုးနွံစွာ ဆက်ဆံနေရသနည်း ဟူသော အတွေးကြောင့်ပင် ဖြစ်ပါ၏။

ထိုစဉ် ချန်ကျင်းဖန်က...

'ကျားသစ်အဖွဲ့ ခေါင်းဆောင်က ဟိုင်ဆားဂိုဏ်း၊ ဝေလငါးဂိုဏ်းနဲ့ ဖုကျုက်နယ်က လက်သီးဘုရင်ဂိုဏ်းက လူတွေကို ဖိတ်ပြီး မနက်ဖြန်မနက် ချန်ထန်မြစ်ဝရဲ့ ဝမ်ဖန်ကျွန်းမှာ ဆုံဖို့ ပြောလိုက်တယ်၊ ဟိုမှာ စားပြပွဲလုပ်မလို့တဲ့၊ ဒါပေမယ့် အခု မမလေးက ဒဏ်ရာ နည်းနည်းပါးပါးရနေတော့ မမလေးကို ကင်တည်မြို့ကို ကျွန်တော် အရင် ပြန်ပို့လိုက်မယ်လေ၊ ဝမ်ဖန်ကျွန်းရဲ့ ကိစ္စကတော့ ကျားသစ်အဖွဲ့ ခေါင်းဆောင်နဲ့ ကျွန်တော်ရှိရင်တော့ ရနိုင်ပြီထင်ပါတယ်'

ချင်တူးတူးက နှုတ်ခမ်းတစ်ချက်မဲ့၍...



'ဟိုင်ဆားဂိုဏ်း၊ ဝေလငါးဂိုဏ်း၊ လက်သီးဘုရင်ဂိုဏ်း၊ အင်း... လက်သီးဘုရင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ကော့ဆန်း လာသလား'

'သူကိုယ်တိုင် သူ့ဂိုဏ်းကို ဦးဆောင်တယ်လို့ ကြားရတယ် မမလေး'

ချင်တူးတူး မဲ့ပြုံးပြုံးလျက်...

'ကော့ဆန်းရဲ့ နာမည်က သိုင်းလောကမှာ ကြီးပေမယ့် ကျားသစ်အဖွဲ့ ခေါင်းဆောင်ကိုတော့ မနိုင်နိုင်ဘူး၊ နောက် ဘယ်က သိုင်းအကျော်အမော် လာဦးမလဲ'

ချန်ကျင်းဖန်က စဉ်းစားပြီးနောက်...

'ခွန်းလွန်ဂိုဏ်းက လူငယ်ဓားသမား နှစ်ယောက်လဲ လာတယ်လို့ ကြားရတယ်၊ သူတို့ကလဲ ဒီ... နဂါး... နဂါး...'

ချန်ကျင်းဖန်က စကားကို တန်လန်းရပ်ပြီး ကျန်းချွေးဆန်းအား တစ်ချက်မျှ မျက်လုံးထောင့်ကပ် ကြည့်လိုက်၏။

ချင်တူးတူးက အေးစက်စွာဖြင့်...

'သူတို့ကလဲ နဂါးနိုင်ဓားကို ကြည့်ချင်သတဲ့လား၊ ဟင့်... တော်ကြာ တွေ့လိုက်လို့ လောဘရမက် တက်နေကြဦးမယ်'

ကျန်းချွေးဆန်းမှ 'နဂါးနိုင်ဓား' ဟူသော အသံကို ကြားသည်နှင့် ရင်တစ်ချက် ခုန်သွား၏။

ချင်တူးတူးက ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'အင်း... ဒီနှစ်တွေမှာ သိုင်းလောကမှာ အတော့်ကို ထူးချွန်တဲ့ လူငယ်သိုင်းသမားတွေ ပေါ်ထွက်လာတယ်၊ ခွန်းလွန်ဂိုဏ်းက လူငယ်နှစ်ယောက်ကို အထင်သေးလို့ မဖြစ်ဘူး၊ ငါ့လက်မောင်းက ဒဏ်ရာက အရေးမကြီးဘူး၊ ဒီတော့ ငါတို့အားလုံး ဝမ်ဖန်ကျွန်းကို လိုက်သွားပြီး ပွဲကြည့်ကြတာပေါ့၊ ကျားသစ်အဖွဲ့ခေါင်းဆောင်ကိုလဲ ကူညီရင်းပေါ့'

ချင်တူးတူးက စကားအဆုံးတွင် ကျန်းချွေးဆန်းဘက်သို့ လှည့်၍ ပြုံးကြည့်ရင်း 'အစ်ကိုလဲ ကျွန်မတို့နဲ့အတူ လိုက်ခဲ့ပါလား၊ ပွဲကြီးပွဲကောင်း ကြည့်ရတာပေါ့'ဟု ဆိုလေ၏။

ကျန်းချွေးဆန်းမှာ နဂါးနိုင်စားကြောင့် သူ့အစ်ကို ရိတိုက်ရှင် ဒဏ်ရာအပြင်းအထန်ရခဲ့ရာ ယခုလို နဂါးနိုင်စားပြပွဲသို့ ရိတိုက်ရှင်အား ရက်စက်စွာ အရိုးကို ချေပစ်သော လူဆိုးများလည်း ရောက်ကောင်းရောက်လာမည်ဟု တွေးလိုက်မိ၏။ ထို့ကြောင့် ချင်တူးတူး၏ ဖိတ်ခေါ်ချက်ကို ခေါင်းညိတ်၍ သဘောတူလိုက်၏။

ချင်တူးတူး၏ မျက်နှာမှာ ရုတ်ခြည်း ဝင်းလက်သွား၏။ ချက်ချင်းပင် ချန်ကျင်းဖန်ဘက်သို့ လှည့်၍...

'ကဲ၊ မင်းရဲ့လှေ ရှေ့ကနေ လမ်းပြပြီးသွား'

'ဟုတ်ကဲ့ မမလေး'

ချန်ကျင်းဖန်က လှေဝမ်းထဲမှ ခါးကိုင်း၍ နောက်ဆုတ်နောက်ဆုတ်ဖြင့် ထွက်ခွာသွားလေ၏။



ချန်ကျင်းဖန်၏ ချင်တူးတူးအပေါ် ဆက်ဆံပုံမှာ အိမ်စေက အိမ်ရှင်အပေါ် လွန်စွာ ကျိုးနွံသကဲ့သို့ ကျိုးနွံစွာ ဆက်ဆံသည်ကို တွေ့ရ၏။

ထို့နောက် ချင်တူးတူးက လှေထိုးသားအား လက်ယပ်ခေါ်လိုက်၏။

'ဟိတ်၊ ဒီကိုလာခဲ့စမ်း'

လှေထိုးသားမှာ လှေဝမ်းထဲသို့ မလာဝံ့ဝံ့ လာဝံ့ဝံ့ ဖြစ်နေရှာ၏။ အဘယ်ကြောင့်မူ သူသည် စောစောစက အခြေအနေကို သေချာစွာ စူးစမ်းခြင်းမပြုဘဲ အရမ်းကာရော အော်ဟစ်၍ ညွှန်သည်ကို စော်ကားမိခဲ့သော အဖြစ်ကို သိသောကြောင့် တစ်ကိုယ်လုံး တုန်ယင်ကာ မလာဝံ့ဝံ့ ဖြစ်နေရခြင်းပင် ဖြစ်၏။

'ငါ ခေါ်နေတယ်'

'ဟုတ်ကဲ့ မမလေး၊ ကျွန်တော်... ကျွန်တော် မသိလို့'

လှေထိုးသားက ကတုန်ကယင်ဖြင့် ဝင်လာရင်း ချင်တူးတူး၏ မျက်နှာအမူအရာ လုံးဝ အေးစက်နေသည်ကို မြင်သော ကျန်းချွေးဆန်းအား အကူအညီတောင်းသော အားကိုးသော အကြည့်ဖြင့် လှမ်း၍ တစ်ချက်ကြည့်လိုက်၏။

ကျန်းချွေးဆန်း၏ စိတ်ထဲတွင်မူ...

'ဒီ လှေထိုးသားက အမှန်မှာ သူ့အတွက် စိတ်ပူပြီး အော်ဟစ် အကူအညီတောင်းတာပါ၊ အခု ဒီလှေထိုးသားကို

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာများလုပ်မှာမို့လို့ ဒီလောက်တောင် ကြောက်နေပါလိမ့်' ဟု တွေးမိ၏။

ထိုစဉ် ချင်တူးတူးသည် ကြောက်လန့်သွားလွန်းသဖြင့် ကတုန်ကယင် ဖြစ်နေရှာသော လှေထိုးသားအား အေးစက်သော မျက်လုံးဖြင့် စိုက်ကြည့်ရင်း...

'မင်းမှာ နားနဲ့မျက်စိ ရှိလျက်သားနဲ့ ဘာလို့ ဒီလောက်တောင် အသုံးမကျရတာလဲ၊ ဒီတော့ မင်းရဲ့ နားနဲ့ မျက်စိကို ဘာလုပ်ပစ်ဖို့သင့်သလဲ ပြောစမ်း'

လှေထိုးသားက ဝမ်းသာသော အမူအရာပေါ်လာပြီး ချက်ချင်း ဓားကို ဆွဲထုတ်၍ သူ့နားရွက်ကို ဖြတ်လိုက်၏။ ဘယ်ဘက်နား ဖြတ်သွားပြီးနောက် ညာဘက်နားကို ဖြတ်ရန် ပြုလိုက်ချိန်တွင် ကျန်းချွေးဆန်းက ဓားကို လုယူလိုက်၏။

'ဒီမှာ ချင်တူးတူး၊ ကျုပ်က သူ့ကိုယ်စား တောင်းပန်ပါတယ်၊ ဒီလို အပြစ်ဒဏ်မျိုး မပေးပါနဲ့'

ချင်တူးတူးက သက်ပြင်းချ၏။ ပြီး ကျန်းချွေးဆန်းအား နွဲ့ဆိုးဆိုးသော အကြည့်ကလေးဖြင့် ကြည့်ရင်း...

'ကောင်းပါပြီတဲ့ရှင်၊ ရှင့်သဘောတော်အတိုင်းပါပဲ'ဟု ဆို၏။ ပြီးလျှင် လှေထိုးသားဘက်သို့ လှည့်ကာ...

'နင် ကျန်းချွေးဆန်းကို ကျေးဇူးတင်လိုက်စမ်း'ဟု အမိန့်ပေးလေ၏။

လှေထိုးသားမှာ နားတစ်ဖက် ပြတ်သွားသော်လည်း အခြားနားတစ်ဖက်နှင့် မျက်လုံးအစုံ အကောင်းပကတိ



ကျန်သေးသဖြင့် နာကျင်ရမှန်းပင် မသိအောင် ဝမ်းသာနေလေ၏။ ထို့ကြောင့် ကျန်းချွေးဆန်းရှေ့ဝယ် ဒူးထောက်လျက် ဦးချကန်တော့လေ၏။ ပြီးနောက် ချင်တူးတူးကိုပါ ကန်တော့ပြီးလျှင် လှေပဲ့ပိုင်းဆီသို့ ထွက်သွားလေ၏။ မရှေးမနှောင်းပင် လှေထိုးသားသည် အားမာန်အပြည့်ဖြင့် အော်ဟစ်ကာ လှေကို မရပ်မနား လှော်ခတ်နေသည်ကို ကြားရ၏။ သူ့သွင်ပြင်က သေရွာမှ ပြန်လာသည့်ပမာ တက်ကြွနေလေ၏။

ကျန်းချွေးဆန်းသည် ချင်တူးတူးအား တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်၏။ စိတ်ထဲတွင်မူ...

'ဒီမိန်းကလေးဟာ ရုပ်ချောသလောက် စိတ်ကျတော့ တယ်ပြီး ခက်ထန်ပါလား၊ သူ့လက်အောက်က လူတွေ သူ့ကို ဒီလောက်တောင် ကြောက်နေတာကိုထောက်ရင် ခါတိုင်း ဘယ်လောက်များတောင် ရက်စက်ခဲ့သလဲ မသိဘူး'

ချင်တူးတူးကမူ ကျန်းချွေးဆန်းသည် သူ့အား ကျောပေးထိုင်လိုက်သည်ကို တွေ့ပြီး တစ်ချိန်တည်းတွင်ပင် ကျန်းချွေးဆန်း၏ အင်္ကျီနောက်ကျောတွင် စောစောက ချန်ကျင်းဖန်၏ လက်ဝါးစောင်းဒဏ်ကြောင့် စုတ်ပြဲကြေမွလျက် ရှိသည်ကိုပါ တွေ့ရလေ၏။

ထိုအခါ ချိုလွင်သော အသံလေးဖြင့်...

'အစ်ကို၊ အစ်ကို့အင်္ကျီ ချွတ်လိုက်လေ၊ ကျွန်မ ချုပ်ပေးမယ်၊ နောက်ကျောမှာ ပြဲနေတယ် အစ်ကိုရဲ့'

'မလိုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သြော်... အစ်ကိုကလဲ၊ ကျွန်မလက်ရာ မကောင်းမှာ စိုးလို့လားဟင်'

'မဟုတ်ပါဘူး'

ကျန်းချွေးဆန်းက ငြင်းဆန်၍သာ နေ၏။

အကြောင်းမှ ချင်တူးတူးကဲ့သို့ လူအမြောက်အမြားကို ရက်စက်စွာ သတ်ခဲ့သော သူအား သုတ်သင်ပစ်သင့်သည်ဟု သူ နားလည်လိုက်၏။

သို့ရာတွင် ယခုမူ သူ့အစ်ကို ရီတိုက်ရှင်ကို အကြောင်းပြု၍ ချင်တူးတူးနှင့်အတူ တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေရ၏။

သို့သော် ဝမ်ဖန်ကျွန်းမှ ကိစ္စများ ပြီးပြတ်လျှင်မူ ချင်တူးတူးနှင့် အမြန်ဆုံး လမ်းခွဲမည်ဟု ပိုင်းဖြတ်လိုက်၏။

ချင်တူးတူးလည်း လွန်စွာလျင်၏။ ပါးနပ်၏။ ကျန်းချွေးဆန်း၏ မျက်နှာအမူအရာ ညှိုးလျက်ရှိသည်ကို မြင်သည်နှင့်ပင် ဘာတွေ စဉ်းစားနေသည်ကို သိလိုက်၏။ ထို့ကြောင့် အေးစက်သော အသံဖြင့်...

'ဒီမှာအစ်ကို၊ ကျွန်မလေ တိုးတာကျင်းတို့ လူသိုက်ကို သတ်ရုံတင်မကဘူး၊ ဟို ဝေ့ဖုန်းဆိုတဲ့ ဘုန်းကြီးကို သတ်တာလဲ ကျွန်မပါပဲ'

'ဟုတ်ပါတယ်၊ ခင်ဗျားသတ်တာမှန်း ကျုပ် စောစောကတည်းက သံသယ ဖြစ်နေပြီးသားပါ၊ ဒါပေမယ့် ခင်ဗျား ဘယ်ပုံဘယ်နည်း သတ်တယ်ဆိုတာသာ ကျုပ် မသိတာ'



'ဒါက ဘာများထူးဆန်းလို့လဲ၊ ကျွန်မက ကန်စပ်မှာ အသာဝပ်ပြီး ရှင်တို့ စကားပြောနေတာကို ချောင်းနားထောင်တာကိုး ရှင့်၊ ဒီဘုန်းကြီးက ရှင်နဲ့ ကျွန်မ တကယ်တမ်း ရုပ်ချင်းမတူမှန်းသိလို့ ဖွင့်ပြောမယ် အလုပ်မှာ ကျွန်မက သူ့ပါးစပ်ထဲ အပ်ချောင်းပစ်ထည့်လိုက်တာပေါ့၊ ရှင်တို့က ကုန်းပေါ်မှာပဲရှာကြတော့ ဘယ်တွေ့ပါ့မလဲ'

'ခင်ဗျား ဒီလိုလုပ်လိုက်တော့ ရှောင်လင်ဂိုဏ်းက ကျုပ် သတ်တယ်လို့ပဲ ထင်တာပေါ့ဗျ၊ ကောင်းတယ်၊ သိပ်ကောင်းတဲ့ အကြံပဲ'

ကျန်းချွေးဆန်း၏ စကားထဲတွင် မကျေချမ်းဟန် ပါနေလေ၏။

ချင်တူးတူးကမူ မသိဟန်ပြုလျက် လှဲလှဲပြုံးရင်း...

'အခုလို ချီးကျူးတာကို အများကြီး ကျေးဇူးတင်ပါတယ် ရှင်'

ကျန်းချွေးဆန်းက ဒေါသဖြင့်...

'ကျုပ်က ခင်ဗျားနဲ့ ဘာရန်ငြိုးမှ မရှိဘဲနဲ့ ဘာလို့ ကျုပ်ကို ချောက်တွန်းရတာလဲ'

ချင်တူးတူးက ပြုံးလျက်...

'ကျွန်မက ရှင် ချောက်ထဲကျအောင် တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းနဲ့ ဟူတန်းဂိုဏ်းဟာ သိုင်းလောကမှာ ထိပ်သီးဂိုဏ်းနှစ်ဂိုဏ်း ဆိုတော့ တကယ်လို့များ အဲဒီ ဂိုဏ်းနှစ်ဂိုဏ်း ပဋိပက္ခဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ကြရင် ဘယ်သူနိုင်မလဲဆိုတာ ကျွန်မ သိချင်လို့ လုပ်လိုက်တာပါ’

ကျန်းချွေးဆန်း မျက်လုံးမျက်ဆန် ပြူးကျယ်သွား၏။ တုန်လှုပ်ခြင်းလည်း ဖြစ်မိ၏။ စိတ်ထဲမှမူ . . .

‘လက်စသတ်တော့ ဒီရည်ရွယ်ချက်နဲ့ကိုး၊ ဒါကို ငါ လုံးဝ မရိပ်စားမိလိုက်ဘူး’

ထိုစဉ် ချန်ကျင်းဖန်၏ ရှေ့ပြေးလှေမှ လူတစ်ယောက်၏ အော်ပြောသံကို ကြားလိုက်၏။

‘ဝေလငါးဂိုဏ်းကလားဟော့၊ လှေပေါ်မှာ ဘယ်သူရှိသလဲ’

ညာဘက် ခပ်လှမ်းလှမ်း ဝေလငါးဂိုဏ်း လှေပေါ်မှ လူက ပြန်အော်ပြန်၏။

‘ဝေလငါးဂိုဏ်းရဲ့ ကိုယ်တော်လေးရှိတယ်၊ ဝမ်ဖန်ကျွန်းကို သွားမလို့’

/ထိုအခါ ချန်ကျင်းဖန်လှေပေါ်မှ လူက . . .

‘မမလေးနဲ့ ဆက်ရက်အဖွဲ့ခေါင်းဆောင် ဒီမှာရှိတယ်၊ ခင်ဗျားတို့လှေ နောက်ဆုတ်ပေးပါ’

ဝေလငါးဂိုဏ်းလှေပေါ်မှ လူက ပြန်အော်ပြန်၏။

‘တကယ်လို့ ခင်ဗျားတို့လှေပေါ်မှာ မျက်ခုံးဖြူဂိုဏ်းက ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ရှိရင် ကျုပ်တို့ နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒီပြင်လူတွေဆိုရင်တော့ နောက်ဆုတ်ပေးစရာ မလိုပါဘူး’



မျက်ခုံးဖြူဂိုဏ်းဆိုသော စကားကို ကြားသော် ကျန်းချွေးဆန်း အံ့ဩသွား၏။ စိတ်ထဲမှလည်း . . .

‘ဒီဂိုဏ်းက ဘာဂိုဏ်းလဲ၊ ဆရာပြောသံလဲ တစ်ခါမှ မကြားဘူးခဲ့ပါလား’

ကျန်းချွေးဆန်းသည် မြစ်ပြင်သို့ ခေါင်းပြူကာ ကြည့်လိုက်၏။ ညာဘက် ခပ်လှမ်းလှမ်း မြစ်ရေပြင်ပေါ်တွင် လှေကြီး တစ်စင်း၊ ကြီးမားသော ထိုလှေကြီးပေါ်တွင် ဝေလငါးကြီး တစ်ကောင် ရေးဆွဲထား၏။ အမှန်စင်စစ် ဝေလငါးဂိုဏ်းမှာ ဤအနီးဝန်းကျင် နယ်မြေတစ်ဝိုက်တွင် ကျက်စားနေသော ပင်လယ်ဓားပြဂိုဏ်းကြီး တစ်ဂိုဏ်းသာလျှင်ဖြစ်၏။ လူသတ်၊ ပစ္စည်းလုသည့် ဒုစရိုက်များ ကျူးလွန်နေသော ဂိုဏ်းပင်။

ထိုအခိုက် ချန်ကျင်းဖန်သည် လှေထိပ်တွင် ရပ်ပြီး အော်ပြောလိုက်၏။

‘ဝေလငါးဂိုဏ်းက ကိုယ်တော်လေး၊ ကျုပ်တို့ရဲ့ မမလေး ဒီမှာရှိနေတယ်၊ ခင်ဗျားက ဆုံးဖြတ်ချက်ကို မပြင်ဘူးလား’

ဝေလငါးဂိုဏ်းမှ လူတစ်ယောက်ကလည်း လှေဝမ်းထဲမှ ထွက်လာပြီး ခနဲ့ပြုံး တစ်ချက်ပြုံး၍ အော်ပြောနေ၏။

‘ကုန်းပေါ်မှာတော့ ခင်ဗျားတို့ရဲ့ မျက်ခုံးဖြူဂိုဏ်းကို ကျုပ်တို့ အလျှော့ပေးရမှာပေါ့၊ ဒါပေမယ့် ရေပေါ်မှာတော့ ခင်ဗျားတို့က ကျုပ်တို့ကို လိုက်လျှောရမှာပဲ’

ထိုနောက် ဝေလငါးဂိုဏ်းက နောက်ထပ် ရွက်ထည်တစ်ခု တပ်လိုက်ပြန်ရာ လှေမှာ မြန်သည်ထက် မြန်လာပြီး ဂူမှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရိပ်ရိပ် ပြေးနေလေ၏။ အမိလိုက်ရန်ပင် မလွယ်တော့ချေ။

ထိုစဉ် ချန်ကျင်းဖန်က သံကုန်ဟစ်၍ အော်ပြန်၏။

'ဝေလငါးဂိုဏ်း၊ နဂါးနိုင်ဓား၊ နောက်ပြီး နဂါးနိုင်ဓား'

မြစ်ပြင်တွင် လေကြမ်းလှိုင်းထန် မိုးထန်လျက်ရှိ၏။ လှေနှစ်စင်းမှာလည်း အလှမ်းကွာနေပြီ။ ထို့ကြောင့် ချန်ကျင်းဖန် ဘာပြောသည်ကို ဝေလငါးဂိုဏ်းမှ ကောင်းစွာ မကြားရချေ။

သို့သော် ဝေလငါးဂိုဏ်းက ကိုယ်တော်လေးကမူ ချန်ကျင်းဖန်က နဂါးနိုင်ဓားကို နှစ်ကြိမ်မျှ ပြောသည်ကိုသာ ကြားလိုက်၏။ ချန်ကျင်းဖန်တစ်ယောက် အရေးကြီးသော စကားကို ပြောနေပြီဟု တွက်ကာ သူ့လှေကို ခေါင်းလှည့်၍ ချန်ကျင်းဖန်တို့ လှေနှင့် နီးအောင် ကပ်လာလေ၏။ အနားသို့ရောက်သော် သူက အော်၍...

'ချန်ကျင်းဖန် ခင်ဗျား ဘာပြောနေတာလဲ'ဟု မေးလေ၏။

ချန်ကျင်းဖန်က...

'ကိုယ်တော်လေး၊ ကျားသစ်အဖွဲ့ ခေါင်းဆောင် နဂါးနိုင်ဓား'ဟု ပြတ်တောင်းပြတ်တောင်း အော်ပြောနေ၏။

ကျန်းချွေးဆန်းမှ လွန်စွာ အံ့သြနေ၏။

'ဒီလူတွေ ဘာတွေပြောနေပါလိမ့်၊ စကားတွေကလဲ ပြတ်တောင်းပြတ်တောင်းနဲ့ပါလား'

ထိုသို့ရှိစဉ် ဝေလငါးဂိုဏ်း၏ လှေက သူတို့လှေနှင့် နီးကပ်စွာ ရောက်လာလေ၏။ ချန်ကျင်းဖန်သည် ရုတ်တရက်



ကျောက်ဆူးကြီးတစ်ခုကို ဆွဲ၍ ဝေလငါးဂိုဏ်း၏ လှေပေါ်သို့ ပစ်တင်လိုက်၏။ ထိုအခါ ဝေလငါးဂိုဏ်းမှ လှေထိုးသား နှစ်ဦး၏ စူးစူးဝါးဝါး အော်သံကို ကြားရပြီး ဝုန်းခနဲ ရေထဲသို့ ကျသွားသံကိုပါ ကြားလိုက်ရ၏။

ချန်ကျင်းဖန် ပစ်လိုက်သော ကျောက်ဆူးကြီးမှာ ဝေလငါးဂိုဏ်း၏ လှေတွင် ချိတ်မိသွား၏။ နောက်ထပ်တစ်ဖန် ကျောက်ဆူးကြီး တစ်ခုဖြင့်လည်း ပစ်လိုက်ပြန်၏။ ထိုအခါ ကျောက်ဆူးကြီး နှစ်ခုမှာ ဝေလငါးဂိုဏ်း၏ လှေကို ဆွဲချိတ်ထားပြီး ဖြစ်လျက် လှေနှစ်စင်းကို ဆက်သွယ်ထားသလို ဖြစ်သွား၏။

ဝေလငါးဂိုဏ်းမှ ကိုယ်တော်လေးက အထိတ်တလန့်ဖြင့်...

'ချန်ကျင်းဖန် ခင်ဗျား ဘာလုပ်တာလဲ'ဟု အော်မေး၏။ ချန်ကျင်းဖန်က အရေးမစိုက်။ သူ့ညာလက်ကိုသာ တစ်ချက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ မည်းနက် တောက်ပြောင်နေသော ဖရဲသီး သဏ္ဌာန် အရာဝတ္ထုကြီးတစ်ခု ပျံထွက်သွားပြီး ဝေလငါးဂိုဏ်း၏ လှေရှုက်တိုင်ကြီးသို့ ဘုန်းခနဲမှန်ကာ ရှုက်တိုင်မှာ ကျိုးထွက်သွားတော့၏။ စင်စစ် ဖရဲသီးသဏ္ဌာန် အရာဝတ္ထုမှာ ချန်ကျင်းဖန်၏ လက်စွဲတော် လက်နက်တစ်မျိုးပင်ဖြစ်၏။ သံမဏိလုံးဖြင့် ပြုလုပ်ထားပြီး အနောက်ဘက်တွင် သံကြိုးဖြင့် ဆက်သွယ်ထား၏။ ညာဘက်သံလုံးကို ပစ်လွှတ်လိုက်သည်နှင့် ဘယ်ဘက်သံလုံးလည်း အလိုအလျောက် လိုက်ထွက်သွား၏။

www.burmeseclassic.com



ထိုအခါ လှေကြီးအနောက်ဘက် ရွက်တိုင်ပါ ပြောင်းခဲ့ ကျိုးကျသွား၏။ ယင်းကြောင့် ဝေလငါးဂိုဏ်း၏ လှေပေါ်မှ လူများက ကြောက်လန့်တကြားဖြင့် ဆူဆူဝါးဝါး အော်ကြ၏။

ချန်ကျင်းဖန်က သူ့သံလုံးနှစ်လုံးကို ပြန်ရုပ်သိမ်းပြီးလျှင် အော်ပြောလေ၏။

'မျက်ခုံးဖြူဂိုဏ်းရှိတဲ့နေရာမှာ မင်းတို့ ဝေလငါးဂိုဏ်းက ဘယ်တော့မှ ရှေ့ကနေ မသွားရဘူးကွ၊ ဘယ်တော့မှ ကျော်မယ် မကြံနဲ့ယော့'

စကားအဆုံးတွင် သူက ကျောက်ဆူးကြီးနှစ်ချောင်းကို တအားဆောင့်ဆွဲလိုက်တာ လှေကြီးမှာ ကုန်းပတ်တစ်ခြမ်းနီးနီး အက်ကွဲသွားလေတော့၏။ ထို့ကြောင့် ဝေလငါးဂိုဏ်း၏ လှေကြီးမှာ မည်သို့မျှ သုံးမရတော့ချေ။

ထိုအခါမှပင် ချန်ကျင်းဖန်တို့၏ လှေထိုးသားများသည် အေးအေးသက်သာစွာဖြင့် လှေကို ရှေ့သို့ ဆက်လက် လှော်ခတ်သွားတော့၏။

ကျန်းချွေးဆန်းက ချန်ကျင်းဖန်၏ လက်စွမ်းကိုမြင်သော် ရင်ထဲတွင် တုန်လှုပ်သွားမိ၏။

'ဒီလူကြီးက အားသန်ရုံမကဘူး၊ ဉာဏ်လဲ အတော် ကောင်းတဲ့ လူကြီးပဲ'ဟု တောက်ချက်ချမိလေ၏။

ထို့နောက် ချင်တူးတူးအား လှည့်ကြည့်လိုက်၏။ ချင်တူးတူး၏ မျက်နှာပေါ်တွင် ဘာမျှ မထူးဆန်းသလို အေးအေး



ဆေးဆေး အသွင် ပေါ်လွင်နေ၏။ ဤအဖြစ် ဤအတွေ့အကြုံ များသည် သူမအတွက် ရိုးစင်းနေပြီဖြစ်ဟန် တူပါ၏။

ထိုစဉ် ပင်လယ်ပြင်မှ ဝေလငါးဂိုဏ်းသားများ၏ အော်ဟစ် အကူအညီတောင်းသံများကို ကြားလိုက်ရ၏။ သူတို့ လှေကြီးမှာ တဖြည်းဖြည်း နစ်မြုပ်လျက် ရှိနေပြီမဟုတ်လား။

ကျန်းချွေးဆန်းက ထိုအဖြစ်ကိုမြင်သော် မကြည့်ရက် အောင် ဖြစ်မိလေ၏။ သို့ရာတွင် ချင်တူးတူးနှင့် ချန်ကျင်းဖန်တို့ နှစ်ဦးအား လှေကို ရပ်နိုင်း၍ ထိုလူများကို ကယ်တင်ခိုင်းရန် ကလည်း လုံးဝမဖြစ်နိုင်ကြောင်း သူသိ၏။ ထို့ကြောင့် သူက ဘာမျှမပြောပဲ ငြိမ်နေလိုက်၏။

ချင်တူးတူးမှ ကျန်းချွေးဆန်း၏ အမူအရာကို တစ်ချက်မျှ အကဲခတ်လိုက်ပြီးလျှင် ပြုံးလျက် ရုတ်တရက် ချန်ကျင်းဖန်ကို အော်ပြောလေ၏။

'ချန်ကျင်းဖန်ရေ၊ ကျွန်မတို့ ဧည့်သည်တော်ကြီးက သနားလို့တဲ့၊ ဟို ဝေလငါးဂိုဏ်းက လူတွေကို လှေပေါ် ကယ်တင်လိုက်စမ်းပါ'

မမျှော်လင့်သော စကားကို ကြားသဖြင့် ကျန်းချွေးဆန်း အံ့ဩသွား၏။

ချန်ကျင်းဖန်က သူ့လှေပေါ်မှနေ၍ ချင်တူးတူးကြား အောင် အော်ပြောလေ၏။

'ဟုတ်ကဲ့ပါ မမလေး၊ ဧည့်သည်တော်ကြီးရဲ့ ဆန္ဒ အတိုင်း ဖြစ်ရပါစေမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့လှေကို ပြန်ကွေ့လိုက်ပြီး အော်ဟစ်၍...

'ဟိတ်၊ ဝေလငါးဂိုဏ်းကလူတွေ နားထောင်ကြစမ်း၊ ဟူတန်းဂိုဏ်းက မင်းတို့ရဲ့ အသက်ကို ကယ်နိုင်းလို့ ငါက ကယ်ရတယ်မှတ်ပါ၊ မင်းတို့ မသေချင်သေးရင် ငါ့လှေဘက်ကို ကူးလာကြစမ်း'

ဝေလငါးဂိုဏ်းသားများသည် သူ့ထက်ငါ အသက်လု၍ ချန်ကျင်းဖန်၏ လှေဘက်သို့ ကူးခတ်လာကြလေ၏။

မကြာမီ ဝေလငါးဂိုဏ်းမှ ကိုယ်တော်လေး အပါအဝင် လူရှစ်ယောက်ခန့်ကို ကယ်တင်လိုက်နိုင်လေ၏။ ကျန်ခြောက်ယောက်မှာမူ အစီးသန်သော ရေလှိုင်းနှင့်အတူ ပါသွားပြီး အသက်ဆုံးရှုံးသွားလေသည်။

ကျန်းချွေးဆန်းက...

'ကျေးဇူးတင်ပါတယ်'ဟု ချင်တူးတူးအား စိုက်ကြည့်ကာ ပြောလေ၏။

ချင်တူးတူးကမူ မျက်နှာထားတင်းတင်းဖြင့်...

'ဟင်း ဒီဝေလငါးဂိုဏ်းက လူတွေအားလုံးဟာ လူသတ်၊ ပစ္စည်းလုနေကြတဲ့ ပင်လယ်ဓားပြတွေ ရှင့်၊ ရှင်က သူတို့ကိုကယ်ပြီး ဘာလုပ်မှာလဲ'

ကျန်းချွေးဆန်းက ဘာမျှ ပြန်မပြောနိုင်။ ချင်တူးတူးက ဆက်၍...

'တကယ်လို့ သူတို့ကို မကယ်ရင် ရှင့် ကျွန်မကို စိတ်ထဲက အပြစ်တင်နေမှာ သေချာတယ်၊ ဟင်း... ဟင်း ဒီမိန်းကလေးက အသက်ကလေး ငယ်ငယ်နဲ့ ဒီလောက် ရက်စက်ပါလား၊ ငါ ဒီလို မိန်းမစားမျိုးကို အဆိပ်ဒဏ်ရာ ပျောက်အောင် ကုပေးမိတာ မှားတာပဲလို့၊ ဟုတ်တယ် မဟုတ်လား'



ကျန်းချွေးဆန်းက မျက်နှာ နီရဲသွား၏။

အဘယ့်ကြောင့်မူ စောစောစဉ်က ကျန်းချွေးဆန်း၏ ရင်ထဲတွင် ဤအတိုင်း ခံစားနေရသည် မဟုတ်ပါလား။

ကျန်းချွေးဆန်းက ရှက်ပြုံးဖြင့်...

'ခင်ဗျားက သိပ်စကားပြောတတ်တာကိုး၊ ကျုပ် ခင်ဗျားကို အရှုံးပေးပါတယ်ဗျာ'

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၂ )

www.burmeseclassic.com

www.burmeseclassic.com



## ဖား ပြဒ္ဒ

ထို့နောက်တွင်မူ ချင်တူးတူးသည် လှေဝမ်း၏ အတွင်းဘက်ခန်းထဲသို့ ဝင်ပြီး တံခါးပိတ်လိုက်၏။ အတန်ကြာသော် ပြန်ထွက်လာနေ၏။ သည်တစ်ကြိမ်တွင်မူ ချင်တူးတူးသည် မိန်းမအဝတ်အစားနှင့် ပြန်ထွက်လာ၏။ ကျန်းချွေးဆန်းကိုလည်း လက်ယပ်ခေါ်နေ၏။ ကျန်းချွေးဆန်း သူ့အနားသို့ရောက်သော် အင်္ကျီအဝတ်အစား ချွတ်နိုင်းသည်။ ကျန်းချွေးဆန်း မငြင်းသာတော့။ ချက်ချင်း အင်္ကျီကို ချွတ်လိုက်၏။ စိတ်ထဲမှမူ သူ၏ စုတ်ပြဲနေသော အင်္ကျီကို ဖာထေးပေးမည် ထင်နေ၏။

သို့သော် ကျန်းချွေးဆန်း ထင်သကဲ့သို့ မဟုတ်ဘဲ စောစောစဉ်က သူမ ဝတ်ထားခဲ့သော ယောကျ်ားဝတ် အင်္ကျီကို ကျန်းချွေးဆန်းအား ဝတ်ပေးပြန်၏။ ပြီးလျှင် ကျန်းချွေးဆန်း၏

www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြဲနေသော အင်္ကျီကို အနောက်ဘက် အခန်းထဲသို့ ပြန်ယူသွားသည်။

ကျန်းချွေးဆန်းမှာ ချင်တူးတူး ဝတ်ခိုင်းသဖြင့်သာ ဝတ်လိုက်ရ၏။ သူမ အင်္ကျီက သူ့ကိုယ်ထည်နှင့်ဆိုလျှင် အနည်းငယ်ကျပ်နေ၏။ သို့သော် မွှေးပျံ့သောရနံ့တို့ဖြင့် ထုံမွှန်းနေ၏။ ထို မွှေးရနံ့က ကျန်းချွေးဆန်း၏ နှာဝသို့ ဝင်ရောက်လျက် ရင်ကို တုန်ခါစေ၏။ စိတ်ကို ထွေပြားစေ၏။ လှုပ်ရှားစေ၏။ အရွယ်ပျို အရိုင်းသက်သက်မျှသာဖြစ်သော ကျန်းချွေးဆန်းသည် ဘာကြောင့်ရယ်မသိ။ ချင်တူးတူး၏ မျက်နှာကိုပင် ဝံ့ဝံ့စားစား မကြည့်ရဲတော့ပေ။

သို့သော် လှုပ်ရှားနေသော စိတ်ကို အရိုင်းကလေး ကျန်းချွေးဆန်းက ကြိတ်၍ မျိုသိပ်နေရ၏။ အလျှင်အမြန် တည်ငြိမ်စေခြင်းငှာလည်း မြစ်ပြင်ကျယ်သို့ ငေးမျှော်ကြည့်လျက် အာရုံပြောင်းစေလိုက်ရ၏။

သို့နှင့် နံနက်လင်းအာရုဏ်ဘက်သို့ ကူးလာ၏။ သူတို့လိုက်ပါလာသော လှေမှာလည်း ဝမ်ဖန်ကျွန်းသို့ တရွေ့ရွေ့ ကပ်၍လာပြီဖြစ်၏။

ထိုအချိန်တွင် ကျွန်းပေါ်မှ ခရာမှုတ်သံ ကြားလိုက်ရသည်။ ထိုအခါ ချန်ကျင်းဖန်တို့လှေမှာ အလံနက်နှစ်ခုကို ထုတ်လျက် ကျွန်းဘက်မှ မြင်သာအောင် အလံနက် နှစ်ချောင်းကို ပြန်လည် ဝှေ့ပြနေ၏။



လှေသည် ကျွန်းအစပ်သို့ ရောက်လုလု ရှိသွားပြီဖြစ်၏။ ထိုအခါမှပင် ကျွန်းပေါ်မှ လှည့်ယမ်းပြနေသော အလံနှစ်ခုတွင် ကျားသစ်တစ်ကောင်၏ပုံ ရေးဆွဲထားသည်ကို မြင်ရတော့၏။

အလံနှစ်ခု၏ အလယ်ဗဟိုတွင်တော့မှ အဘိုးအိုတစ်ဦး ရောက်နေ၏။ ထိုအဘိုးအိုက 'ကျားသစ်အဖွဲ့ခေါင်းဆောင် ပေကျွေးချိုက မမလေးကို လှိုက်လှဲစွာ ကြိုဆိုပါတယ်'ဟု လှမ်း၍ပြော၏။ အဘိုးအိုအသံက အားထုတ်၍ ဖျစ်ညှစ်အော်လိုက်သော အသံမျိုးမဟုတ်။ တိုးခြင်း၊ ကျယ်ခြင်းလည်း မရှိ၊ သို့သော် ခပ်ဝေးဝေးမှပင် ကြားနေရသော သံမှန်မျိုးပင် ဖြစ်၏။

မိုးသောက်ချိန်တွင် လှေသည် ဝမ်ဖန်ကျွန်းဦးသို့ ဆိုက်ကပ်လေတော့သည်။

ကျားသစ်အဖွဲ့ခေါင်းဆောင် ပေကျွေးချိုကိုယ်တိုင် သစ်ပြားတစ်ပြား ယူ၍ ကုန်းပေါင်ခင်းပေးလိုက်၏။ ထိုအခါ လှေပေါ်မှ မျက်နှာထား တည်တည်ဖြင့် ခပ်ကြွကြွ ဆင်းလာသူက ချင်တူးတူး။ ချင်တူးတူးနောက်မှာတော့ ကျန်းချွေးဆန်း။

ကမ်းမြေပေါ်သို့ ခြေချမိသည်နှင့် ချင်တူးတူးက ကျန်းချွေးဆန်းအား ရှေ့မှ ဦးဆောင်လျှောက်စေပြီး ပေကျွေးချိုနှင့် မိတ်ဆက်ပေးလေ၏။ ပေကျွေးချို လွန်စွာ အံ့သြသွား၏။ အကြောင်းမှု ချင်တူးတူးတစ်ယောက် ကျန်းချွေးဆန်းအား

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ အရေးတယူ အရေးပေး ဆက်ဆံနေသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါ၏။

သို့သော် ပေကျွေးချို ကြာရှည်ကြာမျော အံ့ဩ မနေလိုက်ရပါ။ အဘယ်ကြောင့်မူ ချင်တူးတူး မိတ်ဆက်ပေးလာသော လူငယ်မှာ ဟူတန်းဂိုဏ်းမှ နံပါတ်ငါး သိုင်းသမား ကျွန်းချွေးဆန်းမှန်း သိလိုက်သောကြောင့် ရင်တစ်ချက်မျှ တုန်သွား၍ပင် ဖြစ်၏။ ပြီး အရေးတယူဟန်ဖြင့်လည်း...

'ဩော်... လက်စသတ်တော့ ဟူတန်းခုနစ်ဖော်ထဲက ဆရာလေးကိုး၊ အခုလို သိခွင့်ရတာ ကျွန်တော့်ကိုယ် ကျွန်တော် လိုက်လိုက်လှဲလှဲ ဂုဏ်ယူမိပါတယ်ခင်ဗျာ'

ကျွန်းချွေးဆန်းကလည်း အလားတူ ပြန်လည် ပြောလိုက်ရသည်။ ထိုအခါ သူတို့နှစ်ဦးအား အကဲခတ်နေသော ချင်တူးတူးက ချိုလွင်သောအသံဖြင့် ရယ်မောရင်း...

* 'ရှင်တို့ နှစ်ယောက်စလုံးဟာ ကိုယ့်ရင်ထဲက တကယ်ပြောချင်တဲ့ စကားကို မပြောဘဲ ဟန်ဆောင်ပန်ဆောင် ပြောနေကြတာကိုး၊ တစ်ယောက်က နှုတ်ခွန်းဆက်စကားသာ ပြောရအောင်၊ တကယ်ရင်ထဲမှာ ပြောချင်တာက အဲဒါ မဟုတ်ဘူး၊ ဘာပြောချင်လဲဆိုတော့ ဒုက္ခပါပဲ မမလေးရာ၊ ဟူတန်းဂိုဏ်းကလဲ ဒီ ဓားပြပွဲကို လာနေပါလား၊ အင်း... ဒီအတိုင်းဆိုရင် ဒီဓားကို လုကြမယ့် လူတွေ ထဲမှာ လူတော်တစ်ယောက် တိုးလာပြန်ပြီပေါ့ ခင်ဗျာလို့ ပြောချင်တာ၊ ပြီး နောက်တစ်ယောက်ကလဲပဲ နှုတ်ခွန်းဆက်စကားသာ ဝတ္တရားမပျက် ပြန်ပြောရတယ်၊



တကယ်တွေးနေတာက ဘာလဲဆိုတော့ ဟင်း... မင်းတို့လို သိက္ခာမရှိ ဆိုးသွမ်းချင်တိုင်း ဆိုးသွမ်းနေတဲ့ ဒုစရိုက်ဂိုဏ်းက လူတွေနဲ့ ငါ လုံးဝ အဖက်မလုပ်ချင်ဘူး၊ အဲဒီလို တွေးမိနေတယ်၊ ပြန်ပြောချင်နေတယ် မဟုတ်လား၊ ကဲ... ဘယ့်နှယ်လဲ၊ ကျွန်မပြောတာ မှန်ရဲ့လား'ဟု မေးလေ၏။

ပေကျွေးချိုက တဟားဟား ရယ်မောလိုက်၏။ ကျွန်းချွေးဆန်းကမူ ချင်တူးတူးအား လှည့်ကြည့်ပြီး...

'မဟုတ်ပါဘူး၊ ကျုပ် တွေးနေတာက တစ်မျိုးပါ၊ ဟောဒီ ဆရာကြီး ပေကျွေးချိုရဲ့ သိုင်းပညာဟာ အတော်ကို အဆင့်မြင့်မားပါလား၊ စောစောက အဝေးကနေပြီး အသံမှန်လောက်နဲ့ ကျုပ်တို့ ကြားလောက်အောင် ပြောနိုင်တာကို ကြည့်ရင် ကျုပ် အကဲခတ်မိတာပေါ့ဗျ၊ ကဲ... ဆရာကြီး၊ ဆရာကြီးရဲ့ သိုင်းပညာကို ချီးကျူးပါတယ်၊ နောက်ပြီး ကျုပ် ဒီကို လာတာဟာလဲ ချင်တူးတူးကို အဖော်ပြုပြီး ပွဲကြည့်ဖို့ သက်သက် လာတဲ့ လူတစ်ယောက်ပါ၊ ဓားကိုလုဖို့ လုံးဝ စိတ်မကူးမိပါဘူး ခင်ဗျာ'ဟု ပေကျွေးချိုဘက်သို့ လှည့်၍ ပြန်ပြောပြန်သည်။

ထိုစကားကို ကြားသော် ချင်တူးတူးမျက်နှာပေါ်တွင် ပြုံးပန်းတဝေဝေ ဖြစ်သွား၏။ လွန်စွာ ဝမ်းသာသွားသော အရိပ်အရောင်မှာ ပွင့်လန်းသွားခြင်းပင်။

ပေကျွေးချို အံ့ဩနေ၏။ ချင်တူးတူး၏ စိတ်ဓာတ်က မာကျော ခက်ထန်လှသည်ဟု သူ နားလည်ထားပြီး အဘယ်

www.burmeseclassic.com

www.burmeseclassic.com



ပုရိသ ယောကျ်ားမျိုးကိုမှ ဘယ်တုန်းကမှလည်း မျက်နှာသာ မပေးခဲ့ဘူးကြောင်း သူ သိထား၏။

ယခုမူ ကျန်းချွေးဆန်းနှင့်ကျတော့ ချင်တူးတူး၏ အစဉ်တင်းမာ ခက်ထန်နေသော မျက်နှာသည် ဝမ်းသာရိပ်ဖြင့် ရွှန်းဝေလျက် ပျော့ပျောင်းနူးညံ့ခြင်းသို့ ကူးပြောင်းလျက် ရှိသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်၏။

ပေကျွေးချိုသည် ဤလူငယ် ကျန်းချွေးဆန်းအား ချင်တူးတူးက မျက်နှာသာပေးလျက် ရှိကြောင်းကိုသာ သိလိုက်၏။ အဘယ့်ကြောင့် ဆိုသည်ကိုမူ နားမလည်သေးချေ။

ထို့ပြင် လူငယ် ကျန်းချွေးဆန်းက သူ့အား ပျူငှာစွာ ပြန်လည်ဆက်ဆံခြင်း၊ သူ့ သိုင်းပညာကိုပါ ချီးကျူးနေခြင်း ကိုပင် တွေ့ရသော် ကျန်းချွေးဆန်းအပေါ် အလိုအလျောက် ခင်မင်လိုစိတ် ဖြစ်ပေါ်သွား၏။

ပေကျွေးချိုက ချင်တူးတူးအား လေးစားသံဖြင့် . . .

'မမလေး၊ ဟိုင်ဆားဂိုဏ်းက လူတွေရယ်၊ ဝေလင်ငါး ဂိုဏ်း၊ လက်သီးဂိုဏ်းက လူတွေရယ်၊ အားလုံး အရန်သင့် ရောက်နေကြပြီ၊ ပြီးတော့ ခွန်းလွန်းဂိုဏ်းက လူငယ် ဓားသမား နှစ်ယောက်လဲ ရောက်လာကြတယ်၊ ဒါပေမယ့် နှစ်ကောင်စလုံး တောင့်မကျိုးဘူး၊ ဝင့်ဝင့်ကြွားကြွားနဲ့ သိပ်တို ဘဝင်မြင့်နေ တယ်၊ ဆရာလေး ကျန်းချွေးဆန်းတို့လို နာမည်သိပ်ကြီးရင်တော့ ဘယ်နှလောက်များတောင် ဘဝင်ခိုက်နေမယ် မသိဘူး၊ ကွာတယ် မမလေး'



ထိုစဉ် တစ်ခုသော ကျောက်ဆောင်ကြီး၏ နောက်ဘက်မှ လူငယ်နှစ်ယောက် ရုတ်တရက် လျှောက်ထွက်လာသည်ကို တွေ့လိုက်ရပြီး . . .

'ဟေ့ . . . တို့များနောက်ကွယ်မှာ ဘာတွေ ပြောနေ တာလဲ' ဟု လှမ်းအော် မေးလေသည်။

ထိုလူငယ်နှစ်ယောက်မှာ ပိန်ပိန်သွယ်သွယ်ဖြစ်ပြီး အသက် နှစ်ဆယ်ကျော်ခန့်သာ ရှိဦးမည်ဖြစ်သည်။ သူတို့၏ နောက်ကျော တွင်မူ ဓားတစ်လက်စီ လွယ်ထား၏။

ပေကျွေးချိုက ထိုလူနှစ်ယောက်ကို မြင်သော် ချက်ချင်း မျက်နှာကို အချိုးဆိုးထား၍ ရယ်ရယ်မောမောဖြင့် . . .

'ဟော . . . ကြည့်စမ်း၊ ပြောရင်းဆိုရင်း ပေါ်လာကြ တာကိုး၊ အတော်ပဲ၊ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ လာကြ'

အမှန်မူ ခွန်းလွန်းဂိုဏ်းမှ ထိုလူငယ်နှစ်ယောက်မှာ ပေကျွေးချိုတို့ကို ရန်ပြုရန် ထွက်လာခြင်းဖြစ်၏။ သို့သော် အမှတ်မထင် ရုတ်ချည်းမြင်လိုက်ရသော ချင်တူးတူး၏ အလှရုပ်လွှာပေါ်တွင် ချက်ချင်း မိန်းမောသွားလျက် ပါးစပ် အဟောင်းသားဖြင့် ငေးကြောင်သွားကြလေ၏။

တစ်ဦးက မျက်တောင်မခတ်တမ်း ငေးမောကြည့်နေပြီး တစ်ယောက်မှ တစ်ချက်မျှ ငေးမောကြည့်ပြီး မျက်နှာလွှဲ လိုက်၏။ တစ်ဖန် တိတ်တခိုးဟန်ဖြင့် ချောင်းကြည့်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပေကျွေးချိုက ပုံပျက်ပန်းပျက် ဒေးကြောင်ကြောင် ဖြစ်နေသော လူငယ်ကို လက်ညှိုးထိုးလျက်...

'သူကတော့ ကောင်းကျက်ချန်'တဲ့။

တစ်ဖန် ကွက်ကြည့်ကွက်ကြည့်နှင့် တိတ်တခိုးသမား လူငယ်ကိုမူ...

'သူကတော့ ချန်ချိုတဲ့ ခင်ဗျာ၊ သူတို့ နှစ်ယောက်စလုံးဟာ တာသိုင်းပညာမှာ သိပ်ကိုထူးချွန်ကြတဲ့ လူငယ်နှစ်ယောက်ပါပဲ၊ ခွန်းလွန်ဂိုဏ်းရဲ့ အားထားရာ တကယ့်ထိပ်သီး အကျော်အမော်တွေပေါ့ ခင်ဗျာ၊ ဒီတစ်ကြိမ် သူတို့ မြေပြန့်ကို ဆင်းလာတာဟာ သူတို့ရဲ့ နက်နဲတဲ့ သိုင်းပညာကို အစွမ်းပြဖို့ လို့ပါပဲ'

ပေကျွေးချို၏ စကားသံထဲတွင် ခနဲ့ဟန် နှောနေလေ၏။

ကျန်းချွေးဆန်း၏ စိတ်ထဲတွင်မူ ပေကျွေးချို သုံးလိုက်သော စကားကြောင့် ထိုလူငယ်နှစ်ယောက်က ပြန်ပြီး ခနဲ့လာဦးမည်ဟု တွက်လိုက်၏။

သို့သော် ထိုလူငယ် နှစ်ယောက်ထံမှ စကားပြန်ပြောသံ ဆိတ်ငြိမ်နေရုံမက ခေါင်းကိုသာ ကျေနပ်ဟန် တွင်တွင် ညိတ်နေသည်ကို တွေ့လိုက်ရ၏။ သူတို့ အမူအရာကို ကြည့်ရသည်မှာ ပေကျွေးချို၏ ပြောစကားကိုပင် မကြားမိလေဟန်ပင်။

ကျန်းချွေးဆန်းက တအံ့တသြကြီးဖြင့် ထိုလူနှစ်ယောက်အား အံ့သြအချာ ထပ်မံ၍ စိုက်ကြည့်တော့မှပင် အဖြစ်မှန်ကို မြင်တွေ့လိုက်ရတော့၏။



တကယ်တွင် ထိုလူငယ်နှစ်ယောက်သည် ချင်တူးတူး၏ လုပသော ရုပ်ဆင်း ရူပကာအား ငေးစိုက်ခြင်းတလို၊ ချောင်းမြောင်းခြင်းတစ်လှည့်ဖြင့် အညို့ခံထားရသူများနှယ် မိန်းမူးနေမိသည် မဟုတ်ပါလား။

ကျန်းချွေးဆန်းသည် ထိုအဖြစ်ကိုကြည့်လျက် ရယ်ချင်စိတ်ကို ထိန်းထားလိုက်ရ၏။ စိတ်ထဲမှမူ...

'ခွန်းလွန်းဂိုဏ်းဟာ သိုင်းလောကမှာ ဓားသိုင်းပညာနဲ့ နာမည်သိပ်ကြီးတဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်လျက်နဲ့ ဒီတပည့်နှစ်ယောက်ကျတော့ တယ်ပြီး အောက်တန်းကျနေပါလား'ဟု ရေရွတ်လိုက်မိ၏။

အမှန်မူ ဤလူငယ် ဓားသမားနှစ်ယောက်မှာ ဘဝင်မြင့်သည်၊ မောက်မာသည်ကလွဲ၍ အောက်တန်းကျလှသော လူငယ်နှစ်ယောက်တော့ မဟုတ်ပါ။ ချင်တူးတူး၏ အလှကပင် သူတို့၏ စိတ်နှလုံးကို ညှို့ယူလိုက်သလို လှုပ်ခါစေလျက် မိန်းမူးဝေအောင် လှလွန်းနေ၍ပင် ဖြစ်ပါ၏။

ပေကျွေးချိုကလည်း ရယ်ချင်စိတ်ကို ထိန်း၍ မိတ်ဆက်နေပြန်၏။

'အဟမ်း... အဟမ်း၊ ဟောဒီ လူငယ်ကတော့ ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းပါ၊ ဒါကတော့ ချင်တူးတူးပါ၊ ဒီပုဂ္ဂိုလ်ကတော့ ကျူပ်တို့ဂိုဏ်းရဲ့ ဆက်ရက်အဖွဲ့ခေါင်းဆောင် ချန်ကျင်းဖန်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ပေကွေးချို ယင်းသို့ လူငယ်နှစ်ယောက်နှင့် ကျန်းချွေးဆန်းတို့ သုံးဦးကို မိတ်ဆက်ပေးရာတွင် ဘာဂုဏ်ပုဒ် ဖော်ကျူးခြင်း မရှိဘဲ သာမန် နာမည်ကိုသာ ပြောပြ မိတ်ဆက်လိုက်၏။ ဤသည်မှာ ကျန်းချွေးဆန်းကို သူနှင့် လွန်စွာ ရင်းနှီးသောသူအဖြစ် သဘောထားလိုက်ခြင်းပင် ဖြစ်ပါ၏။

ချင်တူးတူးက လွန်စွာ သဘောကျနေ၏။ ကျန်းချွေးဆန်းအား တစ်ချက်တစ်ချက် ဝင့်၍ဝင့်၍ ကြည့်လိုက်သော အကြည့်တွင် မေတ္တာရောင်များ ရွှန်းဝေနေ၏။ ခွန်းလွန်ဂိုဏ်းမှ စားသမားကောင်းကျုက်ချန်မှာ စိတ်ကြီးသူဖြစ်၏။ သူက ချင်တူးတူးအား ငေးမောလျက် ကြည့်နေစဉ် ချင်တူးတူးက ကျန်းချွေးဆန်းဘက်သို့ လှည့်၍ စိုက်ကြည့်လျက် ရှိသည်ကိုမြင်သော် အလိုလို ကျွဲမြီးတိုသွားသည်။

ထို့ကြောင့် ကျန်းချွေးဆန်းအား မနှာလိုစိတ်ဖြင့် စိုက်ကြည့်ပြီးလျှင် ...

'ညီလေး ချန်ချို၊ ငါတို့ ခွန်းလွန်တောင်မှာ နေတုန်းက ဟူတန်းဂိုဏ်းဟာ အင်မတန် ဖြောင့်မတ်တဲ့ ဂိုဏ်းကြီးတစ်ခုလို့ ပြောသံကြားသလိုပဲကွ'

ချန်ချိုကလည်း အတိုင်အဖောက် လုပ်ထားသည့်အလား ...

'ဟုတ်တယ်၊ ကြားလိုက်သလိုပဲ'

ကောင်းကျုက်ချန်က ဆက်၍ ...

'အခုတော့ တို့ကြားဖူးတာ မမှန်ဘူးကွ'



'ဘာဖြစ်လို့လဲ'

'ဩော် ... ဝုဏ်သိက္ခာပိုင်းမှာ ဒီလောက် နာမည်ကြီးတဲ့ ဂိုဏ်းက အခုတော့ ကြည့်စမ်း၊ မြေအောက် ဒုစရိုက်ဂိုဏ်းက လူတွေနဲ့ ပေါင်းလို့ မဟုတ်လားကွ၊ ဟား ... ဟား ... ဟား'

သူတို့နှစ်ဦးမှာ ကျန်းချွေးဆန်းအား အတိုင်အဖောက် ညီစွာ တမင် စောင်းချိတ်ပြောနေကြခြင်းပင် ဖြစ်ပါ၏။

ကျန်းချွေးဆန်း ဒေါသ ထောင်းခနဲထွက်သွား၏။ သို့သော် သူ့စိတ်သူ ချက်ချင်းပင် ပြန်ထိန်းလိုက်ရ၏။ အဘယ့်ကြောင့်မူ ဤကျွန်းသို့ လာခြင်းမှာ သူ့အစ်ကို ရိတ္တိက်ရှင်အတွက် စုံစမ်းရန်သာ ဖြစ်၍ပင်။ တစ်ကြောင်းသော်လည်း ဤကဲ့သို့ သိုင်းလောကတွင် အတွေ့အကြုံ မရှိသော မနုးမနပ်လူတွေနှင့် ခိုက်ရန်ဖြစ်နေ၍လည်း အကျိုးမရှိကြောင်း နားလည်လိုက်၍ပင် ဖြစ်ပါ၏။

ထို့ကြောင့် သူက ပြုံးလျက် ...

'ကျုပ်က နဂါးနိုင်ဓားကို လုဖို့လာတာ မဟုတ်ပါဘူး၊ ပွဲကြည့်ပရိတ်သတ် တစ်ယောက်အနေနဲ့ လာတာပါ'ဟု စကားကို လှီးလွှဲ လမ်းပြောင်းပေးလိုက်၏။

'ကိုင်း ... အခုဆိုရင် ဧည့်သည်တော်တွေလဲ အားလုံး စုံလင်နေပြီ၊ ဒီကျွန်းပေါ်မှာ ဧည့်သည်တော်တွေဖြစ်တဲ့ ခင်ဗျားတို့ စိတ်ကြိုက် သွားလာနိုင်ပါတယ်၊ နေ့လယ် တစ်နာရီကျမှဲ ကျွန်းလယ်ခေါင်ကို လာပြီး ဓားပြပွဲကို ကြည့်ရှု အားပေးကြပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချွေးဆန်းက ပေကွေးချို့ စကားဆုံးသည်နှင့် ထိုလူမိုက်အနားမှ ချက်ချင်းထွက်ခဲ့၏။

ဝမ်ဖန်ကျွန်းမှာ သာမန် ကျွန်းငယ်ကလေး တစ်ကျွန်းမျှသာ ဖြစ်၏။ ကျွန်းပေါ်တွင် ကျောက်ဆောင်များနှင့် သစ်ပင်မှလွဲ၍ ကြည့်စဖွယ်၊ ရှုစဖွယ် ဘာမျှမရှိ။ ကျွန်း၏ အရှေ့ဘက်ထောင့်တွင်တော့ လှေများ ထိုးစိုက်ထားကြ၏။

ကျန်းချွေးဆန်းသည် တစ်ယောက်တည်း ထွက်လာရင်း ချင်တူးတူးအကြောင်း တွေးလိုက်မိ၏။ ထိုအခါ ချင်တူးတူး၏ လက်ရဲဇက်ရဲနိုင်လှသော လူသတ်သောဝါဒ အပြုအမူကို သူ လုံးဝမနှစ်သက်။ လက်မခံနိုင် ဖြစ်မိ၏။ သို့တိုင်အောင် ချင်တူးတူးကို သူ စွန့်ခွာမသွားရက်။ ဘာကြောင့်တော့ မသိ။ ချင်တူးတူး၏ ရုပ်ပုံလွှာက သူ့မျက်ဝန်းတွင် ရစ်ဝဲနေ၏။ တစ်ရံမလပ်လည်း ချင်တူးတူးကိုသာ တွေးတောနေမိ၏။ တစ်ခါခါတွင် . . .

ချင်တူးတူးဟာ မျက်ခုံးဖြူဂိုဏ်းမှာ အတော် အဆင့်မြင့်တဲ့ နေရာကို ရထားတာ ဖြစ်မှာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ပေကွေးချို့နဲ့ ချန်ကျင်းဖန်တို့လို လူကတောင် ချင်တူးတူးကို ရိုရိုသေသေ ဆက်ဆံနေတာ တွေ့ရတယ်၊ ဒါပေမယ့် ချင်တူးတူးဟာ မျက်ခုံးဖြူဂိုဏ်းချုပ်တော့ မဖြစ်နိုင်ဘူး၊ ဒါဆိုရင် မျက်ခုံးဖြူဂိုဏ်းမှာ ချင်တူးတူးက ဘာလဲ’

ကျန်းချွေးဆန်း ချင်တူးတူးနှင့် ဆက်စပ်၍ အတွေးဆက်မိနေမိ ပြန်၏။



‘မျက်ခုံးဖြူဂိုဏ်းဟာ ဒီတစ်ခါ နဂါးနိုင်ဆိုတဲ့ဓားကို ပြပြီး မာန်ထောင် ပလွှားဖို့အတွက် ဟိုင်ဆားဂိုဏ်း၊ လက်သီးဘုရင်ဂိုဏ်း၊ အဲဒီဂိုဏ်းတွေကအရေးကြီးတဲ့ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ထားတာ ဖြစ်လိမ့်မယ်၊ သူ့တို့တွေကို မျက်ခုံးဖြူဂိုဏ်းက ကျားသစ်ဂိုဏ်းခွဲ အဖွဲ့ခေါင်းဆောင် တစ်ယောက်ကိုသာ အုပ်ချုပ်ထားခိုင်းလိုက်တယ်၊ အင်း . . . အဲဒီပုဂ္ဂိုလ်တွေကို မျက်ခုံးဖြူဂိုဏ်းက လုံးဝ အရေးမစိုက်သလိုဘဲ’

ကျန်းချွေးဆန်းက ချင်တူးတူးနှင့် ပတ်သက် ဆက်နွယ်နေသော အကြောင်းအရာများကို စဉ်းစားတွေးတောရင်း တစ်ယောက်တည်း လျှောက်လာခြင်းဖြစ်၏။ ကျွန်း၏ တစ်နေရာအရောက်တွင်တော့မှ သူ့အရှေ့ဘက်တောအုပ်အတွင်းမှ ဓားချင်းခုတ်သံ ကြားလိုက်ရ၏။

ကျန်းချွေးဆန်းမှ အံ့သြတကြီးဖြင့် ထိုတောအုပ်အတွင်း ပြေးဝင်ကြည့်သော် တောအုပ်ထဲတွင် ခွန်းလွန်ဂိုဏ်းမှ ဓားသမားကောင်းကျုက်ခန်နှင့် ချန်ချိုကို့နှစ်ယောက် ဓားချင်းယှဉ်ခုတ်နေကြသည်ကို လည်းကောင်း၊ သူတို့အနီးတွင် ချင်တူးတူးအား ပြုံးရွှင်သော အမူအရာဖြင့် ရပ်လျက်ကြည့်လျက်ရှိနေသည်ကို လည်းကောင်း တွေ့လိုက်ရပါ၏။ ကျန်းချွေးဆန်း၏ စိတ်ထဲတွင် . . .

‘ဆရာ အမြဲတမ်းပြောလေ့ရှိတယ်၊ ခွန်းလွန်ဂိုဏ်းရဲ့ ဓားသိုင်းဟာ ဒီပြင် ဂိုဏ်းက ဓားသိုင်းပညာထက် တမူထူးခြားသတဲ့၊ ဆရာငယ်စဉ်တုန်းကတောင် ခွန်းလွန်တောင်က ခွန်းလွန်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသုံးဆူဆိုတဲ့'လူနဲ့ ယှဉ်ပြိုင်ခဲ့ရဖူးတယ်တဲ့'ဟု တွေးလိုက်မိ၏။

ထိုအတွေးကြောင့်လည်း အခွင့်အရေးကြုံခိုက် ခွန်းလွန်ဂိုဏ်းသားနှစ်ဦး၊ ဓားသိုင်းလေ့ကျင့်နေသည်ကို လေ့လာလိုစိတ်ဖြစ်ပေါ်လာ၏။ သို့သော် သိုင်းလောကတွင် စည်းကမ်းတစ်ခုရှိထား၏။ ယင်းမှာ မိမိဂိုဏ်းမှတစ်ပါး အခြားခြားသောဂိုဏ်းမှ သိုင်းပညာလေ့ကျင့်နေစဉ်အချိန်တွင် ကြည့်ခွင့်မရှိချေ။

ကျန်းချွေးဆန်းသည် ထိုစည်းကမ်းချက်ကို သတိရလိုက်သည်နှင့် ခွန်းလွန်းဂိုဏ်သားနှစ်ဦး သိုင်းပညာလေ့ကျင့်နေသည်ကို မကြည့်တော့ဘဲ တောအုပ်ကလေးထဲမှ ပြန်လှည့်ထွက်ရန်ပြုလိုက်လေ၏။ သို့သော် သူတောအုပ်ကလေးတဲသို့ ဝင်လာစဉ်ကပင် ချင်တူးတူးက သူ့ကိုမြင်တွေ့ပြီးဖြစ်နေ၏။ ထို့ကြောင့် သူလှည့်ထွက်ရန်ပြုစဉ် ချင်တူးတူးက လက်ယပ်ခေါ်လိုက်သည်။

'အစ်ကို ကျန်းချွေးဆန်း ဒီကိုလာလေ'

ကျန်းချွေးဆန်း အခက်ကြုံသွားရ၏။ အဘယ့်ကြောင့်မူ ချက်ချင်း ပြန်လှည့်ထွက်လိုက်ပါက တမင်လာ၍ ချောင်းမြောင်းကြည့်ရှုသည်ဟု ထင်သွားမည် စိုးရိမ်၏။ တစ်ဖန် ဝင်ကြည့်ပြန်ကလည်း သိုင်းလောက၏ စည်းကမ်းကို ဖောက်ဖျက်ရာရောက်မည် စိုးရိမ်၏။ သို့သော် မတတ်သာသည့်အဆုံးတွင် ခပ်တည်တည်ပင် သူတို့ သိုင်းလေ့ကျင့်နေရာ အနီးသို့ လျှောက်ဝင်လာခဲ့၏။



သို့သော် ကျန်းချွေးဆန်းသည် ချင်တူးတူးအနီးသို့ ရောက်သည်နှင့် အသံတိုးတိုးဖြင့် . . .

'သူတို့နှစ်ယောက် သိုင်းလေ့ကျင့်ချိန်မှာ ကျုပ်တို့ မလေ့လာကောင်းဘူးဗျ၊ တခြားတစ်နေရာကိုပဲ သွားကြစို့ရဲ့'

ထိုစဉ် အားခနဲ အသံတစ်ချက် ကြားလိုက်ရ၍ ကျန်းချွေးဆန်း ကြည့်လိုက်သော် ကောင်းကျက်ချန်၏ လက်မောင်းတွင် ချန်ချို၏ ဓားချက်တစ်ချက် ထိသွားသည်ကို တွေ့လိုက်ရ၏။ သို့သော် ကျန်းချွေးဆန်း မအံ့ဩမိချေ။ လေ့ကျင့်ကစားရင်း မတော်တဆ ထိမိခြင်းသာ ဖြစ်မည်ဟု ထင်လိုက်၏။ သို့သော် ကောင်းကျက်ချန်ကို ကြည့်လိုက်သော် မျက်နှာထားတင်းမာလာလျက် ဓားချက်ကိုလည်း ချန်ချို၏ ရင်ဝသို့ သုံးချက်တိတိ ခေါ်နှင့်မောနှင့် ပြန်၍ ထိုးလိုက်သည်ကို တွေ့လိုက်ရပြန်၏။ ထိုအခါကျမှပင် ကျန်းချွေးဆန်း သဘောပေါက်သွားတော့သည်။ စိတ်ထဲမှ . . .

'ဟာ . . . လက်စသတ်တော့ ဒီကောင်နှစ်ကောင်က ဓားသိုင်းပညာ လေ့ကျင့်ကစားနေကြတာမှ မဟုတ်ပါဘဲလား၊ တကယ် တိုက်ခိုက်နေကြတာကိုး'ဟု ရေရွတ်မိလျက် အံ့ဩသွားရတော့၏။

ထိုအခိုက် ချင်တူးတူးက ရယ်သံဖြင့် . . .

'ဒီပွဲကြည့်ရတာ အစ်ကိုလုပ်တဲ့လူက ညီကို နိုင်မယ့်ပုံမပေါ်ဘူးထင်တယ်၊ ချန်ချို့ရဲ့ ဓားသိုင်းက တယ်သွက်သကိုး'ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျက်ချန်က ထိုစကားကို ကြားသော် အံတစ်ချက်ကြိတ်လျက် ရုတ်တရက် ဓားကို ခါ၍ ခါ၍ တိုက်စစ်ဆင်တော့၏။ ချက်ချင်းဆိုသလိုပင် သူ့ဓား တစ်ချောင်းတည်းက ဓားအချောင်း မြောက်မြားစွာ ဖြာထွက်သွားပြီး ချန်ချို၏ အရေးကြီးသော ခန္ဓာကိုယ် အစိတ်အပိုင်းများဆီသို့ ဦးတည်သွား၏။

ကျန်းချွေးဆန်းက ကြည့်နေရင်းမှ ရုတ်တရက် လွှတ်ခနဲ အော်ပြောလိုက်မိ၏။

"ဟာ... တယ်ကောင်းတဲ့ ဓားချက်ပါလား'

ထိုအချိန်တွင် ချန်ချိုက ကောင်းကျက်ချန်၏ တိုက်စစ်ကို ရှောင်တိမ်းရန် ထိုင်ချလိုက်၏။ သို့သော် ကောင်းချက်ချန်က ရုတ်တရက် ဓားချက်ကို ရပ်ပြီး 'ယား'ခနဲ တစ်ချက်အော်လျက် ထိုးလိုက်ရာ ချန်ချို၏ ပေါင်တွင် ရဲခနဲ သွေးများ စီးထွက်လာသည်ကို တွေ့ရ၏။

ကိုစဉ် ချင်ကူးတူးက လက်ခုပ်လက်ဝါးတီး၍...

'အိုး... ဟိုး၊ လက်စသတ်တော့ အစ်ကိုလုပ်တဲ့လူက တကယ့် အကွက်ကောင်းတွေကို ချိုထားတာကိုး၊ ကြည့်စမ်း အခုမှ ထုတ်သုံးတော့တယ်'ဟု မြှောက်ပင့် ပြောလိုက်၏။

ချန်ချိုက ကောင်းကျက်ချန်အား ဒေါသဖြင့်ကြည့်လျက် ချင်တူးတူးကြားအောင်...

'ကျုပ်မှာလဲ ချိုထားတဲ့ အကွက်တွေ ရှိပါတယ်ဗျ'ဟု အော်ပြီး ဓားကွက်တစ်မျိုးရပြောင်း၍ တိုက်ခိုက်လေ၏။



သို့ရာတွင် သူတို့ နှစ်ယောက်စလုံးမှာ ဆရာတစ်ဦးတည်းထံမှ ပညာသင်ကြားလာကြသူချင်းဖြစ်၍ တစ်ယောက်၏ ဓားချက်ကို တစ်ယောက်က ကောင်းစွာသိနေ၏။ ကောင်းကျက်ချန်သည် ချန်ချို၏ ပြောင်းလဲတိုက်ခိုက်လာသော ဓားချက်ကို ရှောင်တိမ်းရင်း ပြန်လည် ခုခံတိုက်ခိုက်နေလေ၏။ ယခုအခါ သူတို့ နှစ်ဦးလုံး၏ တိုက်ကွက်တွေက ပို၍ ကြမ်းလာ၏။ အားမာန်ပါလာ၏။ ရက်စက်လာ၏။ ဂိုဏ်းတူညီအစ်ကိုဖြစ်သော်လည်း တစ်ဦးကိုတစ်ဦး အသေအကြေသတ်တော့မည့်အလား အသည်းယားဖွယ်ရာ ယှဉ်ပြိုင်နေကြပြီဖြစ်၏။

ချင်တူးတူးကလည်း နံဘေးမှ မနားတမ်းပင် အမျိုးမျိုးအဖုံဖုံ စကားလုံးသုံး၍ ဟိုလူ့မြှောက်လိုက်၊ ဒီလူ့မြှောက်လိုက် မြှောက်ထိုးပင့်ကော် လုပ်ပေးနေပြန်ရာ ပို၍ အခြေအနေဆိုးသည်ထက် ဆိုးလာလေ၏။ သူတို့နှစ်ဦးသည် ဒဏ်ရာရထားကြသည်ကိုပင် မမှုဘဲ ဤသို့ အသေအကြေ ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းမှာ ချင်တူးတူး၏ ရှေ့တွင် မျက်နှာဝန်းပွင့်ရန် အားထုတ်နေကြခြင်းပင် ဖြစ်၏။

ကျန်းချွေးဆန်းလည်း ယခုမှ ဤဂိုဏ်းတူညီအစ်ကိုနှစ်ယောက်၏ အခြေအနေမှန်ကို သိသွား၏။

'လက်စသတ်တော့ ဒီနှစ်ကောင်က မြာရူးတွေပဲ'ဟုလည်း စိတ်ထဲမှ ကောက်ချက်ချလိုက်မိသည်။

ယင်းသို့ရှိစဉ် ချင်တူးတူးက ဝမ်းသာအားတရယ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ကျွန်းချွေးဆန်းရေ၊ သူတို့ရဲ့ ခွန်းလွှန်စားသိုင်း ပညာက ဘယ့်နှယ်လဲဟင်၊ အဆင့်မြင့်ရဲ့လား'ဟု မေးလာ၏။

သို့သော် ကျွန်းချွေးဆန်းက မဖြေ။ ချင်တူးတူးကိုသာ မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေလေ၏။ ထိုအခါ ချင်တူး တူးက . . .

'ဟင် အလကားပဲ၊ တစ်ခါလာလဲ ဒီစားကွက်၊ တစ်ခါ လာလဲ ဒီစားကွက်၊ ဘာမှ ကြည့်လို့လဲမကောင်းဘူး၊ လာ . . . အစ်ကို၊ ကျွန်မတို့ ကမ်းခြေဘက်ကိုသွားပြီး ရှခင်းလှလှ လေးတွေ သွားကြည့်ရအောင်'ဟု ပြောပြီး ခွန်းလွှန်ဂိုဏ်းမှ လူငယ်နှစ်ယောက် မခံချင်အောင် တမင်ပင် ကျွန်းချွေးဆန်း၏ ဘယ်ဘက်လက်ကိုဆွဲ၍ ထိုနေရာမှ ထွက်ခဲ့လေတော့၏။

ချင်တူးတူး၏ မျက်နှာသာပေးခြင်းကို သွေးဖြင့် လဲ၍ပင် ခံယူချင်ကြသော ခွန်းလွှန်ဂိုဏ်းမှ လူငယ်နှစ်ယောက်မှာမူ မခံရှိ မခံသာဖြင့် ကြောင်စီစီ ကျန်ရစ်ခဲ့လေတော့သည်။

□□□

ကျွန်း၏အစွန်း ပင်လယ်ပြာကို လှိုင်းကလေးများ တဖျပ်ဖျပ် ပုတ်ခတ်နေရာ ရှုခင်းသာသို့ ရောက်သည့်တိုင် ချင်တူးတူး၏ နွေးထွေးသော လက်ကလေးက ကျွန်းချွေးဆန်း၏ လက်ကို ဆုပ်ကိုင်ထားလျက် ပခုံးချင်းယှဉ်ကာ လျှောက်လာ ကြ၏။ ကျွန်းချွေးဆန်းလည်း တစ်ကိုယ်လုံး ဖိန်းရှိန်းလျက် ဘယ်လို ခံစားချက်မျိုး ခံစားနေရမှန်းပင် မသိတတ်အောင် ဖြစ်နေ၏။ ရင်ထဲက ပူသလိုလို အေးသလိုလို။ သို့သော် ချင်တူးတူး၏ လက်မှ ရုန်းမထွက်ရက်ပေ။ လန်းဆန်းသော ပင်လယ်လေသန့်အေးသည် ကမ်းခြေဆီသို့ တသုန်သုန် သုတ်ဖြူးလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြာသည်လည်း လှိုင်းအောင်ခတ်လျက်။ ကျန်းချွေးဆန်းလည်း ရင်ခုန်လျက်။ ထိုစဉ် ချင်တူးတူးက . . .

'တစ်ခါတုန်းကတဲ့၊ လူတစ်ယောက်က ပင်လယ်ပြင်ကို ပြောတယ်တဲ့ အစ်ကို၊ ဒီလောကမှာ ပင်လယ်ပြင်ကြီးဟာ အကြီးဆုံးပါပဲ၊ မြစ်တွေ၊ ချောင်းတွေမှန်သမျှ ပင်လယ်ပြင်ရဲ့ ရင်ခွင်ထဲကို စုပြီး ရောက်ရှိလာကြရတယ်၊ ဒါပေမယ့် ပင်လယ်ပြင်ကြီးဟာ ပြည့်လျှံလို့သွားတယ်ရယ် မရှိပါဘူးတဲ့ အစ်ကို၊ ပင်လယ်ပြင်ကြီးက ဒီစကားကို ကြားတော့ ဘဝင်မမြင့်ဘူး၊ မဝင့်ကြွားဘူး၊ မာန်မာန မထောင်လွှားဘူးလေ၊ ပင်လယ်က ဘာပြန်ပြောသလဲဆိုတော့ ကျုပ်က စကြဝဠာကြီးထဲမှာရှိတဲ့ သဲပွင့်တစ်ပွင့်လောက်သာ ရှိပါတယ်တဲ့ အစ်ကိုရဲ့၊ ဒီစာကိုရေးတဲ့ ကျွမ်းကိုဆိုတဲ့ ပညာရှိကြီးဟာ တကယ့်ကို သဘောထားကြီးပြီး အမြင်ကျယ်တာပဲနော်'ဟု ဆိုလေ၏။

ကျန်းချွေးဆန်း အံ့သြသွား၏။ ပင်လယ်ပြာအလှကို ကြည့်ရင်း သူ့ဆရာနှင့်တကွ၊ ဂိုဏ်းတူ ညီအစ်ကိုများကို အမှတ်ရနေမိသော်လည်း ချက်ချင်း လွင့်ပြယ်သွား၏။

ပြီး . . . ချင်တူးတူး၏ အလှမျက်နှာကိုသာ ငေးစိုက်ကြည့်နေမိလေ၏။ အမှန်မှု ကျန်းချွေးဆန်းသည် ချင်တူးတူး၏ အပြုအမူကို မနှစ်သက်ပေ။ အထူးသဖြင့် စောစောစဉ်က ခွန်းလွန်ဂိုဏ်းတူ ညီအစ်ကိုနှစ်ဦးကို မြှောက်ထိုးပင့်ကော်လုပ်ပြီး အမှန်တကယ် - ယှဉ်ပြိုင်တိုက်ခိုက်စေသော အပြုအမူမျိုးပင် ဖြစ်၏။



သို့သော် ယခု မမျှော်လင့်ဘဲ ချင်တူးတူး၏ နှုတ်ဖျားမှ ထူးဆန်းသော စကားကို ကြားသော် ငေးကြောင်သွားမိလေ၏။ အံ့သြခြင်း ဖြစ်မိလေ၏။

အကြောင်းမူ ပညာရှိကြီး ကျွမ်းကို၏ နီတိကျမ်းစာအုပ်မှာ တရားမမွေ ကျင့်ကြံအားထုတ်သော တောမှီရသေ့များ၏ လက်စွဲကျမ်းတစ်ကျမ်း ဖြစ်၏။

သို့ကြောင့်လည်း ကျန်းချွေးဆန်း ငယ်စဉ်ကပင် သူ့ဆရာကြီး ကျန်းဆန်းဖုန်းသည် ထိုကျမ်းကိုဖတ်ပြီးလျှင် တပည့်ဖြစ်သူ သူတို့ဂိုဏ်းတူညီအစ်ကို ခုနစ်ယောက်အား ရှင်းလင်းပြခဲ့လေသည်။

ကျန်းချွေးဆန်းသည်ပင် ငေးကြောင်ရင်း ချင်တူးတူး၏ မျက်နှာကို ကြည့်နေမိရာမှ . . .

'ဟုတ်ပါတယ်၊ ဒီပညာရှိကြီးက တကယ့်ကို အမြော်အမြင်ကြီးပါတယ်'ဟု ပြန်ပြောလေသည်။

ချင်တူးတူးကလည်း ကျန်းချွေးဆန်း၏ မျက်နှာကို စိုက်ကြည့်လိုက်၏။ ကျန်းချွေးဆန်း၏ မျက်နှာပေါ်တွင် တစ်စုံတစ်ဦးအား လွန်စွာ လေးစားရိုသေသော ကြည်ညိုဂုဏ်ယူသော အမူအရာ ပေါ်နေလေ၏။ ထို့ကြောင့် . . .

'အစ်ကို၊ အစ်ကိုက အစ်ကိုရဲ့ဆရာကို သတိရနေပြီလားဟင်'ဟု မေးလာ၏။

ကျန်းချွေးဆန်း၏ ရင်ထဲမှာ တစ်ချက်မျှ တုန်ယင်သွားပြီး သူ့ညာလက်ဖြင့် ချင်တူးတူး၏ လက်ကလေးတစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖမ်းဆုတ်လိုက်ရင်း . . .

'ကျုပ်ရင်ထဲက ခံစားနေရတာကို ဘယ်လိုလုပ် သိတာလဲဟင်' ဟု ပြန်မေးလေ၏။

'အစ်ကိုရဲ့ မျက်နှာအမူရာကို ကြည့်ပြီး ခန့်မှန်းမိတာပါ၊ ဒီလောကမှာ ပညာရှိကြီး ကျွမ်းကိုလော်က် ဉာဏ်အမြော်အမြင်ကြီးတဲ့လူဟာ တစ်ယောက်တည်းရှိတယ် အစ်ကို၊ အဲဒီပုဂ္ဂိုလ်က ဘယ်သူလဲ သိလား'

'ပြောပါဦး'

'အဲဒီ ပုဂ္ဂိုလ်ဟာလေ အစ်ကိုရဲ့ဆရာ ဆရာကြီး ကျန်းဆန်းဖုန်းပဲပေါ့ အစ်ကို'

ကျန်းချွေးဆန်းက သူ့ဆရာအတွက် လွန်စွာ ဝမ်းသာဂုဏ်ယူသွားမိ၏။ ပြီး ချင်တူးတူး၏ မျက်နှာကို ရွှန်းလက်စွာ စိုက်ကြည့်ရင်း . . .

'ခင်ဗျား မဆိုးဘူး၊ သိပ်ဉာဏ်ကောင်းတာပဲ' ဟု ချီးကျူးလိုက်လေသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ကျန်းချွေးဆန်းသည် ချင်တူးတူး၏ လက်ကလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားမိသည်ကို သတိရကာ မျက်နှာ နီမြန်းသွားပြီး ရုတ်တရက် လက်ကို လွှတ်လိုက်မိ၏။ အမှန်မူ ချင်တူးတူးသည် လွန်စွာ ပါးနပ်သော လိမ္မာရေးခြားရှိလှသော မိန်းကလေးဖြစ်ရာ



တစ်ဖက်သား၏ အကြိုက်ကို လိုက်၍ ပြောတတ်သူလေး ဖြစ်၏။

ယခုလည်း ကျန်းချွေးဆန်း သူမအပေါ် ခင်မင်သည်ထက် ခင်မင် ရင်းနှီးလာစေရန် ကျန်းချွေးဆန်းအကြိုက် ပြောနေခြင်းပင် ဖြစ်ပါ၏။

ပင်လယ်ပြာသည် အစဉ်မပြတ် လှိုင်းဘောင်ဘင်ခတ် လျက်ရှိ၏။ ပင်လယ် လေသည်အားလည်း တသုန်သုန် သုတ်ဖြူးလျက်ရှိ၏။ ပင်လယ်ကမ်းစပ် ကျွန်းကလေး၏ အစွန် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ပခုံးချင်းယှဉ်ကာ ထိုင်နေကြသော ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့မှာလည်း အားပါးတရ အလျဉ်မပြတ် စကားပြောလျက် ရှိနေကြ၏။ သို့ဖြင့် အချိန်တရွေ့ရွေ့ ကုန်ဆုံးမှန်းမသိ ကုန်ဆုံးလာ၏။

ထိုစဉ်ခိုက် ခြေသံစပ်ပြင်းပြင်း နင်းလာသံနှင့်အတူ လူတစ်ယောက်၏ ချောင်းဟန့်သံကိုပါ ကြားလိုက်ရ၏။ နှစ်ဦးသား လှည့်ကြည့်လိုက်သော် . . .

'အစ်ကိုလေး ကျန်းချွေးဆန်းနဲ့ မမလေး ခင်ဗျား၊ မွန်းတည့်ချိန် ရောက်နေပါပြီ၊ ဓားပြပွဲကို သွားကြရအောင်'

ပြောလာသူမှာ မျက်ခုံးဖြူဂိုဏ်း၏ ဂိုဏ်းခွဲ ဆက်ရက် အဖွဲ့ခေါင်းဆောင် ချန်ကျင်းဖန်ပင် ဖြစ်ပါ၏။ ချန်ကျင်းဖန်မှာ သို့နှင့် ခပ်လှမ်းလှမ်းတွင် ရပ်လျက် လေးစားဟန်ဖြင့် မျက်နှာထား တည်တည်ထား၍ ပြောလိုက်ခြင်းပင်။ သို့သော် သူ၏ နှုတ်ခမ်း ထောင့်တစ်နေရာတွင်မူ အပြုံးရိပ်တစ်ခု ထင်ဟပ်လျက်ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအရာ သွင်ပြင်ဟန်ကိုကြည့်သော် လွန်စွာကြင်နာပြီး ကိုယ်ချင်းစာတတ်သော လူကြီးတစ်ယောက်က လွန်စွာ လိုက်ဖက်သော ချစ်သူနှစ်ယောက်ကို ကြည့်ပြီးလျှင် ပီတိဖြစ်နေပုံမျိုးပင်ဖြစ်၏။

ချင်တူးတူးသည် ယခင်ကဆိုလျှင် ချန်ကျင်းဖန်အား သူမ၏ လက်အောက်ငယ်သားတစ်ယောက်အဖြစ်သာ သဘောထားပြီး မောက်မာစွာ ဆက်ဆံလေ့ရှိတတ်သော်လည်း ယခုအချိန်တွင်တော့မူ သူမ၏ မျက်နှာက ပကတိသွင်ပြင်ဟန်ပေါ်လျက် ရှက်သွေးကလေးဖြာကာ ရှက်စနိုးဟန်ဖြင့် ခေါင်းငုံ့ထားမိလေသည်၏။

ကျန်းချွေးဆန်းလည်း ရုတ်တရက် မည်သို့မျှ မခံစားမိသော်လည်း သူတို့နှစ်ဦး၏ ထူးခြားသော အမူအရာကို မြင်သော် မျက်နှာနီမြန်းလာကာ ရှက်စိတ်ဖြင့်မနေတတ် မထိုင်တတ်အောင် ဖြစ်သွားလေ၏။ သို့သော် ချန်ကျင်းဖန်က အလိုက်သိစွာပင် ထိုနေရာမှ ချာခနဲလှည့်၍ အလျင်ထွက်ခွာသွားလေသည်။ ထိုအခါ ချင်တူးတူးက ရုတ်တရက် ကျန်းချွေးဆန်း နား,နားကပ်၍ နှစ်ကိုယ်ကြား လေသံဖြင့်...

'အစ်ကို၊ ညီမ အရင်သွားမယ်နော်၊ အစ်ကို ကျွန်မနဲ့အတူ လိုက်မလာနဲ့နော်'ဟု ဆို၏။

ကျန်းချွေးဆန်းက ကြောင်တက်တက် ဖြစ်သွား၏။ စိတ်ထဲကမှ...

တွင် စိတ်ထဲမှ နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ အမှန်



'အင်း... ဒီမိန်းကလေးက အခုမှ ထူးထူးခြားခြား ရှက်နေရပါလိမ့်'ဟု တွေးလိုက်မိ၏။

သို့သော် ချင်တူးတူးအား သူက ဘာမျှ ပြန်မပြောမိ။ ခေါင်းကလေးသာ ညိတ်ပြလိုက်လေ၏။

ချင်တူးတူးသည် ရှေ့မှ သွားနေသော ချန်ကျင်းဖန်ကို အမီလိုက်၍ ပခုံးချင်းယှဉ် လျှောက်နေ၏။ ထိုစဉ် ချင်တူးတူးက ရယ်မောသံဖြင့် ချန်ကျင်းဖန်အား မေးလေသည်။

'ဟို... ပေါ်တာနှစ်ယောက် ဘယ်လိုနေသေးသလဲ'

'အရေပြားရုပ်ပြီး ဒဏ်ရာကလေး နည်းနည်းပါးပါး ရသွားကြတာပါ၊ ဒီလောက် ပေါ်တဲ့တောင်တွေ ခံရတာပဲ ကောင်းတယ်'ဟု ပြန်ဖြေသည်။

ကျန်းချွေးဆန်းကမူ ယခုအချိန်တိုင် ကျောက်တုံးကြီးပေါ်တွင် ငြိမ်သက်စွာထိုင်လျက် ရှိသေး၏။ ခန္ဓာကိုယ်ကသာ ငြိမ်သက်နေသော်လည်း သူ၏ ရင်ထဲကမူ တစ်မျိုးတစ်မည် ခံစားနေရ၏။ ရင်မှာ တုန်ယင်လျက် ဘာမှန်းမသိသော ခံစားချက် ဝေဒနာတစ်မျိုးပင် ဖြစ်ပါ၏။ သူသည် ချင်တူးတူးနှင့် ချန်ကျင်းဖန်တို့ သစ်ပင်များအကြား လှုရိပ်ပျောက်ကွယ်သွားမှပင် ကျောက်တုံးကြီးပေါ်မှ အသာအယာထလျက် လျှောက်လာခဲ့၏။ သူ ကျွန်း၏ အလယ်ဗဟိုသို့ ရောက်ချိန်တွင်မူ မြက်ခင်းပြင်ပေါ်တွင် ခံဝိုင်းကြီး ခုနစ်ဝိုင်းခန့် ခင်းကျင်းထားသည်ကို တွေ့ရပြီး အရှေ့ဘက် အစွန်ဆုံးဝိုင်းမှလွဲလျှင် ကျန်ဝိုင်းများမှာ လူတွေ ထိုင်နေကြသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျင်းဖန်သည် ကျန်းချွေးဆန်း လျှောက်လာသည်ကို မြင်သည်နှင့် ရုတ်ခြည်း မတ်တတ်ထရပ်၍ ကျယ်လောင်သော အသံဖြင့် . . .

'ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်း ရောက်လာပါပြီ'ဟု ကြွေးကြော်ပြီးလျှင် ကျားသစ်အဖွဲ့ခေါင်းဆောင် ပေကျွေးချိုနှင့် အတူ လျှောက်ထွက်လာပြီး ကျန်းချွေးဆန်းအား ကြိုဆို၏။ သူတို့၏နောက် တစ်ပက်တစ်ချက်တွင်မူ အဖွဲ့သား ငါးယောက်စီ လိုက်ပါသွား၏။ ချင်ကျင်းဖန်နှင့် ပေကျွေးချိုသည် ဝင်လမ်း၏ အဝတွင် ရပ်၍ ကိုယ်ကိုကိုင်းကာ လျှောက်ဝင်လာသော ကျန်းချွေးဆန်းအား ကြိုဆိုကြောင်း ကြေညာပြန်၏။

'မျက်ခုံးဖြူဂိုဏ်းရဲ့ ဂိုဏ်းခွဲ ကျားသစ်အဖွဲ့ခေါင်းဆောင် ပေကျွေးချိုနဲ့ ဆက်ရက်အဖွဲ့ခေါင်းဆောင် ချန်ကျင်းဖန်က အစ်ကိုလေး ကျန်းချွေးဆန်းကို ကြိုဆိုပါတယ်'

ချင်တူးတူးကမူ ဝင်လမ်းဝမှ ကျန်းချွေးဆန်းအား ကြိုဆိုခြင်း မပြုသော်လည်း ထိုင်ခုံမှ ထ၍ နံဘေးတွင်ရပ်ကာ ကြိုဆိုလိုက်၏။ ကျန်းချွေးဆန်းလည်း အားလုံးကို အရိုအသေ ပေးပြီး အတွင်းသို့ ခပ်တည်တည် လျှောက်ဝင်လာ၏။

ထိုအခါ စားပွဲဝိုင်း အသီးသီးတွင် ထိုင်နေကြသော အခြားဂိုဏ်းများမှ ပရိသတ်များက သူ့ကို မနှာလို ဝန်တိုဟန်ဖြင့် ကြည့်နေကြသည်ကို ကျန်းချွေးဆန်း အကဲခတ်လိုက်မိသည် တွင် စိတ်ထဲမှ နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ အမှန်မူ



ဟိုင်ဆားဂိုဏ်း၊ ဝေလငါးဂိုဏ်း၊ လက်သီးဘုရင်ဂိုဏ်း စသော ဂိုဏ်းအဖွဲ့များ ရောက်လာစဉ်က မျက်ခုံးဖြူဂိုဏ်းသည် သူတို့အား သာမန် ဂိုဏ်းသားတစ်ယောက်ကိုသာ လွှတ်၍ ကြိုဆိုနေရာချ ပေးခဲ့၏။

ယခု ကျန်းချွေးဆန်းအား ကြိုဆိုသကဲ့သို့ ကြီးကျယ် ခမ်းနားစွာ ကြိုဆိုခြင်း မပြုခဲ့ချေ။ ဤသည်ပင်လျှင် သူတို့အား မျက်ခုံးဖြူဂိုဏ်းက အထင်သေးကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်ဟု နားလည်လိုက်သောကြောင့်ပင် ဖြစ်ပါ၏။

ပေကျွေးချိုက ကျန်းချွေးဆန်းအား ရှေ့အစွန်ဆုံး စားပွဲ ဝိုင်းတွင် ထိုင်နိုင်းလိုက်၏။ ထိုစားပွဲဝိုင်းမှာ ထိုင်ခုံတစ်လုံးသာ ချထား၏။

အကြောင်းကား ထိုထိုင်ခုံတွင် သီးသန့်ရောက်ရှိလာ သော ဧည့်သည်တော်များထဲမှ အထူးအလေးပေးခြင်းခံရသော သီးသန့် ဧည့်သည်တော်သာ ထိုင်ခွင့်ပြုထားသောကြောင့် ဖြစ်သည်။

ကျန်းချွေးဆန်းသည် သီးသန့် ဧည့်သည်တော် ထိုင်ခုံ တွင် ထိုင်ရင်း ကျန်ဝိုင်းများသို့ လှည့်ပတ်ကြည့်လိုက်၏။ ထိုအခါ အချို့သော ဝိုင်းတွင် လူမပြည့်သေးသည်ကို တွေ့ရ၏။ စားပွဲနံပါတ် ခြောက်တွင်မူ ခွန်းလွန်ဂိုဏ်းမှ ကောင်းကျက်ချန် နှင့် ချန်ချိုတို့သာ ထိုင်နေသည်ကို တွေ့ရ၏။

သို့ဖြင့် ကျန်းချွေးဆန်းက . . .

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ခင်ဗျာ၊ ကျုပ်က သိုင်းလောကမှာ ဝါနုတဲ့လူပါ၊ ဒီလို အထူးသီးသန့် ခြေ့သည်တော်နေရာမှာ မထိုင်ဝံ့ပါဘူး၊ ကျုပ်ကို ဒီပြင်ဝိုင်းမှာပဲ နေရာချထားပေးပါ'ဟု ပေကွေးချို အား မေတ္တာရပ်ခံလိုက်၏။

ပေကွေးချိုက ထို ထိုင်ခုံမှထွင်သော ထိုင်ရန် တိုက်တွန်း သော်လည်း ကျန်းချွေးဆန်းက လက်မခံပါချေ။ အဘယ့်ကြောင့်မူ ဆရာကြီး ကျန်းဆန်းဖုန်းက သူ့တပည့်များအား အမြဲလိုပင် ဤသို့ ဆုံးမလေ့ရှိ၏။

'တပည့်တို့ ဘယ်သောအခါမှ မိမိဂိုဏ်းရဲ့ နာမည် အရှိန်အဝါကို ယူပြီး မဝင့်ကြွားနှင့်၊ မပလွှားနှင့်'ဟု ဆုံးမ ခဲ့သည် မဟုတ်ပါလား။

ထိုစဉ် ကောင်းကျက်ချုန့်တို့ ဂိုဏ်းကူညီအစ်ကို နှစ်ယောက် က တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြ၏။ ထိုအခါ ချန်ချိုသည် သူ့ထိုင်ခုံကို ရုတ်တရက် မ,၍ ကျန်းချွေးဆန်း ထိုင်ခုံရာ ရှေ့စားပွဲဆီသို့ တအားပစ်ပေါက်လိုက်လေသည်။ သူတို့နှစ်ယောက် ထိုင်နေသော စားပွဲဝိုင်းနှင့် အထူးခြေ့သည် တော် ထိုင်ရာ စားပွဲဝိုင်းမှာ အလှမ်းကွာလှ၏။ ကြားတွင် စားပွဲဝိုင်း ငါးဝိုင်းမျှ ခြားနေ၏။ သို့သော် ချန်ချိုပစ်လိုက် သော အားမှာ လွန်စွာပြင်းလေရာ ဟူးခနဲ အသံတစ်ချက်သာ ကြားရပြီး ခုံမှာ စားပွဲဝိုင်းများပေါ်မှဖြတ်၍ အရှေ့ဘက်စွန်းရှိ သီးသန့် စားပွဲဝိုင်းနားသို့ ကျရောက်လာ၏။ သို့ရာတွင် ဗွင် စတာထမှ နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ အမှန်မှ



ထိုင်ခုံမှာ မြေကြီးပေါ်သို့ လဲကျသွားသွားခြင်း အလျဉ်းမရှိဘဲ လူတစ်ယောက်က ခုံကို မ,၍ ထိုနေရာသို့ လာချလိုက်သကဲ့သို့ နေသားတကျ ရှိနေလေ၏။ ဤတစ်ကွက်ကို ကြည့်လိုက်လျှင်ပင် သူတို့၏ သိုင်းပညာက မခေလှကြောင်း ထင်ရှားလှ၏။

ထိုစဉ် ကောင်းချက်ချုန်သည် ရုတ်တရက် နေရာမှ ထ,၍ ကျယ်လောင်စွာ ရယ်မောလျက်...

'ဟား ဟား ဟား၊ ဟူတန်းဂိုဏ်းကလူက တယ်လဲ သတ္တိနည်းသကိုး၊ သူ မထိုင်ရဲရင် ကျုပ်တို့ ညီအစ်ကို လာထိုင် မယ်'ဟု ပြောပြီး သူတို့နှစ်ယောက် သီးသန့်စားပွဲဝိုင်းဆီသို့ လျှောက်လာလေသည်။

အမှန်မှ သူတို့နှစ်ဦးသည် စောစောစဉ်က ချင်တူးတူး၏ လှည့်စားခြင်းကို ခံလိုက်ရကြောင်း သိရ၍ လွန်စွာ ဒေါသ ထွက်နေကြ၏။ သို့ရာတွင် သူတို့၏ ဒေါသကို ချင်တူးတူးအပေါ် မပေါက်ကွဲရဲဘဲ ကျန်းချွေးဆန်းကိုသာ မဲနေကြလေ၏။ ထို့ ကြောင့်လည်း သူတို့ နှစ်ဦးသည် ဤအခွင့်အရေးကို အခွင့် ကောင်းယူ၍ ကျန်းချွေးဆန်းအား အရှက်ခွဲရန် လူပုံအလယ် တွင် ဤနည်းဖြင့် စိန်ခေါ်လိုက်ခြင်းဖြစ်လေ၏။

ချန်ကျင်းဖန်က အကင်းပါးသူပီပီ သူတို့ နှစ်ဦးအား ချက်ချင်း ဟန့်တားလိုက်၏။ သို့သော် ကောင်းကျက်ချန်က လက်ချောင်းများကို စု၍ ချန်ကျင်းဖန်၏ တံတောင်ကွေးရှိ ကျဉ်ကြောကိုထိုးရန် ဟန်ပြင်လိုက်သည်။ ကျန်းချွေးဆန်းကမူ ဘာမှမဖြစ်သလို လေသံ အေးအေးဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက် ထိုင်မယ်ဆိုရင် သိပ် သင့်တော်တာပေါ့ဗျာ၊ ကျုပ် ဟိုဘက်ဝိုင်းမှာ သွားထိုင်လိုက်မယ်လေ၊ ကြွပါ... ကြွပါ'ဟု ပြောပြီး စောစောက ကောင်းကျက်ချန်တို့ ထိုင်ခဲ့ရာ စားပွဲဝိုင်းဘက်သို့ လျှောက်သွားလိုက်လေ၏။

ထိုအခိုက် ချင်တူးတူးက ရုတ်တရက် လက်ယပ်လှမ်းခေါ်လိုက်သည်။

'အစ်ကို ကျန်းချွေးဆန်း၊ ဒီကို ခဏလာပါဦး'

ကျန်းချွေးဆန်းက ချင်တူးတူး ဘာပြောမည်ကို သိလို၍ အနားသို့ လျှောက်သွားလေ၏။ သို့သော် ချင်တူးတူးက ထွေထွေထူးထူး မပြောဘဲ သူ့နံဘေးရှိ ထိုင်ခုံကို လက်ဖြင့် ပုတ်ပြရင်း ပြုံးလျက်...

'အစ်ကို ကျွန်မအနားမှာပဲ ထိုင်' ဟူ၍သာ ပြောလေ၏။

ကျန်းချွေးဆန်း အခက်ကြုံရတော့၏။ ချင်တူးတူး၏ နံဘေးတွင် ထိုင်ချရန် စိတ်မလုံမလဲ ဖြစ်နေ၏။ လူပုံအလယ်တွင် မိမိအား သူမနံဘေးတွင် ထိုင်ခိုင်းလိမ့်မည်ဟု မထင်မှတ်ခဲ့၍လည်း ကြောင်အမ်းအမ်းဖြစ်သွား၏။

သူမနှင့် နီးကပ်စွာ ပခုံးချင်းယှဉ်ကာ လူပုံအလယ်တွင် ထိုင်ပါလျှင် အများက သူတို့နှစ်ဦးအား အဘယ်သို့ ယူဆမည်နည်းဟူသော အတွေးကလည်း ရုတ်ခြင်း ပေါ်လို့လာ၏။ သို့သော် ချင်တူးတူးအနားတွင် ကပ်၍မထိုင်ဘဲ တစ်နေရာသို့



ထွက်သွားလျှင်လည်း ချင်တူးတူး အရှက်ကွဲနေလေဦးမည်။ သို့ဖြင့် ကျန်းချွေးဆန်းသည် စိတ်မသက်မသာဖြင့်ပင် ချင်တူးတူးနှင့် ကပ်လျက်ခုံတွင် ထိုင်လိုက်လေ၏။

ချင်တူးတူးမှ ကျန်းချွေးဆန်း သူနှင့် ပခုံးချင်းယှဉ်လျှင်ချင်း ပူးကပ်မျှထိုင်သည်ကို လွန်စွာ ရွှင်လန်းသွား၏။ မျက်နှာအလှပေါ်တွင် ပီတိရိပ်တို့ လျှမ်းသွား၏။ ပြီး... ချက်ချင်းပင် ကျန်းချွေးဆန်းအတွက် အရက်တစ်ခွက် ငှဲ့ပေးလေသည်။

တစ်ဖက်တွင် ကောင်းကျက်ချန်တို့ ညီအစ်ကို နှစ်ဦးမှာ အထူးသီးသန့် ဧည့်သည်တော်ဝိုင်းတွင် နေရာရလိုက်သော်လည်း ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့၏ လွန်စွာ ရင်းနှီးကျွမ်းဝင်ပုံရသော အခြေအနေကို မြင်လတ်သော် စိတ်ထဲမှ ကျွဲမြီးတိုသည်ထက် တိုကာ နေမထိ ထိုင်မသာ ဖြစ်နေကြလေ၏။

ထိုစဉ်တွင် ပေကွေးချိုက သီးသန့် ဧည့်သည်တော်ထိုင်ရန် ထိုင်ခုံတစ်လုံးနှင့် ချန်ချို ပစ်ပေါက်လိုက်သော ထိုင်ခုံနှစ်လုံးကို လက်ဖြင့် အသာအယာ ပွတ်သပ်၍ ဖုန်ခါပေးနေသည်ကို တွေ့ရ၏။ ပြီးမှ ပြုံး၍...

'ခွန်းလွန်ဂိုဏ်းက နာမည်ကျော် ဓားသိုင်းသမားကြီးနှစ်ဦးက သီးသန့် အထူးဧည့်သည်တော်ဝိုင်းမှာ ထိုင်မယ်ဆိုတော့ သိပ်ကို လျော်ကန်လှပါတယ်ဗျာ၊ ထိုင်ပါ၊ ထိုင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်မန္တကပြုပြီးလျှင် ကျန်လူများ ထိုင်နေရာ ဝိုင်းဘက်ဆီသို့ ပြန်လျှောက်သွားလေ၏။

ကောင်းကျက်ချန်တို့ မျက်နှာမှာ မော်သွား၏။ ဝင့်ကြွားဟန် ချက်ချင်းပေါ်လာ၏။ ပေကွေးချိုလို ပုဂ္ဂိုလ်ကပင် သူတို့ထိုင်ရာ ထိုင်ခုံကို လက်ဖြင့် ရိုသေစွာ ဖုန်ခါပေးပြီး ထိုက်တန်သော နေရာထိုင်ခင်းတွင် ထိုင်ရန် ဖိတ်မန္တကပြုခြင်း အတွက်ပင် ဖြစ်၏။ စိတ်ထဲမှလည်း...

'ဟင်း၊ ဘယ်ရမလဲကွာ၊ ဒီတစ်ခါ ဟူတန်းဝိုဏ်းက မဟာသိက္ခာတော့ အကျကြီး ကျသွားပြီလေ၊ ဒီပွဲမှာ ငါတို့ ခွန်းလွန်ဂိုဏ်းက နာမည်တက်သွားပြီ'ဟု ထင်မှတ်နေ၏။

သို့ဖြင့် သူတို့ ညီအစ်ကိုသည် တစ်ချက်မျှ အခြားသော ဧည့်ပရိသတ်များကို ဝင့်ကြည့်ပြီးနောက် ဟန်နှင့်ပန်နှင့် ခပ်ကြွားကြွားပင် ထိုင်ခုံပေါ်သို့ ပြိုင်တူ ထိုင်ချလိုက်၏။

'ဝုန်း... ချလွမ်'

ထိုအခိုက် အသံနှစ်ချက် ကြားလိုက်ရပြီးလျှင် သူတို့ နှစ်ဦးစလုံး ထိုင်ခုံကျိုး၍ မြေကြီးပေါ် ပြုတ်ကျသွားသည်ကို အားလုံး အံ့ဩစွာဖြင့် တွေ့လိုက်ရလေ၏။ သို့သော် သူတို့ နှစ်ဦးမှာလည်း ထိပ်သီး သိုင်းသမားဖြစ်၍ မြေကြီးနှင့် ကျောပြင် မထိမီ လက်ဖြင့် မြေကြီးကိုထောက်ကာ တွန်း၍ လူးလဲ ထ,နိုင်လိုက်လေ၏။ သို့သော်...

'ဝါး ဟား ဟား ဟား'

'ဟား ဟား ဟား'



ကျန်ဝိုင်းများမှ ပရိသတ်များက သူတို့၏ ပုံပျက်ပန်းပျက် ဖြစ်သွားပုံကို ကြည့်၍ တဟားဟားနှင့် ရယ်မောကြလေ၏။

ကောင်းကျက်ချန်တို့ မျက်နှာမထားတတ်အောင် အရှက်ကြီး ရှက်သွား၏။ စိတ်ထဲမှလည်း ကောင်းစွာ သိလိုက်၏။ အမှန်မှ ပေကွေးချိုသည် သူတို့ထိုင်ရန် ခုံများကို လက်ဖြင့် ဖုန်သုတ်ပေးသလိုနှင့် အတွင်းအားဖြင့် ထိုင်ခုံကို ကျိုးလုလုနီးပါးဖြစ်အောင် စီပိရိရိ လုပ်ထားခြင်းပင် ဖြစ်ပါ၏။ ဤလို ပြင်းထန်ပြီး အားပါလှသော အတွင်းအား သိုင်းပညာမျိုးကို သူတို့ ဘယ်သို့မျှ မယှဉ်ပြိုင်နိုင်။ ယခင်ကမူ ကောင်းကျက်ချန်သည် မျက်ခုံးဖြူဂိုဏ်းကို ဒုစရိုက်မှု ကျူးလွန်နေသော သာမန်မြေအောက်ဂိုဏ်းတစ်ဂိုဏ်းအဖြစ်သာ အထင်သေးစွာ နားလည်ထားခဲ့၏။ ထို့ကြောင့်လည်း သူတို့ ဂိုဏ်းတူ ညီအစ်ကိုနှစ်ဦးမှာ ဤဝမ်ဖန်ကျွန်းသို့ လိုက်လာပြီး လူစွာလုပ်နေခြင်းပင် ဖြစ်ပါ၏။

ယခုမူ အထင်နှင့်အမြင် လွန်စွာ ကွာခြားလှသည်ကို တွေ့ရသော် မမော်ကြွားရဲဘဲ မျက်စိပျက် မျက်နှာပျက် ဖြစ်သွားကြလေ၏။ ထိုစဉ် ပေကွေးချိုက အေးစက်စွာဖြင့်...

'ခွန်းလွန်ဂိုဏ်းက သိုင်းပညာမှာ မြင့်မားတယ်ဆိုတာကို ကြွရောက်လာကြတဲ့ ဧည့်ပရိသတ် အားလုံးလဲ သိထားကြပါတယ်၊ ဒီလို သိထားလျက်နဲ့ ထိုင်ခုံနှစ်ခုကို ယူပြီး အခုလို အစွမ်းထပ်ပြဖို့ မသင့်ပါဘူး၊ ဒီလို ထိုင်ခုံတွေ ကျိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နိုင်တဲ့ သိုင်းပညာမျိုးလောက်ကတော့ ဒီလူတွေအားလုံး ထမင်းစားရေသောက် သဘောလောက်သာ ထားကြပါတယ်'

ပေကျွေးချိုက စကားကို ခေတ္တရပ်ပြီး သူ့အဖွဲ့သားများဘက်သို့ မျက်နှာမူ၍...

'ကဲ... မင်းတို့လဲ ဟိုလူစွမ်းကောင်းတွေလို ထိုင်ခုံကျိုးအောင် ထိုင်ပြသွားသလို ထိုင်ပြလိုက်စမ်း'ဟု အမိန့်ပေးလိုက်ရာ ပေကျွေးချို၏ အဖွဲ့သားများ ထိုင်နေရာ ဝိုင်းဆီမှ ထိုင်ခုံကျိုးသံ ဗုာဖြောင်းဖြောင်း ဆက်တိုက်ပင် ကြားလိုက်ရလေတော့၏။ သို့သော် သူ့အဖွဲ့သားများသည် ထိုင်ခုံများကျိုးအောင် တကယ်ထိုင်ပြလိုက်သော်လည်း ကိုယ်ကို ထိန်းထားသဖြင့် ကောင်းကျက်ချန်တို့ကဲ့သို့ မြေကြီးပေါ် ပုံပျက်ပန်းပျက် ကျသွားခြင်း အလျဉ်းမရှိဘဲ ပြုံးဖြီးဖြီး အမူအရာဖြင့် ဟန်မပျက်ပင် မတ်တတ်ရပ်လျက် အနေအထား ဖြစ်နေကြလေ၏။

ထိုအခါ ညှော်ပရိသတ်များက လူတွင်ကျယ်လုပ်လွန်းသော ကောင်းကျက်ချန်တို့ နှစ်ဦးကို ပေကျွေးချိုက တမင်အရှက်ခွဲနေကြောင်း သိသော် မအောင့်အည်းနိုင်တော့ဘဲ ဝါးလုံးကွဲ ရယ်မောလိုက်ကြပြန်လေ၏။ ရယ်မောမှု မဆုံးမီ နောက်ထပ် ချက်ခုံးဖြူဂိုဏ်းသား နှစ်ယောက်သည် ကြီးမားသော ကျောက်တုံး တစ်တုံးစီ မ,ယူလာပြီး အထူးသီးသန့် ညှော်သည်တော်ဝိုင်း ဆီသို့ လျှောက်သွားလေ၏။ ထို့နောက် ခုံကျိုးနှစ်ခုကို ဘေးသို့ ကန်ထုတ်လိုက်ပြီး ... ...

'ဟုတ်ကဲ့၊ ဟောဒီ ထိုင်ခုံနှစ်လုံးက ခင်ဗျားတို့ရဲ့



အလေးချိန်ကို မခံနိုင်လို့ ကျိုးကျသွားပြီဆိုတော့ ဒီကျောက်တုံးပေါ်မှာပဲ ထိုင်လိုက်ကြပေါ့ဗျာ'ဟု ဆိုလေ၏။

အမှန်မှု ဤသူ နှစ်ဦးမှာ ချက်ခုံးဖြူဂိုဏ်းတွင် လွန်စွာနာမည်ကြီးသော လူသန်ကြီးနှစ်ယောက် ဖြစ်ပါ၏။ ထိုလူနှစ်ယောက်၏ သိုင်းပညာမှာ အဆင့်မရှိလှသော်လည်း သူတို့နှစ်ယောက်၏ လက်မောင်းအားမှာမူ မွေးကတည်းက လွန်စွာကြီးမား၏။ အလွန်လေး၏။

ယခု သူတို့သည် စကားအဆုံးတွင် ကောင်းကျက်ချန်တို့ထံသို့ ကြီးမားသော ကျောက်တုံးနှစ်တုံးကို ပစ်ပေးပြီး ဖမ်းယူစေရန် ပြုလိုက်လေ၏။ ကောင်းကျက်ချန်တို့ နှစ်ဦးမှာ ဓားသိုင်းသမားများသာဖြစ်၍ ဓားအတတ်ပညာတွင်သာ ကောင်း၏။ ယခုမှု အလွန် လေးလံကြီးမားသော ကျောက်တုံး နှစ်တုံးကို ဖမ်းရမည်ဆိုသော် ဘယ်နည်းနှင့်မျှ မတတ်စွမ်းနိုင်ချေ။

ထို့ကြောင့် ကောင်းကျက်ချန်က ကြောက်လန့်တကြီးဖြင့် ...

'မ... မပစ်နဲ့၊ အောက်ကို ပြန်... ပြန်ချလိုက်ပါ'ဟု အောင်ပြောလေ၏။

သို့သော် လူသန်နှစ်ယောက်က 'ဟေး'ဟု ပြိုင်တူအော်၍ ကျောက်တုံးကြီးကို ဦးခေါင်းထက်သို့ မ,တင်လိုက်ပြီး ကောင်းကျက်ချန်တို့ နှစ်ဦးထံ ပစ်လွှတ်ရန် ဟန်ပြင်လိုက်လေ၏။

ကောင်းကျက်ချန်တို့ နှစ်ဦးမှာ အထိတ်တလန့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ နှစ်လှမ်း သုံးလှမ်းမျှ ဆုတ်၍ ရှောင်တိမ်းပေးပြီး ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် ထိုကျောက်တုံးကြီးသာ ထိမှန်ပါက သူတို့ နှစ်ဦးစလုံး အရိုးအသားပင် ရှာ၍ရမည် မဟုတ်တော့ချေ။

ပေကွေးချိုက ပုံပျက်ပန်းပျက် ဖြစ်နေသော သူတို့ နှစ်ဦးကို ကြည့်၍ ကျယ်လောင်သောအသံဖြင့် . . .

'ဟော့ . . . ခွန်းလွန်ဂိုဏ်းက သိုင်းသမားကြီးနှစ်ယောက်၊ ကိုယ့်ခံပေါ်တောင် ကိုယ်မထိုင်ရဲကြတော့ဘူးလား၊ ဒီလိုဆို ချက်ချင်း ပြန်ထလိုက်စမ်း၊ ကျန်းချွေးဆန်းပဲ ပြန်ထိုင်လိုက်ပါ' ဟု ဆိုသည်။

ထိုအချိန်တွင် ကျန်းချွေးဆန်းမှာ ချင်တူးတူးနှင့် ကပ်လျက် ထိုင်ရင်း အာရုံ ပျံ့လွင့်လျက်နေပေရာ ရုတ်တရက် ပေကွေးချိုက သူ့နာမည်ကိုတပ်၍ ပြောသံကြားတော့မှ သတိပြန်ဝင်လာ၏။ ပြီးနောက် သူက ထိုင်ရာမှ ရုတ်ခြည်းထ၍ ပေကွေးချိုထံ လျှောက်သွား၏။

ပေကွေးချိုသည် ချန်ကျင်းဖန်၏ ပြောပြချက်အရ သိုင်းပညာတွင် ကျန်းချွေးဆန်း လွန်စွာကောင်းကြောင်း ကြားသာ ကြားဖူးသူဖြစ်ရာ ယခုအချိန်တွင် လက်တွေ့စမ်းသပ်ရန် အခွင့် အရေး ရသွား၏။

သို့ဖြင့် ကျန်းချွေးဆန်း သူ့အနားသို့ ရောက်ချိန်တွင်ပင် လူသန်ကြီး နှစ်ဦးအား မျက်ရိပ်ပြလိုက်၏။ လူသန်နှစ်ဦး သည်



ကျောက်တုံးကြီး နှစ်တုံးကို မ,ထားရာမှ ကျန်းချွေးဆန်း အား . . .

'ကဲ . . . အစ်ကိုလေး ချန်းချွေးဆန်းရေ သတိသာထား ပေတော့' ဟု ပြောပြီး မ,ထားသော ကျောက်တုံးကြီး နှစ်တုံးကို ကျန်းချွေးဆန်းဆီ ပစ်လိုက်လေသည်။

ထိုအခါ ကျောက်တုံးကြီး နှစ်တုံးမှာ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကျန်းချွေးဆန်း၏ ကိုယ်ပေါ်သို့ ကျရောက်လာလေ၏။ ကြည့်ရှုနေသော သိုင်းသမား ဧည့်ပရိသတ်အားလုံးလည်း ထိုင်ရာမှ လန့်ဖျပ်ကာ ဝုန်းခနဲ တစ်ပြိုင်တည်းလိုပင် မတ်တတ် ထ,ရပ် လိုက်မိကြသည်။

ပေကွေးချိုလည်း ထိုအဖြစ်ကို ကြည့်ရင်း ဝေးကြောင် သွား၏။ အမှန်မှ သူသည် ကျန်းချွေးဆန်း၏ သိုင်းပညာကို လက်တွေ့ စမ်းသပ်လိုသော သဘောဖြင့်သာ ဖြစ်၏။ တမင်တကာ အကောက်ကြံလို၍ မဟုတ်ပေ။

ဟူတန်း ခုနစ်ဖော်၏ သတင်းမှာ သိုင်းလောကတွင် ကျော်ကြားလှ၏။ ယခု သူမြင်တွေ့နေရသော ကျန်းချွေးဆန်းမှာ နုနယ် သိမ်မွေ့သော လူငယ်တစ်ယောက် ဖြစ်နေခြင်းအပြင် ချင်တူးတူး ကလည်း အဘယ်သို့သော ယောကျ်ားသားကိုမျှ အလေးထားခြင်း မပြုခဲ့သမျှ ယခု ကျန်းချွေးဆန်းကျမှပင် ထူးထူးခြားခြား အရေးတယူ ဆက်ဆံနေသည်ကို တွေ့မြင်ရခြင်း၊ ထို့ကြောင့် ကျန်းချွေးဆန်းတွင် ထူးခြားသော သိုင်းပညာရပ် တစ်ခုခုတော့ ရှိရမည်ဟု တွက်ထားလေ၏။

www.burmeseclassic.com



ထို့ကြောင့် သူ့ဂိုက်မှ လူသန်နှစ်ယောက်ကို မျက်ရိပ်ပြလိုက်မိရာ ယခုမူ သူ့လူသန် နှစ်ယောက်စလုံးက ကြီးမားသော ကျောက်တုံးဖြင့် ပစ်လိုက်ပြီဖြစ်သည်ကို မြင်သော် အောင်တကြီးစွာ ယောလိုက်မိလေ၏။

ကာကယ်တော့ လူသန်တစ်ယောက်တိုသာ သူက ပစ်ခိုင်းလိုက်ခြင်းဖြစ်၏။ ယခုမူ...

'ဒုက္ခတော့ ဖြစ်ပြီထင်တယ်၊ ကျွန်းချွေးဆန်းက ဒီကျောက်တုံးနှစ်တုံးလောက်ကို ကာကွယ်နိုင်တယ်ထားလိုက်ဦး၊ သူ့သား ကောင်းကျက်ချန်တို့ ညီအစ်ကိုနှစ်ယောက်လိုနောက်ဆုတ်ပြီး ကြောက်လန့်တကြား ဖြစ်သွားရင် သူ့သိက္ခာအကြီးအကျယ် ကျသွားမှာ သေချာတယ်၊ ဒီလို ပုံပျက်ပန်းပျက်သိက္ခာကျရတာမျိုးဖြစ်သွားရင် ကျွန်းချွေးဆန်းက ငါ့အပေါ်မကျေမနပ် ဖြစ်ရုံမကဘူး၊ မမလေးကလဲ ငါ့ကို ဒေါသဖြစ်မှာသေချာတယ်၊ အင်း... ဒုက္ခပဲပါပဲ'

သူက ယင်းသို့ စိုးရိမ်နောင်က ဖြစ်မိသကဲ့သို့ ကစ်ဖက်ကလည်း သူက စဉ်းစားထားသေး၏။

အကယ်၍ ကျွန်းချွေးဆန်း အခြေအနေ မလှရင် သူ့အပြစ်ကို သူ့အောက်ငယ်သား လူသန်နှစ်ဦးအပေါ် လွှဲ၍အပြစ်ပုံချမည်။ ငယ်သား လူသန်နှစ်ဦးကိုလည်း လူပုံအလယ်တွင် အဆုံးစီရင်လိုက်မည်။ ဘယ်နည်းနှင်မှု ချင်တူးတူး၏ ငြိငြင်ခြင်းကို မခံနိုင်။

ကျွန်းချွေးဆန်းကမူ အလန့်တထိတ် ဖြစ်ပေါ်နေသော



အခြေအနေအားလုံးကို ဘာမျှမသိ။ ပေကြွေးချိုး ခေါ်သံကြား၍သာ သူက နေရာမှ ထ၍ လျှောက်လာနေခြင်းဖြစ်၏။ သို့သော် အနားသို့ ရောက်သည်နှင့် လူသန်နှစ်ဦးက သတိပေးစကားပြောပြီး ရုတ်တရက် ကြီးမားသော ကျောက်တုံးကြီးနှစ်တုံးပြင်ရှေ့ဆင့်နောက်ဆင့် ပစ်လွှတ်လိုက်သည်ကို ရုတ်တရက် တွေ့ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားလေ၏။ သို့သော် သူက ဤသို့တွက်၏။

အကယ်၍ ကြောက်အားလန့်အားဖြင့် နံဘေးသို့ ခုန်ထွက်ပြီး ရှောင်တိမ်းလိုက်လျှင် ခွန်းလှန်ဂိုဏ်းမှ ကောင်းကျက်ချန်တို့ ညီအစ်ကိုနှင့်မခြား သိက္ခာကျပေတော့မည်။ သည်အဖြစ်မျိုး အဖြစ်မခံနိုင်။ သူ သိက္ခာကျခြင်း၊ အရှက်ကွဲခြင်းသည် သူတို့ ဟူတန်းဂိုဏ်း၏ သိက္ခာကိုပါ ထိခိုက်နိုင်သည်ဟု တွက်ထားမိလိုက်၏။

သူ ကြာကြာ စဉ်းစားချိန်မရလိုက်ပါ။ ကျောက်တုံးကြီးနှစ်တုံးက သူ့ကိုယ်ပေါ်သို့ ကျရောက်လာလေပြီဖြစ်၏။ ထို့ကြောင့် လေ့ကျင့်သားကျနေသော သူ့သိုင်းပညာများ အလိုအလျောက် ထွက်ပေါ်လာလေ၏။

ရုတ်တရက် ဦးစွာ ကျရောက်လာသော ကျောက်တုံးကို သူက အရှိန်ဖြင့် လမ်းကြောင်းပြောင်းပေးလိုက်၏။ တစ်ဖန်နောက်တစ်တုံးကိုလည်း ညာဘက်လက်ဖြင့် လွှဲ၍ အပေါ်သို့ ဝင့်တင်လိုက်လေသည်။ ကျွန်းချွေးဆန်း၏ လက်မောင်းအား

www.burmeseclassic.com

www.burmeseclassic.com



မည်မျှပင် သန်စေကာမူ ထိုကျောက်တုံးကြီး နှစ်တုံးကို လက်နှစ်ဖက်ဖြင့် မ,၍ မရနိုင်။

သို့သော် ဟူတန်းဂိုဏ်း၏ သိုင်းပညာမှာ ရန်သူအားကို ပြန်၍ အသုံးချခြင်းကို အဓိကထားသော သိုင်းပညာဖြစ်၍ သူက ယခုကဲ့သို့ အရေးကြုံခိုက်တွင် ထိုခက်ခဲနက်နဲသော သိုင်းပညာဖြင့် လူသန်ကြီးနှစ်ယောက် ပစ်လွှတ်လိုက်သောအားကို ပြန်လည်အသုံးပြုကာ အပေါ်သို့ လမ်းကြောင်းလွှဲ၍ ပို့လိုက်နိုင်ခြင်းပင် ဖြစ်၏။

အမှန်မှု ကျောက်တုံးကြီးနှစ်တုံး အပေါ်သို့ အလွယ်တကူ တက်သွားခြင်းမှာ လူသန်နှစ်ဦး၏ အားကြောင့်သာ ဖြစ်ပါ၏။

သို့သော် ဘေးပရိသတ်အမြင်တွင်မူ ကျုန်းချွေးဆန်းက ကြီးမားသော ကျောက်တုံးကြီးနှစ်တုံးကို လက်နှစ်ဖက်ဖြင့် အလွယ်တကူ အပေါ်သို့ မြှောက်တင်လိုက်သည်ဟု ထင်နေကြလေ၏။

ထို့ကြောင့် ပရိသတ်များနှုတ်မှ 'ဟာ ခနဲ၊ ဟင် ခနဲ' ဖြစ်သွားပြီး အံ့သြသွားကြရလေ၏။ ကျုန်းချွေးဆန်းကိုပင် လက်ခုပ်သြဘာပေးရန် သတိလစ်သွားသည်အထိ ဖြစ်သွားကြကုန်၏။

ထိုအခိုက် ကျောက်တုံးကြီးနှစ်တုံးမှာ ရှေ့ဆင့်နောက်ဆင့် ပြန်ကျလာ၏။ ကျောက်တုံးမှာ ကြီးမားလေးပင်လွန်းရုံမက အမြင့်ပေါ်မှလည်း ကျလာရာ 'အုန်းခနဲ' ကျယ်လောင်စွာ



အသံတစ်ချက် မြည်သွားပြီး မြေကြီးထဲသို့ တစ်ဝက်နီးပါး နစ်ဝင်သွားလေ၏။

နောက် ကျောက်တုံးတစ်တုံးကမူ မြေကြီးထဲ တစ်ဝက်မျှ နစ်ဝင်နေသော ကျောက်တုံးကြီးပေါ်သို့ တည်ငြိမ်ညီညာစွာ ကျပြီး လှပစွာတင်နေလေ၏။

ကျုန်းချွေးဆန်းမှာမူ ထိုကျောက်တုံးပေါ် လှပစွာ ခုန်တက်ပြီး မာန်ပါပါဖြင့် တင်ပျဉ်ခွေ၍ ထိုင်နေလိုက်လေသည်။

သို့ မာန်ပါပါ ထိုင်ရင်းမှ လူသန်ကြီးနှစ်ဦးအား ကြည့်လျက် 'ခင်ဗျား တို့ နှစ်ယောက် လက်မောင်းအားက တကယ့်ကို ချီးကျူးစရာ ကောင်းပါတယ်ဗျာ' ဟု ဆိုလေ၏။

လူသန်ကြီး နှစ်ဦးမှာ ဘာမျှ ပြန်မပြောမိ။ ကျုန်းချွေးဆန်းကိုသာ ကြောင်ငေး၍ ကြည့်နေမိလေသည်။ အတန်ကြာတော့မှပင် ကျွန်းတစ်ခုလုံး လက်ခုပ်သြဘာပေးသံများ ဆူညံသွားတော့သည်။

ကိုစဉ် ချင်တူးတူးက ပေကွေးချီအား တစ်ချက်မျှ မျက်စောင်းထိုးကြည့်လိုက်၏။ သို့ရာတွင် ချင်တူးတူး၏ မျက်နှာပေါ်၌ ကျေနပ်ပီတိဖြာလျက် ရှိနေသည်ကို တွေ့လိုက်ရပါ၏။ ပေကွေးချီမှာ ယခုမှပင် 'ဟင်း'ခနဲ သက်ပြင်းချနိုင်တော့သည်။ သူလည်း လွန်စွာ ဝမ်းသာသွား၏။

အကြောင်းမှု သူသည် အမှားကျူးလွန်တော့မလို ဖြစ်သွားပြီးမှ ကျုန်းချွေးဆန်း၏ ခက်ခဲနက်နဲသော သိုင်းပညာကြောင့် မိမိ သက်သာခွင့် ရသွားသည်သာမက ကျုန်းချွေးဆန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



နာမည် ကျော်ကြားသွားသည်။ ပြီး ချင်တူးတူးကိုလည်း ပီတိဝေဖြာစေနိုင်ခဲ့သည် မဟုတ်ပါလား။

သို့ဖြင့် ပေကျွေးချိုးသည် အရက်တစ်ခွက်ကို ကဲမန်းကတန်း ငုံ၍ ကျောက်တုံးကြီးပေါ်တွင် ထိုင်နေသော ကျန်းချွေးဆန်းအား ကမ်းပေးရင်း…

'ကျုပ်တို့က ဟူတာန်းခုနစ်ဖော်ရဲ့ ဂုဏ်သတင်းကို ကြားဖူးတာ၊ ဒီနေ့မှပဲ လက်တွေ့ မျက်တွေ့ ဟူတန်းခုနစ်ဖော်ရဲ့ ပြောင်မြောက်တဲ့ သိုင်းပညာကို မြင်ရတော့တယ်'ဟု ကျန်းချွေးဆန်းအား ချီးမွမ်းလေသည်။

ကျန်းချွေးဆန်းက ဘာမျှ နှုတ်တုံ့ပြန်ခြင်း မပြုဘဲ အရက်ခွက်ကိုသာ လှမ်းယူပြီး သောက်လိုက်၏။

ထိုစဉ် ပေကျွေးချိုက ညှို့ဝရိသတ်များဘက်သို့ လှည့်၍…

'ညှို့ပရိသတ်များ နားထောင်ကြပါ ခင်ဗျား၊ ကျုပ်တို့ရဲ့ ဂိုဏ်းဟာ အခုတလောမှာ ဓားကောင်းတစ်လက် ရခဲ့ပါတယ်၊ ဓားနာမည်ကတော့ နဂါးနိုင်ဓား'

'နဂါးနိုင်ဓား'

'နဂါးနိုင်ဓား'

ညှို့ဝရိသတ်ထဲမှ 'နဂါးနိုင်ဓား' ဟူသော အုံးဩရေရွတ်သံများ ထွက်လာပါ၏။

ပေကျွေးချိုက ဆက်၍ တည်ငြိမ်သောအသံဖြင့်…



'အဲဒီ နဂါးနိုင်ဓားကို အခု ကြွရောက်လာကြတဲ့ ညှို့သည်တော် နောင်ကြီးတွေကို ဖိတ်ခေါ် ပြသပြီးတော့ ဒီဓားကို ကျုပ်တို့ဂိုဏ်းက အပြီးအပိုင် ရလိုက်ပြီဖြစ်တဲ့အကြောင်း အသိပေး ကြေညာပါတယ် ခင်ဗျား'

ပေကျွေးချိုက စကားအဆုံးတွင် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ့ဂိုဏ်းသား ရှစ်ဦးတို့သည် ချက်ချင်းပင် ဓား,မြှပ်ခွင်းကျင်းပြသရာ အနောက်ဘက်ရှိ ကျောက်တောင်ကြီး၏ ဂူထဲသို့ ဝင်သွားလိုက်ကြသည်။

ညှို့ပရိသတ်အားလုံးက ဂိုဏ်းသားရှစ်ဦး 'နဂါးနိုင်ဓား'ကို ထုတ်ယူလာကြမည်ဟု ထင်နေကြစဉ် ထိုဂိုဏ်းသားရှစ်ဦး ပြန်ထွက်လာကြ၏။ သို့သော် သူတို့သည် 'နဂါးနိုင်ဓား'ကို ယူထုတ်လာခြင်း မဟုတ်ဘဲ သံမီးဖိုကြီး တစ်လုံးကိုသာ ထမ်းထုတ်လာသည်ကို တွေ့ရ၏။ ထိုသံမီးဖိုကြီးထဲတွင်မူ မီးတဟုန်းဟုန်း တောက်လောင်နေပြီးလျှင် ဂိုဏ်းသား ရှစ်ဦးက သံတုတ်အရှည်ကြီးကို လျှို၍ ထမ်းထုတ်လာကြရ၏။ သူတို့သည် သံမီးဖိုကြီးကို မြက်ခင်းပြင်၏ အလယ်ဗဟိုတွင် ချထားလိုက်၏။ ထိုအခါ သံမီးဖိုမှ ဟုန်းဟုန်းတောက်လောင်နေသော မီးအရှိန်လှိုင်းက ပရိသတ်အားလုံး၏ မျက်နှာသို့ လာရောက် ရိုက်ခတ်ခြင်းကို ခံစားလိုက်ရ၏။ ထိုစဉ် ဂိုဏ်းသားလေးဦးက သံထည်ကြီးများကို ထုသော ရော်ဗမ သံတူကြီး တစ်ချောင်းကို ထမ်းထုတ်လာပြန်သည်။ သံတူနှင့်အတူ

www.burmeseclassic.com



သံညှပ်လည်းပါလာ၏။

ဝေကွေးချိုက အသံကိုမြှင့်၍...

'ဆက်ရက်အဖွဲ့ခေါင်းဆောင် နဂါးနိုင်ဓားကို ထုတ်ပြချိန် တန်ပြီ'ဟု အမိန့်ပေးစကားအဆုံးတွင် ဓားကို ခေါင်းပေါ်သို့ မြှောက်၍ တင်ထားလိုက်၏။

ပရိသတ်အားလုံး ထိုကြီးမားသော ကျော်ကြားလှသော နဂါးနိုင်ဓားကို စူးစိုက် အကဲခတ်ကြည့်လိုက်၏။ သို့သော် ထိုဓားမှာ ပြောင်လက်တောက်ပခြင်း မလျှဦးမရှိ။ ညိုညစ်ညစ် အရောင်ဖြင့် မခွဲညားလှချေ။

ထိုအခါ ပရိသတ်အားလုံး၏ စိတ်ထဲတွင် 'ဒီဓားက တကယ့် နဂါးနိုင်ဓားမှ ဟုတ်ရဲ့လား'ဟု သံသယဝင်သွားကြ၏။ ယင်းအခိုက်တွင် ချန်ကျင်းဖန်က ဓားကို သူ့နံဘေးရှိ ဂိုဏ်းသား တစ်ယောက်အား ပေးလိုက်၏။ အားလုံးကြားအောင်လည်း...

'နဂါးနိုင်ဓားရဲ့ ထူးခြားချက်ကို ပြပါ့မယ်၊ အခုပဲ သံတူကြီးနဲ့ စမ်းကြည့်မယ်'ဟု ကျယ်လောင်သော အသံဖြင့် ဆိုသည်။ ထိုအခါ ဂိုဏ်းသားက ဓားကို သံထည်ထုသော သံတုံးကြီးပေါ်တွင် တင်လိုက်၏။ နဂါးနိုင်ဓားမှာ တစ်ဖက်သွား ဓားဖြစ်၍ ထိုလူက ဓားသွားကို အပေါ်သို့လှန်၍ တင်ထား လိုက်သည်။ ပြီးလျှင် နောက်ထပ် ဂိုဏ်းသားတစ်ယောက်က သံတူကြီးကို သံတုံးကြီးပေါ် တစ်ချက်မျှ ကျယ်လောင်စွာ ထုပြလိုက်၏။ ပြီးမှ သံတူကြီးကို ဓားသွားပေါ်သို့ တအား ထုချလိုက်လေတော့သည်။ 'ချလွှမ်း'ဟူသော အသံတစ်ချက်



ကြားရသည်။ ထိုအခါ ဘိုင်းသမား ညှော်ပရိသတ်အားလုံးမှာ သံသယစိတ်များ လွင့်ပြယ်သွားပြီး မျက်လုံးအစုံ ပြူးဝိုင်းသွား ကြလေ၏။ အကြောင်းကား သူတို့ တစ်သက်တာတွင် ဤမျှ မာကျောသော ဓားမျိုး ဤတစ်ကြိမ်သာ အံ့ဖွယ်ဘနန်း တွေ့ဖူး သောကြောင့်ပင် ဖြစ်ပါ၏။

ထိုအခါ ယင်းဂိုဏ်းသားကပင် နောက်ထပ် သံတူအသစ် တစ်ချောင်း ယူလာပြီး ထုပြလိုက်ပြန်၏။

'ချလွှမ်'

ထက်ပိုင်းကျိုးသွားပြန်ပြီ တူတစ်ချောင်း။

သို့ဖြင့် သိုင်းသမားအားလုံး၏ စိတ်ထဲမှ 'နဂါးနိုင်ဓားမှ ဟုတ်ရဲ့လား' ဟူသော သံသယစိတ် လုံးဝ တင်းပသွားပြီး ဝိုင်းဝန်း ဩဘာပေးလိုက်ကြသော အသံများ တစ်ကျွန်းလုံး ဖုံးသွားလေတော့၏။ ကျုန်းချွေးဆန်း၏ စိတ်ထဲမှလည်း...

'ဒီလောက်ကောင်းတဲ့ဓားမျိုး ဒီတစ်ခါပဲ မြင်ဖူးသေး တယ်'ဟု ရေရွတ်လိုက်မိ၏။

ထို့နောက်တွင်မူချန်ကျင်းဖန်သည် နဂါးနိုင်ဓားကို ဂိုဏ်းသားလက်ထဲမှ ပြန်ယူလိုက်ပြီး ရုတ်တရက် ဘေးဘက်သို့ ပြေးထွက်သွား၏။ ညှော်ပရိသတ်များ အာရုံစိုက်ကြည့်နေစဉ် မှာပင် သူသည် ခပ်လှမ်းလှမ်းရှိလူတစ်ဖက်စာမျှရှိသော သစ်ပင်ကြီးကို ခုတ်လိုက်လေ၏။ သို့သော် သစ်ပင်ကြီးမှာ တုတ်တုတ်မျှမလှုပ်။ ပကတိအတိုင်း ထီးတည်းကြီးပင်ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ပရိသတ်များလည်း ကြောင်အမ်းကုန်ကြ၏။ ချန်ကျင်းဖန်ကမူ ပရိသတ်ဖက်သို့ လှည့်၍ တစ်ချက် ရယ်လိုက်ပြီးလျှင် ထိုသစ်ပင်နားသို့ လျှောက်သွားကာ လက်ဖြင့် အသာအယာ တစ်ချက်တွန်းလိုက်လေ၏။

'ဝုန်း' သစ်ပင်ကြီးက ထက်ပိုင်းပြိုလဲသွား၏။

အမှန်မှ နဂါးနိုင်ဓားမှာ အလွန် ထက်မြသောကြောင့် တစ်ကြောင်း၊ ချန်ကျင်းဖန်၏ ခုတ်အားကလည်း လွန်စွာ အားပါလှသဖြင့် တစ်ကြောင်း၊ ဓားချက်ကလည်း အံ့ဖွယ် ကောင်းအောင် မြန်လွန်းသဖြင့် သစ်ပင်ကြီးမှာ တိခနဲ ပြတ်သွား သော်လည်း ရုတ်တရက် ပြိုလဲမကျသွားခြင်းသာ ဖြစ်ပါ၏။

ထို့နောက်တွင်မူ ချန်ကျင်းဖန်သည် တစ်ချက်မျှ ရယ်မော လိုက်ပြီး နဂါးနိုင်ဓားကို မီးဟုန်းဟုန်းတောက်လောင်နေသော မီးဖိုကြီးထဲသို့ ပစ်တင်လိုက်လေသည်။ ထိုအချိန်မှာပင် ကျွန်းကြီး၏ အရှေ့ဘက်၌ တစ်စုံတစ်ယောက် သစ်သားများကို တဝုန်းဝုန်း တဒိုင်းဒိုင်း ရိုက်ချိုးနေသော အသံမျိုးကို ဆူညံစွာ ကြားလိုက်ကြရ၏။ ရုတ်တရက်ဖြစ်၍ ပေကွေးချိုရော ချန်ကျင်းဖန်ပါ အံ့အားသင့်သွားကြ၏။ အသံကြားရာ ကျွန်း၏ အရှေ့ဘက်ကမ်းခြေသို့ ကြည့်လိုက်သောအခါတွင်မူ ဆိုက်ကပ်ထားသော သူတို့လှေနှင့်တကွ အခြား ဂိုဏ်းအသီးသီးမှ လှေများ၏ ရွက်တိုင်များ တစ်ခုပြီးတစ်ခု ကျိုးကျလျက် ရှိသည်ကို တွေ့လိုက်ရ၏။

ထိုခဏချင်းမှာပင် မျက်ခုံးဖြူဂိုဏ်း၊ ဝေလငါးဂိုဏ်း၊ ဟိုင်ဆားဂိုဏ်း၊ လက်သီးဘုရင်ဂိုဏ်း၏ လှေကြီးမှ ရွက်တိုင်များ တစ်ခုမကျန်အောင်ပင် ကျိုးကျ ပျက်စီးသွားပြီး ဖြစ်နေလေ၏။ အံ့ဩခြင်း၊ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်းတို့ဖြင့် ဂိုဏ်း အသီးသီးမှ ခေါင်းဆောင်များသည် သူတို့ ငယ်သားများကို လွှတ်၍ အခြေအနေမှန်ကိုသိရန် သွားကြည့်ခိုင်းလိုက်သည်။ သို့သော် သစ်သားများကို ရိုက်ချိုးသော တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများကိုမူ အဆက်မပြတ် ကြားနေရဆဲပင် ဖြစ်ပါ၏။ ရုတ်တရက် ကြည့်လိုက်လျှင်မူ ထိုကျွန်း၏ အရှေ့ဘက်တွင် မုန်တိုင်းကြီးတစ်ခု ဖြစ်ပေါ်နေပြီး လှေကြီး၏ ရွက်တိုင်များ ကျိုးကျပျက်စီးသွားခြင်း ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရာ ရှိလေသည်။ သို့သော် ဘာမှန်း ရေရေရာရာ မသိမီမှာပင် လှေကြီးများ တစ်စင်းပြီးတစ်စင်း နစ်မြုပ်သွားကြပြီ ဖြစ်ပါ၏။

◻◻◻

မြက်ခင်းပြင်ရှိ ညှော်ပရိသတ်များလည်း ရုတ်ရုတ်သဲသဲ အခြေအနေကြောင့် အားလုံး ကြောင်နေကြလေသည်။ အစကတော့မူ မျက်ခုံးဖြူဂိုဏ်းက တမင် အကွက်ဆင်၍ ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု တွက်ထားသော်လည်း နောက်ဆုံး တွင် မျက်ခုံးဖြူဂိုဏ်း၏ လှေသည်လည်း ဖျက်ဆီးခံရသည်ကို မြင်သော် အခြား တစ်စုံတစ်ဦး၏ လက်ချက်ကြောင့်သော်

www.burmeseclassic.com



လည်းကောင်း၊ မှန်တိုင်းထန်လာသောကြောင့်သော် လည်းကောင်း ဖြစ်မည်ဟု ထင်လိုက်ပြန်၏။

သို့သော် ယခုအချိန်ထိ မည်သူမျှ အဖြေမှန် မသိသေးဘဲ ရှုပ်ထွေးနေသော အခြေအနေကိုသာ အကြောင်းသားဧး၍ တွေနေမိလေသည်။

ပေကြွေးချိုက အခြေအနေမှန်ကို သိရန် ဒုတိယအသုတ်လှလွှတ်၍ စုံစမ်းခိုင်းပြန်၏။ သို့သော် ပထမအသုတ်မှ ဂိုဏ်းသားများသည်လည်းကောင်း၊ ဒုတိယအသုတ်မှ ဂိုဏ်းသားများသည်လည်းကောင်း တစ်ယောက်မျှ ပြန်မလာတော့ချေ။ သို့ဖြင့် အားလုံး ပို၍ပို၍ ချောက်ချားလာကြပြီဖြစ်၏။

ပေကြွေးချိုက သူ့လက်ထောက်တစ်ယောက်ကို လက်ညှိုးထိုး၍ . . .

'ဟိတ်၊ မင်း သွားကြည့်လိုက်စမ်း၊ ဘာတွေဖြစ်တယ်ဆိုတာ ချက်ချင်းပြန်သတင်းပို့၊ ဟုတ်လားဟေ့'

'ဟုတ်ကဲ့'

ထိုလူက မဆိုင်းမတွပင် ပြေးထွက်သွား၏။ ပေကြွေးချိုက အခြေအနေ တည်ငြိမ်အောင် ထိန်းသောအားဖြင့် မပြုံးချင်ပြုံးချင် ပြုံး၍ ဆိုပါ၏။

'မစိုးရိမ်ကြပါနဲ့၊ ကိုယ့်ဝိုင်းမှာကိုယ် အေးအေးဆေးဆေးသာ ထိုင်နေကြပါ၊ ကေ့ ပင်လယ်ထဲမှာ ရာသီဥတု ဖောက်ပြန်လာတာ ဖြစ်ရမယ်၊ စိတ်မပူကြပါနဲ့၊ ဒီလှေတွေ တစ်စီးမကျန် ပျက်စီးသွားရင်လဲ ကျုပ်တို့ ဘာမှ စိုးရိမ်စရာ



မရှိပါဘူး၊ ကျုပ်တို့တွေ ဖောင်ဖွဲ့ပြီး ပြန်နိုင်ကြတာပဲ၊ ကိုင်းကိုင်း အရက်ကလေး သောက်လိုက်ကြရအောင်'

သိုင်းသမား ဧည့်သည်များမှာ လှုပ်ရှားအလယ်တွင် မိမိတို့သိက္ခာကျမည်စိုး၍ စိုးရိမ်ပူပန်မှု၊ တုန်လှုပ်ချောက်ချားမှုကို ကျိတ်မှိတ် မျိုသိပ်ရင်း ဟန်မပျက်အောင် အရက်ခွက် ကိုယ်စီကိုင်၍ သောက်ရန် ပြင်လိုက်လေ၏။ ထိုစဉ် ရုတ်တရက်ကျွန်း၏ အရှေ့ဘက် ကမ်းခြေဘက်ဆီမှ စူးဝါးစွာ အော်လိုက်သော အော်သံတစ်ချက်ကို ကြားလိုက်ကြရ၏။ ထိုအော်သံမှာ သိုင်းသမားအားလုံးကို နောက်ကျောကို ဓားဖြင့် ထိုးနှက်ခြင်း ခံရသည်သို့ ခံစားစေခဲ့မိလေ၏။

ထို့ကြောင့် အားလုံး ချက်ချင်း ထိုင်ရာမှ ထရပ်လိုက်မိကြ၏။ တချို့လည်း လက်ထဲမှ အရက်ခွက်များ 'ချွမ်း'ခနဲ ကျကွဲသွား၏။ တစ်ချို့မူ ကြောင်စီစီ။

ပေကြွေးချိုနှင့် ချန်ကျင်းဖန်တို့ကမူ ထို စူးဝါးသော အော်သံမှာ သူတို့ လွှတ်လိုက်သော ငယ်သားတစ်ဦး၏ အော်သံမှန်း သိလိုက်ပါ၏။

သို့သော် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ။ ထိုအခိုက် လေးလံသော ခြေသံများကို ကြားလိုက်ရပြန်၏။ အမှန်မူ တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးများ ပေကျံနေသော သူတို့ ငယ်သားတစ်ဦး၏ ခြေသံဖြစ်နေသည်။

ထိုသူသည် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ချောင်းများမှ သွေးများ တစိမ့်စိမ့် ယိုစီးကျနေလေ၏။ ထိုသူ ရရှိလာသော ဒဏ်ရာများကို ကြည့်ခြင်းဖြင့် လွန်စွာ ရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်ရိုင်း တစ်ကောင်၏ လက်သည်းဖြင့် တိုက်ခိုက် ကုတ်ဖဲ့ခြင်းကို ခံရသကဲ့သို့ပင် ထင်မှတ်ရ၏။

ပေကျွေးချိုက ဒဏ်ရာရလာသူ လူငယ်အား အလော တကြီး မွေ့ထူရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ငယ်သားက အသံကိုညှစ်၍ အော်ပြောလေသည်။

'ရွှေခြသေ့်မင်း၊ ရွှေခြသေ့်မင်း'

ပေကျွေးချိုက သဘောမပေါက်သဖြင့်...

'ခြသေ့် ဟုတ်လား'

ထိုငယ်သားက ခေါင်းကို ကြိုးစားခါယမ်းပြီး...

'မဟုတ်ဘူး၊ လူ... လူတစ်ယောက်၊ ဒီမြင်လူတွေ တစ်ယောက်မကျန် အသတ်ခံလိုက်ရပြီ၊ လှေတွေလဲ တစ်စင်းမှ မကျန် မြှုပ်ဖျက်ခံလိုက်ရပြီ'

ထိုငယ်သားက စကားအဆုံးတွင် လဲကျသေဆုံးသွား လေ၏။ ပေကျွေးချို စိတ်မချမ်းမသာ ဖြစ်ရုံမက ဒေါသလည်း ထွက်သွား၏။

'ငါ သွားကြည့်မယ် ချန်ကျင်းဖန်'

'ငါလဲ လိုက်မယ်လေ'

'မလိုက်နဲ့ကွာ၊ မင်း ဒီမှာပဲနေပြီး မမလေးကို စောင့်ရှောက် ရစ်ပါ' ဟု ပြန်ပြောလေ၏။



အမှန်မှာ ပေကျွေးချိုသည် ရွှေခြသေ့်မင်းဆိုသူ၏ သိုင်းပညာမှာ လွန်စွာ မြင့်မားလှကြောင်း သိ၏။ ထို့ကြောင့် အရေးအကြောင်း ပေါ်ပေါက်လာသော် ချင်တူးတူးအား ကာကွယ် စောင့်ရှောက်ရန် ချန်ကျင်းဖန်အား ပြောလိုက်ခြင်းပင် ဖြစ် ပါ၏။

ထိုသို့ ပြော၍မှ မဆုံးမီမှာပင် လူတစ်ယောက်၏ ချောင်းဟန့်သံကို ကြားလိုက်ရ၏။ တစ်ဆက်တည်းတွင်...

'သွားဖို့ မလိုတော့ပါဘူး၊ ကျုပ် ရွှေခြသေ့်မင်းက ဒီမှာ ရောက်နေပါပြီ' ဟူသော စကားသံကိုပါ ကြားလိုက်ရ၏။ အားလုံး ရင်တုန်သွားကြပြီး နံဘေးပတ်လည်သို့ အလော တကြီး ကြည့်လိုက်မိကြ၏။ ထိုအခါ 'ဟူး'ခနဲ လေတိုးသံ ပြင်းပြင်းတစ်ချက် ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျောက်ဆောင်တစ်ခု၏ နောက်ကွယ်မှ လူတစ်ယောက် ခုန်ထွက်လာသည်ကိုပါ တွေ့လိုက်ရပါ၏။

ထိုလူကိုမြင်ကြသော် အားလုံး အလွန် ကုန်လှုပ်ချောက် ချားသွားကြ၏။ ချင်တူးတူးလည်း အထိတ်တလန့်ဖြင့် အားခနဲ တစ်ချက်အော်ရင်း ကျန်းချွေးဆန်းအား ဖက်မတတ် ပူးကပ် နေလိုက်မိ၏။

မှန်သည်။ တုန်လှုပ်ချောက်ချားမည်ဆိုက တုန်လှုပ် ချောက်ချားဖွယ်ရာပင် ဖြစ်ပါ၏။ ထိုလူမှာ ကိုယ်လုံး ကြီးအား တုတ်ခိုင်ရှိသောမက သာမန်လူထက် တစ်ပေခန့် ပို၍မြင့်မား၏။ ပခုံးကျယ်ပြီး ခေါင်းမှ ဆံပင်များလည်း အနက်ရောင်အစား

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဖြစ်လျက် ပခုံးထိအောင် ဖြာကျနေ၏။ မျက်လုံးအစုံမှာ စိမ်းဖန့်ဖန့်နှင့် အရောင်တဖိတ်ဖိတ် တောက်နေလေ၏။ လက်ထဲတွင်မူ ခုနစ်ပေခန့်ရှည်သောတုတ်ကြီးတစ်ချောင်းကို ကိုင်ထား၏။ တုတ်ကြီး၏ နှစ်ဖက်စွန်းတွင်မူ သံဆူးကြီးများဖြင့် ပြည့်နှက်နေ၏။

ကျန်းချွေးဆန်းက ထို လူထွားကြီးကို ကြည့်ပြီး...

'ရွှေခြသေ့်မင်း၊ အင်း... ဒီနာမည်က သူ့ခေါင်းပေါ်က ရွှေရောင်ဆံပင်ကို အမှတ်သညာပြုပြီး ခေါ်တဲ့ နာမည်ပဲ ဖြစ်ရမယ်၊ သူက ဘယ်သူလဲ၊ ဆရာပြောဖူးတဲ့ နာမည်တွေထဲမှာ ဒီနာမည် တစ်ခါမှ မကြားဖူးပါဘူး' ဟု စိတ်ထဲမှ တွေးတောနေမိလေ၏။

လူထွားကြိုင်းကြီး သို့မဟုတ် ရွှေခြသေ့်မင်းမှာ တစ်ကိုယ်လုံးပင် တိရစ္ဆာန်သားရေဖြင့် ချုပ်ထားသော အဝတ်ကို ဝတ်ထား၏။

သိုင်းသမား ဧည့်သည်အားလုံးသည် သူ၏ ခံ့ညားသော လွန်စွာလည်း ကြောက်မက်ဖွယ်ကောင်းသော ဟန်ပန်အမူအရာကို မြင်သော် စကားပင် မပြောဝံ့ကြတော့။ အားလုံး ဆိတ်ငြိမ်လျက် ရှိနေကြ၏။

ပေကွေးချိုကမူ အားတင်းလျက် ရှေ့တစ်လှမ်းတိုးပြီး...

'ဆရာကြီးရဲ့ နာမည်ကို မသိရဘူးလား'

'ကျုပ်နာမည်က ရှုက်စွန်းပါ၊ အပြင်နာမည်ကတော့ ရွှေခြသေ့်မင်းတဲ့'



ကျန်းချွေးဆန်းနှင့် ချင်တူးတူးလည်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။ သူတို့တွေ၏ စိတ်ထဲတွင်...

'ဒီလူကြီးရဲ့ ဟန်ပန်ကသာ ကြောက်စရာကောင်းပေမယ့် စကားပြောတော့ ယဉ်ယဉ်ကျေးကျေးပါပဲလား' ဟု တွေးနေမိ၏။ ပေကွေးချိုလည်း ကျန်းချွေးဆန်းတို့ကဲ့သို့ပင် သဘောပေါက်ကာ အားတက်လာလေ၏။

'သြော်... ဆရာကြီး ရှုက်စွန်းကိုး၊ ဆရာကြီးက ဘာကိစ္စ ဘာအကြောင်းများရှိလို့ ဒီကျွန်းကို ရောက်လာရတာလဲ ခင်ဗျာ'

ရှုက်စွန်းက တစ်ချက် ပြုံးလိုက်၏။ သို့ပြုံးစဉ် ဖြူဖွေးသမျှ အရောင်လက်လက် ထသွားသော သွားတန်းများ ပေါ်လာ၏။ သူက ပေကွေးချို၏ အမေးကို မဖြေ။ မေးခွန်းသာ မေးလိုက်၏။

'မင်းတို့ကကော ဘာကိစ္စ ဒီကို လာကြရတာလဲ'

ပေကွေးချိုးက ဘယ်သို့ ဖြေရမှန်း မသိအောင် ဖြစ်သွား၏။ စိတ်ထဲတွင်မူ...

'ဒီကိစ္စကိုတော့ ဒီလူ့ကို ဖုံးကွယ်ထားလို့ရမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီလူရဲ့ သိုင်းပညာက ဘယ်လောက်ပဲ တော်နေနေ သူက တစ်ယောက်တည်းပဲ၊ ငါနဲ့ ချန်ကျင်းဖန် ပေါင်းပြီး တိုက်ခိုက်ရင်၊ ပြီးတော့ နောက်ပြီး ကျန်းချွေးဆန်းရယ်၊ မမလေးရယ် ဝင်ကူရင် ဒီလူ့ကို ရှင်းဖစ်နိုင်မှာ သေချာတယ်' ဟု

www.burmeseclassic.com



တွေးလိုက်မိ၏။ သို့ဖြင့် ပေကွေ့ချိုက အံ့ဩ ဘက်လာသော အသံဖြင့် . . .

'ကျုပ်တို့ မျက်ခုံးဖြူဂိုဏ်းက အခုတလော ဓားကောင်း တစ်လက် ရထားပါတယ်၊ အဲဒီဓားကို အခု သိင်းလောက မိတ်ဆွေတွေကို ဖိတ်ခေါ်ပြီး ဓားပြပွဲ ကျင်းပနေတာပါ'

ရှက်စွန်းက အင်းမလုပ် အဲမလုပ် ခပ်တည်တည်ပင် နေပြီး မြက်ခင်းပြင် အလယ်ဗဟိုရှိ မီးဖိုကြီးကို လှမ်းကြည့် လိုက်၏။ မီးဟုန်းဟုန်း တောက်နေသည့် ကြားတွင် ဓားတစ်လက်ကို တွေ့ရ၏။ ထိုဓားသည် ယခုတိုင် မပျက်စီး မယိုယွင်းဘဲ ရှိသည်ကိုမြင်သော် အမှန်ပင် ဓားကောင်း တစ်လက်မှန်း သိသွား၏။

သို့နှင့် သူက မီးဖိုကြီးဆီသို့ ခြေလှမ်းကျဲဖြင့် လျှောက်သွား လေသည်။

ချန်ကျင်းဖန်သည် ရှက်စွန်း၏ လှုပ်ရှားမှုကို မျက်ခြည် မပျက် ကြည့်နေရာမှ ရှက်စွန်းက မီးဖိုပေါ်မှ ခုဂါးနိုင်ဓားကို ယူရန် လက်လှမ်းလိုက်သည်ကို မြင်သော် ကျယ်လောင်သော အသံဖြင့် . . .

'ရပ်လိုက်' ဟု အော်လိုက်လေ၏။

ရှက်စွန်းက နောက်သို့ လှည့်ကြည့်ပြီး ပြုံးလျက် . . .

'ဘာလုပ်ဖို့လဲ' ဟု ဘည်ငြိမ်စွာ မေးလိုက်၏။

ချန်ကျင်းဖန်က အသံကိုမြှင့်၍ . . .



'ဒီဓားက ကျုပ်တို့ မျက်ခုံးဖြူဂိုဏ်းရဲ့ ဓားပါ၊ ခင်ဗျား ကြည့်ချင်ရင်လဲ အဝေးကနေပဲ ကြည့်ပါ၊ မကိုင်ပါနဲ့' ဟု တားမြစ်လိုက်၏။ ရှက်စွန်းက သရော်ပြီး ပြုံးလျက် . . .

'နေပါဦးကွ၊ ဒီဓားကို မင်းတို့ကိုယ်တိုင် သွန်းလုပ်တာ လား၊ ဒါမှမဟုတ် မင်းတို့ ဝယ်တာလား'

ချန်ကျင်းဖန် အဖြေရှာမရမီ ရှက်စွန်းကပင် စကားဆက် ပြန်၏။

'မင်းတို့က ဒီဓားကို မင်းတို့ဂိုဏ်းရဲ့ ဓားလို့ ဘာလို့ ပြောဝံ့ရတာလဲကွ၊ ဒီဓားဟာ မင်းတို့ သူများလက်ထဲက လုလာတဲ့ ဓား၊ ငါကလဲ အခု မင်းတို့လက်ထဲကနေ ပြန်လု တယ်ကွာ၊ ကဲ . . . ဒီတော့ ဘဲဓားဘဲချေ ဖြစ်သွားရောပေါ့၊ ဒီတော့ကွာ ဒီဓားကို ငါ ကြည့်ချင်သလို ကြည့်လို့ရတယ်၊ လုပ်ချင်သလို လုပ်လို့ရတယ်၊ ငါ့သဘောပဲပေါ့'

ရှက်စွန်းက ပြောပြီးသည်နှင့် မီးဖိုဘက်သို့ မျက်ခနဲ လှည့်၍ ဓားကို လှမ်းယူလိုက်သည်။ ထိုအခိုက် ချန်ကျင်းဖန် က သူ့ခါးတွင် ချည်ထားသော သံလုံးပျံကို ဖြုတ်လိုက်ပြီးလျှင် အော်ပြောလေ၏။

'မိတ်ဆွေ ခင်ဗျားလက်ကို ချက်ချင်း ပြန်ရုပ်လိုက်၊ ပြန်မရုပ်ရင်တော့ ကျုပ်က မလွဲမရှောင်သာ ခင်ဗျားကို တိုက်ခိုက် ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသို့ အော်ပြောသည်နှင့်အတူ သံလုံးပုံ့ကိုပါ ဝိုးခနဲ ပစ်လွှတ်လိုက်ရာ ရှက်စွန်း၏ နောက်ကျောဆီသို့ တန်းမတ်စွာ လွင့်ပြေးသွားလေတော့၏။

သို့သော် ရှက်စွန်းကမမှု။ ထိုပြင် ချန်ကျင်းဖန်၏ ကိုယ်က တစ်ချက် ယိုင်သွားပြီးလျှင် ရုတ်တရက် သွေးများ အန်ကာ လဲကျသေဆုံးသွားလေတော့၏။

အကြောင်းမူ ရှက်စွန်း၏ အတွင်းအားက သူ့ သံဆူး တုတ်ကြီးမှတစ်ဆင့် သံလုံးထဲသို့ ရောက်သွားပြီး ချန်ကျင်းဖန် အား တစ်ဆင့် တိုက်ခိုက်လိုက်သောကြောင့်ပင် ဖြစ်ပါ၏။

◆◆◆

စာရှုသူများ၏ မေတ္တာကို ခံယူလျက်
တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com